http://www.dhammadownload.com

ကျမ်းစာအုပ်၌

- လွယ်ကူသော ရုပ်ပြီးနည်းစနစ်များ
- နာမပဒမာလာ၊ အာချာတပဒမာလာများ
- ရုပ်ပြီးဆိုင်ရာ ဥပဒေသဆောင်ပုဒ်များ
- သရုပ်အဓိပ္ပါယ် မှတ်သားဖွယ်ရာ ဆောင်ပုဒ်များ
- သဒ္ဒါဆိုင်ရာ ဝိနိစ္ဆယများ
- ဆရာလွတ် သဒ္ဒါတတ်မြောက်စေသော စနစ်များ

စသည် စသည်တို့ဖြင့် စာချ၊ စာသင် ထေရ်အရှင်တို့အတွက် အလွယ်တကူ သင်ယူပို့ချနိုင်အောင် အထူးစီရင်ထားပါသည်။

စာအုပ်ရနိုင်သောဌာန

စာပေထိန်းသိမ်းရေးအဖွဲ့
သိမ်ကျောင်းဆောင်
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

သဒ္ဒါလက်ဆောင် ● အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပါဠိသဒ္ဒါ

လျင်မြန်လွယ်ကူစွာ ရုပ်ပြီးရန်နှင့် တတ်မြောက်ရန် အထူးစီစဉ်ထားသော

သဒ္ဒါလက်ဆောင်

စာပေအမှတ်စဉ် – ၁၈

အရှင်တိလောကာဘိဝံသ

(အင်းစိန်)

သာသနာ – ၂၅၄၇ ဒုတိယအကြိမ် ကောဇာ – ၁၃၆၅

http://www.dhammadownload.com

ပါဠိသဒ္ဒါ

လျှင်မြန်လွယ်ကူစွာ အခြေခံရရန်နှင့် တတ်မြောက်ရန်

အထူးစီစဉ်ထားသော

သဒ္ဒါလက်ဆောင်

တတိယအကြိမ်

စာပေအမှတ်စဉ် - ၁၈

၁၃၇၂ (၂၀၁၁) ပြင်ဆင်သည့်မူ

အရှင်တိလောကာဘိဝံသ (အင်းစိန်)

သာသနာ	ကောဇာ	ခရစ်နှစ်
၂၅၄၇	၁၃၆၅	၂၀၀၃

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

❒ စာမူခွင့်ပြုချက်အမှတ် - ၄၃၃/၂၀၀၃ (၇)

❒ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၉၅/၂၀၀၃ (၇)

❒ ထုတ်ဝေခြင်း - ဒုတိယအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ။

❒ အုပ်ရေ - ၁၀၀၀

❒ ထုတ်ဝေသူ - ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
အမှတ် ၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❒ မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ - ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက် (၀၇၀၅၃)
အမှတ် ၇၇၊ ၅၆-လမ်းတို၊ ပုဇွန်တောင်မြို့နယ်။

❒ ဖြန့်ချိရေး - စာပေထိန်းသိမ်းရေးအဖွဲ့
သိမ်ကျောင်းဆောင်၊ ရွှေမပရိယတ္တိစာသင်တိုက်
သံမဏိစက်ရုံလမ်း၊ ရွာမ၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၆၄၀၀၇၅

တန်ဖိုး - ၂၅၀၀ ကျပ်

သုံးစွဲသူများအတွက် ငွေညှာ၍ အထူးနှုန်းဖြင့် ဖြန့်ဝေပေးပါသည်။

http://www.dhammadownload.com

သဒ္ဒါကျမ်း

ဘာသာစကားနှင့် စာပေများ ပျက်စီးမှုမရှိစေရန်နှင့် လွယ်ကူစွာ သင်ယူတတ်မြောက်စေရန် သက်ဆိုင်ရာဘာသာ ပညာရှင်များက မိမိတို့ ဘာသာဆိုင်ရာ သဒ္ဒါကျမ်းများကို ပြုစီရင်ကြသည်၊ ယင်းသဒ္ဒါကျမ်းများသည် မိမိတို့ဆိုင်ရာ ဘာသာစကားနှင့်စာပေကို ထိန်းကွပ်ပေးသည်၊ လမ်းညွှန်ပေးသည်၊ ပညာရှိ ကဝိတစ်ဆူဖြစ်ရန် သဒ္ဒါကျမ်းများကို တတ်မြောက်ထားရသည်၊ ထို့ကြောင့် သဒ္ဒါကျမ်းသည် ဘာသာဗေဒဆိုင်ရာအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

* *ဆန်း, အလင်္ကာ၊ သဒ္ဒါ, အဘိဓာန်၊ ဤလေးတန်၊ မှတ်ရန် ကဝိဖြစ်ကြောင်းတည်း။*

ပါဠိဘာသာ

ဘုရားဟောဓမ္မက္ခန္ဓာများကို ပါဠိဘာသာဖြင့် မှတ်တမ်းတင်ခဲ့ကြသည်၊ ထို့ကြောင့် ပိဋကတ် ဓမ္မက္ခန္ဓာများကို ပါဠိတော်ဟုပင် ခေါ်ဝေါ်သုံးစွဲကြသည်၊ ဘုရားဟော ပိဋကတ်ဓမ္မက္ခန္ဓာများ၏ အရှိန်အဝါ မြင့်မားသည်နှင့်အမျှ ပါဠိဘာသာသည်လည်း အရှိန်အဝါကြီးမားသည့် ဘာသာကြီး တစ်ရပ်အဖြစ် အသိအမှတ်ပြုခံရသည်။

ပါဠိသဒ္ဒါ

ဆိုခဲ့ပြီးအတိုင်း ဘာသာနှင့်စာပေအတွက် သဒ္ဒါကျမ်း မရှိမဖြစ် လိုအပ်သောကြောင့် ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်ဘို့ရန် ပါဠိသဒ္ဒါကျမ်း လိုအပ်သည်မှာ အထူးပြောစရာ မလိုပေ၊ ပါဠိသဒ္ဒါကျမ်းများကို ခေတ်ကာလအလိုက် ကောင်းသည်ထက်ကောင်းအောင် ဆရာအသီးသီး စီရင်ခဲ့ကြသည်၊ နောက်ပေါ် သဒ္ဒါကျမ်းများ ပြည့်စုံကောင်းမွန်သော်လည်း ရှေးရိုးစွဲသန်သူများက မိမိတို့ လျှောက်လှမ်းခဲ့သော လမ်းဟောင်းမှ မပြောင်းလိုကြသဖြင့် နောက်ပေါ်သည့် သဒ္ဒါကျမ်းကောင်းများ အခွင့်မသာ နေရာမရဖြစ်ခဲ့ရသည်၊ လှေခေတ် , လှည်းခေတ် ရှေးစနစ်ကို မစွန့်လွှတ်နိုင်သူများ လေယာဉ်ပျံ, ကြိုဟ်တု, ဒုံးပျံ စသော ခေတ်မီယာဉ်များ၏ အကျိုးကျေးဇူးကို ခံစားရမည် မဟုတ်ပေ။

ပါဠိသဒ္ဒါကျမ်းတို့တွင် ကစ္စည်းသဒ္ဒါကြီးကျမ်းသည် ရှေးကျသော သဒ္ဒါကျမ်းတစ်စောင်

http://www.dhammadownload.com

ဖြစ်၍ အများ၏လေးစားခြင်း ခံရသည်၊ မြန်မာနိုင်ငံ၌ အများသင်ရိုးအဖြစ် ပြဋ္ဌာန်းခံရသော ကျမ်းဖြစ်၍လည်း ကစ္စည်းကျမ်းနှင့်ကင်း၍ မဖြစ်နိုင်ပေ၊ ကစ္စည်းကျမ်းကို အခြေခံ၍ အခြားသဒ္ဒါကျမ်းများမှ လိုအပ်ရာရာ ဖြည့်စွက်၍ သင်ကြားနေကြရပေသည်။

ရူပသိဒ္ဓိကျမ်း

ကစ္စည်းကျမ်းကို အခြေခံ၍ သင်ကြားရာ၌ ရူပသိဒ္ဓိကျမ်းသည် လျင်မြန်လွယ်ကူစွာ ရုပ်ပြီးနှင့်တကွ ပါဠိသဒ္ဒါတတ်မြောက်စေသော ကျမ်းကောင်းတခု ဖြစ်သည်၊ ရူပသိဒ္ဓိကျမ်း၏ ကျေးဇူးကြောင့် ပါဠိသဒ္ဒါတတ်မြောက်သူများ များစွာထွက်ပေါ်ခဲ့သည်။

အသုံးချတတ်မှ အကျိုးရ

ပစ္စည်းကောင်းသော်လည်း အသုံးချတတ်မှ အကျိုးရနိုင်သည်၊ အသုံးမချတတ်လျှင် ပစ္စည်းကောင်း၏ အကျိုးကျေးဇူး ခံစားရမည်မဟုတ်ပေ၊ ရူပသိဒ္ဓိကျမ်းသည် ကျမ်းကောင်းတခု ဖြစ်သော်လည်း အကာနှင့်အနှစ် ခွဲခြားစိစစ်၍ စနစ်တကျ အသုံးချတတ်မှသာလျှင် ရူပသိဒ္ဓိကျမ်း၏ အကျိုးကျေးဇူးကို ခံစားရပေမည်၊ ရူပသိဒ္ဓိကျမ်းသည် –

၁။ ကစ္စည်းသုတ်နက်ကို ဖွင့်ပြရမှုတာဝန်၊

၂။ ကစ္စည်းသုတ်ဆိုင်ရာ သဒ္ဒဝိနိစ္ဆယ, အတ္ထဝိနိစ္ဆယတို့ကို ဖွင့်ပြမှုတာဝန်၊

၃။ ရုပ်ပြီးအောင်စီရင်ရမှုတာဝန် စသည်တို့ဖြင့် တာဝန်အမျိုးမျိုးယူနေရသည်။

ထိုတာဝန်အမျိုးမျိုးအနက် ရုပ်ပြီးမှုတာဝန်ကိုသာ အဓိကညွှန်ပြလိုကြောင်း ရူပသိဒ္ဓိ ဟူသောအမည်ကပင် သက်သေခံလျက်ရှိသည်၊ သုတ်ဆိုင်ရာ အဓိပ္ပါယ် ဝိနိစ္ဆယများကား ရူပသိဒ္ဓိဆရာ အဓိကပြလိုရင်း မဟုတ်သည်မှာ ထင်ရှားသည်၊ စာချစာသင်အများအပြားတို့သည် အဓိပ္ပါယ်ဝိနိစ္ဆယဆိုင်ရာများကို သဒ္ဒါတတ်ကြောင်းဟု ထင်မြင်ကြသည်၊ ယင်းအဓိပ္ပါယ် ဝိနိစ္ဆယ ဆိုင်ရာများကို ဦးစားပေး သင်ကြားနေကြသည်၊ စာမေးပွဲ၌လည်း မေးမြန်းကြသည်၊ အကာကိုအနှစ် ထင်နေခြင်းမျိုးဖြစ်သည်၊ ထို့ကြောင့်သဒ္ဒါတတ်မှု ကြန့်ကြာခြင်း, သဒ္ဒါတတ်မှု နည်းပါးခြင်းဖြစ်သည်၊ ပညာရှင်တစ်ဦးကလည်း–

ကပ်သီးကပ်သတ် သဒ္ဒါမှတ်ကို စာတတ်ဟုထင် စာပွဲဝင်တို့ ဟု မိန့်ဆိုခဲ့သည်။

http://www.dhammadownload.com

သဒ္ဒါလက်ဆောင်

သဒ္ဒါလက်ဆောင်ကျမ်း၌ ရူပသိဒ္ဓိဆရာ၏ ဦးတည်ချက်ကို အကောင်အထည်ဖော်ပေးသော အားဖြင့် လျင်မြန်လွယ်ကူစွာ ရုပ်ပြီးတတ်ရန်နှင့် သဒ္ဒါအခြေခံရရန် အဓိက စီစဉ်ထားသည်၊ ရူပသိဒ္ဓိကျမ်းမှ ရုပ်ပြီးမှုဆိုင်ရာနှင့် သဒ္ဒါတတ်မှုဆိုင်ရာကိုသာ အနှစ်ထုတ်ယူ၍ စာချစာသင်များ အလွယ်တကူ အသုံးပြုနိုင်ရန် ဤသဒ္ဒါလက်ဆောင်ကျမ်း၌ တင်ပြထားပါသည်။

စီစဉ်ထားပုံ

ဤသဒ္ဒါလက်ဆောင်ကျမ်း၌–

၁။ ရုပ်ပြီးမှုကိုမူတည်၍ လိုအပ်သောသုတ်စဉ်များကို ဖော်ပြထားပါသည်၊

၂။ သုတ်၏ဆိုလိုချက်များကိုလည်း သက်ဆိုင်ရာသုတ်နှင့် တွဲဘက်ဖော်ပြထားပါသည်၊

၃။ သုတ်စဉ်ပါဠိ မကျက်မှတ်နိုင်သူများအတွက် သုတ်စဉ်နှင့်အလားတူသော ဥပဒေသဆောင်ပုဒ်များကိုလည်း ဖော်ပြထားပါသည်၊
(အချို့ဆောင်ပုဒ်များမှာ သုတ်စဉ်လေး/ငါးသုတ်စာကိုပင် ပါဝင်အောင်စီစဉ်ထားပါသည်)

၄။ အခြေခံ စ–တင်သင်ကြားသူများအတွက် ရုပ်တွက်ဆိုရိုးများကိုလည်း ဖော်ပြထားပါသည်၊

၅။ သိသင့်သိထိုက်သော သရုပ်, အဓိပ္ပါယ်များကိုလည်း ဆောင်ပုဒ်နှင့်တကွ ဖော်ပြထားပါသည်၊

၆။ နာမပဒမာလာ, အာချာတပဒမာလာတို့ကိုလည်း ပြည့်ပြည့်စုံစုံဖော်ပြထားပါသည်၊

၇။ သန္ဓိအခန်း၌ တစ်ပတ် (သို့မဟုတ်) ၁၀–ရက်ခန့်ဖြင့် သန္ဓိသဘော နားလည်စေရန် ပြယုဂ်အနည်းငယ်ကိုသာ ပြထားသည်၊

၈။ ကိတ်အခန်း၌ ပုဒ်တစ်ခုမြင်ရုံဖြင့် ဓာတ်, ပစ္စည်း သိမြင်လွယ်စေရန် ပစ္စည်းတစ်မျိုးမျိုး၌ ရနိုင်သော ကာရိယများကို စုစည်းတင်ပြထားပါသည်၊

၉။ ရုပ်ပြီးဘို့အထူးလိုအပ်သော သန္ဓိ, နာမ်, အာချာတ်, ကိတ် အခန်းတို့ကို ရှေ့ပိုင်း၌တစ်ဆက်တည်း စီစဉ်ထားပါသည်၊ ဤလေးဆောင်ကို စနစ်တကျ ဆရာ့ထံမှာ သင်ကြားဘူးလျှင် ကာရက, သမာသ်, တဒ္ဓိတ်တို့လည်း မိမိဘာသာလေ့လာရုံဖြင့် ပြီးနိုင်ပါသည်။
ဤသို့စသည် စသည်ဖြင့် စာချစာသင် ထေရ်အရှင်များ လွယ်ကူစွာအသုံးပြုနိုင်ရန် စီစဉ်ထားပါသည်။

http://www.dhammadownload.com

လေ့လာသင်ကြားရန်အစီအစဉ်

ဤသဒ္ဒါလက်ဆောင်ကျမ်းကို သင်ယူပို့ချရာ၌ –

၁။ သင်ကြားမည့်သက်ဆိုင်ရာအခန်းအတွက် သုတ်စဉ်သုတ်နက်များ ကြိုတင်လေ့လာထားဘို့လိုပါသည်၊ ဥပမာ– သန္ဓိအခန်းကို လေ့လာလိုလျှင် သန္ဓိသုတ်စဉ်သုတ်နက်ကို ကြိုတင်လေ့လာထားဘို့လိုပါသည်၊ သုတ်စဉ်အစား ဆောင်ပုဒ်နှင့် သင်ကြားလိုသူများ ဆောင်ပုဒ်ကို ကြိုတင်ရ ထားဘို့လိုပါသည်၊ သုတ်စဉ်သုတ်နက်နှင့်ဆောင်ပုဒ်ပါ ရထားလျှင်ကား ပို၍ကောင်းပါသည်၊ သုတ်နက်မရသူများအတွက် သုတ်ဆိုလိုရင်း အဓိပ္ပါယ်များကို လည်းဖော်ပြထားပါသည်။

၂။ ရှေး၌ပြပြီးသော ရုပ်များကို နောက်ထပ် မပြတော့သဖြင့် အစဉ်အတိုင်း ကျေညက်စွာ လေ့လာသွားဘို့ လိုအပ်ပါသည်။

၃။ သင်ခါစ ကလေးများအတွက် ပုမာဒိဂိုဏ်းရုပ်များနှင့် ရာဇာဒိဂိုဏ်းလာ အတ္တ, သခ စသောရုပ်များကဲ့သို့ အသုံးလည်းနည်း ခက်ခဲလည်း ခက်ခဲသည့် ရုပ်များကို မသင်သေးဘဲ ချန်ထား၍သင်ကြားသင့်ပါသည်။

၄။ အခြေပါဒ၊ သင်ဦးစဉ်၊ ချနည်းမကျယ်၊ ဓိပ္ပါယ်ကောင်းစွာ၊ လိုရုံသာဖြင့်၊ အပ်ရာမသီး၊ နားထွင်းနည်းသို့၊ ညံ့ဖြည်းမွေ့မွေ့၊ တရွေ့ရွေ့လျှင်၊ တစ်နေ့တစ်ထူး၊ ကျေးဇူးချဲ့ထွင်၊ ကျမ်းရိုးငင်လျက်၊ သင်သင်အံ့အံ့၊ ကြံကြံကြည့်ကြည့်၊ ပညာဖြည့်သော်၊ ရေပြည့်အိုးနယ်၊ လောက်င ကြွယ်လိမ့် ဟူသော အရှင်မဟာရဋ္ဌသာရ၏ မိန့်မှာချက်အတိုင်း – စာသင်ကြားရာ၌ စာသင်သားနှင့် တန်ရုံသာ သင်ကြားသင့်ပါသည်။

၅။ အာချာတ်, ကိတ် အခန်းတို့၌ ဓာတ်နက်များ ကျေညက်စွာရထားဘို့လိုအပ်ပါသည်။

၆။ မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုများမဖြစ်စေသင့်၊ မြန်,ကောင်း,သက်သာသောနည်းကိုသုံးသင့်ပါသည်။ (၂၈-၆-၂၀၀၃)

၂-၅-၉၈ — **အရှင်တိလောကာဘိဝံသ (အင်းစိန်)**

စနေနေ့ — ရွာမပရိယတ္တိစာသင်တိုက်။

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်းအမှာ	က– ဃ
၂။	မာတိကာ	င– စ
၃။	ပဏာမနှင့် ပဋိညာဉ်	၁

သန္ဓိပိုင်း

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄။	သညာအခန်း	၂– ၃
၅။	အက္ခရာဇယားနှင့် ရေးနည်းများ	၄
၆။	ဌာန်အကြောင်း	၅– ၆
၇။	သရသန္ဓိ	၇– ၁၆
၈။	ဗျဉ္ဇနသန္ဓိ	၁၇– ၂၁
၉။	ပကတိသန္ဓိ	၂၁
၁၀။	နိဂ္ဂဟိတသန္ဓိ	၂၂– ၂၆
၁၁။	သုတ္တာတိဒေသ	၂၆– ၂၇

နာမ်ပိုင်း

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂။	ပုလ္လိင်သဒ္ဒါများ	၃၀– ၇၅
၁၃။	နပုလ္လိင်သဒ္ဒါများ	၇၅– ၇၉
၁၄။	ဣတ္ထိလိင်သဒ္ဒါများ	၈၀– ၉၁
၁၅။	သဗ္ဗနာမ်သဒ္ဒါများ	၉၂–၁၁၄
၁၆။	သင်္ချာသဗ္ဗနာမ်များ	၁၁၅–၁၂၀
၁၇။	ဝိဘတ္တိပစ္စည်းများ	၁၂၁–၁၂၆
၁၈။	ဥပသာရနိပါတ်ပုဒ်များ	၁၂၇–၁၂၉

အာချာတ်ပိုင်း

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၉။	အာချာတ်ကြိယာ	၁၃၁

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၀။	ဘူဝါဒိဂိုဏ်းဓာတ်များ	၁၃၂ – ၁၈၆
၂၁။	ရုဓါဒိဂိုဏ်းဓာတ်များ	၁၈၆ – ၁၈၈
၂၂။	ဒိဝါဒိဂိုဏ်းဓာတ်များ	၁၈၉ – ၁၉၂
၂၃။	သွာဒိဂိုဏ်းဓာတ်များ	၁၉၂ – ၁၉၄
၂၄။	ကိယာဒိဂိုဏ်းဓာတ်များ	၁၉၅ – ၁၉၉
၂၅။	တနာဒိဂိုဏ်းဓာတ်များ	၁၉၉ – ၂၀၃
၂၆။	စုရာဒိဂိုဏ်းဓာတ်များ	၂၀၄ – ၂၀၅
၂၇။	ဓာတုပစ္စယအစီအရင်	၂၀၆ – ၂၀၉
၂၈။	နာမဓာတ်များ	၂၁၀ – ၂၁၁
၂၉။	ကာရိတ်ပစ္စည်း	၂၁၂ – ၂၁၆

ကိတ်ကျမ်း

၃၀။	ကိစ္စပစ္စည်းဆိုင်ရာအခန်း	၂၁၇ – ၂၃၁
၃၁။	ကိတ်ပစ္စည်းဆိုင်ရာအခန်း	၂၃၂ – ၂၈၆
၃၂။	ကာရကပိုင်း	၂၈၇ – ၃၀၄
၃၃။	သမာသ်ပိုင်း	၃၀၅ – ၃၃၃
၃၄။	တဒ္ဓိတ်ပိုင်း	၃၃၅ – ၃၆၆

နောက်ဆက်တွဲ

၃၅။	ကျက်မှတ်ရန်ဆောင်ပုဒ်များ	၃၆၇ – ၃၉၄
၃၆။	ကျက်မှတ်ရန် (နာမ်+အာချာတ်) ပဒမာလာ	၃၉၅ – ၄၃၇
၃၇။	အသံထွက်နည်း လက်ဆောင်	၄၃၈

http://www.dhammadownload.com

သဒ္ဒါလက်ဆောင်ကျမ်း

မင်္ဂလာမ နှင့် မင်္ဂလာ ဦး

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ရတနာ သုံးပါး၊ ဆရာများ၊ ညွှတ်တွား ဝန္ဒနာ။

သဒ္ဒါတတ်မှ၊ စာတတ်လှ၊ အတ္ထ မှန်စွာ သိနိုင်ရာ။

အနက်မြင်သန်၊ အကျင့်မှန်၊ နိဗ္ဗာန် ရောက်နိုင်ရာ။

ရုပ်ပြီးမှုဟာ၊ သဒ္ဒါမှာ၊ အင်္ဂါ တစ်ခုပါ။

လွယ်ကူ လျင်မြန်၊ ရုပ်ပြီးရန်၊ ရည်သန် လက်ဆောင်စာ။

နည်းညွှန် ဆိုင်ရာ၊ သုတ်, လင်္ကာ၊ တွဲကာ တွဲကာ ပြမည်သာ။

http://www.dhammadownload.com

သန္ဓိပိုင်း
သညာအခန်း

၁။ အတ္ထော အက္ခရသညာတော

အနက်ကို အက္ခရာတို့ဖြင့်သာ သိအပ်၏။

* *အက္ခရာမှစ၊ ပုဒ်, ဝါကျကို၊ ကျနသိမြင်၊ နက်ကျွမ်းကျင်၊ ကျင့်စဉ်မှန်က နိဗ္ဗာန်ရ။*

အက္ခရာ, ပုဒ်, ဝါကျတို့ကို ကျနစွာသိမြင်လျှင် အနက်၌ကျွမ်းကျင်နိုင်သည်၊ အနက်၌ ကျွမ်းကျင်လျှင်လည်း ကျင့်စဉ်မှန်ကိုသိမြင်နိုင်သည်၊ သိသည့်အတိုင်း မှန်ကန်စွာ ကျင့်ကြံလျှင် နိဗ္ဗာန်ကို ဧကန်မုချ ရနိုင် ရောက်နိုင်ပေမည်။

ထို့ကြောင့် နိဗ္ဗာန်ရောက်ရန် မှန်ကန်စွာ ကျင့်ကြံရမည်၊ မှန်ကန်စွာ ကျင့်ကြံနိုင်ရန် အနက်မှန်ကို သိအောင်လုပ်ရမည်၊ အနက်မှန်ကို သိနိုင်ရန် အက္ခရာ, ပုဒ်, ဝါကျကို ကျနစွာ သိရမည်၊ အက္ခရာ, ပုဒ်, ဝါကျကို ကျနစွာ သိနိုင်ရန် အက္ခရာ, ပုဒ်, ဝါကျ ဇာစ်မြစ်နှင့် စနစ်ကို ဖော်ပြသော သဒ္ဒါကျမ်းကို တတ်မြောက်အောင် သင်ကြားရမည်၊ သဒ္ဒါကျမ်း စနစ်တကျ တတ်မြောက်ရန် နည်းညွှန်ကောင်း, ဆရာကောင်းလိုအပ်သည်၊ နည်းညွှန်ကောင်းအတွက် သဒ္ဒါလက်ဆောင်ကျမ်းက တစ်တပ်တစ်အား ကူညီနိုင်ပါလိမ့်မည်။

၂။ အက္ခရာပါဒယော ဧကစတ္တာလီသံ။

* *အ–စ အံ–လုစ်၊ လေးဆယ့်တစ်မှာ၊ အက္ခရာ၊ သုံးရာ မကုန်ခမ်း။*

အ–အစ,အံ–အဆုံး ၄၁–လုံးတို့သည်အက္ခရာမည်ကုန်၏၊သုံး၍ မကုန်ခမ်းသောကြောင့် အက္ခရာဟုခေါ်သည်။ ထိုအက္ခရာတို့ဟူသည်– အ,အာ,ဣ,ဤ,ဥ, ဦ, ဧ, ဩ ၊က ခ ဂ ဃ င (ပ)ဟ ဠ အံ–တို့တည်း။

၃။ တတ္ထော ဒန္တာ သရာ အဋ္ဌ။

အ–အစ ဩ–အဆုံးရှိသော အက္ခရာ ၈–လုံးတို့သည် သရ–မည်ကုန်၏၊ ထိုသရ–တို့ဟူသည်– အ အာ ဣ ဤ ဥ ဦ ဧ ဩ–တို့တည်း။

* *အ–စ ဩ–ထိ၊ ရှစ်လုံးရှိ၊ မှတ်သိ သရ–မည်။*

http://www.dhammadownload.com

၄။ လဟုမတ္တာ တယော ရဿာ။

လျင်မြန်စွာ ရွတ်ဆိုအပ်ကုန်သော အ ဣ ဥ–ဟူသော သရ ၃–လုံးတို့သည် ရဿ–မည်ကုန်၏။

* *အ, ဣ, ဥ ဆို၊ သုံးလုံးကို၊ သံတို ရဿ–မည်။*

၅။ အညေ ဒီဃာ။

ရဿ–မှတစ်ပါး အာ ဤ ဦ ဧ ဩ–ဟူသော သရ ၅–လုံးတို့သည် ဒီဃ–မည်ကုန်၏။

* *အာ, ဤ, ဦ, ဧ၊ ဩငါးထွေ၊ သံရှည်(ရှေ)ဒီဃ–မည်။*

၆။ သေသာ ဗျဉ္ဇနာ။

သရမှကြွင်းသော ၃၃–လုံးသော အက္ခရာတို့သည် ဗျည်းမည်ကုန်၏။

* *က–စ အံ–ဆုံး၊ သုံးဆယ့်သုံး၊ ခေါ်ထုံးဗျည်း–လည်းမည်။*

၇။ ဝဂ္ဂါ ပဉ္စ ပဉ္စသော မန္တာ။

မ–အဆုံးရှိသော ၂၅–လုံးသော ဗျည်းတို့သည် ဝဂ်မည်ကုန်၏။

* *က–စ မ–ထား၊ နှစ်ဆယ့်ငါး၊ မှတ်သား ဝဂ်–လည်းမည်။*

* *က–ဝဂ်, စ–ဝဂ်၊ ဋ, တ–ဝဂ်နှင့်၊ ပ–ဝဂ်ငါးအင်၊ တစ်ဝဂ်တွင်၊ ပါဝင် ငါးလုံးစီ။*

၈။ အံဣတိ နိဂ္ဂဟိတံ။

အံ–ဟု ရွတ်ဆိုအပ်သော ဗိန္ဒုပြောက်သည် နိဂ္ဂဟိတ်မည်၏။

* *အံ, ဣံ, ဥံ တွင်၊ သေးသေးတင်၊ မည်တွင် နိဂ္ဂဟိတ်။*

၉။ ပရသမညာ ပယောဂေ။

သုံးစွဲဖို့လိုအပ်လျှင် အခြားသောသက္ကဋကျမ်းလာ ဃောသ, အဃောသစသော အမည်တို့ကိုလည်း ယူငင်သုံးစွဲနိုင်သည်။

http://www.dhammadownload.com

သရ—၈	ရဿ ၃	ဒီဃ ၅	
	အ	အာ	အဝဏ္ဏ
	ဣ	ဤ	ဣဝဏ္ဏ
	ဥ	ဦ	ဥဝဏ္ဏ
		ဧ	ဩ

ဗျည်း—၃၃						ဝဂ်ဗျည်း—၂၅
က	ခ	ဂ	ဃ	င	ကဝဂ်—၅	
စ	ဆ	ဇ	ဈ	ဉ	စဝဂ်—၅	
ဋ	ဌ	ဍ	ဎ	ဏ	ဋဝဂ်—၅	
တ	ထ	ဒ	ဓ	န	တဝဂ်—၅	
ပ	ဖ	ဗ	ဘ	မ	ပဝဂ်—၅	
ယ	ရ	လ	ဝ	သ	အဝဂ် – ၈	
	ဟ	ဠ	အံ			

အက္ခရာပါဒယော ကေစတ္တာလီသံ။
တတ္ထော ဒန္တာ သရာ အဋ္ဌ။
လဟုမတ္တာ တယော ရဿာ။
အညေ ဒီဃာ။
သေသာ ဗျဉ္ဇနာ။
ဝဂ္ဂါ ပဉ္စ ပဉ္စသော မန္တာ။
အံကာတိ နိဂ္ဂဟိတံ။

ဃောသတို့ဟူသည် ဝဂ်၏တတိယ, စတုတ္ထ, ပဉ္စမအက္ခရာများနှင့် ယ, ရ, လ, ဝ, ဟ, ဠ အားဖြင့် ၂၁–လုံးတို့တည်း၊ အဃောသတို့ဟူသည် ဝဂ်၏ပထမ, ဒုတိယအက္ခရာနှင့်သအက္ခရာတို့တည်း။

** ဝဂ်တွင် တ, စ၊ ပဉ္စမ နှင့်၊ ယ, ရ, လ, ဝ၊ ဟ–နှင့် ဠ၊ ဃောသ နှစ်ဆယ့်တစ်။*

** ဝဂ်တွင် ပ, ဒု၊ သ–တစ်ခုပါ၊ အဃောသာ၊ သချာ တစ်ဆယ့်တစ်။*

သရ, ဗျည်း ရေးနည်းများ

သရသက်သက်	အ	အာ	ဣ	ဤ	ဥ	ဦ	ဧ	ဩ
ဗျည်းတွဲသရ	၊	ာ, ါ	ိ	ီ	ု	ူ	ေ	ော, ေါ
ဗျည်းသက်သက်	က်	ခ်	ဂ်	ဃ်	င်	စ်	ဆ်	ဇ်
သရတွဲဗျည်း	က	ကာ	ကိ	ကီ	ကု	ကူ	ကေ	ကော
	ခ	ခါ	ခိ	ခီ	ခု	ခူ	ခေ	ခေါ

http://www.dhammadownload.com

ဌာန် ၇–ပါး

၁။ ဥရဋ္ဌာန်–ရင်ခေါင်းအရပ်၊
၂။ ကဏ္ဌဋ္ဌာန်–လည်ချောင်းအရပ်၊
၃။ တာလုဋ္ဌာန်–အာစောက်အရပ်၊
၄။ မုဒ္ဓဋ္ဌာန်–လျှာထိပ်=အာထိပ်=အာခေါင်အရပ်၊
၅။ ဒန္တဋ္ဌာန်–သွားအရပ်၊
၆။ ဩဋ္ဌဋ္ဌာန်–နှုတ်ခမ်းအရပ်၊
၇။ နာသိကဋ္ဌာန်–နှာခေါင်းအရပ်။

* *ရင်, လည်, အာ, လျှာ၊ သွား, နှုတ်, နှာ၊ ဖြစ်ရာ ဌာန်ခုနစ်။*

* *ယ, ရ, လ, ဝ၊ ဝဂ္ဂန္တ မှာ၊ ဟ–ယှဉ်လာ၊ ရင်မှာမိန့်ဆိုကြ။*

ယ, ရ, လ, ဝ–နှင့် င, ဉ ,ဏ, န, မ–ဟူသော ဝဂ္ဂန္တ ၅–လုံးတို့၌ ဟ–ယှဉ်နေလျှင် ဥရ–(ရင်ခေါင်း)၌ ဖြစ်သည်။ (ယှ, ရှ, လှ, ဝှ, ငှ, ညှ, ဏှ, နှ, မှ)

* *က, ခ, ဂဃင၊ အ, အာ, ဟ၊ ရှစ်ဝ လည်ချောင်းမှာ။*

* *စ, ဆ, ဇဈဉ ၊ ဣ, ဤ, ယ၊ ရှစ်ဝ အာစောက်မှာ။*

* *ဋ, ဌ, ဍဎဏ၊ ရ နှင့် ဠ၊ သတ္တ လျှာထိပ်မှာ။*

* *တ, ထ, ဒဓန၊ လ နှင့် သ၊ သတ္တ သွားရပ်မှာ။*

* *ပ, ဖ, ဗဘမ၊ ဥ, ဦမျှ၊ သတ္တ နှုတ်ခမ်းမှာ။*

* *င, ဉ , ဏနမ၊ ဗိန္ဒုမျှ၊ ခြောက်ဝ နှာခေါင်းမှာ။ (ဗိန္ဒု=နိဂ္ဂဟိတ်)*

* *ဧ–လည်နှင့် အာ၊ နှစ်ဖြာ လည်, နှုတ်၊ ဩ–ကိုထုတ်၊ သွား, နှုတ် ဝ–ထား ဒွိဇများ။*

(ဝ–ကိုရွတ်ဆိုရာ၌ အထက်သွားနှင့် အောက်နှုတ်ခမ်းကို ထိ၍ အင်္ဂလိပ် V–အက္ခရာကဲ့သို့ ရွတ်ဆိုပါ)

သရအမျိုးမျိုး က။ သဝဏ္ဏ–ဌာန်တူသရ (အ+အာ သည် အဝဏ်၊ ဣ+ဤ သည် ဣဝဏ်၊ ဥ+ဦ သည် ဥဝဏ်)

ခ ။ အသဝဏ္ဏ–ဌာန်မတူသောသရ။

က။ သရူပ–ကြားအပ်သောအသံတူသရ (အ+အာ ၊ ဣ+ဤ၊ ဥ+ဦ)

ခ။ အသရူပ–ကြားအပ်သောအသံမတူသရ။

ဗျည်း ၂–မျိုး

ဗျည်း ၃၃–လုံးတို့တွင် က–အစ ဠ–အဆုံးရှိသော ၃၂–လုံးသော ဗျည်းတို့သည် မှီရာသရနောက်ရှိသောကြောင့် (ဝါ) နောက်သရကို မှီသောကြောင့် ပရာသယ–ဗျည်းမည်၏။

နိဂ္ဂဟိတ်သည် မှီရာသရရှေ့ရှိသောကြောင့် ပုဗ္ဗာသယ–ဗျည်းမည်၏။

http://www.dhammadownload.com

ဟ–နှင့်ယှဉ်သော င, ဥ , ဏ, န, မ, ယ, ရ, လ, ဝ ဤ ၉–လုံးတို့သည် ရင်ခေါင်းအရပ်၌ ဖြစ်သောကြောင့် ဥရဇအက္ခရာတို့မည်ကုန်၏။

အ–ဝဏ် ၂–လုံး, က–ဝဂ် ၅–လုံး, ဟ–အက္ခရာ ဤ ၈–လုံးသောအက္ခရာတို့သည် လည်ချောင်းအရပ်၌ ဖြစ်တတ်သောကြောင့် ကဏ္ဍဇအက္ခရာမည်ကုန်၏။

ဣ–ဝဏ် ၂–လုံး, စ ဝဂ် ၅–လုံး, ယ–အက္ခရာ ဤ ၈–လုံးသောအက္ခရာတို့သည် အာစောက် အရပ်၌ ဖြစ်တတ်သောကြောင့် တာလုဇအက္ခရာမည်ကုန်၏။

ဋ–ဝဂ် ၅–လုံး, ရ–အက္ခရာ, ခုနစ်လုံးမြောက် ဠ–အက္ခရာ ဤ ၇–လုံးသောအက္ခရာတို့ သည် လျှာထိပ်အရပ်၌ ဖြစ်တတ်သောကြောင့် မုဒ္ဓဇအက္ခရာမည်ကုန်၏။

တ–ဝဂ် ၅–လုံး, သုံးလုံးမြောက် လ–အက္ခရာ,သ–အက္ခရာ ဤ ၇–လုံးသောအက္ခရာတို့ သည် သွားအရပ်၌ ဖြစ်တတ်သောကြောင့် ဒန္တဇအက္ခရာမည်ကုန်၏။

ဥ–ဝဏ် ၂–လုံး, ပ–ဝဂ် ၅–လုံး ဤ ၇–လုံးသောအက္ခရာတို့သည် နှုတ်ခမ်းအရပ်၌ ဖြစ်တတ်သောကြောင့် ဩဋ္ဌဇအက္ခရာမည်ကုန်၏။

ဝဂ္ဂန္တ ၅–လုံး, နိဂ္ဂဟိတ် ဤ ၆–လုံးသောအက္ခရာတို့သည် နှာခေါင်းအရပ်၌ ဖြစ်တတ် သောကြောင့် နာသိကဇအက္ခရာတို့မည်ကုန်၏။

ဧ–အက္ခရာသည် လည်ချောင်းအရပ်၌လည်းကောင်း၊ အာစောက်အရပ်၌လည်းကောင်း ဖြစ်တတ်သောကြောင့် ကဏ္ဍ တာလုဇအက္ခရာမည်၏။

ဩ–အက္ခရာသည် လည်ချောင်းအရပ်၌လည်းကောင်း၊ နှုတ်ခမ်းအရပ်၌လည်းကောင်း ဖြစ်တတ်သောကြောင့် ကဏ္ဍ ဩဋ္ဌဇအက္ခရာမည်၏။

ဝ–အက္ခရာသည် သွားအရပ်၌လည်းကောင်း၊ နှုတ်ခမ်းအရပ်၌လည်းကောင်း ဖြစ်တတ် သောကြောင့် ဒန္တဩဋ္ဌဇအက္ခရာမည်၏။

http://www.dhammadownload.com

သရသန္ဓိ စီရင်ခန်း

လောကဂ္ဂေါ=လောက+အဂ္ဂေါ၊ ယဿိန္ဒြိယာနိ=ယဿ+ဣန္ဒြိယာနိ၊ နောဟေတံ=နောဟိ+ဧတံ၊ သမေတာယသ္မာ=သမေတု+အာယသ္မာ တို့၌–

၁၀။ ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ။

ပရာသယဖြစ်သော ရှေ့ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ တည်ထားရန် မှီရာသရမှ ခွင်းရာ၏။

ခွင်းပုံ လေ့ကျင့်ခန်း–

ခ,ခါ,ခိ,ခီ,ခု,ခူ,ခေ,ခေါ= အ–သရမှ ခ်–ဗျည်းကိုခွင်း၊ ခ်–၏အစိတ် အ–ကြွင်းစေ၊ ခွင်းအပ်ပြီးသော သရကင်းသော ခ်–ဗျည်းကို ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက်ထား။ အာ–သရမှ ခ်–ဗျည်းကိုခွင်း၊ ခ်–၏အစိတ် အာ–ကြွင်းစေ။ ဣ–သရမှ ခ်–ဗျည်းကိုခွင်း၊ ခ်–၏အစိတ် ဣ–ကြွင်းစေ။ **အကျဉ်းချုပ်ဆိုပုံ**– ခ–ခွင်း, အ–ကြွင်း၊ ခ–ခွင်း, အာ–ကြွင်း စသည်။

၁၂။ သရာ သရေ လောပံ။

နောက်သရကြောင့် ရှေ့သရကိုချေ။

* *သရ နှစ်တွေ့၊ ရှေ့, နောက်နေ၊ ချေလေ တစ်ခု၊ နောက် ချေမှု၊ မှတ်ရှု သုတိမတူရာ။*

သရ ၂–လုံး ရှေ့နောက် အင်အားပြိုင်နေလျှင် မလိုသောသရ ၁–လုံးကို ချေရမည်။နောက်သရချေရာ၌ကား သုတိမတူရာ၌သာ ချေရမည်။

၁၁။ နယေ ပရံ ယုတ္တေ။

ဆောင်ကပ်၍ သန္ဓိစပ်သင့်သော် သရကင်းသော ဗျည်းကို နောက်သရသို့ ဆောင်ကပ်ရမည်။

ကပ်ပုံလေ့ကျင့်ခန်း–

သရကင်းသော ခ်–ဗျည်းကို နောက် အ–သို့ကပ်။ သရကင်းသော ခ်–ဗျည်းကို နောက် အာ–သို့ကပ်။ သရကင်းသော ခ်–ဗျည်းကို နောက် ဣ–သို့ကပ်။ **အကျဉ်းချုပ်ဆိုပုံ**–ခ်, အ–သို့ကပ်၊ ခ်, အာ–သို့ကပ် စသည်။

http://www.dhammadownload.com

လောကဂ္ဂေါ=လောက+အဂ္ဂေါ၊ ယဿိန္ဒြိယာနိ=ယဿ+ဣန္ဒြိယာနိ၊ နောဟေတံ=
နောဟိ+ဧတံ၊ သမေတာယသ္မာ=သမေတု+အာယသ္မာ။

၁၄။ ကွစာသဝဏ္ဏံ လုတ္တေ။

ရှေ့သရကျေပြီးသော် အချို့အရာ၌ နောက် ဣ, ဤ–ကို ဧ–အသဝဏ်ပြု၊ နောက် ဥ, ဦ–
ကို ဩ–အသဝဏ်– ပြု။

* *ရှေ့သရကျေ၊ နောက်နေ ဣဝဏ်၊ ဧ–ပြုရန်၊ ဥဝဏ် ဩ–ချို့ပြု။*

ဗန္ဓုဿေဝ= ဗန္ဓုဿ+ဣဝ၊ ဓိနေရိတံ= ဓိန+ဤရိတံ၊ နောပေတိ= န+ဥပေတိ၊
ကောနသတံ= ကေ+ဦနသတံ။

ရုပ်တွက်–

လောကဂ္ဂေါ–ကို လောက+အဂ္ဂေါ–ဟု ပုဒ်ဖြတ်၊ က–ခွင်း အ–ကြွင်း၊ သရာ သရေ လောပံ–သုတ်
ဖြင့် ရှေ့ အ–သရကို ချေ၊ သရ ကင်းသော က်–ဗျည်းကို နောက် အ–သို့ကပ်၊ လောကဂ္ဂေါ–ပြီး၏။

ယဿိန္ဒြိယာနိ–ကို ယဿ+ဣန္ဒြိယာနိ–ဟု ပုဒ်ဖြတ်၊ ဿ–ခွင်း အ–ကြွင်း၊ သရာ သရေ
လောပံ–သုတ်ဖြင့် ရှေ့ အ–သရကိုချေ၊ သရကင်းသော ဿ်–ဗျည်းကို နောက် ဣ–သို့ကပ်၊ ယဿိန္ဒြိယာနိ–
ကားပြီး၏။

နောဟေတံ–ကို နောဟိ+ဧတံ–ဟု ပုဒ်ဖြတ်၊ ဟ–ခွင်း၊ ဣ–ကြွင်း၊ သရာ သရေ လောပံ–ဖြင့် ရှေ့
ဣ–သရကို ချေ၊ ဟ်– ဧ–သို့ကပ်၊ နောဟေတံ–ပြီး၏။

သမေတာယသ္မာ–ကို သမေတု+အာယသ္မာ–ဟုပုဒ်ဖြတ်၊ တ်–ခွင်း, ဥ–ကြွင်း၊ သရာ သရေ လောပံ–
သုတ်ဖြင့် ရှေ့ ဥ– သရကိုချေ၊ တ်– အာ–သို့ကပ်၊ သမေတာယသ္မာ–ပြီး၏။

(ဌာန်နီးသည်၏ အစွမ်းကြောင့် ဣ, ဤ–ကို ဧ၊ ဥ, ဦ–ကို ဩ–အသဝဏ်ပြု။)

ဗန္ဓုဿေဝ–ကို ဗန္ဓုဿ+ဣဝ–ဟု ပုဒ်ဖြတ်၊ ဿ–ခွင်း, အ–ကြွင်း၊ သရာ သရေ လောပံ–ဖြင့်
ရှေ့ အ–သရကို ချေ၊ ကွစာသဝဏ္ဏံ လုတ္တေ–ဖြင့် နောက် ဣ–သရကို ဧ–အသဝဏ်ပြု၊ဿ်– ဧ–သို့ကပ်၊
ဗန္ဓုဿေဝ–ပြီး၏။

ဓိနေရိတံ–၌ ဤ–ကို ဧ–အသဝဏ်ပြု၊ နောပေတိ–၌ ဥ–ကို, ကောနသတံ–၌ ဦ–ကို ဩ–
အသဝဏ်– ပြု။

http://www.dhammadownload.com

၁၅။ ဒီဃံ

ရှေ့သရကျေပြီးသော် အချို့အရာ၌ နောက်သရကို ဒီဃ–ပြု။

*   *ရှေ့သရကျေ၊ နောက်ရသော၊ ချို့လေ ဒီဃပြု။*

သဒ္ဓိမ=သဒ္ဓါ+ဣမ၊ အနာဂါရေဟိ စူဘယံ=အနာဂါရေဟိ စ+ဥဘယံ။

၁၃။ ဝါ ပရော အသရူပါ။

တူသော သုတိရှိသည်မဟုတ်သော ရှေ့သရမှ နောက်သရကို အချို့ချေ။

ဝန္ဒေဟံ= ဝန္ဒေ+အဟံ၊ စတ္တာရောမေ= စတ္တာရော+ဣမေ၊ ကိန္နုမာဝ= ကိန္နု+ဣမာဝ။ ပါတောဝ= ပါတော+ဧဝ။

၁၆။ ပုဗ္ဗော စ။

နောက် သရ ကျေပြီးသော် ရှေ့သရ ကိုလည်း အချို့ ဒီဃ ပြု။

*   *နောက်သရကျေ၊ ရှေ့ရသော၊ ချို့လေ ဒီဃပြု။*

လောကဿာတိ=လောကဿ+ဣတိ၊ ဝိတိနာမေန္တိ=ဝိ+အတိနာမေန္တိ၊ ကိံ သူဓ = ကိံ သု+ဣဓ။

ရုပ်တွက်–

(ဌာန်နီးသည်၏ အစွမ်းကြောင့် သဝဏ္ဏဖြစ်သော အ–ရဿကို အာ–ဒီဃ ပြု၊ ဣ–ရဿကို ဤ–ဒီဃပြု၊ ဥ–ရဿကို ဦ–ဒီဃပြု)

သဒ္ဓိမ–ကို သဒ္ဓါ+ဣမ–ဟု ပုဒ်ဖြတ်၊ ဒ္ဓိ–ခွင်း အာ–ကြွင်း၊ သရာ သရေ လောပံ–သုတ်ဖြင့် ရှေ့ အာ–သရကို ချေ၊ ဒီဃံ–သုတ်ဖြင့် နောက် ဣ–ရဿကို ဤ–ဒီဃပြု၊ ဒ္ဓိ– ဤ–သို့ကပ်၊ သဒ္ဓိမ–ပြီး၏။

စူဘယံ–၌ ရှေ့ အ–သရကိုချေ၊ နောက် ဥ–ကို ဦ–ဒီဃပြု။

ဝန္ဒေဟံ–ကို ဝန္ဒေ+အဟံ–ဟု ပုဒ်ဖြတ်၊ ဝါ ပရော အသရူပါ–ဖြင့် (တူသော သုတိ ရှိသည်မဟုတ်သော ရှေ့ ဧ သရမှ) နောက် အ သရကို ချေ၊ ဝန္ဒေဟံ–ပြီး၏။(စတ္တာရောမေ၊ ကိန္နုမာဝ–တို့၌ ဣ–ကိုချေ)

လောကဿာတိ–ကို လောကဿ+ဣတိ–ဟု ပုဒ်ဖြတ်၊ ဿ်–ခွင်း, အ–ကြွင်း၊ ဝါ ပရော အသရူပါ–ဖြင့် နောက် ဣ–သရကိုချေ၊ ပုဗ္ဗော စ–ဖြင့် နောက်သရကျေပြီးသော် ရှေ့ အ–ရဿကို အာ–ဒီဃပြု၊ ဿ်–အာ–သို့ကပ်။

http://www.dhammadownload.com

၁၇။ ယမေဒန္တဿာဒေသော။

နောက်သရကြောင့် အစိတ် ဧ–ကို အချို့ ယ–ပြု။

** မေ, တေ, ယေ, ကေ၊ ပဗ္ဗတေ၊ စိတ် ဧ, ယ–ပြု, အ–နှောင်းမူ။*

မျာယံ= မေ+အယံ၊ တျာဟံ= တေ+အဟံ၊ တျာဿ= တေ+အဿ။

၁၈။ ဝမောဒုဒန္တာနံ။

နောက်သရကြောင့် အစိတ် ဩ, ဥ– တို့ကို အချို့ ဝ–ပြု။

** သရနှောင်းမူ၊ စိတ် ဩ, ဥ၊ ဝ–ပြု ချို့ အရာ။*

သွာဿ= သော+အဿ၊ ဗဟွာဗာဓော= ဗဟု+အာဗာဓော၊ အန္ဝဒ္ဓမာသံ= အနု+အဒ္ဓမာသံ၊ သွေဝ= သော+ဧဝ။

၁၉။ သဗ္ဗော စံ တိ။

နောက်သရကြောင့် အလုံးစုံသော တိ–ကို အချို့ စ–ပြု။

(အတိဿ စန္တဿ– သုတ်၏တားမြစ်ချက်ကြောင့် ဣ–ဝဏ်နှောင်းရာ၌ စ–မပြုရ၊ ဣ–ဝဏ်မှတစ်ပါးသော သရနှောင်းရာ၌ တိ–ကို စ–ပြု။)

** သရနှောင်းဘိ၊ ရှေ့၌ တိ–ကို၊ စ–ပြုဆို၊ မလို ဣဝဏ်နှောင်း။*

ရုပ်တွက်–

မျာယံ–ကို မေ+အယံ–ဟုပုဒ်ဖြတ်၊ မ်–ခွင်း, ဧ–ကြွင်း၊ ယမေဒန္တဿာဒေသော–ဖြင့် ဧ– ကို ယ–ပြု၊ တတိယပိုင်း– ဒီဃံ–ဖြင့် အ–ကို အာ–ဒီဃပြု၊ ယ– အာ–သို့ကပ်၊ မ်– ယာ–သို့ကပ်။

သွာဿကို သော+အဿ–ဟု ပုဒ်ဖြတ်၊ သ–ခွင်း ဩ–ကြွင်း၊ ဝမောဒုဒန္တာနံ–ဖြင့် အစိတ် ဩ–ကို ဝ်–ပြု၊ ဝ် , အ– သို့ကပ်၊ သ်, ဝ–သို့ကပ်၊ သွာဿ–ပြီး၏။

ဗဟွာဗာဓော–ကို ဗဟု+အာဗာဓော–ဟု ပုဒ်ဖြတ်၊ ဟ်–ခွင်း၊ ဥ–ကြွင်း၊ ဝမောဒုဒန္တာနံ–ဖြင့် ဥ–ကို ဝ်–ပြု၊ ဝ်–အာ–သို့ကပ်၊ ဟ်–ဝါ–သို့ကပ်။

သွေဝ–ကို သော+ဧဝ–ဟု ပုဒ်ဖြတ်၊ သ်–ခွင်း, ဩ–ကြွင်း၊ ဝမောဒုဒန္တာနံ–ဖြင့် ဩ–ကို ဝ်–ပြု၊ ဝ်, ဧ–သို့ ကပ်၊ သ်–ဝေ, သို့ကပ်၊

http://www.dhammadownload.com

၂၈။ ပရ ဒွေဘာဝေါ ဌာနေ။

သင့်လျော်ရာဌာန၌ နောက်ဗျည်း၏ သဒိသဒွေဘော်လာ။

သဒိသဒွေဘော်သည် ဝဂ်-၌ ပထမ, တတိယ, င-မှတစ်ပါး ပဥ္စမ အက္ခရာများနှင့် ယ, လ, ဝ, သ အက္ခရာတို့၏သာလျှင် သဒိသဒွေဘော်လာသည်။ ဥပမာ-

က ၏ သဒိသဒွေဘော် က-လာ၊ ဂ-၏ သဒိသဒွေဘော် ဂ-လာ၊ စ-၏ သဒိသဒွေဘော် စ-လာ၊ ဇ-၏ သဒိသဒွေဘော် ဇ-လာ၊ ဉ -၏ သဒိသဒွေဘော် ဉ -လာ စသည်ဖြင့်သိရှလေ။

** ရဿ သုံးဖြာ၊ အာဒီဃာနောက်၊ ကျရောက်ဝဂ္ဂ၊ ပ, တ, မ-နှင့်၊ ယ, လ, ဝ, သာ၊ ဗျည်း တို့မှာ၊ ဒွေဘာ သဒိသ။*

ရဿ ၃-လုံးနှင့် အာ-ဒီဃနောင် ပထမက္ခရာ, တတိယက္ခရာ, ပဥ္စမက္ခရာ, ယ, လ, ဝ, သ-တို့၏ သဒိသဒွေဘော်လာ။

ဣစ္စေတံ= ဣတိ+ဧတံ၊ ပစ္စာဟရတိ= ပတိ+အာဟရတိ၊ အစ္စန္တံ= အတိ+အန္တံ။

၄၇။ အတိဿ စန္တဿ။

အတီသိဂဏော= အတိ+ဣသိဂဏော၊ အတီရိဝတံ= အတိ+ဤရိတံ။

ရုပ်တွက်-

ဣစ္စေတံ-ကို ဣတိ+ဧတံ-ဟု ပုဒ်ဖြတ်၊ သဗ္ဗော စံ တိ-ဖြင့် တိ-ကို စ်-ပြု၊ စ်, ဧ-သို့ကပ်၊ ပရဒွေဘာဝေါ ဌာနေ-ဖြင့် စ-၏ သဒိသဒွေဘော် စ်-လာ။

ပစ္စာဟရတိ, အစ္စန္တံ-ကို ပတိ+အာဟရတိ, အတိ+အန္တံ-ဟု ပုဒ်ဖြတ်၊ သဗ္ဗော စံ တိ-ဖြင့် တိ-ကို စ်-ပြု၊ စ်, အာ-သို့ကပ်၊ အ-သို့ကပ်၊ ပရ ဒွေဘာဝေါ ဌာနေ-ဖြင့် စ်-၏ သဒိသဒွေဘော် စ်-လာ။

အတီသိဂဏော-ကို အတိ+ဣသိဂဏော-ပုဒ်ဖြတ်၊ သဗ္ဗော စံ တိ-သုတ်ဖြင့် စ်-ပြုသင့်သော်လည်း ဣ-သရနေင်းရာ၌ အတိဿ စန္တဿ-သုတ်က တားမြစ်သောကြောင့် စ်-မပြုရ၊ ရှေ့ ဣ-သရကို ချေ၊ နောက် ဣ-ရဿကိုဤ-ဒီဃပြု။

မှတ်ချက်။ ။စာသင်စ ပုဂ္ဂိုလ်များအတွက် ပဒိုသေသုတ်များ အစီအရင်ကို မသင်သေးဘဲ ချန်ထားသင့်ပါသည်၊ နောင် အလိုလို နားလည်လာနိုင်ပါသည်။

http://www.dhammadownload.com

၄၄။ အဘ္ဘော အဘိ။

ဣ–ဝဏ်မှတပါးသော နောက်သရကြောင့် အဘိ–ကို အဗ္ဘ–ပြု။

အဗ္ဘုဒီရိတံ=အဘိ+ဥဒီရိတံ၊ အဗ္ဘုဂ္ဂစ္ဆတိ=အဘိ+ဥဂ္ဂစ္ဆတိ။

* *ဣဝဏ် ကြဉ်ထ၊ နောက်သရ၏၊ ရှေ့ အဘိ–နှင့်၊ အဓိ–နှစ်ဖြာ၊ စဉ်တိုင်းသာ၊ ပြုပါ အဗ္ဘ, အဇ္ဈတည်း။*

၄၅။ အဇ္ဈော အဓိ။

ဣ–ဝဏ်မှတပါးသော နောက်သရကြောင့် အဓိ–ကို အဇ္ဈ–ပြု။

အဇ္ဈောကာသေ= အဓိ+ဩကာသေ၊ အဇ္ဈာဂမာ= အဓိ+အာဂမာ။

၄၆။ တေန ဝါ ဣဝဏ္ဏေ။

ဣ– ဝဏ် ကြောင့် အဘိ, အဓိတို့၏ အဗ္ဘ, အဇ္ဈ– အပြု အချို့ မဖြစ်။

အဘိစ္ဆိတံ=အဘိ+ဣစ္ဆိတံ၊ အဓိရိတံ=အဓိ+ဤရိတံ။

ရုပ်တွက်–

အဗ္ဘုဒီရိတံ–ကို အဘိ+ဥဒီရိတံ–ဟုပုဒ်ဖြတ်၊ အဗ္ဘော အဘိ–ဖြင့် အဘိ–ကို အဗ္ဘ–ပြု၊ ခွင်း, ချေ, ကပ်။

အဗ္ဘုဂ္ဂစ္ဆတိ–ကို အဘိ+ဥဂ္ဂစ္ဆတိ–ဟု ပုဒ်ဖြတ်၊ အဗ္ဘော အဘိ–ဖြင့် အဘိ–ကို အဗ္ဘ–ပြု၊ ခွင်း, ချေ, ကပ်။

အဇ္ဈောကာသေ–ကို အဓိ+ဩကာသေ–ဟု ပုဒ်ဖြတ်၊ အဇ္ဈော အဓိ–ဖြင့် အဓိ–ကို အဇ္ဈ–ပြု၊ ဈ္ဈ– ခွင်း, ချေ, ကပ်။

အဘိစ္ဆိတံ, အဓိရိတံ–ကို အဘိ+ဣစ္ဆိတံ, အဓိ+ဤရိတံ–ပုဒ်ဖြတ်၊ အဗ္ဘော အဘိ၊ အဇ္ဈော အဓိ–ဖြင့် အဗ္ဘ, အဇ္ဈ–ပြုသင့်သော်လည်း တေ န ဝါ ဣဝဏ္ဏေ–သုတ်က တားမြစ်သောကြောင့် မပြုရ၊ ခွင်း, ချေ, ကပ်။

http://www.dhammadownload.com

၂၀။ ဒေါ ဓဿ စ။

နောက်သရကြောင့် ဓ–ကို အချို့ ဒ–ပြု။

*   *သရနှောင်းက၊ ဧက–နောက်ရှိ၊ ဣဓ–၌ပါ၊ ဓ–ကိုသာ၊ မှန်စွာ ဒဒွေး ပြု။*

ဧကမိဒါဟံ= ဧကံ+ဣဓ+အဟံ။

စ–သဒ္ဒါဖြင့် --

ဓ–ကို ဟ–ပြု၊ သာဟု=သာဓု။

ဒ–ကို တ–ပြု၊ သုဂတော=သုဂဒေါ။

တ–ကို ဋ–ပြု၊ ဒုက္ကဋံ=ဒုကတံ။**(က–၏ သဒိသဒွေဘော် က–လာ)**

တ–ကို ဓ–ပြု၊ ဂန္ဓဗ္ဗော=ဂန္တဗ္ဗော။

တ္တ–ကို ဋ္ဌ–ပြု၊ အဋ္ဌဘော=အတ္တဘော။

ဂ–ကို က–ပြု၊ ကုလူပကော=ကုလူပဂေါ။

ရ–ကို လ–ပြု၊ မဟာသာလော=မဟာသာရော။

ယ–ကို ဇ–ပြု၊ ဂဝဇော=ဂဝယော။

ဝ္ဝ–ကို ဗ္ဗ–ပြု၊ ကုဗ္ဗတော=ကုဝတော။

ယ–ကို က–ပြု၊ သကေ=သယေ။

ဇ–ကို ယ–ပြု၊ နိယံပုတ္တံ=နိဇံပုတ္တံ။

တ–ကို က–ပြု၊ နိယကော=နိယတော။

တ္တ–ကို စ္စ–ပြု၊ ဘစ္စော=ဘတ္တော။

ပ–ကို ဖ–ပြု၊ နိပ္ဖတ္တိ=နိပတ္တိ။

က–ကို ခ–ပြု၊ နိက္ခမတိ=နိကမတိ စသည်။

*   *ဒေါ ဓဿ စ၊ သုတ်၌ စ–ဖြင့်၊ ဓ–ကိုကား ဟ၊ တ–ကို ဋ–နှင့်၊ က–မှာ ခ–ပြု၊ ပ–ဖ–ပြု၊ ဗ–ပြု ဝ–ကိုသာ။*

ရုပ်တွက်–

ဧကမိဒါဟံ–ကို ဧကံ+ဣဓ+အဟံ–ဟု ပုဒ်ဖြတ်၊ ဒေါ ဓဿ စ–ဖြင့် ဓ–ကို ဒ–ပြု၊ မဒါ သရေ–ဖြင့် က–အထက်၌ရှိသော နိဂ္ဂဟိတ်ကို မ်–ပြု၊ မ်, ဣ–သို့ကပ်၊ ဒ–ခွင်း, အ–ကြွင်း၊ ရှေ့ အ–သရ ကို ချေ၊ ဒုတိယပိုင်း ဒီဃံ–ဖြင့် ဒီဃပြု။

http://www.dhammadownload.com

* *ပ, ပရိ, နိ၊ ဥ, ဩ, ၏-နောက်၊ န-ငယ်ရောက်၊ မဖောက် ဏ-ကြီးပြန်။*

ဒေါဃဿ စ-၌ စ-ဖြင့်ပင် ပ, ပရိ, နိ, ဥ, ဩ-တို့နောင် န-ငယ်ကို ဏ-ကြီးပြန်ရမည်။

ပဏိဓာနံ=ပနိဓာနံ၊ ပဏိပါတော=ပနိပါတော၊ ပဏာမော=ပနာမော၊ ပဏီတံ=ပနီတံ၊ ပရိဏတော= ပရိနတော၊ ပရိဏာမော=ပရိနာမော၊ နိဏ္ဏယော=နိန္နယော၊ ဥဏ္ဏတော=ဥန္နတော၊ ဩဏတော= ဩနတော။

၂၁။ က္လဝဏ္ဏော ယံ နဝါ။

အသရူပသရ နှောင်းရာ၌ က္လ-ဝဏ်ကို အချို့ ယ-ပြု။

* *အသရူပ၊ သရနှောင်းပြန်၊ ရှေ့ က္လဝဏ်၊ ရံဖန် ယ-အပြု။*

ဝုတျဿ=ဝုတ္တိ+အဿ၊ ဗျူဠန္နံ=ဝိ+အူဠန္နံ၊ ဗျာကတော= ဝိ+အာကတော။

၂၂။ ဝေါဒိဿ ရိ ပုဗ္ဗော စ ရဿော။

ဧဝ-သဒ္ဒါ၏ အစ ဧ-ကို ရိ-ပြု၍ ရှေ့သရကိုလည်း ရဿ-ပြု။

* *ယထာ, တထာ၊ နှစ်ဖြာနောက်နေ၊ ဧဝ-ဧ-မှာ၊ ရိ-ပြုရာ၊ ရှေ့ အာ-ရဿပြု။*

ယထရိဝ=ယထာ+ဧဝ၊ တထရိဝ=တထာ+ဧဝ။

ရုပ်တွက်-

ပဏိဓာနံ-ကို ပနိဓာနံ-ဟု ပုဒ်ဖြတ်၊ ဒေါဃဿ စ-၌ စ-ဖြင့် န-ကို ဏ-ပြု၊ ပဏိဓာနံ-ပြီး၏။

ဩဏတော-ကို အဝနတော-ဟု ပုဒ်ဖြတ်၊ ဩ အဝဿ-ဖြင့် အဝ-ကို ဩ-ပြု၊ ဒေါဃဿ စ-၌ စ-ဖြင့် န-ကို ဏ-ပြု၊ ဩဏတော-ပြီး၏။

ဝုတျဿ-ကို ဝုတ္တိ+အဿ-ဟု ပုဒ်ဖြတ်၊ တ္တိ-ခွင်း, က္လ-ကြွင်း၊ က္လဝဏ္ဏော ယံ နဝါ-ဖြင့် က္လ-ကို ယ်-ပြု၊ ယ်-အ-သို့ကပ်၊ တ္တ်- ယ-သို့ကပ်၊ ဗျဉ္ဇနော စ ဝိသညောဂေါ-၌ စ-ဖြင့် ဗျည်း သုံးလုံးတို့တွင် သဘောတူ အစဗျည်း တစ်လုံးကိုချေ။

ဗျူဠန္နံ, ဗျာကတော-ကို ဝိ+အူဠန္နံ, ဝိ+အာကတော-ဟု ပုဒ်ဖြတ်၊ ဝ်-ခွင်း, က္လ-ကြွင်း၊ က္လဝဏ္ဏော ယံ နဝါ-ဖြင့် က္လ-ကို ယ်-ပြု၊ ယ်, အ-သို့, အာ-သို့ ကပ်၊ ဝ်, ယ-သို့, ယာ-သို့ ကပ်၊ ဒေါဃဿ စ-၌ စ-ဖြင့် ဝ-ကို ဗ-ပြု။

ယထရိဝ, တထရိဝ-ကို ယထာ+ဧဝ, တထာ+ဧဝ-ဟု ပုဒ်ဖြတ်၊ ထ်-ခွင်း အာ-ကြွင်း၊ ဝေါဒိဿ ရိ ပုဗ္ဗော စ ရဿော-ဖြင့် ဧဝ-၏ အစ ဧ-ကို ရိ-ပြု၍ ရှေ့အာ-ကိုလည်း ရဿပြု၊ ထ်, အ-သို့ကပ်။

http://www.dhammadownload.com

၅၈။ ဣဝဏ္ဏုဝဏ္ဏာ ဈလာ။

ဣတ္ထိလိင် ဣ, ဤ, ဉ, ဦ–တို့ကို ပ–အမည်မှည့်၊ ဣတ္ထိလိင် မဟုတ်သော ဣ, ဤ–ကို ဈ– အမည်မှည့်၊ ဉ, ဦ–တို့ကို လ–အမည်မှည့်။

* *ဣ, ဤ, ဉ,ဦ၊ ဣတ္ထိယူက၊ ပ–မည်ကြ၊ ဈ, လ–မည်ထုတ် ထိ မဟုတ်။*

၇၀။ ဈလာနမိယုဝါ သရေ ဝါ။

နောက်သရကြောင့် ဈ, လတို့ကို အစဉ်အတိုင်း အချို့ ဣယ်, ဉဝ်–ပြု။

* *သရနှောင်း ဈ၊ ပြု ဣယ၊ ဉဝ လ–ကိုထား။*

တိယန္တံ=တိ + အန္တံ၊ ပစ္စိယာဂါရေ= ပစ္စိ+အာဂါရေ၊ ပဉ္စမိယန္တံ= ပဉ္စမီ+အန္တံ၊ ကိယာဒိတော= ကိ + အာဒိတော၊ ဘိက္ခုဝါသနေ= ဘိက္ခု + အာသနေ၊ ဒုဝင်္ဂိကံ= ဒု+အင်္ဂိကံ။

၄၂။ ဂေါ သရေ ပုထဿာဂမော ကွစိ။

နောက်သရကြောင့် ပုထ–အဆုံး၌ အချို့ ဂ–လာ။

* *သရနှောင်းက၊ ပါ, ပုထနောက်၊ ဂ–လာရောက်၊ မဖောက် ပါ–ရသ။*

ပုထဂေဝ=ပုထ + ဧဝ။

ရုပ်တွက်–

တိယန္တံ–ကို တိ+အန္တံ–ဟု ပုဒ်ဖြတ်၊ တ်–ခွင်း, ဣ–ကြွင်း၊ ဣဝဏ္ဏုဝဏ္ဏာ ဈလာ–ဖြင့် ဣ–ကို ဈ– အမည်မှည့်၊ ဈလာန မိယုဝါ သရေ ဝါ–ဖြင့် ဈ–မည်သော ဣ–ကို ဣယ်–ပြု၊ တ်, ဣ–သို့ ကပ်၊ ယ်, အ– သို့ကပ်၊ တိယန္တံ–ပြီး၏။

(ပဉ္စမိယန္တံ, ကိယာဒိတော–တို့၌ ဈ–မည်သော ဤ–ကို ဣယ်–ပြု၊ ဘိက္ခုဝါသနေ, ဒုဝင်္ဂိကံ–တို့၌ လ– မည်သော ဉ–ကို ဉဝ်–ပြု)

ပုထဂေဝ–ကို ပုထ+ဧဝ–ဟု ပုဒ်ဖြတ်၊ ဂေါ သရေ ပုထဿာဂမော ကွစိ–ဖြင့် ဂ်–လာ၊ ဂ်, ဧ–သို့ကပ်။

http://www.dhammadownload.com

၄၃။ ပါဩစန္တော ရဩော။

နောက်သရကြောင့် ပါ–နိပါတ်ပုဒ်၏ အဆုံး၌ ဂ်–လာ၍ ပါ၏အဆုံး အာ–ကိုလည်း အ–ရဩပြု။

ပဂေဝ=ပါ + ဧဝ။

၃၅။ ယဝမဒနတရလာစာဂမာ။

နောက်သရကြောင့် အချို့အရာ၌ ယ, ဝ, မ, ဒ, န, တ, ရ, လ အက္ခရာတို့ လာ။

**   သရနောင်းက၊ ယ, ဝ, မနှင့်၊ ဒ, န, တ, ရ၊ လနှင့် ဂ၊ လာရ ဗျည်းသက်သက်။*

နယိမဿ=န+ဣမဿ၊ ဝုဒိက္ခတိ=ဉဒိက္ခတိ၊ လဟုမေဿတိ= လဟု+ ဧဿတိ၊ သမ္မဒညာ=သမ္မာ+အညာ၊(ရဿပြု) ဣတော နာယတိ=ဣတော+အာယတိ၊ အစ္စတဂ္ဂေ=အစ္စ+ အဂ္ဂေ၊ သဗ္ဘိရေဝ=သဗ္ဘိ+ဧဝ၊ ဆဠဘိညာ= ဆ+အဘိညာ၊ (လ–ငယ် ဠ–ကြီး ဗထူး၍ ဠ–လာ)

စသဒ္ဒါဖြင့် မ–ကို ပ–ပြု၊ က–ကို ဒ–ပြု၊ ဒ–ကို တ–ပြု၊ အချို့အရာ၌ ဂ်–လာ။

** ယ,ဝ,မ,ဒ၊ သုတ်၌ စ–ဖြင့်၊ မ–ကိုပ–ပြု၊ က–ဒ–ပြု၊ တ–ပြု ဒ–ကိုသာ။*

စိရပ္ပဝါသိံ = စိရံ+ပဝါသိံ၊ သဒတ္ထပသုတော=သကတ္ထပသုတော၊ သုဂတော=သုဂဒေါ၊ အတိပ္ပဂေါခေါ= အတိပ္ပ+ခေါ။

သရသန္ဓိပြီး၏။

ရှုပ်တွက်–

ပဂေဝ–ကို ပါ+ဧဝ–ဟု ပုဒ်ဖြတ်၊ ပ်–ခွဲ၊ အာ–ကြွင်း၊ ပါဩ စန္တော ရဩော–ဖြင့် ပါ–နောင် ဂ်–လာ၍ အာ–ကိုလည်း ရဿပြု။

နယိမဿ–ကို န+ဣမဿ–ဟု ပုဒ်ဖြတ်၊ ယဝမဒန–စသော သုတ်ဖြင့် ယ်–လာ၊ ယ်, ဣ–သို့ကပ်။

သမ္မဒညာ–ကို သမ္မာ+အညာ–ဟု ပုဒ်ဖြတ်၊ ယဝမဒန–စသော သုတ်ဖြင့် ဒ်–လာ၊ ဒ်, အ–သို့ကပ်၊ မ်–ခွဲ၊ အာ–ကြွင်း၊ ရဿံ–ဖြင့် ရဿပြု၊ မ်, အ–သို့ ကပ်။

ဆဠဘိညာ–ကို ဆ+အဘိညာ–ဟု ပုဒ်ဖြတ်၊ ယဝမဒန–စသော သုတ်ဖြင့် ဠ်–လာ၊ ဠ်, အ–သို့ကပ်။

စိရပ္ပဝါသိံ–ကို စိရံ+ပဝါသိံ–ဟု ပုဒ်ဖြတ်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ–ဖြင့် နိဂ္ဂဟိတ်ကို မ်–ပြု၊ ယဝမဒန–စသော သုတ်၌ စ–ဖြင့် မ–ကို ပ–ပြု။

သဒတ္ထပသုတော–ကို သကတ္ထပသုတော–ဟု ပုဒ်ဖြတ်၊ ယဝမဒန–စသော သုတ်ဖြင့် က–ကို ဒ–ပြု။

http://www.dhammadownload.com

ဗျဥ္ဇနသန္ဓိ

၂၅။ ဒီဃံ။

ဆန်းစောင့်သင့်ရာ, ရွတ်လွယ်ရာတို့၌ နောက်ဗျည်းကြောင့် ရှေ့ရဿ–ကို အချို့ ဒီဃပြု။

* *ဆန်းစောင့်သင့်ရာ၊ ရွတ်လွယ်ရာ၊ နှစ်ဖြာ ဒီဃ ဗျည်းနှောင်းက။*

မျာယံ=မေ+အယံ၊ တျာဟံ=တေ+အဟံ၊ ခန္တီပရမံ=ခန္တိ+ပရမံ။

၂၆။ ရဿံ။

ဆန်းစောင့်သင့်ရာ, အာဂုံနှောင်းရာ, သံယုဂ်နှောင်းရာတို့၌ နောက်ဗျည်းကြောင့် ရှေ့သရကို အချို့ ရဿပြု။

* *ဆန်းစောင့်, အာဂုံ၊ နှောင်းတုံ သံယုဂ်၊ ရဿ ထုတ်၊ အချုပ် ဗျည်းနှောင်းရာ။*

ဘောဝါဒိနာမ သော=ဘောဝါဒီ+နာမ သော၊ ယထယိဒံ=ယထာ+က္လဒံ၊ ပရက္ကမော=ပရာ+ကမော။

ရုပ်တွက်–

မျာယံ–ကို မေ+အယံ–ဟု ပုဒ်ဖြတ်၊ ယမေဒန္တဿာဒေသော–ဖြင့် ဧ–ကို ယ်–ပြု၊ ဒီဃံ–ဖြင့် အ–ကို အာ–ဒီဃပြု၊ ယ်, အာ–သို့ကပ်၊ မ်, ယာ–သို့ ကပ်။

ဘောဝါဒိနာမ သောကို ဘောဝါဒီ+နာမ သော–ဟု ပုဒ်ဖြတ်၊ ဒ်–ခွင်း, ဤ–ကြွင်း၊ ရဿံ–ဖြင့် ဤ–ကို ဣ–ရဿပြု၊ ဒ်, ဣ–သို့ ကပ်။

ယထယိဒံ–ကို ယထာ+က္လဒံ–ဟု ပုဒ်ဖြတ်၊ ယဝမဒန–စသော သုတ်ဖြင့် ယ်–လာ၊ ယ်, ဣ–သို့ ကပ်၊ ထ်–ခွင်း, အာ–ကြွင်း၊ ရဿံ–ဖြင့် ရဿပြု၊ ထ်, အ–သို့ ကပ်။

ပရက္ကမော–ကို ပရာ+ကမော–ဟု ပုဒ်ဖြတ်၊ ပရ ဒွေဘာဝေါ ဌာနေ–ဖြင့် က်–၏ သဒိသဒွေဘော် က်–လာ၊ ရ်–ခွင်း အာ–ကြွင်း၊ ရဿံ–ဖြင့် အာ–ကို အ–ရဿပြု၊ ရ်, အ–သို့ ကပ်။

http://www.dhammadownload.com

၂၇။ လောပဥ္စ တတြာကာရော။

နောက်ဗျည်းကြောင့် အချို့အရာ၌ သော နှင့် ဧသော–၏ အဆုံး ဩ–ကို ချေ၍ ထိုကျေရာ၌ အ–လာ။ ဧသဓမ္မော=ဧသော+ဓမ္မော၊ သမုနိ=သော+မုနိ။

* *သောနှင့် ဧသော၊ အဆုံးဩမှာ၊ ဗျည်းနှောင်းရာ၊ ချေကာ အ–လည်းလာ။*

စသဒ္ဒါဖြင့် သရနှောင်းရာ၌လည်း ရှေ့သရကိုချေ၍ ထိုကျေရာ၌ အ–လာ။

ဧသ အတ္ထော=ဧသော+အတ္ထော။

၂၈။ ယဝတံ တလနဒကာရာနံ ဗျဥ္ဇနာနိ စလဉ ဇကာရတ္တံ။

ယ အက္ခရာရှိကုန်သော တ, လ, န, ဒ–ဗျည်းတို့ကို အစဉ်အတိုင်း စ, လ, ဉ , ဇ–ပြု။

* *တ လ န ဒ၊ ယ–ယှဉ်က၊ စ လ, ဉ ဇ–ပြု။*

ကာရ–သဒ္ဒါပိုဖြင့် ယ–နှင့်ယှဉ်သည့် သ, ထ, ဓ, ဏ–တို့ကို အစဉ်အတိုင်း သ, ဆ, ဈ, ဉ –ပြု၊ က, စ, ဋ, ပ–ဝဂ်တို့ကို ထပ်တူ က–ဝဂ်, စ–ဝဂ်, ဋ–ဝဂ်, ပ–ဝဂ်ပြု။

* *ယဝတံ–မှ၊ ပို ကာရ–ဖြင့်၊ ယ–နှင့်ယှဉ်ကြ၊ သ, ထ, ဓ, ဏာ၊ စဉ်တိုင်းသာလျှင်၊*
သ, ဆာ, ဈ, ဉ ၊ ပြုကုန်ရစေ၏၊ က, စ, ဋ, ပ၊ ဝဂ်လေးဝ၊ ပြုရ ထပ်တူသာ။

ဇစ္စန္ဓော=ဇာတိ+အန္ဓော၊ ဝိပလ္လာသော=ဝိပလိ+အာသော၊ အညာယော= အနိ+ အာယော၊ ယဇ္ဇေဝံ=ယဒိ+ဧဝံ။

ရုပ်တွက်–

ဧသဓမ္မော–ကို ဧသော+ဓမ္မော–ဟု ပုဒ်ဖြတ်၊ သ်–ခွင်း, ဩ–ကြွင်း၊ လောပဥ္စ တတြာကာရော–ဖြင့် ဩ–ကို ချေ၍ ထိုကျေရာ၌ အ–လာ၊ သ်, အ–သို့ ကပ်။

ဧသအတ္ထော–ကို ဧသော+အတ္ထော–ဟု ပုဒ်ဖြတ်၊ သ်–ခွင်း, ဩ–ကြွင်း၊ လောပဥ္စ တတြာကာရော–သုတ်၌ စ–သဒ္ဒါဖြင့် နောက် အ–သရကြောင့် ရှေ့ဩ–သရကို ချေ၍ ထိုကျေရာ၌ အ–လာ၊ သ်, အ–သို့ကပ်။

ဇစ္စန္ဓောကို ဇာတိ+အန္ဓော–ဟု ပုဒ်ဖြတ်၊ တ်–ခွင်း, ဣ–ကြွင်း၊ ဣဝဏ္ဏော ယံ နဝါ–ဖြင့် ဣ–ကို ယ–ပြု၊ တ်–ယ–သို့ ကပ်၊ ယဝတံ–စသော သုတ်ဖြင့် တျ–ကို စ–ပြု၊ စ– အ–သို့ ကပ်၊ စ–၏ သဒိသ ဒွေဘော် စ–လာ၊ ရဿ–ဖြင့် ရဿပြု။

ဝိပလ္လာသော–ကို ဝိပလိ+အာသော–ဟု ပုဒ်ဖြတ်၊ လ်–ခွင်း, ဣ–ကြွင်း၊ ဣဝဏ္ဏော ယံ နဝါ–ဖြင့် ဣ–ကို ယ–ပြု၊ ယဝတံ–စသော သုတ်ဖြင့် လျ–ကို လ–ပြု၊ လ– အာ–သို့ကပ်၊ လ–၏ သဒိသဒွေဘော် လ–လာ။

http://www.dhammadownload.com

၂၉။ ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမာ။

ဝဂ်၌ ဒုတိယက္ခရာ ရှိရာ၌ ပထမက္ခရာလာ၊ စတုတ္ထက္ခရာ ရှိရာ၌ တတိယက္ခရာလာ။

ဆိုရိုး– ခ ၏ အသဒိသဒွေဘော် က–လာ၊ ဃ–၏ အသဒိသဒွေဘော် ဂ–လာ စသည်။

* *ဝဂ်တွင် ဒု, စ၊ ရှိလေက၊ ပ, တ စဉ်တိုင်းလာ။*

ရူပက္ခန္ဓော=ရူပ+ခန္ဓော၊ ပဂ္ဃရတိ=ပ+ဃရတိ၊ နိစ္ဆယော=နိ+စယော၊ ပထမဇ္ဈာနံ=ပထမ+ဈာနံ၊ ယတြဋ္ဌိတံ=ယတြ+ဌိတံ။

၄၈။ ကွစိ ပဋိ ပတိဿ။

ဗျည်းကြောင့်လည်းကောင်း, သရကြောင့်လည်းကောင်း ပတိ–ကို အချို့ ပဋိ–ပြု။

* *သရ, ဗျည်း၏၊ ရှေ့ပတိ၊ ပဋိ–အချို့ပြု။*

ပဋဂ္ဂိ=ပတိ+အဂ္ဂိ၊ ပဋိဟညတိ=ပတိ+ဟညတိ။

ရုပ်တွက်–

ရူပက္ခန္ဓော–ကို ရူပ+ခန္ဓော–ဟု ပုဒ်ဖြတ်၊ ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမာ–ဖြင့် ခ–၏ အသဒိသဒွေဘော် က်–လာ။ ပဂ္ဃရတိ–၌ ဃ–၏ အသဒိသဒွေဘော် ဂ်–လာ။

နိစ္ဆယော–ကို နိ+စယော–ဟု ပုဒ်ဖြတ်၊ ဒေါ ဓဿ စ–၌ စ–ဖြင့် စ–ကို ဆ–ပြု၊ ဝဂ္ဂေ–စသော သုတ်ဖြင့် ဆ–၏ အသဒိသဒွေဘော် စ်–လာ။

ပထမဇ္ဈာနံ–၌ ဈ–၏ အသဒိသဒွေဘော် ဇ်–လာ။

ယတြဋ္ဌိတံ–ကို ယတြ+ဌိတံဟု ပုဒ်ဖြတ်၊ ဝဂ္ဂေ စသောသုတ်ဖြင့် ဌ–၏ အသဒိသဒွေဘော် ဋ်–လာ။

ပဋဂ္ဂိ–ကို ပတိ+အဂ္ဂိ–ဟု ပုဒ်ဖြတ်၊ ကွစိ ပဋိ ပတိဿ–ဖြင့် အ သရကြောင့် ပတိ–ကို ပဋိ–ပြု၊ ဋိ–ခွင်း, ဣ–ကြွင်း၊ သရာ သရေ လောပံ–ဖြင့် ရှေ့ ဣ–သရကို ချေ၊ ဋ်, အ–သို့ ကပ်။

ပဋိဟညတိ–၌ ဟ ဗျည်းကြောင့် ပတိ–ကို ပဋိ–ပြု။

http://www.dhammadownload.com

၄၉။ ပုထဿ ဗျဥ္စနေ။

နောက်ဗျည်းကြောင့် ပုထ၏အဆုံး အ–ကို ဥ–ပြု။

အန္တသဒ္ဒါဖြင့် သရနှောင်းရာ၌ ပုထမဟုတ်သော သဒ္ဒါ၏ အဆုံးသရကိုလည်း ဥ–ပြု။

* *ဗျည်းနှောင်းလေက၊ ပုထ အ–ပေ၊ ဥ–ပြုလေ၍၊ တစ်ထွေ ပုထ၊ မဟုတ်ကလည်း၊၊ သရနှောင်းရာ၊ ဥ–ပြုပါ၊ ရုပ်မှာ မနုညံ။*

ပုထုဇ္ဇနော=ပုထ+ဇနော၊ ပုထုဘူတံ= ပုထ+ ဘူတံ၊ မနုညံ=မနော+အညံ။

၅၀။ ဩ အဝဿ။

နောက်ဗျည်းကြောင့် အဝ–ကို ဩ–ပြု။

* *ဗျည်းနှောင်း အဝ၊ ဩ–ပြုရ၊ မှတ်ကြ ချို့အရာ။*

ဩနဒ္ဓေါ=အဝ+နဒ္ဓေါ၊ ဩကာသော=အဝ+ကာသော။

၅၁။ တဗ္ဗိပရီတူပပဒေ ဗျဥ္စနေ စ။

နောက်ဗျည်းကြောင့် အဝ–ကို ဩ–၏ ဝိပရိတ် ဥ–ပြု။

* *ဗျည်းနှောင်း အဝ၊ ဥ–ပြုရ၊ ချို့မျှ ဩ၏ ဝိပရိတ်။*

စ–သဒ္ဒါ တားမြစ်ခြင်း နိဝတ္တာပနအဝဓာရဏအနက်။

ဥဂ္ဂတော=အဝ+ဂတော၊ ဥဂ္ဂစ္ဆတိ=အဝ+ဂစ္ဆတိ။

ရုပ်တွက်–

ပုထုဇ္ဇနော–ကို ပုထ+ဇနော–ဟု ပုဒ်ဖြတ်၊ ပုထဿ ဗျဥ္စနေ–ဖြင့် ပုထ–၏ အဆုံး အ–ကို ဥ–ပြု၊ ဇ–၏ သဒိသဒွေဘော် ဇ–လာ။

မနုညံ–ကို မနော+အညံ–ဟု ပုဒ်ဖြတ်၊ ပုထဿ ဗျဥ္စနေ–၌ အန္တ–သဒ္ဒါဖြင့် နောက်သရကြောင့် ဩ–ကို ဥ–ပြု၊ နောက်သရကို ချေ။

ဩနဒ္ဓေါ–ကို အဝ+နဒ္ဓေါ–ဟု ပုဒ်ဖြတ်၊ ဩ အဝဿ–ဖြင့် အဝ–ကို ဩ–ပြု။

ဥဂ္ဂတော–ကို အဝ+ဂတော–ဟု ပုဒ်ဖြတ်၊ တဗ္ဗိပရီတူပပဒေ ဗျဥ္စနေ စ–ဖြင့် အဝ–ကို ဩ–၏ ဝိပရိတ် ဥ–ပြု၊ ဂ–၏ သဒိသဒွေဘော် ဂ–လာ။

http://www.dhammadownload.com

၃၆။ ကွစိ သြ ဗျဥနေ။

နောက်ဗျည်းကြောင့် အတိပ္ပ နှင့် ပရ နောင် အချို့ သြ–လာ။

* *အတိပ္ပ နှင့်၊ ပရ–နောက်မှာ၊ ဗျည်းနောင်းရာ၊ သြလာ အချို့တွင်။*

အတိပ္ပဂေါခေါ= အတိပ္ပ+ခေါ၊ ပရောသတံ= ပရ+သတံ။

ဗျဥ္ဇနသန္ဓိ ပြီး၏။

ပကတိသန္ဓိ

သန္ဓိမပြုလိုရာတို့၌ နဂိုပကတိအတိုင်း ထားရသည်။

* *သန္ဓိ ထိုထို၊ မပြုလို၊ နဂို ပကတိ။*

၂၃။ သရာ ပကတိ ဗျဥနေ။

နောက်ဗျည်းကြောင့် ရှေ့သရကို ပကတိပြု။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ။ (ပ–ဗျည်းကြောင့် သြ–ကို သြ–ဟု ပကတိပြု)

၂၄။ သရေ ကွစိ။

နောက်သရကြောင့် ရှေ့သရကို အချို့ ပကတိပြု။

ကော ဣမံ။ (ဣ–သရကြောင့် သြ–ကို သြ–ဟု ပကတိပြု)

ပကတိသန္ဓိပြီး၏။

ရုပ်တွက်–

အတိပ္ပဂေါခေါ–ကို အတိပ္ပ+ခေါ–ဟု ပုဒ်ဖြတ်၊ ကွစိ သြ ဗျဥ္ဇနေ–ဖြင့် ခ–ဗျည်းကြောင့် သြ–လာ၊ ယဝမဒန–စသောသုတ်၌ စ–ဖြင့် ဂ်–လာ။

မနောပုဗ္ဗင်္ဂမာဓမ္မာ–ဟုတည်၊ သရာ ပကတိ ဗျဥ္ဇနေ–ဖြင့် ပ–ဗျည်းကြောင့် သြ–ကို သြ–ဟု ပကတိပြု။

ကော ဣမံ–တည်၊ သရေ ကွစိ–ဖြင့် ဣ–သရကြောင့် သြ–ကို သြ–ဟု ပကတိပြု။

မှတ်ချက်– ပကတိသန္ဓိရုပ်ကိုလည်း သင်စ ပုဂ္ဂိုလ်များအတွက် ချန်ထားသင့်သေးသည်။

http://www.dhammadownload.com

နိဂ္ဂဟီတသန္ဓိ

၃၁။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။

ဝဂ်ဗျည်းကြောင့် နိဂ္ဂဟိတ်ကို နှောင်းသည့်ဝဂ်၏ဝဂ္ဂန္တ-အချို့ ပြု။

*   *ဝဂ်ဗျည်းနှောင်းဘိ၊ နိဂ္ဂဟိ၊ နှောင်းသည့် ဝဂ္ဂန္တ။*

ဝဂ္ဂန္တ-ဟူသည် က-ဝဂ်, စ-ဝဂ်, ဋ-ဝဂ်, တ-ဝဂ်, ပ-ဝဂ်တို့၏ အဆုံး င, ဉ, ဏ, န, မ-တို့တည်း။

တဏှင်္ကရော=တဏှံ+ကရော၊ ရဏဉ္ဇဟော=ရဏံ+ ဇဟော၊ သဏ္ဌိတော=သံ+ဌိတော၊ ဇုတိန္ဓရော=ဇုတိံ +ဓရော၊ သမ္ဘတော=သံ+ ဘတော။

ဝါသဒ္ဒါဖြင့် နိဂ္ဂဟိတ်ကို လ-ပြု၊ သလ္လေခေါ=သံ+လေခေါ၊ (နိဂ္ဂဟိတ်ကို လ-ပြု) ပုလ္လိင်္ဂ=ပုံ+လိင်္ဂ။

*   *ဝဂ္ဂန္တံ ဝါ၊ ဝါ-သဒ္ဒါ၊ ချို့မှာ လ-ပြု နိဂ္ဂဟိတ်မူ။*

၃၂။ ဧဟေ ဉံ။

ဧ အက္ခရာ, ဟ အက္ခရာကြောင့် နိဂ္ဂဟိတ်ကို အချို့ ဉ-ပြု။

*   *ဧဝ နှင့် ဟိ၊ နိပါတ်ခွဲမှု၊ ဧ နှင့် ဟ-ကြောင့်၊ ရှေ့မှ နိဂ္ဂဟိ၊ ဉ -ပြုဘိ၊ မှတ်သိ ချို့အရာ။*

တဉ္ဉေဝ=တံ+ဧဝ၊ ဧဝဉ္ဟိ=ဧဝံ+ဟိ။

ရုပ်တွက်-

တဏှင်္ကရော-ကို တဏှံ+ကရော-ဟု ပုဒ်ဖြတ်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ-ဖြင့် နိဂ္ဂဟိတ်ကို ကဝဂ္ဂန္တ င်-ပြု၊ င်, က-သို့ကပ်။

ရဏဉ္ဇဟော-၌ စဝဂ္ဂန္တ ဉ်-ပြု။ သဏ္ဌိတော-၌ ဋဝဂ္ဂန္တ ဏ်-ပြု။ ဇုတိန္ဓရော-၌ တဝဂ္ဂန္တ န်-ပြု။ သမ္ဘတော-၌ ပဝဂ္ဂန္တ မ်-ပြု။ ပုလ္လိင်္ဂ -၌ ပုံ+လိင်္ဂ -ဟု ပုဒ်ဖြတ်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ-၌ ဝါ-ဖြင့် နိဂ္ဂဟိတ်ကို လ်-ပြု၊ လ်, လိ-သို့ ကပ်။

တဉ္ဉေဝ-ကို တံ+ဧဝ-ဟု ပုဒ်ဖြတ်၊ ဧဟေ ဉံ-ဖြင့် ဉ်-ပြု၊ ဉ်, ဧ-သို့ ကပ်၊ ဉ-၏ သဒိသဒွေဘော် ဉ-လာ။

http://www.dhammadownload.com

၃၃။ သ ယေ စ။

သဗ္ဗနာမ် ယ–နောင်းသော နိဂ္ဂဟိတ်နှင့် သံ–၌ရှိသော နိဂ္ဂဟိတ်ကို နိမိတ် ယ–နှင့်တကွ အချို့ ဉ – ပြု။

* *သဗ္ဗနာမ် ယ၊ နောင်းထ ဗိန္ဒု၊ သံ–ဗိန္ဒုသာ၊ နောင်း ယ–ပါ၊ ရံခါ ဉ –အပြု။*

သညောဂေါ=သံ+ယောဂေါ၊ သညောဇနံ= သံ+ယောဇနံ။

၃၅။ မဒါ သရေ။

နောက်သရကြောင့် ယ, တ, ဧတ–သဒ္ဒါနောက်၌ရှိသော နိဂ္ဂဟိတ်ကို အချို့ မ–ပြု, ဒ–ပြု။

တမဟံ=တံ+အဟံ၊ ဧတဒဝေါစ=ဧတံ+အဝေါစ။

မဒါဟူသော ယောဂဝိဘာဂဖြင့် ဗျည်းနောင်းရာ၌လည်း နိဂ္ဂဟိတ်ကို မ, ဒ–ပြု၊ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ= ဗုဒ္ဓံ+သရဏံ+ဂစ္ဆာမိ၊ တဒ္ဓိတံ= တံ+ဟိတံ။

သရေ–ဟူသော ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို ယ်–ပြု၊ တယိဒံ=တံ+ဣဒံ။

* *ယ, တ, ဧတ၊ သဒ္ဒနောက်ရှိ၊ နိဂ္ဂဟိကို၊ ပြုဘိ မ,ဒ၊ တစ်ချို့ ယ၊ နောင်းထ သရ, ဗျည်း။*

ရုပ်တွက်–

သညောဂေါ–ကို သံ+ယောဂေါ–ဟု ပုဒ်ဖြတ်၊ သ ယေ စ–ဖြင့် နိဂ္ဂဟိတ်ကို ယ–နှင့်တကွ ဉ်–ပြု၊ သဒိသဒွေဘော် ဉ –လာ။

တမဟံ–ကို တံ+အဟံ–ဟု ပုဒ်ဖြတ်၊ မဒါ သရေ–ဖြင့် နိဂ္ဂဟိတ်ကို မ်–ပြု၊ မ်, အ–သို့ကပ်။

ဧတဒဝေါစ–ကို ဧတံ+အဝေါစ–ဟု ပုဒ်ဖြတ်၊ မဒါ သရေ–ဖြင့် နိဂ္ဂဟိတ်ကို ဒ်–ပြု၊ ဒ်, အ–သို့ကပ်။

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ–ကို ဗုဒ္ဓံ+သရဏံ+ဂစ္ဆာမိ–ဟု ပုဒ်ဖြတ်၊ မဒါ–ဟူသော ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို မ်–ပြု။

တဒ္ဓိတံ–ကို တံ+ဟိတံ–ဟု ပုဒ်ဖြတ်၊ မဒါ–ဟူသော ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို ဒ်–ပြု၊ ဒေါ ဓဿ စ–၌ စ–ဖြင့် ဟ ကို ဓ–ပြု၊ ဒ်, ဓိ–သို့ ကပ်။

တယိဒံ–ကို တံ+ဣဒံ–ဟု ပုဒ်ဖြတ်၊ သရေ–ဟူသော ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို ယ်–ပြု၊ ယ်, ဣ–သို့ ကပ်။

http://www.dhammadownload.com

၃၈။ ကွစိ လောပံ။

ဆန်းစောင့်သင့်သောအရာ, ရွတ်ဆိုလွယ်ဖို့အရာ နှစ်မျိုး၌ နောက်သရကြောင့် နိဂ္ဂဟိတ်ကို အချို့ချေ။

*   *ဗျည်း နှင့်သရ၊ နှောင်းထဝိန္ဒု၊ ချေရမှု၊ နှစ်ခု ဆန်းစောင့်, ရွတ်လွယ်ကျိုး။*

တာသာဟံ=တာသံ+အဟံ၊ ဝိဒူနဂ္ဂမိတိ=ဝိဒူနံ+အဂ္ဂံ+ဣတိ။

၃၉။ ဗျဥ္ဇနေ စ။

နောက်ဗျည်းကြောင့် နိဂ္ဂဟိတ်ကို အချို့ချေ။

အရိယသစ္စာနဒဿနံ=အရိယသစ္စာနံ+ဒဿနံ၊ ဂန္တုကာမော=ဂန္တုံ+ကာမော။

၄၀။ ပရော ဝါ သရော။

နိဂ္ဂဟိတ်မှနောက်ဖြစ်သော သရကို အချို့ချေ။

*   *နိဂ္ဂဟိတ်မှ၊ နောက်ရှိကြသည့်၊ ဣဝ, ဣတိ၊ ဣဒါနိ နှင့်၊ အပိ, ဧဝ၊ အသိ စသား၊ သရများ၊ ကျေကြေးချို့အရာ။*

ဝဝတ္ထိတဝိဘာသာ ဝါသဒ္ဒါကြောင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော ဣဝ, ဣတိ, ဣဒါနိ, အပိ, ဧဝ, အသိ–စသည်တို့၌ ပါသည့် ဣ, အ, ဧ–သရတို့ကိုသာ ချေရသည်။

အဘိနန္ဒုန္တိ=အဘိနန္ဒုံ+ဣတိ၊ တွံသိ=တွံ+အသိ။

ရုပ်တွက်–

တာသာဟံ–ကို တာသံ+အဟံ–ဟု ပုဒ်ဖြတ်၊ ကွစိ လောပံ–ဖြင့် နောက်သရကြောင့် နိဂ္ဂဟိတ်ကို ချေ၊ သ–ခွင်း, ချေ၊ ဒုတိယပိုင်း ဒီဃံ–ဖြင့် ဒီဃပြု၊ ကပ်။

ဝိဒူနဂ္ဂမိတိ–ကို ဝိဒူနံ+အဂ္ဂံ+ဣတိ–ဟု ပုဒ်ဖြတ်၊ ကွစိ လောပံ–ဖြင့် န–အထက်ရှိ နိဂ္ဂဟိတ်ကိုချေ၊ န်–ခွင်း, ချေ, ကပ်၊ မဒါ သရေ–ဖြင့် ဂ္ဂ–အထက်ရှိ နိဂ္ဂဟိတ်ကို မ်–ပြု၊ မ်–ဣ–သို့ကပ်။

အရိယသစ္စာနဒဿနံ–ကို အရိယသစ္စာနံ+ဒဿနံ–ဟု ပုဒ်ဖြတ်၊ ဗျဥ္ဇနေ စ–ဖြင့် နောက် ဒ–ဗျည်းကြောင့် ရှေ့နိဂ္ဂဟိတ်ကိုချေ။

ဂန္တုကာမော–၌ နောက် က–ဗျည်းကြောင့် န္တု–အထက်၌ရှိသော နိဂ္ဂဟိတ်ကို ချေ။

အဘိနန္ဒုန္တိ–ကို အဘိနန္ဒုံ+ဣတိ–ဟု ပုဒ်ဖြတ်၊ ပရော ဝါ သရော–ဖြင့် နောက် ဣ–သရကို ချေ၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ–ဖြင့် နိဂ္ဂဟိတ်ကို တ–ဝဂ္ဂန္တ န်–ပြု၊ န်, တိ–သို့ ကပ်။

တွံသိ–၌ နိဂ္ဂဟိတ်မှ နောက် အ–သရကို ချေ။

http://www.dhammadownload.com

၄၁။ ဗျူဉနော စ ဝိသညောဂေါ။

နိဂ္ဂဟိတ်မှ နောက်သရကျေပြီးသော် သသညောဂဗျည်းကို ဝိသညောဂဗျည်းပြု။

*   *နိဂ္ဂဟိတ်မှ၊ နောက်သရကျေ၊ သံယုတ်ပေ၊ ပြုလေ ဝိသညောဂဗျည်း။*

သသညောဂ=သံယုဂ်ရှိ၊ ဝိသညောဂ=သံယုဂ်မဲ့။ သံယုဂ် ချေခြင်းကိုပင် ကတ္တာသုခဖြစ်စေရန် ဝိသညောဂဗျည်းပြုဟု ဆိုသည်။

ဧဝံသ တေ=ဧဝံ+အဿ တေ၊ ပုပ္ဖံသာ=ပုပ္ဖံ+အဿာ။

စသဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် သဘောတူ အစဗျည်းတစ်လုံးကို ချေ။

*   *သရ တစ်လုံး၊ ဗျည်းသုံးလုံးနေ၊ တစ်လုံးကျေ၊ မသွေ အတူ အစဗျည်း။*

အဂျာဂါရံ=အဂ္ဂိ+အာဂါရံ၊ ဝုတျဿ=ဝုတ္တိ+အဿ။

၃၇။ နိဂ္ဂဟီတဉ္စ။

ဗျည်းနှင့်သရနှောင်းရာ၌ ရှေ့၌ အချို့နိဂ္ဂဟိတ်လာ။

*   *ဗျည်း နှင့် သရ၊ နှောင်းတုံကမူ၊ ရဿနောက်မှာ၊ ရွတ်လွယ်ရာ၊ လာပါနိဂ္ဂဟိတ်။*

စက္ခုံ ဥဒပါဒိ=စက္ခု+ဥဒပါဒိ၊ အဝံသိရော=အဝ+သိရော။

စသဒ္ဒါဖြင့် ဝိ ကို အချို့ ပ–ပြု၊ ပစ္စေဿတိ=ဝိစ္စေဿတိ ။

ရုပ်တွက်–

ဧဝံသ တေ–ကို ဧဝံ+အဿ တေ–ဟု ပုဒ်ဖြတ်၊ ပရော ဝါ သရော–ဖြင့် နိဂ္ဂဟိတ်မှ နောက်သရကိုချေ၊ ဗျူဉနော စ ဝိသညောဂေါ–ဖြင့် သသညောဂ ဿ–ဗျည်းကို ဝိသညောဂ သ–ဗျည်းပြု။

ပုပ္ဖံသာ–ကို ပုပ္ဖံ+အဿာ–ဟု ပုဒ်ဖြတ်၊ ပရော ဝါ သရော–ဖြင့် နိဂ္ဂဟိတ်မှ နောက်သရကိုချေ၊ ဗျူဉနော စ ဝိသညောဂေါ–ဖြင့် သသညောဂ ဿ–ဗျည်းကို ဝိသညောဂ သ–ဗျည်းပြု။

အဂျာဂါရံ–ကို အဂ္ဂိ+အာဂါရံ–ဟု ပုဒ်ဖြတ်၊ ဂ္ဂိ–ခွင်း, ဣ–ကြွင်း၊ ဣဝဏ္ဏော ယံ နဝါ–ဖြင့် ဣ–ကို ယ်–ပြု၊ ယ– အာ–သို့ကပ်၊ ဂ္ဂ– ယာ–သို့ကပ်၊(အဂ္ဂျာဂါရံ) ဗျူဉနော စ ဝိသညောဂေါ–၌ စ–ဖြင့် ဗျည်းသုံးလုံးတို့တွင် သဘောတူအစဗျည်းတစ်လုံးကို ချေ။

စက္ခုံ ဥဒပါဒိ–ကို စက္ခု+ဥဒပါဒိ–ဟု ပုဒ်ဖြတ်၊ နိဂ္ဂဟီတဉ္စ–ဖြင့် နောက် ဥ–သရကြောင့် က္ခု–အထက်၌ နိဂ္ဂဟိတ်လာ။ အဝံသိရော–၌ သ–ဗျည်းကြောင့် ဝ–အထက်၌ နိဂ္ဂဟိတ်လာ။

http://www.dhammadownload.com

၃၀။ အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ။

ချေမှု, ပြုမှု–အစီရင်များ မလိုရာ၌ နောက် ဗျည်းကြောင့် နိဂ္ဂဟိတ်ကို အံ–ပြု။

* *ဗျည်းနှောင်း နိဂ္ဂဟိ၊ အံ ပြုဘိ၊ မှတ်သိ ချေ, ပြု မလိုရာ။*

(အံ–ဟုဆိုသော်လည်း အ–သည် ရွတ်ဆိုရုံသာ၊ နိဂ္ဂဟိတ်ကို နိဂ္ဂဟိတ် ထပ်ပြုခြင်းဖြစ်သည်) တစ်နည်း–အ–သရနှင့်တကွ အံ–ပြုလျှင် သရလောပေါ–စသောသုတ်ဖြင့် ရှေ့သရကိုချေ။

ဧဝံ ဝုတ္တေ၊ တံ သာဓု။

နိဂ္ဂဟီတသန္ဓိပြီး၏။

သုတ္တာတိဒေသ

၅၁။ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော။

မပြအပ်သေးသောရုပ်တို့ကိုလည်းဆိုခဲ့ပြီးသောသုတ်များဖြင့်ပင် စီရင်လေဟု ညွှန်ပြသည်။

ဒေါ ဓဿ စ–သုတ်၌ စသဒ္ဒါဖြင့် ရ–နှင့် ယ–ရှေ့နောက်ပြန်၊ ပယိရုပါသတိ= ပရိ+ ဥပါသတိ၊ပယိရုဒါဟာသိ= ပရိ+ဥဒါဟာသိ၊အယိရဿ=အရိယဿ၊ ဗဝှါဗာဓေ= ဗဟွာဗာဓေ၊ အနဘိနေယျ= န+အဘိနေယျ။

သရာ သရေ လောပံ–သုတ်၌ သရာ လောပ်–ဟူသောယောဂ ဝိဘာဂဖြင့် ဗျည်းနှောင်း ရာ၌လည်း သရကိုချေ၊ စေတျာနိ=စေတိယာနိ၊ နှာရု=နဟာရု။ (ဟ–ဗျည်းကြောင့် ရှေ့ အ–သရကို ချေ)

ရုပ်တွက်–

ဧဝံ ဝုတ္တေ–ကို ဧဝံ+ဝုတ္တေ–ဟုတည်၊ အံ ဗျဉ္ဇနေ နိဂ္ဂဟီတံ–ဖြင့် နိဂ္ဂဟိတ်ကို အံ–ပြု၊ (အံ–ပြုဟု ဆိုသော်လည်း အ–သည် ရွတ်ဆိုရုံသာ၊ နိဂ္ဂဟိတ်ကို နိဂ္ဂဟိတ် ပြုခြင်းဖြစ်သည်)

တစ်နည်း–အ–နှင့်တကွ အံ–ပြု၊ ဝ်–ခွင်း, အ–ကြွင်း၊ သရလောပေါ–စသောသုတ်ဖြင့် ရှေ့အ–သရကို ချေ၍ နောက် အံ–ကိုလည်း အံ–ဟု ပကတိပြု၊ ဝ်, အံ–သို့ ကပ်။

ပယိရုပါသတိ–ကို ပရိ+ဥပါသတိ–ဟု ပုဒ်ဖြတ်၊ ယဝမဒန–စသောသုတ်ဖြင့် ယ်–လာ၊ ယ်–ဥ–သို့ကပ်၊ ဒေါ ဓဿ စ–၌ စ–ဖြင့် ရ နှင့် ယ ရှေ့နောက်ပြန်၊ ပယိရုပါသတိ–ပြီး၏။

ဗဝှါဗာဓေ–၌ ဟ–နှင့် ဝ– ရှေ့နောက်ပြန်။

အနဘိနေယျ–၌ န–နှင့် အ– ရှေ့နောက်ပြန်။

စေတျာနိ–ကို စေတိယာနိ–တည်၊ တ်–ခွင်း, ဣ–ကြွင်း၊ သရာ သရေ လောပံ–သုတ်၌ သရာ လောပ်–ဟူသော ယောဂ ဝိဘာဂ ဖြင့် ယ–ဗျည်းကြောင့် ရှေ့ ဣ–သရကိုချေ၊ တ်, ယာ–သို့ကပ်။

http://www.dhammadownload.com

လောပံ-ဟူသော ယောဂဝိဘာဂဖြင့် တနည်း-တေသု ဝုဒ္ဓိ-စသောသုတ်ဖြင့် ဗျည်း, သရ, ပုဒ် တို့ကို ချေ၊ ပင္ငိသခ်ီ=ပင္ငိသခ်ီယ၊(ယကိုချေ) လိင်္ဂ = လီန အင်္ဂ ၊(န, အ-တို့ကိုချေ၊ ဤ-ကို ရဿပြု) ကာမေ=ကာမဘဝေ၊ (ဘဝ-ကိုချေ) ရူပေ=ရူပဘဝေ။

ဝါ ပရော အသရူပါ-သုတ်၌ ဝါ ပရော-ဟူသော ယောဂဝိဘာဂဖြင့် သရူပနောက် သရကို ချေ၊ ပပံ= ပ အာပံ၊ ပဒါတဝေ=ပ+အာဒါတဝေ။

ကွစာသဝဏ္ဏံ လုတ္တေ-သုတ်၌ လုတ္တေ-သဒ္ဒါဖြင့် နောက်သရချေပြီးသော် အသဝဏ်ပြု။ ဣလသေလယော=ဣလသိ+အာလယော၊ သောတ္ထိ=သု+အတ္ထိ။

ပရော ဝါ သရော-သုတ်ဖြင့် နောက်သရကိုချေ၊ **တတြာကာရော**-ဟူသော ယောဂ ဝိဘာဂဖြင့် အ,လာ၊ နိဂ္ဂဟိတ်ကို ဒ,ပြု၊ တဒမိနာပိ ဇာနာထ=တံ ဣမိနာပိ ဇာနာထ။

သန္ဓိပိုင်းပြီး၏။

ရုပ်တွက်-

ပင္ငိသခ်ီ-ကို ပင္ငိသခ်ီယ-တည်၊ တေသု ဝုဒ္ဓိ-စသော သုတ်ဖြင့် ယ-ကို ချေ။

လိင်္ဂ -ကို လီန+အင်္ဂ -ဟု ပုဒ်ဖြတ်၊ တေသု ဝုဒ္ဓိ-စသောသုတ်ဖြင့် န, အ-တို့ကို ချေ၍ ဤ-ကို ဣ-ရဿပြု။

ကာမေ-ကို ကာမဘဝေ-တည်၊ တေသု ဝုဒ္ဓိ-စသော သုတ်ဖြင့် ဘဝ-ပုဒ်ကို ချေ။

ပပံ-ကို ပ+အာပံ-ဟု ပုဒ်ဖြတ်၊ ဝါ ပရော အသရူပါ-၌ ဝါ ပရော-ဟူသော ယောဂဝိဘာဂဖြင့် နောက် အာ-သရကို ချေ။

ဣလသေလယော-ကို ဣလသိ+အာလယော-ဟု ပုဒ်ဖြတ်၊ သ်-ခွင်း, ဣ-ကြွင်း၊ ဝါ ပရော အသရူပါ-ဖြင့် နောက် အာ-သရကို ချေ၊ ကွစာသဝဏ္ဏံ လုတ္တေ-၌ လုတ္တေ-သဒ္ဒါဖြင့် ရှေ့ ဣ-သရကို ဧ-အသဝဏ်ပြု၊ သ်, ဧ-သို့ ကပ်။

သောတ္ထိ-ကို သု+အတ္ထိ-ဟု ပုဒ်ဖြတ်၊ သ်-ခွင်း ဥ-ကြွင်း၊ ဝါ ပရော အသရူပါ-ဖြင့် နောက် အ-သရကိုချေ၊ကွစာသဝဏ္ဏံ လုတ္တေ-၌ လုတ္တေ-သဒ္ဒါဖြင့် ရှေ့ ဥ-သရကို ဩ-အသဝဏ်ပြု၊ သ်, ဩ-သို့ ကပ်။

တဒမိနာပိ ဇာနာထ-ကို တံ ဣမိနာပိ ဇာနာထ-ဟု ပုဒ်ဖြတ်၊ ပရော ဝါ သရော-သုတ်ဖြင့် နောက် ဣ-သရကို ချေ၊ တတြာကာရော-ဟူသော ယောဂဝိဘာဂဖြင့် ထိုကျေရာ၌ အ,လာ၊ မဒါ သရေ-ဖြင့် နိဂ္ဂဟိတ်ကို ဒ်-ပြု၊ ဒ်, အ-သို့ ကပ်။

http://www.dhammadownload.com

နာမ်ဝိဘတ်သွယ်

	ဟူ၍အနက်ပေးသောကြောင့်	အနက်ကိုအလိုရှိရကား	ဟူသောသုတ်ဖြင့်	အနက်၌	ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
၁	အို /တို့အို	အာလုပ်	အာလပနေစ	အာလုပ်	ပဌမာ	သိ	ယော
၂	သည်/တို့သည်	လိင်	လိင်္ဂတ္တေပဌမာ	လိင်	။	။	။
၃	ကို/တို့ကို/သို့/တို့သို့	ကံ	ကမ္မတ္တေဒုတိယာ	ကံ	ဒုတိယာ	အံ	ယော
၄	ပတ်လုံး/တိုင်တိုင်	အစ္စန္တသံယောဂ	ကာလဒ္ဓါနမစ္စန္တသံယောဂေ	အစ္စန္တသံယောဂ	။	။	။
၅	ဖြင့် / တို့ဖြင့်	ကရိုဏ်း	ကရဏေတတိယာ	ကရိုဏ်း	တတိယာ	နာ	ဟိ
၆	နှင့် /တို့နှင့်	သဟာဒိယောဂ	သဟာဒိယောဂေစ	သဟာဒိယောဂ	။	။	။
၇	သည်/တို့သည်	ကတ္တား	ကတ္တရိ စ	ကတ္တား	။	။	။
၈	ကြောင့်/တို့ကြောင့်	ဟိတ်	ဟေတွတ္ထေစ	ဟိတ်	။	။	။
၉	လျှက်. စွာ. ၍. အကြောင်းမဲ့. အားဖြင့်. အထူးသဖြင့်	ဝိသေသန	ဝိသေသနေစ	ဝိသေသန	။	။	။
၁၀	အား/တို့အား၊ ငှာ/တို့ငှာ	သမ္ပဒါန်	သမ္ပဒါနေ စတုတ္ထီ	သမ္ပဒါန်	စတုတ္ထီ	သ	နံ
၁၁	မှ / တို့မှ	အပါဒါန်	အပါဒါနေ ပဉ္စမီ	အပါဒါန်	ပဉ္စမီ	သ္မာ	ဟိ
၁၂	အောက်/တို့အောက်၊ ထက်/တို့ထက်	ဝိဘတ္တအပါဒါန	။	။	။	။	။
၁၃	ကြောင့်/တို့ကြောင့်	ကာရဏ	ကာရဏတ္ထေ စ	ကာရဏ	။	။	။
၁၄	၏/တို့၏	သာမိ	သာမိသ္မိံ ဆဋ္ဌီ	သာမိ	ဆဋ္ဌီ	သ	နံ
၁၅	တွင် / တို့တွင်	နိဒ္ဓါရဏ	နိဒ္ဓါရဏေ စ	နိဒ္ဓါရဏ	။	။	။
၁၆	၌ / တို့၌	ဩကာသ	ဩကာသေ သတ္တမီ	ဩကာသ	သတ္တမီ	သ္မိံ	သု
၁၇	ကြောင့်/တို့ကြောင့်	နိမိတ်	ကမ္မကရဏ---သတ္တမီ	နိမိတ်	။	။	။
၁၈	တွင်/တို့တွင်	နိဒ္ဓါရဏ	နိဒ္ဓါရဏေ စ	နိဒ္ဓါရဏ	။	။	။
၁၉	သော်/လတ်သော်	လက္ခဏ	ကာလဘာဝေသု စ	လက္ခဏ	။	။	။

ဆိုရိုး–

အို, တို့အိုဟူ၍ အနက်ပေးသောကြောင့် အာလုပ်အနက်ကို အလိုရှိရကား အာလပနေစ ဟူသောသုတ်ဖြင့် အာလုပ်အနက်၌ ပဌမာ ဧကဝုစ် သိ–သက်၊ ဗဟုဝုစ် ယော–သက်။

http://www.dhammadownload.com

နာမ်ဝိဘတ်သွယ်အကျဉ်းနှင့် ပဒမာလာ

ဝိဘတ်					ပဒမာလာ	
စဉ်	အမည်	ဧကဝုစ်	ဗဟုဝုစ်	အနက်	ဧကဝုစ်	ဗဟုဝုစ်
၁	ပထမာ	သိ	ယော	သည်,ကား,က	ဗုဒ္ဓေါ	ဗုဒ္ဓါ
*	အာလုပ်	သိ	ယော	အို, ဟယ်	ဘော ဗုဒ္ဓ,ဗုဒ္ဓါ	ဘောန္တော ဗုဒ္ဓါ
၂	ဒုတိယာ	အံ	ယော	ကို, သို့	ဗုဒ္ဓံ	ဗုဒ္ဓေ
၃	တတိယာ	နာ	ဟိ	ဖြင့်,နှင့်,သည်,ကြောင့်	ဗုဒ္ဓေန	ဗုဒ္ဓေဟိ, ဘိ
၄	စတုတ္ထီ	သ	နံ	အား,ငှာ	ဗုဒ္ဓဿ	ဗုဒ္ဓါနံ
၅	ပဉ္စမီ	သ္မာ	ဟိ	မှ,ကြောင့်,အောက်,ထက်	ဗုဒ္ဓသ္မာ,မှာ,ဗုဒ္ဓါ	ဗုဒ္ဓေဟိ, ဘိ
၆	ဆဋ္ဌီ	သ	နံ	၏.တွင်,သည်.ကို	ဗုဒ္ဓဿ	ဗုဒ္ဓါနံ
၇	သတ္တမီ	သ္မိံ	သု	၌,တွင်,ကြောင့်,သော်	ဗုဒ္ဓသ္မိံ,မှိ,ဗုဒ္ဓေ	ဗုဒ္ဓေသု

* သည်, ကား, က ပထမာ ဝုတ္တာ၊ ကို, သို့စ ဒုတိယာမတာ။
ဖြင့်. နှင့်. သည်. ကြောင့် စ တတိယာ၊ အားငှာ စ စတုတ္ထီ မတာ။
မှ, ကြောင့်, အောက်, ထက် ပဉ္စမီ စေဝ၊ ၏, တွင်, သည်, ကို ဆဋ္ဌီ မတာ။
သတ္တမီမှာ ၌, တွင်, ကြောင့် စ၊ သော်, ထူးသမျှ အာလပနာ။ ။

* တို့, များ, ကုန်, ကြ၊ မပါက၊ မှတ်ကြ ဧကဝုစ်။
* တို့, များ, ကုန်, ကြ၊ ပါလေက၊ မှတ်ကြဗဟုဝုစ်။

ဗုဒ္ဓ= ဘုရား၊ ဓမ္မ= တရား၊ သံဃ= သံဃာ၊ ဒေဝ= နတ်၊ မနုဿ= လူ၊ ပုရိသ= ယောကျ်ား၊
သုနခ= ခွေး၊ သူကရ= ဝက်၊ ဗျဂ္ဃ= ကျား၊ အဿ= မြင်း၊ မိဂ= သမင်၊ အဇ္ဇ= ဝံ၊ မဟိံသ=ကျွဲ၊
ဝါနရ= မျောက်၊ သုဝ= ကြက်တူရွေး၊

http://www.dhammadownload.com

နာမ်ပိုင်း

အနက်သို့ ရှေးရှု ညွတ်တတ်သောကြောင့်လည်းကောင်း၊ မိမိသို့ အနက်တို့ကိုညွတ်စေတတ်သောကြောင့်လည်းကောင်း ဒြပ်ကိုဟောသောပုဒ်သည် နာမ်မည်သည်။

ထိုနာမ်သည်-အနွတ္ထနာမ်, ရုဠှီနာမ်အားဖြင့် ၂-ပါး၊ ပုလ္လိင်, နပုလ္လိင်, ဣတ္ထိလိင်အားဖြင့် ၃-ပါး၊ အဝဏ္ဏန္တ, ဣဝဏ္ဏန္တ, ဥဝဏ္ဏန္တ, သြကာရန္တ, နိဂ္ဂဟိတန္တ ဟူသော ပကတိ အပြားအားဖြင့် ၈-ပါး။

* *ညွတ်စေ, ညွတ်တတ်၊ နာမ်ဟုမှတ်၊ ဒြပ်ဟောသည့်ပုဒ်။*

* *ပုံ, နပုံ, ထီ၊ လိင်အမည်၊ သုံးလီ ခွဲ၍ထုတ်။*

* *အ, ဣ, ဥဝဏ်၊ သြကာရန်နှင့်၊ ဆုံးပြန် နိဂ္ဂဟိ၊ ပကတိ၊ ပြားဘိ ရှစ်တန်၊ လိင်ကာရန်။*

* *အ, ဣ, ဥဝဏ်၊ သြကာရန်၊ ကာရန် ခုနစ် ပုလ္လိင်ဖြစ်။*

အကာရန္တပုလ္လိင်

ထိုတွင်ရှေးဦးစွာ ပုလ္လိင်အကာရန္တ ပုရိသသဒ္ဒါနှောင် သိ-စသော ဝိဘတ်တို့သက်ပုံကိုပြပေအံ့။

၅၂။ ဇိနဝစနယုတ္တံဟိ။

၅၃။ လိင်္ဂဉ္စ နိပ္ပဇ္ဇတေ။

လိင်ကိုလည်းကောင်း, ဓာတ်ကိုလည်းကောင်း မြတ်စွာဘုရားပါဠိတော်အား လျောက်ပတ်စွာ အပြီးအစီး တည်ထားအပ်၏။

ပုရိသ-တည်၊ ပရသမညာပယောဂေ-ဖြင့် လိင် အမည်မှည့်။

၅၄။ တတော စ ဝိဘတ္တိယော။

လိင်နှောင် ဝိဘတ်သက်ရမည်ဟု ပရိဘာသာပြုသည်။

၅၅။ သိယော. အံယော. နာဟိ. သနံ. သ္မာဟိ. သနံ. သ္မိံ သု။

သိ, ယော, အံ, ယောစသော ၁၄-လုံးတို့သည် ဝိဘတ်မည်ကုန်၏၊ ထိုတွင် သိ, ယော သည် ပထမာဝိဘတ်၊ အံ, ယောသည် ဒုတိယာဝိဘတ်-စသည်ဖြင့်လည်းကောင်း၊ သိ-သည် ဧကဝုစ်၊ ယော- သည် ဗဟုဝုစ် စသည်ဖြင့်လည်းကောင်း သိလေ။

* *ပ, ဒု, တ, စတ်၊ မီ, ဆ, သတ်၊ ဝိဘတ် ခုနစ်သွယ်။*

http://www.dhammadownload.com

၂၈၄။ လိင်္ဂတ္ထေ ပဌမာ။

လိင်အနက်၌ ပထမာဝိဘတ်သက်။

(ပုရိသ + သိ)

၁၀၄။ သော။

ပုံလိင် အကာရန္တနောင်မှ သိဝိဘတ်ကို သြ–ပြု။

* *ပုံအ နောက်ကျော၊ သိ–ကို သြနှင့်၊ ပ–ယော,နိ–မှာ၊ အာပြုရာ၊ ဧ–မှာ ဒုယော, နိ။*

ပုံလိင်အကာရန္တနောင် သိ–ကို သြ ပြု၊ ပထမာယောနှင့် နိ–ကို အာ–ပြု၊ ဒုတိယာ ယောနှင့် နိ–ကို ဧ–ပြု။။

၈၃။ သရလောပေါ မာဒေသပစ္စယာဒိမှိ သရလောပေ တု ပကတိ။

အံ ဝိဘတ်, အာဒေသ, ပစ္စည်း, အာဂုံသရကြောင့် ရှေ့သရကိုချေ၍ နောက်သရကိုလည်း ပကတိပြု။

* *အံ, အာဒေသ၊ ပစ္စည်း စ–တို့၊ နောက်ကရှိနေ၊ သရကျေ၊ နောက်နေ ပကတိ။*

တဒနုပရောဓေန။

ပုရိသော တိဋ္ဌတိ။

ဗဟုဝုစ် ယော–သက်၊ (ပုရိသ+ ယော)

၁၀၇။ သဗ္ဗယောနီနမာဧ။

အကာရန္တနောင်မှ အလုံးစုံသော ပထမာယော, နိ–ကို အာ–ပြု၊ ဒုတိယာယော, နိ–ကို ဧ–ပြု။

ပုရိသာ တိဋ္ဌန္တိ။

ရုပ်တွက်–

ပုရိသော–ကို ပုရိသ–တည်၊ သိ–ဝိဘတ်သက်၊ သော–ဖြင့် သိ–ဝိဘတ်ကို သြ–ပြု၊ သ–ခွင်း, အ–ကြွင်း၊ သရလောပေါ–စသော သုတ်ဖြင့် ရှေ့ အ–သရကို ချေ၍ နောက် သြ–ကိုလည်း သြ–ဟု ပကတိပြု၊ သ်–သြ–သို့ကပ်၊ ပုရိသော– ပြီး၏။

ပုရိသာ–ကို ပုရိသ–တည်၊ ပထမာ ယော–ဝိဘတ်သက်၊ သဗ္ဗယောနီန မာဧ–ဖြင့် ပထမာ ယော–ဝိဘတ်ကို အာ–ပြု၊ သ–ခွင်း, အ–ကြွင်း၊ သရလောပေါ–စသောသုတ်ဖြင့် ရှေ့ အ–သရကို ချေ၍ နောက် အာ–ကိုလည်း အာ–ဟု ပကတိ ပြု၊ သ, အာ–သို့ ကပ်၊ ပုရိသာ–ပြီး၏။

http://www.dhammadownload.com

၂၈၅။ အာလပနေ စ။

အာလုပ်အနက်ပိုလွန်သော လိင်အနက်၌ ပဌမာဝိဘတ်သက်။
(ဘော ပုရိသ+ သိ)

၅၇။ အာလပနေ သိ ဂသညော။

အာလုပ်အနက်၌သက်သော သိ–ဝိဘတ်ကို ဂ–အမည်မှည့်။

* *အာလုပ်သိကို၊ ဂ–ခေါ်ဆို၊ သိဆို သူမပါ။*

၂၄၄။ အကာရပိတာဒျန္တာနမာ။

ဂ သိကြောင့် အ အက္ခရာနှင့် ပိတုစသောသဒ္ဒါတို့၏အဆုံး သရကို အာ–ပြု။

* *ဂသိ ရှေ့အ၊ ပိတု စ,၏၊ ဆုံးသရကို အာ–ပြုဆို၊ ချို့ကို ရဿပြု။*

၂၄၆။ အာကာရော ဝါ။

ဂ သိကြောင့် အချို့အာကို ရဿ–ပြု။

၂၂၀။ သေသတော လောပံ ဂသိပိ။

ဧ–ပြု,ဩ–ပြုစသော အစီအရင်အထူးမလိုလျှင် ဂသိနှင့်လိင်္ဂတ္ထသိ ၂–မျိုးလုံးကျေရသည်။
ဘော ပုရိသ တိဋ္ဌ၊ ပုရိသာ ဝါ၊ ဘဝန္တော ပုရိသာ တိဋ္ဌထ။ **(ဘဝန္တော ပုရိသာ–ပဌမာ ယောအတိုင်း ရုပ်တွက်)**

* *ဂ–မည်, မမည်၊ သိ–နှစ်လီ၊ ကျေပြီ မလိုရာ။*

ရုပ်တွက်–

မှတ်ချက်။ ။ ခွင်းမှု၊ ချေမှု, ပကတိပြုမှု, ကပ်မှု–တို့ကို ခွင်း, ချေ, ကပ်– ဟုသာ အကျဉ်းချုပ် ရေးတော့မည်။

ဘော ပုရိသ–ကို ပုရိသ–တည်၊ အာလုပ် သိ–ဝိဘတ်သက်၊ အာလပနေ သိ ဂသညော–ဖြင့် ဂ–အမည်မှည့်၊ သ–ခွင်း, အ–ကြွင်း၊ အကာရပိတာဒျန္တာနမာ–ဖြင့် ဂ–သိ ကြောင့် အ–ကို အာ–ပြု၊ အာကာရော ဝါ–ဖြင့် အာ–ကို အ–ရဿပြု၊ သ– အ–သို့ကပ်၊ သေသတော လောပံ ဂသိပိ–ဖြင့် ဂ–မည် သော သိ–ကိုချေ၊ ဘော ပုရိသ–ပြီး၏။

ဘော ပုရိသာ–ကို ပုရိသ–တည်၊ အာလုပ် သိ–ဝိဘတ်သက်၊ ဂ–အမည်မှည့်၊သ–ခွင်း၊ အ–ကြွင်း၊ အကာရပိတာဒျန္တာနမာ–ဖြင့် ဂ–သိ ကြောင့် အ–ကို အာ–ပြု၊ သ, အာ–သို့ကပ်၊ ဂ–မည်သော သိ–ကိုချေ၊ ဘော ပုရိသာ–ပြီး၏။

http://www.dhammadownload.com

၂၉၇။ ကမ္မတ္ထေ ဒုတိယာ။

ကံအနက်၌ ဒုတိယာဝိဘတ်သက်။

ပုရိသံ၊ ပုရိသေ။

၂၉၈။ ကရဏေ တတိယာ။

ကရိုဏ်းအနက်၌ တတိယာဝိဘတ်သက်။

၁၀၃။ အတော နေန။

ပုံလိင် အကာရန္တနောင် နာ–ကို နေ–ပြု။

** သ္မိံ, သ္မာ၊ နာ–သုံးဖြာဝိ၊ အ–နောင်ရှိ၊ ပြုဘိ ဧ, အာ, နေ–ပါ။*

အကာရန္တနောင် သ္မိံ–ကို ဧ–ပြု၊ သ္မာ–ကို အာ–ပြု၊ နာ–ကို နေ–ပြု။

ပုရိသေန။

၁၀၁။ သုဟိသွကာရော ဧ။

သု, ဟိ ဝိဘတ်တို့ကြောင့် ရှေ့အ–ကို ဧ–ပြု။

ပုရိသေဟိ။

ရုပ်တွက်–

ပုရိသံ–ကို ပုရိသ–တည်၊ အံ–ဝိဘတ်သက်၊ သ–ခွင်း၊ သရလောပေါ်–စသော သုတ် ဖြင့် ရှေ့ အ–သရကိုချေ၍ နောက် အံ–ကိုလည်း အံ–ဟု ပကတိပြု၊ ကပ်၊ ပုရိသံ–ပြီး၏။

ပုရိသေ–ကို ပုရိသ–တည်၊ ဒုတိယာ ယော–သက်၊ သဗ္ဗယောနီနမာဧ–ဖြင့် ဒုတိယာ ယော–ကို ဧ–ပြု၊ သ–ခွင်း, ချေ, ကပ်၊ ပုရိသေ–ပြီး၏။

ပုရိသေန–ကို ပုရိသ–တည်၊ နာ–သက်၊ အတော နေန–ဖြင့် နာ–ကို နေ–ပြု၊ သ–ခွင်း, ချေ, ကပ်၊ ပုရိသေန–ပြီး၏။

ပုရိသေဟိ–ကို ပုရိသ–တည်၊ ဟိ–သက်၊ သ–ခွင်း၊ အ–ကြွင်း၊ သုဟိသွကာရောဧ– ဖြင့် အ– ကို ဧ–ပြု၊ သ, ဧ–သို့ကပ်၊ ပုရိသေဟိ–ပြီး၏။

http://www.dhammadownload.com

၉၉။ သွာဟိသွိံ နံ မှာဘိမှိ ဝါ။

အချို့အရာ၌ သွာ–ကို မှာ–ပြု၊ ဟိ–ကို ဘိ–ပြု၊ သွိံ –ကို မှိ–ပြု။

* *သွာ, သွိံ, ဟိ၊ မှာ, မှိ, ဘိ နှင့်၊ သ–ဝိရှေ့မှာ၊ သ–လည်းလာ၊ အ–မှာ ဧ– ပြောင်း၊ သု, ဟိ–နှောင်း။*

ပုရိသေဘိ။

၂၉၃။ သမ္ပဒါနေ စတုတ္ထီ။

သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ်သက်။

၆၁။ သာဂမော သေ။

သ ဝိဘတ်ကြောင့် ရှေ့၌ သ်–လာ။

ပုရိသဿ။

၈၉။ သုနံဟိသု စ။

သု, နံ, ဟိ ဝိဘတ်တို့ကြောင့် ရှေ့ သရ–ကို အချို့ ဒီဃ–ပြု။

* *သု, နံ, ဟိ–မှ၊ ရှေ့သရ၊ ဒီဃ အချို့ပြု။*

ပုရိသာနံ။

၂၉၅။ အပါဒါနေ ပဉ္စမီ။

အပါဒါန်အနက်၌ ပဉ္စမီ ဝိဘတ်သက်။

ပုရိသသ္မာ၊ ပုရိသမှာ၊

ရုပ်တွက်–

ပုရိသေဘိ–ကို ပုရိသ–တည်၊ ဟိ–သက်၊ သ–ခွင်း, အ–ကြွင်း၊ သုဟိသွကာရောဧ– ဖြင့် အ–ကို ဧ–ပြု၊ သ, ဧ–သို့ကပ်၊ သွာဟိသွိံ နံ မှာဘိမှိ ဝါ–ဖြင့် ဟိ–ကို ဘိ–ပြု၊ ပုရိသေဘိ– ပြီး၏။

ပုရိသဿ–ကို ပုရိသ–တည်၊ သ–သက်၊ သာဂမော သေ–ဖြင့် သ–ကြောင့် ရှေ့၌ သ–လာ၊ သ, သ–သို့ ကပ်၊ ပုရိသဿ– ပြီး၏။

ပုရိသာနံ–ကို ပုရိသ–တည်၊ နံ–သက်၊ သ–ခွင်း, အ–ကြွင်း၊ သုနံဟိသု စ–ဖြင့် အ–ကို အာ– ဒီဃပြု၊ သ–အာ–သို့ကပ်၊ ပုရိသာနံ– ပြီး၏။

ပုရိသသ္မာ–ကို ပုရိသ–တည်၊ သ္မာ–သက်၊ ပုရိသသ္မာ–ပြီး၏။

ပုရိသမှာ–ကို ပုရိသ–တည်၊ သ္မာ–သက်၊ သွာဟိသွိံ နံ မှာဘိမှိ ဝါ–ဖြင့် သ္မာ–ကို မှာ–ပြု၊ ပုရိသမှာ– ပြီး၏။

http://www.dhammadownload.com

၁၀၈။ သ္မာသို့ နံ ဝါ။

အကာရန္တနောင်မှ အချို့အရာ၌ သ္မာ–ကို အာ–ပြု၊ သို့–ကို ဧ–ပြု။
ပုရိသာ။ ပုရိသေဟိ၊ ပုရိသေဘိ။ (တတိယာနှင့်တူ)

၃၀၁။ သာမိသို့ ဆဋ္ဌီ။

သာမိအနက်၌ ဆဋ္ဌီ ဝိဘတ်သက်။
ပုရိသဿ၊ ပုရိသာနံ။ (စတုတ္ထီနှင့်တူ)

၃၀၂။ ဩကာသေ သတ္တမီ။

ဩကာသအနက်၌ သတ္တမီ ဝိဘတ်သက်။
ပုရိသသ္မိံ၊ ပုရိသမှိ၊ ပုရိသေ၊ ပုရိသေသု။

ဧဝံ ဗုဒ္ဓေါ ဓမ္မော သံဃော၊ ဒေဝေါ ယက္ခော နရော သုရော။
မာတုဂါမော ဂါမော ရုက္ခော၊ ဂန္ဓဗ္ဗကိန္နရာဒယော။

ပုရိသာဒိဂိုဏ်းပြီး၏။

ရုပ်တွက်–

ပုရိသာ–ကို ပုရိသ–တည်၊ သ္မာ–သက်၊ သ္မာသို့နံ ဝါ–ဖြင့် သ္မာ–ကို အာ–ပြု၊ သ–ခွင်း, ချေ, ကပ်၊ ပုရိသာ–ပြီး၏။

ပုရိသမှိ–ကို ပုရိသ–တည်၊ သ္မိံ–သက်၊ သ္မာဟိသ္မိံနံ မှာဘိမှိ ဝါ–ဖြင့် သ္မိံ–ကို မှိ–ပြု၊ ပုရိသမှိ–ပြီး၏။

ပုရိသေ–ကို ပုရိသ–တည်၊ သ္မိံ–သက်၊ သ္မာသို့နံ ဝါ–ဖြင့် သ္မိံ–ကို ဧ–ပြု၊ သ–ခွင်း, ချေ, ကပ်၊ ပုရိသေ–ပြီး၏။

ပုရိသေသု–ကို ပုရိသ–တည်၊ သု–သက်၊ သ–ခွင်း, အ–ကြွင်း၊ သုဟိသွကာရော ဧ–ဖြင့် အ–ကို ဧ–ပြု၊ သ, ဧ– သို့ကပ်၊ ပုရိသေသု–ပြီး၏။

http://www.dhammadownload.com

ပုရိသာဒိဂိုဏ်းအပြည့်အစုံ

ပဌမာလာ

အမည်	ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
ပဌမာ	သိ ယော	ပုရိသော၊	ပုရိသာ။
အာလုပ်	သိ ယော	ဘောပုရိသ, ပုရိသာ၊	ဘောန္တော ပုရိသာ။
ဒုတိယာ	အံ ယော	ပုရိသံ၊	ပုရိသေ။
တတိယာ	နာ ဟိ	ပုရိသေန၊	ပုရိသေဟိ, ပုရိသေဘိ။
စတုတ္ထီ	သ နံ	ပုရိသဿ၊	ပုရိသာနံ။
ပဉ္စမီ	သ္မာ ဟိ	ပုရိသသ္မာ, ပုရိသမှာ, ပုရိသာ၊	ပုရိသေဟိ, ပုရိသေဘိ။
ဆဋ္ဌီ	သ နံ	ပုရိသဿ၊	ပုရိသာနံ။
သတ္တမီ	သ္မိံ သု	ပုရိသသ္မိံ, ပုရိသမှိ, ပုရိသေ၊	ပုရိသေသု။

ပ	ဗုဒ္ဓေါ၊	ဗုဒ္ဓါ။
အာ	ဘော ဗုဒ္ဓ, ဗုဒ္ဓါ၊	ဘောန္တော ဗုဒ္ဓါ။
ဒု	ဗုဒ္ဓံ၊	ဗုဒ္ဓေ။
တ	ဗုဒ္ဓေန၊	ဗုဒ္ဓေဟိ, ဗုဒ္ဓေဘိ။
စ	ဗုဒ္ဓဿ၊	ဗုဒ္ဓါနံ။
ပ	ဗုဒ္ဓသ္မာ, ဗုဒ္ဓမှာ, ဗုဒ္ဓါ၊	ဗုဒ္ဓေဟိ, ဗုဒ္ဓေဘိ။
ဆ	ဗုဒ္ဓဿ၊	ဗုဒ္ဓါနံ။
သ	ဗုဒ္ဓသ္မိံ, ဗုဒ္ဓမှိ, ဗုဒ္ဓေ၊	ဗုဒ္ဓေသု။

http://www.dhammadownload.com

မနောဂိုဏ်း

(မနောဂိုဏ်းကား – အံ, နာ, သ, သ္မိံ တို့၌သာ ထူး၍ ကြွင်း ပုရိသ သဒ္ဒါနှင့် တူ၏၊ ထူးသောရုပ်တို့ကို ခရေပွင့်အမှတ်ပြထားသည်။)

* *သ္မိံ, သ, နာ၊ သိ, သော, သာနှင့်၊ အံ-မှာ ဩ-မှတ်၊ သမာသ်, တဒ္ဓိ၊ လယ် ဩ-သိ၊ ကျန်ရှိ ပု-တိုင်း မနောဂိုဏ်း။*

မနော၊ မနာ၊ ဟေ မန၊ ဟေ မနာ၊ ဘဝန္တော မနာ။

၁၈၂။ သသ ဧ ဝါ။

မနောသဒ္ဒါလျှင် အတူရှိသော သဒ္ဒါအပေါင်းနောင် သ-ကို ဩ-ပြု။

စ-သဒ္ဒါဖြင့် အံဝိဘတ်ကိုလည်း ဩ-ပြု။

* *မနာဒီ-မှ၊ သ္မိံ, သ, နာ၊ ဣ, ဩ, အာ-ပြု၊ သ-လာမှု၊ ဩ-ပြု အံမှာ သ-မလာ။*

မနစသောသဒ္ဒါတို့နောင်မှ သ္မိံ-ကို ဣ-ပြု၊ သ-ကို ဩ-ပြု၊ နာ-ကို အာ-ပြု၊ ဣ, ဩ, အာ-သရတို့ကြောင့် ရှေ့၌ သ-လာ၊ အံ-ကိုကား ဩ-ပြုရုံသာ ပြုသည်၊ သ-မလာ။

* မနော၊ မနံ၊ မနေ။

၁၈၃။ မနောဂဏာဒိတော သ္မိံ နာနမိအာ။

မနောသဒ္ဒါလျှင် အတူရှိသော သဒ္ဒါအပေါင်းနောင် အချို့အရာ၌ သ္မိံ-ကို ဣ-ပြု၊ နာ-ကို အာ-ပြု။

၁၈၄။ သ သရေ ဝါ ဂမော။

နောက်သရကြောင့် မနောဂဏာဒိ သဒ္ဒါနောင် အချို့ သ-လာ။

ဝါ-သဒ္ဒါဖြင့် ပစ္စည်းနှောင်းရာ၌လည်း သ-လာ။

* မနသာ၊ မနေန၊ မနေဟိ၊ မနေဘိ။

ရုပ်တွက်–

မနော-ကို မန-တည်၊ အံ-သက်၊ သသ ဧ ဝါ-၌ စ-ဖြင့် အံ-ကို ဩ-ပြု၊ န-ခွင်း၊ ချေ, ကပ်၊ မနော-ပြီး၏။

မနသာ-ကို မန-တည်၊ နာ-သက်၊ မနောဂဏာဒိတော သ္မိံ နာနမိအာ-ဖြင့် နာ-ကို အာ-ပြု၊ သသရေ ဝါ ဂမော-ဖြင့် သ-လာ၊ သ, အာ-သို့ ကပ်၊ မနသာ-ပြီး၏။

http://www.dhammadownload.com

* မနသော၊ မနသာ၊ မနာန်။ မနသ္မာ၊ မနမှာ၊ မနာ၊ မနေဟိ၊ မနေဘိ။ * မနသော၊ မနသာ၊ မနာန်။ * မနသိ၊ မနသ္မိံ၊ မနမှိ၊ မနေ၊ မနေသု။

* *နာ, သ, သ္မိံ ဝိ၊ သာ, သော, သိ–ဆုံး၊ ကြိယာကံ၊ ဩခံ ဝိကပ်၊ သမာသ်,တဒ္ဓိ၊ လယ် ဩ သိ၊ သုံးရှိ မနောဂိုဏ်း လက္ခဏာ။*

မနောဂိုဏ်း လက္ခဏာ ၃–ပါး

၁။ နာ–ဝိဘတ်နှောင်းရာ၌ သာ၊ သ–ဝိဘတ်နှောင်းရာ၌ သော၊ သ္မိံ–ဝိဘတ်နှောင်းရာ၌ သိ–အဆုံးရှိခြင်း၊

၂။ ကြိယာ၏ကံ၌ ဩ–အက္ခရာအဆုံးရှိခြင်း၊

၃။ သမာသ်,တဒ္ဓိတ်တို့၏အလယ်၌ ဩ–အက္ခရာအဆုံးရှိခြင်းအားဖြင့် မနောဂိုဏ်း လက္ခဏာ ၃–ပါး။

မှတ်ချက်– မနောဂိုဏ်းလက္ခဏာ ၃–ပါးရှိသော်လည်း ပဒမာလာအတွက် နံပါတ် ၁၊ ၂–သာ လိုသည်။

မနော ဝစော ဝယော တေဇော၊ တပေါ စေတော တမော ယသော။
အယော ပယော သိရော ဆန္ဒော၊ သရော ဥရော ရဟော အဟော။

မနောဂိုဏ်းပြီး၏။

ရုပ်တွက်–

မနသော–ကို မန–တည်၊ သ–သက်၊ သဿ ဝါ–ဖြင့် သ–ကို ဩ–ပြု၊ သ သရေ ဝါဂမော–ဖြင့် သ်–လာ၊ သ်, ဩ–သို့ကပ်၊ မနသော–ပြီး၏။

မနသိ–ကို မန–တည်၊ သ္မိံ–သက်၊ မနောဂဏာဒိတော သ္မိံ နာနမိအာ–ဖြင့် သ္မိံ–ကို ဣ–ပြု၊ သ–လာ၊ သ, ဣ–သို့ ကပ်၊ မနသိ–ပြီး၏။

http://www.dhammadownload.com

မနောဂဏာဒိဂိုဏ်း

ဗိလံ ဗလံ ဒမော ဝါဟော၊ ထာမော ထာမံ ဇရော ဇရာ။

ပဒံ မုခံ တျ့ဋ္ဌာ.ဒျက်–ပုဏ္ဏာ မနောဂဏာဒိကော။

အာပေါ စ သရဒေါ ဝါယော၊ ရဇော ရဇံတိအာဒယော။

အန္တက်ဒွယသမ္ဗန္ဓာ၊ မနောဂဏာဒိကော မတာ။

* *ဗိလံ–အစ၊ ပုဒ်ရှစ်ဝ၊ အစ တစ်အင်္ဂါ ။*

* *အာပေါ–စဖြာ၊ ပုဒ်တို့မှာ၊ နှစ်ဖြာ နောက်အင်္ဂါ။*

ဗိလံ–စသော ၈–ပုဒ်သည် မနောဂိုဏ်းလက္ခဏာ ၃–ချက်တွင် အစ အင်္ဂါလက္ခဏာ တစ်ပါးသာရှိသည်။

အာပေါ–စသောပုဒ်များသည် အဆုံးအင်္ဂါလက္ခဏာ ၂–ချက်သာရှိသည်။

တေသုဝုဒ္ဓိ–စသောသုတ်ကြီး ဖြင့် ရဟ–သဒ္ဒါနောင် သ္မိံ ကို ဩ–ပြု၊ အဟ–သဒ္ဒါ နောင် သ္မိံ –ဝိဘတ်ကို နိ– ပြု, ဥ–ပြု။

* *အဟ–နောက်ရှိ၊ သ္မိံ ဝိမှာ၊ ဥ, နိ–နှစ်ဝ၊ ရဟ–နောက်ကား၊ ဩ–ပြုငြား၊ မှတ်သား တေသုဝုဒ်။*

ရဟော ပဋိစ္ဆန္နေ အာသနေ၊ အဟနိ၊ အဟု။

၁၀၅။ သော ဝါ။

အကာရန္တနောင်မှ နာ–ဝိဘတ်ကို အချို့ သော–ပြု။

အတ္ထသော၊ ဗျဉ္ဇနသော၊ အက္ခရသော။

အတော အလိုက်ကြဉ်သည့် သော ဝါ–ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ဣ, ဥတို့ နောင်လည်း သော–ပြု၊ ယောနိသော၊ ဟေတုသော။

* *အ–နောင်မှနာ၊ သော–ပြုရာ၊ ချို့မှာ ဣ,ဥ–နောက် သော–ပြု။*

၁၀၆။ ဒီဃောရေဟိ။

ဒီဃ, ဩရ–သဒ္ဒါတို့နောင်မှ သ္မာ–ကို အချို့ သော–ပြု။

ဒီဃသော၊ ဩရသော၊ ဒီဃမှာ၊ ဩရမှာ။

မနောဂဏာဒိဂိုဏ်းပြီး၏။

http://www.dhammadownload.com

ဂုဏဝန္တဒိုဂုဏ်း

ဂုဏဝန္တဒိုဂုဏ်းရုပ်များကို ၂-ပိုင်းခွဲ၍ ပြမှ လွယ်ကူရှင်းလင်းမည်။ —က။ န္တု-၏အဆုံး ဥ-ကို အ-ပြု၍ စီရင်သောအပိုင်း၊
ခ။ ဝိဘတ်နှင့်တကွ အလုံးစုံသော န္တုပစ္စည်းကို စီရင်သောအပိုင်း။

အပိုင်း (က)

ဂုဏဝန္တု-တည်၊ သိ-သက်၊ (ဂုဏဝန္တု သိ)

* *အံ, သ-ရှေ့မှ၊ န္တု-အ-နှင့်၊ ဂ, သ-ချန်လှပ်၊ ကြွင်းဝိဘတ်တို့၊ နှောင်းလတ် န္တု၊ အဆုံး ဥ၊ အ-ပြု ပုဂ္ဂိုဏ်းတူ။*

အံ, သ-ကြောင့် အလုံးစုံသော န္တု-ကို အ-ပြု၊ ဂသိ နှင့် သ-မှကြွင်းသော ဝိဘတ်တို့ ကြောင့် န္တု-၏ အဆုံး ဥ-ကို အ-ပြု။ န္တု-၏ အဆုံး ဥ-ကို အ-ပြုပြီးလျှင် ပုရိသာဒိဂုဏ်းအတိုင်း စီရင်လေ။

၉၄။ သိမှိ ဝါ။

သိ-ဝိဘတ်ကြောင့် န္တု-ပစ္စည်း၏ အဆုံး ဥ-ကို အချို့ အ-ပြု။

ဂုဏဝန္တော။

၉၂။ န္တုဿန္တော ယောသု စ။

သု, နံ, ဟိ, ယော-ဝိဘတ်တို့ကြောင့် န္တု-ပစ္စည်း၏ အဆုံး ဥ-ကို အ-ပြု။

စ-သဒ္ဒါဖြင့် အံ, နာ, သ္မာ, သ္မိံ-တို့ကြောင့် အ-ပြု၊

အန္တ-သဒ္ဒါဖြင့် န္တု-၏အဆုံး ဥ-ကို အ-ပြု၍ ယော-ကို ဣ-ပြု ။

(န္တုဿန္တော ယောသုစ-သုတ်ရင်းဖြင့် ဗဟုဝုစ် ဝိဘတ်အားလုံး၊ စ-သဒ္ဒါဖြင့် အံ, နာ, သ္မာ, သ္မိံ ၄-လုံးကြောင့် အ-ပြု)

ဂုဏဝန္တာ၊ ဘောန္တော ဂုဏဝန္တာ။

ရုပ်တွက်-

ဂုဏဝန္တော-ကို ဂုဏဝန္တု-တည်၊ သိ-သက်၊ သိမှိ ဝါ-ဖြင့် န္တု-၏ ဥ-ကို အ-ပြု၊ သော-ဖြင့် သိ-ကို ဩ-ပြု၊ ချေ, ကပ်၊ ဂုဏဝန္တော-ပြီး၏။

ဂုဏဝန္တာ-ကို ဂုဏဝန္တု-တည်၊ ပဌမာ ယော-သက်၊ န္တုဿန္တော ယောသု စ-ဖြင့် န္တု-၏ ဥ-ကို အ-ပြု၊ သဗ္ဗယောနီနမာဧ-ဖြင့် ပဌမာ ယော-ကို အာ-ပြု၊ ချေ, ကပ်၊ ဂုဏဝန္တာ-ပြီး၏။ (ကြွင်းသော န္တု-၏ ဥ-ကို အ-ပြုသောရုပ် များကို တွက်လေ)

http://www.dhammadownload.com

၉၃။ သဗ္ဗဿ ဝါ အံသေသု။

အံ, သ–ဝိဘတ်တို့ကြောင့် အလုံးစုံသော န္တု–ပစ္စည်းကို အချို့ အ–ပြု။

ဂုဏဝံ၊ ဂုဏဝန္တံ၊	ဂုဏဝန္တေ။
ဂုဏဝန္တေန၊	ဂုဏဝန္တေဟိ၊ ဂုဏဝန္တေဘိ။
ဂုဏဝဿ၊	ဂုဏဝန္တာနံ။
ဂုဏဝန္တသ္မာ၊ ဂုဏဝန္တမှာ၊ ဂုဏဝန္တာ၊	ဂုဏဝန္တေဟိ၊ ဂုဏဝန္တေဘိ။
ဂုဏဝဿ၊	ဂုဏဝန္တာနံ။
ဂုဏဝန္တသ္မိံ၊ ဂုဏဝန္တမှိ၊ ဂုဏဝန္တေ၊	ဂုဏဝန္တေသု။

အပိုင်း (ခ)

* *သ–န္တဿ၊ ဂ– အံ, အဝဏ်၊ နံ–တံ, သိ–အာ၊ နာ–တာ, သ–တော၊ ပ–ဝိ ယောမှာ၊ န္တော–သာ၊ န္တုပါ သ္မိံ–တိ။*

န္တု–ပစ္စည်းကို သ–နှင့်တကွ န္တဿ–ပြု၊ ဂ–သိ–နှင့်တကွ အံ, အ, အာ–ပြု၊ နံ–နှင့်တကွ တံ–ပြု၊ သိ–နှင့်တကွ အာ–ပြု၊ နာ–နှင့်တကွ တာ–ပြု၊ သ–နှင့်တကွ တော–ပြု၊ ပထမာ ယော–နှင့်တကွ န္တော–ပြု၊ သ္မိံ နှင့်တကွ တိ–ပြု။

(သုတ်များ၌ ဝိဘတ်နှင့်တကွ န္တု–ကို ပြုသည်ဟုဆိုသည်၊ လက်ာ၌ကား ချုံး၍လွယ်စေရန် န္တု–နှင့်တကွ ဝိဘတ်ကို ပြုဟုဆိုထားသည်၊ အဆိုကွဲသော်လည်း သဘော အတူတူပင်။)

၁၂၄။ အာ သိမှိ။

သိ–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော န္တု–ပစ္စည်းကို အာ–ပြု။

ဂုဏဝါ။

အာ–ဟူသောယောဂဝိဘာဂဖြင့် ပထမာ ယော–ကြောင့်လည်း အာ–ပြု၊ (ဝဏ္ဏဝါ အဟေသုံ)

ရုပ်တွက်–

ဂုဏဝံ,ဂုဏဝဿ–ကို ဂုဏဝန္တု–တည်၊ အံ,သ–သက်၊(ဂုဏဝန္တု+အံ၊ ဂုဏဝန္တု+သ) သဗ္ဗဿ ဝါ အံသေသု–ဖြင့် အလုံးစုံသော န္တု–ကို အ–ပြု၊ (ဂုဏဝ+အ+အံ၊ ဂုဏဝ+အ+သ) ချေ, ကပ်၊ ဂုဏဝံ, ဂုဏဝဿ ပြီး၏။ (အံ–ကြောင့် ရှေ့ အ–သရ ၂–လုံးကို ချေ)

ဂုဏဝါ–ကို ဂုဏဝန္တု–တည်၊ သိ–သက်၊ အာ သိမှိ– ဖြင့် ဝိဘတ်နှင့်တကွ န္တု– ကို အာ–ပြု၊ (ဂုဏဝ+အာ) ဝ်–ခွင်း, ချေ၊ ကပ်၊ ဂုဏဝါ–ပြီး၏။

http://www.dhammadownload.com

၁၂၂။ န္တုဿ န္တော။

ပထမာယော–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော န္တု–ကို န္တော–ပြု။
ဂုဏဝန္တော။

၁၂၃။ အဝဏ္ဏာ စ ဂေ။

ဂ–သိကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော န္တု–ကို အံ, အ, အာ–ပြု။
ဘော ဂုဏဝံ၊ ဘော ဂုဏဝ၊ ဘော ဂုဏဝါ၊ **(ဝိဘတ်နှင့်တကွ န္တု–ကို အံ, အ, အာ–ပြု)**
ဘဝန္တော ဂုဏဝန္တော။ **(ဝိဘတ်နှင့်တကွ န္တု–ကို န္တော–ပြု)**

၁၂၄။ တောတိတာ သသ္မိံ နာသု။

သ, သ္မိံ, နာ–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ န္တု–ကို တော, တိ, တာ–ပြု။
ဂုဏဝတာ၊ **(ဝိဘတ်နှင့်တကွ န္တု–ကို တာ–ပြု)**
ဂုဏဝတော၊ **(ဝိဘတ်နှင့်တကွ န္တု–ကို တော–ပြု)**

၁၂၅။ န္တဿ သေ ဝါ။

သ–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ န္တု–ကို အချို့ န္တဿ–ပြု။
ဂုဏဝန္တဿ။ **(ဝိဘတ်နှင့်တကွ န္တု–ကို န္တဿ–ပြု)**

၁၂၆။ နံမှိ တံ ဝါ။

နံ–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ န္တု–ကို အချို့ တံ–ပြု။
ဂုဏဝတံ။ **(ဝိဘတ်နှင့်တကွ န္တု–ကို တံ–ပြု)**

ရုပ်တွက်–

ဂုဏဝန္တော–ကို ဂုဏဝန္တု–တည်၊ ပထမာယော–သက်၊ **န္တုဿ န္တော**–ဖြင့် ဝိဘတ်နှင့် တကွ န္တု–ကို န္တော–ပြု၊ ဂုဏဝန္တော–ပြီး၏။

http://www.dhammadownload.com

၂၇၀။ အမှတုမှန္တုရာဇဗြဟ္မတ္တသခသတ္ထုပိတာဒီဟိ သ္မာ နာ၀။

အမှ, တုမှ, န္တုပစ္စယန္တ, ရာဇ, ဗြဟ္မ, အတ္တ, သခ, သတ္ထု, ပိတု–စသောသဒ္ဒါတို့နောင်မှ သ္မာ–ကို နာ–ကိုကဲ့သို့ငဲ့။

* *ရာဇာ, သတ္ထာ၊ ဂိုဏ်းနှစ်ဖြာနှင့်၊ န္တု–ပါ အမှ၊ တုမှ–နောက်တွင်၊ သ္မာ–ဝင်၊ လိုလျှင် နာ–သို့ ပြောင်း။*

ဂစ္ဆတာ၊ (သ္မာ–ကို နာ–ငဲ့၊ ဝိဘတ်နှင့်တကွ န္တု–ကို တာ–ပြု)

ဂစ္ဆတော၊ ဂစ္ဆန္တဿ၊ ဂစ္ဆတံ။

ဂစ္ဆတိ၊ (ဝိဘတ်နှင့်တကွ န္တု–ကို တိ–ပြု)

ဂစ္ဆန္တု–သဒ္ဒါ ပဒမာလာ အပြည့်အစုံ

ပ။	ဂစ္ဆါ, ဂစ္ဆန္တော၊	ဂစ္ဆန္တာ, ဂစ္ဆန္တော။
အာ။	ဘော ဂစ္ဆံ, ဂစ္ဆ, ဂစ္ဆါ၊	ဘဝန္တောဂစ္ဆန္တာ,ဂစ္ဆန္တော။
ဒု။	ဂစ္ဆံ, ဂစ္ဆန္တံ၊	ဂစ္ဆန္တေ။
တ။	ဂစ္ဆတာ, ဂစ္ဆန္တေန၊	ဂစ္ဆန္တေဟိ, ဂစ္ဆန္တေဘိ။
စ။	ဂစ္ဆတော, ဂစ္ဆဿ, ဂစ္ဆန္တဿ၊	ဂစ္ဆတံ, ဂစ္ဆန္တာနံ။
မီ။	ဂစ္ဆတာ, ဂစ္ဆန္တသ္မာ, ဂစ္ဆန္တမှာ, ဂစ္ဆန္တာ၊	ဂစ္ဆန္တေဟိ, ဂစ္ဆန္တေဘိ။
ဆ။	ဂစ္ဆတော, ဂစ္ဆဿ, ဂစ္ဆန္တဿ၊	ဂစ္ဆဂတံ, ဂစ္ဆန္တာနံ။
သ။	ဂစ္ဆတိ, ဂစ္ဆန္တသ္မိံ, ဂစ္ဆန္တမှိ, ဂစ္ဆန္တေ၊	ဂစ္ဆန္တေသု။

ဤအတူ–ဘဂဝါ၊ သီလဝါ၊ ဝဏ္ဏဝါ၊ သတိမာ၊ စန္ဒိမာ၊ ယာဝါ၊ ဗုဒ္ဓဝါ စသည်တို့ကိုသိလေ။

ဂစ္ဆဝါဒိဂိုဏ်းပြီး၏။

http://www.dhammadownload.com

ဂစ္ဆန္တာဒိဂိုဏ်း

(ဂစ္ဆန္တ + သိ)

၁၈၆။ သိမှိ ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ အံ။

သိ–ဝိဘတ်ကြောင့် ဂစ္ဆန္တ–စသော သဒ္ဒါတို့၏ န္တ–ကို အံ–ပြု။

သိမှိ ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ–ဟူသော ယောဂဝိဘာဂဖြင့် အရဟာ, မဟာ စသည်တို့၌ အာ–လည်းပြု။

* *သိ–နှောင်း န္တ၊ အံ–ပြုရ၊ ချို့မှ မဟာ–စသည် အာ။ (န္တ=ကို နတ–ဟုဖတ်)*

ဂစ္ဆံ၊ ဂစ္ဆန္တော၊ ဂစ္ဆန္တာ။

၁၈၇။ သေသေသု န္တုဝ။

သိ–ဝိဘတ်မှ ကြွင်းသော ဝိဘတ်, ပစ္စည်းတို့ကြောင့် န္တ–ကို န္တု–ကိုကဲ့သို့ ငဲ့။

* *န္တ–ကိုကွဲ့၊ န္တု–ငဲ့၊ လိုတဲ့ ရုပ်ပြီးရန်။*

* *သိ–မှ ကြွင်းကျန်၊ ရုပ်နေဟန်၊ နှစ်တန် ဂု, ဂစ် အတူဖြစ်။*

သိ–မှကြွင်းသော ရုပ်များသည် ဂုဏဝါဒိဂိုဏ်း, ဂစ္ဆန္တာဒိဂိုဏ်း နှစ်မျိုးလုံး ရုပ်နေပုံ တူ၏။

ဂစ္ဆန္တော။

ဘော ဂစ္ဆံ, ဂစ္ဆ, ဂစ္ဆာ၊ ဘောန္တော ဂစ္ဆန္တာ, ဂစ္ဆန္တော။

ရုပ်တွက်–

ဂစ္ဆံ–ကို ဂစ္ဆန္တ–တည်၊ သိ–သက်၊ သိမှိ ဂစ္ဆန္တာဒီနံ–စသောသုတ်ဖြင့် န္တ–ကို အံ–ပြု၊ စ္ဆ–ခွင်း၊ ချေ၊ ကပ်၊ သိ–ချေ၊ ဂစ္ဆံ–ပြီး၏။

ဂစ္ဆန္တော–၌ (ဂစ္ဆန္တ+သိ) သိ–ကို ဩ–ပြု။ ဂစ္ဆန္တာ–၌ (ဂစ္ဆန္တ+ယော) ယော–ကို အာ–ပြု။

ဂစ္ဆန္တော–ကို ဂစ္ဆန္တ–တည်၊ ပထမာယော–သက်၊ သေသေသု န္တုဝ–ဖြင့် န္တ–ကို န္တု–ကိုကဲ့သို့ ငဲ့၊ န္တုဿန္တော–ဖြင့် ဝိဘတ်နှင့်တကွန္တု–ကို န္တော–ပြု၊ ဂစ္ဆန္တော–ပြီး၏။

ဘော ဂစ္ဆံ, ဂစ္ဆ, ဂစ္ဆာ–ကို ဂစ္ဆန္တ–တည်၊ အာလုပ်သိ–သက်၊ ဂ–အမည်မှည့်၊ န္တ–ကို န္တု–ငဲ့၊ အဝဏ္ဏာ စ ဂေ–ဖြင့် ဝိဘတ်နှင့်တကွ န္တု–ကို အံ, အ, အာ–ပြု၊ ခွင်း, ချေ, ကပ်။

မှတ်ချက်– ဂစ္ဆန္တ–အတိုင်းထားလျှင် သိ–မှ တပါး ပုရိသာဒိဂိုဏ်းနှင့်တူ။

န္တု–ငဲ့လျှင် ဂုဏဝါဒိဂိုဏ်းအတိုင်း စီရင်လေ။

http://www.dhammadownload.com

ဂစ္ဆံ, ဂစ္ဆန္တံ၊ ဂစ္ဆန္တေ။
ဂစ္ဆတာ, ဂစ္ဆန္တေန၊ ဂစ္ဆန္တေဟိ, ဂစ္ဆန္တေဘိ။
ဂစ္ဆတော, ဂစ္ဆဿ, ဂစ္ဆန္တဿ၊ ဂစ္ဆတံ, ဂစ္ဆန္တာနံ။
ဂစ္ဆတာ, ဂစ္ဆန္တသ္မာ, ဂစ္ဆန္တမှာ, ဂစ္ဆန္တာ၊ ဂစ္ဆန္တေဟိ, ဂစ္ဆန္တေဘိ။
ဂစ္ဆတော, ဂစ္ဆဿ, ဂစ္ဆန္တဿ၊ ဂစ္ဆတံ, ဂစ္ဆန္တာနံ။
ဂစ္ဆတိ, ဂစ္ဆန္တသ္မိံ, ဂစ္ဆန္တမှိ, ဂစ္ဆန္တေ၊ ဂစ္ဆန္တေသု။

ဇဝံ မဟံ စရံ တိဋ္ဌံ၊ ဒဒံ ဘုဉ္ဇံ သုဏံ ပစံ။
ဇယံ ဇီရံ စဝံ မီယံ၊ ဘဝံ သံ စ ကုဗ္ဗာဒယော။
ဤအတူ မဟံ, မဟန္တော၊ စရံ, စရန္တော၊ တိဋ္ဌံ, တိဋ္ဌန္တော–စသည်ဖြင့် ရုပ်စဉ်လေ။

ဘဝန္တသဒ္ဒါ ဂ,ယော,နာ,သ တို့၌ ထူး၏။
ဘဝံ, ဘဝန္တော၊ ဘဝန္တာ, ဘဝန္တော၊
တေသုဝုဒ္ဓိ–စသောသုတ်ဖြင့် ယော,နာ,သ–ဝိဘတ်တို့ကြောင့် ဘဝန္တသဒ္ဒါကို ဘောန္တ–ပြု။

* *ဘဝန္တ–မှု၊ ဘောန္တ–ပြု၊ နှောင်းမှု ယော, နာ, သ။*

ဘောန္တာ, ဘောန္တော။

(ယော, နာ, သ–တို့၌ ဘဝန္တ–အတိုင်းလည်းကောင်း၊ ဘဝန္တ–ကို ဘောန္တ–ပြု၍လည်းကောင်း ၂–မျိုးစီ ဂစ္ဆန္တ–ကဲ့သို့ ရုပ်စီရင်လေ၊ တေသု ဝုဒ္ဓိ–ဖြင့် ဘောန္တ–ပြုရသည်သာ ထူးသည်။)

ရုပ်တွက်–

ဘဝံ–ကို ဘဝန္တ–တည်၊ သိ–သက်၊ သိမှိ ဂစ္ဆန္တာဒီနံ–စသော သုတ်ဖြင့် န္တ–ကို အံ–ပြု၊ ဝ်–ခွင်း, ချေ, ကပ်။ (ဂ, ယော, နာ, သ–မှ ကြွင်းသော ဘဝန္တ– ရုပ်များ ဂစ္ဆန္တ–အတိုင်းသိလေ)

ဘောန္တာ–ကို ဘဝန္တ–တည်၊ ယော–သက်၊ တေသု ဝုဒ္ဓိ–စသော သုတ်ဖြင့် ဘဝန္တ–ကို ဘောန္တ–ပြု၊ သဗ္ဗယောနီနမာဧ–ဖြင့် ပဌမာယော–ကို အာ–ပြု၊ ခွင်း, ချေ, ကပ်။

ဘောန္တော–၌ ဘောန္တ–ပြု၊ န္တ–ကို န္တု–ငဲ့၊ န္တုဿ န္တော–ဖြင့် ဝိဘတ် နှင့်တကွ န္တု–ကို န္တော–ပြု။

http://www.dhammadownload.com

၂၄၃။ ဘော ဂေ တု။

ဂ–သိကြောင့် ဘဝန္တ–သဒ္ဒါကို ဘော–ပြု။

တု–သဒ္ဒါဖြင့် ဘောန္တ, ဘန္တေ–စသည်ပြု။

ဘော, ဘဝံ, ဘဝ, ဘဝါ,	ဟေ ဘဝန္တာ, ဘဝန္တော၊
ဘဝန္တ, ဘဝန္တာ, ဘောန္တ, ဘောန္တာ, ဘန္တေ၊	ဘောန္တာ, ဘောန္တော။
ဘဝံ, ဘဝန္တံ၊	ဘဝန္တေ, ဘောန္တေ။
ဘဝတာ, ဘဝန္တေန, ဘောတာ, ဘောန္တေန၊	ဘဝန္တေဟိ, ဘဝန္တေဘိ။
ဘဝတော, ဘဝဿ, ဘဝန္တဿ,	
ဘောတော, ဘောန္တဿ၊	ဘဝတံ, ဘဝန္တာနံ။
ဘဝတာ, ဘဝန္တသ္မာ, ဘဝန္တမှာ, ဘဝန္တာ၊	ဘဝန္တေဟိ, ဘဝန္တေဘိ။
ဘဝတော, ဘဝဿ, ဘဝန္တဿ,	
ဘောတော, ဘောန္တဿ၊	ဘဝတံ, ဘဝန္တာနံ။
ဘဝတိ, ဘဝန္တသ္မိံ, ဘဝန္တမှိ, ဘဝန္တေ၊	ဘဝန္တေသု။

သန္တ–သဒ္ဒါ ဟိ–ဝိဘတ်၌သာ ရုပ်ထူး၏။

သံ, သန္တော၊	သန္တာ, သန္တော။
ဘော သံ, သ, သာ၊	ဘောန္တော သန္တာ, သန္တော။
သံ, သန္တံ၊	သန္တေ။
သတာ, သန္တေန၊	သန္တေဟိ,

ရုပ်တွက်–

ဘော–ကို ဘဝန္တ–တည်၊ အာလုပ်သိ–သက်၊ ဂ–အမည်မှည့်၊ ဘော ဂေ တု–ဖြင့် ဘဝန္တ–ကို ဘော–ပြု၊ သိ–ချေ။

သံ–ကို သန္တ–တည်၊ သိ–သက်၊ သိမှိ ဂစ္ဆန္တာဒီနံ စသောသုတ်ဖြင့် န္တ–ကို အံ–ပြု၊ သ, ခွင်း၊ ချေ ကပ်၊ သိ–ချေ။

http://www.dhammadownload.com

၁၈၅။ သန္တသဒ္ဒဿ သော ဘေ ဗော စန္တေ။

ဘ–အက္ခရာကြောင့် သန္တ–သဒ္ဒါကို သ–ပြု၍ အဆုံး၌ ဗ–လာ။
စသဒ္ဒါဖြင့် ဘ–မနှောင်းရာ၌လည်း သန္တ–ကို သ–ပြု။
* *အချို့သန္တ၊ သ–ပြုရ၊ နှောင်း ဘ–ရှေ့မှာ ဗ–လည်းလာ။*
သဗ္ဘိ။ (ကြွင်းဂစ္ဆန္တသဒ္ဒါနှင့်တူ၏။)

ဂစ္ဆန္တာဒိဂိုဏ်းပြီး၏။

ရာဇာဒိဂိုဏ်း

၁၈၆။ သျာ စ။

ဗြဟ္မ, အတ္တ, သခ, ရာဇ–စသော သဒ္ဒါနှောင်မှ သိ–ဝိဘတ်ကို အာ–ပြု။
* *ရာဇ, ဗြဟ္မ၊ အတ္တ–စဖြာ၊ နောက် သိ–အာ နှင့်၊ ယောမှာ အာနော၊ ချို့ ဣနော–မှန်၊ ဝိဘတ် အံ၊ အာန် အချို့ပြု။*
ရာဇာ။

၁၈၇။ ယောနမာနော။

ဗြဟ္မ, အတ္တ, သခ, ရာဇ–စသော သဒ္ဒါနှောင်မှ ယော–ဝိဘတ်ကို အာနော–ပြု။
ရာဇာနော၊ (ယော–ကို အာနော–ပြု) ရာဇိနော ။

ရုပ်တွက်–

သဗ္ဘိ–သန္တ–တည်၊ ဟိ–သက်၊ ဘိ–ပြု၊ သန္တသဒ္ဒဿ–စသော သုတ်ဖြင့် သန္တ–ကို သ–ပြု၍ အဆုံး၌ ဗ–လာ၊ ဗ–ဘိ–သို့ကပ်။

ရာဇာ–ကို ရာဇ–တည်၊ သိ–သက်၊ သျာ စ–ဖြင့် သိ–ကို အာ–ပြု၊ ခွင်း, ချေ, ကပ်။

ရာဇာနော–ကို ရာဇ–တည်၊ ယော–သက်၊ ယောနမာနော–ဖြင့် ယော–ကို အာနော–ပြု၊ ခွင်း, ချေ, ကပ်။

ရာဇိနော–ကို ရာဇ–တည်၊ ယော–သက်၊ ယော–ကို အာနော–ပြု၊ တေသု ဝုဒ္ဓိ–ဖြင့် အာ–ကို ဣ–ပြု။

http://www.dhammadownload.com

ဘော ရာဇ, ရာဇာ, ဘောန္တော ရာဇာနော, ရာဇိနော။

၁၈၈။ ပြဟ္မတ္တသခရာဇာဒိတော အမာနံ။

ပြဟ္မ, အတ္တ, သခ, ရာဇ–စသောသဒ္ဒါနောင်မှ အံ–ဝိဘတ်ကို အချို့. အာနံ–ပြု။

ရာဇာနံ၊ ရာဇံ၊ ရာဇာနော၊ ရာဇိနော။

၁၃၇။ နာမှိ ရညာ ဝါ။

နာ–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇ–သဒ္ဒါကို အချို့.ရညာ–ပြု။

ရညာ၊ ရာဇေန၊ ရာဇိနာ။ (**တေသုဝုဒ္ဓိ–စသော သုတ်ကြီးဖြင့် ရာဇ–၏ အဆုံး အ–ကို ဣ–ပြု**)

* *ရာဇ– သဒ္ဒါ၊ ဝိဘတ်ပါနှင့်၊ ရညာ နာနှောင်း၊ သ– နှောင်း ရညော၊ ရာဇိနော– ပေ၊ သ္မိံ နေမူ၊ ရညေ, ရာဇိနိ၊ နံ–နှောင်းဘိ၊ မှတ်သိ ရညံ–ပြု။*

ရာဇ–သဒ္ဒါကို နာ–ဝိဘတ်နှင့်တကွ ရညာ–ပြု၊ သ–ဝိဘတ်နှင့်တကွ ရညော–ပြု, ရာဇိနော–ပြု၊ သ္မိံ–ဝိဘတ်နှင့်တကွ ရညေ–ပြု, ရာဇိနိ–ပြု၊ နံ–ဝိဘတ်နှင့်တကွ ရညံ–ပြု။

၁၆၉။ ရာဇဿ ရာဇု သုနံဟိသု စ။

သု, နံ, ဟိ–ဝိဘတ်ကြောင့် အလုံးစုံသော ရာဇ–သဒ္ဒါကို ရာဇု–ပြု။

* *သု, နံ, ဟိ–မှ၊ ရှေ့ရာဇ–ကို၊ ရာဇု–ဆို၊ ဆုံးကို ဣ–ပြု နာ–နှောင်းမူ။*

ရာဇူဟိ၊ ရာဇူဘိ၊ (ရာဇု–ပြု၊ ဒီဃပြု) ရာဇေဟိ၊ ရာဇေဘိ။

၁၃၅။ ရာဇဿ ရညော ရာဇိနော သေ။

သ–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇ–သဒ္ဒါကို ရညော,ရာဇိနော–ပြု။

ရညော၊ ရာဇိနော။(ရာဇ–သဒ္ဒါကို သ–ဝိဘတ်နှင့်တကွ ရညော–ပြု, ရာဇိနော ပြု)

ရုပ်တွက်–

ရာဇာနံ–ကို ရာဇ–တည်၊ အံ–သက်၊ ပြဟ္မတ္တ–စသော သုတ်ဖြင့် အံ–ကို အာနံ–ပြု၊ ခွင်း, ချေ, ကပ်။

ရညာ–ကို ရာဇ–တည်၊ နာ–သက်၊ နာမှိ ရညာ ဝါ–ဖြင့် ဝိဘတ်နှင့်တကွ ရာဇ–ကို ရညာ–ပြု။

ရာဇိနာ–ကို ရာဇ–တည်၊ နာ–သက်၊ တေသု ဝုဒ္ဓိ–စသောသုတ်ဖြင့် ရာဇ–၏ အဆုံး အ–ကို ဣ–ပြု။

http://www.dhammadownload.com

၁၃၆။ ရညံ နံမှိ ဝါ။

နံ–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇ–သဒ္ဒါကို အချို့ ရညံ–ပြု။

ရညံ၊ ရာဇူနံ၊ ရာဇာနံ။

ရညာ၊ (သ္မာ–ကို နာ–ငှဲ) ရာဇူဟိ, ရာဇူဘိ, ရာဇေဟိ, ရာဇေဘိ။

ရညော, ရာဇိနော။ ရညံ, ရာဇူနံ, ရာဇာနံ။

၁၃၈။ သ္မိံ မှိ ရညေ ရာဇိနိ။

သ္မိံ –ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ အလုံးစုံသော ရာဇ–သဒ္ဒါကို ရညေ, ရာဇိနိ–ပြု။

ရညေ, ရာဇိနိ, (ရာဇ–ကို ဝိဘတ်နှင့်တကွ ရညေ–ပြု, ရာဇိနိ–ပြု) ရာဇူသု, ရာဇေသု။

(ဗြဟ္မ–သဒ္ဒါ ဂ,နာ,သ,သ္မိံ တို့၌သာ ထူး၍ ကြွင်း ရာဇ–နှင့်တူ)

ဗြဟ္မာ, ဗြဟ္မာနော။

၁၉၃။ ဗြဟ္မတော ဂဿ စ။

ဗြဟ္မ–သဒ္ဒါနောင်မှ ဂ–မည်သော သိ–ကို ဧ–ပြု။

ဘော ဗြဟ္မေ၊ (ဂ–သိကို ဧ–ပြု၊ ခွင်း, ချေ, ကပ်) ဘောန္တော ဗြဟ္မာနော။

ဗြဟ္မာနံ, ဗြဟ္မံ၊ ဗြဟ္မာနော။

ရုပ်တွက်–

ရညံ–ကို ရာဇ–တည်၊ နံ–သက်၊ ရညံ နံမှိ ဝါ–ဖြင့် ဝိဘတ်နှင့်တကွ အလုံးစုံသောရာဇ–သဒ္ဒါကို ရညံ–ပြု။

ရာဇူနံ–ကို ရာဇ–တည်၊ နံ–သက်၊ ရာဇဿ ရာဇု–စသောသုတ်ဖြင့် ရာဇ–ကို ရာဇု–ပြု၊ သုနံဟိသုစ ဖြင့် ဒီဃ–ပြု။

ရညာ–ကို ရာဇ–တည်၊ သ္မာ–သက်၊ အမှတုမှန္တ–စသောသုတ်ဖြင့် သ္မာ–ကို နာ–ဝိဘတ်ကဲ့သို့ငှဲ၊ နာမှိ ရညာ ဝါ–ဖြင့် ဝိဘတ်နှင့်တကွ ရာဇ–ကို ရညာ–ပြု။

http://www.dhammadownload.com

၁၉၈။ ဥတ္တံ သနာသု။

သ, နာ–ဝိဘတ်တို့ကြောင့် ဗြဟ္မ–သဒ္ဒါ၏ အဆုံး အ–ကို ဥ–ပြု။

ဥတ္တံ–ဟူသောယောဂဝိဘာဂဖြင့် နံ–ကြောင့်လည်း ဥ–ပြု။

* *ဗြဟ္မ–ဆုံး အ၊ ဥ–ပြုရ၊ နာ, သ, နံ–နှောင်း ချို့အရာ။*

ဗြဟ္မုနာ, ဗြဟ္မေန၊ ဗြဟ္မေဟိ, ဗြဟ္မေဘိ။

၅၈။ က္လဝဏ္ဏာဝဏ္ဏာ ဈလာ။

က္လတ္ထိလိင် မဟုတ်သော က္လဝဏ်ကို ဈ, ဥဝဏ်ကို လ အမည်မှည့်။

* *က္လ, ဤ, ဥ,ဦ၊ က္လတ္ထိယူက၊ ပ–မည်ကြ၊ ဈ, လ–မည်ထုတ် ထီ မဟုတ်။*

က္လတ္ထိလိင် က္လ, ဤ, ဥ, ဦ–တို့ကို ပ–အမည်မှည့်၊ က္လတ္ထိလိင် မဟုတ်သော က္လ, ဤ–ကို ဈ–အမည်မှည့်၊ ဥ, ဦ–တို့ကို လ–အမည်မှည့်။

၁၁၇။ ဈလတော သဿနော ဝါ။

ဈ, လနောင်မှ သ–ကို အချို့ နော–ပြု။

* *ဈ, လ, အတ္တာ၊ နောက် သ, သ္မာ၊ စဉ်တိုင်းသာ၊ ရံခါ နော, နာ, ပြု။*

အတ္တ–နောင် သ–ကို သဿ နော–ဖြင့် နော–ပြု၊ သ္မာ နာ–ဖြင့် သ္မာ–ကို နာ–ရံခါပြု။

ဗြဟ္မုနော၊ ဗြဟ္မဿ၊ ဗြဟ္မာနံ, ဗြဟ္မူနံ။

ဗြဟ္မုနာ၊ (သ္မာ–ကို နာ–ဌဲ့) ဗြဟ္မေဟိ, ဗြဟ္မေဘိ။

ရုပ်တွက်–

ဗြဟ္မုနာ–ကို ဗြဟ္မ–တည်၊ နာ–သက်၊ ဥတ္တံ သနာသု–ဖြင့် ဥ–ပြု။

ဗြဟ္မုနော–ကို ဗြဟ္မ–တည်၊ သ–သက်၊ ဥတ္တံ သနာသု–ဖြင့် ဥ–ပြု၊ က္လဝဏ္ဏာဝဏ္ဏာ ဈလာ–ဖြင့် ဥ–ကို လအမည်မှည့်၊ ဈလတော သဿ နော ဝါ –ဖြင့် လနောင်မှ သ–ကို နော–ပြု။

ဗြဟ္မူနံ–ကို ဗြဟ္မ–တည်၊ နံ–သက်၊ ဥတ္တံ–ဟူသော ယောဂဝိဘာဂဖြင့် နံ–ကြောင့် ဗြဟ္မ–၏အဆုံး အ–ကို ဥ–ပြု၊ သုနံဟိသု စ–ဖြင့် ဒီဃ–ပြု။

ဗြဟ္မုနာ–ကို ဗြဟ္မ–တည်၊ သ္မာ–သက်၊ နာ–ဝိဘတ်ကဲ့သို့ငဲ့၊ ဥတ္တံ သနာသု–ဖြင့် ဥ–ပြု။

http://www.dhammadownload.com

၁၉၇။ ဗြဟ္မတော တု သ္မိံ နိ။

ဗြဟ္မ-သဒ္ဒါနောင်မှ သ္မိံ-ဝိဘတ်ကို နိ-ပြု။

ဘုသဒ္ဒါဖြင့် ကမ္မ, စမ္မ, မုဒ္ဓ-စသော သဒ္ဒါတို့နောင်လည်း နိ-ပြု၊

* *ဗြဟ္မ, အတ္တ၊ ချို့ ကမ္မ နှင့်၊ မုဒ္ဓ-စ နောက်၊ သ္မိံ ရောက်၊ မဖောက် နိ-အပြု။*

ဗြဟ္မနိ၊ ဗြဟ္မေသု။

အတ္တသဒ္ဒါ တတိယာ-စသည်တို့၌သာ ထူး၏။

အတ္တာ၊	အတ္တာနော။
ဘော အတ္တ, ဘော အတ္တာ၊	ဘောန္တော အတ္တာနော။
အတ္တာနံ, အတ္တံ၊	အတ္တာနော။

၁၉၈။ အကမ္မန္တဿ စ။

နာ-ဝိဘတ်ကြောင့် ကမ္မ-သဒ္ဒါ၏ အဆုံး အ-ကို အ-ပြု, ဥ-ပြု။

စ-သဒ္ဒါဖြင့် နာ-ကြောင့် အတ္တ-၏အဆုံး အ-ကို အ-ထပ်ပြု၊ နာ,သု-တို့ကြောင့် မဃဝ, ယုဝ-စသည်တို့၏ အဆုံး အ-ကို အာ-ပြု။

* *အတ္တ-ဆုံး အ၊ နာနှောင်း အ၊ အန-သု, ဟိ-နှောင်း။*

အတ္တ-၏ အဆုံး အ-ကို နာ-နှောင်းလျှင် အ-ထပ်ပြု၊ အတ္တန္တော ဟိသ္မိမနတ္တံ-ဖြင့် ဟိ-ကြောင့်, အန- ပြု၊ အနတ္တံ- ဟူသော ယောဂဝိဘာဂဖြင့် သု-ကြောင့် အန-ပြု။

အတ္တနာ, အတ္တေနှ။

ရုပ်တွက်-

အတ္တာ-၌ သျာ စ-ဖြင့် သိ-ကို အာ-ပြု။

အတ္တာနော-၌ ယောနမာနော-ဖြင့် ယော-ကို အာနော- ပြု။

အတ္တနာ-ကို အတ္တ-တည်၊ နာ-သက်၊ အ ကမ္မန္တဿ စ-၌ စ-ဖြင့် နာ-ကြောင့် အတ္တ-အဆုံး အ-ကို အ-ထပ်ပြု။

http://www.dhammadownload.com

၂၁၁။ အတ္တန္ဘော ဟိသ္မိ မနတ္တံ။

ဟိ–ဝိဘတ်ကြောင့် အတ္တ–၏ အ–ကို အန–ပြု။

အနတ္တံ–ဟူသော ယောဂဝိဘာဂဖြင့် သု– ဝိဘတ်ကြောင့်လည်း အန–ပြု။

အနတ္တံ–ဟူသော ဘာဝ နိဒ္ဒေသဖြင့် သကော, သကာ–စသည်တို့၌ ဝိဘတ်အားလုံးကြောင့် အတ္တ–ကို သက–ပြု။

အတ္တနေဟိ၊ အတ္တနေဘိ။

၂၁၃။ သဿ နော။

အတ္တ–သဒ္ဒါနောင်မှ သ–ကို နော–ပြု။

အတ္တနော၊ အတ္တာနံ။

၂၁၄။ သ္မာ နာ။

အတ္တ–သဒ္ဒါနောင်မှ သ္မာ–ကို နာ–ပြု။

တတော–သဒ္ဒါပိုဖြင့် (တစ်နည်း) အမှတုမှန္တု–စသောသုတ် ရှိပြီးဖြစ်လျက် ထပ်ဆိုသော သ္မာ နာ– သုတ်ပိုဖြင့် အတြဇော–စသည်၌ အတ္တ–၏ အဆုံး တ–ကို ရ–ပြု။

အတ္တနာ၊ အတ္တနေဟိ, အတ္တနေဘိ။

အတ္တနော၊ အတ္တာနံ။

၂၁၂။ တတော သ္မိံ နိ။

အတ္တ–သဒ္ဒါနောင်မှ သ္မိံ–ဝိဘတ်ကို နိ–ပြု။

အတ္တနိ၊ အတ္တေသု, အတ္တနေသု။

ရုပ်တွက်–

အတ္တနေဟိ, အတ္တနေဘိ–ကို အတ္တ–တည်၊ ဟိ–သက်၊ တွ်–ခွင်း, အ–ကြွင်း၊ အတ္တန္ဘော ဟိသ္မိ မနတ္တံ–ဖြင့် အတ္တ–အဆုံးအ–ကို အန–ပြု၊ သုဟိသွကာရော ဧ–ဖြင့် န–၏ အ–ကို ဧ–ပြု၊ ဟိ–ကို ဘိ–ပြု။

အတ္တနော–ကို အတ္တ–တည်၊ သ–သက်၊ သဿ နော–ဖြင့် သ–ကို နော–ပြု။

အတ္တနာ–၌ သ္မာ နာ–ဖြင့် သ္မာ–ကို နာ–ပြု။

အတ္တနိ–၌ တတော သ္မိံ နိ–ဖြင့် သ္မိံ–ကို နိ–ပြု။

အတ္တနေသု–ကို အတ္တ–တည်၊ သု–သက်၊ အတ္တန္ဘော ဟိသ္မိ မနတ္တံ–၌ အနတ္တံ–ဟူသော ယောဂ ဝိဘာဂဖြင့် အန–ပြု၊ သုဟိသွကာရော ဧ–ဖြင့် ဧ–ပြု။

http://www.dhammadownload.com

သခသဒ္ဒါ ရုပ်ထူးဟန်ကား

သခါ၊ (သိ–ကို အာ–ပြု) သခါနော၊(ယော–ကို အာနော–ပြု)

၁၉၁။ သခတော စာယောနော။

သခ–သဒ္ဒါနောင်မှ ယော–ဝိဘတ်ကို အာယော–ပြု, နော–ပြု။

* *သခ–ဆုံးအ၊ နော, နာ, သ–နံ၊ နှောင်းက ဣ–ပြု၊ သု, ဟိ, နံ,အံ၊ နှောင်းတုံပြန်မူ၊ ရုံဖန် အာရ၊ သခ–နောက် ယော၊ အာယော, နော၊ ပြုလော သမ္ဗိ ဇ ။*

သခ–၏ အဆုံး အ–ကို နော, နာ, သ–နှောင်းရာ၌ ဣ–ပြု၊ သု, ဟိ, နံ, အံ–နှောင်းရာ၌ ရံခါ အာရ–ပြု၊ သခ–နောင်မှ ယော–ကို အာယော–ပြု, နော–ပြု၊ သမ္ဗိ–ကို ဇ–ပြု။

သခါယော။

၁၉၄။ သခန္တဿိ နောနာနံသေသု။

နော–အပြု, နာ, နံ, သ–ဝိဘတ်တို့ကြောင့် သခ–သဒ္ဒါ၏ အဆုံး အ–ကို ဣ–ပြု။

သခိနော။

၁၁၃။ သခတော ဂဿေ ဝါ။

သခ–သဒ္ဒါနောင်မှ ဂ–အမည်ရှိ သိ–ဝိဘတ်ကို အ, အာ, ဣ ,ဤ ဇ–ပြု။ ဝါ–သဒ္ဒါဖြင့် အခြားသဒ္ဒါနောင် ဂသိ–ကို ဇ–ပြု၊ လိင်္ဂတ္ထ သိ–ကိုလည်း ဇ–ပြု။

* *သခ–နောက် ဂ၊ အ, အာ, ဣ, ဤ၊ ဇ–ငါးလီပြု၊ မှတ်ရှု ဣသိ၊ စရှိ နောက် ဂ၊ ဇ–ပြုရ၊ လိင်္ဂ သိ ပေ တစ်ချို့ ဇ ။*

သခ–နောင် ဂသိ–ကို အ, အာ, ဣ, ဤ, ဇ–ပြု၊ ဣသိ, ဘဒ္ဒန္တ–စသည်နောင်လည်း ဂသိ–ကို ဇ–ပြု၊ ဝနပ္ပဂုမ္ဗေ–စသည်၌ လိင်္ဂတ္ထ သိ–ကိုလည်း အချို့ဇ–ပြု။

ဘော သခ, သခါ, သခိ, သခီ, သခေ၊ ဘောန္တော သခါနော, သခါယော, သခိနော။

သခါနံ။

ရုပ်တွက်–

သခိနော–ကို သခ–တည်၊ ယော–သက်၊ သခတော စာယောနော–ဖြင့် ယော–ကို နော–ပြု၊ ခ်–ခွင်း, အ–ကြွင်း၊ သခန္တဿိ နောနာနံသေသု–ဖြင့် ဣ–ပြု။

http://www.dhammadownload.com

၁၉၆။ သုနမံသု ဝါ။

သု, နံ, အံ–ဝိဘတ်တို့ကြောင့် သခ–သဒ္ဒါ၏ အဆုံး အ–ကို အချို့ အာရ–ပြု။

သခါရံ, သခံ၊	သခါနော, သခါယော, သခိနော။
သခိနာ, သခေန၊	

၁၉၅။ အာရော ဟိမှိ ဝါ။

ဟိ–ဝိဘတ်ကြောင့် သခ–သဒ္ဒါ၏ အဆုံး အ–ကို အချို့ အာရ–ပြု။

	သခါရေဟိ, သခါရေဘိ, သခေဟိ, သခေဘိ။
သခ်နော, သခိဿ၊	သခါရာနံ, သခါနံ, သခီနံ။
သခိနာ (သ္မာ- ကို နာ- ဌ)	သခါရေဟိ, သခါရေဘိ, သခေဟိ, သခေဘိ။
သခိနော. သခိဿ၊	သခါရာနံ, သခါနံ, သခီနံ။

၁၉၂။ သ္မိံ ဧမ။

သခ–သဒ္ဒါနောင်မှ သ္မိံ–ဝိဘတ်ကို အမြဲ ဧ–ပြု။

(သ္မာသ္မိံနံ ဝါ–ဖြင့် ပြီးလျှက် ထပ်ဆိုခြင်းသည် နိစ္စဝိဓိ အကျိုးရှိ၏။)

သခေ.	သခါရေသု, သခေသု။

အာတုမာသဒ္ဒါ–

* *ပ, ဒု ၌သာ၊ အာတုမာကား၊ တူစွာ အတ္တ၊ ကြွင်းသမျှ၊ ပုရိသနှင့်တူ။*

အာတုမာ–သဒ္ဒါ ပထမာ, ဒုတိယာတို့၌ အတ္တ–နှင့်တူ၊ ကြွင်းတတိယာမှစ၍ ပုရိသနှင့်တူ။

အာတုမာ၊	အာတုမာနော။
ဘော အာတုမ, အာတုမာ၊	ဘောန္တော အာတုမာနော။
အာတုမာနံ, အာတုမံ၊	အာတုမာနော။(တတိယာမှ စ၍ အာတုမေန –စသည် ပုရိသသဒ္ဒါနှင့်တူ၏)

ရာဇာဒိဂိုဏ်းပြီး၏။

ရုပ်တွက်–

သခါရံ–၌ သုနမံသု ဝါ–ဖြင့် အာရ–ပြု၊ ရ်–ခွင်း, ချေ, ကပ်။

သခိနာ–၌ သခန္တဿိ နောနာနံသေသု–ဖြင့် ဣ–ပြု။

http://www.dhammadownload.com

ပုမာဒိဂိုဏ်း

*   *ပုရိသကား၊ ရုပ်စုံစွာနှင့်၊ ပုမာအတွက်၊ ထပ်၍စွက်၊ နှစ်ချက် ပုမာဂိုဏ်း။*

ပုမာဒိဂိုဏ်းသည် ပုရိသာဒိဂိုဏ်းလာ ရုပ်များနှင့် ပုမာဒိဂိုဏ်းလာ ရုပ်များဟု ၂–မျိုးရှိနိုင်သည်။

၁၅၂။ ပုမန္တဿာ သိမှိ။

သိ–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ပုမ–၏အဆုံး အ–ကို အာ–ပြု။

အန္တ–သဒ္ဒါပိုဖြင့် မဃဝ, ယုဝ–စသောသဒ္ဒါတို့၏ အဆုံး အ–ကို သိ–ဝိဘတ်နှင့် တကွ အာ–ပြု။

*   *သ္မိံ ယော သိ ဂ–နှောင်းဘိမူ၊ ရှေ့ရှိ ပုမ၊ အဆုံး အ–မှာ၊ ဝိဘတ်ပါ၊ အာနေ,အာနော, အာ နှင့် အံ။*

သ္မိံ, ယော, သိ, ဂ–သိ–နှောင်းရာ၌ ဝိဘတ်နှင့်တကွ ပုမ–၏အဆုံး အ–ကို အစဉ်အတိုင်း အာနေ, အာနော, အာ, အံ–ပြု။

ပုမာ၊ ပုမော၊

၁၅၅။ ယောသွာနော။

ယော–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ပုမ–သဒ္ဒါ၏ အဆုံး အ–ကို အာနော–ပြု။

ပုမာနော, ပုမာ။

၁၅၃။ အမာလပနေကဝစနေ။

ဂ–အမည်ရှိ သိ–ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ပုမ–သဒ္ဒါ၏ အဆုံး အ–ကို အံ–ပြု။

ဟေ ပုမံ, ပုမ, ပုမာ၊   ဟေ ပုမာနော, ပုမာ။

ပုမံ၊   ပုမာနော။

ရုပ်တွက်– ပုမာ–ကို ပုမ–တည်၊ သိ–သက်၊ ပုမန္တဿာသိမှိ–ဖြင့် သိ–ဝိဘတ်နှင့်တကွ ပုမ–၏အဆုံး အ–ကို အာ–ပြု။

သိ–ဖြင့် ပုမော–ရုပ်ကို ရူပသိဒ္ဓိ၌ မပြသော်လည်း မောဂ္ဂလာန်, သဒ္ဒနီတိတို့၌လာသည်။

ပုမာနော–ကို ပုမ–တည်၊ ယော–သက်၊ ယောသွာနော–ဖြင့် ဝိဘတ်နှင့်တကွ ပုမ–၏အဆုံး အ–ကို အာနော–ပြု။

ဟေ ပုမံ–ကို ပုမ–တည်၊ အာလုပ် သိ–သက်၊ အမာလပနေကဝစနေ–ဖြင့် ဂ–အမည်ရှိ သိ–ဝိဘတ်နှင့်
တကွ ပုမ–၏အဆုံး အ–ကို အံ–ပြု။

http://www.dhammadownload.com

၁၅၉။ ဥ နာမှိ စ။

နာ–ဝိဘတ်ကြောင့် ပုမ–၏ အဆုံး အ–ကို အာ–ပြု, ဥ–ပြု။

စ–သဒ္ဒါ အာကိုင်ခြင်း အနုကဍ္ဎနအနက်ရှိ၏။ (ကစ္စည်း)

ရူ–၌ကား– စ–သဒ္ဒါဖြင့် သ, သ္မာ–ဝိဘတ်တို့ကြောင့် ပုမ, ကမ္မ, ထာမ–သဒ္ဒါတို့၏ အဆုံး အ–ကို အချို့ ဥ–ပြု။ (ဤအစီရင်ကို ကစ္စည်းကျမ်း၌ ဟိဝိဘတ္တိမှိစ–၌ စ–ဖြင့် စီရင်သည်)

* *ဥ နာမှိ လာ၊ စ သဒ္ဒါကား၊ အာ–ကို ငင်မှု၊ ကစ္စည်း ပြုလည်း၊ ပုမ ကမ္မ၊ ထာမဒ္ဒ တို့၊ သနှင့် သ္မာ၊ နှောင်းလေရာ၊ ရူမှာ ဥ–ပြုဆို။*

* *ပုမ, ကမ္မ၊ ထာမန္တ–မှာ၊ ဥ–ပြုရာ၊ သ, နာ, သ္မာ–နှောင်း။*

သ, နာ, သ္မာ–နှောင်းရာ၌ ပုမ,ကမ္မ, ထာမ–သဒ္ဒါတို့၏ အဆုံး အ–ကို ဥ–ပြု။

* *ပုမ, ယုဝ၊ အဆုံး အ–မှာ၊ အာ–ပြုရာ၊ ချို့သာ နာ, သု–နှောင်း။*

အကမ္မန္တသဿ စ –၌ စ–သဒ္ဒါဖြင့် နာ, သု–နှောင်းရာ၌ မဃဝ, ယုဝ–၏ အဆုံး အ–ကို အချို့ အာ–ပြု၊ (ရူ+ကစ္စည်း) အန္တသဒ္ဒါဖြင့် ထာမ, အဒ္ဒ–တို့၏ အဆုံး အ–ကို ဥ–ပြု၊ (ရူ)

* *အကမ္မန္တ၊ သုတ် အန္တဖြင့်၊ ထာမ, အဒ္ဒ၊ အဆုံး အ–ကို၊ ဥ–ပြုဆို၊ ရူလို နာ–ကြောင့်သာ။*

ပုမာနာ, ပုမုနာ, ပုမေန၊

၁၅၇။ ဟိဝိဘတ္တိမှိ စ။

ဟိ–ဝိဘတ်ကြောင့် ပုမ–၏ အဆုံး အ–ကို အာနေ–ပြု။

စ–သဒ္ဒါဖြင့် သိ, ယော–စသော ဝိဘတ်အားလုံးကြောင့် မဃဝ, ယုဝ–စသည်တို့၏ အဆုံး အ–ကို အာန–ပြု၊ သ, သ္မာ–ဝိဘတ်တို့ကြောင့် ပုမ, ကမ္မ, ထာမသဒ္ဒါတို့၏ အဆုံး အ–ကို ဥ–ပြု။

* *ဟိ–နှောင်း ပုမ၊ အဆုံး အ–ပေ၊ ချို့ အာနေ–နှင့်၊ တစ်ထွေ လုံးစုံ၊ ဝိဘတ်ကုန်ကြောင့်၊ ပြုတုံ အာန၊ မဃဝ၊ ယုဝ–စသည်ဆုံး။*

ပုမာနေဟိ, ပုမာနေဘိ, ပုမေဟိ, ပုမေဘိ။

ပုမဿ, ပုမုနော၊ ပုမာနံ။

ရုပ်တွက်–

ပုမာနာ၊ ပုမုနာ–ကို ပုမ–တည်၊ နာ–သက်၊ ဥနာမှိ စ–ဖြင့် ပုမ–၏ အဆုံး အ–ကို အာ–ဥ–ပြု။

ပုမုနော–ကို ပုမ–တည်၊ သ–သက်၊ ဟိ ဝိဘတ္တိမှိ စ–၌ စ–ဖြင့် ပုမ–၏အဆုံး အ–ကို ဥ–ပြု။

ဣလဝဏ္ဏုဝဏ္ဏာ ဈလာ–ဖြင့် လ–အမည်မှည့်၊ ဈလတော သဿ နော ဝါ–ဖြင့် သ–ဝိဘတ်ကို နော,ပြု။

http://www.dhammadownload.com

၂၁၅။ ဈလတော စ။

စျ, လ–တို့နောင်မှ သွာ–ဝိဘတ်ကို နာ–ပြု။

ပုမသ္မာ, ပုမမှာ, ပုမာ, ပုမုနာ၊ ပုမာနေဟိ, ပုမာနေဘိ, ပုမေဟိ, ပုမေဘိ။
ပုမသ္မ, ပုမုနော၊ ပုမာနံ။

၁၅၆။ အာနေ သ္မိံ မှိ ဝါ။

သ္မိံ –ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ပုမ–၏အဆုံး အ–ကို အချို့ အာနေ–ပြု။

ပုမသ္မိံ, ပုမမှိ, ပုမေ, ပုမာနေ၊

၁၅၅၈။ သုသ္မိ မာ ဝါ။

သု–ဝိဘတ်ကြောင့် ပုမ–၏ အဆုံး အ–ကို အချို့အာ–ပြု။

ပုမာသု, ပုမေသု။

ရုပ်တွက်–

ပုမုနာ–ကို ပုမ–တည်၊ သ္မာ–သက်၊ ဟိ ဝိဘတ္တိမှိ စ–သုတ်၌ စ–သဒ္ဒါဖြင့် ပုမ–၏အဆုံး အ–ကို ဥ–ပြု၊ လ–အမည်မှည့်၊ ဈလတော စ–ဖြင့် သ္မာ–ကို နာ–ပြု။

ပုမာနေ–ကို ပုမ–တည်၊ သ္မိံ –သက်၊ အာနေ သ္မိံ မှိ ဝါ–ဖြင့် ဝိဘတ်နှင့်တကွ ပုမ–၏အဆုံး အ–ကို အာနေ–ပြု။

ပုမာသု–ကို ပုမ–တည်၊ သု–သက်၊ သုသ္မိမာ ဝါ–ဖြင့် ပုမ–၏ အဆုံး အ–ကို အာ–ပြု။

http://www.dhammadownload.com

ယုဝ–သဒ္ဒါ ပဒမာလာ

* *သိ–နှင့် သု, နာ၊ နှောင်းလေပါက၊ မဃဝ, ယုဝ၊ အဆုံး အ–မှာ၊ အာ–ပြုရာ၊ သိ–မှာ တကွပြု။*
* *လုံးစုံ ဝိဘတ်၊ နှောင်းတုံလတ်က၊ မဃဝ, ယုဝ၊ အဆုံးအ၊ အာန–ပြုမူ ပုဂ္ဂိုဏ်းတူ။*

ပုမန္တသဘာ သိမှ–၌ အန္တ– သဒ္ဒါဖြင့် သိ– ကြောင့် မဃဝ, ယုဝ–တို့၏ အဆုံး အ–ကို ဝိဘတ်နှင့်တကွ အာ–ပြု၊ အကမန္တဿ စ–၌ စ–ဖြင့် နာ, သု–ကြောင့် မဃဝ, ယုဝ–တို့၏ အဆုံး အ– ကို (ဝိဘတ် မပါဘဲ) အာ– ပြု။

(သိ, နာ, သု–မှတစ်ပါး ယုဝ–ဖြင့် ၁–မျိုး၊ ယုဝါန–ဖြင့် ၁–မျိုးအားဖြင့် ပုရိသ–အတိုင်း ပဒမာလာစဉ်လေ၊ ဟိဝိဘတ္တိမှိ စ–၌ စ–ဖြင့် ဝိဘတ်အားလုံးကြောင့် ယုဝ–၏ အဆုံး အ–ကို အာန–ပြု) (မဃဝ, ယုဝ–တို့၏ အဆုံး အ–ကို အာန–ပြုလျှင် ပုရိသာဒိဂိုဏ်းနှင့်တူ)

ပ။	ယုဝါ, ယုဝါနော၊	ယုဝါ, ယုဝါနာ။
အာ။	ဘော ယုဝ, ယုဝါ, ယုဝါန, ယုဝါနာ၊	ဘောန္တော ယုဝါ, ယုဝါနာ။
ဒု။	ယုဝံ, ယုဝါနံ၊	ယုဝေ, ယုဝါနေ။
တ။	ယုဝေန, ယုဝါနာ, ယုဝါနေန၊	ယုဝေဟိ, ဘိ, ယုဝါနေဟိ, ဘိ။
စ။	ယုဝဿ, ယုဝါနဿ	ယုဝါနံ, ယုဝါနာနံ။
ပီ။	ယုဝသ္မာ, ယုဝမှာ, ယုဝါ,	
	ယုဝါနသ္မာ, ယုဝါနမှာ, ယုဝါနာ၊	ယုဝေဟိ, ဘိ, ယုဝါနေဟိ, ဘိ။
ဆ။	ယုဝဿ, ယုဝါနဿ	ယုဝါနံ, ယုဝါနာနံ။
သ။	ယုဝသ္မိံ, ယုဝမှိ, ယုဝေ,	
	ယုဝါနသ္မိံ, ယုဝါနမှိ, ယုဝါနေ၊	ယုဝေသု, ယုဝါနေသု, ယုဝါသု။

http://www.dhammadownload.com

အဒ္ဓ–သဒ္ဒါ ပဒမာလာ

ပုမန္တသော သိမှိ–၌ အန္တ–သဒ္ဒါဖြင့် သိ–ကြောင့် အဒ္ဓ–၏ အဆုံး အ–ကို ဝိဘတ်နှင့်တကွ အာ–ပြု။

ယောသွာနော–ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် ယော–ကြောင့် ဝိဘတ်နှင့်တကွ အာနော–ပြု။

ဟိဝိဘတ္တိမှိ စ–၌ စ–ဖြင့် အံ, ဟိ, သု–တို့ကြောင့် အဒ္ဓ–၏ အဆုံး အ–ကို အာန–ပြု။

* *အဒ္ဓ–ဆုံး အ၊ တကွသိ, ယော၊ အာ, အာနောပြု၊ အံ, ဟိ, သု–မှ၊ ရှေ့အာန–ဖြာ၊ သု–နှောင်း အာ၊ ဥ–မှာ သ္မာ, နာ, သ–နှောင်း။*

* *ဂ, အံ, နာ, သ၊ နံ–နှောင်းကမူ၊ ပုဂ္ဂိုဏ်းတူ၊ မှတ်ယူထပ်၍တိုး။*

* *နာ အဒ္ဓနာ၊ သ္မိံ မှာပေ၊ အဒ္ဓါနေနှင့်၊ တစ်ထွေ အဒ္ဓနိ၊ နှစ်မျိုးရှိ မှတ်သိ ရုပ်ထူးသုံး။*

* *ဂ, နံနှောင်းရာ၊ ပုတိုင်းသာနှင့်၊ အံ, နာ, သ–မူ၊ တူ မတူ၊ မှတ်ယူ အဒ္ဓမှာ။*

အဒ္ဓါ၊	အဒ္ဓါနော။
ဘော အဒ္ဓ, အဒ္ဓါ၊	ဘောန္တော အဒ္ဓါနော။
အဒ္ဓံ, အဒ္ဓါနံ၊	အဒ္ဓါနော။
အဒ္ဓေန, အဒ္ဓနာ, အဒ္ဓုနာ၊	အဒ္ဓါနေဟိ, အဒ္ဓါနေဘိ။
အဒ္ဓဿ, အဒ္ဓုနော၊	အဒ္ဓါနံ။
အဒ္ဓုနာ၊	အဒ္ဓါနေဟိ, အဒ္ဓါနေဘိ။
အဒ္ဓဿ, အဒ္ဓုနော၊	အဒ္ဓါနံ။
အဒ္ဓနိ, အဒ္ဓါနေ၊	အဒ္ဓါနေသု။

ပုမာဒိဂိုဏ်းပြီး၏။

ပုလ္လိင်အကာရန္တပြီး၏။

http://www.dhammadownload.com

အာကာရန္တ ပုလ္လိင်

ပုလ္လိင် အာကာရန္တ သဒ္ဒါကား–သာ–သဒ္ဒါတည်း။

သာ = ခွေးသည်၊ တိဋ္ဌတိ။ (သာ–သဒ္ဒါတည်၊ သိ–ခွေး)

၈၄။ အဃောရဿ မေကဝစနယောသွပိ စ။

ဣတ္ထိလိင်, ပုလ္လိင် သိ–မှကြွင်းသော ဧကဝုစ်ဝိဘတ်, ယော–ဝိဘတ်တို့ကြောင့် ဃ–မဟုတ်သော ဒီဃကို ရဿ–ပြု။

* *ဧကဝုစ်ဝိ၊ ထီ, ပုံသိ–ချန်၊ ယော–နှောင်းပြန်က၊ ကြဉ်ဖယ် ဃ၊ ရဿပြုလေဘိ။*

	သာ တိဋ္ဌန္တိ။
ဟေသ,(အာကာရော ဝါ–ဖြင့် ရဿပြု) ဟေသာ၊	ဘောန္တော သာ။
သံ၊ (ခွင်း, ခေ, ကပ်)	သေ။
သေန၊ (ရဿပြု, နေ–ပြု)	သာဟိ, သာဘိ။
သဿ,	

၁၀၉။ အာယ စတုတ္ထေကဝစနဿ တု။

အကာရန္တနောင် စတုတ္ထီဧကဝုစ် သ–ကို အာယ ပြု၊ တုသဒ္ဒါဖြင့် အံ–ပြု၊ တ္ထံ–ပြု၊ အတ္ထံ–လည်းပြု။

* *စတုတ္ထီ သ၊ အ–နောင်မှ၊ အာယ နှင့် အံ, တ္ထံ, အတ္ထံ။* (တ္ထံ–ကို ထံ–ဟုဖတ်)

(သာယ)၊	သာနံ။
သဿာ, သမှာ, သာ၊	သာဟိ, သာဘိ။

ရုပ်တွက်–

သာ တိဋ္ဌန္တိ–၌ သာ–တည်၊ ယော–သက်၊ အဃော ရဿ–စသောသုတ်ဖြင့် ရဿပြု၊ သဗ္ဗယောနီန မာဧ–ဖြင့် အာ–ပြု။ (ဧကဝုစ် ဝိဘတ်, ယော–ဝိဘတ်နှောင်းတိုင်း ရဿပြု၍ ပုရိသာဒိဂိုဏ်းအတိုင်းစီရင်)

http://www.dhammadownload.com

သဿ၊ သာနံ။
သသ္မိံ, သမှိ, သေ၊ သာသု။

ပစ္စက္ခမော, ဂါဏ္ဍီဝဓနွာ စသည်တို့သည်လည်း ဤအတူတည်း။

ပုလ္လိင်အာကာရန္တ ပြီး၏။

ပုလ္လိင် ဣကာရန္တ

ပုလ္လိင် ဣကာရန္တသဒ္ဒါကား အဂ္ဂိ–သဒ္ဒါတည်း။

၉၅။ အဂ္ဂိဿိနိ။

သိ–ဝိဘတ်ကြောင့် အဂ္ဂိ–သဒ္ဒါ၏ အဆုံး ဣ–ကို ဣနိ–ပြု။

* *အဂ္ဂိ ဆုံး ဣ၊ သိ–နှောင်းဘိ၊ ဣနိ–ရံခါပြု။*

အဂ္ဂိနိ၊ အဂ္ဂိ။

၁၁၈။ ဃပတော စ ယောနံ လောပေါ။

ဃ, ပ, ဈ, လတို့နောင်မှ ယော–ဝိဘတ်တို့ကို အချို့ ချေ။

* *ဃ, ပ, ဈ, လ၊ နောက်ယော–ကျ၊ ကျေရ ယော–မှာ ရံတစ်ခါ။*

၈၈။ ယောသု ကတနိကာရလောပေသု ဒီဃံ။

ယော ကျေရာ, ယော–ကို နိ–ပြုရာတို့၌ ရှေ့သရကို ဒီဃပြု။

* *ယော–ကျေ တစ်ဖြာ၊ နိ–ပြုရာ၊ ရှေ့မှာ ဒီဃပြု။*

အဂ္ဂီ။

ရုပ်တွက်–

အဂ္ဂိ–၌ သိ–သက်, ချေ။

အဂ္ဂိနိ–၌ အဂ္ဂိဿိနိ–ဖြင့် အဂ္ဂိ–၏ အဆုံး ဣ–ကို ဣနိ–ပြု၊ သိ–ချေ။

အဂ္ဂီ–ကို အဂ္ဂိ–တည်၊ ယော–သက်၊ ဈ–မှည့်၊ ဃပတော စ ယောနံ လောပေါ–ဖြင့် ယောချေ၊ ယောသု ကတ–စသောသုတ်ဖြင့် ဒီဃ–ပြု။

http://www.dhammadownload.com

၉၆။ ယောသွကတရဿော ဇော။

ယော–ဝိဘတ်ကြောင့် ပင်ကိုယ်ရဿဖြစ်သော ဈအမည်ရှိ ဣ–ကို အ–ပြု။

* *ပင်ကိုယ် ရဿ၊ ဈ နှင့် လ–မှာ၊ နှောင်းရာ ယောနှင့်၊ ဧဝ, ဝေါဆင့်၊ စဉ်ဖြင့် အ–ပြုလေ။*

ယော–နှောင်းလျှင် ပင်ကိုယ်ရဿဖြစ်သော ဈ–ကို အ–ပြု၊ ဧဝ, ဝေါ– နှောင်းလျှင် ပင်ကိုယ်ရဿဖြစ်သော လ–ကို အ–ပြု။

အဂ္ဂယော။

ဟေ အဂ္ဂိ၊	ဟေ အဂ္ဂီ, အဂ္ဂယော။

၈၂။ အံမော နိဂ္ဂဟီတံ ဈလပေဟိ။

ဈ, လ, ပ တို့နောင်မှ အံ–ဝိဘတ်, မ–အက္ခရာတို့ကို နိဂ္ဂဟိတ်ပြု။

* *အ, အာ–နောက်မှာ၊ အံ–ရောက်လာက၊ အ, အာ–ကျေရ၊ ဈ, လ, ပ–နောက်၊ အံ–ဝင်ရောက်၊ မဖောက် အံ–ကို နိဂ္ဂဟိတ်။*

အ, အာနောက်၌ အံရောက်လျှင် အ, အာကျေရသည်၊ ဈ, လ, ပ နောက် အံရောက်လျှင် အံ–ကို နိဂ္ဂဟိတ်ပြုရသည်။

အဂ္ဂိံ၊	အဂ္ဂီ, အဂ္ဂယော။
အဂ္ဂိနာ၊	အဂ္ဂီဟိ, အဂ္ဂီဘိ, အဂ္ဂိဟိ, အဂ္ဂိဘိ။
အဂ္ဂိဿ, အဂ္ဂိနော၊	အဂ္ဂီနံ, အဂ္ဂိနံ။
အဂ္ဂိသ္မာ, အဂ္ဂိမှာ, အဂ္ဂိနာ၊	အဂ္ဂီဟိ, အဂ္ဂီဘိ, အဂ္ဂိဟိ, အဂ္ဂိဘိ။
အဂ္ဂိဿ, အဂ္ဂိနော၊	အဂ္ဂီနံ, အဂ္ဂိနံ။
အဂ္ဂိသ္မိံ, အဂ္ဂိမှိ၊	အဂ္ဂီသု, အဂ္ဂိသု။

ရုပ်တွက်–

အဂ္ဂယော–ကို အဂ္ဂိ–တည်၊ ယော–သက်၊ ဈ–မှည့်၊ ယောသွကတရဿော ဇော–ဖြင့် အ–ပြု။

အဂ္ဂိံ–၌၊ အံ–သက်၊ ဈ–မှည့်၊ အံမောစသောသုတ်ဖြင့် အံ–ကို ဣ–အထက်၌ နိဂ္ဂဟိတ်ပြု။

အဂ္ဂီဟိ, အဂ္ဂီနံ, အဂ္ဂီသု–တို့၌ သုနံဟိသု စ–ဖြင့် ဒီဃ–ပြု။

အဂ္ဂိနော–၌ သ–သက်၊ ဈ–မှည့်၊ ဈလတော သဿ နော ဝါ–ဖြင့် သ–ကို နော–ပြု။

အဂ္ဂိနာ–၌ သ္မာ–သက်၊ ဈ–မှည့်၊ ဈလတော စ–ဖြင့် သ္မာ–ကို နာ–ပြု။

http://www.dhammadownload.com

ဤအတူ––

ဇောတိ ပါဏိ ဂဏ္ဌိ မုဋ္ဌိ၊ ကုစ္ဆိ ဝတ္ထိ သာလိ ဝီဟိ။
ဗျာဓိ ဩဓိ ဗောဓိ သန္ဓိ၊ ရာသိ ကေသိ သာတိ ဒီပိ။
ဣသိ မုနိ မဏိ ဓနိ၊ ယတိ ဂိရိ ရဝိ ကဝိ။
ကပိ အသိ မသိ နိဓိ၊ ဝိဓိ အဟိ ကိမိ ပတိ။
ဟရိ အရိ တိမိ ကလိ၊ ဗလိ ဇလဓိ ဂဟပတိ။
ဥရုဓိတိ ဝရပတိ နိရုပဓိ၊ အဓိပတိ။
အဉ္ဇလိ သာရထိ အတိထိ သမာဓိ ဥဒဓိ–စသော သဒ္ဒါတို့ကိုလည်းသိလေ။

အာဒိ–သဒ္ဒါသည်ကား သ္မိံဝိဘတ်၌သာ ထူး၏။

အာဒိ၊	အာဒီ, အာဒယော။
ဘောအာဒိ၊	ဘောန္တော အာဒီ, အာဒယော။
အာဒိံ၊	အာဒီ, အာဒယော။
အာဒိနာ၊	အာဒီဟိ, အာဒီဘိ, အာဒိဟိ, အာဒိဘိ– စသည်။

၆၉။ အာဒိတော ဩ စ။

အာဒိ–သဒ္ဒါနောင် သ္မိံ–ကို အံ, ဩ–ပြု။
စ–သဒ္ဒါဖြင့် အခြားသဒ္ဒါနောင်လည်း အံ, ဩ, အာ–ပြု။
* *အာဒိ–နောက်ရှိ၊ သ္မိံဝိ ကား၊ အံ, ဩ–ထား၊ အခြားနောက်မှာ အံ, ဩ–အာ။။*
အာဒိသ္မိံ, အာဒိမှိ, အာဒိံ, အာဒေါ။ အာဒီသု၊ အာဒိသု။

ပုလ္လိင် ဣကာရန္တပြီး၏။

ရုပ်တွက်–

အာဒိံ–ကို အာဒိ–တည်၊ သ္မိံ–သက်၊ အာဒိတော ဩ စ–ဖြင့် သ္မိံ–ကို အံ–ပြု၊ ဣ–ကို ဈ–မည်၊ အံမော နိဂ္ဂဟီတံ ဈလပေဟိ–ဖြင့် အံ–ကို နိဂ္ဂဟီတ်ပြု။

အာဒေါ–၌ သ္မိံ–ကို ဩ–ပြု၊ ခွင်း, ချေ, ကပ်။

http://www.dhammadownload.com

ပုလ္လိင် ဣကာရန္တ

ပုလ္လိင် ဣကာရန္တ သဒ္ဒါကား ဒဏ္ဍီ- သဒ္ဒါတည်း။

၈၅။ န သိသ္မိမနပုံသကာနိ။

သိ–ဝိဘတ်ကြောင့် နပုလ္လိင်မဟုတ်ကုန်သော ဒီဃသရတို့ကို ရဿ–မပြုရ။

ဒဏ္ဍီ၊ ဒဏ္ဍီ။(စျ–မှည့် ယော–ချေ)

၂၂၅။ ယောနံ နော။

ပြုအပ်ပြီးသော ရဿအဖြစ်ရှိသော ဈ–နောင်မှ ယော ဝိဘတ်တို့ကို နော–ပြု။

ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် မပြုမပြင် ပင်ကိုယ် ရဿ ဈ–နောင်လည်း နော–ပြု။

* *ရဿပြု ဈ၊ နောက်ကရံခါ၊ အံ–မှာ နံ–ပြု၊ ယော နော–ပြု၊ နိ–ပြု သ္မိံ ဝိ။*

* *ပင်ကိုယ်ရဿ၊ ဈ–နောင်မှလည်း၊ ချို့မှု အံ–နံ၊ ယော–နော–မှန်၊ တစ်ဖန် သ္မိံ –နိ။*

ဒဏ္ဍိနော။

၂၄၅။ ဈလပါ ရဿံ။

ဂ, သိ–ကြောင့် ဈ, လ, ပ–မည်သော ဒီဃသရကို ရဿပြု။

* *ဂ–သိ ရှေ့မှ၊ ဈ, လ, ပ၊ ရဿအမြဲပြု။*

ဘော ဒဏ္ဍိ၊ ဘောန္တော ဒဏ္ဍီ, ဒဏ္ဍိနော။

ရုပ်တွက်–

ဒဏ္ဍီ–၌ သိ–သက်၊ န သိသ္မိမနပုံသကာနိ–ဖြင့် တားမြစ်သောကြောင့် ရဿ မပြုရ၊ သိ, ချေ။

ဒဏ္ဍိနော–၌ ယော–သက်၊ ဈ–မှည့်၊ အယော ရဿ–ဖြင့် ရဿ–ပြု၊ ယောနံ နော–ဖြင့် နော–ပြု။

ဘောဒဏ္ဍိ–၌ အာလုပ်သိ–သက်၊ ဂ–မှည့်၊ ဣ–ကို ဈ–မှည့်၊ ဈလပါရဿံ–ဖြင့် ဈ–မည်သော ဣ–ကို ရဿ–ပြု၊ သိ, ချေ။

http://www.dhammadownload.com

မှတ်ချက်။ ။ဂသိ မှတစ်ပါးသော ကေဝုစ်ဝိဘတ်နှောင်းတိုင်း အဃော ရဿ–စသောသုတ်ဖြင့် ရဿ ပြုလေ။ ရဿပြုမှတစ်ပါး ကြွင်း အင်္ဂ–သဒ္ဒါနှင့်တူသည်။

၂၂၄။ နံ ဈတော ကတရဿာ။

ပြုအပ်ပြီးသော ရဿအဖြစ်ရှိသော ဈ–နောင်မှ အံ–ကို နံ–ပြု။

နံ ဈတော–ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် ပင်ကိုယ်ရဿဈနောင် အံ–ကို နံ–ပြု။

ဒဏ္ဍိနံ, ဒဏ္ဍိံ၊ ဒဏ္ဍိ, ဒဏ္ဍိနော။
ဒဏ္ဍိနာ၊ ဒဏ္ဍီဟိ, ဒဏ္ဍီဘိ။
ဒဏ္ဍိဿ, ဒဏ္ဍိနော၊ ဒဏ္ဍီနံ။
ဒဏ္ဍိသ္မာ, ဒဏ္ဍိမှာ, ဒဏ္ဍိနာ၊ ဒဏ္ဍီဟိ, ဒဏ္ဍီဘိ။
ဒဏ္ဍိဿ, ဒဏ္ဍိနော၊ ဒဏ္ဍီနံ။

၂၂၆။ သ္မိံ နိ။

ပြုအပ်ပြီးသော ရဿအဖြစ်ရှိသော ဈ–နောင်မှ သ္မိံ–ကို နိ–ပြု။

သ္မိံ နိ–ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် ပင်ကိုယ်ရဿ ဈနောင်မှ သ္မိံ–ကို နိ–ပြု။

ဒဏ္ဍိသ္မိံ, ဒဏ္ဍိမှိ, ဒဏ္ဍိနိ၊ ဒဏ္ဍီသု။

ဤအတူ– ဝမ္မီ သံဃီ ဉာဏီ ဟတ္ထီ၊ စက္ကီ ပက္ခီ ဒါဌီ ရဋ္ဌီ။
ဆတ္တီ မာလီ ဝမ္မီ ယောဂီ၊ ဘာဂီ ဘောဂီ ကာမီ သာမီ။
ဓဇီ ဂဏီ သသီ သိခီ–စသော သဒ္ဒါတို့ကိုလည်း သိလေ။

ရုပ်တွက်–

ဒဏ္ဍိနံ–ကို ဒဏ္ဍီ–တည်၊ အံ–သက်၊ ဈ–မှည့်၊ ရဿပြု၊ နံ ဈတော ကတရဿာ–ဖြင့် အံ–ကို နံ–ပြု။

ဒဏ္ဍိံ –၌ အံ–သက်၊ ဈ–မှည့်၊ အဃောရဿ–စသောသုတ်ဖြင့် ဤ–ကို ရဿ–ပြု၊ အံမောနိဂ္ဂဟီတံ စသောသုတ်ဖြင့် ဈ နောင်မှ အံ–ကို နိဂ္ဂဟိတ် ပြု။

သ္မာ–ဝိဘတ်ဖြင့် ဒဏ္ဍိနာ–ကို ဈ–မှည့်၊ ရဿ–ပြု၊ ဈလတော စ–ဖြင့် သ္မာ–ကို နာ–ပြု။

http://www.dhammadownload.com

ဂါမဏီ သဒ္ဒါ၌ သတ္တမီ ဝိဘတ် နိ–အပြု မရှိခြင်းသာ ထူး၏။

ဂါမဏိသ္မိံ , ဂါမဏိမှိ၊ ဂါမဏီသု။ (ဒဏ္ဍိနိ–ရှိသကဲ့သို့ ဂါမဏိနိ–ဟု မရှိနိုင်)

ပုလ္လိင် ဤကာရန္တပြီး၏။

ပုလ္လိင် ဥကာရန္တ

ပုလ္လိင် ဥကာရန္တသဒ္ဒါကား ဘိက္ခု–သဒ္ဒါတည်း။

ဘိက္ခု၊ ဘိက္ခူ။ (ယော–ချေ၊ ဒီဃပြု)

၁၁၉။ လတော ဝေါက္ကာရေ စ။

လ–နောင်မှ ယော–ကို ဝေါ–ပြု။

ကာရ–သဒ္ဒါပိုဖြင့် လ–နောင် ယော–ကို အချို့ နော–ပြု။

* *လ–နောင်မှ ယော၊ အချို့ ဝေါ–နှင့်၊ ချို့ နော–ပြုရာ၊ တစ်ချို့မှာ၊ နှစ်ဖြာ ဝေါ, နော–ပြု။*

၁၁၆။ ဝေဝေါသု လော စ။

ဝေ, ဝေါ အပြုတို့ကြောင့် ပင်ကိုယ်ရသ လ–မည်သော ဥ–ကို အ–ပြု။

ဘိက္ခဝေါ။

ဘော ဘိက္ခု၊ ဘောန္တော ဘိက္ခူ။

အကတရဿာ လတော ယွာလပနဿ ဝေဝေါ။

ပင်ကိုယ်ရဿ လ–မည်သော ဥ–နောင်မှ အာလုပ် ယော–ကို ဝေ, ဝေါ–ပြု။

* *ပင်ကိုယ်ရဿ၊ လ–နောင်မှ၊ ပြုရ ဝေ, ဝေါ အာလုပ်ယော။*

ဘိက္ခဝေ, ဘိက္ခဝေါ။

ရုပ်တွက်–

ဘိက္ခဝေါ–၌ ယော–သက်၊ လ–မှည့်၊ လတော ဝေါက္ကာရေ စ–ဖြင့် ယော–ကို ဝေါ–ပြု၊ ဝေဝေါသု လော စ–ဖြင့် ပင်ကိုယ်ရဿ လ–မည်သော ဥ–ကို အ–ပြု။

ဘိက္ခဝေ, ဘိက္ခဝေါ–၌ အာလုပ် ယော–သက်၊ လ–မှည့်၊ အကတရဿာ လတော–စသော သုတ်ဖြင့် ဝေ–ပြု, ဝေါ–ပြု၊ ဝေဝေါသု လော စ–ဖြင့် လ–မည်သော ဥ–ကို အ–ပြု။

ကြွင်းသော ရုပ်များ အဂ္ဂိ–နှင့်တူ၊ ဈ–အမည်နှင့် လ–အမည်သာထူးသည်။

http://www.dhammadownload.com

ဘိက္ခုံ၊	ဘိက္ခူ, ဘိက္ခဝေါ။
ဘိက္ခုနာ၊	ဘိက္ခူဟိ, ဘိက္ခူဘိ, ဘိက္ခုဟိ, ဘိ။
ဘိက္ခုဿ, ဘိက္ခုနော၊	ဘိက္ခူနံ, ဘိက္ခုနံ။
ဘိက္ခုသ္မာ, ဘိက္ခုမှာ, ဘိက္ခုနာ၊	ဘိက္ခူဟိ, ဘိ, ဘိက္ခုဟိ, ဘိ။
ဘိက္ခုဿ, ဘိက္ခုနော၊	ဘိက္ခူနံ, ဘိက္ခုနံ။
ဘိက္ခုသ္မိံ, ဘိက္ခုမှိ၊	ဘိက္ခူသု, ဘိက္ခုသု။

ဤအတူ–

သေတု, ကေတု, ရာဟု, ဘာဏု, ဗန္ဓု, ဟေတု, ဇန္တု–စသော သဒ္ဒါတို့ကို သိလေ။

ဟေတုသဒ္ဒါ၌ ယော–အတိုင်းထားသော ဟေတုယော–တစ်ရုပ်ပို၏၊ ဇန္တု–၌ ယော အတိုင်းထားသော ရုပ်၊ ယော–ကို နော–ပြုသော ရုပ် ၂–ရုပ်ပို၏။

* *ဟေတု သဘော၊ ဟေတုယော–ပို၊ ဇန္တု–ကိုကား၊ ယော–တိုင်းထား၊ တစ်ခြား နော လည်းပို။*

ဟေတူ, ဟေတဝေါ, ဟေတုယော–စသည်။

ဇန္တူ, ဇန္တဝေါ, ဇန္တုယော, ဇန္တုနော–စသည်။

သတ္ထာဒိဂိုဏ်း

၁၉၉။ သတ္ထုပိတာဒီနမာ သိသ္မိံ သိလောပေါ စ။

သတ္ထု, ပိတု–စသော သဒ္ဒါတို့၏ ဥ–ကို သိ–နှောင်းရာ၌ အာ–ပြု၍ သိ–ဝိဘတ်ကိုလည်း ချေ။

* *သတ္ထု, ပိတု၊ စသည် ဥ–မှာ၊ သိ–နှောင်းအာ–ပြု၊ သ–နှောင်း ဥ၊ နှစ်ခု သိ, သကျေ။*

သတ္ထာ။

ရုပ်တွက်–

ဇန္တုနော–ကို ဇန္တု–တည်၊ ယော–သက်၊ လ–မှည့်၊ လတော ဝေါကာရော စ–၌ ကာရ–သဒ္ဒါပိုဖြင့် ယော–ကို နော–ပြု။

သတ္ထာ–ကို သတ္ထု–တည်၊ သိ–သက်၊ သတ္ထုပိတာဒီနမာ–စသော သုတ်ဖြင့် သတ္ထု–အဆုံး ဥ–ကို အာ–ပြု၍ သိ–ကိုလည်းချေ။

http://www.dhammadownload.com

၂၀၀။ အညေသွာရတ္တံ။

သိ–မှကြွင်းသော ဝိဘတ်တို့ကြောင့် သတ္ထု, ပိတု–စသော သဒ္ဒါတို့၏ အဆုံး ဥ–ကို အာရ–ပြု။

* *သတ္ထု, ပိတု, စသည် ဥ–မှာ, အာရ–သာ, နှောင်းရာ ဝိဘတ် သိ, သ–လပ်။*

၂၀၅။ တတော ယောနမောတု။

အာရ အပြုနောင်မှ ယော–ကို ဩ–ပြု။

တု–သဒ္ဒါဖြင့် အာရမဟုတ်သော သဒ္ဒါနောက်၌လည်း ယော–ကို ဩ–ပြု။

* *အာရ–နောက်ကျော, သ္မိံ, ယော, နာ, ဋ္ဌ, ဩ, အာ, ဋ္ဌ–မှာ ရှေ့ရဿ။*

* *အာရ–မနှော, သ္မိံ, ယော, ဋ္ဌ, ဩ–အချို့ပြု။*

အာရ–အပြုမှနောက်ဖြစ်သော သ္မိံ–ကို ဋ္ဌ–ပြု, ယော–ကို ဩ–ပြု, နာ–ကို အာ–ပြု, ဋ္ဌ–အပြု၏ ရှေ့မှ အာရ–၏ အာ–ကို ရဿ– ပြု။

အာရ–မဟုတ်သော သဒ္ဒါနောက်၌လည်း သ္မိံ–ကို ဋ္ဌ–ပြု, ယော–ကို ဩ–ပြု။

	သတ္ထာရော၊
ဘောသတ္ထ, သတ္ထာ၊	ဘောန္တော သတ္ထာရော။
သတ္ထာရံ၊	သတ္ထာရေ, သတ္ထာရော။

၂၀၇။ နာ အာ။

အာရအပြုနောင်မှ နာ–ကို အာ–ပြု။

သတ္ထာရာ, သတ္ထုနာ၊ သတ္ထာရေဟိ, သတ္ထာရေဘိ။

ရုပ်တွက်–

သတ္ထာရော–ကို သတ္ထု–တည်၊ ယော–သက်၊ အညေသွာရတ္တံ–ဖြင့် အာရ–ပြု၊ တတော ယောနမောတု–ဖြင့် ယော–ကို ဩ–ပြု။ (ဘော သတ္ထ, သတ္ထာ–၌ အကာရပိတာဒျန္တာနမာ, အာကာရော ဝါ–တို့ဖြင့် စီရင်)

သတ္ထာရာ–ကို သတ္ထု–တည်၊ နာ–သက်၊ ဥ–ကို အာရ–ပြု၊ နာ အာ–ဖြင့် နာ–ကို အာ–ပြု၊ ချေကပ်။

http://www.dhammadownload.com

၂၀၃။ ဥ သသ္မိံ သလောပေါ စ။

သ–ကြောင့် သတ္ထု, ပိတု စသော သဒ္ဒါတို့၏ ဥ–ကို ဥ–ပြု၍ သ–ကိုလည်းချေ။

သတ္ထု, သတ္ထုဿ, သတ္ထုနော၊

၂၀၁။ ဝါ နံမှိ။

နံ–ကြောင့် သတ္ထု, ပိတု စသော သဒ္ဒါတို့၏ အဆုံး ဥ–ကို အချို့ အာရ–ပြု။

သတ္ထာရာနံ။

၂၀၂။ သတ္ထုနတ္တဉ္စ။

နံ–ဝိဘတ်ကြောင့် သတ္ထာဒိဂိုဏ်း သဒ္ဒါတို့၏ အဆုံး ဥ–ကို အ–ပြု။

*   *သတ္ထု, ပိတု၊ စသည် ဥ–မှာ၊ နံ နှောင်းရာ၊ ရှဲခါ အ–လည်းပြု။*

သတ္ထာနံ, (ဥ–ကို အ–ပြု၊ အ–ကို အာ–ဒီဃပြု) သတ္ထူနံ။

သတ္ထာရာ၊(သ္မာ–ကို နာ–ပြဲ၊ ဥ–ကို အာရ ပြု၊ နာ–ကို အာ ပြု) သတ္ထာရေဟိ, သတ္ထာရေဘိ။

သတ္ထု, သတ္ထုဿ, သတ္ထုနော၊ သတ္ထာရာနံ, သတ္ထာနံ, သတ္ထူနံ။

၂၀၆။ တတော သ္မိမိ။

အာရ–အပြုနောင်မှ သ္မိံ–ကို ဣ–ပြု။

တတော–သဒ္ဒါပိုဖြင့် အာရ–အပြုမဟုတ်သောသဒ္ဒါနောက်၌လည်း သ္မိံ–ကို ဣ–ပြု။

ရုပ်တွက်–

သတ္ထာရေဟိ, သတ္ထာရေဘိ–၌ ဟိ–သက်၊ အဉ္ဉေသွာရတ္တံ–ဖြင့် အာရ–ပြု၊ သုဟိသွ ကာရော ဧ–ဖြင့် ဧ–ပြု။

သတ္ထု–ကို သတ္ထု–တည်၊ သ–သက်၊ ဥ သသ္မိံ သလောပေါ စ–ဖြင့် ဥ–ကို ဥ–ထပ်ပြု၍ သ–ကိုလည်းချေ။

သတ္ထုနော–ကို သတ္ထု–တည်၊ သ–သက်၊ ဥ–ကို လ–မှည့်၊ ဈလတော သဿ နော ဝါ–ဖြင့် သ–ကို နော–ပြု။

http://www.dhammadownload.com

၂၀၈။ အာရော ရဿမိကာရေ။

ဣ–အက္ခရာကြောင့် အာရ–အပြု၏ အာ–ကို ရဿ–ပြု။

သတ္ထရိ၊ သတ္ထာရေသု, သတ္ထုသု။

ဤအတူ– ကတ္တာ, ဘတ္တာ, ဝတ္တာ–စသည်ကို သိလေ။

၂၀၉။ သကမန္ဓာတာဒီနဉ္စ။

သ–ဝိဘတ်ကြောင့် သကမန္ဓာတုစသော သဒ္ဒါတို့၏ အဆုံးဥ–ကို ဥ–ပြု၍ သ–ကိုချေ။

သကမန္ဓာတု, မဟာမန္ဓာတု။

(သတ္ထု–နှင့်တူသော်လည်း နိစ္စဝိဓိအကျိုးငှာ ထပ်၍ဆိုသည်)

* *သုံးကြောင့် ဝိကပ်၊ သုံးကြောင့်လပ်၊ ရှစ်ရပ် အာရမြဲ။*
* *နာ, နံ–ဝိကပ်၊ သိ, သ–လပ်၊ ရှစ်ရပ် ကြွင်းကြောင့်မြဲ။*

နာ နှင့် နံ ၂–လုံးအားဖြင့် ဝိဘတ် ၃–လုံးကြောင့် ရံခါ အာရ–ပြု၊ သိ နှင့် သ ၂–လုံးအားဖြင့် ဝိဘတ် ၃– လုံးကြောင့် အာရ–အပြု လစ်လပ်သည်၊ ကြွင်း ဝိဘတ် ၈–လုံးကြောင့် အမြဲ အာရ–ပြု။ (ဤအဆို သတ္ထု–သဒ္ဒါနှင့်သာ ဆိုင်သည်)

ပိတု သဒ္ဒါ ရုပ်ထူးပုံကား (အာရ–အပြု မမြဲ)

ပိတာ၊

၂၁၀။ ပိတာဒီနမသိမှိ။

ပိတု စသည်တို့၏ အာရ–အပြုမှန်သမျှ အာ–ကို အ–ရဿပြု။

* *ပိတာဒိ–မှ၊ ဖြစ် အာရ၊ ရဿ အကုန်ပြု။*

ပိတရော။

ရုပ်တွက်–

သတ္ထရိ–၌ အာရ–ပြု၊ တတော သ္မိမိ–ဖြင့် သ္မိံ–ကို ဣ–ပြု၊ အာရော ရဿ မိကာရေ–ဖြင့် ရဿပြု။

ပိတရော–ကို ပိတု–တည်၊ ယော–သက်၊ ဥ–ကို အာရ–ပြု၊ ယော–ကို ဩ–ပြု၊ ပိတာဒီနမသိမှိ–ဖြင့် အာရ–၏ အာ–ကို အ–ရဿပြု။ (ပိတရိ–မှတစ်ပါး ပိတာဒီနမသိမှိ–ဖြင့်ချည်း ရဿပြု)

http://www.dhammadownload.com

ဘော ပိတ, ပိတာ၊	ဘောန္တော ပိတရော။
ပိတရံ၊	ပိတရော, ပိတရေ။
ပိတရာ, ပိတုနာ၊	ပိတရေဟိ, ဘိ, ပိတူဟိ, ဘိ, ပိတုဟိ, ဘိ။
ပိတု, ပိတုဿ, ပိတုနော၊	ပိတရာနံ, ပိတာနံ, ပိတူနံ, ပိတုနံ။
ပိတရာ၊	ပိတရေဟိ, ဘိ, ပိတူဟိ, ဘိ, ပိတုဟိ, ဘိ။
ပိတု, ပိတုဿ, ပိတုနော၊	ပိတရာနံ, ပိတာနံ, ပိတူနံ, ပိတုနံ။
ပိတရိ၊(အာရော ရဿမိကာရေ–ဖြင့် ရဿ–ပြု)	ပိတရေသု, ပိတူသု, ပိတုသု။

ဤအတူ––

ဘာတာ ဇာမာတာ စသည်တို့ကိုလည်းသိလေ။

မှတ်ချက်။ သတ္ထာဒိဂိုဏ်း၌ သတ္ထုနှင့်တူသော သဒ္ဒါနည်း၏၊ ပိတုနှင့်တူသည်သာများ၏။

သတ္ထာဒိဂိုဏ်းပြီး၏။

ပုလ္လိင် ဥကာရန္တ ပြီး၏။

ပုလ္လိင်ဦကာရန္တ

ပုလ္လိင် ဦကာရန္တ သဒ္ဒါကား အဘိဘူ–သဒ္ဒါတည်း။

အဘိဘူ၊ **(သိ–ချေ)**	အဘိဘူ,**(ယော–ကိုချေ)** အဘိဘုဝေါ, အဘိဘုနော။
ဘော အဘိဘု၊ **(စွလပ်ရဿ–ဖြင့် ရဿပြု)**	ဘောန္တော အဘိဘူ, အဘိဘုဝေါ, အဘိဘုနော။

ရုပ်တွက်–

အဘိဘုဝေါ–ကို အဘိဘူ–တည်၊ ယော–သက်၊ လ–အမည်မှည့်၊ ဦ–ကို ဥ–ရဿပြု၊ ယော–ကို ဝေါ–ပြု။

အဘိဘုနော–၌ လတော ဝေါကာရော စ–၌ ကာရသဒ္ဒါဖြင့် ယော–ကို နော–ပြုသည်သာထူး၏။

မှတ်ချက်။ ။အကြွင်း ဘိက္ခု နှင့်တူ၏၊ ရဿအပြုသာ ထူး၏၊ ဧကဝုစ်ဝိဘတ်နှောင်းတိုင်း အယော ရဿ– စသောသုတ်ဖြင့် ရဿ–ပြု။

http://www.dhammadownload.com

အဘိဘုံ၊ အဘိဘူ, အဘိဘုဝေါ, အဘိဘုနော။
အဘိဘုနာ၊ အဘိဘူဟိ, အဘိဘူဘိ။
အဘိဘုဿ,အဘိဘုနော၊ အဘိဘူနံ။
အဘိဘုသ္မာ, အဘိဘုမှာ, အဘိဘုနာ၊(ရူပသော စ–ဖြင့် နာ–ပြု) အဘိဘူဟိ, အဘိဘူဘိ။
အဘိဘုဿ,အဘိဘုနော၊ အဘိဘူနံ။
အဘိဘုသ္မိံ, အဘိဘုမှိ၊ အဘိဘူသု။

ဤနည်းတူ––

သယမ္ဘူ ဝေဿဘူ ပရာဘိဘူ–စသည်ကိုလည်း သိလေ။
သဗ္ဗညူ–သဒ္ဒါ၌ ယောဝိဘတ်ကို နော–အပြုသာရှိ၊ ဝေါ–အပြုမရှိ။

ပုလ္လိင် ဦကာရန္တ ပြီး၏။

ပုလ္လိင် ဧကာရန္တ မရှိ။

ပုလ္လိင် ဩကာရန္တ

ပုလ္လိင် ဩကာရန္တသဒ္ဒါကား ဂေါ–သဒ္ဒါတည်း။

ဂေါသဒ္ဒါ ပဌမာလာ၌ (က) အာဝ, အဝ ပြုသော အပိုင်း၊ (ခ) ဂါဝ ပြုသော အပိုင်း ၂–ပိုင်းမှတ်။

ဂေါသဒ္ဒါ အပိုင်း (က)

* *သိ, ဟိ, နံ, ဂ၊ ကြွင်းကိုးဝကြောင့်၊ အာဝ, အဝ၊ နံ–အံ–ပြု၊ အဝ–ဂေါ၏ ဩ။*

သိ, ဟိ, နံ–နှင့် ဂ–မည်သော ဝိဘတ်တို့မှ ကြွင်းသော ဝိဘတ် ၉–လုံးတို့ကြောင့် ဂေါ–၏ ဩ–ကို အာဝ, အဝ ၂–မျိုးလုံးပြုရသည်။

နံ–ဝိဘတ်ကြောင့် ဂေါ–၏ ဩ–ကို အဝ–ပြု၍ နံ–ကိုလည်း အံ–ပြုရသည်။

ဂေါ ဂစ္ဆတိ။ (သိ–ကိုချေ)

http://www.dhammadownload.com

၇၄။ ယောသု စ။

ယော–ကြောင့် ဂေါ၏ အစိတ်ဩ–ကို အာဝ–ပြု။

စသဒ္ဒါဖြင့် နာ,သ္မာ,သ္မိံ,သု ဝိဘတ်တို့ကြောင့်လည်း အာဝ–ပြု။

ဂါဝေါ။ (တတော ယောန မော တု–၌ တု–ဖြင့် ယော–ကို ဩ–ပြု၊ ဝ–ခွင်း, ချေ, ကပ်)

၇၅။ အဝံမှိ စ။

အံ ဝိဘတ်ကြောင့် ဂေါ၏ အစိတ် ဩ–ကို အာဝ, အဝ–ပြု။

စ–သဒ္ဒါဖြင့် ယော–နှစ်လုံး နာ၊ သ–နှစ်ဖြာ၊ သ္မာ, သ္မိံ, သု–ရှစ်လုံးတို့ကြောင့် အဝ–ပြု။

ဂဝေါ။ (အဝံမှိစ ၌ စ–ဖြင့် အဝ–ပြု၊ တတော ယောန မောတု ၌ တု ဖြင့် ယော–ကို ဩ–ပြု)

ဟေ ဂေါ၊ ဟေ ဂါဝေါ, ဂဝေါ။

ဂါဝံ, ဂဝံ၊

၇၆။ အာဝဿု ဝါ။

အံ–ကြောင့် အာဝ–၏ အဆုံး အ–ကို အချို့ ဥ–ပြု။

** အံ–နှောင်း အာဝ၊ အဆုံး အ၊ ချို့ မှု ဥ–ပြုရာ။*

ဂါဝုံ၊ ဂါဝေါ, ဂဝေါ။

ဂါဝေန, ဂဝေန၊ ဂေါဟိ, ဂေါဘိ။

၇၇။ ဂါဝ သေ။

သ–ဝိဘတ်ကြောင့် ဂေါသဒ္ဒါ၏အစိတ်ဩ–ကို အာဝ–ပြု။

ဂါဝ–ဟူသော ယောဂဝိဘာဂဖြင့် သ–ဝိဘတ်မနှောင်းရာ၌လည်း ဂေါ–၏ ဩ ကို အာဝ–ပြု။

ဂါဝဿ, ဂဝဿ၊ ဂေါနံ။

ရုပ်တွက်–

ဂါဝုံ–၌ အံ–သက်၊ အဝံမှိ စ ဖြင့် အာဝ–ပြု၊ အာဝဿုဝါ–ဖြင့် အာဝ၏အဆုံး အ–ကို ဥ–ပြု၊ လ–မှည့်၊ အံမောနိဂ္ဂဟီတံ စသောသုတ်ဖြင့် နိဂ္ဂဟိတ်ပြု။

http://www.dhammadownload.com

၈၁။ သုဟိနာသု စ။

သု, ဟိ, နာ–ဝိဘတ်တို့ကြောင့် ဂေါ–သဒ္ဒါကို ဂါဝ–ပြု။

စ–သဒ္ဒါဖြင့် ဂေါဏ နံမှိ ဝါ၊ သုဟိနာသုစ၊ ၂–သုတ်တို့ဖြင့် တိုက်ရိုက်ဆိုအပ်သော နာ, ဟိ, နံ, သု–တို့မှကြွင်းသော ရှေ့နောက် ဝိဘတ် ၈–လုံးတို့ကြောင့် ဂေါ–ကို ဂါဝ–ပြု၊ ဟိ–ကြောင့် ဂေါ–ကို ဂဝယ–ပြု၊ နံ–ကြောင့် ဂေါ–ကို ဂု–ပြု။

* *ဂေါဏ–ပြုတုံ၊ ဝိဘတ်ကုန်၊ တစ်ဖုံ ဂု, ဂဝယ–နံ, ဟိ–ပြု။*

ဂုန္နံ၊ (နံ–ကြောင့် ဂေါ–ကို ဂု–ပြု၊ နော စ ဒွါဒိတော နံမှိ–၌ စ–ဖြင့် နု–လာ၊ တစ်နည်း–နု–ဒွေဘော်လာ၊ တစ်နည်း– နိဂ္ဂဟိတ်လာ, ဝဂ္ဂန္တပြု၊ တစ်နည်း– ကွစိ ဓာတု၊ ယဒနု၊ တေသု, ပစ္စယာ– ဟူသော သုတ်ကြီး ၄–သုတ်ဖြင့် ၄–နည်း နု–လာလျှင် ဂုန္နံ– ၇–နည်း)

၇၇။ တတော နမံ ပတိမှာလုတ္တေ စ သမာသေ။

အလုတ္တ သမာသ်၌ ပတိ–သဒ္ဒါကြောင့် ဂေါ–သဒ္ဒါနောင်မှ နံ–ကို အံ–ပြု၍ ဂေါ–၏ ဩ–ကို အဝ–ပြု။ စ–သဒ္ဒါဖြင့် သမာသ်မဟုတ်ရာ၌လည်း နံ–ကို အံ–ပြု၊ ဩ–ကို အဝ–ပြု။

ဂဝံ။ (ဂဝံ– အံ–ပြီး, နံ–ပြီး ၂–မျိုး)

ဂါဝသ္မာ, ဂါဝမှာ, ဂါဝါ၊ ဂေါဟိ, ဂေါဘိ, ဂဝယေဟိ, ဂဝယေဘိ။

ဂဝသ္မာ, ဂဝမှာ, ဂဝါ၊

ဂါဝဿ, ဂဝဿ၊ ဂေါနံ, ဂုန္နံ, ဂဝံ။

ဂါဝသ္မိံ, ဂါဝမှိ, ဂါဝေ, ဂဝသ္မိံ, ဂဝမှိ, ဂဝေ၊ ဂါဝေသု, ဂဝေသု, ဂေါသု။

ဂေါသဒ္ဒါ အပိုင်း– ခ

ဂေါဏပြုရာ၌ ဂေါဏ နံမှိ ဝါ–ဖြင့် နံ ၂–လုံး၊ သုဟိနာသု စ–ဖြင့် သု,ဟိ,နာ ၄–လုံး၊ ယင်းသုတ် စသဒ္ဒါဖြင့် ကြွင်းသော ဝိဘတ် ၈–လုံး ပေါင်း ၁၄–လုံးတို့ကြောင့် ဂေါဏ–ပြု။

၈၀။ ဂေါဏ နံမှိ ဝါ။

နံ–ဝိဘတ်ကြောင့် အလုံးစုံသော ဂေါ–သဒ္ဒါကို ဂေါဏ–ပြု။

ဂေါဏ–ဟူသော ယောဂဝိဘာဂဖြင့် နံ–မနှောင်းရာ၌လည်း ဂေါဏ–ပြု။

ဂေါဏော၊ ဂေါဏာ။

ဟေ ဂေါဏ, ဂေါဏာ၊ ဟေ ဂေါဏာ။

ဂေါဏံ, ဂေါဏေ (စသည်ဖြင့် ပုရိသနှင့်အတူ ဝိဘတ် ကုန်အောင် စဉ်လေ)

http://www.dhammadownload.com

ပဒမာလာထူးသည့် ပုလ္လိင် အကာရန္တသဒ္ဒါများမှာ–

ပုရိသ, မန, ဂုဏဝန္တု, ဂစ္ဆန္တ, သန္တ, ဘဝန္တ, ရာဇ, ဗြဟ္မ, အတ္တ, သခ–စသည်နှင့် ပုမ–စသည်။

ပုရိသော မနော ဂုဏဝါ၊ ဂစ္ဆံ စ သံ ဘဝံ တထာ။

ရာဇဗြဟ္မတ္တသခါဒိ၊ အကာရန္တာ ပုမာဒယော။

အကာရန္တမဟုတ်သော ပုလ္လိင် သဒ္ဒါများမှာ–

အာကာရန္တအတွက် သာ– သဒ္ဒါ၊

ဣကာရန္တအတွက် အဂ္ဂိ, အာဒိ–သဒ္ဒါ၊

ဤကာရန္တအတွက် ဒဏ္ဍီ–သဒ္ဒါ၊

ဥကာရန္တအတွက် ဘိက္ခု, သတ္ထု, ပိတု–စသော သဒ္ဒါ၊

ဦကာရန္တအတွက် အဘိဘူ, သဗ္ဗညူ–သဒ္ဒါ၊

ဩကာရန္တအတွက် ဂေါ–သဒ္ဒါတို့တည်း။

သာ, အဂ္ဂိ, အာဒိ, ဒဏ္ဍီ စ၊ ဘိက္ခု, သတ္ထု, ပိတာဒယော။

အဘိဘူ, သဗ္ဗညူဂေါတိ၊ ပုလ္လိင်္ဂမှိ ကမာ မတာ။

ပုလ္လိင်ပြီး၏။

နပုလ္လိင်

နပုံလိင် အကာရန္တသဒ္ဒါကား စိတ္တ–သဒ္ဒါတည်း။

၂၁၉။ သိံ ။

နပုံလိင်အကာရန္တနောင်မှ သိ–ကို အမြဲအံ–ပြု။

* *နပုံ အ–နောက်၊ သိ, ယော–ရောက်၊ မဖောက် အံ, နိ စဉ်တိုင်းသိ။*

နပုလ္လိင် အကာရန္တနောင် အမြဲ သိ–ကို အံ–ပြု၊ ယော–ကို နိ–ပြု၊ ပထမာ ယောမှဖြစ်သော နိ–ကို အချို့အာ–ပြု, ဒုတိယာ ယော–မှဖြစ်သော နိ–ကို အချို့ ဧ–ပြု။

နိ–အပြု နှောင်းလျှင် ရှေ့သရကို ဒီဃပြု။

စိတ္တံ။

http://www.dhammadownload.com

၂၁၈။ အတော နိစ္စံ။

နပုံလိင်အကာရန္တနောင်မှ ယော–ကို အမြဲ နိ–ပြု။

စိတ္တာ, စိတ္တာနိ။

ဟေ စိတ္တ, စိတ္တာ၊ ဘဝန္တာနိ စိတ္တာ, စိတ္တာနိ။

စိတ္တံ၊ စိတ္တေ, စိတ္တာနိ။ (တတိယာမှ စ၍ ပုလ္လိင် ပုရိသနှင့်တူ၏။)

ဓနံ စ ကုသလံ ပုညံ၊ ဒါနံ သီလံ ဖလံ သုခံ။
ဒုက္ခံ ရူပံ မူလံ ပါပံ၊ ဉာဏံ ကမ္မပ္ပဘုတယော။

ကမ္မ သဒ္ဒါ– နာ,သ, သ္မာ, သ္မိံ ဝိဘတ် တို့၌ ထူး၏။

* *ကမ္မ သဒ္ဒါ၊ နာ, သ္မာ, သ၊ သ္မိံ မျှ၊ လေး၀ ဝိဘတ် ထူး။*

နာ– ကမ္မုနာ, ကမ္မနာ, ကမ္မေန၊

သ– ကမ္မဿ, ကမ္မုနော၊

သ္မာ– ကမ္မသ္မာ, ကမမှာ, ကမှာ, ကမ္မုနာ၊

သ္မိံ – ကမ္မသ္မိံ, ကမမှိ, ကမ္မေ, ကမ္မနိ။ (ကြွင်း စိတ္တနှင့်တူ)

၁၂၅။ အံ နပုံသကေ။

သိ–ကြောင့် နပုံလိင်၌ဖြစ်သော န္တု–ကို ဝိဘတ်နှင့်တကွ အံ–ပြု။

* *ဂုဏဝါဒိ၊ နပုံ သိ–မှာ၊ န္တု–ပါ အံ၊ တစ်ဖန် ဆုံး ဥ၊ အ–လည်းပြု၊ မှတ်ရှု ယော–ကို ဣ။*

ရုပ်တွက်–

စိတ္တံ–ကို စိတ္တ–တည်၊ သိ–သက်၊ သိံ –ဖြင့် သိ–ကို အံ–ပြု၊ ခွင်း, ချေ, ကပ်။

စိတ္တာ–ကို စိတ္တ–တည်၊ ယော–သက်၊ အတော နိစ္စံ–ဖြင့် ယော–ကို နိ–ပြု၊ သဗ္ဗယောနီနမာဧ–ဖြင့် ပထမာ ယော–၏ နိ–ကို အာ–ပြု၊ ခွင်း, ချေ, ကပ်။

စိတ္တာနိ–ကို စိတ္တ–တည်၊ ယော–သက်၊ အတော နိစ္စံ–ဖြင့် ယော–ကို နိ–ပြု၊ ယောသု ကတနိကာရလောပေသု ဒီဃံ–ဖြင့် ရှေ့သရကို ဒီဃပြု။

ကမ္မုနာ, ကမ္မနာ–ကို ကမ္မ–တည်၊ နာ–သက်၊ အကမ္မန္တဿ စ–ဖြင့် ကမ္မ–အဆုံး အ–ကို ဥ, အ–ပြု။

ကမ္မုနော, ကမ္မုနာ–ကို ကမ္မ–တည်၊ သ, သ္မာ–သက်၊ ဟိဝိဘတ္တိမှိ စ–၌ စ–ဖြင့် ကမ္မ–၏ အဆုံး အ–ကို ဥ–ပြု၊ ဈလတော သဿနော ဝါ–ဖြင့် လ–နောင် သ–ကို နော–ပြု၊ ဈလတော စ–ဖြင့် သ္မာ–ကို နာ–ပြု။

ကမ္မနိ–၌ ဗြဟ္မတော တု သ္မိံ နိ–၌ တု–ဖြင့် သ္မိံ –ကို နိ–ပြု။

http://www.dhammadownload.com

နပုလ္လိင် ဂုဏဝါဒိဂိုဏ်း၌ သိ–ဝိဘတ်နှင့်တကွ န္တု–ကို အံ–ပြု။ ယော–နှောင်းရာ၌ န္တု–၏ အဆုံး ဥ–ကို အ–ပြု၍ ယော–ကို ဣ–ပြု။

ဂုဏဝံ, ဂုဏဝန္တံ။ ဂုဏဝန္တာ, ဂုဏဝန္တာနိ, ဂုဏဝန္တိ၊ (အကြွင်း သိနိုင်လောက်ပြီ)

ဂစ္ဆံ,၊(သိမှိဂစ္ဆန္တာဒီနံ၊ န္တသဒ္ဒေါ အံ- ဖြင့် န္တ- ကို အံ–ပြု) ဂစ္ဆန္တံ၊ ဂစ္ဆန္တာ,ဂစ္ဆန္တာနိ,ဂစ္ဆန္တိ။(န္တု- ငှ၊ ယော–ကို ဣ–ပြု) (အကြွင်း သိနိုင်လောက်ပြီ)

နပုလ္လိင် အာကာရန္တ ပြီး၏။

နပုလ္လိင် အာကာရန္တ

နပုလ္လိင် အာကာရန္တယသဒ္ဒါကား အဿဒ္ဓါ–သဒ္ဒါတည်း။

အဿဒ္ဓါ–ဟု သမာသ်စပ်ပြီးသောအခါ "သရော ရဿော နပုံသကေ" ဖြင့် သမာသ်၏ အဆုံး အာ–ကို ရဿပြု၊ နာမ်ငဲ့၊ သိ–သက်၊ အံ–ပြု၊ ကြွင်း စိတ္တ နှင့်တူ။

အဿဒ္ဓံ ကုလံ၊ အဿဒ္ဓါ, အဿဒ္ဓါနိ ကုလာနိ–စသည်။မုခနာသိကာ–စသည် နည်းတူ၊ ယင်းမုခနာသိကာ–သည် သမာဟာရဒွန်ဖြစ်သောကြောင့် ဝိဘတ် အားလုံး ဧကဝုစ်သာဖြစ်သည်။

မုခနာသိကံ၊ ဟေ မုခနာသိက၊ မုခနာသိကံ၊ မုခနာသိကေန၊ မုခနာသိကဿ– စသည်။

နပုလ္လိင် အာကာရန္တ ပြီး၏။

နပုံလိင် ဣကာရန္တ

နပုံလိင် ဣကာရန္တ သဒ္ဒါကား အဋ္ဌိ–သဒ္ဒါတည်း။

အဋ္ဌိ။

ရုပ်တွက်–

ဂုဏဝံ–ကို ဂုဏဝန္တု–တည်၊ သိ–သက်၊ အံ နပုံသကေ–ဖြင့် ဝိဘတ်နှင့်တကွ န္တု–ကိုအံ–ပြု၊ ဝ–ခွင်း, ချေ, ကပ်။

ဂုဏဝန္တံ–၌ သိမှိ ဝါ–ဖြင့် န္တု–၏ အဆုံး ဉ–ကို အ–ပြု၊ သိ°–ဖြင့် သိ–ကို အံ–ပြု၊ ချေ, ကပ်။

ဂုဏဝန္တာ–၌ န္တုဿန္တော ယောသုစဖြင့် ဥ–ကို အ–ပြု၊ ယော–ကို နိ–ပြု၊ နိ–ကို အာ–ပြု။

ဂုဏဝန္တိ –၌ န္တုဿန္တော ယောသုစ–၌ အန္တ–သဒ္ဒါဖြင့် ဥ–ကို အ–ပြု၍ ယော–ကိုလည်း ဣ–ပြု။

http://www.dhammadownload.com

၂၁၇။ ယောနံ နိ နပုံသကေဟိ။

အကာရန္တမဟုတ်သော နပုံလိင်နောင် ယော–ကို အချို့ နိ–ပြု။

* *အ–ကြဉ် နပုံး၊ နောက် ယော သုံး၊ မှတ်အုံး အချို့ နိ။*

အဋ္ဌိ၊ (ယော–ကိုချေ၊ ဒီဃပြု) အဋ္ဌီနိ၊(ယော–ကို နိ–ပြု၊ ဒီဃပြု)

ဟေ အဋ္ဌိ၊ ဘောန္တာနိ အဋ္ဌီ, အဋ္ဌီနိ။

အဋ္ဌိံ၊ အဋ္ဌီ, အဋ္ဌီနိ။

အဋ္ဌိနာ၊ အဋ္ဌီဟိ, အဋ္ဌီဘိ, အဋ္ဌိဟိ, အဋ္ဌိဘိ။ (အကြွင်း အဂ္ဂိ နှင့်တူ)

ဤအတူ––

သတ္ထိ, ဒဓိ, ဝါရိ, အက္ခိ, အစ္ဆိ, အစ္စိ– စသည်တို့ကိုလည်း သိလေ။

နပုံလိင် ဣကာရန္တ ပြီး၏။

နပုံလိင် ဤကာရန္တ

နပုံလိင် ဤကာရန္တသဒ္ဒါကား သုခကာရီ သဒ္ဒါတည်း။

နပုံလိင်ဖြစ်သောကြောင့် သိဝိဘတ်ကြောင့်လည်း " အယောရဿ "အစရှိသော သုတ်ဖြင့် ရဿ– ပြု။

သုခကာရိ (ဒါနံ၊) သုခကာရီ, သုခကာရီနိ။

ဟေ သုခကာရိ၊ ဘောန္တာနိ သုခကာရီ, သုခကာရီနိ။

သုခကာရိံ, သုခကာရိနံ၊ သုခကာရီ, သုခကာရီနိ။

(ကြွင်း ဒဏ္ဍီသဒ္ဒါနှင့် တူ)

ဤအတူ –– သီဃယာယိ (စိတ္တံ) စသည်ကိုလည်းသိလေ။

နပုလ္လိင် ဤကာရန္တ ပြီးပြီ။

နပုလ္လိင် ဥကာရန္တ

နပုံလ္လိင် ဥကာရန္တသဒ္ဒါကား အာယု–သဒ္ဒါတည်း။

http://www.dhammadownload.com

အာယု၊	အာယူ,(ယော–ချေ၊ ဒီဃပြု) အာယူနိ။(ယော–ကို နိ–ပြု၊ ဒီဃပြု)
ဟေ အာယု၊	ဟေ အာယူ, အာယူနိ။
အာယုံ၊	အာယူ, အာယူနိ။
အာယုနာ, အာယုသာ၊ (မနောဂဏာဒိဂိုဏ်း)	အာယူဟိ, အာယူဘိ –စသည်၊ (အကြွင်း ပုလ္လိင်ဥကာရန္တ ဘိက္ခု–သဒ္ဒါနှင့်တူ၏)

စက္ခု ဝသု ဓနု ဒါရု တိပု မဓု ဟိင်္ဂု သိဂ္ဂု ဝတ္ထု မတ္ထု ဇတု အမ္ဗု အဿု စသည်တို့လည်း နည်းတူ။

နပုလ္လိင် ဥကာရန္တပြီး၏။

နပုံလ္လိင် ဦကာရန္တ

နပုလ္လိင် ဦကာရန္တ သဒ္ဒါကား ဂေါတြဘူ–သဒ္ဒါတည်း။

ဂေါတြဘု (စိတ္တံ၊)	ဂေါတြဘူ, ဂေါတြဘူနိ။
ဟေ ဂေါတြဘု၊	ဟေ ဂေါတြဘူ, ဂေါတြဘူနိ။

(အကြွင်း သိနိုင်လောက်ပြီ။)

အဘိဘူ, သယမ္ဘူ, ဓမ္မညူ–စသည်တို့လည်းနည်းတူ။

နပုလ္လိင် ဦကာရန္တပြီး၏။

နပုလ္လိင် ဩ–ကာရန္တ သဒ္ဒါကား စိတ္တဂေါ–သဒ္ဒါတည်း၊ ပုလ္လိင်နှင့်တူ၏။

ပဒမာလာထူးသော နပုလ္လိင် သဒ္ဒါများ– စိတ္တံ ကမ္မံ စ ဂုဏဝံ၊ ဂစ္ဆန္တံ မုခနာသိကာ။
အဿဒ္ဓဋ္ဌိ သုခကာရီ၊ အာယု ဂေါတြဘု စိတ္တဂေါ။

နပုလ္လိင်ပြီးပြီ။

ရုပ်တွက်–

အာယုသာ–၌ မနောဂဏာဒိဂိုဏ်းဖြစ်၍ မနောဂဏာဒိတော သ္မိံ နာနမိအာ–ဖြင့် နာ–ကို အာ–ပြု၊ သ သရေ ဝါ ဂမော–ဖြင့် သ–လာ။

http://www.dhammadownload.com

ဣတ္ထိလိင်

ဣတ္ထိလိင် အာကာရန္တသဒ္ဒါကား ကညာ–သဒ္ဒါတည်း။

ကည–သဒ္ဒါတည်ပြီးသော် –

၂၃၇။ ဣတ္ထိယမတော အာပစ္စယော။

ဣတ္ထိလိင်ကို ထွန်းပြခြင်းငှာ အကာရန္တ ဂုဏ်ဟောသဒ္ဒါနောင် အာပစ္စည်းသက်။

* *ဣတ္ထိလိင်ကို၊ ထွန်းဖို့လိုလှ၊ ဂုဏ်ဟောပြ၊ အ–နောင် အာ–ပစ္စည်း။*

၆၀၁။ တဒ္ဓိတသမာသ ကိတကာ နာမံဝါ တဝေတုနာဒီသု စ။

တဝေတုန စသည်မဟုတ်ရာ၌ တဒ္ဓိတ် သမာသ် ကိတ်ပုဒ်တို့ကို နာမ်ကို ကဲ့သို့ ငဲ့။

စ–သဒ္ဒါဖြင့် ကိစ္စပစ္စည်း ဣတ္ထိပစ္စည်း အဆုံးရှိသောပုဒ်တို့ကိုလည်း နာမ်ငဲ့။

* *သမာသ်, တဒ္ဓိတ်၊ ကိစ္စ, ကိတ်နှင့်၊ ဣတ္ထိပစ္စယန်၊ ပုဒ်တန်တန်၊ အမှန် နာမ် ငဲ့ရ။*

သိ–သက်၊ သိ–ချေ။ ကညာ။

၆၀။ အာ ဃော။

ဣတ္ထိလိင် အာ–ကို ဃ–အမည်မှည့်။

* *ဣတ္ထိလိင် အာ၊ ဃ သညာတည်း၊ နောက်မှာ ဂသိ၊ ပြေဘိ၊ နာဒိ အာဃ–ပြု။*

ကညာ၊(ဃပတောစ ယောနံလောပေါ) ကညာယော။

ရုပ်တွက်–

သဒါ–ကို သဗ္ဗ–တည်၊ ကိံ သဗ္ဗညေက–စသော သုတ်ဖြင့် ဒါ–ပစ္စည်းသက်၊ သဗ္ဗဿ သော ဒါမှိ ဝါ–ဖြင့် သဗ္ဗ–ကို သ–ပြု၊ ဝိဘတ် အမည်မှည့်။

http://www.dhammadownload.com

၂၅၉။ ဣမသ္မာ ရဟိ ဓုနာ ဒါနိ စ။

ဣမ သဒ္ဒါနောင် ကာလသတ္တမီအနက်၌ ရဟိ, ဓုနာ, ဒါနိ ပစ္စည်းသက်။

* *ရဟိ, ဓုနာ၊ ဒါနိ–မှာ၊ သက်ပါ ဣမ–နောင်။*

၂၃၆။ တေ ရဟိမှိ။

ရဟိ ပစ္စည်းကြောင့် အလုံးစုံသော ဣမ–သဒ္ဒါကို တေ–ပြု။

တေရဟိ။

၂၃၅။ အ ဓုနာမှိ စ။

ဓုနာ–ပစ္စည်းကြောင့် အလုံးစုံသော ဣမ–သဒ္ဒါကို အ–ပြု။

အဓုနာ, ဣဒါနိ။

ကာလသတ္တမီ ၆–ပစ္စည်း

* *ဒါနှင့် ဒါနိ၊ ရဟိ, ဓုနာ၊ တစ်ဖြာ ဇ္ဇ, ဇ္ဇု၊ ဤခြောက်ခု၊ သက်မှု ကာလသတ္တမီ။*

ဒါ, ဒါနိ–စသော ၆–ပစ္စည်းသည် ကာလသတ္တမီအနက်၌သက်။

* *စန် နှင့် စိ၊ နိပါတ်ဒွိ၊ တွဲဘိ နှစ်မျိုးသတ္တမီ။*

စန် နှင့် စိ–နိပါတ် ၂–မျိုးသည် သာမညသတ္တမီ, ကာလသတ္တမီ ၂–မျိုးလုံးနှင့် တွဲသည်။

ဝိဘတ္တိပစ္စယန္တအာစိအာရင် ပြီး၏။

ရုပ်တွက်–

တေရဟိ–ကို ဣမ–တည်၊ ဣမသ္မာ ရဟိ ဓုနာ ဒါနိ စ–ဖြင့် ရဟိ–ပစ္စည်းသက်၊ တေ ရဟိမှိ–ဖြင့် ဣမ–ကို တေ–ပြု၊ ဝိဘတ်အမည်မှည့်။

အဓုနာ–ကို ဣမ–တည်၊ ဣမသ္မာ ရဟိ ဓုနာ ဒါနိ စ–ဖြင့် ဓုနာ–ပစ္စည်းသက်၊ အ ဓုနာမှိ စ–ဖြင့် ဣမ–ကို အ–ပြု၊ ဝိဘတ် အမည်မှည့်။

ဣဒါနိ–ကို ဣမ–တည်၊ ဣမသ္မာ ရဟိ ဓုနာ ဒါနိ စ–ဖြင့် ဒါနိ–ပစ္စည်းသက်၊ ဣမဿိ ထံ–စသောသုတ်ဖြင့် ဣမ–ကို ဣ–ပြု၊ ဝိဘတ် အမည်မှည့်။

http://www.dhammadownload.com

ဥပသာရ၊ နိပါတ်ပုဒ်

၂၂၁။ သဗ္ဗာသမာဝုသောပသဂ္ဂနိပါတာဒီဟိ စ။

အာဝုသော–ဟူသော အာလုပ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်–စသည်နောင် သက်သော ဝိဘတ်အားလုံးကို ချေ။

အာဝုသော–သည် နိပါတ်အမျိုးအစား ဖြစ်သော်လည်း ဧကဝုစ်, ဗဟုဝုစ်– နှစ်မျိုး နေနိုင်ကြောင်း သိစေလို၍ အာဝုသော–ကို သီးခြားဆိုသည်။

* *ဥပသာ, နိပါတ်၊ တစ်ရပ် အာဝုသော၊ စ–သော နောက်ဘက်၊ ဝိဘတ်သက်၊ ချေဖျက် အားလုံးကုန်။*

ဥပသာရ–၂၀

ပ, ပရာ, နိ, နီ, ဥ, ဒု, သံ, ဝိ, အဝ, အနု, ပရိ, အဓိ, အဘိ, ပတိ, သု, အာ, အတိ, အပိ, အပ, ဥပ–အားဖြင့် ဥပသာရပုဒ် ၂၀–ရှိသည်။

* *ပ, ပရာ, ဥ၊ နိ, နီ, ဒု–နှင့်၊ အနု, သံ, ဝိ၊ ပရိ,ဓိ,ဘိ၊ ပတိ, အဝ၊ သု, အပ, အာ၊ တစ်ဖြာ အတိ၊ အပိ, ဥပ၊ နှစ်ဆယ်မျှ၊ မှတ်ကြ ဥပသာ။*

ယေဘုယျအားဖြင့် ဓာတ်၏ရှေ့၌တည်၍ ဓာတ်၏အနက်ကို စီရင်တတ်သော, အပ္ပက အားဖြင့် နာမ်၏ရှေ့၌တည်၍ နာမ်၏အနက်ကို စီရင်တတ်သော လိင် ၃–ပါး, ဝုစ် ၂–ပါးတို့ဖြင့် မပျက်ကောင်းသော ၂၀–သောပုဒ်သည် ဥပသာရပုဒ်မည်၏။

နိပါတ်ပုဒ်

ပုဒ်, ဝါကျတို့၏ စ, လယ်, အဆုံးတို့၌ ကျရောက်တတ်သောကြောင့် နိပါတ်မည်သည်။ ယင်း နိပါတ်ပုဒ်တို့သည် မရေမတွက်နိုင်အောင် များပြားကုန်၏။

* *ပုဒ်, ဝါကျ ဝယ်၊ စ, လယ်, အဆုံး၊ ကျရောက်သုံး၊ ခေါ်ထုံး နိပါတ။*

17 B

http://www.dhammadownload.com

နိပါတ် ၂-မျိုး

နိပါတ်သည် ဝိဘတ်နှင့်ယှဉ်သော ဝိဘတ္တိယုတ္တနိပါတ်, ဝိဘတ်နှင့် မယှဉ်သော ဝိဘတ္တိအယုတ္တ နိပါတ်ဟု ၂-မျိုးပြားသည်။

* *ဝိဘတ်ယုတ္တ၊ အယုတ္တ၊ နှစ်ဝ နိပါတ်မျိုး။*

* *ဘော, အာဝုသော၊ အမ္ဘော, ဘဏေ၊ ရေ, ဟရေ-နှင့်၊ ဟေ, ဇေ, သမ္မ၊ ဘန္တေ-စ၊ မှတ်ကြ အာမန္တနနက်။*

ဘော-စသော နိပါတ်များသည် အာမန္တနအနက်ကိုဟောသည်၊ ယင်းနိပါတ်တို့နောင် အာလုပ် ဝိဘတ်ကျေသည်။

* *အတ္ထိ, သက္ကာ၊ လဗ္ဘာ-စသား၊ နိပါတ်များ၊ ကျေကြား လိင်္ဂတ် ပထမာ။*

အတ္ထိ-စသော နိပါတ်များနောင် လိင်္ဂတ္ထ ပထမာဝိဘတ်ကျေသည်။

* *အဘိက္ခဏံ၊ အဘိဏှံ နှင့်၊ စိရံ, စိရဿာ၊ ဒိဝါ, ဘိယျော၊ နမော-စသား၊ နိပါတ်များ၊ ကျေကြား ပ, ဒု လျော်စွာရှု။*

အဘိက္ခဏံ-စသော နိပါတ်များနောင် ပထမာ, ဒုတိယာ ထိုက်သင့်သလိုကျေသည်။

* *သမ္မာ, သယံ၊ သံ,သာမံ-နှင့်၊ တစ်ဖန် သော, ဓာ၊ တော-စဖြာ၊ နောက်မှာ တတိယာကျေ။*

သမ္မာ-စသည်နှင့် ပဒသော, ဒွိဓာ, အနိစ္စတော-စသော နိပါတ်များနောင် တတိယာ ကျေသည်။

* *တုံ-နှင့် တဝေ၊ စတုတ်-ကျေ၊ ပဉ်-ကျေ သော, တော-နောင်။*

ကာတုံ, ကာတဝေ-စသော တုံ-နှင့်တဝေ-နောင် စတုတ္ထီဝိဘတ်ကျေသည်၊ ဒီဃသော, ရာဇတော-စသော သော-နှင့် တော-နောင် ပဉ္စမီဝိဘတ် ကျေသည်။

http://www.dhammadownload.com

* *ဩရုံ, ပါရုံ, တိရိယံ–နှင့်၊ ဥဒ္ဓံ, အဓော၊ အန္တော, အန္တရာ၊ ဟေဋ္ဌာ, ဥပရိ၊ ဥတ္တရိ, ပစ္ဆာ၊ ဗဟိဒ္ဓါ, ဗဟိ၊ အာဝိ, ရဟော၊ ပါတော, သာယံ၊ ပုရံ, သုဝေ၊ သွေ, ပုရေ–စ၊ နိပါတ၊ ကျေရသတ္တမီ။*

ဩရုံစသော နိပါတ်များနောင် သတ္တမီဝိဘတ်ကျေသည်။

နာမ်, အာချာတ်, ဥပသာရ သုံးမျိုးမှ ကြွင်းကျန်သောပုဒ်မှန်သမျှသည် နိပါတ်မည်သည်၊ ယင်းနိပါတ်သည် မရေမတွက်နိုင်အောင်များသည်။

* *နာမ်, ချာတ်, ဥပသာ၊ ပုဒ်သုံးဖြာ၊ ကြွင်းရာနိပါတ် များပြားလတ်။*

၁။ ဥပသာရ၊

၂။ နိပါတ်၊

၃။ ပစ္စည်း၊

၄။ ဓာတ်– ဤ ၄–မျိုးသည် များသော အပြားရှိ၍ များသော အနက်ကို ဟောကုန်၏။

* *ဥပသာ, နိပါတ်၊ ပစ္စည်း, ဓာတ်၊ လေးရပ် များပြား, အနက်များ။*

နာမ်ပိုင်းပြီး၏။

----

http://www.dhammadownload.com

အာချာတ်ဝိဘတ် ၈-သွယ်

		ပရဿပုဒ် ၆-လုံးစီ (၄၈)						အတ္တနောပုဒ် ၆-လုံးစီ (၄၈)					
		နာမယောဂ		တုမှယောဂ		အမှယောဂ		နာမယောဂ		တုမှယောဂ		အမှယောဂ	
		ပဌမပုရိသ်		မဇ္ဈိမပုရိသ်		ဥတ္တမပုရိသ်		ပဌမပုရိသ်		မဇ္ဈိမပုရိသ်		ဥတ္တမပုရိသ်	
သဗ္ဗဓာတ်ဝိဘတ်	ဝိဘတ်အမည်	ဧ	ဗ	ဧ	ဗ	ဧ	ဗ	ဧ	ဗ	ဧ	ဗ	ဧ	ဗ
	ဝတ္တမာနာ	တိ	အန္တိ	သိ	ထ	မိ	မ	တေ	အန္တေ	သေ	ဝှေ	ဧ	မှေ
	ပဉ္စမီ	တု	အန္တု	ဟိ	ထ	မိ	မ	တံ	အန္တံ	ဿု	ဝှော	ဧ	အာမသေ
	သတ္တမီ	ဧယျ	ဧယျုံ	ဧယျာသိ	ဧယျာထ	ဧယျာမိ	ဧယျာမ	ဧထ	ဧရံ	ဧထော	ဧယျာဝှော	ဧယျံ	ဧယျာမှေ
	ဟိယျတ္တနီ	အာ	ဦ	ဩ	တ္ထ	အံ	မှာ	တ္ထ	တ္ထုံ	သေ	ဝှံ	ဣံ	မှသေ
အသဗ္ဗဓာတ်ဝိဘတ်	ပရောက္ခာ	အ	ဥ	ဧ	.တ္ထ	အံ	မှ	တ္ထ	ရေ	တ္ထော	ဝှော	ဣံ	မှေ
	အဇ္ဇတနီ	ဤ	ဥံ	ဩ	တ္ထ	ဣံ	မှာ	အာ	ဦ	သေ	ဝှံ	အံ	မှေ
	ဘဝိဿန္တိ	ဿတိ	ဿန္တိ	ဿသိ	ဿထ	ဿာမိ	ဿာမ	ဿတေ	ဿန္တေ	ဿသေ	ဿဝှေ	ဿံ	ဿာမှေ
	ကာလာတိပတ္တိ	ဿာ	ဿံသု	ဿေ	ဿထ	ဿံ	ဿာမှာ	ဿထ	ဿိံသု	ဿသေ	ဿဝှေ	ဿိံ	ဿာမှသေ

အာချာတ်ပုဒ်များ အနက်ပေးပုံ

ဝတ္တမာန် ပစတိ- ချက်၏။ ဂစ္ဆ- သွား၊ လဘ- ရ၊ ဝဒ- ဆို၊

ပဉ္စမီ ပစတု- ချက်လော (အာဏတ္တိ), ဘဝါမိ- ဖြစ်ရပါလို၏ (အာသိဋ္ဌ) ပဿ- ကြည့်၊ သယ- အိပ်၊

သတ္တမီ ပစေယျ- ချက်ရာ၏၊ ချက်လိုလျှင် ချက်လော (အနုမတိ) ဧယ- အောင်၊ ဝသ- နေ -ဝသော

ကိံ- အဘယ်ကို၊ ကရေယျာမိ- ပြုရပါအံ့နည်း (ပရိကပ္ပ)စာတ်တို့ဖြင့်လည်း ပဒမာလာစဉ်ပါ။

ဟိယျတ္တနီ အပစာ- ချက်ပြီ။

ပရောက္ခာ ပပစ- ချက်ပြီတဲ့။

အဇ္ဇတနီ အပစီ- ချက်ပြီ။

ဘဝိဿန္တိ ပစိဿတိ- ချက်လတ္တံ့, ပစိဿံ- ချက်အံ့။

ကာလာတိပတ္တိ အပစိဿာ- ချက်ရာပြီ။

ယောဂ		ပရဿပုဒ်	အတ္တနောပုဒ်
နာမ	သော	ဘဝတိ	ဘဝတေ
	တေ	ဘဝန္တိ	ဘဝန္တေ
တုမှ	တွံ	ဘဝသိ	ဘဝထ
	တုမှေ	ဘဝထ	ဘဝဝှေ
အမှ	အဟံ	ဘဝါမိ	ဘဝေ
	မယံ	ဘဝါမိ	ဘဝါမှေ

http://www.dhammadownload.com

အာချာတ်ပိုင်း

အာချာတ်ကြိယာ

ကာလသုံးပါး , ပုရိသ်သုံးပါး, ကာရကသုံးပါး, ဝုစ်နှစ်ပါးရှိ၍ လိင်ကွဲပြားမှုမရှိဘဲ ကြိယာကို ဟောတတ်သောပုဒ်ကို အာချာတ်ပုဒ်ဟု ခေါ်ပါသည်။

* *သုံးပါးကာလ၊ သုံးပုရိသနှင့်၊ ကာရကသုံးသွယ်၊ ဝုစ်နှစ်သွယ်ရှိ၊ လိင်မရှိသည့်၊ ဟောဘိကြိယာ၊ ယင်းပုဒ်ဟာ၊ မှတ်ပါအာချာတ။*

ကာလသုံးပါး	ပစ္စုပ္ပန်, အတိတ်, အနာဂတ်
ပုရိသ်သုံးပါး	ပဌမ, မဇ္ဈိမ, ဥတ္တမပုရိသ်
ကာရကသုံးပါး	ဘော , ကံ , ကတ္တား
ဝုစ်နှစ်ပါး	ဧကဝုစ်, ဗဟုဝုစ်, (အနည်းကိန်း, အများကိန်း)

* *ဘော, ကံ, ကတ္တား၊ နက်သုံးပါး၊ ဟောကြား အာချာတ်ပုဒ်။*

* *ရှေ့ခြောက်ပုဒ်မှာ၊ ကတ္တားသာ၊ နောက်မှာ ဘော, ကံ, ကတ်။*

* *ဘူ, ရု, ဒိ, သွာ၊ ကိ, တနာ၊ စုရာ သတ္တ ဓာတ်ဂိုဏ်းပြ။*

* *(တစ်နည်း) ဘူ, ရု, ဒိ, သွာ၊ ကိ, ဂဟာ၊ တနာ, စုရ ဂိုဏ်း အဌ။*

http://www.dhammadownload.com

ဘုဝါဒိဂိုဏ်းဓာတ်များ
ရုပ်စီရင်ရာ၌ လိုအပ်ချက်များ

၁။ တည်ထားခြင်း၊ ၄။ ဓာတွန်ချေခြင်း၊
၂။ ဓာတ်နက်ကြားခြင်း၊ ၅။ ဝိဘတ်သက် (သွယ်) ခြင်း၊
၃။ ဓာတ်အမည်မှည့်ခြင်း၊ ၆။ ပစ္စည်းသက်ခြင်း၊

စသော ဤအစီအရင်များ အစဉ်အတိုင်းပြုလုပ်ရသည်။

** အာချာတ်ရုပ်များ၊ စီရင်ကြားသော်၊ တည်, ကြား, မှည့်,ချေ၊ ဝိသက်လေ၊ တစ်ထွေပစ္စည်းသက်။*

ဘူ-သဒ္ဒါတည်၊

ဘူ-သတ္တာယံ၊ *(ထင်ရှားဖြစ်ခြင်း၌၊ ဝတ္တတေ-ဖြစ်၏၊ ဣတိ အတ္ထေ-ဤအနက်၌)*

၄၅၇။ ဘူဝါဒယော ဓာတဝေါ။

ဘူ-စသော သဒ္ဒါတို့ကို ဓာတ်အမည်မှည့်။

၅၂၁။ ဓာတုဿန္တော လောပေါ နေကဿရဿ။

အနေကဿရ-ဓာတ်၏ အဆုံးသရကိုချေ၊ (ဧကဿရဓာတ် ဖြစ်လျှင် မချေရ)

၄၂၃။ ဝတ္တမာနာ-တိ,အန္တိ,သိ,ထ,မိ,မ၊ တေ,အန္တေ,သေ,ဝှေ,ဧ,မှေ။

တိ, အန္တိ-စသော ၁၂-လုံးတို့သည် ဝတ္တမာန်မည်ကုန်၏။

၄၃၄။ ဝတ္တမာနာ ပစ္စုပ္ပန္နေ။

ဝတ္တမာန် ဝိဘတ်သည် ဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌ သက်သည်။

ကုဝေါ နု တွံ အာဂစ္ဆသိ၊ ကတ္ထ တွံ ဂစ္ဆသိ -စသည်တို့၌ ပစ္စုပ္ပန်၏ အနီးဖြစ်သော အတိတ်, အနာဂတ် အနက်၌လည်း သက်သေးသည်၊ ပုရေ ဒိဗ္ဗတိ အဓမ္မော-စသည်၌ ပုရေ, ပုရာ, ယာဝ-သဒ္ဒါတို့နှင့် ယှဉ်ရာ အနာဂတ် အနက်၌လည်း သက်သေးသည်။

** ဖြစ်ဆဲ ပစ္စုပ္ပန်၊ ဝတ္တမာန်တည်း၊ တဖန် နီးစပ်၊ တိတ်,နာဂတ်နှင့်၊ ယှဉ်လတ် ပုရေ၊ တထွေ ပုရာ၊ ယာဝ-ပါ၊ သက်ရာအနာဂတ်။*

http://www.dhammadownload.com

၄၀၆။ အထ ပုဗ္ဗာနိ ဝိဘတ္တီနံ ဆ ပရဿပဒါနိ။

ဝိဘတ် ၈–သွယ်တို့၏ ရှေ့ ၆–ပုဒ်, ၆–ပုဒ်တို့သည် ပရဿပုဒ်မည်ကုန်၏။

၄၀၇။ ပရာန္တတ္တနောပဒါနိ။

ဝိဘတ် ၈–သွယ်တို့၏ နောက် ၆–ပုဒ်, ၆–ပုဒ်တို့သည် အတ္တနောပုဒ်မည်ကုန်၏။

* *ရှေ့, နောက် ခြောက်စီ, ဝိ ရှစ်လီ, အမည် ပရဿပုဒ်, အတ္တနောပုဒ်။*

၄၀၈။ ဒွေဒွေ ပထမ, မဇ္ဈိမုတ္တမပုရိသာ။

ပရဿပုဒ်, အတ္တနောပုဒ်တို့၏ ၂–လုံးစီ, ၂–လုံးစီတို့သည် အစဉ်အတိုင်း ပထမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်မည်ကုန်၏။

* *ရှေ့, နောက် ခြောက်စီ, ဝိ–ရှစ်လီတွင်၊ နှစ်စီ အစ၊ ပထမတည်း၊ လယ်၌ မဇ္ဈိ၊ အဆုံး၌၊ မည်ရှိ ဥတ္တမပုရိသ်။*

၄၁၀။ နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပထမော။

တုလျာဓိကရဏဖြစ်သော တုမှ, အမှ–မှ တစ်ပါးသော နာမ–သဒ္ဒါနှင့်ယှဉ်ရာ၌ ပထမ ပုရိသ်သက်ရသည်။

၄၁၁။ တုမှေ မဇ္ဈိမော။

တုလျာဓိကရဏဖြစ်သော တုမှ–သဒ္ဒါနှင့်ယှဉ်ရာ၌ မဇ္ဈိမပုရိသ်သက်ရသည်။

၄၁၂။ အမှေ ဥတ္တမော။

တုလျာဓိကရဏဖြစ်သော အမှ–သဒ္ဒါနှင့်ယှဉ်ရာ၌ ဥတ္တမပုရိသ်သက်ရသည်။

* *ရှေ့, နောက် ခြောက်စီ, ဝိ–ရှစ်လီတွင်၊ နှစ်စီ အစ၊ သူ့တွက်ပြ၍၊ လယ် ၌ သင့်တွက်၊ ဆုံးနှစ်ချက်၊ ငါ့တွက် သုံးစွဲလေ။*

ပရဿပုဒ် ရှေ့ ၆–လုံး အတ္တနောပုဒ်, နောက် ၆–လုံးတို့တွင်–

၁။ အစ ၂–လုံးစီသည် သူ့ အတွက် ပြသည်၊

၂။ အလယ် ၂–လုံးစီသည် သင့်အတွက်ပြသည်၊

၃။ အဆုံး ၂–လုံးစီသည် ငါ့အတွက် သုံးရန်ပြသည်။

http://www.dhammadownload.com

၄၄၅။ ဘူဝါဒိတော အ။

သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ ကတ္တားအနက်၌ ဘူ–စသောဓာတ်နောင် အ–ပစ္စည်းသက်။

* *သဗ္ဗဓာတ်နှောင်းရာ၊ ကတ္တားမှာ၊ ဘူဝါဒိ–မှ ပစ္စည်း အ။*

၄၈၃။ အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ။

ကာရိတ်ပစ္စည်းကြောင့် သံယုဂ်အဆုံးမရှိသောဓာတ်၏ သရ–ကို ဝုဒ္ဓိ–ပြု။

၄၈၅။ အညေသု စ။

ကာရိတ်ပစ္စည်းမှ အခြားသောပစ္စည်းတို့ကြောင့် သံယုဂ်အဆုံးမရှိသောဓာတ်၏ သရကို ဝုဒ္ဓိ–ပြု။

* *ဝိဘတ် ပစ္စယ၊ နှောင်းတုံကမူ၊ ပြုရ ဝုဒ္ဓိ၊ ဣ, ဤ ကို ဧ၊ ဥ, ဦ ဓွေး၊ ပြုရေး ဩဝုဒ္ဓိ။*

* *သရနှောင်းက၊ ဧ, အယ၊ အဝ, ဩ ကိုပြု။*

* *ကာရိတ်နှောင်းငြား၊ အ ကိုကား အာ၊ ဧမှာ အာယ၊ ဩ အာဝ၊ ပြုရ အသီးသီး။*

ဝုဒ္ဓိ

အ–ကို အာ၊ ဣ ဤ–ကို ဧ၊ ဥ ဦ–ကို ဩ–ပြုသည်ကို ဝုဒ္ဓိ ဟုဆိုသည်။

ကာရိတ်မဟုတ်သော ပစ္စည်း, ဝိဘတ်နှောင်းရာ၌ အာ–ဝုဒ္ဓိမရှိ၊ ဧ–ဝုဒ္ဓိ,ဩဝုဒ္ဓိ–ဖြင့်ဖြစ်စေ၊ သရ–နှောင်းလျှင် ဧ ကို အယ၊ ဩ ကို အဝ ပြု၍ဖြစ်စေ နေရမည်။

(ဥဒပါဒိ–စသည်၌ အာ–ဝုဒ္ဓိ အနည်းအကျဉ်း တွေ့ရသေးသည်၊)

ကာရိတ်ပစ္စည်းနှောင်းလျှင်ကား အာ, ဧ , ဩ ဝုဒ္ဓိ တိုက်ရိုက်ဖြင့် ဖြစ်စေ၊ ဧ , ဩ မှတဆင့် အာဝ , အာယ ပြု၍ ဖြစ်စေ ရှိနေရမည်။

http://www.dhammadownload.com

၅၁၃။ ဩ အဝ သရေ။

နောက်သရကြောင့် ဩ–ကို အဝ–ပြု။

သော ပုရိသော ဘဝတိ။ တေ ပုရိသာ ဘဝန္တိ ။ တွံ ဘဝသိ ၊ တုမှေ ဘဝထ။

၄၇၈။ အကာရော ဒီဃံ ဟိမိမေသု။

ဟိ, မိ, မ, မှ–ဝိဘတ်တို့ကြောင့် ရှေ့၌ရှိသော အ–ကို အာ–ဒီဃပြု။

***** ***ဟိ, မိ, မ, မှ၊ ရှေးရှိ အ–နှင့်၊ နောက်က ယ, နေ၊ ရဃသတွေ၊ မသွေဒီဃပြု။***

ယ–ပစ္စည်းနှောင်းသော ရဃ သရတို့ကိုလည်း ကွစိ ဓာတု–စသောသုတ်ဖြင့် ဒီဃပြု။

အဟံ ဘဝါမိ၊ မယံ ဘဝါမ။

ရုပ်တွက်–

ဘဝတိ–ကို ဘူ–သဒ္ဒါတည်၊ ဘူ–ဘူသဒ္ဒါသည်၊ သတ္တာယံ–ထင်ရှားဖြစ်ခြင်း၌ (ဝတ္တတေ– ဖြစ်၏။ ဣတိ အတ္ထေ–ဤအနက်၌) ဘူဝါဒယော ဓာတဝေါ–သုတ်ဖြင့် ဘူ–ကို ဓာတ်အမည်မှည့်၊ ဓာတုဃန္တော လောပေါ နေကသရဃ–သုတ်ဖြင့် ဓာတွန်မချေစေရ၊ (အနေကသရဖြစ်လျှင်ချေ, ဧကသရဖြစ်လျှင် မချေရ) ဝတ္တမာနာ ပစ္စုပ္ပန္နေ–သုတ်ဖြင့် ဝတ္တမာန် တိ–ဝိဘတ်သက်၊ (ဘူ+တိ) ဘူဝါဒိတော အ–သုတ်ဖြင့် အ–ပစ္စည်းသက်၊ (ဘူ+အ+တိ) ဘ–ခွင်း, ဦ–ကြွင်း၊ အညေသု စ–ဖြင့် ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ အဝသရေ–သုတ်ဖြင့် ဩ–ကို အဝ်–ပြု၊ ဘ–အ–သို့ကပ်၊ ဝ်– အ–သို့ကပ်၊ ဘဝတိ–ပြီး၏။

(ရုပ်ပြီးလွယ်စေရန် အဝ်–ပြုရာတွင် ဝ်–၌ သရမပါဘဲ ပြုမည်)

ဘဝန္တိ–ကို ဘူသဒ္ဒါတည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ ဝတ္တမာနာ ပစ္စုပ္ပန္နေ–ဖြင့် ဝတ္တမာန် အန္တိ–ဝိဘတ်သက်၊ (ဘူ+အန္တိ) ဘူဝါဒိတော အ–ဖြင့် အ–ပစ္စည်းသက်၊ (ဘူ+အ+အန္တိ) ဘ–ခွင်း၊ ဦ–ကြွင်း၊ အညေသု စ–ဖြင့် ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ အဝသရေ–ဖြင့် ဩ–ကို အဝ်–ပြု၊ သရလောပေါ–စသောသုတ်ဖြင့်၊ ရှေ့ အ–သရကိုချေ၊ ကပ်၊ ဘဝန္တိ–ပြီး၏။ (သိ, ထ–ဝိဘတ်ဖြင့် ဘဝသိ, ဘဝထ)

ဘဝါမိ–ကို ဘူ–သဒ္ဒါတည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်, ဓာတွန်မချေစေရ၊ ဝတ္တမာနာ ပစ္စုပ္ပန္နေ–ဖြင့် မိ–ဝိဘတ်သက်၊(ဘူ+မိ) ဘူဝါဒိတော အ–ဖြင့် အ–ပစ္စည်းသက်၊ (ဘူ+အ+မိ) အညေသု စ–ဖြင့် ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ အဝ သရေ–ဖြင့် ဩ–ကို အဝ–ပြု၊ အကာရော ဒီဃံ ဟိမိမေသု–ဖြင့် အ–ကို အာ–ဒီဃပြု၊ ဘ်– အ–သို့ ကပ်, ဝ် အာ–သို့ကပ်၊ ဘဝါမိ–ကားပြီး၏။ (မ–ဝိဘတ်ဖြင့် ဘဝါမ)

http://www.dhammadownload.com

ဘဝတော၊ ဘဝန္တေ၊ ဘဝသေ, ဘဝတ္ထော၊ ဘဝေ, ဘဝါမှေ။

၅၁၇။ ကွစိ ဓာတု,ဝိဘတ္တိ,ပစ္စယာနံ ဒီဃ,ဝိပရိတာ,ဒေသ,လောပါ,ဂမာ စ။

ဓာတ်, ဝိဘတ် ပစ္စည်းတို့၏ အချို့ အရာ၌ ရဿကို ဒီဃပြုခြင်း၊ ဒီဃ၏ ရဿ ဖောက်ပြန်ခြင်း၊ ပြုခြင်း၊ ကျေခြင်း၊ လာခြင်းဟူသော အစီအရင် ၅–မျိုး ထိုက်သင့်သလို ဖြစ်ကုန်၏။ (ယင်း ၅–မျိုးကို ဆိုင်ရာ ပြယုဂ်ရောက်မှ ပြမည်)

**** တိ, ဧ, မိ, ဓေ၊ တု, မိ, နှင့်၊ ယျေ, ယျာသိ၊ ယျာမိ, ယျုံ၊ ရှစ်တန်ပြေ။***

ဝတ္တမာန်–တိ, မိ၊ ပဉ္စမီ–တု, မိ၊ သတ္တမီ– ယျေ, ယျာသိ, ယျာမိ, ယျုံ ဤ ၈–လုံးကို ကွစိ ဓာတု–စသောသုတ်ဖြင့် ဧ–ပြု။

ဘဝတိ, ဘဝေ၊ ဘဝါမိ , ဘဝေ ။

ရုပ်တွက် –

ဘဝတေ ၌ ဘူ+အ+တေ =ဦ–ကို ဩဝုဒ္ဓိပြု၊ ဩ–ကို အဝ်–ပြု၊ ကပ်။

ဘဝန္တေ ၌ ဘူ+အ+အန္တေ =ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ–ကို အဝ်–ပြု၊ ချေ, ကပ်။

ဘဝသေ ၌ ဘူ+အ+ဧ =ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ–ကို အဝ်–ပြု၊ ချေ, ကပ်။

ဘဝါမှေ ၌ ဘူ+အ+မှေ =ဦ–ကို ဩ–ဝုဒ္ဓိပြု၊ဩ–ကို အဝ်–ပြု၊ အ–ကို အာ–ဒီဃပြု၊ ကပ်။

တိ–ဖြင့် ဘဝေ–ကို ဘူ–သဒ္ဒါတည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ ဝတ္တမာနာ ပစ္စုပ္ပန္နေ–ဖြင့် တိ–သက်၊ ဘူဝါဒိတော အ–ဖြင့် အ–သက်၊ အညေသု စ–ဖြင့် ဦ–ကို ဩဝုဒ္ဓိပြု၊ ဩ အဝ သရေ–ဖြင့် ဩ–ကို အဝ–ပြု၊ ကွစိ ဓာတု–စသောသုတ်ဖြင့် တိ–ကို ဧ–ပြု၊ ချေ, ကပ်၊ ဘဝေ–ပြီး၏။

မိ–ဖြင့် ဘဝေ–ကို ဘူ–သဒ္ဒါတည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ မိ–သက်၊ ဘူဝါဒိတော အ–ဖြင့် အ–သက်၊ အညေသု စ–ဖြင့် ဦ–ကို ဩဝုဒ္ဓိပြု၊ ဩ အဝ သရေ–ဖြင့် ဩ–ကို အဝ–ပြု၊ ကွစိ ဓာတု–စသောသုတ်ဖြင့် မိ–ကို ဧ–ပြု၊ ချေ, ကပ်၊ ဘဝေ–ပြီး၏။

ဓာတ်		ဝိဘတ်		ရုပ်ပြီးပုံ
မူလ	ကာရိယ	မူလ	ကာရိယ	
ဘူ	ဘဝ	တိ	ဧ	ဘဝတိ, ဘဝေ
။	။	အန္တိ		ဘဝန္တိ
။	။	သိ		ဘဝသိ
။	။	ထ		ဘဝထ
။	။	မိ	ဧ	ဘဝါမိ, ဘဝေ
။	။	မ		ဘဝါမ
။	။	တေ		ဘဝတေ
။	။	အန္တေ		ဘဝန္တေ
။	။	သေ		ဘဝသေ
။	။	ဝှေ		ဘဝဝှေ
။	။	ဧ		ဘဝေ
။	။	မှေ		ဘဝါမှေ။

ကံဟောအာချာတ်ပုဒ်

* *ဘူ, ဟူ, သိ, ဌာ၊ စသည်မှာ၊ ဖလာ ကံမရှိ။*

ဘူ, ဟူ, သိ, ဌာ–စသော ဓာတ်တို့သည် ကံမရှိသော အကမ္မကဓာတ်တို့တည်း၊ ကံမရှိသော ဓာတ်ကို ကံရှိဓာတ်ပြုလုပ်လိုလျှင် ဥပသာရနှင့် ယှဉ်တွဲပေးရသည်။

* *ကံမဲ့ ဓာတ်ကို၊ ကံရှိလို၊ ဓာတ်ကို ဥ,ယှဉ်တွဲ။*

ကတ္တားဟော– အနုဘဝတိ။

၄၄၀။ ဘာဝကမ္မေသု ယော။

ဘော, ကံဟော ဝိဘတ်နှောင်းရာ၌ ဓာတ်နောင် ယ–ပစ္စည်း သက်။

* *ဘော, ကံဝိဘတ်၊ နှောင်းတုံလတ်၊ ဓာတ်နောင် ယ–ပစ္စည်း ။*

http://www.dhammadownload.com

ပုရိသေန	ဘောဂေါ	အနုဘူယတေ ။
॥	ဘောဂါ	အနုဘူယန္တေ, အနုဘူယရေ။
॥	တွံ	အနုဘူယသေ၊
॥	တုမှေ	အနုဘူယဝှေ။
॥	အဟံ	အနုဘူယေ ။
॥	မယံ	အနုဘူယာမှေ ။

* *ဂရုပုဗ္ဗ၊ ရဿ နောက်ရှိ၊ အန္တိ, အန္တေ၊ သည်နှစ်ထွေ၊ ရေ –သာ အပြုများသတည်း။*

(ဘုရားကြီး)

ဂရုရှေးရှိသော ရဿနောင်မှ အန္တိနှင့် အန္တေကို ကွစိ ဓာတု–စသော သုတ်ကြီးဖြင့် အချို့ ရေ–ပြု။

ဘောဂါ အနုဘူယရေ ။

ဘော, ကံ–ဝိဘတ်

ဘော, ကံ–အနက်၌ အတ္တနောပုဒ် ဝိဘတ်သာအစစ်အမှန်ရှိသည်၊ အချို့အရာ၌ အတ္တနောပုဒ်ကို ပရဿပုဒ် ပြန်ထားသော ပရဿပုဒ် အတုများလည်း ရှိတတ်သေးသည်။

၅၁၈။ အတ္တနောပဒါနိ ပရဿပဒတ္တံ။

အတ္တနောပုဒ်ဝိဘတ်တို့သည် အချို့အရာ၌ ပရဿပုဒ်အဖြစ်သို့ရောက်ကုန်၏။

* *ဘော, ကံ အရာ၊ နောက်ခြောက်ဖြာ၊ ချို့မှာ ရှေ့ခြောက်ပြန်။*

ရုပ်တွက်–

အနုဘူယတေ–ကို အနု–ရှေးရှိသော ဘူ–သဒ္ဒါတည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ တေ–ဝိဘက်သက်၊ ဘာဝကမ္မေ သု ယော–ဖြင့် ယ–ပစ္စည်းသက်၊ အနုဘူယတေ–ကား ပြီး၏။

အနုဘူယန္တေ–၌ အန္တေ–သက်၊ ယ–ခွင်း, ချေ, ကပ်။

အနုဘူယာမှေ–၌ မှေ–သက်၊ ယ–ခွင်း, အ–ကြွင်း၊ အကာရော ဒီဃံ ဟိမိမေသု–ဖြင့် အာဒီဃပြု။

အနုဘူယရေ–ကို အနု–ရှေးရှိသော ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ အန္တေ–သက်၊ ဘာဝကမ္မေသု ယော–ဖြင့် ယ–သက်၊ (အနု+ဘူ+ယ+အန္တေ)၊ ကွစိ ဓာတု–စသော သုတ်ကြီးဖြင့် အန္တေ–ကို ရေ–ပြု၊ အနုဘူယရေ–ပြီး၏။

http://www.dhammadownload.com

အနုဘူယတိ၊ အနုဘူယန္တိ, အနုဘူယရေ၊ အနုဘူယသိ၊ အနုဘူယထ၊ အနုဘူယာမိ၊ အနုဘူယာမ။

ဘောဟောဝိဘတ်

ဒြပ်မဟုတ်သော ဘောသည် တစ်ခုတည်းဖြစ်သောကြောင့် ဘောအနက်၌ ပထမပုရိသ် ဧကဝုစ် ဝိဘတ်သာ သက်ရသည်။

* *ဒြပ်မဖြစ်၊ ဘောမှာ တစ်၊ သက်လှစ် ပထမပုရိသ် ဧကဝုစ်။*

ပုရိသေန (ပုရိသဿ) ဘူယတေ၊

* *ဘောဟောကြိယာ၊ ကတ္တားမှာ၊ နှစ်ဖြာ တ-နှင့် ဆဠ်။*

ပဉ္စမီဝိဘတ်

၄၂၄။ ပဉ္စမီ– တု, အန္တု၊ ဟိ,ထ၊ မိ,မ၊ တံ, အန္တံ၊ ဿု, ဝှေါ၊ ဧ, အာမသေ။

တု, အန္တု–စသော ၁၂–လုံးတို့သည် ပဉ္စမီဝိဘတ်မည်ကုန်၏။

၄၁၅။ အာဏတျာသိဋ္ဌေနုတ္တကာလေ ပဉ္စမီ။

အာဏတ္တိ, အာသိဋ္ဌ–အနက်၌ အနီး၌ဆိုအပ်သော ပစ္စုပ္ပန်ကာလမှာ တစ်နည်း အတိတ်, အနာဂတ်, ပစ္စုပ္ပန်–ဟု တိုက်ရိုက် မဆိုအပ်သော အနာမဋ္ဌကာလမှာ ပဉ္စမီဝိဘတ်သက်။

ကာလ–သဒ္ဒါပိုဖြင့် အဇ္ဈေသန, သပထ, ယာစနာ, ဝိဓိ, နိမန္တန, အာမန္တန, အနုမ္မတိ, သမ္ပုစ္ဆန, ပတ္ထနာ–အနက်တို့၌လည်း ပဉ္စမီဝိဘတ်သက်။

* ***အာဏတျာသိဋ္ဌ၊ အဇ္ဈေသန,သပထာ၊ ယာစနာ,ဝိဓိ၊ နိမန္တနာ၊ အာမန်, အနုမ္မတိ၊ သမ္ပုစ္ဆ, ပတ္ထနာ၊ နက်များမှာ၊ သက်ပါပဉ္စမီ။***

ရုပ်တွက်–

အနုဘူယတိ–ကို အနု–ရှေးရှိသော ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ တေ–သက်၊ ဘာဝကမ္မေသု ယော–ဖြင့် ယ–သက်၊ (အနုဘူယတေ) အတ္တနောပဒါနိ ပရဿ ပဒတ္တံ–ဖြင့် အတ္တနောပုဒ် တေ–ကို ပရဿပုဒ် တိ–ပြန်၊ အနုဘူယတိ–ပြီး၏။

အနုဘူယန္တိ–၌ အန္တေ–ကို အန္တိ–ပြန်။

အနုဘူယရေ–၌ အန္တေ–ကို အန္တိ–ပြန်ပြီး အန္တိကို ရေ–ပြု။

http://www.dhammadownload.com

ဘဝတု, ဘဝေ၊ ဘဝန္တု၊ ဘဝါဟိ။

၄၇၉။ ဟိ လောပံ ဝါ။

အ–နောင်မှ ဟိ–ဝိဘတ်ကို ချေ။

* *အ, နောင် မှာရှိ ၊ ဝိဘတ်ဟိနှင့် ၊ ဝိကရဏ၊ ပစ္စယ ၊ ချေရ တစ်ချို့မှာ။*

ကွစိ ဓာတု–စသော သုတ်ကြီးဖြင့် ဝိကရဏပစ္စည်း အချို့ကို ချေ။

ဘဝ၊ ဘဝထ၊ ဘဝါမိ, ဘဝေ၊ *(မိ–ကို ေ–ပြု)* ဘဝါမ၊ ဘဝတံ၊ ဘဝန္တံ၊ ဘဝဿု၊ ဘဝဝှော၊ ဘဝေ၊ ဘဝါမသေ။

ကံအနက်–အနုဘူယတံ ၊ အနုဘူယန္တံ၊ အနုဘူယဿု၊ အနုဘူယဝှော၊ အနုဘူယေ၊ အနုဘူယာမသေ။

ပရဿပုဒ်ပြန်လျှင်– အနုဘူယတု၊ အနုဘူယန္တု၊ အနုဘူယာဟိ, အနုဘူယ၊ အနုဘူယထ၊ အနုဘူယာမိ၊ အနုဘူယာမ။

ရုပ်တွက်–

ဘဝတု–ကို ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ် အမည်မှည့်၊ ဓာတွန်မချေစေရ၊ အာဏတျာသိဋ္ဌေ နုတ္တကာလေ ပဉ္စမီ–ဖြင့် တု–သက်၊ (ဘူ+တု) ဘူဝါဒိတော အ–ဖြင့် ဘူ–နောင် အ–သက်၊ (ဘူ+အ+တု) အညေသု စ–ဖြင့် ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ အဝ သရေ–ဖြင့် ဩ–ကို အဝ်–ပြု၊ ကပ်၊ ဘဝတု–ပြီး၏။

ဘဝန္တု–၌ အန္တု–သက်၊ ခွင်း, ချေ, ကပ်။

ဘဝ–ကို ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ အာဏတျာသိဋ္ဌေ နုတ္တကာလေ ပဉ္စမီ–ဖြင့် ဟိ–သက်၊ ဘူဝါဒိတော အ–ဖြင့် အ–သက်၊ (ဘူ+အ+ဟိ)၊ အညေသု စ–ဖြင့် ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ အဝ သရေ–ဖြင့် ဩ–ကို အဝ်–ပြု၊ ကပ်၊ (ဘဝ+ဟိ)၊ ဟိ လောပံ ဝါ–ဖြင့် ဟိ– ကို ချေ၊ ဘဝ–ကား ပြီး၏။

အနုဘူယတံ–ကို အနု–ရှေးရှိသော ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ တံ–သက်၊ ယ–သက်၊ အနုဘူယတံ ပြီး၏။ *(တံ–ကို တု–ပြန်လျှင် အနုဘူယတု ပြီး၏။)*

http://www.dhammadownload.com

ဓာတ်		ဝိဘတ်		နိပ္ဖန္န
မူလ	ကာရိယ	မူလ	ကာရိယ	
ဘူ	ဘဝ	တု	ဧ	ဘဝတု, ဘဝေ၊
ဘူ	ဘဝ	အန္တု		ဘဝန္တု၊
ဘူ	ဘဝ	ဟိ	–	ဘဝါဟိ, ဘဝ၊
ဘူ	ဘဝ	ထ		ဘဝထ၊
ဘူ	ဘဝ	မိ	ဧ	ဘဝါမိ, ဘဝေ၊
ဘူ	ဘဝ	မ		ဘဝါမ။
ဘူ	ဘဝ	တံ		ဘဝတံ၊
ဘူ	ဘဝ	အန္တံ		ဘဝန္တံ၊
ဘူ	ဘဝ	ဿု		ဘဝဿု၊
ဘူ	ဘဝ	ဝှော်		ဘဝဝှော်၊
ဘူ	ဘဝ	ဧ		ဘဝေ၊
ဘူ	ဘဝ	အာမသေ		ဘဝါမသေ။

သတ္တမီဝိဘတ်

၄၂၅။ သတ္တမီ– ဧယျ , ဧယျုံ၊ ဧယျာသိ, ဧယျာထ၊ ဧယျာမိ, ဧယျာမ၊ ဧထ, ဧရံ၊ ဧထော, ဧယျာဝှော်၊ ဧယျံ, ဧယျာမှေ။

ဧယျ, ဧယျုံ–စသော ၁၂–လုံးတို့သည် သတ္တမီဝိဘတ်မည်ကုန်၏။

၄၁၆။ အနုမတိပရိကပ္ပတ္ထေသု သတ္တမီ။

အနုမတိ–အနက်, ပရိကပ္ပ–အနက်၌ အနုတ္တကာလမှာ သတ္တမီဝိဘတ်သက်။

အတ္ထ–သဒ္ဒါပိုဖြင့် ဝိဓိ, နိမန္တန, အာမန္တန, အဇ္ဈိဋ္ဌ, သမ္ပုစ္ဆန, ပတ္ထနာ–အနက်တို့၌လည်း သတ္တမီသက်။ ဘဝေယျ, ဘဝေ။

* *အနု, ပရိ၊ ဝိဓိ, နိမန်၊ အာမန်, အဇ္ဈိဋ္ဌ၊ သမ္ပုစ္ဆ, ပတ္ထနာ၊ နက်ရှစ်ဖြာ သက်ပါသတ္တမီ။*

http://www.dhammadownload.com

ဓာတ်		ဝိဘတ်		နိပ္ဖန္န
မူလ	ကာရိယ	မူလ	ကာရိယ	
ဘူ	ဘဝ	ေယျ	ဧ	ဘဝေယျ,ဘဝေ၊
ဘူ	ဘဝ	ေယျုံ		ဘဝေယျုံ၊
ဘူ	ဘဝ	ေယျာသိ	ဧ	ဘဝေယျာသိ, ဘဝေ၊
ဘူ	ဘဝ	ေယျာထ		ဘဝေယျာထ၊
ဘူ	ဘဝ	ေယျာမိ	ဧ	ဘဝေယျာမိ, ဘဝေ၊
ဘူ	ဘဝ	ေယျာမ		ဘဝေယျာမ။
ဘူ	ဘဝ	ေထ		ဘဝေထ၊
ဘူ	ဘဝ	ေရံ		ဘဝေရံ၊
ဘူ	ဘဝ	ေထော		ဘဝေထော၊
ဘူ	ဘဝ	ေယျာဝှော		ဘဝေယျာဝှော၊
ဘူ	ဘဝ	ေယျံ	ဧ	ဘဝေယျံ, ဘဝေ၊
ဘူ	ဘဝ	ေယျာမှေ		ဘဝေယျာမှေ။

ကံအနက်–အနုဘူယေထ, အနုဘူယေရံ, အနုဘူယေထော, အနုဘူယေယျာဝှော, အနုဘူယေယျံ, အနုဘူယေ, အနုဘူယေယျာမှေ။

ရုပ်တွက်–

ဘဝေယျ–ကို ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ အနုမတိ ပရိကပ္ပတ္ထေသု သတ္တမီ–ဖြင့် ေယျ–သက်၊ ဘူဝါဒိတော အ–ဖြင့် အ–သက်၊ (ဘူ+အ+ေယျ)၊ အညေသု စ–ဖြင့် ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ အဝ သရေ–ဖြင့် ဩ–ကို အဝ်–ပြု၊ ချေ, ကပ်၊ ဘဝေယျ–ပြီး၏။

(သုတ်ကြီးဖြင့် ေယျ–ကို ဧ–ပြုလျှင် ဘဝေ–ပြီး၏။)

http://www.dhammadownload.com

ပရဿပုဒ်ပြန်လျှင်–အနုဘူယေယျ, အနုဘူယေ၊ အနုဘူယေယျုံ၊ အနုဘူယေယျာသိ, အနုဘူယေ၊ အနုဘူယေယျာထ၊ အနုဘူယေယျာမိ, အနုဘူယေ၊ အနုဘူယေယျာမ။

ဟိယျတ္တနီဝိဘတ်

၄၂၇။ ဟိယျတ္တနီ– အာ, ဦ၊ ဩ, တ္ထ၊ အံ, မှာ၊ တ္ထ, တ္ထုံ၊ သေ, ဝှံ၊ ဣံ, မှသေ။

အာ, ဦ–စသော ၁၂–လုံးတို့သည် ဟိယျတ္တနီဝိဘတ်မည်ကုန်၏။

၄၃၈။ ဟိယျော ပဘုတိ ပစ္စက္ခေ ဟိယျတ္တနီ။

ယမန်နေ့မှစ၍ မျက်မှောက်ဖြစ်သော အတိတ်ကာလ၌ ဟိယျတ္တနီဝိဘတ်သက်၏။

၄၃၁။ ဟိယျတ္တနီသတ္တမီပဉ္စမီဝတ္တမာနာ သဗ္ဗဓာတုကံ။

ဟိယျတ္တနီ, သတ္တမီ, ပဉ္စမီ, ဝတ္တမာန်–ဝိဘတ်တို့သည် သဗ္ဗဓာတ်မည်ကုန်၏။

* *ဝတ်, ပဉ်, သတ္တ၊ ဟိယျတ္တ၊ လေး၀ သဗ္ဗဓာတ်။*

၅၁၉။ အကာရာဂမော ဟိယျတ္တနီ အဇ္ဇတနီ ကာလာတိပတ္တီသု။

ဟိယျတ္တနီ, အဇ္ဇတနီ, ကာလာတိပတ္တိဝိဘတ်တို့ကြောင့် ဓာတ်၏ အစ၌ အ–လာ။

* *ဟိယ်, အဇ္ဇ, ကာ၊ ဝိနှောင်းရာ၊ အ–လာ ဓာတ်ရှေ့မှာ။*

၅၁၆။ က္ကကာရာဂမော အသဗ္ဗဓာတုကမှိ။

ဗျည်းအစ၌ရှိသော ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ–ဟူသော အသဗ္ဗဓာတ် ဝိဘတ်တို့ကြောင့် အချို့အရာ၌ ဣ–လာ။

* *ပ, အဇ်, ဘ, ကာ၊ ဤလေးဖြာ၊ မှတ်ပါ အသဗ္ဗဓာတ်။*

* *ပ, အဇ်, ဘ, ကာ၊ ဗျည်းစ–ပါသည့်၊ ဝိဘတ္တိ၊ နှောင်းဘိ ရှေ့ ဣ–လာ။*

* *ဤ, ဦ, အာ, မှာ၊ ဿာ, ဿာမှာ၊ ရုံခါ ရဿပြု။*

ကွစိ ဓာတု–စသော သုတ်ဖြင့် ဤ, ဦ, အာ, မှာ, ဿာ, ဿာမှာ–ဝိဘတ်တို့ကို ရဿပြု။

http://www.dhammadownload.com

* *ဟိယျတ် အ, လာ၊ က္က, လာ ပ, ဘ၊ အဇ်, ကာ ဒွ၊ သုံး၀ ကြွင်းမလာ။ (ဝိ)*

ဟိယျတ္တနီ ဝိဘတ်ကြောင့် အ–သာ လာသည်။

ပရောက္ခာ, ဘဝိဿန္တိ–ဝိဘတ် ၂–မျိုး ကြောင့် က္က–သာ လာသည်။

အဇ္ဇတနီ, ကာလာတိပတ္တိ ဝိဘတ် ၂–မျိုးကြောင့် အ, က္က–ဝိဘတ် ၂–မျိုးလုံး လာသည်။

ကြွင်းသော ဝတ္တမာန်, ပဉ္စမီ, သတ္တမီ ဝိဘတ် ၃–မျိုးကြောင့် အ, က္က ၂–မျိုးလုံး မလာ။

က္က–လာရာ၌ ဗျည်း အစ–ပါသော ဝိဘတ်နှောင်းရာ၌သာ လာသည်။

* *ဩ–ကို က္က, အ၊ ဒွေဘာ တ္ထ၊ ပြုရ ရုံတစ်ခါ။*

ကွစိ ဓာတု–စသော သုတ်ဖြင့် ရုံခါ ဩ–ဝိဘတ်ကို က္က–ပြု, အ–ပြု, တ္ထ–ပြု၊ တ္ထ–အပြုသည် အလွန်နည်းသည်။

* *ဟိယျတ် တ္ထ–ကို၊ ထ,တစ်လုံးသာ၊ အဇ္ဇ, အာ၊ ဒွေဘာ တ္ထ, လည်းပြု။*

ကွစိ ဓာတု–စသောသုတ်ဖြင့် ဟိယျတ္တနီ တ္ထ–ကို ထ–ပြု၊ အဇ္ဇတနီ အာ–ကို တ္ထ–ပြု။

* *ဗျည်း၏ နောက်မှာ၊ အာ,ရုံခါ၊ တ္ထ–မှာ နှောင်းက ဥ,လာရ။*

ကွစိ ဓာတု–စသော သုတ်ဖြင့် အဂမာသိ–စသည်၌ အာ–လာ၊ တ္ထ, မှာ–ကြောင့် ဥ–လာ။

http://www.dhammadownload.com

အာ	= အ	အဘဝါ, ဘဝါ, အဘဝ, ဘဝ၊
ဦ	= ဥ	အဘဝူ, ဘဝူ, အဘဝု, ဘဝု၊
ဩ	= က္ကု,အ,တ္ထ	အဘဝေါ, ဘဝေါ, အဘဝိ, ဘဝိ, အဘဝ, ဘဝ, အဘဝတ္ထ, ဘဝတ္ထ၊
တ္ထ	= ထ	အဘဝတ္ထ, ဘဝတ္ထ, အဘဝထ, ဘဝထ၊
အံ	= အ	အဘဝံ, ဘဝံ, အဘဝ, ဘဝ၊
မှာ	= မှ	အဘဝမှာ, ဘဝမှာ, အဘဝမှ, ဘဝမှ၊
တ္ထ	= ထ	အဘဝတ္ထ, ဘဝတ္ထ, အဘဝထ, ဘဝထ၊
တ္ထုံ		အဘဝတ္ထုံ, ဘဝတ္ထုံ၊
သေ		အဘဝသေ, ဘဝသေ၊
ဝှံ		အဘဝဝှံ, ဘဝဝှံ၊
က္ကိံ		အဘဝိံ, ဘဝိံ၊
မှသေ		အဘဝမှသေ, ဘဝမှသေ။

ရုပ်တွက်–

အဘဝါ–ကို ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ ဟိယျော ပဘုတိ ပစ္စက္ခေ ဟိယျတ္တနီ–ဖြင့် အာ–သက်၊ အ–ပစ္စည်းသက်၊ (ဘူ+အ+အာ)၊ ဦ–ကို ဩ–ဝုဒ္ဓိ ပြု၊ ဩ–ကို အဝ်–ပြု၊ ချေ, ကပ်၊ အကာရာဂမော ဟိယျတ္တနီအဇ္ဇတနီကာလာတိပတ္တီသု–ဖြင့် ဓာတ်၏ရှေ့၌ အ–လာ၊ အဘဝါ–ပြီး၏။ (အ–မလာလျှင် ဘဝါ, သုတ်ကြီးဖြင့် ရဿပြုလျှင် အဘဝ, ဘဝ–ပြီး၏)။

ကွစိ ဓာတု–စသောသုတ်ဖြင့် ဩ–ကို က္ကု–ပြုလျှင် အဘဝိ, ဘဝိ၊ အ–ပြုလျှင် အဘဝ, ဘဝ၊ တ္ထ–ပြုလျှင် အဘဝတ္ထ, ဘဝတ္ထ၊ အံ–ကို အ–ပြုလျှင် အဘဝ, ဘဝ၊ တ္ထ–ကို ထ–ပြုလျှင် အဘဝထ, ဘဝထ–ဟုဖြစ်၏။

http://www.dhammadownload.com

ကံပဟော

ကံအနက်–အန္တဘူယတ္တ, အနုဘူယတ္တ, အန္တဘူယထ, အနုဘူယထ၊ အန္တဘူယတ္တုံ, အနုဘူယတ္တုံ၊ အန္တဘူယသေ, အနုဘူယသေ၊ အန္တဘူယဝှံ, အနုဘူယဝှံ၊ အန္တဘူယိံ, အနုဘူယိံ၊ အန္တဘူယမှသေ, အနုဘူယမှသေ။

ပရဿပုဒ်ပြန်လျှင်–အန္တဘူယာ, အနုဘူယာ, အန္တဘူယ, အနုဘူယ၊ အန္တဘူယူ, အနုဘူယူ, အန္တဘူယု, အနုဘူယု၊ အန္တဘူယော, အနုဘူယော၊ အန္တဘူယိ, အနုဘူယိ၊ အန္တဘူယ, အနုဘူယ၊ အန္တဘူယတ္ထ, အနုဘူယတ္ထ, အန္တဘူယထ, အနုဘူယထ၊ အန္တဘူယံ, အနုဘူယံ၊ အန္တဘူယ, အနုဘူယ၊ အန္တဘူယမှာ, အနုဘူယမှာ, အန္တဘူယမှ, အနုဘူယမှ။

အသဗ္ဗဓာတ်ဝိဘတ်

* *ပ, အဇ်. ဘ, ကာ၊ ဝိလေးဖြာ၊ မှတ်ပါ အသဗ္ဗဓာတ်။*

ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ–အားဖြင့် ဝိဘတ် ၄–သွယ်သည် အသဗ္ဗဓာတ် မည်သည်။

ပရောက္ခာဝိဘတ်

၄၂၆။ ပရောက္ခာ– အ, ဥ၊ ဧ, တ္ထ၊ အံ, မှ၊ တ္ထ, ရေ၊ တ္ထော, ဝှေ၊ ဣံ, မှေ။

အ, ဥ–စသော ၁၂–လုံးတို့သည် ပရောက္ခာဝိဘတ်မည်ကုန်၏။

၄၁၇။ အပစ္စက္ခေ ပရောက္ခာတီတေ။

မျက်ကွယ် အတိတ်ကာလမှာ ပရောက္ခာ ဝိဘတ်သက်။

* ***မမှတ်မိငြား၊ ဖုံးလွှမ်းထားနှင့်၊ မြင်,ကြားမရှိ၊ သုံးမျိုးသိ၊ သက်ဘိ ပရောက္ခာ။***

မမှတ်မိသော အရာ, စင်စစ် ဖုံးလွှမ်းထားလိုရာ, မြင်ခြင်း ကြားခြင်း မရှိရာ ဤ ၃–ဌာနတို့၌သာ ပရောက္ခာဝိဘတ်သက်သည်။

ရုပ်တွက်–

အန္တဘူယတ္တ–ကို အနု–ရှေးရှိသော ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ တ္တ–သက်၊ ယ–ပစ္စည်းသက်၊ (အနု+ဘူ+ယ+တ္တ)၊ ဓာတ်၏ရှေ့၌ အ–လာ၊ (အနု+အ+ဘူ+ယ+တ္တ)၊ ဝဓောဒုဒန္တာနံ–ဖြင့် နု–၏ ဥ–ကို ဝ–ပြု၊ ကပ်၊ အန္တဘူယတ္တ–ကား ပြီး၏။

(အ မလာလျှင် အနုဘူယတ္တ၊ သုတ်ကြီးဖြင့် တ္တ–ကို ထ–ပြုလျှင် အန္တဘူယထ, အနုဘူယထ

http://www.dhammadownload.com

ဓာတုဒွေဘော်

၄၅၈။ ကွစာဒိဝဏ္ဏာနမေကဿရာနံ ဒွေဘာဝေါ။

ပရောက္ခာ ဝိဘတ်သော်လည်းကောင်း, ခ, ဆ, သ–ပစ္စည်းသော်လည်းကောင်း နှောင်း လျှင် ဓာတ်၏ အစ အက္ခရာကို ဓာတုဒွေဘော်ဆောင်ရသည်။

* *ဝိဘတ် ပရောက္ခာ၊ ခ, ဆ, သာတို့၊ နောက်မှာ ရှိက၊ ဓာတ်အစ၊ ပွားရ ဓာတ်ဒွေဘော်။*

* *ဒါ, ဓာ, ဟာ, ဟု၊ ကမု, စလ၊ ဒလ–စဖြာ၊ ဓာတ်တို့မှာ၊ ဒွေဘာ အမှန်ပြု။*

ဒါ–ဓာတ်, ဓာ–ဓာတ်, ဟာ–ဓာတ်, ဟု–ဓာတ်, ကမု–ဓာတ်, စလ–ဓာတ်၊ ဒလ–စသည် တို့၏ အစ အက္ခရာကို ဓာတုဒွေဘော် ဆောင်ရသည်။

၄၅၉။ ပုဗ္ဗော ဗ္ဘာသော။

ဒွေဘော်လာရာ ရှေ့အက္ခရာကို အဗ္ဘာသအမည်မှည့်။

* *ဒွေဘော်လာရာ၊ ရှေ့ခရာ၊ သညာ အဗ္ဘာသ။*

၄၆၅။ အန္တဿိဝဏ္ဏာကာရော ဝါ။

* *အဗ္ဘာသဆို၊ ဦ–ကို အ–ပြု၊ ဂုပ–ဥ နှင့်၊ နှစ်ခု အဝဏ်၊ ဣ–ပြုရန်၊ တစ်ဖန် ဝါ–၏ အာ–မှာ ဤ။*

အဗ္ဘာသဉ်ဖြစ်သော ဘူ–၏ ဦ–ကို အ–ပြု၊ ဂုပ–၏ ဥ–နှင့် အဝဏ်ကို ဣ–ပြု၊ ဝါ–၏ အာ–ကို ဤ–ပြု။

၄၆၁။ ဒုတိယ စတုတ္ထာနံ ပဌမ တတိယာ။

* *အဗ္ဘာ, က–ဝဂ်၊ ပြု စ–ဝဂ် နှင့်၊ တစ်ချက် ဒု, စ၊ ပြု ပ, တ၊ ဟ–ကို ဇ–လည်းပြု။*

အဗ္ဘာသဉ်ဖြစ်သော–

၁။ ဒုတိယက္ခရာကို ပဌမက္ခရာပြု၊

၂။ စတုတ္ထက္ခရာကို တတိယက္ခရာပြု၊

၃။ က–ဝဂ်ကို စ–ဝဂ်ပြု၊ (ကဝဂ္ဂဿ စဝဂ္ဂေါ)

၄။ ဟ–ကို ဇ–ပြု၊ (ဟဿ ဇော)

http://www.dhammadownload.com

၄၇၅။ ဗြူ, ဘူနမာဟ, ဘူဝါ ပရောက္ခာယံ။

ပရောက္ခာဝိဘတ်ကြောင့် ဘူ–ဓာတ်ကို ဘူဝ်–ပြု၊ ဗြူ–ဓာတ်ကို အာဟ်–ပြု။

* *ပရောက္ခာဝိဘတ်၊ နှောင်းတုံလတ်၊ ဘူဓာတ်, ဘူဝ၊ ဗြူ, အာဟ။*

ဗဘူဝ၊ ဗဘူဝု၊ ဗဘူဝေ။

၅၁၆။ က္ကကာရာဂမော အသဗ္ဗဓာတုကမှိ။

အစ–၌ ဗျည်းပါသည့် ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ ဝိဘတ်တို့ကြောင့် ယင်းဝိဘတ်တို့၏ ရှေ့၌ က္က–လာ။

* *ပ, အဇ္ဇ, ဘ, ကာ၊ ဗျည်း စ ပါသည့်၊ ဝိဘတ္တိ၊ နှောင်းဘိ ရှေ့က္ကလာ။*

ဗဘူဝိတ္ထ၊ ဗဘူဝံ၊ ဗဘူဝိမှ၊ ဗဘူဝိတ္ထ၊ ဗဘူဝိရေ၊ ဗဘူဝိတ္ထော၊ ဗဘူဝိဝှေ၊ ဗဘူဝိ၊ ဗဘူဝိမှေ။

ရုပ်တွက်–

ဗဘူဝ–ကို ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ အပစ္စက္ခေ ပရောက္ခာတီတေ–ဖြင့် အ–ဝိဘတ်သက်၊ ကွစာဒိဝဏ္ဏာနမေကဿရာနံ ဒွေဘာဝေါ– ဖြင့် ဘူ–ဓာတ်၏ အစ ဘူ–ကို ဘူဘူ–ဟု ဒွေဘော်ပြု၊ (ဘူဘူ+အ) ပုဗ္ဗော ဗ္ဘာသော–ဖြင့် ရှေ့ ဘူ–ကို အဗ္ဘာသ အမည်မှည့်၊ အန္တဿိဝဏ္ဏာကာရော ဝါ–ဖြင့် အဗ္ဘာသ၏ အဆုံး ဦ–ကို အ–ပြု၊ (ဘဘူ+အ) ဒုတိယစတုတ္ထာနံ ပဌမ တတိယာ–ဖြင့် အဗ္ဘာသ၌ဖြစ်သော စတုတ္ထ ဘ–ကို တတိယ ဗ–ပြု၊ (ဗဘူ+အ) ဗြူ, ဘူနမာဟ, ဘူဝါ ပရောက္ခာယံ–ဖြင့် ဘူ–ဓာတ်ကို ဘူဝ်–ပြု၊ ဝ, အ–သိုက်ပ်၊ ဗဘူဝ–ပြီး၏။

ဗဘူဝိတ္ထ–ကို ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ အပစ္စက္ခေ ပရောက္ခာတီတေ–ဖြင့် တ္ထ–ဝိဘတ်သက်၊ ကွစာဒိဝဏ္ဏာနမေကဿရာနံ ဒွေဘာဝေါ– ဖြင့် ဘူ–ဓာတ်၏ အစ ဘူ–ကို ဘူဘူ–ဟု ဒွေဘော်ပြု၊ (ဘူဘူ+အ) ပုဗ္ဗော ဗ္ဘာသော–ဖြင့် ရှေ့ ဘူ–ကို အဗ္ဘာသ အမည်မှည့်၊ အန္တဿိဝဏ္ဏာကာရော ဝါ–ဖြင့် အဗ္ဘာသ၏ အဆုံး ဦ–ကို အ–ပြု၊ (ဘဘူ+တ္ထ) ဒုတိယစတုတ္ထာနံ ပဌမ တတိယာ–ဖြင့် အဗ္ဘာသ၌ဖြစ်သော စတုတ္ထ ဘ–ကို တတိယ ဗ–ပြု၊ (ဗဘူ+တ္ထ) ဗြူ, ဘူနမာဟ,ဘူဝါ ပရောက္ခာယံ–ဖြင့် ဘူ–ဓာတ်ကို ဘူဝ်–ပြု၊ က္ကကာရာဂမော အသဗ္ဗဓာတုကမှိ–ဖြင့် တ္ထ–၏ ရှေ့၌ က္က–လာ၊ ဝ်, က္က–သိုက်ပ်၊ ဗဘူဝိတ္ထ–ပြီး၏။

http://www.dhammadownload.com

ပရောက္ခာဝိဘတ်စုံ

ပရဿပုဒ်	အ,	ဥ၊	ဧ,	တ္ထ၊	အံ,	မှ၊
	ဗဘူဝ,	ဗဘူဝု၊	ဗဘူဝေ,	ဗဘူဝိတ္ထ၊ ဗဘူဝံ,	ဗဘူဝိမှ၊	
အတ္တနောပုဒ်	တ္ထ,	ရေ၊	တ္ထော,	ဝှေ၊	ဣံ,	မှေ။
	ဗဘူဝိတ္ထ,	ဗဘူဝိရေ၊	ဗဘူဝိတ္ထော,	ဗဘူဝိဝှေ၊	ဗဘူဝိံ,	ဗဘူဝိမှေ။

ကံဟော

၄၄၂။ ဣဝဏ္ဏာဂမော ဝါ။

ယ-ပစ္စည်းကြောင့် ယ-၏ရှေ့၌ ဣ, ဤ-လာ။

(အချို့အရာ၌ ယ-ဒွေဘော်ဆောင်၊ ဒွေဘော်ဆောင်လျှင် များသောအားဖြင့် ဣ-လာ)

* *ယ-၏ရှေ့မှာ၊ ဣ, ဤ-လာ၊ ရံခါ ယ-ဒွေဘော်။*

အနုဗဘူဝီယိတ္ထ, အနုဗဘူဝီယိရေ, အနုဗဘူဝီယိတ္ထော, အနုဗဘူဝီယိဝှေ, အနုဗဘူဝီယိံ, အနုဗဘူဝီယိမှေ။

ပရဿပုဒ်ပြန်လျှင်- အနုဗဘူဝီယ, အနုဗဘူဝီယု-စသည်။

ယ-ဒွေဘော်ဆောင်လျှင်- အနုဗဘူဝိယျိတ္ထ-စသည်။

* *ပ, အဇ်, ဘ, ကာ၊ ဝိ-နှောင်းရာ၊ ချို့မှာ ယ-ကိုချေ။*

ပ, အဇ်, ဘ, ကာ-ဟူသော အသဗ္ဗဓာတ်ဝိဘတ်နှောင်းလျှင် ကွစိ ဓာတု-စသော သုတ်ဖြင့် ယ-ပစ္စည်းကို ရံခါချေ။ အနုဗဘူဝိတ္ထ။

ရုပ်တွက်-

အနုဗဘူဝီယိတ္ထ-၌ အနုပုဗ္ဗ ဘူ-တည်၊ အတ္တနောပုဒ် တ္ထ-သက်၊ ယ-ပစ္စည်းသက်၊ (အနု+ ဘူ+ယ+တ္ထ) ဘူ-ဓာတ်၏အစ ဘူ-ကို ဘူဘူ-ဟုဒွေဘော်ဆောင်၊ ရှေ့ဘူ-ကို အဗ္ဘာသ အမည်မှည့်၊ အဗ္ဘာသ၏ အဆုံးဖြစ်သော ဦ-ကို အ-ပြု၊ အဗ္ဘာသ၌ဖြစ်သော စတုတ္ထ ဘ-ကို တတိယ ဗ-ပြု၊ ဘူ-ကို ဘူဝ-ပြု၊ ဣဝဏ္ဏာဂမော ဝါ-ဖြင့် ယ-၏ ရှေ့၌ ဤ-လာ၊ တ္ထ-၏ ရှေ့၌ ဣ-လာ၊ ယ-ခွင်း, ချေ,ကပ်။

အနုဗဘူဝိတ္ထ-၌ အတ္တနောပုဒ် တ္ထ-သက်၊ ယ-ပစ္စည်းသက်၊ (အနု+ ဘူ+ယ+တ္ထ) ဘူ-ဓာတ်၏ အစ ဘူ-ကို ဘူဘူ-ဟုဒွေဘော်ဆောင်၊ ရှေ့ဘူ-ကို အဗ္ဘာသ အမည်မှည့်၊ အဗ္ဘာသ၏ အဆုံးဖြစ်သော ဦ-ကို အ-ပြု၊ အဗ္ဘာသ၌ဖြစ်သော စတုတ္ထ ဘ-ကို တတိယ ဗ-ပြု၊ ဘူ-ကို ဘူဝ်-ပြု၊ ကွစိဓာတု-စသောသုတ်ဖြင့် ယ-ကို ချေ၊ တ္ထ-၏ ရှေ့၌ ဣ-လာ၊ ကပ်။

http://www.dhammadownload.com

အဇ္ဇတနီဝိဘတ်

၄၂၈။ အဇ္ဇတနီ–ဤ, ဥံ။ ဩ, တ္ထ၊ က္ကုံ, မှာ၊ အာ, ဦ၊ သေ, ဝှံ၊ အံ, မှေ။

ဤ, ဥံ–စသော ၁၂–လုံးတို့သည် အဇ္ဇတနီမည်ကုန်၏။

၄၁၉။ သမီပေဇ္ဇတနီ။

အနီးမှစ၍ မျက်မှောက်, မျက်ကွယ် အတိတ်ကာလ၌ အဇ္ဇတနီဝိဘတ်သက်။

အဘဝီ၊ ဘဝီ၊ အဘဝိ, ဘဝိ၊ အဘဝုံ, ဘဝုံ။

၅၀၄။ သဗ္ဗတော ဥံ က္ကုံသု။

အလုံးစုံသော ဓာတ်နောင် ဥံ–ဝိဘတ်ကို က္ကုံသု–ပြု။

သဗ္ဗတော ဥံ–ဟူသော ယောဂဝိဘာဂဖြင့် ဥံ–ကို အံသု–ပြု၊ ဆန်းဂါထာအရာ၌ က္ကုံသုံ–လည်းပြု။

* *ဥံကို က္ကုံသု၊ အံသု ပြု၊ ဆန်းမှု ဂါထာ၊ က္ကုံသုံ–ပါ။*

ဥံ= က္ကုံသု, အံသု–	အဘဝုံ, ဘဝုံ, အဘဝိံသု, ဘဝိံသု၊ အဘဝံသု, ဘဝံသု၊
ဩ= က္က, အ–	အဘဝေါ, ဘဝေါ၊ အဘဝိ, ဘဝိ၊ အဘဝ, ဘဝ၊
တ္ထ–	အဘဝိတ္ထ, ဘဝိတ္ထ၊ အဘဝုတ္ထ, ဘဝုတ္ထ၊
က္ကုံ–	အဘဝိံ, ဘဝိံ၊
မှာ=မှ–	အဘဝိမှာ, ဘဝိမှာ၊အဘဝိမှ, ဘဝိမှ၊ အဘဝုမှာ, ဘဝုမှာ, အဘဝုမှ, ဘဝုမှ၊
အာ= အ, တ္ထ–	အဘဝါ, ဘဝါ၊ အဘဝ, ဘဝ၊ အဘဝိတ္ထ, ဘဝိတ္ထ၊
ဦ=ဥ–	အဘဝူ, ဘဝူ၊ အဘဝု, ဘဝု၊
သေ–	အဘဝိသေ, ဘဝိသေ၊
ဝှံ–	အဘဝိဝှံ, ဘဝိဝှံ၊
အံ= အ–	အဘဝံ, ဘဝံ၊ အဘဝ, ဘဝ၊
မှေ–	အဘဝိမှေ, ဘဝိမှေ။

ရုပ်တွက်–

အဘဝီ–၌ ဘူ+ဤ၊ ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ–ကို အဝ–ပြု၊ ဓာတ်၏အစ၌ အ–လာ။

http://www.dhammadownload.com

ကံဟော– အန္ဘူယာ, အနုဘူယာ, အန္ဘူယ, အနုဘူယ, အန္ဘူယိတ္ထ, အနုဘူယိတ္ထ၊ အန္ဘူယူ, အနုဘူယူ, အန္ဘူယု, အနုဘူယု၊ အန္ဘူယိသေ, အနုဘူယိသေ၊ အန္ဘူယိဝှံ အနုဘူယိဝှံ၊ အန္ဘူယံ, အနုဘူယံ, အန္ဘူယ, အနုဘူယ၊ အန္ဘူယိမှေ, အနုဘူယိမှေ။

ပရဿပုဒ်ပြန်လျှင်– အန္ဘူယီ, အနုဘူယီ–စသည်ဖြင့်စဉ်လေ။

ကွစိ ဓာတု–စသည်ဖြင့် ယပစ္စည်းကျေလျှင်–အန္ဘဝ, အနုဘဝ, အန္ဘဝ, အနုဘဝ အန္ဘဝိတ္ထ၊ အနုဘဝိတ္ထ –စသည်ဖြင့် စဉ်လေ။

ဘဝိဿန္တိဝိဘတ်

၄၂၉။ ဘဝိဿန္တိ–ဿတိ, ဿန္တိ၊ ဿသိ, ဿထ၊ ဿာမိ, ဿာမ၊ ဿတေ, ဿန္တေ၊ ဿသေ, ဿဝှေ၊ ဿံ, ဿာမှေ။

ဿတိ, ဿန္တိ–စသော ၁၂–လုံးတို့သည် ဘဝိဿန္တိမည်ကုန်၏။

၄၃၀။ အနာဂတေ ဘဝိဿန္တိ။

အနာဂတ်ကာလ၌ ဘဝိဿန္တိ–ဝိဘတ်သက်။

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ–စသော အချို့အရာ အတိတ်ကာလ၌လည်းသက်။

* *ဘဝိဿန္တိ၊ နာဂတ်သိ၊ ချို့ရှိ အတိတ်မှာ။*

ဘဝိဿတိ၊ ဘဝိဿန္တိ, ဘဝိဿရေ၊ ဘဝိဿသိ၊ ဘဝိဿထ၊ ဘဝိဿာမိ၊ ဘဝိဿာမ၊ ဘဝိဿတေ၊ ဘဝိဿန္တေ၊ ဘဝိဿသေ၊ ဘဝိဿဝှေ၊ ဘဝိဿံ၊ ဘဝိဿာမှေ။

ကမ္မရုပ်စဉ်ဟန်ကား–အနုဘူယိဿတေ၊အနုဘူယိဿန္တေ၊ အနုဘူယိဿသေ၊ အနုဘူယိဿဝှေ၊ အနုဘူယိဿံ၊ အနုဘူယိဿာမှေ။

ပရဿပုဒ်ပြန်လျှင်– အနုဘူယိဿတိ၊ အနုဘူယိဿန္တိ–စသည်ဖြင့် စဉ်လေ။

ရုပ်တွက်–

အန္ဘူယာ–၌ အနု+ဘူ+အာ၊ ဘာဝကမ္မေသု ယော–ဖြင့် ယ–ပစ္စည်းသက်၊ ဓာတ်၏အစ၌ အ–လာ၊ (အနု+အ+ဘူ+ယ+အာ) ဝမောဒုဒန္တာနံ–ဖြင့် ဥ–ကို ဝ–ပြု၊ ယ, ခွင်း, ချေ, ကပ်။

http://www.dhammadownload.com

ကာလာတိပတ္တိဝိဘတ်

၄၃၀။ ကာလာတိပတ္တိ– ဿာ, ဿံသု၊ ဿေ, ဿထ၊ ဿံ, ဿာမှာ၊ ဿထ, ဿိသု၊ဿသေ, ဿဝှေ၊ ဿိံ, ဿာမှသေ။

ဿာ, ဿံသု–စသော ၁၂–လုံးသည် ကာလာတိပတ္တိမည်သည်။

၄၂၂။ ကိရိယာတိပန္နေ တီတေ ကာလာတိပတ္တိ။

ကြိယာမဖြစ်ဘဲ လွန်၍သွားသော အတိတ်ကာလ၌ ကာလာတိပတ္တိဝိဘတ်သက်။

စိရံ ဘဏ္ဍော အဘဝိဿာ၊ သစေ နော ဝိဝဒါမသေ–စသော အချို့အရာ အနာဂတ်ကာလ၌လည်းသက်။

ကွစိ ဓာတု–စသောသုတ်ဖြင့် ဿေ–၏ အဆုံး ဧ–ကို ရုံခါ အ–ပြု။

* *ကာလာတိပတ်၊ တိတ်,နာဂတ်၊ နှစ်ရပ် ကာလမှာ။*

* *ဿေ–၏ ဧ–မှာ၊ ရုံတစ်ခါ၊ မှန်စွာ အ–လည်းပြု။*

အဘဝိဿာ, ဘဝိဿာ၊ အဘဝိဿ, ဘဝိဿ၊ အဘဝိဿံသု၊ ဘဝိဿံသု၊ အဘဝိဿေ, ဘဝိဿေ၊ အဘဝိဿ, ဘဝိဿ၊*(ဧ–ကို အ–ပြု)* အဘဝိဿထ, ဘဝိဿထ၊ အဘဝိဿံ, ဘဝိဿံ၊ အဘဝိဿာမှာ, ဘဝိဿာမှာ, အဘဝိဿာမှ, ဘဝိဿာမှ၊ အဘဝိဿထ, ဘဝိဿထ၊ အဘဝိဿိသု, ဘဝိဿိသု၊ အဘဝိဿသေ, ဘဝိဿသေ၊ အဘဝိဿဝှေ, ဘဝိဿဝှေ၊ အဘဝိဿိံ ဘဝိဿိံ၊ အဘဝိဿာမှသေ, ဘဝိဿာမှသေ။

ကမ္မရုပ်စဉ်ဟန်ကား–အနွဘူယိဿထ, အနုဘူယိဿထ၊ အနွဘူယိဿိသု, အနုဘူယိဿိသု၊ အနွဘူယိဿသေ, အနုဘူယိဿသေ၊ အနွဘူယိဿဝှေ, အနုဘူယိဿဝှေ၊ အနွဘူယိဿိံ, အနုဘူယိဿိံ၊ အနွဘူယိဿာမှသေ, အနုဘူယိဿာမှသေ။

ပရဿပုဒ်ပြန်လျှင်– အနွဘူယိဿာ, အနုဘူယိဿာ–စသည်ဖြင့် စဉ်လေ။

http://www.dhammadownload.com

အလုံးစုံကာလ

၄၂၀။ မာယောဂေ သဗ္ဗကာလေ စ။

မာ–သဒ္ဒါနှင့်ယှဉ်ရာ ဟိယျတ္တနီ, အဇ္ဇတနီ–ဝိဘတ်တို့သည် အလုံးစုံသော ကာလ၌သက်။
စ–သဒ္ဒါဖြင့် ပဉ္စမီ, သတ္တမီ ဝိဘတ်လည်းသက်။

* *မာနှင့်ယှဉ်က၊ ဟိဉ်, အဇ္ဇနှင့်၊ ပဉ္စ, သတ္တာ၊ ဝိလေးဖြာ၊ ကာလာ အားလုံးရ။*

မာ ဘဝါ၊ မာ ဘဝီ၊ မာ ဘဝေယျ၊ မာ ဘဝေယျ။

ပရောပုရိသ်

၄၀၉။ သဗ္ဗေသမေကာဘိဓာနေ ပရော ပုရိသော

ပုရိသ်နှစ်ပါးသုံးပါး တစ်ပေါင်းတည်းဆိုလိုရာ၌ နောက်ပုရိသ်ကို သုံးစွဲရမည်။

* *နာမ, တုမှ၊ အမှ–သဒ္ဒါ၊ ရောလေရာ၊ ယူပါ နောက်ပုရိသ်။*

ဝါကျတစ်ခု၌ နာမ နှင့် တုမှ၊ နာမ နှင့် အမှ၊ တုမှ နှင့် အမှ၊ နာမ, တုမှ နှင့် အမှ ရောနှော သုံးစွဲလျှင် နောက်ပုရိသ်ကိုသာ ယူရသည်၊ ကတ္တားများက ဧကဝုစ်ဖြစ်လျှင် နောက်ပုရိသ်၏ ဧကဝုစ်, ဗဟုဝုစ် တစ်မျိုးမျိုး ယူနိုင်သည်၊ ကတ္တား ဗဟုဝုစ်ပါလျှင်ကား နောက်ပုရိသ် ဗဟုဝုစ်သာယူရမည်။

သော စ, တွံ စ, ဂစ္ဆသိ, ဂစ္ဆထ ဝါ၊

သော စ, အဟံ စ, ဂစ္ဆာမိ, ဂစ္ဆာမ ဝါ၊

တွံ စ, အဟံ စ, ဂစ္ဆာမိ, ဂစ္ဆာမ ဝါ၊

သော စ, တွံ စ, အဟံ စ, ဂစ္ဆာမိ, ဂစ္ဆာမ ဝါ၊

တေ စ, တုမှေ စ ဂစ္ဆထ၊

တေ စ, မယံ စ ဂစ္ဆာမ၊

တုမှေ စ, မယံ စ, ဂစ္ဆာမ၊

တေ စ, တုမှေ စ, မယံ စ, ဂစ္ဆာမ၊

အဟံ စ, တွံ စ, ဂစ္ဆာမိ, ဂစ္ဆာမ ဝါ၊ (နေရာ နောက်မဟုတ်၊ မှုရင်း နောက်ပုရိသ်)

သော စ, တေ စ, ဂစ္ဆန္တိ၊

သော စ, တုမှေ စ, ဂစ္ဆထ၊

သော စ, မယံ စ, ဂစ္ဆာမ၊

တုမှေ စ, တေ စ, မယံ စ ဂစ္ဆာမ။

http://www.dhammadownload.com

သာမညဘူဝါဒိစာတ်များ
ရုပ်ထူးစီရင်ခန်း

ပစ–ပါကေ (ချက်ခြင်း, ကျက်ခြင်း၌) ပစတိ၊ ပစေ၊ ပစန္တိ၊ ပစသိ၊ ပစထ–စသည် ----

ယအစီအရင်

၄၄၁။ တသ္မ စဝဂ္ဂ ယကာရ ဝကာရတ္တံ သဓာတွန္တဿ။

ဓာတွန်နှင့်တကွ ယ–ပစ္စည်းကို စ–ဝဂ်, ယ–အက္ခရာ, ဝ–အက္ခရာပြု။

၄၄၃။ ပုဗ္ဗရူပဉ္စ။

ဓာတ်တို့နောင်မှ ယ–ပစ္စည်းကို ပုဗ္ဗရုပ်ပြု။

ယ–ပစ္စည်းကို စီရင်ရာ၌–

၁။ ဓာတွန်နှင့်တကွ ယ–ပစ္စည်းကို စဝဂ်, ယ, ဝ– ပြုသော အစီအရင်၊

၂။ ယ–ပစ္စည်းကို ပုဗ္ဗရုပ် ပြုသော အစီအရင်ဟု ၂–မျိုးရှိသည်။

ထို ဓာတွန်နှင့် တကွ ယ–ပစ္စည်းကို ပြုရာ၌–

(က) ဓာတွန်သည် စ–ဝဂ်, တ–ဝဂ်ဖြစ်လျှင် စ–ဝဂ်ပြု၊

(ခ) ဓာတွန်သည် ရ–ဖြစ်လျှင် ယ–ပြု၊

(ဂ) ဓာတွန်သည် ဝ–ဖြစ်လျှင် ဝ–ပြု။

* *ယ–နှင့် ယှဉ်ကြ၊ ဝဂ် စ, တ–မှာ၊ စ, ဝဂ်သာနှင့်၊ ရ–မှာကား ယ၊ ဝ–မှာ ဝ၊ ပြုရ စဉ်တိုင်းမှတ်။*

ဓာတ်နောင် ယ–ပစ္စည်းကို ပုဗ္ဗရုပ် ပြုရာ၌ က–ဝဂ်, ဋ–ဝဂ်, ပ–ဝဂ် နှင့် လ, သ–ဓာတွန် ဓာတ်နောင် ယ–ပစ္စည်းကိုသာ ပုဗ္ဗရုပ် ပြုရမည်။

* *က– ဝဂ် ဋ, ပ၊ ဝဂ်သုံးဝ နှင့်၊ လ, သနောက်မှာ၊ ယ ဝင်လာ၊ ပြုပါ ပုဗ္ဗရုပ်။*

ရုပ်တွက်–

ပစတိ–ကို ပစ–တည်၊ ပစ–ပါကေ၊ ဓာတ်အမည်မှည့်၊ ဓာတုဿန္တော–စသောသုတ် ဖြင့် ဓာတွန် အ–ကို ချေ၊ ဝတ္တမာနာ ပစ္စုပ္ပန္နေ–ဖြင့် တိ–သက်၊ (ပစ်+တိ) ဘူဝါဒတော အ–ဖြင့် အ–သက်(ပစ်+အ+တိ) စ်– အ–သို့ ကပ်၊ ပစတိ–ပြီး၏။ တိ–ကို ဧ–ပြုလျှင် ပစေ၊ အန္တိ–သက်လျှင် ပစ+အ+အန္တိ– ဖြစ်၍ ချေ, ကပ်ရမည်။

http://www.dhammadownload.com

ကတ္တား/ကံဟော အလွယ်မှတ်နည်း

အာချာတ်ဓာတ်များကို ကတ္တားဟော ပြုလုပ်လိုလျှင် ဝိကရဏပစ္စည်း သက်၍ ပြုလုပ်ရမည်၊ ဥပမာ– ဘူဝါဒိဂိုဏ်းအတွက် အ–ပစ္စည်းသက်၍ ဘဝတိ၊ ပစတိ၊ လဘတိ–စသည်။

ကံဟော ပြုလုပ်လိုလျှင် (၁) ယ–ပစ္စည်းသက် ဣ, ဤ–လာ၍ ပစိယတေ, ပစိယျတေ, ပစီယတေ–စသည်၊ (၂) တဿစဝဂ္ဂ (သို့မဟုတ်) ပုဗ္ဗရူပဋ္ဌ–အစီရင်ဖြင့် ပစ္စတေ၊ ဂမ္မတေ–စသည်။

သို့သော် အဆိုပါ အစီရင်များ မဝင်ဘဲ ဂမျတေ–စသည်ဖြင့်လည်း အနည်းငယ်ရှိနိုင်သည်။

** ဝိကရဏ၊ ကတ္တုပြ၏၊ ကမ္မတွက်မှာ၊ ဣဝဏ်လာနှင့်၊ တစ်ဖြာ တဿ၊ သုတ် ပုဗ္ဗ၊ မှတ်ကြ ကတ်, ကံ အလွယ်နည်း။*

ကံဟော– ပစီယတေ၊ ပစီယန္တေ, ပစီယရေ(ကွစိ ဓာတု–စသော သုတ်ဖြင့် အန္တေ–ကို ရေ–ပြု) ပစီယသေ–စသည်။

ဣ–လာ, ယ–ဒွေဘော်ဆောင်လျှင်– ပစိယျတေ၊ ပစိယျန္တေ။ ပစိယျတိ, ပစိယျန္တိ, စသည်။

ယ–ပစ္စည်းကို စ–ဝဂ်ပြုလျှင်–ပစ္စတေ၊ ပစ္စန္တေ, ပစ္စရေ။ ပစ္စတိ၊ ပစ္စန္တိ, ပစ္စရေ–စသည်။

လိုရင်းချုပ်ကား– ပစ–ပါကေ၊ ပစတိ၊ ကမ္မေ– ပစီယတေ၊ ပစိယျတေ၊ ပစ္စတေ။

ပဉ္စမီဝိဘတ်– ပစတု, ပစေ၊ ပစန္တု၊ ပစာဟိ,ပစ၊ ပစထ၊ ပစာမိ, ပစေ၊ ပစာမ၊ ပစတံ၊ ပစန္တံ၊ ပစဿု၊ ပစဝှော၊ ပစေ၊ ပစာမသေ။

ကမ္မရုပ်– ပစီယတံ၊ ပစီယန္တံ၊ ပစီယဿု၊ ပစီယဝှော၊ ပစီယေ၊ ပစီယာမသေ။

ပရဿပုဒ်ပြန်လျှင်– ပစီယတု, ပစီယေ၊ ပစီယန္တု၊ ပစီယာဟိ, ပစီယ၊ ပစီယထ၊ ပစီယာမိ, ပစီယေ၊ ပစီယာမ။

ဣ–လာ, ယ–ဒွေဘော်ဆောင်လျှင်– ပစိယျတံ, ပစိယျန္တံ–စသည်၊

ပရဿပုဒ်ပြန်လျှင်– ပစိယျတု, ပစိယျန္တု–စသည်။

ဓာတွန်နှင့်တကွ ယ–ကို စ–ဝဂ်ပြု, ဒွေဘော်ဆောင်လျှင်– ပစ္စတံ, ပစ္စန္တံ–စသည်၊

ပရဿပုဒ်ပြန်လျှင်– ပစ္စတု, ပစ္စန္တု–စသည်။

ရုပ်တွက်– ပစီယတေ–ကို ပစ–တည်၊ ပစ–ပါကေ၊ ဓာတ် အမည်မှည့်၊ ဓာတွန်ချေ၊ တေ–သက်၊ ယ–သက်၊ ဣဝဏ္ဏာဂမော ဝါ–ဖြင့် ဤ–လာ။

ပစ္စတေ–ကို ပစ–တည်၊ ပစ–ပါကေ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ–ကို ချေ၊ တေ–သက်၊ ယ–သက်၊(ပစ်+ယ+တေ) တဿ စဝဂ္ဂ ယကာရ ဝကာရတ္တံ–ဖြင့် ဓာတွန်နှင့်တကွ ယ– ကို စ–ဝဂ် စ–ပြု၊ (ပစ+တေ) စ–၏ သဒိသဒွေဘော် စ–လာ၊ ပစ္စတေ–ပြီး၏။

http://www.dhammadownload.com

သတ္တမီဝိဘတ်– ပစေယျ, ပစေ၊ ပစေယျုံ၊ ပစေယျာသိ, ပစေ၊ ပစေယျာထ၊ ပစေယျာမိ, ပစေ၊ ပစေယျာမ၊ ပစေထ၊ ပစေရုံ၊ ပစေထော၊ ပစေယျာဝှေါ၊ ပစေယျံ, ပစေ၊ ပစေယျာမှေ။

ကမ္မရုပ်– ပစီယေထ, ပစီယေရုံ၊ ပစီယေထော၊ ပစီယေယျာဝှေါ၊ ပစီယေယျံ, ပစီယေ၊ ပစီယေယျာမှေ။

ပရဿပုဒ်ပြန်လျှင်– ပစီယေယျ, ပစီယေ၊ ပစီယေယျုံ– စသည်။

က္က–လာ, ယ–ဒွေဘော်ဆောင်လျှင်– ပစိယျေထ, ပစိယျေရုံ– စသည်။

ပရဿပုဒ်ပြန်လျှင်–ပစိယျေယျ, ပစိယျေယျုံ စသည်။

ဓာတွန်နှင့်တကွ ယ–ကို စ–ဝဂ်ပြု, ဒွေဘော်ဆောင်လျှင်–ပစ္စေထ, ပစ္စေရုံ–စသည်။

ပရဿပုဒ်ပြန်လျှင်– ပစ္စေယျ, ပစ္စေယျုံ–စသည်။

ဟိယျတ္တနီဝိဘတ်– အပစာ, ပစာ, အပစ, ပစ၊ အပစူ, ပစူ, အပစု, ပစု၊ အပစော, ပစော, အပစိ, ပစိ, အပစ, ပစ၊ အပစတ္ထ, ပစတ္ထ, အပစထ, ပစထ၊ အပစံ, ပစံ, အပစ, ပစ၊ အပစမှာ, ပစမှာ, အပစမှ, ပစမှ, အပစတ္ထ, ပစတ္ထ, အပစထ, ပစထ၊ အပစတ္ထုံ, ပစတ္ထုံ၊ အပစသေ, ပစသေ၊ အပစဝှံ, ပစဝှံ၊ အပစိံ, ပစိံ၊ အပစမှသေ, ပစမှသေ။

ကမ္မရုပ်– အပစီယတ္ထ, ပစီယတ္ထ–စသည်။

ပရဿပုဒ်ပြန်လျှင်– အပစီယာ, ပစီယာ, အပစီယ, ပစီယ–စသည်။

က္က–လာ, ယ–ဒွေဘော်ဆောင်လျှင်– အပစိယျတ္ထ, ပစိယျတ္ထ, အပစိယျထ, ပစိယျထ–စသည်။

ပရဿပုဒ်ပြန်လျှင်– အပစိယျာ, ပစိယျာ, အပစိယျ, ပစိယျ–စသည်။

ဓာတွန်နှင့်တကွ ယ–ကို စ–ဝဂ်ပြု, ဒွေဘော်ဆောင်လျှင်– အပစ္စတ္ထ, ပစ္စတ္ထ, အပစ္စထ, ပစ္စထ–စသည်။

ပရဿပုဒ်ပြန်လျှင်– အပစ္စာ, ပစ္စာ, အပစ္စ, ပစ္စ–စသည်။

ပရောက္ခာဝိဘတ်

ပပစ၊ ပပစု၊ ပပစေ၊ ပပစိတ္ထ၊ ပပစံ၊ ပပစိမှ၊ ပပစိတ္ထ၊ ပပစိရေ၊ ပပစိတ္ထော၊ ပပစိဝှေါ၊ ပပစိံ၊ ပပစိံမှေ။

ကမ္မရုပ်– ပပစီယိတ္ထ, ပပစိယျိတ္ထ, ပပစ္စိတ္ထ–စသည်။

http://www.dhammadownload.com

အဇ္ဇတနီဝိဘတ်

အပစီ, ပစီ, အပစိ, ပစိ၊ အပစုံ, ပစုံ, အပစိံသု, ပစိံသု, အပစံသု, ပစံသု၊ အပစော, ပစော, အပစိ, ပစိ, အပစ, ပစ၊ အပစိတ္ထ, ပစိတ္ထ, အပစုတ္ထ, ပစုတ္ထ၊ အပစိံ, ပစိံ၊ အပစိမှာ, ပစိမှာ, အပစိမှ, ပစိမှ, အပစုမှာ, ပစုမှာ, အပစုမှ, ပစုမှ၊ အပစာ, ပစာ, အပစ, ပစ, အပစိတ္ထ, ပစိတ္ထ၊ အပစူ, ပစူ, အပစု, ပစု၊ အပစိသေ, ပစိသေ၊ အပစိဝှံ, ပစိဝှံ၊ အပစံ, ပစံ, အပစ, ပစ၊ အပစိမှေ, ပစိမှေ။

ကမ္မရုပ်– အပစီယာ, ပစီယာ, အပစီယ, ပစီယ, အပစီယိတ္ထ, ပစီယိတ္ထ–စသည်။

ပရဿပုဒ်ပြန်လျှင်– အပစီယီ, ပစီယီ, အပစီယိ, ပစီယိ–စသည်။

က္က–လာ, ယ–ဒွေဘော်ဆောင်လျှင်– အပစိယျာ, ပစိယျာ, အပစိယျ, ပစိယျ–စသည်။

ပရဿပုဒ်ပြန်လျှင်–အပစိယျီ, ပစိယျီ, အပစိယျိ, ပစိယျိ–စသည်။

ဓာတွန်နှင့်တကွ ယ–ကို စ–ဝဂ်ပြု, ဒွေဘော်ဆောင်လျှင်– အပစ္စာ, ပစ္စာ, အပစ္စ, ပစ္စ–စသည်။

ပရဿပုဒ်ပြန်လျှင်– အပစ္စီ, ပစ္စီ, အပစ္စိ, ပစ္စိ–စသည်။

ဘဝိဿန္တီဝိဘတ်

ပစိဿတိ,ပစိဿန္တိ, ပစိဿရေ, ပစိဿသိ, ပစိဿထ, ပစိဿာမိ, ပစိဿာမ, ပစိဿတေ, ပစိဿန္တေ, ပစိဿရေ, ပစိဿသေ, ပစိဿဝှေ, ပစိဿံ, ပစိဿာမှေ။

ကမ္မရုပ်– ပစီယိဿတေ, ပစီယိဿန္တေ, ပစီယိဿရေ–စသည်။

ပရဿပုဒ်ပြန်လျှင်– ပစီယိဿတိ, ပစီယိဿန္တိ, ပစီယိဿရေ–စသည်။

က္က–လာ, ယ–ဒွေဘော်ဆောင်လျှင်– ပစိယျိဿတေ, ပစိယျိဿန္တေ–စသည်။

ပရဿပုဒ်ပြန်လျှင်– ပစိယျိဿတိ, ပစိယျိဿန္တိ–စသည်။

ဓာတွန်နှင့်တကွ ယ–ကို စ–ဝဂ်ပြု, ဒွေဘော်ဆောင်လျှင်– ပစ္စိဿတေ, ပစ္စိဿန္တေ–စသည်။

ပရဿပုဒ်ပြန်လျှင်– ပစ္စိဿတိ, ပစ္စိဿန္တိ–စသည်။

http://www.dhammadownload.com

ကာလာတိပတ္တိဝိဘတ်

အပစိဿာ, ပစိဿာ, အပစိဿ, ပစိဿ၊ အပစိဿံသု, ပစိဿံသု၊ အပစိဿေ, ပစိဿေ, အပစိဿ, ပစိဿ၊ အပစိဿထ, ပစိဿထ၊ အပစိဿံ, ပစိဿံ၊ အပစိဿာမှာ, ပစိဿာမှာ, အပစိဿာမှ, ပစိဿာမှ၊ အပစိဿထ, ပစိဿထ၊ အပစိဿိသု, ပစိဿိသု, အပစိဿသေ, ပစိဿသေ၊ အပစိဿဝှေ, ပစိဿဝှေ၊ အပစိဿိံ, ပစိဿိံ၊ အပစိဿာမှသေ, ပစိဿာမှသေ။

ကမ္မရုပ်– အပစီယိဿထ, ပစီယိဿထ, အပစီယိဿိသု, ပစီယိဿိသု–စသည်။

ပရဿပုဒ်ပြန်လျှင်– အပစီယိဿာ, ပစီယိဿာ, အပစီယိဿ, ပစီယိဿ–စသည်။

က္က–လာ, ယ–ဒွေဘော်ဆောင်လျှင်– အပစိယျိဿထ, ပစိယျိဿထ–စသည်။

ပရဿပုဒ်ပြန်လျှင်– အပစိယျိဿာ, ပစိယျိဿာ–စသည်။

ဓာတွန်နှင့်တကွ ယ–ကို စ–ဝဂ်ပြု, ဒွေဘော်ဆောင်လျှင်– အပစ္စိဿထ, ပစ္စိဿထ–စသည်။

ပရဿပုဒ်ပြန်လျှင်– အပစ္စိဿာ, ပစ္စိဿာ–စသည်။

ဂမု–ဂတိမှိ *(ဂတိအနက်၌) ဂမန, ပဝတ္တန, ဉာဏ–အားဖြင့် ဂတိ ၃–မျိုး။*

၅၁၀။ လောပဉ္စေတ္တမကာရော။

အ–ပစ္စည်းကို ချေ၍ အချို့အရာ၌ ဧ–ပြု။

* *ဂမု, ၀၁၊ ဒါဓာတ်စ၊ နောက် အ, ဧ ရုံခါ။*

ဂမေတိ၊ ဂမေန္တိ။

* *ဧ, ဩ–နောက်မှ၊ ဝိဘတ် အ၊ ချေရ အမြဲသာ။*

ကွစိ ဓာတု–စသောသုတ်ဖြင့် ဧ, ဩ–နောင်မှ အန္တိ–၏ အ–ကို ချေ။

ရုပ်တွက်–

ဂမေတိ–ကို ဂမု–တည်၊ ဂမု–ဂတိမှိ၊ ဓာတ်အမည်မှည့်၊ ဓာတွန် ဥ–ကိုချေ၊ အ–ပစ္စည်းသက်၊ လောပဉ္စေတ္တမကာရော–ဖြင့် အ–ပစ္စည်းကို ဧ–ပြု။

ဂမေန္တိ–၌ ဂမု–ဓာတ်နောင် အန္တိ–ဝိဘတ်သက်၊ အ–ပစ္စည်းသက်၊ အ–ကို ဧ–ပြု၊ (ဂမေ+အန္တိ) ကွစိ ဓာတု–စသောသုတ်ဖြင့် အန္တိ–၏ အ–ကို ချေ။

http://www.dhammadownload.com

ဂမေသိ၊ ဂမေထ၊ ဂမေမိ၊ ဂမေမ။

မှတ်ချက်။ ။ ဧ, ဩ–နောက်၌ ဝတ္တမာန်, ပဉ္စမီ သက်လျှင် ပရဿပုဒ် ခြောက်လုံးသာ အသက်များသည်။

* ***ဧ, ဩ မှနောက်၊ ဝိဘတ်ရောက်၊ ရှေ့ခြောက် မာန်, မီ မှာ။***

၄၇၆။ ဂမိဿန္တော န္တော ဝါ သဗ္ဗာသု။

အလုံးစုံသော ဝိဘတ် , ပစ္စည်းတို့ကြောင့် ဂမု–ဓာတ်၏ ဓာတွန် မ်–ကို စ္ဆ–ပြု။

* ***ဂမု, ယမု၊ ဣသု, အာသ၊ ဓာတွန္တ၊ စ္ဆ– ဒွေ ရံခါပြု။***

ဂမု, ယမု, ဣသု, အာသ–ဓာတ်တို့၏ ဓာတွန်ကို ရံခါ စ္ဆ–ပြု။

ဂစ္ဆတိ, ဂစ္ဆေ၊ ဂစ္ဆတ္တိ, ဂစ္ဆရေ၊ ဂစ္ဆသိ, ဂစ္ဆထ–စသည်။

၅၀၁။ ဂမိဿ ဃမ္မံ။

ဂမု–ဓာတ်ကို ဃမ္မ–ပြု။

* ***ဂမု ဓာတု၊ ဃမ္မ–ပြု၊ မှတ်ရှု ရံတစ်ခါ။***

ဃမ္မတိ၊ ဃမ္မန္တိ, ဃမ္မရေ–စသည်။

ကံဟော

ယ–ပစ္စည်းသက်, ဤ–လာလျှင်– ဂမီယတေ၊ ဂမီယန္တေ, ဂမီယရေ–စသည်။

ပရဿပုဒ်ပြန်လျှင်– ဂမီယတိ၊ ဂမီယန္တိ, ဂမီယရေ–စသည်။

ဣ–လာ, ယ–ဒွေဘော်ဆောင်လျှင်– ဂမိယျတေ၊ ဂမိယျန္တေ, ဂမိယျရေ–စသည်နှင့် ဂမိယျတိ၊ ဂမိယျန္တိ, ဂမိယျရေ–စသည်။

ရုပ်တွက်–

ဂစ္ဆတိ–၌ ဂမု–ဂတိမှိ၊ ဓာတ်နောင် တိ–သက်၊ ဂမိဿန္တော န္တော ဝါ သဗ္ဗာသုဖြင့် ဓာတွန် မ်–ကို စ္ဆ–ပြု၊ အ–ပစ္စည်းသက်၊ ကပ်၊ ဂစ္ဆတိ–ပြီး၏။

ဂစ္ဆရေ–၌ အန္တိ–ကို ကွစိ ဓာတု–စသောသုတ်ဖြင့် ရေ–ပြု။

ဃမ္မတိ–၌ ဂမု–ဓာတ်, အ–ပစ္စည်း, တိ–ဝိဘတ်၊ ဂမိဿ ဃမ္မံ–ဖြင့် ဂမု–ကို ဃမ္မ–ပြု။

http://www.dhammadownload.com

ဆ္ဆ–ပြု, ယ–သက်, ဤ–လာလျှင်– ဂစ္ဆိယတေ၊ ဂစ္ဆိယန္တေ, ဂစ္ဆိယရေ–စသည်နှင့် ဂစ္ဆိယတိ–စသည်။

စ္ဆ–ပြု, ယ–သက်, ဒွေဘော်ဆောင်, က္က–လာလျှင် – ဂစ္ဆိယျတေ၊ ဂစ္ဆိယျန္တေ, ဂစ္ဆိယျရေ –စသည်နှင့် ဂစ္ဆိယျတိ–စသည်။

ဃမ္မ–ပြုလျှင်– ဃမ္မိယတေ၊ ဃမ္မိယန္တေ–စသည်နှင့် ဃမ္မိယျတေ၊ ဃမ္မိယျန္တေ–စသည်။

၄၄၃။ ပုဗ္ဗရူပဥ္စ

က–ဝဂ်, ၎–ဝဂ်, ပ–ဝဂ်နှင့် ယ, လ, သ–ဆုံးသော ဓာတ်နောင် ယ–ကို ပုဗ္ဗရုပ်ပြု။
(ပုဗ္ဗရုပ်ဟူသည် ယ–ကို ရှေ့အက္ခရာနှင့်တူအောင် ပြုခြင်းတည်း)

* *က–ဝဂ် ၎, ပ၊ ဝဂ်သုံးဝ နှင့်၊ လ, သ–နောက်မှာ၊ ယ–ဝင်လာ၊ ပြုပါ ပုဗ္ဗရုပ်။*

ဂမ္မတေ၊ ဂမ္မန္တေ, ဂမ္မရေ–စသည်။

လိုရင်းချုပ်ကား– ဂမု–ဂတိမှို၊ ဂမေတိ, ဂစ္ဆတိ, ဃမ္မတိ၊ ကမ္မေ– ဂမီယတေ, ဂမိယျတေ, ဂစ္ဆိယတေ, ဂစ္ဆိယျတေ, ဃမ္မိယတေ, ဃမ္မိယျတေ, ဂမ္မတေ။

ရုပ်တွက်–

ဂစ္ဆိယတေ–၌ ဂမု–ဓာတ်နောင် တေ–ဝိဘတ်သက်၊ ဓာတွန် မ်–ကို စ္ဆ–ပြု၊ ယ–ပစ္စည်းသက်၊ ဤ–လာ။ ပရသပုဒ်ပြန်လျှင် ဂစ္ဆိယတိ။

ဂမ္မတေ–၌ ဂမ်+ယ+တေ–ဖြစ်သောအခါ ပုဗ္ဗရူပဥ္စ–ဖြင့် ယ–ကို ပုဗ္ဗရုပ် မ–ပြု၊ (ဂမ်+မ+တေ) မ်, မ –သို့ကပ်၊ ဂမ္မတေ–ပြီး၏။ အန္တေ–ကို ရေ–ပြုလျှင် ဂမ္မရေ–ပြီး၏။

http://www.dhammadownload.com

သတ္တမီဝိဘတ်

ဂမေယျ, ဂမေ၊ ဂမေယျုံ-စသည်။

ဂစ္ဆေယျ, ဂစ္ဆေ၊ ဂစ္ဆေယျုံ, ဂစ္ဆုံ။

** ယေျုံ-ဝိမှာ၊ ဥံ ရုံခါပြီ၊ ယျောမုနှင့်၊ မေ့ နှစ်ဝ၊ ယျောမ၊ ပြုရအသီးသီး။*

ကွစိ ဓာတု-ဖြင့် ယျုံ-ဝိဘတ်ကို ရုံခါ ဥံ-ပြု၊ ယျောမ-ကို ရုံခါ ယျောမု-ပြု, မေ့-ပြု။

ဂစ္ဆေယျာမ၊ ဂစ္ဆေယျာမု၊ ဂစ္ဆေမု။

ပရောက္ခာဝိဘတ်

၄၆၂။ ကဝဂ္ဂဿ စဝဂ္ဂေါ။

အဗ္ဘာသ၌ ဖြစ်သော က-ဝဂ်ကို စ-ဝဂ်ပြု။

ဇဂမ, ဇဂါမ၊ ဇဂမု၊ ဇဂမေ၊ ဇဂမိတ္ထ၊ ဇဂမံ၊ ဇဂမိမှ၊ ဇဂမိတ္ထ၊ ဇဂမိရေ၊ ဇဂမိတ္ထော၊ ဇဂမိဝှေ၊ ဇဂမိံ၊ ဇဂမိမှေ။

ရုပ်တွက်-

ဂစ္ဆုံ-၌ ဂမု-ဓာတ်, အ-ပစ္စည်း, ယျုံ-ဝိဘတ်၊ ဓာတွန် မ်-ကို စ္ဆ-ပြု၊ ကွစိ ဓာတု-ဖြင့် ယျုံ-ကို ဥံ-ပြု၊ ချေ, ကပ်။

ဂစ္ဆေယျာမု, ဂစ္ဆေမု-တို့၌ ကွစိ ဓာတု-စသောသုတ်ဖြင့် ယျောမ-ကို ယျောမု-ပြု, မေ့-ပြု။

ဇဂမ-၌ ဂမု-ဓာတ်နောင် ပရောက္ခာ အ-ဝိဘက်သက်၊ ကွစာဒိဝဏ္ဏာနမေကဿရာနံ ဒွေဘာဝေါ-ဖြင့် ဂမု-ဓာတ်၏ အစ ဂ-ကို ဂ ဂ-ဟု ဒွေဘော်ပြု၊ အဗ္ဘာသအမည်မှည့်၊ ကဝဂ္ဂဿ စဝဂ္ဂေါ-ဖြင့် ဂ-ကို ဇ-ပြု၊ မ်, အ-သို့ကပ်၊ ဇဂမ-ပြီး၏။

ဇဂါမ-၌ ကွစိ ဓာတု-ဖြင့် ဂ-၏ အ-ကို အာ-ဒီဃပြု။

မှတ်ချက်။ ။နောက်နောက် ရုပ်များ၌ ဓာတ်အမည်မှည့်ခြင်း, ဓာတွန်ချေခြင်းတို့ကို သီးခြားမပြတော့၊ ပရဿပုဒ်ပြန်ခြင်း, ဣ-လာ၍ ယ-ဒွေဘော်ဆောင်ခြင်း-စသော ရုပ်များကိုလည်း အသုံးနည်းခြင်း, သိလောက်ပြီဖြစ်ခြင်းတို့ကြောင့် မပြတော့။ မထူးသော ရုပ်များနှင့် ရုပ်ထူးမရှိသော ဝိဘတ်တို့ကိုလည်း သီးခြားမပြတော့။

http://www.dhammadownload.com

အဇ္ဇတနီ

အဂမိ, ဂမိ, အဂမိ, ဂမိ။

၄၉၁။ ကရဿ ကာသတ္တမဇ္ဇ တနိမှိ။

အဇ္ဇတနီ–ဝိဘတ်ကြောင့် ကရ–ဓာတ်ကို ကာသ–ပြု။

ကာသတ္တံ–ဟူသော ဘာဝ နိဒ္ဒေသဖြင့် သ–လာ။

တစ်နည်း။ ။ ကရဿ ကာ–ဟူသော ယောဂဝိဘာဂဖြင့် ကရ–ဓာတ်ကို ကာ–ပြု၊ သတ္တမဇ္ဇတနိမှိ– ဟူသောယောဂဝိဘာဂဖြင့် အဇ္ဇတနီဝိဘတ်ကြောင့် သ–လာ၊ များသောအားဖြင့် အာ,ဧ,ဩ–ဒီဃနောက်၌သာ သ– လာလေ့ရှိသည်။

* *ကရ–ဓာတု၊ ကာသ–ပြုနှင့်၊ ကာ–ပြု တစ်ဖုံ၊ အဇ္ဇကြုံက၊ သ–လာရ၊ ဒီဃ အာ, ဧ, ဩနောက်ပေ။*

အဂမာသိ, ဂမာသိ၊ အဂမုံ, ဂမုံ, အဂမိံသု, ဂမိံသု, အဂမံသု, ဂမံသု၊ အဂမော, ဂမော, အဂမိ, ဂမိ, အဂမ,ဂမ၊ အဂမိတ္ထ, ဂမိတ္ထ, အဂမုတ္ထ,·ဂမုတ္ထ၊ အဂမိံ , ဂမိံ –စသည်။

အဓိ–ရှေးရှိလျှင် ကွစိ ဓာတု– စသောသုတ်ဖြင့် ဂမ–ကို ဂါ–ပြု။

အဇ္ဈဂါ၊ အဇ္ဈဂုံ၊ အဇ္ဈဂေါ၊ အဇ္ဈဂုတ္ထ၊ အဇ္ဈဂိံ၊ အဇ္ဈဂုမှာ၊ အဇ္ဈဂါ–စသောရုပ်များ ဖြစ်သေး၏။

ရုပ်တွက်–

အဂမာသိ–၌ ဂမု–ဓာတ်, ဤ–ဝိဘတ်ဖြင့် ဂမ်+ဤ ဖြစ်သောအခါ ကွစိ ဓာတု–ဖြင့် အာ–လာ၍ ဤ–ကို ဣ–ရဿပြု၊ ကာသတ္တံ–ဟူသော ဘာဝနိဒ္ဒေသဖြင့် သ–လာ၊ အကာရာဂမော–စသောသုတ်ဖြင့် ဓာတ်၏ အစ၌ အ–လာ။

အဂမိံသု–၌ သဗ္ဗတော ဉံ ဣံသု–ဖြင့် ဉံ–ကို ဣံသု–ပြု။

ကွစိ ဓာတု–စသောသုတ်ဖြင့်– ဉံ–ကို အံသု–ပြုလျှင် အဂမံသု–ဖြစ်၏။ ဩ–ကို ဣ–ပြု, အ–ပြုလျှင် အဂမိ, ဂမိ, အဂမ, ဂမ–ဖြစ်၏။ တ္ထ–ကြောင့် ဥ–လာလျှင် အဂမုတ္ထ, ဂမုတ္ထ–ဖြစ်၏။

အဇ္ဈဂါ–၌ အဓိ–ပုဗ္ဗ, ဂမု–တည်ခြင်း စသည်ဖြင့် အဓိ+ဂမ်+ဤ ဖြစ်သောအခါ ဓာတ်၏အစ၌ အ–လာ၊ အဇ္ဈော အဓိ–ဖြင့် အဓိ–ကို အဇ္ဈ–ပြု၊ ကွစိ ဓာတု–ဖြင့် ဂမ်–ကို ဂါ–ပြု၊ နောက်သရချေ၊ ဉံ–ဖြင့် အဇ္ဈဂုံ။

အဇ္ဈဂေါ–၌ ဩ–ဝိဘတ်၊ အဇ္ဈဂုတ္ထ–၌ တ္ထ–ဝိဘတ်, ဥ–လာ၊ အဇ္ဈဂိံ –၌ ဣံ–ဝိဘတ်၊ အဇ္ဈဂုမှာ–၌ မှာ–ဝိဘတ်၊ အဇ္ဈဂါ–၌ အာ–ဝိဘတ်၊ တဏှာနံ ခယမဇ္ဈဂါ–စသည်။

http://www.dhammadownload.com

အဂစ္ဆိ, ဂစ္ဆိ, အဂစ္ဆိ, ဂစ္ဆိ၊ အဂစ္ဆိံသု, ဂစ္ဆိံသု, အဂစ္ဆံသု, ဂစ္ဆံသု–စသည်။

* *အဇ္ဇတနော်ရော၊ ဂမ–ဂါ၊ ချို့မှာ စ္ဆ ပြု ညှ္ဆ။* (စ္ဆ–ကို စဆ, ဉ္ဆ–ကို ဉဆ ဟု ဖတ်)

ကွစိ ဓာတု–ဖြင့် အဇ္ဇတနီဝိဘတ်ကြောင့် စ္ဆ–ကို ဉ္ဆ–ပြု၊ အချို့အရာ၌ ဂမ–ကို ဂါ–ပြု။

အဂ ဉ္ဆိ, ဂဉ္ဆိ, အဂဉ္ဆိ, ဂဉ္ဆိ၊ အဂဉ္ဆိံသု, ဂဉ္ဆိံသု–စသည်။ *(စ္ဆ–ကို ဉ္ဆ–ပြု)*။

အဃမ္မိ, ဃမ္မိ, အဃမ္မိ, ဃမ္မိ–စသည်။

ကူသု–ကူဇ္ဆာကန္တိသု *(အလိုရှိခြင်း, နှစ်သက်ခြင်းတို့၌)*

၅၂၂။ ကူသု ယမူနမန္တော ဇ္ဈော ဝါ။

ကူသု–ဓာတ်, ယမု–ဓာတ်တို့၏ ဓာတွန်ကို စ္ဆ–ပြု။

အန္တော ဇ္ဈော ဝါ– ဟူသော ယောဂဝိဘာဂဖြင့် အာသ–၏ ဓာတွန် သ်–ကိုလည်း စ္ဆ–ပြု။

ကူစ္ဆတိ၊ ကူစ္ဆန္တိ၊ သေတိ၊ သေန္တိ၊ *(ငေ–ဝုဒ္ဓိပြု)*။

ကမ္မရုပ်– ကူစ္ဆီယတေ၊ သေီယတေ၊ ကူသီယတေ၊ *(ပုဗ္ဗရုပ်ပြု)*။

လိုရင်းချုပ်ကား– ကူသု–ကူဇ္ဆာကန္တိသု၊ ကူစ္ဆတိ, သေတိ၊ ကမ္မေ– ကူစ္ဆီယတေ, သေီယတေ, ကူသီယတေ။

အဇ္ဇတနီ– ကူစ္ဆိ, သေိ၊ **ကမ္မရုပ် –** ကူစ္ဆိယိတ္ထ၊ သေိယိတ္ထ၊ *(အာ–ကို တ္ထ–ပြု)*။

ဘဝိဿန္တိ– ကူစ္ဆိဿတိ၊ သေိဿတိ၊ ကမ္မရုပ်– ကူစ္ဆိယိဿတေ၊ သေိယိဿတေ၊ ကူသိယိဿတေ။

ရုပ်တွက်–

အဂစ္ဆိ–၌ ဂမု–ဓာတ်, ဤ–ဝိဘတ်၊ ဂမိဿန္တော–စသောသုတ်ဖြင့် ဓာတွန် မ်–ကို စ္ဆ–ပြု၊ ဓာတ်၏ အစ ၌ အ–လာ။

အဂဉ္ဆိ–၌ အဂစ္ဆိ–ဟု ဖြစ်သောအခါ ကွစိ ဓာတု–စသောသုတ်ဖြင့် စ္ဆ–ကို ဉ္ဆ–ပြု။

အဃမ္မိ–၌ ဂမု–ဓာတ်, ဤ–ဝိဘတ်၊ ဂမိဿ ဃမ္မံ–ဂမု–ဓာတ်ကို ဃမ္မ–ပြု၊ အ–လာ။

ကူစ္ဆတိ–၌ ကူသ်+တိ–ဟုဖြစ်သောအခါ ကူသုယမူနမန္တော ဇ္ဈော ဝါ–ဖြင့် ဓာတွန်သ်–ကို စ္ဆ–ပြု၊ အ–ပစ္စည်းသက်၊ ကပ်၊ ကူစ္ဆတိ–ပြီး၏။

သေတိ–၌ စ္ဆ–မပြုဘဲ ငေ–ဝုဒ္ဓိပြု။

ကူသီယတေ–၌ ကူသ်+ယ+တေ–ဟုဖြစ်သောအခါ ပုဗ္ဗရူပဉ္စ–ဖြင့် ယ–ကို ပုဗ္ဗရုပ် သ–ပြု။

http://www.dhammadownload.com

ယမု–ဥပရမေ *(ကြဉ်ရှောင်ခြင်း)*

နိ–ရှေးရှိမူ– နိယစ္ဆတိ၊ နိယစ္ဆန္တိ၊ နိယမတိ၊ နိယမန္တိ၊

သံ–ရှေးရှိမူ–သညမတိ၊ သညမန္တိ၊

နိယစ္ဆိယတေ၊ နိယမီယတေ၊ နိယမ္မတေ၊ *(ပုဗ္ဗရုပ်ပြု)*သညမီယတေ၊

အာသ– ဥပဝေသနေ *(ကပ်ဝင်ခြင်း=နေခြင်း)*

အစ္ဆတိ၊ အစ္ဆန္တိ၊(အန္တော ဗ္ဗော ဝါ–ဟူသော ယောဂဝိဘာဂဖြင့် စ္ဆ–ပြု၊ ကွစိ ဓာတုဖြင့် ရဿပြု)၊ အာသတိ၊ အာသန္တိ၊

ဥပ–ရှေးရှိလျှင် ဥပါသတိ၊ ဥပါသန္တိ၊

ပရိ–ရှေး, ဥပ–ရှေးရှိလျှင် ပယိရုပါသတိ၊ ပယိရုပါသန္တိ၊

* ***ရ–၏နောက်မှာ၊ ယ–ဝင်လာ၊ ရံခါ ရှေ့နောက်ပြန်။***

ဥပါသီယတေ၊ ပယိရုပါသီယတေ၊

အစ္ဆိ၊ အာသိ၊ ဥပါသိ၊ ပယိရုပါသိ။

လဘ– လာဘေ *(ရခြင်း)*

လဘတိ၊ လဘန္တိ၊

လဘီယတေ၊ လဗ္ဘတေ။

***မှတ်ချက်*။** ။ ဓနိတဖြစ်သော ဒုတိယက္ခရာ နှစ်လုံးသော်လည်းကောင်း, စတုတ္ထက္ခရာ နှစ်လုံးသော်လည်းကောင်း တစ်ဆက်တည်းရှိနေလျှင် ရှေ့တစ်လုံးကို ပထမ (သို့မဟုတ်) တတိယက္ခရာ ပြောင်းပေးရမည်။

* ***ဓနိတနှစ်ဖြာ၊ ဆက်တိုက်လာ၊ ရှေ့မှာ သိထိ ပြောင်း။***

ရုပ်တွက်–

သညမတိ–၌ သံ+ယမ်+အ+တိ–ဟုဖြစ်သောအခါ သယေ စ–ဖြင့် နိဂ္ဂဟိတ်ကို ယ–နှင့် တကွ ဉ–ပြု၊ ဒွေဘော်ဆောင်။

ပယိရုပါသတိ–၌ ယဝမဒနတရလာစာဂမာ–ဟူသောသုတ်ဖြင့် ယ–လာ၍ ပရိယုပါသတိ–ဟုဖြစ်သောအခါ ဒေါ ဓဿ စ–သုတ်၌ စ–သဒ္ဒါဖြင့် ရ–နှင့် ယ–ရှေ့နောက်ပြန်။

လဗ္ဘတေ–၌ လဘ်+ယ+တေ–ဟုဖြစ်သောအခါ ပုဗ္ဗရုပ်ပြု၊ ကွစိ ဓာတု–ဖြင့် ဓာတွန် ဘ–ကို ဗ– ပြု။

http://www.dhammadownload.com

အလဘီ, လဘီ။

၄၉၇။ လဘာသ္မာ ဤဣံနံ တ္ထတ္ထံ။

လဘ–နောင်မှ ဤ–ကို တ္ထ–ပြု၊ ဣံ–ကို တ္ထံ–ပြု၍ ဓာတွန် ဘ်–ကိုလည်းချေ။

*   *လဘ, နောက်ရှိ၊ ဤ, ဣံ–ဝိ၊ ပြုဘိ တ္ထ, တ္ထံ ချေဓာတွန်။* (တ္ထ, တ္ထံ –ကို ထ,ထံ–ဟုဖတ်)

အလတ္ထ၊ အလဘုံ, လဘုံ၊ အလဘိံသု, လဘိံသု, အလဘံသု, လဘံသု၊ အလဘော, လဘော, အလဘိ, လဘိ, အလဘ, လဘ၊ အလဘိတ္ထ, လဘိတ္ထ, အလဘုတ္ထ, လဘုတ္ထ၊အလဘိံ, လဘိံ၊ အလတ္ထံ, လတ္ထံ၊ အလဘိမှာ, လဘိမှာ, အလဘိမှ, လဘိမှ–စသည်။

ဘဝိဿန္တိဝိဘတ်

လဘိဿတိ၊ လဘိဿန္တိ–စသည်။

၄၉၈။ ကရဿ သပစ္စယဿ ကာဟော။

ဘဝိဿန္တိ–ဝိဘတ်ကြောင့် ဘဝိဿန္တိ–ဝိဘတ်တည်းဟူသော ပစ္စည်းနှင့်တကွ ကရ–ဓာတ်ကို ကာဟ်–ပြု၊ ဿ–ကိုလည်း အချို့ချေ။

သပစ္စယ–သဒ္ဒါပိုဖြင့် လဘ, ဝသ, ဆိဒ–စသော ဓာတ်နောင် ဿ–ကို ဆ–ပြု၊ ဝစ, မုစ, ဘုဇ–စသောဓာတ်နောင် ဿ–ကို ခ–ပြု။

*   *လဘ, ဝသ၊ ဆိဒ, စ,နောက်၊ ဿ–ဒွေ ရောက်၊ မဖောက် ဿ–မှာ ဆ–ပြုရာ။*

*   *ဝစ, မုစ၊ ဘုဇ–စ–နောက်၊ ဿ–ဒွေ ရောက်၊ မဖောက် ဿ–မှာ ခ–ပြုရာ။*

ရုပ်တွက်–

အလတ္ထ, အလတ္ထံ–၌ လဘ်+ဤ, လဘ်+ဣံ–ဟုဖြစ်သောအခါ လဘာသ္မာ ဤဣံနံ တ္ထတ္ထံ–ဖြင့် ဤ–ကို တ္ထ–ပြု၊ ဣံ–ကို တ္ထံ–ပြု၍ ဓာတွန် ဘ်–ကိုလည်းချေ၊ ဓာတ်၏ အစ၌ အ–လာ။

http://www.dhammadownload.com

၄၇၂။ ဗျဥ္ဇနန္တဿ စော ဆပ္ပစ္စယေသု စ။

ဆ–ပစ္စည်းကြောင့် ဓာတွန်ဗျည်းကို စ–ပြု။

* *ခ–ဆ–နှောင်းက၊ ဓာတွန္တ၊ က–စ–စဉ်တိုင်းပြု။*

ကော ခေ စ–ဖြင့် ခ–နှောင်းလျှင် ဓာတွန်ဗျည်းကို က–ပြု၊ ဗျဥ္ဇနန္တဿ စော ဆပ္ပစ္စယေသု စ–ဖြင့် ဓာတွန်ဗျည်းကို စ–ပြု။

လစ္ဆတိ၊ လစ္ဆန္တိ, လစ္ဆရေ–စသည်။

လို့ရင်းချုပ်အား– လဘ–လာဘေ၊ လဘတိ၊ တမ္ဗေ– လဘီယတေ, လမ္ဘတေ။

ဝစ–ဝိယတ္တိယံ ဝါစာယံ *(ပီပြင်ထင်ရှားသောစကား၌)*

ဝစတိ၊ ဝစန္တိ၊

ကမ္မရုပ်–

၄၈၇။ ဝစ ဝသ ဝဟာဒီန မုကာရော ဝဿ ယေ။

ဘော, ကံ ယ–ပစ္စည်းနှောင်းရာ၌ ဝစ, ဝသ, ဝဟ–စသည်တို့၏ ဝ–၏ အဆုံး အ–ကို ဥ–ပြု၊ အချို့ ဝစ–၏ ဝ–ကိုလည်း ဥ–ပြု။

* *ဘော, ကံ၌ ယ၊ နှောင်းလေကမူ၊ ဝစ, ဝသ၊ ဝဟ စ,ဖြာ၊ ဝ–၌ပါသည့်၊ အ–မှာ ဥ–ပြု၊ ဝ, လည်း ဥ၊ မှတ် ရှု ဝစမှာ။*

ဝစီယတေ၊ ဝုစ္စတေ၊ ဝုစ္စန္တေ၊ ဝုစ္စရေ၊

ဥစ္စတေ၊ ဥစ္စန္တေ, ဥစ္စရေ–စသည်။

ရုပ်တွက်–

လစ္ဆတိ–၌ လဘ်+ဿတိ၊ သပ္ပစ္စယသဒ္ဒါပိုဖြင့် ဝိဘတ် ဿ– ကို ဆ–ပြု၊ ဗျဥ္ဇနန္တဿ စော ဆပ္ပစ္စယေသု စ–ဖြင့် ဓာတွန် ဘ–ကို စ–ပြု။

လစ္ဆရေ–၌ လစ္ဆန္တိ–ဟု ဖြစ်သောအခါ ကွစိ ဓာတု–စသောသုတ်ဖြင့် န္တိ–ကို ရေ–ပြု။

ဝုစ္စတေ–၌ ဝစ်+ယ+တေ–ဟုဖြစ်သောအခါ ဝစဝသ–စသောသုတ်ဖြင့် ဝ–၏ အ–ကို ဥ–ပြု၊ တဿ စဝဂ္ဂ–စသောသုတ်ဖြင့် ဓာတွန်နှင့်တကွ ယ–ကို စ–ပြု၊ စ–၏ သဒိသဒွေဘော် စ–လာ။

ဥစ္စတေ–၌ ဝစဝသ–စသောသုတ်ဖြင့် ဝ–ကို ဥ–ပြု။

http://www.dhammadownload.com

ဟိယျတ္တနီ– အဝစာ၊ အဝစူ၊ အဝစော, အဝစိ, အဝစ၊ (ဩ–ကိုဣ, ဒ–ပြု)အဝစတ္ထ, အဝစုတ္ထ၊ အဝစံ၊ အဝစမှာ၊ အဝစုမှာ။ (ဟိယျတ္တနီဖြင့်လည်း ကွစိဓာတုဖြင့်–ဥ–လာမှုကို ရူ–၌ ပြသည်၊

အဇ္ဇတနီ– အဝစီ၊ အဝစုံ၊ အဝစိံသု၊ အဝစံသု၊ အဝစော၊ အဝစိတ္ထ၊ အဝစုတ္ထ၊အဝစိံ၊ အဝစိမှာ၊ အဝစာ–စသည်။

၄၇၇။ ဝစဿဇ္ဇတနိမှိ မကာရော ဩ။

အဇ္ဇတနီ ဝိဘတ်ကြောင့် ဝစ–ဓာတ်၏ ဝ–၏ အစိတ် အ–ကို ဩ–ပြု။

* *အဇ္ဇနောင်းလျှင်၊ ဝစတွင်၊ အ–ပင် ဩ ပြုရာ။*

အဝေါစီ၊ အဝေါစုံ၊ အဝေါစိံသု၊ အဝေါစံသု၊ အဝေါစော,အဝေါစိ, အဝေါစ၊ အဝေါစိတ္ထ၊ အဝေါစုတ္ထ၊ အဝေါစိံ၊ အဝေါစိမှာ၊ အဝေါစုမှာ၊ အဝေါစာ, အဝေါစ–စသည်။

ဘဝိဿန္တိ– ဝစိဿတိ။

၄၇၃။ ကော ခေ စ။

ခ–ပစ္စည်းကြောင့် ဓာတွန်ဗျည်းကို က–ပြု။

ဝက္ခတိ၊ ဝက္ခာမိ–စသည်။

ဓိုရင်းချုပ်ကား–ဝစ–ဝိယတ္တိယံ ဝါစာယံ၊ ဝစတိ၊ ကမ္မေ– ဝစီယတေ, ဝုစ္စတေ, ဥစ္စတေ။

ဝသ–နိဝါသေ (နေခြင်း)

ဝသတိ၊ ဝသန္တိ၊ဝသီယတေ၊ ဝုဿတေ။

ဝသိဿတိ၊ ဝစ္ဆတိ၊ ဝစ္ဆာမိ။

ရုပ်တွက်–

အဝစုတ္ထ, အဝစုမှာ–၌ ကွစိ ဓာတု–စသောသုတ်ဖြင့် ဥ–လာ။

အဝေါစီ–၌ ဝစဿဇ္ဇတနိမှိ မကာရော ဩ–ဖြင့် ဝ–၏ အ–ကို ဩ–ပြု။

ဝက္ခတိ–၌ သပစ္စယဿဒ္ဓါပိုဖြင့် သ–ကို ခ– ပြု၊ ကော ခေ စ–ဖြင့် ဓာတွန် စ–ကို က–ပြု။

ဝုဿတေ–၌ ဝစဝသ–စသောသုတ်ဖြင့် ဝ–၏ အ–ကို ဥ–ပြု၊ ယ–ကို ပုဗ္ဗရုပ် သ–ပြု။

ဝစ္ဆတိ–၌ သပစ္စယဿဒ္ဓါပိုဖြင့် သ–ကို ဆ–ပြု၊ ဗျဉ္ဇနန္တဿစသောသုတ်ဖြင့် ဓာတွန်ကို စ–ပြု။

http://www.dhammadownload.com

ရုဒ-အဿုဝိမောစနေ၊ *(မျက်ရည်ယိုခြင်း=ငိုခြင်း၌)*

ရောဒတိ၊ အရောဒီ၊ ရောဒိဿတိ၊ ရုစ္ဆတိ။ *(ဿ-ကို ဆ-ပြု)*

ကုသ-အက္ကောသေ၊ *(ဆဲရေးခြင်း၌)*

အာ-ရှေးရှိမူ- အက္ကောသတိ၊ အက္ကောသန္တိ၊ အက္ကောသိယတေ။

၄၉၈။ ကုသသ္မာ ဒီ စ္ဆိ။

ကုသ-ဓာတ်နောင်မှ ဤ-ဝိဘတ်ကို စ္ဆိ-ပြု၍ ဓာတွန်ကိုလည်းချေ။

* *ကုသနောက်မှာ၊ ဤ ကိုသာ၊ ပြုပါစ္ဆိ-ဒွေ ဓာတွန်ချေ။*

အက္ကောသိ၊ အက္ကောစ္ဆိ။

ဝဟ-ပါပဏေ *(ရောက်စေခြင်း=ရောက်အောင်ဆောင်ခြင်း၌)*

ဝဟတိ၊ ဝဟန္တိ။ ဝဟီယတေ၊

၄၈၈။ ဟဝိပရိယယော လော ဝါ။

ယ-ကြောင့် ရှေ့ ဟ-ကို ဟ-နှင့် ယ-ရှေ့နောက်ပြန်၊ အချို့ ယ-ကိုလည်း လ-ပြု။

* *ဟ-နောက် ယ-စံ၊ ရှေ့နောက်ပြန်၊ ရံဖန် ယ-ကို၊ လ, လည်းပြု။*

ဝုယှတေ၊ ဝုလှတေ။

ရုပ်တွက်-

ရောဒတိ-၌ ရုဒ်+အ+တိ၊ ဥ-ကို ဩ-ဝုဒ္ဓိပြု။

ရုစ္ဆတိ-၌ ရုဒ်+ဿတိ၊ သပစ္စယသဒ္ဒါပိုဖြင့် ဿ-ကို ဆ-ပြု၊ ဗျဉ္ဇနန္တဿ-စသောသုတ်ဖြင့် ဓာတွန်ကို စ-ပြု။

အက္ကောသတိ-၌ အာ+ကုသ်+ အ+တိ၊ ဥ-ကို ဩ-ဝုဒ္ဓိပြု၊ က-၏ သဒိသဒွေဘော် က-လာ၊ ရဿံ-ဖြင့် အ-ရဿပြု။

ဝုယှတေ-၌ ဝဟ်+ယ+တေ၊ ဝစ ဝသ-စသောသုတ်ဖြင့် ဝ-၏ အ-ကို ဥ-ပြု၊ ဟဝိပရိယယော လော ဝါ-ဖြင့် ဟ-နှင့် ယ ရှေ့နောက်ပြန်။ ဝုလှတေ-၌ ဟ-နှင့် ယ-ရှေ့နောက်ပြန်၍ ယ-ကိုလည်း လ-ပြု။

http://www.dhammadownload.com


ဇုဟောတျာဒိဓာတ်များ– ဇုဟာဝေတိ၊ ဒါပေတိ၊ ပိဓာပေတိ၊ ပိဒဟာပေတိ။
ရုဓာဒိဓာတ်များ– ရောဓေတိ၊ ဆေဒေတိ၊ ဘေဒေတိ၊ ယောဇေတိ၊ မောစေတိ။
ဒိဝါဒိဓာတ်များ– ဒေဝေတိ၊ ဥပ္ပါဒေတိ၊ ဗောဓေတိ။

၆၀၆။ ဒဓန္တတော ယော ကွစိ။

ဒ, ဓ–ဆုံးသောဓာတ်နောင် အချို့အရာ၌ ယ–လာ။

** ဒ–ဓ–ဆုံးလတ်၊ ဓာတ်နောင်မှ၊ ချို့မှု ယ–လာ ရာ။*

ဗုဇ္ဈာပေတိ၊ တောသေတိ၊ သမေတိ၊ ကောပေတိ၊ ဇနေတိ။

သွာဒိဓာတ်များ– သာဝေတိ၊ ပါပေတိ။
ကိယာဒိဓာတ်များ– ဝိက္ကာယာပေတိ၊ ဇယာပေတိ၊ ဉာပေတိ၊ ဂါဟေတိ။ —

ရုပ်တွက်–

ဗုဇ္ဈာပေတိ–၌ ဗုဓ်+ ဏာပေ–ဟုဖြစ်သောအခါ ဏ–အနုဗန်ချေ၊ ဒဓန္တတော ယော ကွစိ–ဖြင့် ယ–လာ၊ တထာ ကတ္တရိ စ–ဖြင့် စ–ဝဂ် ဈ–ပြု၊ အသဒိသဒွေဘော်လာ၊ ဗုဇ္ဈာပေ–ဟူသော ဓာတုပစ္စယန္တနောင် တိ–သက်။

** ကာရိတ်နှောင်းလည်း၊ ဏျာပစ္စည်း၊ သက်နည်း ချို့အရာ။*

ကာရိုက်ပစ္စည်းနှောင်းရာ၌လည်း ဏျာ–ပစ္စည်းအချို့သက်နိုင်သည်။

ဂဏှာပေတိ။

တနာဒိဓာတ်များ– ဝိတာနေတိ၊ ဝိတာနယတိ၊ ကာရေတိ၊ ကာရယတိ၊ ကာရာပေတိ၊ ကာရာပယတိ။

စုရာဒိဓာတ်များ– စောရာပေတိ၊ စောရာပယတိ၊ စိန္တာပေတိ၊ စိန္တာပယတိ၊ ပူဇာပေတိ၊ ပူဇာပယတိ။

** သကာရိတ၊ ဓာတ်နှောင်မှပင်၊ စီရင် ယု, ဏွု၊ တွေ့မြင်မှုကြောင့်၊ ဓာတုပစ္စည်း၊ နောက်တွင်လည်း၊ ပစ္စည်း ကာရိတ်သက်။*

နန္ဒါဒီဟိ ယုဏွုနု–စသောသုတ်ဖြင့် ကာရိုက်နှင့်တကွ ဓာတ်များနောင် ယု, ဏွု–ပစ္စည်း တို့၏ ကာရိယ–ကို မြင်ရခြင်းကြောင့် ဓာတုပစ္စည်းတို့နောက်၌လည်း ကာရိုက်ပစ္စည်းများ သက်နိုင် သည်။

တိတိက္ခေတိ၊ တိတိက္ခာပေတိ၊ တိကိစ္ဆေတိ၊ တိကိစ္ဆယတိ၊ တိကိစ္ဆာပေတိ၊ တိကိစ္ဆာပယတိ၊ ဗုဘုက္ခေတိ၊ ပဗ္ဗတာယယတိ– စသည်။

အာချာတ်ပိုင်း ပြီး၏။

ရုပ်တွက်–

ဂဏှာပေတိ–၌ ဂဟ–ဥပါဒါနေ၊ ဓာတ်နောင် ဏာပေသက်၍ ကာရိုက်မှည့်၊ ဏ–အနုဗန်ချေ၊ ဂဟာဒိတောပ္ပဏှာ–ဟူသော ဝိနာဓိကာရယောဂဝိဘာဂ–ဖြင့် ဏှာ–ပစ္စည်းသက်၊ (ဂဟ်+ဏှာ+အာပေ) ဟလောပေါ ဏှာမှိ–ဖြင့် ဓာတွန် ဟ–ကိုချေ၊ ဂဏှာပေ–ဟူသော ဓာတုပစ္စယန္တနောင် တိ–သက်။

http://www.dhammadownload.com

အာချာတ်နောက်ဆက်တွဲ
ဝိဂြိုဟ်အတွက် ဝိဘတ်အသုံးပြုပုံ

ဝိဂြိုဟ်ပြုရာ၌ ပစ္စုပ္ပန်ကာလအတွက် ဝတ္တမာန်ဝိဘတ်၊ အတိတ်ကာလအတွက် အဇ္ဇတနီဝိဘတ်၊ ကတ္တားဟောအတွက် ပရဿပုဒ်၊ ကံဟောအတွက် အတ္တနောပုဒ် ဝိဘတ်တို့ဖြင့် အသုံးပြုပုံကို ပြမည်၊ ပုရိသ်သုံးရာ၌ကား အသုံးများသော ပထမပုရိသ်ဖြင့်သာ ပြမည်၊ ကတ္တားဟောသက်သက် ပစ္စုပ္ပန်, အတိတ်၊ ကံဟောသက်သက် ပစ္စုပ္ပန်, အတိတ် ခွဲ၍ လေ့ကျင့်ပါ။

ပစ္စုပ္ပန်	*ကတ္တားဟော*	တိ၊ အန္တိ။
	ကံဟော	တေ၊ အန္တေ။
အတိတ်	*ကတ္တားဟော*	ဤ၊ ဉံ (က္ကုံသု)။
	ကံဟော	အာ (တ္ထ)၊ ဦ (ဉံ=က္ကုံသု)။
ကတ္တားဟော	**ပစ္စုပ္ပန်**	ဂစ္ဆတိ၊ ဂစ္ဆန္တိ။
	အတိတ်	အဂစ္ဆိ , ဂစ္ဆိ၊ အဂစ္ဆိံသု, ဂစ္ဆိံသု။
ကံဟော	**ပစ္စုပ္ပန်**	ဂစ္ဆီယတေ၊ ဂစ္ဆီယန္တေ။
	အတိတ်	အဂစ္ဆီယိတ္ထ, ဂစ္ဆီယိတ္ထ၊ အဂစ္ဆီယိံသု, ဂစ္ဆီယိံသု။
ကတ္တားဟော	**ပစ္စုပ္ပန်**	ပစတိ၊ ပစန္တိ။
	အတိတ်	အပစိ, ပစိ၊ အပစိံသု, ပစိံသု။
ကံဟော	**ပစ္စုပ္ပန်**	ပစီယတေ၊ ပစီယန္တေ။ (ပစ္စတေ၊ ပစ္စန္တေ)
	အတိတ်	အပစီယိတ္ထ, ပစီယိတ္ထ၊ အပစီယိံသု, ပစီယိံသု။ (အပစ္စိတ္ထ, ပစ္စိတ္ထ၊ အပစ္စိံသု, ပစ္စိံသု)

လေ့ကျင့်ရန် လဘတိ– ရ၏။ လဘီယတေ, လဗ္ဘတေ– ရအပ်၏။

က္လစ္ဆတိ, သေတိ– အလိုရှိ၏။ က္လစ္ဆီယတေ၊ သေီယတေ၊ က္လဿတေ– အလိုရှိအပ်၏။

ဝစတိ– ဆို၏။ ဝစီယတေ– ဝုစ္စတေ၊ ဥစ္စတေ– ဆိုအပ်၏။

ဝဒတိ– ဆို၏။ ဝဒီယတေ– ဝဇ္ဇတေ– ဆိုအပ်၏။

ပဿတိ– မြင်၏။ ပဿီယတေ– မြင်အပ်၏။

ဖုသတိ– တွေ့ထိ၏။ ဖုသီယတေ၊ ဖုဿတေ– တွေ့ထိအပ်၏။

ပိဝတိ– သောက်၏။ ပီယတေ– သောက်အပ်၏။

http://www.dhammadownload.com

ကာရိတ်ပိုင်း

သာဓန ၇–ပါး

* *ကတ္တားမှာ တတ်၊ ကံမှာ အပ်နှင့်၊ ကြောင်းမှတ် ကရဏ၊ သမ္ပ, အပါ၊ ဓိ–သုံး ရာ၊ ဘောမှာ ခြင်း, ရာ ထား။*

တတ်ဟုပေးအပ်သော ကတ္တုသာဓန၊ အပ်ဟုပေးအပ်သော ကမ္မသာဓန၊ ကြောင်းဟုပေးအပ်သော ကရဏသာဓန၊ ရာဟုပေးအပ်သော သမ္ပဒါနသာဓန, အပါဒါနသာဓန, အဓိကရဏသာဓနအားဖြင့် ၃–ပါး၊ ခြင်း, ရာဟုပေးအပ်သော ဘာဝသာဓန။

၁။ ***ကတ္တုသာဓန***– ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ *(သိတတ်သော မြတ်စွာဘုရား)*

၂။ ***ကမ္မသာဓန***– ပူဇီယတေတိ ပူဇိတော၊ *(ပူဇော်အပ်သော မြတ်စွာဘုရား)*

၃။ ***ကရဏသာဓန***– ပဇ္ဇတေ အနေနာတိ ပါဒေါ၊ *(သွားကြောင်းခြေထောက်)*

၄။ ***သမ္ပဒါနသာဓန***– ဒီယတေ အဿာတိ ဒါနီယော၊ *(ပေးရာ ရဟန်း)*

၅။ ***အပါဒါနသာဓန***– ပဘဝတိ ဧတသ္မာတိ ပဘဝေါ၊ *(စ, ၍ဖြစ်ရာ အရပ်)*

၆။ ***အဓိကရဏသာဓန***– တိဋ္ဌတိ ဧတ္ထာတိ ဌာနံ၊ *(တည်ရာအရပ်)*

၇။ ***ဘာဝသာဓန***– ကရီယတေ ကရဏံ၊ *(ပြုခြင်း)*

ကိစ္စပစ္စည်းဆိုင်ရာအခန်း

* *ကစ္စည်း ပထမ၊ ပြုခြင်းတစ်ရပ်၊ နည်းလတ်ရေတွက်၊ ယင်းနှစ်ချက်ကြောင့်၊ မိန့်မြွက်ကိစ္စ ပထမ။*

ကစ္စည်းကျမ်း၌ တေ ကိစ္စာ၊ အညေ ကိတ်–ဟု ကိစ္စသညာကို ရှေးဦးစွာပြထားခြင်းကြောင့်လည်းကောင်း၊ အရေအတွက်နည်းပါးခြင်းကြောင့်လည်းကောင်း ကိစ္စပစ္စည်းတို့ကို ရှေးဦးစွာပြမည်။

ကိစ္စ ၅–ပစ္စည်း

ကိစ္စပစ္စည်းတို့သည်–တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ–အားဖြင့် ၅–ပစ္စည်းတို့တည်း။

http://www.dhammadownload.com

** တဗ္ဗာနီယ၊ နောက် ဏျ–နှင့် ရိစ္စ, တေယျာ၊ ငါးကိစ္စာတို့၊ ကံချို့ ဓာတ်မှာ၊ ဘောသာနပုံး၊ ကံရှိသုံး၊ မှတ်အုံးကံမှာ လိင်သုံးဖြာ။*

တဗ္ဗ,အနီယ,ဏျ,တေယျ,ရိစ္စ ဤ ၅–ပစ္စည်းတို့သည် အကမ္မကဓာတ်နောင် ဘောအနက်၌သက်၍ နပုံလိင်၌ဖြစ်သည်၊ သကမ္မကဓာတ်နောင် ကံအနက်၌သက်၍ လိင် ၃–ပါး၌ ထိုက်သင့်သလိုဖြစ်သည်။

၅၄၀။ ဘာဝကမ္မေသု တဗ္ဗာနီယာ။

ဘော, ကံအနက်တို့၌ အလုံးစုံသောဓာတ်တို့နောင် တဗ္ဗ, အနီယ–ပစ္စည်းသက်။

တဗ္ဗာနီယာဟူသော ယောဂဝိဘာဂဖြင့် အခြားသောကတ္တားစသောအနက်တို့၌လည်း အနီယပစ္စည်း သက်သေးသည်။

၅၄၅။ တေ ကိစ္စာ။

ထိုတဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ–ဟူသော ၅–ပစ္စည်းတို့သည် ကိစ္စမည်ကုန်၏။

၆၀၅။ ယထာဂမမိကာရော။

အာဂုံ ပါငြီအားလျော်စွာ အချို့ဗျည်းပစ္စည်းနှောင်းရာ၌ ဣ–လာ။

** ပစ္စည်း ဗျည်းစ၊ နှောင်းလေက၊ လာရ ဣ–သရာ။*

၆၀၁။ တဒ္ဓိတသမာသကိတကာနာမံ ဝါ တဝေတုနာဒီသု စ။

တဝေ, တုန–စသည်ကြဉ်အပ်ကုန်သော တဒ္ဓိတ်ပစ္စည်းအဆုံးရှိသောပုဒ်, သမာသ်ပုဒ်, ကိတ်ပစ္စည်းအဆုံးရှိသောပုဒ်တို့ကို နာမ်ကို ကဲ့သို့ငဲ့။

စ–သဒ္ဒါဖြင့် ကိစ္စပစ္စယန္တ, ဣတ္ထိပစ္စယန္တပုဒ်တို့ကိုလည်း နာမ်ကို ကဲ့သို့ငဲ့။

** သမာသ်, တဒ္ဓိတ်၊ ကိစ္စ, ကိတ် နှင့်၊ ဣတ္ထိ ပစ္စယန်၊ ပုဒ်တန်တန်၊ အမှန်နာမ် ငဲ့ရ။*

http://www.dhammadownload.com

ဘူ–သတ္တာယံ၊ *(ထင်ရှားဖြစ်ခြင်း၌)*

ဘူယတေ ဘဝိတဗ္ဗံ၊ ဘဝနီယံ။

ကံအနက်– အဘိဘဝိတဗ္ဗော ကောဓော ပဏ္ဍိတေန၊ အဘိဘဝိတဗ္ဗာ တဏှာ၊ အဘိဘဝိတဗ္ဗံ ဒုက္ခံ၊ အဘိဘဝနီယော၊ အဘိဘဝနီယာ၊ အဘိဘဝနီယံ။

၅၄၁။ ဏျော စ။

ဘော, ကံအနက်တို့၌ အလုံးစုံသောဓာတ်နောင် ဏျ–ပစ္စည်းသက်။

စ–သဒ္ဒါဖြင့် တေယျ–ပစ္စည်းသက်။

၆၂၁။ ကာရိတံ ဝိယ ဏာနုဗန္ဓော။

ဏ်–အနုဗန်ရှိသောပစ္စည်းကို ကာရိတ်ကို ကဲ့သို့ငဲ့။

ရုပ်တွက် –

ဘဝိတဗ္ဗံ–ကို ဘူ–တည်၊ ဘူ–သဒ္ဒါသည်၊ သတ္တာယံ၊ (ထင်ရှားဖြစ်ခြင်း၌၊ ဝတ္တတေ–ဖြစ်၏၊ ဣတိ အတ္တေ–ဤအနက်၌) ဘူဝါဒယော ဓာတဝေါ–ဖြင့် ဘူ–ကို ဓာတ်အမည်မှည့်၊ ဓာတုဃန္တော လောပေါ နေကာဃရဿ–ဖြင့် ဓာတွန်ချေသင့်သော် လည်း ဧကဿရဖြစ်သောကြောင့် မချေစေရ၊ ဘာဝကမ္မေသု တဗ္ဗာနီယာ–ဖြင့် တဗ္ဗ–ပစ္စည်း သက်၊ ယထာဂမမိကာရော–ဖြင့် ဣ–လာ၊ အညေသု စ–ဖြင့် ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ အဝ သရေ–ဖြင့် ဩ–ကို အဝ်–ပြု၊ ဝ်, ဣ–သို့ကပ်၊ တဒ္ဓိတ -စသောသုတ်၌ စသဒ္ဒါဖြင့် နာမ်ကို ကဲ့သို့ငဲ့၊ သိ–သက်၊ အံ–ပြု၊ ဘဝိတဗ္ဗံ–ပြီး၏။

ဘဝနီယံ–ကို ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ အနီယ–ပစ္စည်းသက်၊ အညေသု စ–ဖြင့် ဦ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ အဝ သရေ–ဖြင့် ဩ–ကို အဝ–ပြု၊ နာမ်ငဲ့၊ သိ–သက်၊ အံ–ပြု၊ ဘဝနီယံ–ပြီး၏။

ကံဟော အဘိဘဝိတဗ္ဗော–စသည်၌ အဘိ–ရှေးရှိသည်သာထူး၏၊ ပုလ္လိင်၌ နာမ်ငဲ့၊ သိ–သက်၊ ဩ–ပြု။ ဣတ္ထိလိင်၌ အဘိဘဝိတဗ္ဗ–ဟု ဖြစ်သောအခါ ဣတ္ထိယမတော အာပစ္စယော–ဖြင့် အာ–ပစ္စည်းသက်၊ တဒ္ဓိတ–စသောသုတ်ဖြင့် နာမ်ငဲ့၊ သိ–သက်၊ ချေ။

မှတ်ချက်– နောက်ရုပ်များ၌ ဓာတ်နက်ကြားခြင်း၊ ဓာတ်အမည်မှည့်ခြင်း၊ ဓာတွန်ချေခြင်း–စသည်တို့ကို ချုံးပြတော့မည်။

http://www.dhammadownload.com

၅၂၃။ ကာရိတာနံ ဏော လောပံ။

ကာရိတ်ပစ္စည်းတို့၏ ဏ်–အနုဗန်ကို ချေ။

၄၈၃။ အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ။

ကာရိတ်ပစ္စည်းကြောင့် သံယုဂ်အဆုံးမရှိသောဓာတ်၏ သရကို ဝုဒ္ဓိပြု။

* *အနုဗန် ဏ၊ ကာရိတ၊ ချေရ ဏ–မှာ၊ ဝုဒ္ဓိဖြာ။*

ဘာဝိယံ။

၅၄၃။ ဘူတောဗ္ဗ။

ဘူ–ဓာတ်နောင်မှ ဏျ–ပစ္စည်းကို ဓာတွန်နှင့်တကွ အဗ္ဗ–ပြု။

* *ဘူ–နောင် ဏျ၊ ရှိလေက၊ အဗ္ဗ–ပြုရန် သဓာတွန်။*

ဘဗ္ဗော၊ ဘဗ္ဗာ၊ ဘဗ္ဗံ။

လို့ရင်းချုပ်ကား– ဘူ–သတ္တာယံ၊ ဘဝိတဗ္ဗံ၊ ဘဝနီယံ၊ ဘာဝိယံ၊ ဘဗ္ဗံ။

ကရ– ကရဏေ၊

၆၁၉။ ကရဿ စ တတ္တံ တုသ္မိံ ။

တုပစ္စည်းကြောင့် ကရဓာတ်၏ ဓာတွန်ရ်ကို တ–ပြု။ စ–သဒ္ဒါဖြင့် ကရ–မှ အခြားသော ဘရ–စသည်တို့၏ ဓာတွန်ကို တ–ပြု။

၅၉၅။ တဝေ တုနာဒီသု ကာ။

တဝေ, တုန–စသည်တို့ကြောင့် ကရ–ဓာတ်ကို ကာ–ပြု။

ရုပ်တွက်–

ဘာဝိယံ–ကို ဘူ–တည်၊ ဘူ–သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ ဏျော စ–ဖြင့် ဏျ–ပစ္စည်းသက်၊ ကာရိတံ ဝိယ ဏာနုဗန္ဓော–ဖြင့် ကာရိတ်ကို ကဲ့သို့ငဲ့၊ ကရိတာနံ ဏော လောပ–ဖြင့် ဏ–အနုဗန်ကိုချေ၊ ပစ္စည်းအစိတ် ယ–ကြွင်းစေ၊ အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ–ဖြင့် ဦ–ကို ဩ–ဝုဒ္ဓိပြု၊ တေ အာဝါယာ ကာရိတေ–ဖြင့် ဩ–ကို အာဝ–ပြု၊ (ဘာဝ်+ယ) ယထာဂမမိကာရော–ဖြင့် ဣ–လာ၊ နာမ်ငဲ့၊ သိ–သက်၊ အံ–ပြု၊ ဘာဝိယံ–ပြီး၏။

ဘဗ္ဗော–ကို ဘူ–တည်၊ ဏျော စ–ဖြင့် ဏျ–သက်၊ ဘူတောဗ္ဗ–ဖြင့် ဓာတွန် ဦ–နှင့် တကွ ဏျ–ကို အဗ္ဗ–ပြု၊ နာမ်ငဲ့၊ သိ–သက်၊ ဩ–ပြု။

၆၂၀။ တုံ တုန တဗ္ဗေသု ဝါ။

တုံ, တုန, တဗ္ဗ ပစ္စည်းတို့ကြောင့်လည်း ကရ-ဓာတ်၏ ဓာတွန် ရ်-ကို အချို့ တ-ပြု။

** တဗ္ဗ, တုန၊ တုံ, တု စ-တို့၊ နောက်က ရှိရာ၊ ကရ-ကာ၊ ရ-မှာ တ-လည်းပြု။*

ကရိယတေတိ ကာတဗ္ဗော၊ ကတ္တဗ္ဗော။

၅၄၉။ ရဟာဒိတော ဏ။

ရ, ဟ-စသည်ဆုံးသောဓာတ်နောင်မှ န-ကို ဏ-ပြု။

အာဒိသဒ္ဒါဖြင့် ရမု, အပ, ဉ, တာ-စသောဓာတ်နောက်၌လည်း ဏ-ပြု။

** ရ, ဟ-ဆုံးမူ၊ ဓာတ်စုစုနှင့်၊ ရမု, အပ၊ ဉ, တာ-စ နောက်၊ န-ငယ်ရောက်၊ မဖောက် ဏ-ကြီး ပြန်။*

ကရဏီယော၊ ကာရိယော။

၅၄၂။ ကရမှာ ရိစ္စ။

ကရ-ဓာတ်နောင် ဘော, ကံအနက်၌ ရိစ္စ-ပစ္စည်းသက်။

ရိစ္စ-ဟူသော ယောဂဝိဘာဂဖြင့် ဘရ-စသော ဓာတ်နောင် ရိစ္စ-ပစ္စည်းသက်၊ ဘစ္စော စသည်။

၅၃၉။ ရမှိ ရန္တော ရာဒိနော။

ရ်-အနုဗန်ရှိသောပစ္စည်းကြောင့် ပစ္စည်း ရ်-အနုဗန်နှင့်တကွ ဓာတွန်ကို ချေ။

ရုပ်တွက်-

ကာတဗ္ဗော-ကို ကရ-တည်၊ ကရ-ကရဏေ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ-ကိုချေ၊ တဗ္ဗ-ပစ္စည်းသက်၊ တဝေ တုနာဒီသု ကာ-ဖြင့် ကရ-ကို ကာ-ပြု၊ နာမ်ငဲ့၊ သိ-သက်၊ ဩ-ပြု။

ကတ္တဗ္ဗော-၌ တုံ တုန တဗ္ဗေသု ဝါ-ဖြင့် ဓာတွန် ရ-ကို တ-ပြု၊ တ, တ-သို့ကပ်။

ကရဏီယော-၌ အနီယ-သက်၍ ရဟာဒိတော ဏ-ဖြင့် န-ကို ဏ-ပြန်။

ကာရိယော-ကို ကရ-တည်၊ ဏျ-သက်၊ ကာရိတ်ကိုကဲ့သို့ငဲ့၊ ဏ-အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ ဣ-လာ၊ နာမ်ငဲ့၊ သိ-သက်၊ ဩ-ပြု။

http://www.dhammadownload.com

* *အနုဗန် ရ၊ နှောင်းတုံက၊ တကွ ဓာတွန်ချေ။*
ကိစ္စံ။

လိုရင်းချုပ်ကား – ဘရ – ဘရဏော၊ ဘရီယတေတိ ဘာဘဗ္ဗော၊ ဘတ္တဗ္ဗော၊ ဘရဏီယော၊ ဘာရိယော၊ ကိစ္စံ။

ဘရ–ဘရဏော၊ *(မွေးမြူခြင်း၌)*

ဘရီယတေတိ ဘရိတဗ္ဗော၊ ဘရဏီယော၊ ဘာရိယော၊ ဘစ္စော၊

ဣ–ဂတိမှိ၊ *(ဂတိ–အနက်၌)*

ပဋိဣတဗ္ဗောတိ ပဋိစ္စော။

ဟရ–ဟရဏော၊ *(ဆောင်ခြင်း၌)*

ဟရီယတေတိ ဟရိတဗ္ဗော၊ ဟရဏီယော၊ ဟာရိယော။

စရ–စရဏော၊ *(ကျင့်ခြင်း၌)*

စရီယတေတိ စရိတဗ္ဗံ၊ စရဏီယံ၊ သိဿာနံ ဟိတံ အာဘုသော စရတီတိ အာစရိယော။

အရ–ဂတိမှိ၊

အရီယတေတိ အရိတဗ္ဗော၊ အရဏီယော၊ နိဗ္ဗာနံ အရတိ ဂစ္ဆတိ ပါပုဏာတီတိ အရိယော။

ရုပ်တွက်–

ကိစ္စံ–၌ ကရ်–ဓာတ်နောင် ရိစ္စ–သက်၍ ရမှိ ရန္တော ရာဒိ နောဖြင့် ဓာတွန် ရ–နှင့်တကွ ပစ္စည်း ရ–အနုဗန်ကို ချေ၊ (က+ဣစ္စ) က, ခွင်း, ချေ, ကပ်၊ နာမ်ငဲ့စသည်။

ဘာရိယော–၌ ဏျ–သက်၊ ကာရိက်ငဲ့၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ ဣ–လာ၊ နာမ်ငဲ့စသည်။

ဘစ္စော–၌ ဘရ်+ရိစ္စ–ဟု ဖြစ်သောအခါ ဓာတွန်နှင့် တကွ ပစ္စည်း ရ–အနုဗန်ကိုချေ၊ (ဘ+ဣစ္စ) ကွစိ ဓာတု–စသောသုတ်ဖြင့် နောက် ဣ–သရကိုချေ၊ နာမ်ငဲ့စသည်။

ပဋိစ္စော–၌ ပတိ–ပုဗ္ဗ ဣ–ဂတိမှိ–ဓာတ်နောင် ရိစ္စ–သက်၊ ရမှိ ရန္တော–စသော သုတ်ဖြင့် ဓာတွန်နှင့်တကွ ပစ္စည်း ရ–အနုဗန်ကိုချေ၊ (ပတိ+ဣစ္စ) ခွင်း, ချေ, ကပ်၊ ကွစိ ပဋိ ပတိဿ–ဖြင့် ပဋိ–ပြု၊ နာမ်ငဲ့ စသည်။

http://www.dhammadownload.com

အာသ–ဥပဝေသနေ၊ *(ကပ်ဝင်ခြင်း, နေခြင်း၌)*

အာသီယတေ အာသိတဗ္ဗံ၊ အာသနီယံ၊ အာသိယံ။

ဥပ–ရှေ့ရှိလျှင်–ဥပါသိတဗ္ဗော၊ ဥပါသနီယော။

သိ–သယေ၊ *(အိပ်ခြင်း၌)*

သီယတေ သယိတဗ္ဗံ၊ သယနီယံ။

ကိတ်၌ ဝိကရဏပစ္စည်းများဝင်ပုံ

* *ဝိကရဏ ပစ္စည်း၊ အာချာတ်နည်း၊ ကိတ်လည်း ပါဝင်စေ။*

အာချာတ်၌ကဲ့သို့ ကိတ်၌လည်း ဝိကရဏပစ္စည်းများ ထိုက်သင့်သလို သက်ရသည်၊ ယင်းသို့ ဝိကရဏပစ္စည်းသက်ရာ၌ ဘော, ကံ–အနက်ဖြစ်လျှင် ကတ္တရိ–အလိုက်ကြဉ်သော ရုဓာဒိတော နိဂ္ဂဟိတပုဗ္ဗဥ္စ၊ ဒိဝါဒိတော ယော–စသော ဝိနာဓိကာရယောဂဝိဘာဂဖြင့်သက်။

ပဒ–ဂတိမှိ၊

ဥပ္ပဇ္ဇတေ ဥပ္ပဇ္ဇိတဗ္ဗံ၊ ဥပ္ပဇ္ဇနီယံ၊ ပဋိပဇ္ဇိတဗ္ဗော၊ ပဋိပဇ္ဇနီယော။

ဗုဓ–အဝဂမနေ၊ *(ထိုးထွင်း၍ သိခြင်း၌)*

ဗုဇ္ဈတေတိ ဗုဇ္ဈိတဗ္ဗော၊ ဗုဇ္ဈနီယော။

ရုပ်တွက်–

အာသိယံ–၌ အာသ်+ဏျ–ဟု ဖြစ်သောအခါ ကာရိတ်ငဲ့၊ ဏ်–အနုဗန်ချေ၊ ဍ္ဍ–လာ၊ နာမ်ငဲ့ စသည်။

သယိတဗ္ဗံ–၌ အညေသု စ–ဖြင့် ဣ–ကို ဧ–ဝုဒ္ဓိပြု၊ ဧ–ကို အယ်–ပြု။

ဥပ္ပဇ္ဇိတဗ္ဗံ–၌ ဥ–ပုဗ္ဗ ပဒ–ဂတိမှိ–ဓာတ်နောင် တဗ္ဗ–သက်၊ ကတ္တရိ–အလိုက်ကြဉ်သော ဒိဝါဒိတောယော–ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် ဒိဝါဒိ ယ–ပစ္စည်း သက်။ တသ္သ စဝဂ္ဂ–စသောသုတ်ဖြင့် ဓာတွန်နှင့် တကွ ယ–ကို ဇ–ဝဂ် ဇ–ပြု၊ ဒွေဘော်ဆောင်၊ နာမ်ငဲ့ စသည်။

ဗုဇ္ဈိတဗ္ဗော–၌ ဗုဓ်+တဗ္ဗ–ဟုဖြစ်သောအခါ ဒိဝါဒိ ယ–သက် စသည်။

http://www.dhammadownload.com

သု–သဝဏေ၊ *(နားထောင်ခြင်း၌)*

သူယတေတိ သောတဗ္ဗော၊သုဏိတဗ္ဗော၊ သဝနီယော။

ရမု–ကီဠာယံ၊ *(မြူးထူးပျော်ပါးခြင်း၌)*

ရမီယတေတိ ရမိတဗ္ဗော၊ ရမဏီယော။

အပ–ပါပုဏနေ၊ *(ရောက်ခြင်း၌)*

ပါပီယတေတိ ပါပုဏိတဗ္ဗော၊ ပါပုဏဏီယော၊ ပါပဏီယော။ *(နှ–ကို ဏ–ပြုန်)*

၅၈၀။ ဂုပါဒီနဉ္စ။

တ–ပစ္စည်းကြောင့် ဂုပ–စသော ဓာတ်တို့၏ ဓာတွန်ကိုချေ၍ တ–ဒွေဘော်ဆောင်။

**** ဓာတွန် စ, ဓ၊ တ, ဒ, ပ–တို့၊ နောက်က တ–နေ၊ ဓာတွန်ချေ၊ ဆောင်လေတ–ဒွေဘော်။***

တ–ပစ္စည်းနောင်းရာ၌ ဘုဇာဒီနမန္တော နော ဒွိ စ၊ ၀စ ၀ါ ၀ု၊ ဂုပါဒီနဉ္စ–တို့ဖြင့် ဓာတွန် စ, ဓ, တ, ဒ, ပ–တို့ကို ချေ၍ တ–ကို ဒွေဘော်ဆောင်။

ပတ္တဗ္ဗော။ ပတ္တေယျော။

ဂဟ–ဥပါဒါနေ၊ *(ယူခြင်း၌)*

ဂယှတေတိ ဂဟေတဗ္ဗော၊ ဂဟဏီယော၊ သင်္ဂဏှိတဗ္ဗော၊ သင်္ဂဏှဏီယော၊ ဂယှံ၊

ရုပ်တွက်–

သောတဗ္ဗ–၌ သု+တဗ္ဗ၊ ဉ–ကို ဩ–ဝုဒ္ဓိပြု။

သုဏိတဗ္ဗော–၌ သု+တဗ္ဗ–ဟုဖြစ်သောအခါ သွာဒိတော ဏု ဏာ ဥဏာ စ–ဟူသော ဝိနာမိကာရ ယောဂဝိဘာဂဖြင့် ဏာ–ပစ္စည်းသက်၊ (သု+ဏာ+တဗ္ဗ) ဣ–လာ–စသည်။

ပါပုဏိတဗ္ဗော–၌ ပ–ပုဗ္ဗ အပ–ဓာတ်ဖြင့် ပ+အပ်+တဗ္ဗ–ဟုဖြစ်သောအခါ သွာဒိ ဥဏာ–ပစ္စည်းသက်၊ ဣ–လာ၊ ပ–ခွင်း, ချေ, ဒီဃပြု၍ သန္ဓိစပ်။

ပတ္တဗ္ဗော–၌ (ပ+ အပ်+ တဗ္ဗ) ဂုပါဒီနဉ္စ–ဖြင့် ဓာတွန် ပ–ကို ချေ၍ တ–ကို ဒွေဘော်ဆောင်။

ပတ္တေယျော–၌ (ပ+အပ်+တေယျ) ဓာတွန် ပ–ကို ချေ၍ တ–ကို ဒွေဘော်ဆောင်။

ဂဟေတဗ္ဗော–၌ ဂဟ်+တဗ္ဗ–ဟုဖြစ်သောအခါ ယထာဂမမိကာရော–ဖြင့် ဣ–လာ၊ တေသု ဝုဒ္ဓိ–စသောသုတ်ဖြင့် ဣ–အာဂုံ–ကို ဧ–ပြု၊ စသည်။ ဂဟဏီယော–၌ ဂဟ+အနီယ၊ န–ကို ဏ–ပြုန်။

သင်္ဂဏှိတဗ္ဗော–၌ သံ+ဂဟ်+တဗ္ဗ–ဟုဖြစ်သောအခါ သွာဒိ ဏှာ–ပစ္စည်းသက်၊ ဟလောပေါ ဏှာမှိ–ဖြင့် ဓာတွန် ဟ်–ကို ချေ၊ ဣ–လာ စသည်။

http://www.dhammadownload.com

ပူဇ–ပူဇာယံ၊ *(ပူဇော်ခြင်း၌)*

ပူဇီယတေတိ ပူဇေတဗ္ဗော၊ ပူဇယိတဗ္ဗော၊ ပူဇိတဗ္ဗော၊ ပူဇနီယော၊ ပုဇ္ဇော။

လဘ–လာဘေ၊ *(ရခြင်း၌)*

လဗ္ဘတေတိ လဘိတဗ္ဗော၊ လဘနီယော၊ လဗ္ဘံ၊

သာသ–အနုသိဋ္ဌိမှိ၊ *(သွန်သင်ဆုံးမခြင်း၌)*

သာသီယတေတိ သာသိတဗ္ဗော၊ သာသနီယော၊ သိဿော၊

**　သာသ ၏ အာ၊ ဣ–ပြုရာ၊ ယ–မှာ ပုဗ္ဗရုပ် သိဿ–ပုဒ်။*

*တစ်နည်း * သာသ ၏ အာ၊ ဣ –ပြုရာ၊ သျ–မှာ သ–ပြု ဒွေဘော်မှု။*

ဝစ–ဝိယတ္တိယံ ဝါစာယံ၊ *(ပီပြင်ထင်ရှားသော စကား၌)*

ဝုစ္စတေတိ ဝစိတဗ္ဗံ၊ ဝစနီယံ။

ရုပ်တွက်–

ဂယှံ–၌ ဂဟ်+ဏျ၊ ဏ–အနုဗန်ကိုချေ၊ ဂဟ+ယ–ဟုဖြစ်သောအခါ ဟဝိပရိယယော လော ဝါ–ဖြင့် ဟ နှင့် ယ ရှေ့နောက်ပြန်၊ (ဂယ+ဟ) ယ်–ဟ–သို့ကပ်၊ စသည်။

ပူဇေတဗ္ဗော, ပူဇယိတဗ္ဗော–၌ ပူဇ+တဗ္ဗ–ဟုဖြစ်သောအခါ စုရာဒိ ဏေ, ဏယ–သက်။

ပုဇ္ဇော–၌ ပူဇ+ဏျ–ဟုဖြစ်သောအခါ ကာရိုတ်ငဲ့၊ ဏ–အနုဗန်ချေ၊ဓာတွန်နှင့်တကွ ယ–ကို စဝဂ် ဇ–ပြု၊ဒွေဘော်ဆောင်၊ ရဿ ပြု စသည်။

လဗ္ဘံ–၌ ဏျ–သက်, အနုဗန် ချေ, ပုဗ္ဗရုပ်ပြု, ကွစိ ဓာတု–ဖြင့် ဓာတွန် ဘ–ကို ဗ–ပြု။

သိဿော–၌ (သာသ+ဏျ) ကာရိုတ်ငဲ့၊ ဏ–အနုဗန်ချေ၊ ကွစိ ဓာတု–ဖြင့် အာကို ဣ–ပြု၊ ယ–ကို ပုဗ္ဗရုပ် ပြု။ (တစ်နည်း)ယဝတံ–၌ ကာရ–ဖြင့် သျ–ကို သ–ပြု၊ ဒွေဘော်ဆောင်။

http://www.dhammadownload.com

၆၂၃။ ကဂါ စဇာနံ။

ဏာ–ပစ္စည်းကြောင့် ဓာတွန် စ–ကို က–ပြု၊ ဇ–ကို ဂ–ပြု။

* *ဏာ–နှောင်း စ, ဇ၊ ပြု က, ဂ၊ ကြဉ်ရ ဏွု–မှာ။*

နကာဂတ္တံ စဇာဏွုမှိ–သုတ်၏ တားမြစ်ချက်အရ ဏွု–ပစ္စည်းနှောင်းရာ၌ က, ဂ–မပြုရ။

ဝါကျံ။

ဘဇ–သေဝါယံ၊ *(မှီဝဲခြင်း၌)*

ဘဇီယတေတိ ဘဇိတဗ္ဗံ၊ ဘဇနီယံ၊ ဘာဂျံ။ *(ဘဇ်+ဏျ)*

စိ–စယေ၊ *(စီခြင်း, ဆည်းပူးခြင်း၌)*

စီယတေတိ စေတဗ္ဗံ၊ *(ဝုဒ္ဓိပြု)*စေယျံ။

* *နိ–၏ နောက်မှ၊ ပထမ၊ ပြုရ ဒုတိ ဒွေဘော်သိ။*

နိ–နောင် ဒေါ်ဓသေ စ–၌ စ–ဖြင့် ပထမက္ခရာကို ဒုတိယက္ခရာပြု၊ အသဒိသ ဒွေဘော်ဆောင်။

ဝိနိစ္ဆိတဗ္ဗံ၊ ဝိနိစ္ဆနီယံ၊ ဝိနိစ္ဆေယျံ၊ ဝိနိစ္ဆိနိတဗ္ဗံ၊ ဝိနိစ္ဆိနနီယံ၊

နီ–ပါပုဏနေ၊ *(ရောက်အောင် ပို့ဆောင်ခြင်း၌)*

နီယတေတိ နေတဗ္ဗော၊ နေယျော။ *(နီ+ဏျ)*

ရုပ်တွက်–

ဝါကျံ–၌ ဝစ်+ဏျ၊ ကာရိတ်မှည့်၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ ဓာတွန် စ–ကို က–ပြု၊ က ယ–သို့ကပ်။

စေယျံ–၌ စိ+ဏျ၊ ဝုဒ္ဓိပြု၊ ယဒွေဘော်ဆောင်။

ဝိနိစ္ဆိတဗ္ဗံ–၌ ဝိ+နိ+စိ+တဗ္ဗ၊ ဒေါ်ဓသေ စ–၌ စ–ဖြင့် စ–ကို ဆ–ပြု၊ အသဒိသ ဒွေဘော်ဆောင်။

ဝိနိစ္ဆိနိတဗ္ဗံ–၌၊ ကိယာဒိ နာ–သက်။

http://www.dhammadownload.com

* *ဘော, ကံ အခြား၊ ကတ်–စသား၊ သက်ငြား အနီယ, ဏျ။*

ဘာဝကမ္မေသု တဗ္ဗာနီယာ–၌ တဗ္ဗာနီယာဟူသော ယောဂဝိဘာဂဖြင့် ဘော, ကံ မှအခြားသော ကတ္တားစသောအနက်တို့၌ အနီယနှင့် ဏျ–သက်။

ကတ္တုသာဓန ယာ–ပါပုဏနေ၊ *(ရောက်ခြင်း၌)*

နိယျာတီတိ နိယျာနိကော၊ မဂ္ဂေါ၊ ဂစ္ဆန္တီတိ ဂမနီယာ၊ ဘောဂါ။

ကရဏသာဓန နဟ–သောစေ၊ *(စင်ကြယ်ခြင်း၌)*

* *မဟ, မထ၊ ယ–နှောင်းကနှင့်၊ နဟ–စဖြာ၊ ဓာတ်တို့မှာ၊ ရှောင်ပါဓာတွန်ချေ။*

ယ–နှောင်းသော မဟ,မထ–ဓာတ်တို့၌လည်းကောင်း၊ နဟ–စသောဓာတ်တို့၌ လည်းကောင်း ဓာတုသမ္ဗန္ဓာ–စသောသုတ်၌ လိုက်လာသော ကွစိသဒ္ဒါတားမြစ်သောကြောင့် ဓာတွန်မချေစေရ။

နဟာယတိ ဧတေနာတိ နဟာနီယံ၊ နှာနီယံ၊ စုဏ္ဏံ။

သမ္ပဒါနသာဓန – ဒါ–ဒါနေ၊ ဒါတဗ္ဗော အဿာတိ ဒါနီယော။

အပါဒါနသာဓန ဝတု–ဝတ္တနေ၊ *(ဖြစ်ခြင်း၌)*

သမ္မာ ပဝတ္တတိ ဧတသ္မာတိ သမ္မာပဝတ္တနီယော၊ ဂုရု။

အဓိကရဏသာဓန ဌာ–ဂတိနိဝတ္တိမှိ၊ *(လှုပ်ရှားခြင်းမှ ဆုတ်နစ်ခြင်း၌)*

အာသဝါ တိဋ္ဌန္တိ ဧတေသူတိ အာသဝဋ္ဌာနီယာ။

ရုပ်တွက်–

နိယျာနိကော–၌ နိ+ယာ+အနီယ၊ ယ–ကို ဒွေဘော်ဆောင်၊ ကွစိဓာတု–ဖြင့် အနီယ–၏ ယ–ကို က–ပြု၍၊ ဤ–ကို ဣ– ရဿပြု။

နဟာနီယံ–၌ နဟ+အနီယ၊ ဟ–ခွင်း၊ ချေ၊ ဒီဃပြု၊ ကပ်။

နှာနီယ–၌ နဟာနီယ–ဟုဖြစ်သောအခါ ကွစိဓာတုဖြင့် န–၏ အ–ကို ချေ၊ န်–ကို ဟာ–သို့ကပ်။

သမ္မာပဝတ္တနီယော–၌ သမ္မာ+ပ+ဝတု+အနီယ၊ တ–ဒွေဘော်ဆောင်။

အာသဝဋ္ဌာနီယာ–၌ အာသဝသဒ္ဒါုပပဒ+ဌာ+အနီယ။

http://www.dhammadownload.com

၅၉၆။ ဂမခနဟနာဒီနံ တုံတဗ္ဗာဒီသု နု။

တုံ, တဗ္ဗ–စသည်တို့ကြောင့် ဂမ, ခန, ဟန စသည်တို့၏ ဓာတွန် မ, န–တို့ကို နု–ပြု။

*   *တ–နောင်း မ, နု၊ နု–ပြုရ၊ လောပ တားမြစ်ရန်။*

တ–နောင်းရာ၌ ဓာတွန် မ, န–တို့ကို နု–ပြု၊ ယင်းသို့ နု–ပြုခြင်းသည် ဂမခန ဟနရမာဒီနမန္တော–သုတ်ဖြင့် ဓာတွန်ချေမှုကို တားမြစ်ရန်ဖြစ်သည်။

ဂန္တဗ္ဗော၊ ဂမိတဗ္ဗော၊ ဂမနီယော။

ခနု– အဝဓာရဏော၊ *(တူးဖြိုခြင်း၌)* ခညတေတိ ခန္တဗ္ဗံ၊ ခနိတဗ္ဗံ၊ ခနနီယံ၊ (အာဝါငုံ)
ခဏိတဗ္ဗံ၊ ခဏနီယံ၊ *(ဏွစိဓာတုဖြင့် နု–ကို ဏ–ပြု)*

ဟနု–ဟိံ သာဂတီသု၊ *(ညှင်းဆဲခြင်း, ဂတိအနက်တို့၌)* ဟညတေတိ ဟန္တဗ္ဗံ၊ဟနိတဗ္ဗံ၊ ဟနနီယံ။

မနု–ဉာဏေ၊ *(သိခြင်း၌)* မညတေတိ မန္တဗ္ဗော၊ မနိတဗ္ဗော၊ မနနီယော၊
မညိတဗ္ဗော၊ မညနီယော။

၅၉၇။ ဝဒမဒဂမုယုဇဂရဟာကာရာဒီဟိ ဇ္ဇ မ္မ ဂ္ဂ ယှေ ယျာဂါရော ဝါ။

ဝဒ, မဒ, ဂမု, ယုဇ, ဂရဟ–ဓာတ်, အာကာရန္တဓာတ်စသည်တို့ နောင်မှ ဏျ–ပစ္စည်းကို ဓာတွန်နှင့်တကွ အစဉ်အတိုင်း ဇ္ဇ, မ္မ, ဂ္ဂ, ယှ, ယျေ–ပြု၊ ဂရ–ကိုလည်း ဂါရ–ပြု။

အာဒိ–သဒ္ဒါဖြင့် ဒ, မ, ဇ, ဟ–ကာရန္တဓာတ်တို့ကို ယူ။

*   *ဒ, မ, ဇ–မှ၊ နောက် ဏျ–မှာ၊ ဓာတွန်ပါ၊ ပြုရာ ဇ္ဇ, မ္မ – ဂ္ဂ စဉ်တိုင်း။*

(ဇ္ဇ–ကို ဇ၊ မ္မ–ကို မ၊ ဂ္ဂ–ကို ဂ–ဟုဖတ်)

ဝဒ–ဝိယတ္တိယံ ဝါစာယံ၊ ဝဇ္ဇတေတိ ဝဒိတဗ္ဗံ၊ ဝဒနီယံ၊ ဝဇ္ဇံ။

ရုပ်တွက်–

ဂန္တဗ္ဗော–၌ ဂမ်+တဗ္ဗ–၌ ဓာတွန် မ–ကို နု–ပြု၊ နု–ကို တ–သို့ကပ်။

ဂမိတဗ္ဗော–၌ ဣ–အာဂုမ် ခြားခြင်းကြောင့် နု–မပြုရ။

မညိတဗ္ဗော–၌ (မန+တဗ္ဗ) ဒိဝါဒိ ယ–သက်၊ စ–ဝဂ် ဉ –ပြု၊ ဒွေဘော်ဆောင်။

ဝဇ္ဇံ, မဇ္ဇံ, ဂဇ္ဇံ, ပဇ္ဇံ, ခဇ္ဇံ–၌ ဓာတွန်နှင့် တကွ ဏျ–ကို ဇ္ဇ–ပြု၊ ခဇ္ဇံ–၌ ရဿပြု။

http://www.dhammadownload.com

မဒ–ဥမ္မာဒေ၊ *(ရူးသွပ်ခြင်း၌)* မဒ္ဒတေ အနေနာတိ မဒိတဗ္ဗံ၊ မဒနီယံ၊ မဒ္ဒံ။
ဂဒ–ဝိယတ္တိယံ ဝါစာယံ၊ *(ပီပြင်ထင်ရှားသော စကား၌)* ဂဒ္ဒတေတိ ဂဒိတဗ္ဗံ၊ ဂဒနီယံ၊ ဂဒ္ဒံ၊ *(စုတ္တိယဝါကျ)*
ပဒ–ဂတိမှိ၊ *(ဂတိအနက်၌)* ပဒ္ဒတေတိ ပဒိတဗ္ဗံ၊ ပဒနီယံ၊ ပဒ္ဒံ၊ (ဂါထာ)
ခါဒ–ဘက္ခဏေ၊ *(စားခြင်း၌)* ခဒ္ဒတေတိ ခါဒိတဗ္ဗံ၊ ခါဒနီယံ၊ ခဒ္ဒံ။
ဂမု–ဂတိမှိ၊ *(ဂတိအနက်၌)* ဂစ္ဆီယတေတိ ဂမ္မံ။
ဒမု–ဒမနေ၊ *(ဆုံးမခြင်း၌)* ဒမ္မတေတိ ဒမိတဗ္ဗော၊ ဒမနီယော၊ ဒမ္မော။
ယုဇ–ယောဂေ၊ *(ယှဉ်ခြင်း၌)* ယုဇ္ဇတေတိ ယောဂ္ဂံ၊ ယောဇ္ဇံ၊

၅၇၈။ ဘုဇာဒီနမန္တော နော ဒွိ စ။

တ–ပစ္စည်းကြောင့်ဘုဇ–အစရှိသောဓာတ်တို့၏ ဓာတွန်ကိုချေ၍ တ–ကို ဒွေဘော်ဆောင်။

ဘုဇ–ပါလန ဘက္ခဏာဒီသု၊ *(စောင့်ခြင်း, စားခြင်း စသည်တို့၌)*

ဘုဇ္ဇတေတိ ဘောတ္တဗ္ဗံ၊ ဘောဇနီယံ၊ ဘုဉ္ဇိတဗ္ဗံ၊ ဘုဉ္ဇနီယံ၊ ဘောဂ္ဂံ၊ ဘောဇ္ဇံ။

ရုပ်တွက်–

မဒ္ဒံ, ဂဒ္ဒံ, ပဒ္ဒံ, ခဒ္ဒံ–၌ ဓာတွန်နှင့် တကွ ဏျ–ကို ဒ္ဒ–ပြု၊ ခဒ္ဒံ–၌ ရဿပြု။

ဂမ္မံ, ဒမ္မော–၌ ဓာတွန် မ်–နှင့်တကွ ဏျ–ကို မ္မ–ပြု။

ယောဂ္ဂံ–၌ ယုဇ်+ဏျ၊ ကာရိတ်ငဲ့၊ ဝုဒ္ဓိပြု၊ ဓာတွန်နှင့်တကွ ဏျ–ကို ဂ္ဂ–ပြု။

ယောဇ္ဇံ–၌ (ယုဇ+ဏျ) ကာရိတ်ငဲ့၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ (ယောဇ်+ယ) တသ စဝဂ္ဂ–စသော သုတ်ဖြင့် စ–ဝဂ်ပြု၊ ဒွေဘော်ဆောင်။

ဘောတ္တဗ္ဗံ–၌ ဝုဒ္ဓိပြု၊ ဘုဇာဒီနမန္တော နော ဒွိ စ–ဖြင့် ဓာတွန်ချေ၍ တ–ကို ဒွေဘော်ဆောင်။

ဘုဉ္ဇိတဗ္ဗံ–၌ ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဉ္စ–ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ရုဓာဒိ အ–ပစ္စည်း သက်၍ ရှေ့၌ နိဂ္ဂဟိတ်လာ၊ ဝဂ္ဂန္တပြု၊ ဣ–လာ–စသည်။

http://www.dhammadownload.com

* *ဂရဟာ-မှ၊ နောက် ဏျ-မှာ၊ ဓာတွန်ပါ ယှ၊ ရှေ့ ဂရ၊ ဂါရ-ပြုလေမြဲ။*

ဂရဟာနောင်မှ ဏျ-ကို ဓာတွန်နှင့်တကွ ယှ-ပြု၍၊ ဂရ-ကိုလည်း ဂါရ-ပြု။

ဂရဟ-နိန္ဒာယံ၊ (ကဲ့ရဲ့ခြင်း၌) ဂရယှတေတိ ဂရဟိတဗ္ဗံ၊ ဂရဟနီယံ၊ ဂါရယှံ၊

* *အာနောင် ဏျ၊ ရှိလေက၊ တကွ ယျေ-ပြု။*

ဝဒမဒ-စသောသုတ်ဖြင့် အာကာရန္တဓာတ်နောင်မှ ဏျ-ကို ဓာတွန်အာနှင့်တကွ ယျေ-ပြု။

ဒါ-ဒါနေ၊ (ပေးခြင်း၌) ဒီယတေတိ ဒါတဗ္ဗံ၊ ဒါနီယံ၊ ဒေယျံ။

ပါ-ပါနေ၊ (သောက်ခြင်း၌) ပီယတေတိ ပါတဗ္ဗံ၊ ပါနီယံ၊ ပေယျံ။

ဟာ-စာဂေ၊ (စွန့်ခြင်း၌) ဟီယတေတိ ဟာတဗ္ဗံ၊ ဟာနီယံ၊ ဟေယျံ။

မာ-မာနေ၊ (နှိုင်းချိန်ခြင်း၌) မီယတေတိ မာတဗ္ဗံ၊ မာနီယံ၊ မိနိတဗ္ဗံ၊ မေတဗ္ဗံ၊ မေယျံ။

ဉာ-အဝဗောဓနေ၊ (ထိုးထွင်း၍ သိခြင်း၌) ဉာယတေတိ ဉာတဗ္ဗံ၊ ဧဉ_ယျံ၊ ဉာတေယျံ၊ ဝိဇာနိတဗ္ဗံ၊ ဝိဇာနနီယံ။

ချာ-ပကထနေ၊ (အပြားအားဖြင့် ဆိုခြင်း၌) သင်္ချာယတေတိ သင်္ချာတဗ္ဗံ၊ သင်္ချေယျံ။

ရုပ်တွက်-

ဂါရယှံ-၌ (ဂရဟ်+ဏျ) ဓာတွန်နှင့် တကွ ဏျ-ကို ယှ-ပြု၍ ဂရ-ကိုလည်း ဂါရ-ပြု။

တစ်နည်း -- ဂရဟ်+ဏျ၊ ကာရိတ်မှည့်၊ ဏ-အနုဗန်ကိုချေ၊ အာ-ဝုဒ္ဓိပြု၊ ဟ နှင့် ယ ရှေ့-နောက်ပြန်။ (ဤ ဆိုခဲ့သည့်အတိုင်း စီရင်လျှင် ဤသုတ်ဖြင့် ယှ-ပြု၊ ဂါရ-ပြုစရာ မလိုတော့၊ ထို့ပြင် ဏ-အနုဗန်ချေ၍ ယ-ကို တသ္မ စဝဂ္ဂ-စသောသုတ်, ပုဗ္ဗရူပဉ္စ-သုတ်ဖြင့် စီရင်လျှင် ဝဒ မဒ-စသော သုတ်တစ်ခုလုံး မလိုတော့)

ဒေယျံ-၌ (ဒါ+ဏျ) ဓာတွန် အာနှင့်တကွ ဏျ-ကို ယျေ-ပြု။

မိနိတဗ္ဗံ-၌ မာ+တဗ္ဗ-ဟုဖြစ်သော အခါ ကိယာဒိ နာ-သက်၊ ကွစိ ဓာတု-စသော သုတ်ဖြင့် မာ-၏ အာ-ကို ဣ-ပြု၊ ဣ-လာ၊ ခွင်း, ချေ, ကပ်-စသည်။

မေတ္တဗ္ဗံ-၌ တဗ္ဗ-ပစ္စည်းသက်၊ ဣ-လာ၍ မာ+ဣ+တဗ္ဗ-ဟု ဖြစ်သောအခါ တေသု ဝုဒ္ဓိ-ဖြင့် ဣ-အာဂုံကို ဧ-ပြု။ တစ်နည်း။ ။ သရာ သရေ လောပံ-ဖြင့် ရှေ့သရကို ချေ၍ ဧ အသဝဏ်ပြု၊ တ-ဒွေဘော်ဆောင်။

ဉာတေယျံ-၌ ဈော စ-၌ စ-သဒ္ဒါဖြင့်. တေယျ-ပစ္စည်းသက်။

ဝိဇာနနီယံ-၌ ဝိ+ဉာ+အနီယ၊ နာ-ပစ္စည်းသက်၊ ဉာ-ကို ဇာ-ပြု။

http://www.dhammadownload.com

* *သကာရိတ၊ ခတ်နှောင်မှုပင်၊ စီရင် ယု, ဏွု၊ တွေ့မြင်မှုကြောင့်၊ ခတုပစ္စည်း၊ နောက်*
တွင်လည်း၊ ပစ္စည်း ကိစ္စ, ကိတ်။

ကိစ္စ, ကိတပစ္စည်းတို့သည် ရိုးရိုးခတ်နှောင်သာ သက်သည်မဟုတ်သေး၊ တိတိက္ခာပေ, ဘာဝေ,ဘာဝယ,ကာရာပေ, ကာရာပယ–စသော ခတုပစ္စယန္တနှောင်လည်း သက်သေးသည်။

တိတိက္ခာပေတဗ္ဗော၊ တိတိက္ခာပနီယော၊ ဘာဝေတဗ္ဗော၊ ဘာဝနီယော၊
ဘာဝယိတဗ္ဗော၊ ဘာဝယနီယော၊ ကာရေတဗ္ဗော၊ ကာရယိတဗ္ဗော၊
ကာရာပေတဗ္ဗော၊ ကာရာပယိတဗ္ဗော၊ ကာရာပနီယော။

၆၃၅။ ပေသာတိသဂ္ဂပတ္တကာလေသု ကိစ္စာ။

စေခိုင်းခြင်း *(ပေသ)*, ခွင့်လွှတ်စုံစမ်းခြင်း *(အတိသဂ္ဂ)*, ရောက်ချိန်ဟူသော *(ပတ္တကာလ)*အနက်တို့၌ ကိစ္စပစ္စည်းတို့ သက်ကုန်၏။

* *အရဟ, သက္က၊ တိသဂ္ဂနှင့်၊ ပေသ တစ်ဖြာ၊ ပတ္တကာ၊ သက်ရာ ကိစ္စ ငါး။*

ကတ္တဗ္ဗံ–ပြုသင့် ပြုထိုက်၏၊ (အရဟ) ဝါ–ပြုစွမ်းနိုင်၏၊(သက္က) ဝါ–ပြုလော၊ (ပေသ) ဝါ–ပြုလိုလျှင်ပြုလော၊ (အတိသဂ္ဂ) ဝါ–ပြုချိန်တန်ပြီ၊ (ပတ္တကာလ)

ကိစ္စပစ္စည်း စီရင်ခန်းပြီး၏။

ရုပ်တွက်–

တိတိက္ခာပေတဗ္ဗော–၌ တိတိက္ခာပေ–ဟူသော ခတုပစ္စယန္တနှောင် တဗ္ဗ–ပစ္စည်းသက်။

ဘာဝေတဗ္ဗော–စသည်၌ ဘာဝေ, ဘာဝယ–စသော ခတုပစ္စယန္တနှောင် တဗ္ဗ, အနီယ–သက်။

http://www.dhammadownload.com

ကိတ်ပစ္စည်းဆိုင်ရာအခန်း

* *သာဓနများစွာ၊ ဓာတ်နောက်မှာ၊ သက်ပါ အ, ဏ–လိင်လျော်စွ။*

ဘူဝါဒိ–စသော ဓာတ်အားလုံးနောင် သာဓန ၇–ပါး, လိင် ၃–ပါး အားလျော်စွာ အ, ဏ–ပစ္စည်းများ သက်ရသည်။

အ, ဏ အထူး

အ–ပစ္စည်း သက်ရာ၌ ဝုဒ္ဓိ မထင်ရှား၊ အချို့ ဣ–ဝဏ်, ဥ–ဝဏ်ကို ဧ, ဩ–ဝုဒ္ဓိ ပြုရသော်လည်း ဧ–ကို အယ, ဩ–ကို အဝ ဆက်လက်ပြုရသည်၊ အာ–ကိုကား လုံးဝ ဝုဒ္ဓိ မပြုရ။

ဏ–ပစ္စည်း သက်ရာ၌ကား အာ, ဧ, ဩ–ဝုဒ္ဓိ တိုက်ရိုက်သော်လည်းကောင်း, တဖန် ဧ–ကို အာယ, ဩ–ကို အာဝ–ဆက်လက်ပြုရ၍သော်လည်းကောင်း ရှိနေတတ် သည်၊ ဝုဒ္ဓိထင်ရှား နေတတ်သည်။

* ***ဝုဒ္ဓိ သဘော၊ အာ, ဧ, ဩ၊ ဆက်လော အာယ, အာဝ–တိုင်။***

* ***ရုပ်ပြီးရာတွင်၊ ဝုဒ္ဓိ ထင်၊ မထင် ဏ, အ–ခွဲ။***

အ–ပစ္စည်း

၅၂၇။ သဗ္ဗတော ဏွုတွာဝီ ဝါ။

အလုံးစုံသော ဓာတ်တို့နောင် အ, ဏွု, တု, အာဝီ–ပစ္စည်းသက်။

ဣ–ဝဏ္ဏာန္တ ဓာတ်များ–

ဣ–ဂတိမှိ၊ (ဂတိအနက်၌)

ပတိ–ရှေးရှိမူ––ပဋိစ္စ ဧတိ တသ္မာတိ ပစ္စယော၊ သမုဒေတိ တသ္မာတိ သမုဒယော။

ရုပ်တွက်–

ပစ္စယော–ကို ပတိ–ပုဗ္ဗ ဣ–တည်၊ ဣ–ဂတိမှိ၊ ဓာတ်အမည်မှည့်၊ ဓာတွန် မချေစေရ၊ သဗ္ဗတော ဏွုတွာဝီ ဝါ–ဖြင့် အ–ပစ္စည်းသက်၊ (ပတိ+ဣ+အ) အညေသု စ–ဖြင့် ဣ–ကို ဧ–ဝုဒ္ဓိပြု၊ ဧ အယ– ဖြင့် ဧ–ကို အယ်–ပြု၊ ယ်, အ–သို့ကပ်၊ တိ–ကို စ–ပြု၊ စ်, အ–သို့ကပ်၊ ဒွေဘော်ဆောင်၊ နာမ်ငဲ့– စသည်။

သမုဒယော–၌ သံ–ရှေး, ဥ–ရှေးရှိသော ဣ–ဂတိမှိ ဓာတ်နောင် အ–ပစ္စည်းသက်၊ ဣ–ကို ဧ–ဝုဒ္ဓိပြု၊ ဧ–ကို အယ်–ပြု၊ နိဂ္ဂဟိတ်ကို မ–ပြု၊ ဒ–လာ၊ နာမ်ငဲ့ စသည်။

http://www.dhammadownload.com

စိ–စယေ၊ *(စီခြင်း, ဆည်းပူးခြင်း၌)* ဥစ္စယနံ ဥစ္စယော၊ *(ဥ+စိ+အ)* သဥ္စယော၊

ဝိနိစ္ဆယနံ ဝိနိစ္ဆယော၊ ဝိနိစ္ဆိယတေ အနေနာတိ ဝါ ဝိနိစ္ဆယော၊ ဝိစိနာတီတိ ဝိစယော၊ ဓမ္မဝိစယော။

ဇိ–ဇယေ၊ *(အောင်ခြင်း၌)* ဝိဇယနံ ဝိဇယော။

သိ–သယေ၊ *(အိပ်ခြင်း၌)* အနုသေတီတိ အနုသယော၊ နိဿီယတေတိ နိဿယော။

ခီ–ခယေ၊ *(ကုန်ခန်းခြင်း၌)* ခယနံ ခယော။

ကီ–ဒဗ္ဗဝိနိမယေ၊ *(ဥစ္စာ လဲလှယ် ဝယ်, ရောင်းခြင်း၌)* ကယနံ ကယော၊ ဝိက္ကယော။

လီ–သိလေသနေ၊ *(ငြိကပ်ခြင်း၌)* အလ္လီယတိ ဧတ္ထာတိ အာလယော၊ လယော။

နီ–ပါပုဏနေ၊ *(ရောက်အောင်ပို့ဆောင်ခြင်း၌)* ဝိနေတိ ဧတေန, ဧတ္ထာတိ ဝါ ဝိနယော၊ နယော။

ဥဝဏ္ဏန္တဓာတ်များ–

သု–သဝဏေ၊ *(နားထောင်ခြင်း၌)* အာသုဏန္တီတိ အဿဝေါ၊ ပဋိဿဝေါ၊

သု–ဂတိမှိ၊ *(ဂတိအနက်၌)* အာသဝန္တီတိ အာသဝေါ၊ *(ဘဝဂ်တိုင်အောင် သွားရောက်တတ်, ဖြစ်တတ်သော တရားတို့)*

ရု–သဒ္ဒေ၊ *(အသံပြုခြင်း)* ရဝတီတိ ရဝေါ၊ *(မြည်တတ်သောအသံ)*

ဘူ–သတ္တာယံ၊ *(ထင်ရှားဖြစ်ခြင်း၌)* ဘဝတီတိ ဘဝေါ၊ ပဘဝတိ ဧတသ္မာတိ ပဘဝေါ၊

လူ–ဆေဒနေ၊ *(ဖြတ်ခြင်း)* လုနာတီတိ လဝေါ။

အနေကာသရဓာတ်

ဂဟ–ဥပါဒါနေ၊ *(စွဲလမ်းဂျုယူခြင်း)* နိဂ္ဂဏှာတီတိ နိဂ္ဂဟော၊ *(နှိပ်ကွပ်သူ)* ပဂ္ဂဟော၊ *(ချီးမြှောက်သူ)* သင်္ဂဟော။ *(သိမ်းယူကြောင်း)*

ဝရ–ဝါရဏေ၊ *(တားမြစ်ခြင်း)* သံဝရော။ *(စောင့်စည်းခြင်း)*

ဒရ–အာဒရေ၊ *(ရိုသေခြင်း)* အာဒရဏံ အာဒရော။

ရုပ်တွက်–

ဝိနိစ္ဆယော–၌ ဝိ–ရှေး, နိ–ရှေးရှိသော စိ–ဓာတ်၊ အ–ပစ္စည်း၊ ဣ–ကို ဧ–ဝုဒ္ဓိပြု၊ ဧ–ကို အယ–ပြု၊ ဒေါသေ စ–၌ စ–ဖြင့် စ–ကို ဆ–ပြု၊ အသဒိသဒွေဘော်ဆောင်။

အဿဝေါ–၌ (အာ+သု+အ) ဥ–ကို ဩ–ဝုဒ္ဓိပြု၊ ဩ အဝသရေ–ဖြင့် အဝ်–ပြု၊ ဒွေဘော်ဆောင်၊ ရဿပြု–စသည်။

နိဂ္ဂဟော–၌ နိ–ပုဗ္ဗ, ဂဟ–ဓာတ် အ–ပစ္စည်း၊ ဂ–ဒွေဘော်ဆောင်။

http://www.dhammadownload.com

ဂမု–ဂတိမှိ၊ *(ဂတ်အနက်၌)* အာဂမော။ *(လာရောက်ခြင်း, တတ်, ကြောင်း, ရာ)*
သပ္ပ–ဂတိမှိ၊ သပ္ပေါ။ *(သွားတတ်သောမြွေ)*
ကမု–ပဒဝိက္ခေပေ၊ *(ခြေကို အထူးထူးပစ်ချခြင်း)* ပက္ကမတီတိ ပက္ကမော၊ ဝိက္ကမော။

အနီးပုဒ်ရှိရာ၌–

ဓရ–ဓာရဏေ *(ဆောင်ခြင်း)* ဓမ္မံ ဓရတီတိ ဓမ္မဓရော၊ ဝိနယဓရော၊
ပါလ–ရက္ခဏေ၊ *(စောင့်ရှောက်ခြင်း၌)* ဓမ္မံ ပါလေတီတိ ဓမ္မပါလော။
ဟိတံ ကရောတီတိ ဟိတကရော၊ တံ ကရောတီတိ တက္ကရော။

** ယ–တ–သဒ္ဒါ၊ ရှေ့ရှိရာဝယ်၊ နောက်မှာဒွေဘော်၊ လာသော်လည်းရှိ၊ မလာဘိမူ၊ ယ–တ ဓါ်နောက်၊ ဗိန္ဒုရောက်၊ မှတ်လောက်ထုံးစံ အမြဲတည်း။ (ရှေးဆရာ)*

ဒိဝါကရော၊ နိသာကရော၊ ဓနုံ ဂဏှာတီတိ ဓနုဂ္ဂဟော။

ဒဒ–ဒါနေ၊ *(ပေးခြင်း)* သဗ္ဗကာမံ ဒဒါတီတိ သဗ္ဗကာမဒဒေါ။
ဒါ–ဒါနေ၊ အန္နံ ဒဒါတီတိ အန္နဒေါ၊ *(အန္န–သဒ္ဒါုပပဒ, ဒါ+အ)*
ဓာ–ဓာရဏေ၊ *(ဆောင်ခြင်း၌)* သစ္စံ သန္ဓဟတီတိ သစ္စသန္ဓော၊
ပါ–ပါနေ၊ *(သောက်ခြင်း)* မဇ္ဇံ ပိဝတီတိ မဇ္ဇပေါ၊ ပါဒေန ပိဝတီတိ ပါဒပေါ၊ ကစ္ဆပေါ။
တာ–ပါလနေ၊ *(စောင့်ခြင်း)* ဂဝံ သဒ္ဒံ တာယတီတိ ဂေါတ္တံ၊
စရ–စရဏေ *(လှည့်လည်ခြင်း)* ဝနေ စရတီတိ ဝနစရော၊ ကာမော အဝစရတိ ဧတ္ထာတိ ကာမာဝစရံ၊ ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရော၊
ရုဟ–ဇနနေ၊ *(ဖြစ်ခြင်း)* သိရသ္မိံ ရုဟတီတိ သိရောရုဟော၊

ရုပ်တွက်–

သစ္စသန္ဓော–၌ သစ္စ–သဒ္ဒါုပ ပဒ သံ–ပုဗ္ဗ–ဓာ–ဓာရဏေ ဓာတ်နောင် အ–သက်၊ ဓ, ခွင်း, ချေ, ကပ်၊ ဝဂ္ဂန္တ–ပြု၊ နာမ်ငဲ့ –စသည်။

ဂေါတ္တ–၌ ဂေါ–သဒ္ဒါုပပဒ, တာ+အ၊ ဒွေဘော်ဆောင်။

သိရောရုဟော–၌ သိရသဒ္ဒါုပပဒ, ရုဟ်+အ၊ သိရ–သဒ္ဒါ မနောဂိုဏ်းဖြစ်၍ ဧတေသမောလောပေ ဖြင့် ဩ–ပြု။

http://www.dhammadownload.com

သိ–သယေ၊ *(အိပ်ခြင်း)* ဂုဟာယံ သယတီတိ ဂုဟာသယံ။

ဌာ–ဂတိနိဝတ္တိမှိ *(လားခြင်းမှ ဆုတ်နစ်ခြင်း)* ပဗ္ဗတေ တိဋ္ဌတီတိ ပဗ္ဗတဋ္ဌော၊ ထလဋ္ဌံ။

၆၂၉။ ဂဟာဿုပဓဿေ ဝါ။

ဂဟ–ဓာတ်၏ ဥပဓာ မည်သော ဂ–၏ အ–ကို ရံခါ ဧ–ပြု။

*   *ဓာတု ဂဟာ၊ ဂ–၏ အ၊ ပြုရ ဧ ရံခါ။*

ဂဟ–ဥပါဒါနေ၊ *(ယူခြင်း၌)* ဂယှတေတိ ဂေဟံ၊ ဂဟံ။

၅၂၅။ သညာယမနု။

အစ၌ ကံပုဒ်ရှိသောဓာတ်နောင် အမည်သညာကိုဟောရာ၌ အ–ပစ္စည်းသက်၍ အနီးနာမ် ပုဒ်နောင် နု–အက္ခရာလာ။

၅၃၇။ နုနိဂ္ဂဟိတံ ပဒန္တေ။

အနီးနာမ်ပုဒ်၏အဆုံး၌ လာသောနု–အက္ခရာကို နိဂ္ဂဟိတ်ပြု။

*   *ကံပုဒ်ရှေ့ပါ၊ ဓာတ်နောက်မှာလျှင်၊ သညာဖော်ပြ၊ ပစ္စည်း အ၊ ကမ္မ ဗိန္ဒုတင်။*

အစကံပုဒ်၏ အဆုံး၌ နိဂ္ဂဟိတ်လာ။ *(နု–လာ၍ နိဂ္ဂဟိတ်ပြုသော အစီအရင်ကို လွယ်ကူစေရန် နိဂ္ဂဟိတ်လာဟု ဆိုသည်)*

ဒီပံ ကရောတီတိ ဒီပင်္ကရော၊ မေဓင်္ကရော၊ *(ပညာကို ပြုတတ်သောဘုရား)* သရဏင်္ကရော၊ *(ကိုးကွယ်ရာကို ပြုတတ်သောဘုရား)* ဝေဿန္တရော၊ *(ကုန်သည် လမ်းကိုလွန်မြောက်သူ)*

အရိံ ဒမေတီတိ အရိန္ဒမော။

ရုပ်တွက်–

ဂေဟံ–၌ ဂဟ–ဥပါဒါနေ, ဓာတ်နောင် အ–သက်၊ ဂဟာဿုပဓဿေ ဝါ–ဖြင့် ဂ–၏ အစိတ် အ–ကို ဧ–ပြု၊ နာမ်ငဲ့ စသည်။

ဒီပင်္ကရော–ကို ဒီပ သဒ္ဒူပပဒ, ကရ–တည်၊ ကရ–ကရဏေ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ–ကိုချေ၊ သညာယမနု–ဖြင့် အ–ပစ္စည်းသက်၍ ဒီပ–အနီးနာမ်ပုဒ်နောင် နု–လာ၊ နုနိဂ္ဂဟိတံ ပဒန္တေ–ဖြင့် နု–ကို အနီးနာမ်ပုဒ်၏အဆုံး၌ နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြု၊ နာမ်ငဲ့၊ သိ–သက်၊ ဩ–ပြု။

မှတ်ချက်။ ။ ဤ၌ ရုပ်ပြီးလွယ်စေရန် ကိတန္တသမာသ်အစီအရင်ကို မြှုပ်၍ ကိတ် အစီအရင် သက်သက်သာ စီရင်သည်။

http://www.dhammadownload.com

၅၂၆။ ပုရေ ဒဒါ စ ဣံ။

ပုရ–ရှေးရှိသော ဒဒ–ဓာတ်နောင် အ–ပစ္စည်းသက်၍ ပုရ–၏အဆုံး အ–ကို ဣံ–ပြု။

** ဒဒ– ရှေ့မှ၊ ပုရ–အ–မှာ၊ ဣံ–ပြုရာ၊ နောက်မှာ အ–ပစ္စည်း။။*

ပုရေ အဒဒီတိ ပုရိန္ဒဒေါ။

၅၅၃။ ကတ္တိုယမတိယဝေါ ဝါ။

ဣတ္ထိလိင်ကို ဟောရာ၌ အချို့ အ, တိ, ယု–ပစ္စည်းသက်။

** ဣတ္ထိလိင်တွက်၊ အ–ပင်သက်၊ နောက်ဆက် ဣတ္ထိ အာ။*

ဣတ္ထိလိင်ကိုဟောရာ၌ ဣတ္ထိယမတိယဝေါ ဝါ–ဖြင့် အ–ပစ္စည်းသက်၊ ကိတ်ပြီးသောအခါ ဣတ္ထိယမတော အာပစ္စယော–ဖြင့် အာ–ပစ္စည်းသက်။

ဉာ–အဝဗောဓနေ၊ *(ထိုးထွင်း၍သိခြင်း၌)* ပဇာနာတီတိ ပညာ၊ သဉ္ဇာနာတီတိ သညာ၊ ပရိညာ၊ *(ပိုင်းခြား၍ သိခြင်း)*

ချာ–ပကာထနေ *(ရေတွက်ခြင်း)* သင်္ချာ။

ဇရ–ဝယောဟာနိမှို၊ *(အရွယ်မှယုတ်ခြင်း၌)* ဇရာ။ *(အိုခြင်း)*

ရုဇ–ရောဂေ *(ကျင်နာခြင်း)* ရုဇာ။

ပဒ–ဂတိမှို၊ *(ဂတိအနက်၌)* ပဋိပဒါ၊ *(ကျင့်ခြင်း)*

ဘိဒ–ဝိဒါရဏေ *(ဖောက်ခွဲခြင်း)* ပဋိသမ္ဘိဒါ။

ဘာ–ဒိတ္တိယံ၊ *(ထွန်းပခြင်း)* ပဘာ၊ အာဘာ၊ *(အရောင်)*

စိန္တ–စိန္တာယံ *(ကြံစည်ခြင်း)* စိန္တာ၊ နိန္တာ၊ *(ကဲ့ရဲ့ခြင်း)*

ဒါ–ဒါနေ၊ *(ပေးခြင်း၌)* ဥပါဒီယတီတိ ဥပါဒါ။

ဣက္ခ–ဒဿနင်္ကေသု၊ *(မြင်ခြင်း,အမှတ်တံဆိပ်ပြုခြင်းတို့၌)* ဥပေက္ခတီတိ ဥပေက္ခာ။

သိက္ခ–ဝိဇ္ဇောပါဒါနေ။ *(အတတ်သင်ယူခြင်း)* သိက္ခန် သိက္ခာ။

ရုပ်တွက်–

ပုရိန္ဒဒေါ–၌ ပုရ သဒ္ဒူပပဒ, ဒဒ–ဒါနေ၊ ဓာတ်နောင် ပုရေ ဒဒါ စ ဣံ–ဖြင့် ဒဒ–နောင် အ–သက်၍ ပုရအဆုံး အ–ကို ဣံ–ပြု၊ ဝဂ္ဂန္တပြု။

ပညာ–၌ ပ ပုဗ္ဗ, ဉာ–အဝ ဗောဓနေ၊ ဓာတ်နောင် အ–ပစ္စည်းသက်၊ ခွင်း၊ ချေ၊ ကပ်၊ ဒွေဘော်ပြု၊ ဣတ္ထိယမတော အာပစ္စယော–ဖြင့် အာ–သက်၊ ခွင်း၊ ချေ၊ ကပ်၊ နာမ်ငဲ့၊ သိ–သက်၊ ချေ။

http://www.dhammadownload.com

ဘိက္ခ–ယာစနေ၊ *(တောင်းခြင်း)* ဘိက္ခာ။
ဓာ–ဓာရဏေ၊ *(ဆောင်ခြင်း)* သဒ္ဓါ။ *(ယုံကြည်ခြင်း)*
ဈေ–စိန္တာယံ၊ *(ကြံစည်ခြင်း)* အဘိမုခံ ဈာယတီတိ အဘိဇ္ဈာ၊ ဥပဂန္တွာ ဈာယတီတိ ဥပဇ္ဈာ၊ သမ္မာ ဈာယတီတိ သဇ္ဈာ။
ကုသ– ကုစ္ဆာကန္တိသု၊ *(အလိုရှိခြင်း, နှစ်သက်ခြင်းတို့၌)* ကုစ္ဆာ။ *(လိုချင်ခြင်း) (ကုသယမူနမန္တော စ္ဆော ဝါ–ဖြင့် စ္ဆ–ပြု)* ဗျာပိတုံ ကုစ္ဆာ ဝိစ္ဆာ။ *(ဝိ+ကုသ်+အ+အာ)*
ပုစ္ဆ–ပုစ္ဆနေ *(မေးခြင်း)* ပုစ္ဆနံ ပုစ္ဆာ။
ကိတ–ရောဂါပနယနေ၊ *(အနာရောဂါကို ပယ်ခြင်း၌)* တိကိစ္ဆနံ တိကိစ္ဆာ။
ဃသိတုံ ကုစ္ဆာ ဇိဃစ္ဆာ၊ တိတိက္ခာ၊ ဘုဉ္ဇိတုံ ကုစ္ဆာ ဗုဘုက္ခာ၊ ပါတုံ ကုစ္ဆာ ပိပါသာ။

၅၆၀။ ဤသံ ဒု သူဟိ ခ။

ဤသံ, ဒု, သု–ရှေးရှိသော ဓာတ်နောင် ဘော, ကံအနက်၌ ခ–ပစ္စည်းသက်။

*** *ဒု–သု ဤသံ၊ ရှေ့၌ခံမူ၊ ဘော, ကံနက်ပြ၊ ပစ္စည်း ခ, ကျေရ ခနုဗန်။***

ကွစိ ဓာတု–စသောသုတ်ဖြင့် ခ–အနုဗန်ကိုချေ။

ဒုက္ခေန ကရီယတေတိ ဒုက္ကရံ၊ ဒုလ္လဘော၊ ဒုဗ္ဘရော၊ ဒုဗ္ဗစော၊ *(ဒု+ဝစ+ခ)*ဒုဒ္ဒသော။ သုကရံ၊ သုလဘော၊ သုဘရော၊ သုဗ္ဗစော၊ သုဒသော၊ ဤသံ ကရီယတေတိ ဤသက္ကရံ။

ရုပ်တွက်–

သဒ္ဓါ–၌ သံပုဗ္ဗ ဓာ–ဓာရဏေ ဓာတ်နောင် အ–သက်၊ (သံ+ဓာ+အ) ဓ–ခွင်း, ချေ, ကပ်၊ (သံ+ဓ) မဒါ–ဟူသော ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို ဒ်–ပြု၊ ဒ်, ဓ–သို့ကပ်၊ အာ– ပစ္စည်းသက်၊ နာမ်ငဲ့စသည်။

တိကိစ္ဆာ–စသည်၌ တိကိစ္ဆ, ဇိဃစ္ဆ, တိတိက္ခ, ဗုဘုက္ခ, ပိပါသ–ဟူသော ဓာတုပစ္စယန္တနောင် အ–ပစ္စည်း, ကုတ္တိလိင် အာ–ပစ္စည်းသက်။

ဒုက္ကရံ–၌ ဒု–ပုဗ္ဗ ကရ–ကရဏေ ဓာတ်နောင် ဤသံ ဒု သူဟိ ခ–ဖြင့် ခ–ပစ္စည်းသက်၊ ကွစိ ဓာတု– စသောသုတ်ဖြင့် ခ–အနုဗန်ကို ချေ၊ ရ်, အ–သို့ကပ်၊ က–ဒွေဘော်ဆောင်၊ နာမ်ငဲ့စသည်။

ဤသက္ကရံ–၌ ဗျဉ္ဇနေ စ–ဖြင့် နိဂ္ဂဟိတ်ကိုချေ။

http://www.dhammadownload.com

ဏာ–ပစ္စည်း

၅၂၈။ ဝိသရုဇပဒါဒိတော ဏ။

ဝိသ, ရုဇ, ပဒ–စသော ဓာတ်နောင် ဏ–ပစ္စည်းသက်။

မှတ်ချက်။ ။ ဏ–အနုဗန်ပါလျှင် ကာရိတ်ကိုကဲ့သို့ငဲ့ခြင်း၊ ဏ–အနုဗန်ချေခြင်း၊ ဝုဒ္ဓိပြုခြင်းတို့ကို ကိစ္စအခန်း ဏျ–ပစ္စည်း၌ ဆိုခဲ့ပြီးအတိုင်းသိလေ။

ဝိသ–ပဝေသနေ၊ *(ဝင်ခြင်း)*	ပဝိသတီတိ ပဝေသော။
ရုဇ–ရောဂေ *(ကျင်နာခြင်း)*	ရုဇတီတိ ရောဂေါ။
ပဒ–ဂတိမှိ၊ *(ဂတိအနက်)*	ပဇ္ဇတေ အနေနာတိ ပါဒေါ။
အယ–ဂတိမှိ၊	အယတိ ဣတောတိ အာယော။
ဟရ–ဟရဏေ၊ *(ဆောင်ခြင်း)*	အာဟရတီတိ အာဟာရော၊ ဝေါဟရီယတေတိ ဝေါဟာရော၊ *(ဝိ+အဝ+ဟရ+ဏ)* ဝိဟရန္တိ ဧတ္ထာတိ ဝိဟာရော။
ရမု–ကီဠာယံ၊ *(မြူးတူးပျော်ပါး ကစားခြင်း)*	အာဂန္တွာ ရမန္တိ ဧတသ္မိန္တိ အာရာမော။
ပတ–ဂတိမှိ၊ *(ဂတိအနက်)*	ပပတတိ ဧတ္ထာတိ ပပါတော။ *(ပ+ပတ+ဏ)*
ဇရ–ဝယောဟာနိမှိ၊ *(အရွယ်မှယုတ်ခြင်း=အိုခြင်း)*	ဇရီယတိ အနေနာတိ ဇာရော။
ဒရ–ဘိန္ဒနေ၊ *(ခွဲခြင်း)*	ဒရီယတေ အနေနာတိ ဒါရော။
ဘုဇ–ဘက္ခဏေ၊ *(စားခြင်း)*	ဘုဉ္ဇတေတိ ဘောဂေါ။
ဘဇ–သေဝါယံ၊ *(မှီဝဲခြင်း)*	ဘဇီယတေတိ ဘာဂေါ၊ ဝိဘာဂေါ။
ယဇ–ပူဇာယံ၊ *(ပူဇော်ခြင်း)*	ဣဇ္ဇတေတိ ယာဂေါ။

ရုပ်တွက်–

ပဝေသော–၌ ပ–ပုဗ္ဗ ဝိသ–ပဝေသနေ၊ ဓာတ်နောင် ဝိသရုဇပဒါဒိတော ဏ–ဖြင့် ဏ–ပစ္စည်းသက်၊ ကာရိတ်ကို ကဲ့သို့ငဲ့၊ ဏ–အနုဗန်ချေ၊ အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ–ဖြင့် ဝိသ– ဓာတ်၏ ဝ–၏ အစိတ် ဣ–ကို ဧ–ဝုဒ္ဓိပြု၊ ကပ်၊ နာမ်ငဲ့ စသည်။

ရောဂေါ–၌ ကဂါစဇာနံ–ဖြင့် ဇ–ကို ဂ–ပြု။

ဝေါဟာရော– ဝိ, အဝ–ပုဗ္ဗ ဟရ–ဟရဏေ၊ ဓာတ်နောင် ဏ–သက်၊ ကာရိတ်ငဲ့၊ ဏ–အနုဗန် ချေ၊ ဝုဒ္ဓိပြု၊ ဩ အဝဿ–ဖြင့် အဝ–ကို ဩ–ပြု၊ ခွင်း, ချေ, ကပ်၊ နာမ်ငဲ့ စသည်။

http://www.dhammadownload.com

၅၂၉။ ဘာဝေ စ။

ဘော–အနက်၌လည်း အလုံးစုံသောဓာတ်နောင် ဏ–ပစ္စည်းသက်။

စဇ–စာဂေ၊ *(စွန့်ခြင်း)* စဇနံ စာဂေါ။

ယုဇ–ယောဂေ၊ *(အားထုတ်ခြင်း, ယှဉ်ခြင်း)* ယုဉ္စတေတိ ယောဂေါ။

ဝိဇ–သံဝေဇနေ၊ *(ထိတ်လန့်ခြင်း)* သံဝေဇနံ သံဝေဂေါ။

ဘူ–သတ္တာယံ၊ *(ထင်ရှားဖြစ်ခြင်း)* ဘဝတီတိ ဘာဝေါ။

ဉစ–သမဝါယေ၊ *(ပေါင်းစုခြင်း)* ဉစတီတိ ဩကော။

ဗုဓ–အဝဂမနေ၊ *(ထိုးထွင်း၍သိခြင်း)* သမ္မာ ဗုဇ္ဈတီတိ သမ္ဗောဓော။

(ဘော–အနက်ဖြစ်လျှင် ဘာဝေ စ၊ အခြားအနက်ဖြစ်လျှင် ဝိသရုဇ–စသောသုတ်ဖြင့်သက်လေ)

တုဒ–ဗျထနေ၊ *(ထိုးဆွခြင်း)* ပတုဇ္ဇတေ အနေနာတိ ပတောဒေါ။

ဂမု–ဂတိမှိ၊ *(ဂတိအနက်)* ဂစ္ဆီယတေတိ ဂါမော။

ယမု–ဉပရမေ၊ *(ကြဉ်ရှောင်ခြင်း)* နိယမနံ နိယာမော။

ဝဒ–ဝိယတ္တိယံဝါစာယံ၊ *(ပီပြင်ထင်ရှားသော စကား၌)* ဝါဒေါ၊ *(ဆိုခြင်း)* ဝိဝါဒေါ၊ *(ငြင်းခုံခြင်း)* ဩဝါဒေါ *(ဆုံးမခြင်း)*

ဝသ–နိဝါသေ၊ *(နေခြင်း)* ဝါသော၊ အာဝါသော၊ ပရိဝါသော။

မရ–ပါဏစာဂေ၊ *(အသက်ကိုစွန့်ခြင်း)* မာရေတီတိ မာရော။

ဝဟ–ပါပနေ၊ *(ရောက်စေခြင်း)* ဝါဟော *(ရွက်ဆောင်ခြင်း)* အာဝါဟော၊ ဝိဝါဟော။ *(ထိမ်းမြားခြင်း)*

နဒ–သဒ္ဒေ၊ *(အသံပြုခြင်း)* နဒတီတိ နာဒေါ၊ ဉန္နာဒေါ၊ နိန္နာဒေါ။

သဒ–ဝိသရဏဂတျာဝသာနေသု၊ *(ရွေ့လျားခြင်း၊ လားခြင်း၏အဆုံးတို့၌)* ပသီဒတီတိ ပသာဒေါ။

နမု–နမနေ၊ *(ညွတ်ခြင်း)* နမနံ နာမော၊ ပဏာမော။

ကမု–ကမ္ဘာကန္တီသု၊ *(လိုချင်ခြင်းနှစ်သက်ခြင်း)* ကာမေတီတိ ကာမော။ *(အလိုရှိတတ်သောတဏှာ)*

ပစ–ပါကေ၊ *(ချက်ခြင်း, ကျက်ခြင်း)* ပစနံ ပါကော၊ ဝိပါကော။

ရုပ်တွက်–

ပဏာမော–၌ ဒေါ ဝသေ စ–၌ စ–ဖြင့် န–ကို–ဏ ပြု။

(ပ, ပရိ, နိ၊ ဉ, ဩ–၏နောက်၊ န–ငယ်ရောက်၊ မဖောက် ဏ–ကြီးပြန်။)

http://www.dhammadownload.com

သိစ–ပဋ္ဌရဏေ၊ (ယိုစီးခြင်း, သွန်းလောင်းခြင်း) သေစနံ သေကော။

သုစ–သောကေ၊ (ပူဆွေးခြင်း) သောစနံ သောကော။

၅၉၁။ ဟနဿ ဃာတော။

ဏ–အနုဗန်ရှိသောပစ္စည်းကြောင့် ဟန–ဓာတ်ကို ဃာတ–ပြု။

* *ဟနဓာတု၊ ဃာတ–ပြု၊ နှောင်းမူ ကာရိုက် ဏ–ပစ္စည်း။။*

ဟန–ဟိံ သာဂတီသု၊ (ညှင်းဆဲခြင်း ဂတိအနက်တို့) ဥပဟနတီတိ ဥပဃာတော၊ ဝိဟညတိ ဧတသ္မာတိ ဝိဃာတော။

ဝိစ–ဝိဝေစနေ၊ (ကင်းဆိတ်ခြင်း) ဝိဝေကော။

လုဘ–ဂိဒ္ဓိမှိ၊ (တပ်မက်ခြင်း) လုဗ္ဘတိ, လုဗ္ဘန္တိ ဧတေန, လုဗ္ဘနံ ဝါ လောဘော။

ဒုသ–အပ္ပီတိမှိ၊ (မနှစ်သက်ခြင်း) ဒုဿတီတိ ဒေါသော။

မုဟ–ဝေစိတ္တေ၊ (တွေဝေခြင်း) မုယှတီတိ မောဟော။

၆၁၄။ ဒဟဿ ဒေါ လံ။

ဏ–ပစ္စည်းကြောင့် ဒဟ–ဓာတ်၏ ဒ–ကို လ (ဠ) –ပြု။

* *ဏ–နှောင်း ဒဟ၊ ဒ–ကို ဠ နှင့်၊ ဖုသ ဓာတု၊ ဖဿ–ပြု၊ ဓာတု ဂဟ ချို့ ဃရ။*

ကွစိ ဓာတု–ဖြင့် ဖုသ–ကို ဖဿ–ပြု။

ဒဟ–ဘသ္မီကရဏေ၊ (ပြာကိုပြုခြင်း) ပရိဍ္ဍယှနံ ပရိဠာဟော၊ ပရိဒါဟော။

ဖုသ–သမ္ဖဿေ၊ (တွေ့ထိခြင်း) ဖုသတီတိ ဖဿော။

ဂဟ–ဥပါဒါနေ၊ (ယူခြင်း) ဂယှတေတိ ဂါဟော။

ရုပ်တွက်–

သေကော–၌ သိစ–ပဋ္ဌရဏေ၊ ဓာတ်နောင် ဘာဝေ စ–ဖြင့် ဏ–သက်၊ ကာရိုတ်မှည့် ဏ–အနုဗန်ချေ၊ ဧ–ဝုဒ္ဓိပြု၊ ကဂါ စဇာနံ–ဖြင့် ဓာတွန် စ–ကို က–ပြု၊ နာမ်ငဲ့ စသည်။

ဥပဃာတော–၌ ဟန–ဟိံသာဂတီသု၊ ဓာတ်နောင် ဏ–သက်၊ ကာရိုတ်မှည့်၊ ဏ–အနုဗန် ချေ၊ ဟနဿ ဃာတော–ဖြင့် ဟန–ကို ဃာတ–ပြု၊ နာမ်ငဲ့ စသည်။

ပရိဠာဟော–၌ ပရိ–ပုဗ္ဗ, ဒဟ–ဘသ္မီကရဏေ၊ ဓာတ်နောင် ဏ–သက်၊ ကာရိုတ်ငဲ့၊ ဏ–အနုဗန် ချေ၊ ဝုဒ္ဓိပြု၊ ဒဟဿ ဒေါ ဠံ–ဖြင့် ဒ–ကို ဠ–ပြု၊ နာမ်ငဲ့ စသည်။

http://www.dhammadownload.com

၆၁၃။ ဂဟာဿ ဃရ ဏော ဝါ။

ဏ–ပစ္စည်းကြောင့် ဂဟ–ဓာတ်ကို အချို့ ဃရ–ပြု။

ဃရံ။

၅၉၄။ ပုရသမုပ ပရိဟိ ကရောတိဿ ခခရာဝါ တပစ္စယေသု စ။

တ–ပစ္စည်း, ဏ–ပစ္စည်းတို့ကြောင့် ပုရ, သံ, ဥပ, ပရိ–ရှေးရှိသော ကရ–ဓာတ်ကို ခ, ခရ ပြု။

** ဏ, တ–နှောင်းက၊ သံ–ဥပ–နှင့်၊ ပုရ–ပရိ၊ နောက်ရှိ ကရ၊ ခရ, ခ၊ ပြုရ ထိုက်သင့်စွာ။*

သံကရီယတေတိ သင်္ခါရော၊

ပရိသမန္တတော ကရီယတေတိ ပရိက္ခာရော၊ (*အသဒိသဒွေဘော်ဆောင်*)

ပုရေ ကရီယတေတိ ပုရေက္ခာရော၊ (*အလုတ္တသမာသ်*) ပုရက္ခာရော။

၆၀၇။ နိဂ္ဂဟိတသံယောဂါဒိ နော။

သံယုတ်၏အစ န–ကို နိဂ္ဂဟိတ်ပြု။

** သံယုဂ် စ–န၊ ဗိန္ဒုပြ၊ ရန္ဇ–န္ဇ– ဇ–ပြုရ။ (န္ဇ–ကို နဇ–ဟုဖတ်)*

နိဂ္ဂဟိတသံယောဂါဒိ နော–ဖြင့် သံယုတ်၏အစ န–ကို နိဂ္ဂဟိတ်ပြု၊ ဏမှိ ရန္ဇဿ ဇော ဘာဝကရဏေသု–ဖြင့် ရန္ဇ–၏ န္ဇ–သံယုတ်ကို ဇ–ပြု၊

ရန္ဇ –ရာဂေ၊ (တပ်စွဲခြင်း) ရန္ဇတီတိ ရင်္ဂေါ။

ရုပ်တွက်–

ဃရံ–၌ ဂဟ–ဥပါဒါနေ၊ ဓာတ်နောင် ဏ–သက်၊ ကာရိတ်ငဲ့၊ ဏ–အနုဗန်ချေ၊ ဂဟာဿ ဃရ ဏော ဝါ–ဖြင့် ဂဟ–ကို ဃရ–ပြု၊ နာမ်ငဲ့–စသည်။

သင်္ခါရော–၌ (သံ+ကရ+ဏ) ကရ–ကို ခရ–ပြု၊ ခ–၏ အ–ကို အာ–ဝုဒ္ဓိပြု။

ရင်္ဂေါ–၌ (ရန္ဇ+ဏ) နိဂ္ဂဟီတ သံယောဂါဒိ နော–ဖြင့် န္ဇ–သံယုတ်၏ အစ န–ကို နိဂ္ဂဟိတ်– ပြု၊ ကဂါ စဇာနံ–ဖြင့် ဓာတွန် ဇ–ကို ဂ–ပြု၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြု၊ နာမ်ငဲ့–စသည်။

http://www.dhammadownload.com

၅၉၀။ ဏမှိ ရဉ္ဇဿ ဇော ဘာဝကရဏေသု။

ဘော, ကရိုဏ်းအနက်ဟော ဏ–ပစ္စည်းကြောင့် ရဉ္ဇ–ဓာတ်၏ ဉ္ဇ–ကို ဇ–ပြု။ ရာဂေါ။

သဉ္ဇ –သင်္ဂေ၊ *(ကပ်ငြိခြင်း)* သဉ္ဇနံ သင်္ဂေါ။

ဘဉ္ဇ –အဝမဒ္ဒနေ၊ *(နှင်းနယ်ဖျက်ဆီးခြင်း)* ဘဉ္ဇနံ ဘင်္ဂေါ။

ကံပုဒ် အနီးရှိရာ ဏ–ပစ္စည်းသက်ပုံ

၅၂၄။ ဓာတုယာ ကမ္မာဒိမှိ ဏော။

အစဉ် ကံပုဒ်ရှိသော ဓာတ်နောင် ဏ–ပစ္စည်းသက်။

* *ရှေ့ ကံပုဒ်ရောက်၊ ဓာတ်၏နောက်၊ မဖောက် ဏ–ပစ္စည်း။*

ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရော၊ ကမ္မကာရော၊ မာလာကာရော၊ ပတ္တဂ္ဂါဟော၊ ဓမ္မကာမော။

ဒလ–ဝိဒါရဏေ၊ *(ပေါက်ခွဲခြင်း)* ကုံ ပထဝီ ဒလတီတိ ကုဒါလော။

ဝေ–တန္တသန္တာနေ၊ *(ချည်ချောင်းအစဉ်ကိုပြုခြင်း)* တန္တံ ဝါယတီတိ တန္တဝါယော။

(တေ အာဝါယာ ကာရိတေ–ဖြင့် ဧ–ကို အာယ–ပြု)

၅၉၃။ အာကာရန္တာနမာယော။

ဏ–ပစ္စည်းကြောင့် အာကာရန္တဓာတ်တို့၏ အာ–ကို အာယ–ပြု။

* *အာကာရန္တ၊ ဏ–နှောင်းက၊ အာယ အမှန်ပြု။*

ဒါနံ ဒဒါတီတိ ဒါနဒါယော။ *(ဒါ–၏ အာ–ကို အာယ–ပြု)*

မာ–ပရိမာနေ၊ *(နှိုင်းချိန်ခြင်း)* ဓညံ မိနာတီတိ ဓညမာယော။

ရုပ်တွက်–

ရာဂေါ–၌ (ရဉ္ဇ+ဏ) ကာရိတ်ငဲ့၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ ဏမှိ ရဉ္ဇဿ ဇော ဘာဝကရဏေသု–ဖြင့် ဉ္ဇ–ကို ဇ–ပြု၊ ကဂါ စဇာနံ–ဖြင့် ဇ–ကို ဂ–ပြု၊ နာမ်ငဲ့–စသည်။

ကုမ္ဘကာရော–ကို ကုမ္ဘသဒ္ဒူပပဒ ကရ–တည်၊ ကရ–ကရဏေ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ–ကိုချေ၊ ဓာတုယာ ကမ္မာဒိမှိ ဏော–ဖြင့် ဏ–သက်၊ ကာရိတ်ငဲ့၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု–စသည်။

http://www.dhammadownload.com

ဏွု-ပစ္စည်း

၆၂၂။ အနကာ ယုဏွုနံ။

ယု-ပစ္စည်းကို အန-ပြု၊ ဏွု-ပစ္စည်းကို အက-ပြု။

* *ကတ္တား ယောဘုယျ၊ ကံ-ချို့မျှ၊ သက်ရ ဏွု, အက-ပြု။*

သဗ္ဗတော ဏွုတ္ထာဝီ ဝါ-ဖြင့် များသောအားဖြင့် ကတ္တားအနက်၌ ဏွု-ပစ္စည်းသက်၊ သတ္တဟာရကံ-စသော အနည်းငယ်သော ကံအနက်၌လည်း ဏွု-သက်သေးသည်၊ အနကာယု ဏွုနံ-ဖြင့် ဏွု-ကို အက-ပြု။

ကရောတီတိ ကာရကော။

* *ဣတ္ထိလိင်မှာ၊ အက-လာ၊ မှန်စွာ အ-ကို ဣ။*

တေသု ဝုဒ္ဓိ စသောသုတ်ကြီးဖြင့် ဣတ္ထိလိင်၌ အက-၏ အ-ကို ဣ-ပြု။

ကာရိကာ၊ ကာရကံ။

အာသ-ဉပဝေသနေ၊*(ကပ်ဝင်ခြင်း=နေခြင်း)* ဉပါသတီတိ ဉပါသကော၊ ဉပါသိကာ၊ ဉပါသကံ။

နီ-ပါပုဏနေ၊*(ရောက်အောင်ပို့ဆောင်ခြင်း)* နေတီတိ နာယကော၊ နာယိကာ၊ နာယကံ။

သု-သဝဏေ၊ *(နားထောင်ခြင်း)* သုဏာတီတိ သာဝကော၊ သာဝိကာ၊ သာဝကံ။

ပု-ပဝနေ၊ *(ပြုစင်ခြင်း)* ပုနာတီတိ ပါဝကော။

လူ-ဆေဒနေ၊ *(ဖြတ်ခြင်း)* လုနာတီတိ လာဝကော။

ဒါ-ဒါနေ၊ *(ပေးခြင်း)* ဒဒါတီတိ ဒါယကော၊ *(အာ-ကို အာယ-ပြု)* ဒါယိကာ၊ ဒါယကံ။

ဂဟ-ဉပါဒါနေ၊ *(ယူခြင်း)* ဂဏှာတီတိ ဂါဟကော။

ပစ-ပါကေ၊ *(ချက်ခြင်း=ကျက်ခြင်း)* ပစတီတိ ပါစကော။

ယဇ-ပူဇာယံ၊ *(ပူဇော်ခြင်း)* ယဇတီတိ ယာဇကော။

ရုပ်တွက်-

ကာရကော-၌ ကရ-ကရဏေ၊ ဓာတ်နောင် သဗ္ဗတော ဏွုတ္ထာဝီ ဝါ-ဖြင့် ဏွု-သက်၊ ကာရိတ်ငဲ့၊ ဝုဒ္ဓိ-ပြု၊ အနကာ ယုဏွုနံ-ဖြင့် ဏွု-ကို အက-ပြု၊ နာမ်ငဲ့-စသည်။

ကာရိကာ-၌ ကာရက-ဟုဖြစ်သောအခါ ဣတ္ထိယမတော အာပစ္စယော-ဖြင့် အာ-ပစ္စည်းသက်၊ တေသု ဝုဒ္ဓိ-စသောသုတ်ဖြင့် အက-၏ အ-ကို ဣ-ပြု၊ နာမ်ငဲ့-စသည်။

ဒါယကော-၌ အာကာရန္တာနမာယော-ဖြင့် အာ-ကို အာယ-ပြု။

http://www.dhammadownload.com

ဇန–ဇနနေ၊ *(ဖြစ်ခြင်း)*	ဇနေတီတိ ဇနကော၊ ဇနိကာ။
ခနု–အဝဓာရဏေ၊ *(တူးဖြိုခြင်း)*	ခနတီတိ ခနကော။
သမု–ဥပသမေ၊ *(ငြိမ်းအေးခြင်း)*	သမေတီတိ သမကော။
ဂမု–ဂတိမှိ၊ *(ဂတိအနက်၌)*	ဂမေတီတိ ဂမကော။
ဒမု–ဒမနေ၊ *(ဆုံးမခြင်း)*	ဒမေတီတိ ဒမကော။
ဟန–ဟိံ သာဝတီသု၊ *(ညှင်းဆဲခြင်း, ဂတိအနက်တို့၌)*	ဟနတီတိ ဝဓကော၊ ဃာတကော။
ရုဓ–အာဝရဏေ၊ *(ပိတ်ပင်ခြင်း)*	ရုန္ဓတီတိ ရုန္ဓကော။
ဘုဇ–ဘက္ခဏေ၊ *(စားခြင်း)*	ဘုဥ္ဇတီတိ ဘုဥ္ဇကော။
ကီ–ဒဗ္ဗဝိနိမယေ၊ *(ဥစ္စာလဲလှယ်ဝယ်ယူရောင်းခြင်း)*	ကိဏာတီတိ ကာယကော။
	(ဣ–ကို ဧ–ဝုဒ္ဓိပြု၊ ဧ–ကို အာယ–ပြု)
ပါလ–ရက္ခဏေ၊ *(စောင့်ခြင်း)*	ပါလေတီတိ ပါလကော။
ပူဇ–ပူဇာယံ၊ *(ပူဇော်ခြင်း)*	ပူဇေတီတိ ပူဇကော။

၆၄၁။ နုဒါဒီဟိ ယုဏ္ဝူနမနာနနာကာ နနကာ သကာရိတေဟိ စ။

နုဒ–စသောဓာတ်, ကာရိတ်ပစ္စည်းနှင့်တကွဖြစ်သော ဓာတ်နောင် ယု–ကို အန, အာနန–ပြု၊ ဏွု–ကို အက, အာနနက–ပြု။

မှတ်ချက်။ ။ဉာ–ဓာတ်နောင်သာ အာနနက–ပြုလေ့ရှိသည်။

* *သကာရိတ၊ နုဒ–စ, နောက်၊ ကျရောက် ယု–မှာ၊ နှစ်ဖြာ အန၊ အာနန–တည်း၊ တစ်ဝ ဏွု၊ အက–ပြု၊ ဉာ–မှု အာနနက။*

နုဒ–ခေပေ၊ *(ပစ်ပယ်ခြင်း)*	ပပုဗ္ဗော၊ ပနုဒတီတိ ပနူဒကော။ *(ကွစိဓာတု–ဖြင့် ဒီဃပြု)*
သူဒ–ပဂ္ဃရဏေ၊ *(ယိုစီးခြင်း)*	သူဒတီတိ သူဒကော။

ရုပ်တွက်–

ဝဓကော–၌ (ဟန်+ဏွု) ဝဓော ဝါ သဗ္ဗတ္ထ–ဖြင့် ဟန–ကို ဝဓ–ပြု။

ဃာတကော–၌ ဟနဿ ဃာတော–ဖြင့် ဟန–ကို ဃာတ–ပြု။

http://www.dhammadownload.com

ဉာ–အဝဗောဓနေ၊ *(ထိုးထွင်း၍သိခြင်း)*

ဉာ–ဓာတ်နောင် ဏှာ–ကို အချို့ အာနနက–ပြု။

ဇာနာတီတိ ဇာနနကော၊ သဉ္ဇာနနကော၊ ဉာပေတီတိ ဉာပကော။

ကာရာပေတီတိ ကာရာပကော။

အပ–ပါပဏေ၊ *(ရောက်စေခြင်း၌)* သမ္ပါပေတီတိသမ္ပါပကော။

ဒါပေတီတိ ဒါပကော။ ပတိဋ္ဌာပေတိ ပတိဋ္ဌာပကော။

အာဏာ–ပေသနေ၊ *(စေခိုင်းခြင်း)* အာဏာပေတိ အာဏာပကော။

ဟာရ–ဟရဏေ၊ *(ဆောင်ခြင်း)* ဟာရိတဗ္ဗောတိ ဟာရကော။*(ဏွု–ပစ္စည်း ကံ၌သက်)*

ဏီ–ပစ္စည်း

၅၃၂။ တဿီလာဒီသု ဏီတွာဝီ စ။

တဿီလ, တဒ္ဓမ္မ, တဿာဓုကာရီ–အနက်တို့၌ ဏီ, တု, အာဝီ–ပစ္စည်းသက်။

စ–သဒ္ဒါဖြင့် အတ္တမာနအနက်၌ ဏီ–သက်။

*** *သီလ, ဓမ္မ၊ သာဓုကနှင့်၊ အတ္တမာန၊ အနက်ပြ၊ သက်ရ ဓာတ်နောင် ဏီ, အာဝီ။***

သံသ–ပသံသနေ၊ *(ချီးမွမ်းခြင်း)*

ပိယံ ပသံသိတုံ သီလံ, ဓမ္မော ဝါ,သာဓုကာရိတာ ဝါ ယဿာတိ ပိယပသံသီ။

ပိယံ ဝါ ပသံသတိ သီလေန, ဓမ္မေန ဝါ, သာဓုကာရိတာယ ဝါတိ ပိယပသံသီ။

ပိယံ ဝါပသံသနသီလော,ပသံသနဓမ္မော ဝါ,ပသံသနေ သာဓုကာရီ ဝါတိ ပိယပသံသီ။

ဗြဟ္မစာရီ၊ သစ္စဝါဒီ၊ ဓမ္မဝါဒီ၊ ပါပကာရီ။

ရုပ်တွက်–

ဇာနနကော–၌ (ဉာ+ဏွု) ဉာသြ ဇာဇံနာ–ဖြင့် ဉာ–ကို ဇာ–ပြု၊ နုဒါဒီဟိ–စသော သုတ်ဖြင့် ဏွု–ကို အာနနက–ပြု၊ ခွင်း, ချေ, ကပ်၊ နာမ်ငဲ့–စသည်။

ဉာပကော–စသည်၌ ဉာပေ, ကာရာပေ–စသော ဓာတုပစ္စယန္တနောင် ဏွု–သက်၊ အက–ပြု။

ပိယပသံသီ–၌ ပိယသဒ္ဒါပုဗ္ဗ ပ–ပုဗ္ဗ သံသ–ပသံသနေ၊ ဏီ–သက်–စသည်။

http://www.dhammadownload.com

ဒါန+ဒါ– ဒါနဒါယီ၊ *(ပေးလှူလေ့ရှိသူ)* နိ+ဓာ– နိဓာယီ၊ *(သိုမှီးလေ့ရှိသူ)*မဇ္ဇ+ပါ– မဇ္ဇပါယီ၊ *(သေရည်ကိုသောက်လေ့ရှိသူ)* ခေဠ+မာ–ခေဠမာယီ။ *(စပါးချင်လေ့ရှိသူ)*

ယာ–ဂတိမှို၊ *(ဂတိအနက်၌)*သီဃယာယီ၊ *(လျှင်မြန်စွာ သွားလေ့ရှိသူ)* ပါ–ပါကီ၊ *(ချက်လေ့ရှိသူ)* ဘုဇ– ဘောဂီ၊ *(သုံးဆောင်လေ့ရှိသူ)* ယုဇ–ယောဂီ၊ *(အားထုတ်လေ့ရှိသူ)* စဇ– စာဂီ၊ *(စွန့်ကြဲလေ့ရှိသူ)* ရဉ္ဇ–ရာဂီ၊ *(တပ်မက်သူ)* ဘူ–ဘာဝီ၊ *(ဖြစ်လေ့ရှိသူ)* ဂ္ဂသု– ဓေသီ၊ *(ဂူလေ့ရှိသူ)* ဥပ+အာသ– ဥပါသီ၊ *(ဆည်းကပ်လေ့ရှိသူ)* လဘ– လာဘီ၊ *(ရလေ့ရှိသူ)* ဟန–ဃာတီ၊ *(သတ်လေ့ရှိသူ)* ဒီဃ+ဒိသ– ဒီဃဒဿီ၊ *(အရှည်မြင်လေ့ရှိသူ)* သု+ဒိသ– သုဒဿီ၊ *(ကောင်းစွာ မြင်လေ့ရှိသူ)*

နဒ–သဒ္ဒေ၊ *(အသံပြုခြင်း)*နာဒီ၊ *(ဆိုလေ့ရှိသူ)* သီဟနာဒီ၊ *(ရဲရင့်စွာဆိုလေ့ရှိသူ)*

ဇီဝ–ဇီဝနေ၊ *(အသက်ရှင်ခြင်း)* ဒီဃဇီဝီ၊*(ရှည်သောအသက်ရှိသူ)*

စုရ–စောရီ၊ *(ခိုးလေ့ရှိသူ)* တိတိက္ခ–တိတိက္ခီ၊ *(သည်းခံလေ့ရှိသူ)*

မန–ဉာဏေ၊ *(သိခြင်း)* ပဏ္ဍိတံ အတ္တာနံ မညတီတိ ပဏ္ဍိတမာနီ၊ ဗဟုဿုတမာနီ။

အာဝီ–ပစ္စည်း

ဒိသ–ပေက္ခဏေ၊*(ကြည့်ရှုခြင်း၌)* ဘယံ ပဿတိ သီလေနာတိ ဘယဒဿာဝီ၊ အာဒီနဝ ဒဿာဝီ။

ရုပ်တွက်–

ဒါနဒါယီ–၌ ဒါနသဒ္ဒူပပဒ ဒါ+ဏီ၊ အာကာရန္တာန မာယော–ဖြင့် အာ–ကို အာယ–ပြု။

နိဓာယီ–၌ နိ–ပုဗ္ဗ ဓာ+ဏီ။

ဒီဃဒဿီ–၌ ကွစိ ဓာတု–စသောသုတ်ဖြင့် ဒိသ–ကို ဒဿ–ပြု။

တိတိက္ခီ–၌ တိတိက္ခ–ဟူသော ဓာတုပစ္စယန္တပုဒ်နောင် ဏီ–ပစ္စည်းသက်။

ဗဟုဿုတမာနီ–၌ ဗဟုဿုတသဒ္ဒူပပဒ မန–ဉာဏေ၊ ဓာတ်နောင် တဿီလာဒီသု ဏီတွာဝီ စ– ၌ စ–ဖြင့် အတ္တမာန အနက်၌ ဏီ–သက်–စသည်။

ဘယဒဿာဝီ–၌ ဘယသဒ္ဒူပပဒ ဒိသ–ပေက္ခဏေ၊ ဓာတ်နောင် အာဝီ–ပစ္စည်းသက်၊ ကွစိ ဓာတု–စသောသုတ်ဖြင့် ဒိသ်–ကို ဒဿ်–ပြု၊ နာမ်ငဲ့–စသည်။

ယု–ပစ္စည်း

* *လိင်, သာဓနေ၊ ထိုက်သင့်စွာ၊ ဓာတ်မှ နောက်ယု, အန–ပြု။*

လိင်, သာဓနေ အားလျော်စွာ ဓာတ်နောင် ယု–ပစ္စည်းသက်၊ ယု–ကို အန–ပြု။

၅၄၇။ နန္ဒာဒီဟိ ယု။

နန္ဒ–စသော ဓာတ်တို့နောင် ဘော, ကံအနက်၌ ယု–ပစ္စည်းသက်။

နန္ဒ–သမိဒ္ဓိမှိ၊ နန္ဒနေ ဝါ *(ပြည့်စုံ၊ နှစ်သက်)* နန္ဒီယတေ နန္ဒနံ။ စရဏံ။ *(န–ကို ဏ–ပြန်)*

တရဏံ၊ သရဏံ၊ ဘရဏံ၊ ဘူယတေ ဘဝနံ။

ခါ–ပကထနေ၊ *(ပြောကြားခြင်း)* အာပုဗ္ဗော၊ အက္ခာယတေ အက္ခာနံ၊ သင်္ခါယတေ သင်္ခါနံ။

တာ–ပါလနေ၊ *(စောင့်ရှောက်ခြင်း)* တာဏံ၊ နိဓာနံ၊ ဝိဓာနံ၊ ပိဓာနံ၊ ပါနံ၊ ပဟာနံ။

နိသီဒနံ၊ ပသီဒနံ၊ ဟနနံ၊ ဝဟနံ၊ ဒဿနံ၊ နယနံ၊ ဟာဝနံ။

ရုန္ဓနံ၊ ရောဓနံ၊ ဆိန္ဒနံ၊ ဆေဒနံ၊ မုဥ္စနံ၊ မောစနံ၊ သိဥ္စနံ၊ သေစနံ၊ ယုဥ္ဇနံ၊ ယောဇနံ၊ ဘုဥ္ဇနံ၊ ဘုဉ္ဇတေတိ ဘောဇနံ။ ဒိဗ္ဗနံ၊ ဥပ္ပဇ္ဇနံ၊ ဥပ္ပါဒနံ၊ ဗုဇ္ဈနံ၊ ဗောဓနံ၊ ကုဇ္ဈနံ၊ ကောဓနံ၊ တုဿနံ၊ တောသနံ၊ ဒုဿနံ၊ ဇနနံ၊ ပါပုဏနံ၊ ပါပနံ၊ ဇယနံ၊ ဂဟဏံ၊ သင်္ကောနံ၊ စိန္တနံ၊ ပါလနံ။

၅၄၈။ ကတ္တုကရဏပဒေသေသု စ။

ကတ္တား, ကရိုဏ်း, အဓိကရဏအနက်တို့၌လည်း ယု–ပစ္စည်းသက်။

စ–သဒ္ဒါဖြင့် သမ္ပဒါန, အပါဒါနသာဓနတို့၌လည်းသက်။

ကတ္တုသာဓန– ဝိဇာနာတီတိ ဝိညာဏံ၊ *(ဝိ+ဉာ+ယု–၌ ယု–ကို အန–ပြု၊ န–ကို ဏ–ပြန်၊ ဒွေဘော်ဆောင်)*

ဝိဇာနနံ။ *(ယု–ကို အာနန–ပြု)*

ရုပ်တွက်–

အက္ခာနံ–၌ အာ–ပုဗ္ဗော ခါ–ပကထနေ၊ ဓာတ်နောင် နန္ဒာဒီဟိ ယု–ဖြင့် ယု–သက်၊ ယု–ကို အန–ပြု၊ (အာ+ခါ+အန) ခ–ခွင်း, ချေ၊ ဒီဃပြု၊ ခ–၏ အသဒိသဒွေဘော် က်–လာ၊ ရဿံ–ဖြင့် ရဿပြု၊ နာမ်ငဲ့–စသည်။

ရုန္ဓနံ–၌ ရုဓ–အာဝရဏေ၊ ဓာတ်နောင် ယု–သက်၊ ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဥ္စ–ဟူသော ဝိနာဓိကာရယောဂဝိဘာဂ–ဖြင့် အ–ပစ္စည်းသက်၍ ရု–အထက်၌ နိဂ္ဂဟိတ်လာ၊ အန–ပြု–စသည်။

http://www.dhammadownload.com

ဃာ–ဂန္ဓောပါဒါနေ၊ (အနံ့ကိုယူခြင်း) ဃာယတီတိ ဃာန်။
စျေ–စိန္တာယံ၊ (ကြံစည်ခြင်း) ဈာယတီတိ ဈာန်၊ ဈာယန်။

ကရဏသာဓန– ကရောတိ တေနာတိ ကရဏံ။ ဝုစ္စတေ အနေနာတိ ဝစနံ။
ယထာသရူပံ သဒ္ဒါ ဗျာကရီယန္တိ တေနာတိ ဗျာကရဏံ။(ဝိ+အာ+ကရ+ယု)

ပူရ–ပူရဏော၊(ပြည့်ခြင်း) ပူရယတိ တေနာတိ ပူရဏံ။ယာတိ တေနာတိ ယာနံ။
ဒီယတေ အနေနာတိ ဒါနံ။

မာ–မာနေ၊ (နှိုင်းချိန်ခြင်း) ပမီယတေ အနေနာတိ ပမာဏံ၊ မာနံ၊ ဥပမာနံ။ နယတိ, နီယတေ တေနာတိ ဝါ နယနံ၊ သုဏာတိ, သူယတေတိ ဝါ သဝဏံ။

လူ–ဆေဒနေ၊ (ဖြတ်ခြင်း) လုနာတိ, လူယတေ အနေနာတိ ဝါ လဝနံ၊ လဝဏံ၊ လောဏံ။

ပူ–ပဝနေ၊ (ဖြူစင်ခြင်း) ပုနာတိ, ပူယတေ အနေနာတိ ဝါ ပဝနော။ သမေတိ, သမီယတေ ပါပံ အနေနာတိ ဝါ သမဏော၊

ဓာတုပစ္စယန္တနောင်သက်ပုံ– ပါစေတိ, ပါစီယတေ အနေနာတိ ပါစနံ၊ ပါစာပနံ။(ပါစေ,ပါစာပယ–ဟူသော ဓာတုပစ္စယန္တနောင် ယု–သက်) ။

အဓိကရဏသာဓန– သယတိ တတ္ထာတိသယနံ၊ သေနံ၊ အာသတိ တတ္ထာတိ အာသနံ၊
တိဋ္ဌတိ တတ္ထာတိ ဌာနံ၊ အဓိကရီယတိ တတ္ထာတိ အဓိကရဏံ။

သမ္ပဒါနသာဓန– သမ္မာ ပဒီယတေ ယဿာတိ သမ္ပဒါနံ။

အပါဒါနသာဓန– အပေစ္စ ဣတော အာဒဒါတီတိ အပါဒါနံ။

ရုပ်တွက်–

ဈာနံ–၌ ဈေ+အန–ဟုဖြစ်သောအခါ ကွစိ ဓာတု–စသောသုတ်ဖြင့် နောက် အ–ကို ချေ၍ ဧ–ကို အာ–ပြု–ဟု ရူ–၌ ဆိုသည်၊ သန္ဓိစပ်သည့် သဘော ရှေ့သရချေ နောက်သရ ဒီဃပြု၍လည်း ပြီးသင့်။

ဈာယနံ–၌ တေ အာဝါယာ–ဟူသော ယောဂဝိဘာဂဖြင့် ဧ–ကို အာယ–ပြု။

ဘာဝနာ–စသည်၌ ဘာဝေ, ပါစေ, ပါစာပေ–ဟူသော ဓာတုပစ္စယန္တနောင် ယု–သက်။

သယနံ–၌ သိ–သယေ၊ ဓာတ်နောင် ယု–သက်၊ ဧ–ဝုဒ္ဓိပြု၊ ဧ–ကို အယ–ပြု။ အယ–မပြုလျှင် သေနံ–ဟုဖြစ်၏။

http://www.dhammadownload.com

*   *ကွတ္တိလိင်တွက်၊ ယု-ပင်သက်၊ နောက်ဆက် ကွတ္တိ အာ။*

ကွတ္တိယမတိယဝေါ ဝါ-ဖြင့် ကွတ္တိလိင်၌ ယု-ပစ္စည်းသက်၊ ယု-ကို အန-ပြု ပြီးနောက် ကွတ္တိလိင် အာ-ပစ္စည်းသက်။

စိတ-သဉ္စေတနေ၊ *(စေ့ဆော်ခြင်း)* စေတယတီတိ စေတနာ။

ဝိဒ-အနုဘဝနေ၊ *(ခံစားခြင်း)* ဝေဒယတီတိ ဝေဒနာ။

ဒိသီ-ဥစ္စာရဏေ၊ *(ရွတ်ဆိုခြင်း)* ဒေသီယတေတိ ဒေသနာ။

ဘာဝီယတေတိ ဘာဝနာ၊ ယောဇနာ၊ သေနာ။

ဝန္ဒ-ဝန္ဒနေ၊ *(ရှိခိုးခြင်း)* ဝန္ဒီယတေ ဝန္ဒနာ။

ဒီပ-ဒိတ္တိမှိ၊ *(တင့်တယ်ထွန်းပခြင်း၌)* ဒီပနာ။

၅၃၃။ သဒ္ဒ ကုဓ စလ မဏ္ဍာတ္ထ ရုစာဒီဟိ ယု။

အသံပြုခြင်းအနက်ရှိသောဓာတ်၊ အမျက်ထွက်ခြင်းအနက်ရှိသောဓာတ်၊ တုန်လှုပ်ခြင်း အနက်ရှိသောဓာတ်၊ ထွန်းလင်းတောက်ပခြင်းအနက်ရှိသောဓာတ်၊ တိုးပွားခြင်းအနက်ရှိသော ဓာတ် အစရှိသည်တို့နောင် တဿီလစသောအနက်, ကတ္တားအနက်၌ ယု- ပစ္စည်းသက်၊ ဤ ယု-ပစ္စည်း သက်ရာ၌ ဝုဒ္ဓိပြုသည်သာများ၏။

*   ***အသံ-အမျက်၊ လှုပ်လှုက်, ဆင်ယင်၊ ထွန်းထင်တောက်ပ၊ ပွားခြင်းစရှိ၊ သီလာဒိတွက်၊ ကတ္တားနက်၊ ယု-သက် ဝုဒ္ဓိများ။***

ဃုသ-သဒ္ဒေ၊*(အသံပြုခြင်း)* ဃောသိတုံ သီလမဿာတိ ဃောသနော၊ ဘာသနော၊ ကောဓနော၊ ကောပနော၊ အက္ကောသနော။

ရုပ်တွက်-

စေတနာ-၌ စိတ-သဉ္စေတနေ၊ ဓာတ်နောင် ကွတ္တိယ မတိယဝေါ ဝါ-ဖြင့် ယု-သက်၊ ဣ-ကို ဧ- ဝုဒ္ဓိပြု၊ ယု-ကို အန-ပြု၊ ကွတ္တိယ မတော အာပစ္စယော-ဖြင့် အာ-ပစ္စည်းသက်၊ နာမ်ငဲ့- စသည်။

ဘာဝနာ-၌ ဘာဝေ-ဟူသော ဓာတုပစ္စယန္တနောင် ယု-သက်။

http://www.dhammadownload.com

ရုသ–ရောသနေ၊ (ချုပ်ချယ်ခြင်း) ရောသနော၊ စလနော။

ကပိ–စလနေ၊ (တုန်လှုပ်ခြင်း)

*   *အနုဗန် – ဣ၊ ဓာတ်ဆုံးရှိ၊ လာဘိ နိဂ္ဂဟိတ်။*

ဣ–အက္ခရာ အနုဗန်အဆုံးရှိသောဓာတ်များ၌ ကွစိဓာတု–ဖြင့်သော်လည်းကောင်း၊ နိဂ္ဂဟိတဉ္စ– ဖြင့်သော်လည်းကောင်း ရှေ့၌နိဂ္ဂဟိတ်လာ။

ကမ္ပနော၊

ဖဒိ–ကိဉ္စိစလနေ၊ (စဉ်းငယ်တုန်လှုပ်ခြင်း) ဖန္ဒနော။

မဒိ–ဘူသာယံ၊ (တန်ဆာဆင်ခြင်း) မဏ္ဍနော။

ဘူသ–အလင်္ကာရေ၊ (တန်ဆာဆင်ခြင်း) ဘူသနော။

ရုစ–ဒိတ္တိမှို၊ (တင့်တယ်ထွန်းပခြင်း) ရောစနော။

ဇုတ–ဒိတ္တိမှို၊(တင့်တယ်ထွန်းပခြင်း) ဇောတနော

ဝဍ–ဝဍနေ၊(တိုးပွားခြင်း) ဝဍနော။

အန္တ, မာန ပစ္စည်း

၅၆၅။ ဝတ္တမာနေ မာနန္တာ။

ပစ္စုပ္ပန်ကာလ၌ မာန, အန္တ–ပစ္စည်းသက်။

*   *အန္တ ကတ္တား၊ မာနကားမှတ်၊ ဘော, ကံကတ်၊ သက်လတ် ပန်, ဟိတ်, လက္ခဏ။*

အန္တ–ပစ္စည်းသည် ကတ္တားအနက်, မာန–ပစ္စည်းကား ဘော ကံ ကတ္တားအနက် ပစ္စုပ္ပန် ကာလ၌ သက်သည်၊ ဟိတ်အနက်, လက္ခဏအနက်တို့ကိုလည်း ထွန်းပြသေးသည်။

ဂစ္ဆတီတိ ဂစ္ဆံ၊

ရုပ်တွက်–

ကမ္ပနော–ကို ကပိ–တည်၊ ကပိ–စလနေ၊ ဓာတ်အမည်မှည့်၊ ဓာတွန် ဣ– ကို ချေ၊ ယု–ပစ္စည်းသက်၊ (ကပ်+ယု) ယု–ကို အန–ပြု၊ ကွစိဓာတု–စသောသုတ်ဖြင့် (တစ်နည်း:) နိဂ္ဂဟိတဉ္စ–ဖြင့် က–အထက်၌ နိဂ္ဂဟိတ်လာ၊ ဝဂ္ဂန္တ–ပြု၊ နာမ်ငဲ့၊ သိ–သက်၊ ဩ–ပြု။

ဂစ္ဆံ–ကို ဂမု–ဂတိမှို၊ ဓာတ်အမည်မှည့်၊ ဓာတွန်ချေ၊ အန္တ–သက်၊ ဘူဝါဒိတော အ–ဖြင့် အ–သက်၊ ဓာတွန် မ–ကို စ္ဆ–ပြု၊ ချေ၊ ကပ်၊ နာမ်ငဲ့၊ သိ–သက်၊ သိမှို ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ အံ–ဖြင့် န္တ–ကို အံ–ပြု၊ သိ–ချေ။

http://www.dhammadownload.com

ဂစ္ဆန္တော၊ ဂစ္ဆမာနော။

ဂစ္ဆီယတေတိ ဂစ္ဆီယမာနော၊ ဂမ္မမာနော၊ *(ဂမ်+ယ+မာန–၌ ပုဗ္ဗရုပ်ပြု)*ဂမျမာနော။ *(မ, ယ–သိုကပ်)*

မဟ–ပူဇာယံ၊ မဟတီတိ မဟာ၊ မဟန္တော၊ မဟမာနော၊ မဟီယတေတိ မဟီယမာနော။

စရံ၊ စရန္တော၊ စရမာနော၊ စရီယမာနော၊

ဘဝံ၊ ဘဝန္တော၊ အဘိဘဝမာနော၊ အဘိဘူယမာနော။

ဇီရံ၊ ဇီရန္တော၊ ဇီရမာနော၊ ဇီရီယမာနော၊ ဇီယံ၊ ဇီယမာနော၊ ဇိယျမာနော။

၆၅၅။ သေသေ သံ န္တု မာနာနာ။

မပြီးဆုံးသေးသောအနက်၌ အနာဂတ်ကာလကိုသိအပ်သော် ဓာတ်နောင် သံ, န္တု, မာန, အာန–အားဖြင့် ၄–ပစ္စည်းသက်။ (တစ်နည်း) ဘဝိဿတိ–ပုဒ်ကိုထောက်၍ ဿန္တု, မာန, အာန–အားဖြင့် ၃– ပစ္စည်းသက်။

တစ်နည်း။ ။ အန္တ– မာန၏ ရှေ့၌ ဿ–ဒွေဘော် ဝင်လျှင်သော်လည်းကောင်း၊ မာန၌ မ–ကျေ၍ အာန– ကြွင်းလျှင်သော်လည်းကောင်း အနာဂတ်ကာလ၌ ဖြစ်သည်။

* ***သံ–နှင့် န္တု၊ မှတ်ရှု မာန၊ နောက် အာန–တည်း၊ တစ်နည်း ဿန္တု၊ ဤသုံးခု၊ သက်မှု မပြီး အနာဂတ်။*** (ဿံ–ကို သံ၊ ဿန္တု–ကို သန္တု–ဟု ဖတ်)
* ***မာန, အန္တ၊ ရှေ့က ဿ–ဝင်၊ မ–ကျေလျှင်၊ ဖြစ်စဉ် နာဂတ် တစ်နည်းမှတ်။***

ရုပ်တွက်–

ဂစ္ဆမာနော–၌ ဂမ်+မာန–ဟုဖြစ်သောအခါ မ်–ကို စ္ဆ–ပြု၊ ဘူဝါဒိတော အ–ဖြင့် အ–ပစ္စည်း သက်၊ နာမ်ငဲ့–စသည်။

ဂစ္ဆီယမာနော–၌ ဂစ္ဆ+မာန–ဟုဖြစ်သောအခါ ဘာဝကမ္မေသု ယော–ဖြင့် ယ–ပစ္စည်းသက်၊ ဣဝဏ္ဏာဂမော ဝါ–ဖြင့် ဤ–လာ၊ နာမ်ငဲ့–စသည်။

ဂမ္မမာနော–၌ ဂမ်+ယ+မာန–ဟု ဖြစ်သောအခါ ယ–ကို ပုဗ္ဗရုပ်ပြု၊ နာမ်ငဲ့–စသည်။

ဂမျမာနော–၌ ဂမ်+မာန–ဟုဖြစ်သောအခါ ဘာဝကမ္မေသု ယော–ဖြင့် ယ–ပစ္စည်းသက်၊ မ်, ယ–သိုကပ်၊ နာမ်ငဲ့–စသည်။

http://www.dhammadownload.com

ဂစ္ဆိသံ၊ ဂစ္ဆိသန္တော၊ ဂစ္ဆိသမာနော၊ ဂစ္ဆာနော။ *(သွားလတ္တံ့သောသူ)*

ဘုဉ္ဇိသံ၊ ဘုဉ္ဇိသန္တော၊ ဘုဉ္ဇိသမာနော၊ ဘုဉ္ဇာနော။ *(စားလတ္တံ့သောသူ)*

ဘဝိသံ၊ ဘဝိသန္တော၊ ဘဝိသမာနော။ *(ဖြစ်လတ္တံ့သောသူ)*

ကုစ္ဆံ၊ ကုစ္ဆန္တော၊ ကုစ္ဆမာနော၊ ကုစ္ဆိသံ၊ ကုစ္ဆိသန္တော၊ ကုစ္ဆိသမာနော၊ ကုစ္ဆာနော။

တ–ပစ္စည်း

၅၅၅။ အတီတေ တတဝန္တုတာဝီ။

အတိတ်ကာလ၌ အလုံးစုံသောဓာတ်တို့နောင် တ, တဝန္တု, တာဝီ–ပစ္စည်းသက်။

၅၅၆။ ဘာဝကမ္မေသု တ။

ဘော, ကံအနက်တို့၌ အလုံးစုံသောဓာတ်တို့နောင် တ–ပစ္စည်းသက်။

၅၅၇။ ဗုဓဂမာဒိတ္ထေ ကတ္တရိ။

ဗုဓ, ဂမု–စသောဓာတ်နောင် ထိုဗုဓ, ဂမုဓာတ်တို့၏အနက်၌ ကတ္တားအနက်ဝယ် တ–ပစ္စည်းသက်။

* ***ဘော, ကံ, ကတ္တား၊ ဓိ ၄–ပါးမှာ၊ တ–သက်ရာ၊ သုံးဖြာ ကာလ၊ တိတ်များစွ။***

* ***တိ–ပစ္စည်းကား၊ ဘော, ထီများ၊ အခြား ရံခါသက်။***

(တ–ဖြင့် တဝန္တု, တာဝီ–တို့ကိုလည်းယူ)

ဘာဝ, ကမ္မ, ကတ္တု, အဓိကရဏသာဓန ၄–ပါးတို့၌ တ–ပစ္စည်းသက်၊ ကာလ ၃–ပါး၌ ထိုက်သင့်သလိုဖြစ်သည်၊ များသောအားဖြင့် အတိတ်ကာလ၌သက်သည်။

တိ– ပစ္စည်းကား များသောအားဖြင့် ဘာဝသာဓနနှင့် ဣတ္ထိလိင်မှာ သက်သည်၊ အခြား သောသာဓနနှင့် လိင်တို့၌လည်း ရံခါသက်သေးသည်။

ဘာဝသာဓန – ဌီယတေ ဌိတံ၊

ကမ္မသာဓန – ဥပဋ္ဌီယတေတိ ဥပဋ္ဌိတော၊

ရုပ်တွက်–

ဂစ္ဆိသံ–၌ ဂမု–ဂတိမှိ၊ ဓာတ်နောင် သံ–ပစ္စည်းသက်၊ ဆ–ပြု၊ ဣ–လာ၊ နာမ်ငဲ့–စသည်။

တစ်နည်း။ ။ သန္တု–ပစ္စည်းသက်၊ ဆ–ပြု၊ နာမ်ငဲ့၊ သိ–သက်၊ သိမှိ ဝါ–ဖြင့် အ–ပြု၊ န္တသဒ္ဒေါ အံ–ဟူသောယောဂဝိဘာဂဖြင့် အံ–ပြု၊ သိ–ချေ။

http://www.dhammadownload.com

ကတ္တုသာဓန – ဗုဇ္ဈတီတိ ဗုဒ္ဓေါ။
အဓိကရဏသာဓန – ယာတိ ဧတ္ထာတိ ယာတံ။

၅၅၇။ ဗုဓဂမာဒိတ္ထေ ကတ္တရိ။

တတိယာဝိဘတ်သည် ကရိုဏ်း, ကတ္တား, ကံ, အပါဒါန်, သဟာဒိယောဂ, ဟိတ်, သတ္တမီ, အင်္ဂဝိကာရလက္ခဏ, ဝိသေသန, ကြတ္တံဘူတလက္ခဏ, ကြိယာပဝဂ္ဂ စသောအနက်တို့၌ သက်သည်။

* *ကရိုဏ်း, ကတ်, ကံ၊ ပါဒါန်, သဟာဒိ၊ ဟိတ်သိ, သတ္တမီ၊ တစ်လီ အင်္ဂ၊ ဝိသေသန, ကြတ္တမ်၊ တစ်ဖန် ပ–ဝဂ်၊ စသည်နက် သက်လေ တတိယာ။*

၂၇၉။ ယေန ဝါ ကယိရတေ တံ ကရဏံ။

ပြုကြောင်းကာရကသည် ကရဏကာရကမည်၏။

၂၈၆။ ကရဏေ တတိယာ။

ကရိုဏ်းအနက်၌ တတိယာဝိဘတ်သက်။

အဂ္ဂိနာ ကုဋိံ ဈာပေတိ၊ ကာယေန ကမ္မံ ကရောတိ။

၃၈၁။ ယော ကရောတိ သကတ္တာ။

ကိုယ်တိုင်ပြုတတ်သောကာရကသည် ကတ္တုကာရကမည်၏။

http://www.dhammadownload.com

၂၈၈။ ကတ္တရိ စ။

ကတ္တားအနက်၌ တတိယာဝိဘတ်သက်။

စ–သဒ္ဒါဖြင့် ဣတ္ထံဘူတလက္ခဏ, ကြိယာပဝဂ္ဂ, ပုဗ္ဗ, သဒိသ, သမ, ဦနအနက် ရှိသော သဒ္ဒါ, ကလဟ, နိပုဏ, မိဿက, သခိလ, အတ္ထ–အစရှိသောသဒ္ဒါတို့နှင့် ယှဉ်ရာ, ကာလ, အဓွန့်, ပထမာဝိဘတ်အနက်, ကံအနက်, ပဥ္စမီအနက်စသည်တို့၌လည်း တတိယာဝိဘတ်သက်။

ဗုဒ္ဓေန ဇိတော မာရော။

ဣတ္ထံဘူတာချာနအနက်– ကာလီ ဘိန္နေန သီသေန။

ကြိယာပဝဂ္ဂ– ဧကာဟေနေဝ ဗာရာဏသိံ ပါယာသိ။

ပုဗ္ဗစသည်နှင့်ယှဉ်ရာ– မာသေန ပုဗ္ဗော၊ ပိတရာ သဒိသော၊ မာတရာ သမော၊ ကဟာပဏေန ဦနော၊ ဓနေန ဝိကလော၊ အသိနာ ကလဟော၊ အာစာရေန နိပုဏော၊ ဂုဠေန မိဿကံ၊ ဝါစာယ သခိလော၊ မဏိနာ အတ္ထော၊ ပိတရာ တုလျော။

ကာလဒ္ဓါန– မာသေန ဘုဥ္ဇတိ၊ ယောဇနေန ဂစ္ဆတိ။

ပထမာအနက်– အတ္တနာဝ အတ္တာနံ သမ္မန္နတိ။

ကံအနက်– တိလေဟိ ခေတ္တေ ဝပတိ။

ပဥ္စမီအနက်– သုမုတ္တာ မယံ တေန မဟာသမဏေန။

၂၈၂။ ယော ကာရေတိ သဟေတု။

အခြားကတ္တားကို စေခိုင်းတတ်သော ကာရကသည် ဟေတုကတ္တားမည်၏။

သဒ္ဓေဟိ ကာရိတော ဝိဟာရော။

၂၈၇။ သဟာဒိယောဂေ စ။

သဟယောဂ, သဟာဒိယောဂ, သဟတ္ထအနက်တို့၌ တတိယာဝိဘတ်သက်။

သုတ်ရင်းဖြင့် သဟယောဂ, သဟာဒိယောဂအနက်တို့၌လည်းကောင်း၊ စသဒ္ဒါဖြင့် သဟတ္ထ၌လည်းကောင်း တတိယာဝိဘတ်သက်။

http://www.dhammadownload.com

ဝိတက္ကေန သဟ၊ ဘိက္ခုသံဃေန သဒ္ဓိံ၊ စိတ္တေန သမံ၊ ပိယေဟိ နာနာဘာဝေါ ဝိနာဘာဝေါ၊ အလံ တေ ဣဓ ဝါသေန၊ ကိံ တေ ဇဋာဟိ ဒုမ္မေဓ။

သဟတ္ထ– ဒုက္ခော ဗာလေဟိ သံဝါသော။

၂၈၉။ ဟေတွတ္ထေ စ။

ဟိတ်အနက်၌ တတိယာဝိဘတ်သက်။

စသဒ္ဒါဖြင့် ဟေတွတ္ထယောဂ၌လည်း တတိယာဝိဘတ်သက်။

အန္နေန ဝသတိ။

ဟေတွတ္ထယောဂ– ကေန နိမိတ္တေန၊ ကေန ဟေတုနာ ဝသတိ။

၂၉၀။ သတ္တမျတ္ထေ စ။

သတ္တမီအနက်၌ တတိယာဝိဘတ်သက်။

တေန သမယေန၊ ကာလေန ဓမ္မဿဝဏံ၊ သော ဝေါ မမစ္စယေန သတ္ထာ၊ ပုရတ္ထိမေန ဓတရဋ္ဌော။

၂၉၁။ ယေနင်္ဂဝိကာရော။

အင်္ဂဝိကာရလက္ခဏအနက်၌ တတိယာဝိဘတ်သက်။

အက္ခိနာ ကာဏော၊ ဟတ္ထေန ကုဏီ၊ ပါဒေန ခဉ္ဇော၊ ပိဋ္ဌိယာ ခုဇ္ဇော။

၂၉၂။ ဝိသေသနေ စ။

ဘိန္နာဓိကရဏဝိသေသနအနက်၌ တတိယာဝိဘတ်သက်။

စသဒ္ဒါဖြင့် ပကတိစသည်တို့မှနောက်၌လည်း တတိယာသက်။

ဂေါတ္တေန ဂေါတမော နာထော၊ တပသာ ဥတ္တမော၊ ပကတိယာ အဘိရူပေါ၊ သမေန ဓာဝတိ။

http://www.dhammadownload.com

စတုတ္ထီဝိဘတ်

စတုတ္ထီဝိဘတ်သည် သမ္ပဒါန်, ကံ, အပါဒါန်, သာမီ, သတ္တမီ, နမောယှဉ်ရာ စသောအနက်တို့၌ သက်သည်။

* *သမ္ပဒါန်, ကံ၊ ပါဒါန်, သာမီ၊ သတ္တမီလျှင်၊ နမော ယှဉ်ရာ၊ စသည်မှာ၊ သက်ပါ စတုတ္ထီ။*

၂၇၆။ ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ။

ပေးရာ, နှစ်သက်ရာ, ဆောင်မိုးရာကာရကသည် သမ္ပဒါန်မည်၏။

၂၉၃။ သမ္ပဒါနေ စတုတ္ထီ။

သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ်သက်။

သမဏဿ စီဝရံ ဒဒါတိ၊ သမဏဿ ရောစတေ သစ္စံ၊ မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ၊ ယညဒတ္တဿ ဆတ္တံ ဓာရယတေ။

၂၇၇။ သိလာဃဟနုဌာသပဓာရပိဟာကုဓဒုဟိဿောသူယရာဓိက္ခပစ္စာသုဏအနုပတိဂိဏပုဗ္ဗ ကတ္တာ ရောစနတ္ထ တဒတ္ထတုမတ္ထာလမတ္ထမညာ နာဒရပ္ပါဏိနိ ဂတျတ္ထကမ္မနိ အာသိသတ္ထသမ္မုတိ ဘိယျသတ္တမျတ္ထေသု စ။

သိလာဃဓာတ်, ဟနုဓာတ်, ဌာဓာတ်, သပဓာတ်, ဓာရဓာတ်, ပိဟဓာတ်, ကုဓဓာတ်, ဒုဟဓာတ်, ဣဿဓာတ်, ဥသူယဓာတ်, ရာဓဓာတ်, ဣက္ခဓာတ်တို့၏ ယှဉ်ရာ, ပတိရှေး အာရှေးရှိသော သုဓာတ်, အနုရှေး ပတိရှေးရှိသော ဂဧဓာတ်၏ ရှေးဝါကျရှိ ကတ္တား, ပြောဆိုခြင်း အနက်ရှိသောဓာတ်, ထိုကြိယာ၏အကျိုးဟောသဒ္ဒါ, တုံ–ပစ္စည်း၏အနက်ဟောသဒ္ဒါ, အလံ–သဒ္ဒါ၏အနက် ဟောသဒ္ဒါ, မနဓာတ်၏ယှဉ်ရာ, မလေးစားအပ်သောသတ္တဝါမဟုတ်သောသဒ္ဒါ, ဂတိအနက်ရှိသော ဓာတ်တို့၏ကံ, တောင့်တခြင်းအနက်ရှိသောသဒ္ဒါ၏ယှဉ်ရာ, သမ္မုတိသဒ္ဒါ၏ယှဉ်ရာ, ဘိယျသဒ္ဒါ ၏ယှဉ်ရာ, သတ္တမီဝိဘတ်အနက်ဟောသဒ္ဒါတို့၌ သမ္ပဒါန်ဖြစ်သည်။

စ–သဒ္ဒါဖြင့် ပဟိဏတိ, ကပ္ပတိ, ပဟောတိ, ဥပမာ, အဥ္ဇလိ, ဖာသု, အတ္ထ, သေယျ– စသည်ယှဉ်ရာတို့၌လည်း စတုတ္ထီသက်။

http://www.dhammadownload.com

သိလာဃစသည်ယှဉ်ရာ– ဗုဒ္ဓဿ သိလာဃတေ။ ဟနုတေ မယှမေဝ အာလပတိ၊ ဥပတိဋ္ဌေယျ သက္ကျပုတ္တာနံ ဝမ္မုကီ၊ တုယှံ သပတေ၊ သုဝဏ္ဏံ တေ ဓာရယတေ၊ သမိဒ္ဓါနံ ပိဟယန္တိ ဒလိဒ္ဒါ၊ ကောဓယတိ ဒေဝဒတ္တဿ၊ ဒုဟယတိ ဒိသာနံ မေဃော၊ တိတ္ထိယာ သမဏာနံ ဣဿယန္တိ ဂုဏဂိဒ္ဓေန၊ ဒုဇ္ဇနာ ဂုဏဝန္တာနံ ဥသူယန္တိ ဂုဏဂိဒ္ဓေန။

ရာဓ, ဣက္ခယှဉ်ရာ၊ ဒုတိယာလည်းသက်– အာဓာရေဟံ ရညော၊ အာဓာရေဟံ ရာဇာနံ ဝါ၊ ကျာဟံ အယျာနံ အပရဇ္ဈာမိ၊ အယျေ ဝါ၊ သီလရတာနပိဋ္ဌန္ဓဿ ဥဒိက္ခန္တိ သဒေဝကာ။

ပတိရှေး, အာရှေးရှိသော သု–ဓာတ်, အနုရှေး ပတိရှေးရှိသော ဂေ–ဓာတ်တို့၏ယှဉ်ရာ

ရှေးကတ္တား – ဘဂဝါ ဘိက္ခူ ဧတဒဝေါစ၊ *(ရှေ့ဝါကျ)*

တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ အာသုဏန္တိ ဗုဒ္ဓဿ၊ *(နောက်ဝါကျ)*

ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ၊ *(ရှေ့ဝါကျ)*

တဿ ဘိက္ခုနော ဇနော အနုဂိဏာတိ၊ ပတိဂိဏာတိ၊ *(နောက်ဝါကျ)*

အာရောစနတ္ထယှဉ်ရာ– အာရောစယာမိ ဝေါ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ ဘိက္ခဝေ၊
ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ။

တာဒတ္ထ – ဗုဒ္ဓဿ အတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ။

တုမတ္ထ – လောကာနုကမ္ပာယ၊ ဖာသုဝိဟာရာယ။

အလမတ္ထပယောဂေ(အရဟတ္ထေ) – အလံ မေ ဗုဒ္ဓေါ။
(ပဋိက္ခေပေ) – အလံ တေ ဣဓ ဝါသေန။

မညတိပ္ပယောဂေ အနာဒရေ အပ္ပါဏိနိ – ကဋ္ဌဿ တုဝံ မညေ၊ ကဠိင်္ဂရဿ တုဝံ မညေ။

ဂတျတ္ထကမ္မနိ – ဂါမဿ ပါဒေန ဂတော၊ ဂါမံ ဝါ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ၊ သဂ္ဂံ ဝါ။

http://www.dhammadownload.com

အာသီသတ္ထေ – အာယသ္မတော ဒီဃာယု ဟောတု၊ ဘဒ္ဒံ ဘဝတော ဟောတု၊ ကုသလံ ဘဝတော ဟောတု။

သမ္မုတိပယောဂ– သာဓု သမ္မုတိ မေ တဿ ဘဂဝတော ဒဿနာယ။

ဘိယျပယောဂ – ဘိယျော သော မတ္တာယ။

သတ္တမျတ္ထ – တုယှဉ္စဿ အာဝိ ကရောမိ၊ တဿ မေ သက္ကော ပါတုရဟောသိ။

သိလာဃသုတ်၌ စသဒ္ဒါဖြင့် ပဟိဏစသောကြိယာတို့နှင့်ယှဉ်ရာ၌လည်းကောင်း၊ ဖာသု အစရှိသောနာမ်တို့နှင့်ယှဉ်ရာ၌လည်းကောင်း သမ္ပဒါန်ဖြစ်၏။

တဿ ပဟိဏေယျ၊ ဘိက္ခူနံ ဒူတံ ပါဟေသိ၊ ကပ္ပတိ သမဏာနံ အာယောဂေါ၊ ဥပမံ တေ ကရိဿာမိ၊ အဉ္ဇလိံ တေ ပဂ္ဂဏှာမိ၊ တဿ ဖာသုရဟောသိ၊ တထာ တဿ ဖာသု ဟောတိ၊ မဏိနာ မေ အတ္ထော။

၂၉၄။ နမော ယောဂါဒီသွပိ စ။

နမောယှဉ်ရာ စသည်တို့၌ စတုတ္ထီဝိဘတ်သက်။

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ သောတ္ထိ ပဇာနံ၊ သွာဂတံ တေ မဟာရာဇ။

၆၅၃။ ဘာဝဝါစိမှိ စတုတ္ထီ။

အနာဂတ်ကာလ၌ ဘောကို ဟောလတ်သော် စတုတ္ထီဝိဘတ်သက်။

ပါကာယ ဝဇတိ၊ ဘောဂါယ ဝဇတိ။

http://www.dhammadownload.com

ပဉ္စမီဝိဘတ်

ပဉ္စမီဝိဘတ်သည် အပါဒါန်, သဟာဒိယောဂ, သာမီ, ကံ, ဟိတ်, ကာရဏ, အာဓာရ, ကရိုဏ်းအနက်တို့၌ သက်သည်။

* *ပါဒါန်, သဟာဒိ၊ သာမိ, ကံ, ဟေ၊ တစ်ထွေ ကာရဏ၊ အာဓာရနက်၊ ကရိုဏ်းစွက်၊ သက်လေ ပဉ္စမီ။*

၂၇၁။ ယသ္မာ ဒပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ။

ဖဲခွာရာ, ဖြစ်ရာ, အတတ်ကိုသင်ယူရာ ကာရကသည် အပါဒါန်မည်၏။

၂၉၅။ အပါဒါနေ ပဉ္စမီ။

အပါဒါန်အနက်၌ ပဉ္စမီဝိဘတ်သက်။

ဂါမာ အပေန္တိ မုနယော၊ စောရာ ဘယံ ဇာယတေ၊ အာစရိယုပဇ္ဈာယေဟိ သိက္ခံ ဂဏှာတိ သိသော။

၂၇၂။ ဓာတုနာမာနမုပသဂ္ဂယောဂါဒီသွပိ စ။

ဓာတ်, နာမ်, ဥပသာရစသည် ယှဉ်ရာတို့၌ အပါဒါန်အမည်မှည့်။

အာဒိသဒ္ဒါဖြင့် နိပါတ်ယှဉ်ရာ၌ အပါဒါန်မှည့်၊ အပိသဒ္ဒါဖြင့် ကာရကမဖြစ်, ကြိယာမဖြစ်၌ ပဉ္စမီဝိဘတ်သက်ရန် အပါဒါန်မှည့်၊ စသဒ္ဒါဖြင့် ပဘုတိစသည်တို့၏အနက်၌လည်းကောင်း၊ ပဘုတိအနက်ရှိသောသဒ္ဒါတို့၏ယှဉ်ရာ၌လည်းကောင်း အပါဒါန်မှည့်။

(ကစ္စည်း၌ကား အာဒိသဒ္ဒါဖြင့် ကာရကမဖြစ် ကြိယာမဖြစ်၌ ပဉ္စမီဝိဘတ်သက်ရန် အပါဒါန်မှည့်၊ အပိသဒ္ဒါဖြင့် နိပါတ်ယှဉ်ရာ၌ အပါဒါန်မှည့်–ဟုဆိုသည်)

ဓာတုယောဂအပါဒါန်– ဗုဒ္ဓသ္မာ ပရာဇေန္တိ အညတိတ္ထိယာ၊ ဟိမဝတာ ပဘဝန္တိ ပဉ္စ မဟာနဒိယော။

နာမယောဂအပါဒါန် – ဥရသ္မာ ဇာတော ပုတ္တော၊ နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

http://www.dhammadownload.com

ဥပသဂ္ဂယောဂအပါဒါန် – အပ သာလာယ အာယန္တိ ဝါဏိဇာ၊ အာဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ ပရိ ပဗ္ဗတာ ဒေဝေါ ဝဿတိ၊ ဗုဒ္ဓသ္မာ ပတိ သာရိပုတ္တော ဓမ္မဒေသနာယ ဘိက္ခူ အာလပတိ တေမာသံ၊ ဃတမဿ တေလသ္မာ ပတိ ဒဒါတိ။

နိပါတယောဂအပါဒါန် – ရိတေ သဒ္ဓမ္မာ ကုတော သုခံ လဘတိ၊ ရိတေ သဒ္ဓမ္မံ၊ ရိတေ သဒ္ဓမ္မေန ဝါ၊ ဝိနာ ဗုဒ္ဓသ္မာ၊ ဝိနာ ဗုဒ္ဓံ၊ ဝိနာ ဗုဒ္ဓေန ဝါ။

ကာရကမဇ္ဈအပါဒါန် – ဣတော ပက္ခသ္မာ ဝိဇ္ဈတိ မိဂံ လုဒ္ဒကော၊ ကောသာ ဝိဇ္ဈတိ ကုဉ္ဇရံ၊ မာသသ္မာ ဘုဉ္ဇတိ ဘောဇနံ။

* *ကံ, ပါဒါန်လယ်၊ ကြိယာလယ်ဟု၊ နှစ်သွယ်ကာလ၊ ဒေသဒွါ၊ ကာရကမဇ္ဈခေါ်။*

စ–သဒ္ဒါဖြင့် အခြားသောအနက်၌ ပဉ္စမီဝိဘတ်သက်ရန် အပါဒါန်အမည်မှည့်။

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊ ယတော သရာမိ အတ္တာနံ၊ ယတော ပဘုတိ၊ ယတော ပဋ္ဌာယ။

၂၇၃။ ရက္ခဏတ္ထာနမိစ္ဆိတံ။

တားမြစ်, စောင့်ရှောက်ခြင်းအနက်ရှိသော ဓာတ်တို့၏ အလိုရှိအပ်သော ကာရကသည် အပါဒါန်မည်၏။

အဓိကာရစသဒ္ဒါဖြင့် အနိစ္ဆိတ ကာရကကိုလည်း အပါဒါန်အမည်မှည့်။

ကာကေ ရက္ခန္တိ တဏ္ဍုလာ၊ ယဝါ ပဋိသေဓေန္တိ ဂါဝေါ၊ ပါပါ စိတ္တံ နိဝါရယေ။

၂၇၄။ ယေန ဝါဒဿနံ။

မမြင်အောင် ပုန်းကွယ်ရာကာရကသည် အပါဒါန်မည်၏။

ဥပဇ္ဈာယာ အန္တရဓာယတိ သိဿော။

http://www.dhammadownload.com

၂၇၅။ ဒူရန္တိကဒ္ဓကာလနိမ္မာနတ္ထာလောပဒီသာယောဂဝိဘတ္တာရပ္ပယောဂသုဒ္ဓပ္ပမောစနဟေတု ဝိဝိတ္တပ္ပမာဏာ ပုဗ္ဗယောဂဗန္ဓနဂုဏာဝစနပဥ္စကထနထောကာကတ္တုသု စ။

အဝေးဟောသဒ္ဒါ, အနီးဟောသဒ္ဒါတို့၏ယှဉ်ရာ၊ ခရီးကိုတိုင်းတာရာ, အခါကိုပိုင်းခြားရာ၊ တ္ထာပစ္စယန္တပုဒ်ကျေသောကံ, အာဓာရအရာ၊ အရပ်မျက်နှာဟောသဒ္ဒါတို့ယှဉ်ရာ၊ ခွဲခြမ်းဝေဖန်ရာ၊ ရောင်ကြဉ်ခြင်းအနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ၊ စင်ကြယ်ရာ၊ လွတ်မြောက်ရာ၊ ဟိတ်အနက်ရှိသော သဒ္ဒါ၊ ကင်းဆိတ်ရာ၊ တိုင်းတာရာ၊ ပုဗ္ဗသဒ္ဒါ၏ယှဉ်ရာ၊ နှောင်ဖွဲ့ကြောင်းအရာ၊ ဂုဏ်ကို ပြောဆိုကြောင်းအရာ၊ မေးမြန်းအပ်သောအရာ၊ ဖြေဆိုအပ်သောအရာ၊ အနည်းငယ်ဟူသောအနက်ဟောသဒ္ဒါ၊ ကတ္တားမဟုတ်သော ဟိတ်အနက်ဟောသဒ္ဒါတို့၌ အပါဒါန်အမည်မှည့်၊

ဒူရယှဉ်ရာအပါဒါန် – ကီဝ ဒူရော ဣတော နဠကာရဂါမော။

ဒူရတ္ထအပါဒါန် – ဒူရတော ဝ နမဿန္တိ။

ဒူရတ္ထယောဂအပါဒါန် – အာရကာ ဣမသ္မာ ဓမ္မဝိနယာ၊ ဣမံ၊ ဣမိနာ ဝါ။

အန္တိကယောဂအပါဒါန် – အန္တိကံ ဂါမာ၊ ဂါမံ၊ ဂါမေန ဝါ။

အန္တိကတ္ထအပါဒါန် – အာသန္နံ ဂါမာ၊ ဂါမံ၊ ဂါမေန ဝါ။

အဒ္ဓနိမ္မာနအပါဒါန် – ဣတော မထုရာယ စတူသု ယောဇနေသု သင်္ကဿံ နာမ နဂရံ အတ္ထိ။

ကာလနိမ္မာနအပါဒါန် – ဣတော ဘိက္ခဝေ ဧကနဝုတိကပ္ပေ ဝိပဿီ နာမ ဘဂဝါ လောကေ ဥဒပါဒိ။

တ္ထာလောပအပါဒါန် – ပါသာဒါ သင်္ကမေယျ၊ ပါသာဒံ အဘိရုဟိတွာ ဝါ၊
အာသနာ ဝုဋ္ဌဟေယျ၊ အာသနေ နိသီဒိတွာ ဝါ။

ဒိသာယောဂအပါဒါန် – ဣတော သာ ပုရိမာ ဒိသာ။

ဒိသတ္ထအပါဒါန် – ပုရတ္ထိမတော ဒက္ခိဏတော ဂမဿ။

ဒိသတ္ထယောဂအပါဒါန် – အဝီစိတော ယာဝ ဥပရိ ဘဝဂ္ဂါ၊ ဥဒ္ဓံ ပါဒတလာ။

ဝိဘတ္တအပါဒါန် – ယတော ပဏီတတရော ဝါ ဝိသိဋ္ဌတရော ဝါ နတ္ထိ၊ ဆဋ္ဌီ စ၊ ဆန္နဝုတီနံ ပါသဏ္ဍာနံ ဓမ္မာနံ ပဝရံ ယဒိဒံ သုဂတဝိနယော။

အာရပ္ပယောဂအပါဒါန် – ဂါမဓမ္မာ ဝသလဓမ္မာ အသဒ္ဓမ္မာ အာရတိ ဝိရတိ ပဋိဝိရတိ၊ ပါဏာတိပါတာ ဝေရမဏီ။

http://www.dhammadownload.com

သုဒ္ဓတ္ထပယောဂအပါဒါန်– လောဘနီယေဟိ ခမ္မေဟိ သုဒ္ဓေါ အသံသဋ္ဌော။
ပမောစနတ္ထပယောဂအပါဒါန်– ပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ၊ မုတ္တောသ္မိ မာရဗန္ဓနာ။
ဟေတွတ္ထအပါဒါန်– ကသ္မာ နု တုမှံ ဒဟရာ နမီယရေ။
ဝိဝိတ္တတ္ထအပါဒါန်– ဝိဝိတ္တော ပါပကာ ဓမ္မာ၊ ဝိဝိစ္စေဝ ကာမေဟိ။
ပမာဏတ္ထအပါဒါန်– ဒီဃသော နဝ ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ ပမာဏိကာ ကာရေတဗ္ဗာ။
ပုဗ္ဗယောဂအပါဒါန်– ပုဗ္ဗေဝ သမ္ဗောဓာ။
ဗန္ဓနတ္ထအပါဒါန်– သတသ္မာ ဗန္ဓော နရော၊ တတိယာ စ၊ သတေန ဗန္ဓော နရော ရညာ ဣဏတ္ထေန။
ဂုဏဝစနအပါဒါန်– ပုညာယ သုဂတိံ ယန္တိ၊ စာဂါယ ဝိပုလံ ဓနံ။
ပဉ္စကထနအပါဒါန်– အဘိဓမ္မာ ပုစ္ဆန္တိ၊ အဘိဓမ္မံ သုတွာ၊ အဘိဓမ္မေ ဌတွာ ဝါ။
အဘိဓမ္မာ ကထယန္တိ၊ အဘိဓမ္မံ သုတွာ၊ အဘိဓမ္မေ ဌတွာ ဝါ။
ထောကတ္ထအပါဒါန်– ထောကာ မုစ္စန္တိ၊ အပ္ပမတ္တကာ မုစ္စန္တိ၊ တတိယာ စ၊ ထောကေန အပ္ပမတ္တကေန။
ဟေတုကတ္တားမဟုတ်သော ဉာပကဟေတုအပါဒါန်– ကမ္မသ္မ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ။

၂၉၆။ ကာရဏတ္ထေ စ။

ကာရဏ–အနက်၌ ပဉ္စမီဝိဘတ်သက်။

စ–သဒ္ဒါဖြင့် သဟယောဂ, ဘုမ္မိ, သမ္ဗန်, ကံ, ဟိတ်, ကရိုဏ်းအနက်တို့၌လည်း ပဉ္စမီဝိ ဘတ် သက်။

အနနုဗောဓာ အပ္ပဋိဝေဓာ စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

သဟ ပရိနိဗ္ဗာနာ၊ ယတော ခေမံ၊ ပုရိသသ္မာ ပါဒါ ဖလိ သု၊ အပသာလာယ အာယန္တိ၊ ကသ္မာ နမီယရေ၊ သဟတ္တာ ဒါနံ ဒေတိ။

http://www.dhammadownload.com

ဆင္ဃိဝိဘတ်

ဆင္ဃိဝိဘတ်သည် သာမီ, ကံ, ကရိဏ်း, ကတ္တား, သဟာဒိယောဂ, အဝဓိ, အပါဒါန်, နိဒ္ဓါရဏ, အနာဒရအနက်, သာမိစသည်ယှဉ်ရာ အနက်တို့၌ သက်သည်။

* *သာမီ. ကမ္မ၊ ကရဏ, ကတ်၊ တစ်ရပ် သဟာဒိ၊ အဝဓိ, အာဓာ၊ နိဒ်, အနာ--နှင့်၊ ယှဉ်ရာ သာမိ၊ အစရှိ သက်ဘိ ဆဋ္ဌီ ဝိ။*

၂၈၃။ ယဿ ဝါ ပရိဂ္ဂဟော တံ သာမီ။

သိမ်းဆည်းတတ်သူ ပိုင်ရှင်သည် သာမီမည်၏။

ဝါ–သဒ္ဒါဖြင့် သာမီယှဉ်ရာ, တဗ္ဗပစ္စည်း၏ယှဉ်ရာ, ရုဇဓာတ်စသည်တို့၏ ယှဉ်ရာ၌လည်း သာမီအမည်မှည့်။

၃၀၁။ သာမိသ္မိံ ဆဋ္ဌီ။

သာမီအနက်၌ ဆဋ္ဌီဝိဘတ်သက်။

တဿ ဘိက္ခုနော ပဋိဝိသော၊ အတ္တနော မုခံ။

၃၀၃။ သာမိဿရာဓိပတိဒါယာဒသက္ခီပတိဘူပသုတကုသလေဟိ စ။

သာမိ, ဣဿရ, အဓိပတိ, ဒါယာဒ, သက္ခီ, ပတိဘူ, ပသုတ, ကုသလ–သဒ္ဒါတို့နှင့်ယှဉ်ရာ၌ ဆဋ္ဌီ, သတ္တမီဝိဘတ်သက်။

ဂေါဏာနံ သာမိ၊ ဣဿရော၊ အဓိပတိ၊ ဒါယာဒေါ၊ သက္ခီ၊ ပတိဘူ၊ ပသုတော၊ ကုသလော။

၃၀၄။ နိဒ္ဓါရဏေ စ။

နိဒ္ဓါရဏအနက်ကို သိအပ်သော် နိဒ္ဓါရဏီယလိင်နှောင် ဆဋ္ဌီ, သတ္တမီဝိဘတ်သက်။

ကဏှာ ဂါဝီနံ သမ္ပန္နခီရတမာ။

၃၀၅။ အနာဒရေ စ။

အနာဒရအနက်ကို သိအပ်သော အနာဒရီယလိင်နှောင် ဆဋ္ဌီ, သတ္တမီဝိဘတ်သက်။

ရုဒတော ဒါရကဿ ပဗ္ဗဇိ ပိတာ။

http://www.dhammadownload.com

၃၀၈။ ဆဋ္ဌီ စ။

တတိယာ, သတ္တမီအနက်၌ ဆဋ္ဌီဝိဘတ်သက်။

ပုပ္ဖဿ ဗုဒ္ဓံ ယဇတိ၊ ပူရတိ ဗာလော ပါပဿ၊ ရညော ပူဇိတော၊ ကုသလာ နစ္စဂီတဿ၊ ဘဂဝတော ပသန္နာ။

၃၀၉။ ဒုတိယာ ပဉ္စမီနဉ္စ။

ဒုတိယာ, ပဉ္စမီအနက်၌ ဆဋ္ဌီဝိဘတ်သက်။

စ–သဒ္ဒါဖြင့် သဟာဒိယောဂအနက်၌ ဆဋ္ဌီဝိဘတ်သက်။

တဿ ဘဝန္တိ ဝတ္တာရော၊ ကမ္မဿ ကာရကော၊ အဿဝနတာယ ဓမ္မဿ ပရိဟာယန္တိ၊ သဗ္ဗေတသန္တိ ဒဏ္ဍဿ၊ ပိတု သဒိသော။

သတ္တမီဝိဘတ်

သတ္တမီဝိဘတ်သည် ဩကာသ, နိဒ္ဓါရဏ, အနာဒရ, ကံ, ကရိဏ်း, နိမိတ်, အဝဓိ, သမ္ပဒါန်, ကာလ, ဘာဝအနက်, သာမိယှဉ်ရာစသောအနက်တို့၌ သက်သည်။

* *ဩကာသနက်၊ တစ်ချက် နိဒ္ဓါ၊ အနာ, ကမ္မ၊ ကရဏ, နိ၊ အဝဓိ, သမ္ပဒါ၊ ကာလာ,*
ဘာဝ၊ ယှဉ်ရ သာမိ၊ အစရှိ သက်ဘိ သတ္တမီ။

၂၇၈။ ယော ဓာရော တမောကာသံ။

ကြိယာ၏မှီရာ ကတ္တားကံ၏တည်ရာ ကာရကသည် ဩကာသမည်၏။

၃၀၂။ ဩကာသေ သတ္တမီ။

ဩကာသအနက်၌ သတ္တမီဝိဘတ်သက်။

ဗျာပိကာဓာရ – ဇလေသု ခီရံ တိဋ္ဌတိ။
ဩပသိလေသိကာဓာရ– ပရိယင်္ကေ ရာဇာ သေတိ။
ဝေသယိကာဓာရ – ဘူမီသု မနုဿာ စရန္တိ။
သာမီပိကာဓာရ – ဂင်္ဂါယံ ဃောသော တိဋ္ဌတိ။

http://www.dhammadownload.com

၃၀၃။ သာမိဿရာဓိပတိဒါယာဒသက္ခိပတိဘူပသုတကုသလေဟိ စ။

ဂေါဏေသု သာမိ၊ ဣဿရော၊ အဓိပတိ၊ ဒါယာဒေါ၊ သက္ခိ၊ ပတိဘူ၊ ပသုတော၊ ကုသလော။

၃၀၄။ နိဒ္ဓါရဏေ စ။

ကဏှာ ဂါဝီသု သမ္ပန္နခီရတမာ။

၃၀၅။ အနာဒရေ စ။

ရုဒန္တသ္မိံ ဒါရကေ ပဗ္ဗဇိ ပိတာ။

၃၁၀။ ကမ္မကရဏနိမိတ္တတ္ထေသု သတ္တမီ။

ကံ, ကရိုဏ်း, နိမိတ်အနက်တို့၌ သတ္တမီဝိဘတ်သက်။

ဘိက္ခူသု အဘိဝါဒေန္တိ၊ ဟတ္ထေသု ပိဏ္ဍာယ စရန္တိ၊ ဒီပိ စမ္မေသု ဟညတေ။

၃၁၁။ သမ္ပဒါနေ စ။

သမ္ပဒါန်အနက်၌ သတ္တမီဝိဘတ်သက်။

သံဃေ ဒိန္နံ မဟပ္ဖလံ။

၃၁၂။ ပဉ္စမျတ္ထေ စ။

ပဉ္စမီအနက်၌ သတ္တမီဝိဘတ်သက်။

စ–သဒ္ဒါဖြင့် သမ္ပန်အနက်, ပထမာအနက်တို့၌လည်း သတ္တမီဝိဘတ်သက်။

ကဒလီသု ဂဇေ ရက္ခန္တိ၊ ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊ ဣဒမ္ပိဿ သီလသ္မိံ။

မှတ်ချက်။ ။ဤပထမာအနက်၌ သတ္တမီဝိဘတ်သက်မှုကို နိဒ္ဓါရဏေစ–၌ စ–ဖြင့် သက်သည်ဟုလည်း ဆိုကြသေးသည်။

http://www.dhammadownload.com

၃၁၃။ ကာလဘာဝေသု စ။

ကာလအနက်, ဘာဝေန ဘာဝလက္ခဏအနက်တို့၌ သတ္တမီဝိဘတ်သက်။

ပုဗ္ဗန္ဟသမယေ ဂတော၊ သာယန္ဟသမယေ အာဂတော၊ ဘိက္ခုသု ဘောဇိယမာနေသု ဂတော၊ ဘုတ္တေသု အာဂတော။

၃၁၄။ ဥပဓျာဓိကိဿရဝစနေ။

ဥပသဒ္ဒါ, အဓိသဒ္ဒါတို့နှင့်ယှဉ်ရာ၌ အဓိကအနက်, ဣဿရအနက်ကိုဟောလတ်သော် သတ္တမီဝိဘတ်သက်။

ဥပခါရိယံ ဒေါဏော၊ ဥပနိက္ခေ ကဟာပဏံ၊ အဓိဗြဟ္မဒတ္တေ ပဉ္စာလာ၊ အဓိနစ္စေသု ဂေါတမီ။

၃၁၅။ မဏ္ဍိတုဿုက္ကေသု တတိယာ စ။

ကြည်လင်ခြင်းအနက်, အားထုတ်ခြင်းအနက်တို့ကို သိအပ်သော် တတိယာ, သတ္တမီ ဝိဘတ်သက်။

ဉာဏေန ဉာဏသ္မိံ ဝါ ပသန္နော၊ ဥဿုက္ကော။

ကာရကပိုင်းပြီး၏။

http://www.dhammadownload.com

သမာသ်ပိုင်း

သမာသ်

၃၁၆။ နာမာနံ သမာသော ယုတ္တတ္ထော။

ပေါင်းအပ်, စပ်အပ်သောအနက်ရှိသော နာမ်ပုဒ်များကို ပေါင်းစပ်ထားခြင်းသည် သမာသ် မည်သည်။

* *ပေါင်း, စပ် အပ်ကြား၊ နာမ်ပုဒ်များ၊ မှတ်သား သမာသ။*

သမာသ်စပ်ရမည့် နာမ်ပုဒ်များ၌ ရှေ့နိပါတ်၊ ရှေ့နာမ်၊ အမည်, ဂုဏ်, ဓာတ်ကို ဟောသော အာချာတ်ပုဒ်များလည်းပါဝင်သည်။

၁။ ***ရှေ့နိပါတ်နှင့်သမာသ်ဖြစ်ပုံ*** – ယေ ဝါ ပန ဓမ္မာ = ယေ ဝါ ပန–တရား၊

၂။ ***ရှေ့နာမ်ပုဒ်နှင့်သမာသ်ဖြစ်ပုံ*** – ယဿ ယတ္ထ ဝါရော = ယဿ ယတ္ထ ဝါရ၊

မယှကသကုဏော = မယှကငှက်၊

နတုမှာကံ ဝဂ္ဂေါ = န တုမှာကံဝဂ်။

၃။ ***အမည်ဟောအာချာတ်ပုဒ်နှင့်သမာသ်ဖြစ်ပုံ***– မက္ခလိ ဂေါသာလော= မက္ခလိ ဂေါသာလမည်သောသူ။

၄။ ***ဂုဏ်ဟောအာချာတ်ပုဒ်နှင့်သမာသ်ဖြစ်ပုံ***– ဧဟိပဿိကော= လာလှည့် ရှုလှည့် ဟူသော အစီအရင်ထိုက်၏။

၅။ ***ဓာတ်ဟောအာချာတ်ပုဒ်နှင့်သမာသ်ဖြစ်ပုံ***– အတ္ထိ ပစ္စယော, နတ္ထိ ပစ္စယော။

(အတ္ထိ,နတ္ထိ–တို့သည်ပစ္စည်းဓာတ် တစ်မျိုးဖြစ်သည်။)

* *နိပါတ်,ရှေ့၊ နာမ်ရှေ့နှင့်၊ အမည်, ဂုဏ်, ဓာတ်၊ ဟောအာချာတ်၊ သမာသ် ဖြစ်သည်သာ။*

http://www.dhammadownload.com

သမာသ် ၆–မျိုး

သမာသ်သည် အဗျယီဘာဝ, ကမ္မဓာရယ, ဒိဂု, တပ္ပုရိသ, ဗဟုဗ္ဗီဟိ, ဒွန္ဒ အားဖြင့် ၆–မျိုးပြားသည်။

* *အဗျ, ကမ္မ၊ ဒိ, တပ်, ဗ၊ ဒွန္ဒ ခြောက်သမာသ်။*

အဗျယီဘောသမာသ်

၃၁၉။ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ။

ဥပသာရ, နိပါတ်တို့ ရှေ့ရှိပြဋ္ဌာန်းသောသမာသ်သည် အဗျယီဘောသမာသ် မည်သည်။

ယင်း အဗျယီဘောသမာသ်သည် နပုလ္လိင်ဖြစ်သည်။

* *ဥပသာရ၊ နိပါတ–တို့၊ ရှေ့ကရှိနေ၊ ပြဋ္ဌာန်းချေ၊ ခေါ်လေ ဗျယီ နပုံသိ။*

၃၁၆။ နာမာနံ သမာသော ယုတ္တတ္ထော။

၃၁၇။ တေသံ ဝိဘတ္တိယော လောပါ စ။

ထိုယုတ္တတ္ထသမာသ်တို့၏ ဝိဘတ်တို့ကို ချေ။

တေသံ–သဒ္ဒါဖြင့် သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်တို့၏ ဝိဘတ်, ပစ္စည်း, ပုဒ်, အက္ခရာ, အာဂုံတို့ကိုလည်းချေ။

စသဒ္ဒါသည် ပဘက်ရော–စသည်၌ ဝိဘတ်ချေခြင်းကို တားမြစ်သည်။

* *သမာသ်,တဒ္ဓိ၊ ဝါကျရှိလတ်၊ ဝိဘတ်,ပစ္စယ၊ ပဒ,အက္ခရာ၊ အာဂုံပါ၊ ပြီးခါ ကျေစေ ချို့မကျေ။*

၃၁၈။ ပကတိ စဿ သရန္တဿ။

သရအဆုံးရှိသော ယုတ္တတ္ထသမာသ်လိင်ကို ပကတိပြု။

စသဒ္ဒါဖြင့် ကိံ သမုဒယော ဣဒံ ပစ္စယတာ–စသော နိဂ္ဂဟိတန္တပုဒ်ကိုလည်း ပကတိပြု။

* *ချေပြီး တုံက၊ ကြွင်း ပဒ၊ မူလ ပကတိ။*

http://www.dhammadownload.com

၆၀၁။ တဒ္ဓိတ, သမာသ, ကိတကာနာမံဝ တဝေတုနာဒီသု စ။

တဝေ, တုန–စသည် မဟုတ်ကုန်သော တဒ္ဓိတ်, သမာသ်, ကိတ်သဒ္ဒါတို့ကို နာမ်ကိုကဲ့သို့ငဲ့။ စ–သဒ္ဒါဖြင့် ကိစ္စပစ္စယန္တပုဒ်, ကိတ္တိပစ္စယန္တပုဒ်တို့ကိုလည်း နာမ်ငဲ့။

* *သမာသ်,တဒ္ဓိတ်၊ ကိစ္စ, ကိတ်နှင့်၊ ကိတ္တိပစ္စယန်၊ ပုဒ်တန်တန်၊ အမှန် နာမ်ငဲ့ရ။*

၃၂၀။ သော နပုံသကလိင်္ဂေ။

ထိုအဗျယီဘောသမာသ်ကို နပုလ္လိင်ဟု မှတ်ရမည်။

၃၄၁။ အံ ဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ။

အကာရန္တ အဗျယီဘောသမာသ်နောင်မှ ဝိဘတ်တို့ကို အံ–ပြု။

ကွစိ– သဒ္ဒါလိုက်လာခြင်းကြောင့် ပဉ္စမီ–၌ အံ–မပြုရ၊ တတိယာ ဆဋ္ဌီ သတ္တမီ တို့ကိုလည်း ရံခါသာ အံ–ပြု။

* *ကွစိ–သဒ္ဒါ၊ လိုက်သည့်တာကြောင့်၊ မီမှာ လစ်လပ်၊ တ, ဆ, သတ်၊ ဝိကပ်အံ–ပြုစေ။*

* *ဗျယီ အ–နောင်၊ အံ–ပြုဆောင်၊ ခြားနောင် ကျေစေ ဝိဘတ်တွေ။*

အကာရန္တ အဗျယီဘောနောင် ဝိဘတ်တို့ကို အံဝိဘတ္တီန– စသောသုတ်ဖြင့် အံ–ပြု၊ အကာရန္တမှ အခြားသော အဗျယီဘောနောင် ဝိဘတ်တို့ကို အညသ္မာ လောပေါ စ–ဖြင့် ချေ။

တံ ဥပနဂရံ၊	တာနိ ဥပနဂရံ။
ဘော ဥပနဂရံ၊	ဘောန္တာနိ ဥပနဂရံ။
ဥပနဂရံ၊	ဥပနဂရံ။
ဥပနဂရံ, ဥပနဂရေန၊	ဥပနဂရံ, ဥပနဂရေဟိ, ဥပနဂရေဘိ။
ဥပနဂရံ၊	ဥပနဂရံ။
ဥပနဂရသ္မာ, ဥပနဂရမှာ, ဥပနဂရာ၊	ဥပနဂရေဟိ, ဥပနဂရေဘိ။
ဥပနဂရံ, ဥပနဂရဿ၊	ဥပနဂရံ, ဥပနဂရာနံ။
ဥပနဂရံ, ဥပနဂရသ္မိံ,	
ဥပနဂရမှိ, ဥပနဂရေ၊	ဥပနဂရံ, ဥပနဂရေသု။

http://www.dhammadownload.com

သမာသ်ရုပ်တွက်စဉ်

သမာသ်ရုပ်တွက်ရာ၌ –

၁။ ပုဒ်တည်ထားခြင်း၊ (ဥပနဂရံ–ကို ဥပ သဒ္ဒါ, နဂရ သဒ္ဒါ–တည်)

၂။ သမာသ်ဝါကျဖြစ်အောင် နာမ်ရုပ်တွက်ပြခြင်း၊ (ဥပ+နဂရဿ)

၃။ ဝါကျနက်ကို ဖော်ပြခြင်း၊ (နဂရဿ သမီပံ–ဟူသောအနက်၌)

၄။ သမာသ်စပ်၍ မျိုးဆိုင်ရာ သမာသ် အမည်မှည့်၊ (ဥပသဂ္ဂနိပါတ ပုဗ္ဗကော အဗျယီဘာဝေါ–ဖြင့် ဥပ–နှင့် နဂရ–ကို သမာသ်စပ်၍ အဗျယီဘောအမည်မှည့် စသည်)

၅။ သာမညသမာသ်အမည်မှည့်၊ (နာမာနံ သမာသော ယုတ္တတ္ထော–ဖြင့် သမာသ်အမည် မှည့်)

၆။ သမာသ်ဝါကျတွင်းရှိ ဝိဘတ်–စသည်ကိုချေ၊ (တေသံ ဝိဘတ္တိယော လောပါ စ–ဖြင့် သမာသ်၏ ဝိဘတ်တို့ကိုချေ၊ တေသံ–သဒ္ဒါဖြင့် ပုဒ်,အက္ခရာ,အာဂုံစသည်တို့ကိုချေ)

၇။ ပကတိပြု၊ (ပကတိစဿ သရန္တဿ–ဖြင့် ဥပ နဂရ–ဟုပကတိပြု)

၈။ နာမ်ငဲ့၊ (တဒ္ဓိတ–စသောသုတ်ဖြင့် ဥပနဂရ–ဟူသောသမာသ်ပုဒ်ကို နာမ်ကိုကဲ့သို့ ငဲ့)

သမာသ်တိုင်း၌ ဤဆိုခဲ့ပြီးတိုင်း ပကတိပြုသည်တိုင်အောင်စီရင်ရမည်၊ ပကတိပြုပြီး နောက် အခြားလိုအပ်သည်များကို သက်ဆိုင်ရာ သမာသ်အားလျော်စွာ ဆက်လက်စီရင်ရမည်။

** **ပုဒ်တည်, ဝါကျ၊ အနက်ပြ၍၊ ခြောက်ဝဆိုင်ရာ၊ စပ်သညာနှင့်၊ သာမန် သမာသ်၊ ချေလတ်, ပကတိ၊ နာမ်ငဲ့ဘိ၊ မှတ်သိ သမာသ်ရုပ်တွက်စဉ်။***

ဥပသာရရှေ့ရှိသော အဗျယီဘောများ

နဂရဿ သမီပံ ဥပနဂရံ၊ ဥပကုမ္ဘံ။

ရုပ်တွက်–

ဥပနဂရံ–ကို ဥပ–သဒ္ဒါ, နဂရ–သဒ္ဒါတည်၊ နဂရဿ သမီပံ–ဟူသော အနက်၌ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ–ဖြင့် ဥပ–နှင့် နဂရ–ကို သမာသ်စပ်၍ အဗျယီဘောအမည်မှည့်၊ နာမာနံ သမာသော ယုတ္တတ္ထော–ဖြင့် ယုတ္တတ္ထသမာသ်အ မည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စ–ဖြင့် သမာသ်၏ ဝိဘတ်တို့ကိုချေ၊ တေသံ–သဒ္ဒါဖြင့် သ–အာဂုံကိုချေ၊ ပကတိစဿ သရန္တဿ–ဖြင့် ဥပ နဂရ–ဟုပကတိပြု၊ တဒ္ဓိတ–စသောသုတ်ဖြင့် ဥပနဂရ–ကို နာမ်ငဲ့၊ သော နပုံသကလိင်္ဂေ–ဖြင့် နပုလ္လိင်ဟု မှတ်၊ သိ–သက်၊ အံ ဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ–ဖြင့် အံ–ပြု၊ ခွင်း၊ ချေ၊ ကပ်၊ ဥပနဂရံ–ပြီး၏။

http://www.dhammadownload.com

ဒရထာနံ အဘာဝေါ နိဒ္ဒရထံ၊ နိမ္မသကံ၊ ရထဿ ပစ္ဆာ အနုရထံ၊ အနုဝါတံ။ အတ္တာနံ အတ္တာနံ ပတိ ပစ္စတ္တံ၊ အဒ္ဓမာသံ အဒ္ဓမာသံ အနု အနွဒ္ဓမာသံ၊ ဇေဋ္ဌာနံ အနုပုဗ္ဗော အနုဇေဋ္ဌံ၊ သောတဿ ပဋိလောမံ ပဋိသောတံ၊ ပဋိပထံ၊ ပဋိဝါတံ၊ အတ္တာနံ အဓိကိစ္စ ပဝတ္တံ အဇ္ဈတ္တံ။

နိစ္စသမာသ်များ၌ အမြဲစပ်နေ၍ မိမိပုဒ်ဖြင့် ဝိဂ္ဂဟဝါကျမရှိနိုင်၊ အခြားပုဒ်ဖြင့်သာ ဝိဂ္ဂဟ ပြုရသည်။

* ***နိစ္စသမာသ်၊ အမြဲစပ်၍၊ ကင်းလတ်ဝါကျ၊ ဝိဂ္ဂဟ၊ အညပုဒ်ဖြင့်ပြု။***

၃၄၂။ သရော ရဿော နပုံသကေ။

ဤသုတ်သို့ အဗျယီဘာဝ–သဒ္ဒါ မလိုက်စေရ၊ ယင်းသို့ မလိုက်ခြင်းကြောင့် အဗျယီဘော နှင့်တကွ ဒိဂု, ဗဟုဗ္ဗီဟိ, ဒွန်သမာသ်တို့၌လည်း ရဿပြုရကျိုးရှိသည်ဟု ရူပသိဒ္ဓိဆိုသည်။

* ***နပုံသမာသ်၊ လေးရပ် ဗျယီ၊ ဗ, ဒွန်, ဒိ–လာ၊ ဒီဃမှာ မှန်စွာ ရဿပြု။***

ဘိက္ခာယ သမိဒ္ဓိ သုဘိက္ခံ။

ဂင်္ဂါယ သမီပေ ပဝတ္တတီတိ ဥပဂင်္ဂံ၊ ဥပမဏိကံ။

ရုပ်တွက်–

မှတ်ချက်။ ။ ဝါကျဖြစ်အောင်နာမ်ရုပ်တွက်ခြင်း, အနက်ကြားခြင်းတို့ကို ချုံး၍ ပြမည်။

ဥပမာ – နိဒ္ဒရထံ–ကို နိ+ဒရထ–ဟုတည်၊ ဒရထာနံ အဘာဝေါအနက်၌။

ဘူမိဂတော–ကို ဘူမိ+ဂတ–တည်၊ ဘူမိံ ဂတော–ဟူသောအနက်၌။

ဤသို့စသည်ဖြင့် ဝါကျပြုခြင်း,အနက်ကြားခြင်းတို့ကို သိလေ။

ပစ္စတ္တံ–ကို ပတိ+အတ္တ–တည်၊ အတ္တာနံ အတ္တာနံ ပတိ–အနက်၌ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ–ဖြင့် ပတိ–နှင့် အတ္တ–ကို သမာသ်စပ်၍ အဗျယီဘောအမည်မှည့်၊ နာမာနံ သမာသော ယုတ္တတ္ထော–ဖြင့် သမာသ် အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စ–ဖြင့် သမာသ်၏ ဝိဘတ်တို့ကိုချေ၊ ပတိ+အတ္တ–ဟု ပကတိပြု၊ သဗ္ဗော စံ တိ–ဖြင့် စ–ပြု၊ စ, အ–သို့ကပ်၊ စ–၏ သဒိသ ဒွေဘော် စ–လာ၊ နာမ်ငဲ့, သိ–သက်၊ အံ–ပြု။

သုဘိက္ခံ–ကို သု+ဘိက္ခာ–တည်၊ ဘိက္ခာယ သမိဒ္ဓိ–ဟူသောအနက်၌ ဥပသဂ္ဂနိပါတပုဗ္ဗ ကော အဗျယီဘာဝေါ–ဖြင့် သု–နှင့် ဘိက္ခာ–ကို သမာသ်စပ်၍ အဗျယီဘော အမည်မှည့် နာမာနံ–စသောသုတ်ဖြင့် သမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စ–ဖြင့် သမာသ်၏ ဝိဘတ်တို့ကိုချေ၊ ပကတိ စဿ သရန္တဿ–ဖြင့် ပကတိပြု၊ နာမ်ငဲ့၊ သော နပုံသကလိင်္ဂေါ–ဖြင့် နပုံလိင်မှတ်၊ သရော ရဿော နပုံသကေ–ဖြင့် အဆုံးအာ–ကို အ–ရဿပြု၊ သိ–သက်၊ အံ ဝိဘတ္တီနံ စသော သုတ်ဖြင့် အံ–ပြု။

http://www.dhammadownload.com

၃၄၃။ အညသ္မာ လောပေါ စ။

အကာရန္တမှအခြားသော အဗျယီဘောသမာသ်နောင်မှ ဝိဘတ်တို့ကို ချေ။

ဣတ္ထိသု အဓိကိစ္စ ပဝတ္တတီတိ အဓိတ္ထိ။

အဓိကုမာရိ၊ ဝဓုယာ သမီပံ ဥပဝဓု၊ ဂုန္နံ သမီပံ ဥပဂု။

နိပါတ်ရှေ့ရှိသော အဗျယီဘော

ဝုဍ္ဎာနံ ပဋိပါဋိ, ယေ ယေ ဝုဍ္ဎာ ဝါ ယထာဝုဍ္ဎံ၊ ကမံ အနတိက္ကမိတွာ ယထာက္ကမံ၊ ယထာသတ္တိ၊ ယထာဗလံ၊ ဇီဝေါ ယတ္တကော ပရိစ္ဆေဒေါ ယာဝဇီဝံ၊ ယာဝတာယုကံ၊ *(ယာဝတာ+အာယု၊ တေသု ဝုဒ္ဓိ-ဖြင့် က-လာ)*

ယတ္တကေန အတ္ထော ယာဝဒတ္ထံ၊ ပဗ္ဗတဿ ပရဘာဂေါ တိရောပဗ္ဗတံ၊ တိရောပါကာရံ၊ ပါသာဒဿ အန္တော အန္တောပါသာဒံ၊ နဂရဿ ဗဟိ ဗဟိနဂရံ၊ ပါသာဒဿ ဥပရိ ဥပရိပါသာဒံ၊ မဉ္စဿ ဟေဋ္ဌာ ဟေဋ္ဌာမဉ္စံ၊ ဘတ္တဿ ပုရေ ပုရေဘတ္တံ၊ ပစ္ဆာဘတ္တံ။ သဟ မက္ခိကာယ သမက္ခိကံ၊ ဂင်္ဂါယ ဩရံ ဩရဂင်္ဂ၊ ပါရဂင်္ဂ။

ရုပ်တွက်-

အဓိ+ဣတ္ထိ-တည်၊ ဣတ္ထိသု အဓိကိစ္စ ပဝတ္တတိ-အနက်၌ အဓိနှင့်ဣတ္ထိကို သမာသ်စပ်၍ အဗျယီဘောမှည့်၊ ယုတ္တတ္တသမာသ်မှည့်၊ ချေ၊ ပကတိပြု၊ နာမ်ငဲ့၊ နပုံလိင်မှည့်၊ ရဿပြု၊ သိ-သက်၊ အညသ္မာ လောပေါ စ-ဖြင့်ချေ။

ဥပဂု-၌ ဥပဂေါဟု ပကတိပြုပြီးသောအခါ နပုလ္လိင်မှည့်၊ သရော ရဿောနပုံသကေ-ဖြင့် ဩ-ကို ဥ-ရဿပြု၊ နာမ်ငဲ့, သိ, သက်, ချေ။

ယာဝတာယုကံ-ကို ယာဝတာ-သဒ္ဒါ, အာယု-သဒ္ဒါတည်၊ ဇီဝေါ ယတ္တကော ပရိစ္ဆေဒေါ အနက်၌ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ-ဖြင့် ယာဝတာ-နှင့် အာယု-ကို သမာသ်စပ်၍ အဗျယီဘော အမည်မှည့်၊ နာမာနံ-စသောသုတ်ဖြင့် သမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စ-ဖြင့် သမာသ်၏ ဝိဘတ်တို့ကိုချေ၊ ပကတိပြု၊ တ-ခွင်း, ချေ, ကပ်၊ နာမ်ငဲ့၊ နပုလ္လိင်ငဲ့၊ သိ-သက်၊ အံ ဝိဘတ္တီန-စသောသုတ်ဖြင့် သိ-ကို အံ-ပြု။

သမက္ခိကံ-၌ တေသု ဝုဒ္ဓိ-ဖြင့် သဟ-ကို သ-ပြု။

http://www.dhammadownload.com

ကမ္မဓာရယသမာသ်

ကမ္မဓာရယ ၉–ပါး

ကမ္မဓာရယသမာသ်သည် ဝိသေသနပုဗ္ဗပဒ, ဝိသေသနုတ္တရပဒ, ဝိသေသနောဘယပဒ, ဥပမာနုတ္တရပဒ, သမ္ဘာဝနာပုဗ္ဗပဒ, အဝဓာရဏပုဗ္ဗပဒ, နနိပါတပုဗ္ဗပဒ, ကုပုဗ္ဗပဒ, ပါဒိပုဗ္ဗပဒ–အားဖြင့် ၉–ပါးပြား၏။

* *ဝိသေ–ပုဗ္ဗ၊ ဥတ္တရ–နှင့်၊ ဥဘယပါ၊ ဥပမာ,သမ်၊ တစ်ဖန် အဝဓာ၊ န,ကု, ပါ၊ ကိုးဖြာ ကမ္မဓာရာယ်။*

၃၂၄။ ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော။

တူသောတည်ရာအနက်ရှိသော နှစ်ပုဒ်ကို စပ်အပ်သောသမာသ်သည် ကမ္မဓာရယ်သမာသ်မည်၏။

* *ဝိသေသန၊ ဝိသေသျ၊ ပဒနှစ်ဆူ၊ အရတူ၊ မှတ်ယူ ကမ္မဓာရာယ်။*

* *ကမ္မဓာရယ၊ ဝိဂ္ဂဟမှာ၊ စ,တ–သဒ္ဒါ၊ ပါ,မပါ၊ နှစ်ဖြာလုံးပင်သင့်။*

* *ဝိဂြိုဟ် ပြုရာ၊ ပုဒ်တိုင်းမှာ၊ ပထမာဝိဘတ်နှင့်။*

၃၃၀။ မဟတံ မဟာ တုလျာဓိကရဏေ ပဒေ။

တုလျာဓိကရဏနောက်ပုဒ်ကြောင့် မဟန္တ–သဒ္ဒါကို မဟာ–ပြု။

မဟတံ–ဟူသောဗဟုဝစနသဒ္ဒါပိုဖြင့် အချို့ မဟ–လည်းပြု။

* *တုလျာဓိကရဏ၊ နောက်ပဒကြောင့်၊ မဟန္တ –မှာ၊ ပြု မဟာ၊ ရံခါ မဟ–ပြု။*

၃၂၆။ ဥဘေ တပ္ပုရိသာ။

ကမ္မဓာရယ်, ဒိဂု–သမာသ်တို့သည် တပ္ပုရိသ်မည်ကုန်၏။

* *နောက်ပုဒ်အရ၊ ပဓာနကြောင့်၊ ကမ္မ,ဒိဂု၊ ဤနှစ်ခု ခေါ် မူတပ္ပုရိသ်။*

မဟန္တော ပုရိသော မဟာပုရိသော၊ မဟန္တော စ သော ပုရိသော စာတိ ဝါ မဟာပုရိသော။

ရုပ်တွက်–

မဟာပုရိသော–ကို မဟန္တ+ပုရိသ–တည်၊ မဟန္တော စ သော ပုရိသော စာတိ–ဟူသော အနက်၌ ဒွိပဒေ စသောသုတ်ဖြင့် မဟန္တနှင့် ပုရိသ–ကို သမာသ်စပ်၍ ကမ္မဓာရာယ်အမည်မှည့်၊ ဥဘေ တပ္ပုရိသာ–ဖြင့် တပ္ပုရိသ်အမည်မှည့်၊ နာမာနံ–စသောသုတ်ဖြင့် သမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စ–ဖြင့် သမာသ်၏ ဝိဘတ်တို့ကို ချေ၊ တေသံ–သဒ္ဒါဖြင့် စ–သဒ္ဒါ, တ–သဒ္ဒါတို့ကိုချေ၊ ပကတိပြု၊ မဟတံ မဟာ–စသော သုတ်ဖြင့် မဟာ–ပြု၊ နာမ်ငဲ့၊ သိ–သက်၊ ဩ–ပြု၊ မဟာပုရိသော–ပြီး၏။

http://www.dhammadownload.com

မဟာဝီရော၊ မဟာမုနိ၊ မဟန္တံ ဥ တံ ဗလဉ္စာတိ မဟာဗလံ၊ မဟဗ္ဗလံ၊ *(မဟ–ပြု)* မဟဗ္ဘယံ၊ သန္တော စ သော ပုရိသော စာတိ သပ္ပုရိသော၊ *(သန္တသဒ္ဒဿ–စသော သုတ်၌ စ–ဖြင့် သ–ပြု)* သေတဟတ္ထီ၊ ကဏှသပ္ပေါ၊ နီလုပ္ပလံ၊ လောဟိတစန္ဒနံ။

၂၂၂။ ပုမဿ လိင်္ဂါဒီသု သမာသေသု။

သမာသ်အရာတို့၌ လိင်္ဂစသည်တို့ကြောင့် ပုမ၏အဆုံး အ–ကိုချေ။

*** *ပုမ–ဆုံးအ၊ ကျေပျောက်ရ၊ လိင်္ဂစသည် နှောင်းသမာသ်။***

ပုမာ စ သော ကောကိလော စာတိ ပုင်္ကောကိလော၊ ပုန္နာဂေါ။

၃၃၂။ ကမ္မဓာရယသညေ စ။

တုလျာဓိကရဏနောက်ပုဒ်ကြောင့် ပုလ္လိင်ဟောဖူးသော ဣတ္ထိလိင်ပုဒ်ကို ပုလ္လိင်ကိုကဲ့သို့ငဲ့။

*** *ကမ်၊ ဗဟုဗ္ဗီဟိ၊ ဣတ္ထိလိင်မှာ၊ ဘာသိတာ ပုမ၊ ထိ–သဒ္ဒ စစ်၊ ပုလ္လိင်ဖြစ်၊ နှောင်းလစ် တုလျာဓိကရဏ–ပုဒ်။***

ခတ္တိယာ စ သာ ကညာ စာတိ ခတ္တိယကညာ၊

ရုပ်တွက်–

သပ္ပုရိသော–ကို သန္တ+ပုရိသ–တည်၊ ဒွိပဒေ–စသောသုတ်ဖြင့် သန္တ–နှင့် ပုရိသ–ကို သမာသ် စပ်၍ ကမ္မဓာရယ်အမည်မှည့်၊ တပ္ပုရိသ် အမည်မှည့်၊ သမာသ်အမည်မှည့်၊ ဝိဘတ်ချေ၊ စ–သဒ္ဒါ, တ–သဒ္ဒါတို့ကိုချေ၊ ပကတိပြု၊သန္တသဒ္ဒဿ သော ဘေ ဗော စန္တေ၌ စ–ဖြင့် သန္တ–ကို သ–ပြု၊ ပ–ဒွေဘော်ဆောင်၊ နာမ်ငဲ့–စသည်။

\ ပုင်္ကောကိလော–ကို ပုမ+ကောကိလ–သဒ္ဒါတည်၊ ပုမာ စ သော ကောကိလော စ–အနက်၌ ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော–ဖြင့် ပုမ–နှင့် ကောကိလ–ကို သမာသ်စပ်၍ ကမ္မဓာရယ် အမည်မှည့်၊ တပ္ပုရိသ်မှည့်၊ နာမာနံ–စသော သုတ်ဖြင့် သမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စ–ဖြင့် သမာသ်၏ ဝိဘတ်တို့ကိုချေ၊ တေသံ–သဒ္ဒါဖြင့် စ–သဒ္ဒါ, တ–သဒ္ဒါတို့ကိုချေ၊ ပကတိပြု၊ ပုမဿ လိင်္ဂါဒီသု သမာသေသု–ဖြင့် ပုမ–၏ အဆုံး အ–ကိုချေ၊ ပ–ခွင်း၊ လ–မှည့်၊ အံမော နိဂ္ဂဟီတံ ဈလပေဟိ–ဖြင့် နိဂ္ဂဟိတ်ပြု၊ ဝဂ္ဂန္တပြု၊ နာမ်ငဲ့–စသည်။

ခတ္တိယကညာ–ကို ခတ္တိယာ+ကညာ–တည်၊ ခတ္တိယာ စ သာ ကညာစာတိ–ဟူသော အနက်၌ ဒွိပဒေ –စသောသုတ်ဖြင့် ခတ္တိယာ–နှင့် ကညာ–ကို သမာသ်စပ်၍ ကမ္မဓာရည်း အမည်မှည့်၊ တပ္ပုရိသ်မှည့်၊ နာမာနံ–စသော သုတ်ဖြင့် သမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စ–ဖြင့် သမာသ်၏ ဝိဘတ်တို့ကိုချေ၊ တေသံ–သဒ္ဒါဖြင့် စ–သဒ္ဒါ, တ–သဒ္ဒါတို့ကိုချေ၊ ခတ္တိယာ ကညာ–ဟု ပကတိပြု၊ ကမ္မဓာရယသညေ စ–ဖြင့် ခတ္တိယာ–ဟူသော ရှေ့ပုဒ်ကို ပုလ္လိင်ကိုကဲ့သို့ငဲ့၊ နာမ်ငဲ့၊ သိ–သက်, ချေ။

http://www.dhammadownload.com

ရတ္တာလတာ၊ ဒုတိယဘိက္ခာ၊ ဗြာဟ္မဏိ စ သာ ဒါရိကာ စာတိ ဗြာဟ္မဏဒါရိကာ၊ နာဂမာဏဝိကာ။

နန္ဒာပေါက္ခရဏီ၊ စန္ဒာဒေဝီ–စသည်တို့၌ သညာသဒ္ဒါဖြစ်သောကြောင့် ပုလ္လိင် မငဲ့ရ။

ဝိသေသနုတ္တရပဒကမ္မဓာရယ်

သာရိပုတ္တော စ သော ထေရော စာတိ သာရိပုတ္တတ္ထေရော၊ ဗုဒ္ဓဃောသာစရိယော၊ မဟော သဓပဏ္ဍိတော၊ ဟေတုပစ္စယော၊ ဇိဝိတပ္ပဓာနံ နဝကံ ဇိဝိတနဝကံ၊ ဝတ္ထု စ တံ ဝိသေသော စာတိ ဝတ္ထုဝိသေသော။ *(ကမ္မဓာရယဝိဂ္ဂဟ၌ တ–သဒ္ဒါသည် ရှေ့ပုဒ်လိင်သို့ လိုက်လေ့ရှိသည်)*

** ကမ္မဓာရယ၊ တ–သဒ္ဒါ၊ ရှေ့ကလိင်သို့လိုက်။*

ဝိသေသနောဘယပဒကမ္မဓာရယ်

သီတဉ္စ တံ ဥဏှဉ္စာတိ သီတုဏှံ၊ သိနိဒ္ဓုဏှော၊ ခဉ္ဇခုဇ္ဇော၊ အန္ဓဗဓိရော၊ ကတာကတံ။

ဥပမာနုတ္တရပဒကမ္မဓာရယ်

(သီဟော ဝိယာတိ သီဟော) မုနိ စ သော သီဟော စာတိ မုနိသီဟော၊ မုနိဝသဘော၊ မုနိပုင်္ဂဝေါ၊ ဗုဒ္ဓနာဂေါ၊ ဗုဒ္ဓါဒိစ္စော၊ သဒ္ဓမ္မရံသိ၊ ဝိနယသာဂရော၊ မုခစန္ဒော၊ မုခပဒုမံ။

သမ္ဘာဝနာပုဗ္ဗပဒကမ္မဓာရယ်

ဓမ္မော ဣတိ ဗုဒ္ဓိ ဓမ္မဗုဒ္ဓိ၊ ဓမ္မသညာ၊ ဓမ္မသင်္ခါတော၊ ဓမ္မသမ္မတော၊ ပါဏသညိတာ၊ အသုဘသညာ၊ အတ္တဒိဋ္ဌိ။

ရုပ်တွက်–

ဇိဝိတနဝကံ–ကို ဇိဝိတပ္ပဓာန+နဝက–တည်၊ ဇိဝိတပ္ပဓာနံ နဝကံ–ဟူသော အနက်၌ ဒွိပဒေ–စသောသုတ်ဖြင့် ဇိဝိတပ္ပဓာန–နှင့် နဝက–ကို သမာသ်စပ်၍ ကမ္မဓာရယ်အမည်မှည့်၊ တပ္ပုရိသ်အမည် မှည့်၊ သမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စ–ဖြင့် ဝိဘတ်တို့ကိုချေ၊ တေသံ–သဒ္ဒါ ဖြင့် ပဓာန–ပုဒ်ကိုချေ၊ ပကတိပြု၊ နာမ်ငဲ့–စသည်။

ကတာကတံ–၌ ကတအကတ–ဟု ပကတိပြု၊ တ, ခွင်း, ချေ, ဒီဃပြု, ကပ်၊ နာမ်ငဲ့–စသည်။

ဓမ္မဗုဒ္ဓိ–ကို ဓမ္မ+ဗုဒ္ဓိ–တည်၊ ဓမ္မော ဣတိ ဗုဒ္ဓိ–ဟူသော အနက်၌ ဒွိပဒေ–စသောသုတ်ဖြင့် ဓမ္မနှင့် ဗုဒ္ဓိ–ကို သမာသ်စပ်၍ ကမ္မဓာရယ်အမည်မှည့်၊ တပ္ပုရိသ်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်ချေ၊ ဣတိ–ချေ၊ ပကတိပြုစသည်။

http://www.dhammadownload.com

အဝဓာရဏာပုဗ္ဗပဒကမ္မဓာရယ်

ဂုဏော ဧဝ ဓနံ ဂုဏဓနံ၊ စက္ခု ဧဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ၊ စက္ခာယတနံ၊ စက္ခုဓာတု၊ စက္ခုဒွါရံ၊ ရူပါရမ္မဏံ။

နနိပါတပုဗ္ဗပဒကမ္မဓာရယ်

၃၃၃။ အတ္တံ နသ္မ တပ္ပုရိသေ။

တပ္ပုရိသ်သမာသ်၌ န–ကို အ–ပြု။

တပ္ပုရိသေ–ဟုဆိုခြင်းသည် ဥပလက္ခဏနည်းမျှသာဖြစ်သည်၊ ဗဟုဗ္ဗီသမာသ်၌လည်း န–ကိုအ–ပြု။ ***တစ်နည်း***– အတ္တံ နသ္မ–ဟူသော ယောဂဝိဘာဂဖြင့် ဗဟုဗ္ဗီဟိ၌လည်း န–ကို အ–ပြု။

* *တပ်, ဗ–သမာသ်၊ န–နိပါတ်စု၊ အ–အပြု၊ အန်–ပြု သရနှောင်း။*

သဒိသအနက်–	န ဗြာဟ္မဏော အဗြာဟ္မဏော၊ အမနုဿော၊ အဿမဏော။
အညအနက်–	န ဗျာကတာ အဗျာကတာ၊ အသံကိလိဋ္ဌာ၊ အပရိယာပန္နာ။
ဝိရုဒ္ဓအနက်–	န ကုသလာ အကုသလာ၊ အလောဘော၊ အမိတ္တော။
ပသဇ္ဇပ္ပဋိသေဓ–	န ကတွာ အကတွာ၊ အကရောန္တော။

၃၃၄။ သရေ အန်။

တပ္ပုရိသ်သမာသ်၌ နောက်သရကြောင့် န–ကို အန်–ပြု။

န အဿော အနဿော၊ အနရိယော၊ အနိဿရော၊ အနိဋ္ဌော၊ အနုပဝါဒေါ၊ န အာဒါယ အနာဒါယ၊ အနောလောကေတွာ။

ရုပ်တွက်–

အဗြဟ္မဏော–ကို န+ဗြဟ္မဏ–တည်၊ န ဗြဟ္မဏော–ဟူသော အနက်၌ ဒွိပဒေ–စသောသုတ် ဖြင့် သမာသ်စပ်၍ ကမ္မဓာရယ်အမည်မှည့်၊ တပ္ပုရိသ်အမည်မှည့်၊ သမာသ်အမည်မှည့်၊ ဝိဘတ်တို့ကို ချေ၊ ပကတိပြု၊ အတ္တံ နသ္မ တပ္ပုရိသေ–ဖြင့် န–ကို အ–ပြု၊ နာမ်ငဲ့–စသည်။

အနဿော–စသည်၌ ပကတိပြုပြီးသောအခါ သရေ အန်–ဖြင့် အန်–ပြုသည်သာထူး၏။

http://www.dhammadownload.com

ကုပုဗ္ဗပဒကမ္မဓာရယ်

၃၃၅။ ကဒ် ကုဿ။

တပ္ပုရိသ်သမာသ်၌ နောက်ပုဒ်ကြောင့် ကု–နိပါတ်ပုဒ်ကို ကဒ်–ပြု။

* *အပ္ပ, ကုစ္ဆိ၊ အနက်ရှိ ကု၊ ကာ–အပြု၊ ကဒ်–ပြု သရနှောင်း။*

သရနှောင်းရာ၌ ကု–ကို ကဒ် ကုဿ–ဖြင့် ကဒ်–ပြု၊ ကာပ္ပတ္ထေသု စ–ဖြင့် အပ္ပအနက်၌ ကု–ကို ကာ–ပြု၊ ဗဟုဝစနသဒ္ဒါပိုဖြင့် ကုစ္ဆိတ–စသော အနက်၌ ကာ–ပြု။

ကုစ္ဆိတံ အန္နံ ကဒန္နံ၊ ကုစ္ဆိတံ အသနံ ကဒသနံ။

၃၃၆။ ကာပ္ပတ္ထေသု စ။

အနည်းငယ်ဟူသောအနက်တို့၌ ကု–နိပါတ်ပုဒ်ကို ကာ–ပြု။

ဗဟုဝစနသဒ္ဒါပိုဖြင့် အပ္ပမဟုတ်သော ကုစ္ဆိတ–စသော အနက်တို့၌လည်း ကာပြု။

အပ္ပကံ လဝဏံ ကာလဝဏံ၊ ကာပုပ္ဖံ၊ ကုစ္ဆိတော ပုရိသော ကာပုရိသော၊ ကုပုရိသော ဝါ။

ပါဒိပုဗ္ဗပဒကမ္မဓာရယ်

ပဓာနံ ဝစနံ ပါဝစနံ၊ သမံ, သမ္မာ ဝါ အာဓာနံ သမာဓာနံ၊ ဝိဝိဓာ မတိ ဝိမတိ၊ ဝိဝိဓော, ဝိသိဋ္ဌော ဝါ ကပ္ပေါ ဝိကပ္ပေါ၊ အဓိကံ သီလံ အဓိသီလံ၊ သုန္ဒရော ဂန္ဓော သုဂန္ဓော၊ ကုစ္ဆိတော ဂန္ဓော ဒုဂ္ဂန္ဓော၊ သောဘနံ ကတံ သုကတံ၊ အသောဘနံ ကတံ ဒုက္ကဋံ။

ရုပ်တွက်–

ကဒန္နံ–ကို ကု+အန္န–တည်၊ ကုစ္ဆိတံ အန္နံ–ဟူသော အနက်၌ ဒွိပဒေ–စသောသုတ်ဖြင့် ကု– နှင့် အန္န–ကို သမာသ်စပ်၍ ကမ္မဓာရယ်အမည်မှည့်၊ တပ္ပုရိသ်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်ချေ၊ ကု အန္န–ဟု ပကတိပြု၊ ကဒ် ကုဿ–ဖြင့် ကု–ကို ကဒ်ပြု၊ ဒ်, အ–သို့ကပ်၊ နာမ်ငဲ့–စသည်။

ကာလဝဏံ–စသည်၌ ကာပ္ပတ္ထေသု စ–ဖြင့် ကု–ကို ကာ–ပြုသည်သာထူး၏။

ပါဝစနံ–ကို ပ+ဝစန–တည်၍ ပဝစန–ဟု ပကတိပြုပြီးသောအခါ ကွစာဒိ မဇ္ဈေတ္တရာနံ–စသော သုတ်ဖြင့် ပ–၌ အ–ကို အာဒီဃပြု။

http://www.dhammadownload.com

ဒိဂုသမာသ်

၃၂၅။ သချ်ာပုဗ္ဗော ဒိဂု။

သချ်ာရှေးရှိသော ကမ္မဓာရယ်သမာသ်သည် ဒိဂုမည်သည်။

* *ကမ္မဓာရယ၊ သမာသပင်၊ ရှေ့ကသချ်ာ၊ ရှိလေရာ၊ ဆင့်ကာ ဒိဂုခေါ်။* (အခြေပြုသဒ္ဒါ)

ဒိဂုသမာသ်သည် သမာဟာရ, အသမာဟာရအားဖြင့် ၂–ပါးပြားသည်။

* *သမာဟာရာ၊ အသမာ–ဟု၊ ဒိ နှစ်ခု၊ ရှေ့ဂု နပုံ,ဧကဝုစ်။*

၃၂၁။ ဒိဂုဿေ ကတ္တံ။

သမာဟာရဒိဂုသမာသ်သည် နပုလ္လိင်, ဧကဝုစ်ဖြစ်သည်။

* *ဒိဂုသမာသ်၊ ကမ်, ဒိ,တပ်၊ သုံးရပ် အမည်တွင်။*

ဒိဂုသမာသ်သည် ကမ္မဓာရာယ်, ဒိဂု, တပ္ပုရိသ် အမည် ၃–မျိုးရသည်။

တယော လောကာ တိလောကံ၊ တိဒဏ္ဍံ၊ တိဏ္ဏံ မလာနံ တိမလံ၊ စတုဿစ္စံ၊ စတုဒ္ဒိသံ၊ ပဉ္စသိက္ခာပဒံ၊ သဠာယတနံ၊ သတ္တာဟံ၊ အဋ္ဌသီလံ၊ နဝလောကုတ္တရံ၊ ဒသသီလံ၊ သတယောဇနံ။

ရုပ်တွက်–

တိလောကံ–ကို တိ+လောက–တည်၊ တယော လောကာ–ဟူသောအနက်၌ ဒွိပဒေ–စသော သုတ်ဖြင့် တိ–နှင့် လောက–ကို သမာသ်စပ်၍ ကမ္မဓာရယ် အမည်မှည့်၊ နာမာနံ သမာသော ယုတ္တတ္ထော–ဖြင့် သမာသ်အမည်မှည့်၊ ဝိဘတ်တို့ကို ချေ၊ ပကတိပြု၊ သချ်ာပုဗ္ဗော ဒိဂု–ဖြင့် ဒိဂု အမည်မှည့်၊ ဥဘေ တပ္ပုရိသာ–ဖြင့် တပ္ပုရိသ်အမည်မှည့်၊ ဒိဂုဿေကတ္တံ–ဖြင့် နပုံဧကတ်ငဲ့၊ နာမ်ငဲ့၊ သိ–သက်၊ အံ–ပြု၊ တိလောကံ–ပြီး၏။

စတုဒ္ဒိသံ–ကို စတု+ဒိသာ–တည်၊ စတဿော ဒိသာ–ဟူသော အနက်၌ ဒွိပဒေ–စသောသုတ်ဖြင့် စတု–နှင့် ဒိသာ–ကို သမာသ်စပ်၍ ကမ္မဓာရယ် အမည်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ပကတိပြု၊ သချ်ာပုဗ္ဗော ဒိဂု–ဖြင့် ဒိဂု အမည်မှည့်၊ ဥဘေ တပ္ပုရိသာ–ဖြင့် တပ္ပုရိသ်အမည်မှည့်၊ ဒိဂုဿေကတ္တံ–ဖြင့် နပုံ, ဧကတ်ငဲ့၊ သရော ရဿော နပုံသကေ–ဖြင့် အဆုံးသရကို ရဿပြု၊ နာမ်ငဲ့၊ သိ–သက်၊ အံ–ပြု၊ စတုဒ္ဒိသံ–ပြီး၏။

သဠာယတနံ–၌ ဆ+အာယတန–တည်၍ ဆိုခဲ့ပြီးအတိုင်း နပုံ, ဧကတ်ငဲ့ပြီးသောအခါ သ ဆဿ ဝါ–ဖြင့် ဆ–ကို သ–ပြု၊ ယဝမဒန–စသောသုတ်ဖြင့် ဠ–လာ၊ နာမ်ငဲ့–စသည်။

http://www.dhammadownload.com

၃၃၇။ ကွစိ သမာသန္တဂတာနမကာရန္တော။

သမာသ်ပုဒ်၏ အဆုံး၌ဖြစ်ကုန်သော ရာဇ–အစရှိသော နာမ်တို့၏ အဆုံးသရကို အချို့ အ–ပြု။

ကာရသဒ္ဒါပိုဖြင့် အဆုံးသရကို အာ–ပြု, ဣ–ပြု၊ သမာသ်ပုဒ်အဆုံး၌ က–ပစ္စည်းသက်။ (ဓနုမှာ စ–ဖြင့် အာ–သက် လျှင် ဤ ကာရ–သဒ္ဒါဖြင့် အာ–ပြုစရာမလို)

တစ်နည်း။ ။ သမာသ်ပုဒ်၏ အဆုံး၌ဖြစ်ကုန်သော ရာဇ–အစရှိသော နာမ်တို့၏ အဆုံး၌ အ–ပစ္စည်း, က–ပစ္စည်းသက်။ (ရူပသိဒ္ဓိ)

* *သမာသ်ဆုံးရှိ ရာဇာဒိနာမ်၊ ဆုံးမှန်သရ၊ အချို့ အ၊ တစ်ဝ အ,က–သက်။*

ဒွေ ရတ္တိယော ဒွိရတ္တံ၊ တိရတ္တံ၊ ဒွေ အင်္ဂုလိယော ဒွင်္ဂုလံ၊ ပဉ္စ ဂါဝေါ ပဉ္စဂဝံ။

အသမာဟာရဒိဂု

ဧကော ပုဂ္ဂလော ဧကပုဂ္ဂလော၊ တယော ဘဝါ တိဘဝါ၊ စတဿော ဒိသာ စတုဒ္ဒိသာ၊ ဒသသဟဿစက္ကဝါဠာနိ။

ရုပ်တွက်–

ဒွိရတ္တံ–ကို ဒွိ+ရတ္တိ–တည်၊ ဒွေ ရတ္တိယော–ဟူသော အနက်၌ ဒွိပဒေ–စသောသုတ်ဖြင့် သမာသ်စပ်၍ ကမ္မဓာရယ် အမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ပကတိပြု၊ ဒိဂုမှည့်၊ တပ္ပုရိသ်မှည့်၊ နပုံ, ဧကတ်ငဲ့၊ ကွစိ သမာသန္တ–စသောသုတ်ဖြင့် ဒွိရတ္တိ–၏ အဆုံးသရကို အ–ပြု၊ နာမ်ငဲ့စသည်။

ပဉ္စဂဝံ–ကို ပဉ္စ+ဂေါ–တည်၊ ပဉ္စ ဂါဝေါ–ဟူသော အနက်၌ ဒွိပဒေ–စသောသုတ်ဖြင့် ပဉ္စ–နှင့် ဂေါ–ကို သမာသ်စပ်၍ ကမ္မဓာရယ်အမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ပကတိပြု၊ ဒိဂုမှည့်၊ တပ္ပုရိသ်မှည့်၊ နပုံ, ဧကတ်ငဲ့၊ ကွစိ သမာသန္တ–စသောသုတ်ဖြင့် အဆုံး၌ အ–ပစ္စည်းသက်၊ ဩ သရေ စ–ဖြင့် အဝ–ပြု၊ နာမ်ငဲ့–စသည်။

ဧကပုဂ္ဂလော–ကို ဧက+ပုဂ္ဂလ–တည်၊ ဧကော ပုဂ္ဂလော–ဟူသော အနက်၌ ဒွိပဒေ–စသော သုတ်ဖြင့် ဧက–နှင့် ပုဂ္ဂလ–ကို သမာသ်စပ်၍ ကမ္မဓာရယ်အမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကို ချေ၊ ပကတိပြု၊ ဒိဂုမှည့်၊ တပ္ပုရိသမှည့်၊ နာမ်ငဲ့, သိ–သက်၊ ဩ–ပြု။

တိဘဝါ–၌ နာမ်ငဲ့, ယော–သက်, အာ–ပြု၊ စတုဒ္ဒိသာ–၌ ဃ–နောင် ယော–ကိုချေ။

http://www.dhammadownload.com

တပ္ပုရိသ်သမာသ်

၃၂၇။ အမာဒယောပရပဒေဘိ။

အံ-စသော ဝိဘတ်အဆုံးရှိသော သဒ္ဒါတို့ကို နောက်ပုဒ်တို့နှင့် စပ်အပ်သောသမာသ်သည် တပ္ပုရိသ်မည်သည်။

* *နောက်ပုဒ်နှင့်စပ်၊ ရှေ့ရပ် အမာဒိ၊ တပ္ပုရိ၊ ပြားဘိခြောက်မျိုးပေ။*

ဒုတိယာတပ္ပုရိသ်

သရဏံ ဂတော သရဏဂတော၊ ဘူမိံ ဂတော ဘူမိဂတော၊ ဓမ္မံ နိဿိတော ဓမ္မနိဿိတော၊ ပမာဏံ အတိက္ကန္တံ ပမာဏာတိက္ကန္တံ၊ သုခံ ပတ္တော သုခပတ္တော၊ သောတံ အာပန္နော သောတာပန္နော၊ မုဟုတ္တံ သုခံ မုဟုတ္တသုခံ။

နိစ္စသမာသ်- ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရော၊ ဓမ္မံ ဓာရေတီတိ ဓမ္မဓာရော၊ သစ္စံ ဝဒိတုံ သီလံ အဿာတိ သစ္စဝါဒီ။

တတိယာတပ္ပုရိသ်

ဗုဒ္ဓေန ဘာသိတော ဗုဒ္ဓဘာသိတော၊ သတ္ထာရာ ဝဏ္ဏိတော သတ္ထုဝဏ္ဏိတော၊ ဣဿရေန ကတံ ဣဿရကတံ၊ သီလေန သမ္ပန္နော သီလသမ္ပန္နော၊ ဉာဏေန သမ္ပယုတ္တံ ဉာဏသမ္ပယုတ္တံ၊ စတုဝဂ္ဂေန ကရဏီယံ စတုဝဂ္ဂကရဏီယံ၊ သယံ ကတံ သယံကတံ။

စတုတ္ထီတပ္ပုရိသ်

ကထိနဿ ဒုဿံ ကထိနဒုဿံ၊ သံဃဿ ဘတ္တံ သံဃဘတ္တံ၊ ပါသာဒါယ ဒဗ္ဗံ ပါသာဒဒဗ္ဗံ၊ ဗုဒ္ဓဿ ဒေယျံ ဗုဒ္ဓဒေယျံ။

ပဉ္စမီတပ္ပုရိသ်

မေထုနာ အပေတော မေထုနာပေတော၊ ပိဏ္ဍပါတတော ပဋိက္ကန္တော ပိဏ္ဍပါတ ပဋိက္ကန္တော၊ ရာဇတော ဘယံ ရာဇဘယံ၊ ကမ္မတော သမုဋ္ဌိတံ ကမ္မသမုဋ္ဌိတံ၊ ဥက္ကဋ္ဌုက္ကဋ္ဌံ။

ရုပ်တွက်-

သရဏဂတော-ကို သရဏ+ဂတ-တည်၊ သရဏံ ဂတော-ဟူသော အနက်၌ အမာဒယော ပရပဒေဘိ-ဖြင့် သရဏ-နှင့် ဂတ-ကို သမာသ်စပ်၍ တပ္ပုရိသ်အမည်မှည့်၊ နာမာနံ-စသောသုတ်ဖြင့် သမာသ်အမည်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ပကတိပြု၊ နာမ်ငဲ့, သိ-သက်, ဩ-ပြု။

http://www.dhammadownload.com

နိစ္စသမာသ်– ကမ္မတော ဇာတံ ကမ္မဇံ၊ စိတ္တဇံ။

ဆဋ္ဌီတပ္ပုရိသ်

ရညော ပုတ္တော ရာဇပုတ္တော၊ ဗုဒ္ဓဿ သာဝကော ဗုဒ္ဓသာဝကော၊ ဓိနဝစနံ၊ ဉာဏံ ရာသိ ဉာဏရာသိ၊ ကာယဿ လဟုတာ ကာယလဟုတာ၊ မရဏဿတိ၊ ရုက္ခမူလံ၊ ပါနီယထာလကံ၊ ပုမဿလိင်္ဂံ ပုလ္လိင်္ဂံ၊ ပုဗ္ဗာဝေါ။ *(ပုမအဆုံး အကို ချေ၊ မ်, ဘ–သိုကပ်)*
ဣတ္ထိယာ ရူပံ ဣတ္ထိရူပံ၊ ဘိက္ခုနိသံဃော၊ ဇမ္ဗုသာခါ။ *(ကွစာဒိ စသောသုတ်ဖြင့် ရဿပြု)*

သတ္တမီတပ္ပုရိသ်

ရူပေ သညာ ရူပသညာ၊ သံသာရဒုက္ခံ၊ စက္ခုမှိ သန္နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ၊ ဝိကာလေ ဘောဇနံ ဝိကာလဘောဇနံ၊ ဣတ္ထီသု ဓုတ္တော ဣတ္ထိဓုတ္တော။
နိစ္စသမာသ်– ဝနေ စရတီတိ ဝနစရော၊ ကုစ္ဆိမှိ သယတီတိ ကုစ္ဆိသယော၊ ထလေ တိဋ္ဌတီတိ ထလဋ္ဌော၊ ပင်္ကေ ဇာတံ ပင်္ကဇံ၊ သိရေ ရုဟတီတိ သိရောရုဟံ။

ရုပ်တွက်–

ကမ္မဇံ–ကို ကမ္မသဒ္ဒါပုဗ္ဗ ပဒ ဇန–တည်၊ ဇန–ဇနနေ၊ ဓာတ်အမည်မှည့်၊ ဓာတွန်ချေ၊ ကွိ စ–ဖြင့် ကွိ–ပစ္စည်းသက်၊ ဓာတွန္တဿ လောပေါ ကွိမှိ–ဖြင့် ဓာတွန် န–ကိုချေ၊ ကွိလောပေါ စ–ဖြင့် ကွိ–ကိုချေ၊ ကမ္မတော ဇာတံ–ဟူသော အနက်၌ အမာဒယော ပရပဒေဘိ–ဖြင့် ကမ္မ–နှင့် ဇ–ကို သမာသ်စပ်၍ တပ္ပုရိသ်အမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ပကတိပြု၊ နာမ်ငဲ့, သိ–သက်, အံ–ပြု။

ပုလ္လိင်္ဂံ–ကို ပုမ+လိင်္ဂ–တည်၊ ပုမဿ လိင်္ဂံ–ဟူသောအနက်၌ အမာဒယော ပရပဒေဘိ–ဖြင့် သမာသ်စပ်၍ တပ္ပုရိသ်အမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ပကတိပြု၊ ပုမဿ လိင်္ဂါဒီသု သမာသေသု–ဖြင့် ပုမ–၏ အဆုံး အ–ကိုချေ၊ ဥ–ကို လ–မှည့်၊ အံမော နိဂ္ဂဟီတံ ဈလပေဟိ–ဖြင့် မ–ကို နိဂ္ဂဟိတ်ပြု၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ–ဖြင့် နိဂ္ဂဟိတ်ကို လ–ပြု၊ နာမ်ငဲ့, သိ–သက်, အံ–ပြု။

ဝနစရော–ကို ဝန–သဒ္ဒါပုဗ္ဗ ပဒ စရ–တည်၊ စရ–စရဏေ၊ ဓာတ်မှည့်၊ ဓာတွန်ချေ၊ သဗ္ဗတော ဏွုတွာ ဝီဝါ–ဖြင့် အ–သက်၊ ဝနေ စရတိ–ဟူသော အနက်၌ ဝန–နှင့် စရ–ကို သမာသ်စပ်၍ တပ္ပုရိသ်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ပကတိပြု၊ နာမ်ငဲ့, သိ–သက်, ဩ–ပြု။

http://www.dhammadownload.com

ရှေ့နောက်ပြန်

တဒနုပရောဓေန ဟုပရိဘာသာလာသောကြောင့် အစ္စန္တ –စသော တပ္ပုရိသ် သမာသ်တို့၌ ရှေ့ပုဒ်သည် နောက်၌ ဖြစ်သည်လည်းရှိ၏။

* *ရှေ့အမာဒိ၊ နောက်ပြန်ဘိ၊ ပါဠိလျော်စေရန်။*

အန္တံ အတိက္ကန္တံ အစ္စန္တံ၊ ဝေလံ အတိက္ကန္တော အတိဝေလော၊ *(ကွစာဒိ စသော သုတ်ဖြင့် ရဿပြု၊)*

အက္ခံ ပတိဂတံ နိဿိတန္တိ ပစ္စက္ခံ၊ အတ္ထံ အနုဂတံ အန္ဝတ္ထံ၊ ဟံသာနံ ရာဇာ ရာဇဟံသော၊ မာသဿ အဒ္ဓံ အဒ္ဓမာသံ၊ ရတ္တိယာ ပုဗ္ဗံ ပုဗ္ဗရတ္တံ၊ ရတ္တိယာ ပစ္ဆာ ပစ္ဆာရတ္တံ (အဆုံးဣကို အ–ပြု)၊ အဟဿ ပုဗ္ဗံ ပုဗ္ဗဏှံ၊ အဟဿ မဇ္ဈံ မဇ္ဈန္ဟံ၊ အဟဿ သာယံ သာယန္ဟံ။ *(တေသုဝုဒ္ဓိ ဖြင့် အဟကို အန္ဟပြု။)*

* *ပုဗ္ဗ, မဇ္ဈ၊ သာယ–တွဲထုတ်၊ အဟ–ပုဒ်၊ ပြုလုပ် အန္ဟ–ပေ။*

အချို့သော တပ္ပုရိသ်၌ တေသံ ဝိဘတ္တိယော လောပါ စ–၌ စသဒ္ဒါတားမြစ်သောကြောင့် ဝိဘတ်မကျေသည်လည်းရှိ၏။

* *မကျေဝိဘတ်၊ ပုဒ်တွဲစပ်၊ သမာသ် အလုတ္တ။*

ပဘံ ကရောတီတိ ပဘင်္ကရော၊ ပရဿ ပဒံ၊ ပရတော ဃောသော၊ မနသိကာရော၊ ပုဗ္ဗေနိဝါသော၊ မဇ္ဈေကလျာဏံ၊ အန္တေဝါသီ။

ရုပ်တွက်–

အစ္စန္တံ–ကို အန္တ+အတိ–ဟု တည်၊ အန္တံ အတိက္ကန္တံ–ဟူသော အနက်၌ အမာဒယော ပရပဒေဘိ–ဖြင့် အန္တ–နှင့် အတိ–ကို သမာသ်စပ်၍ တပ္ပုရိသ် အမည်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ပကတိပြု၊ တဒနုပရောဓေန–ဟု ပရိဘာသာလာသောကြောင့် တေသု ဝုဒ္ဓိ–စသောသုတ်ဖြင့် အန္တ အတိ–ကို အတိ အန္တ–ဟု ရှေ့နောက်ပြန်၊ သဗ္ဗော စံ တိ–ဖြင့် တိ–ကို စ–ပြု၊ စ, အ–သို့ကပ်၊ နာမ်ငဲ့, သိ–သက်, အံ–ပြု။

ပုဗ္ဗရတ္တံ–၌ ဆိုခဲ့ပြီးအတိုင်း စီရင်၍ ကွစိ သမာသန္တ–စသောသုတ်ဖြင့် အဆုံး ဣ–ကို အ–ပြု၊ နာမ်ငဲ့–စသည်။

http://www.dhammadownload.com

ဗဟုဗ္ဗီဟိသမာသ်

ဗဟုဗ္ဗီဟိသမာသ်သည် ဒွိပဒတုလျာဓိကရဏ, ဒွိပဒဘိန္နာဓိကရဏ, တိပဒ, နနိပါတ ပုဗ္ဗပဒ, သဟပုဗ္ဗပဒ, ဥပမာနပုဗ္ဗပဒ, သင်္ချောဘယပဒ, ဒိသန္တရာဠတ္ထ, ဗျတိဟာရလက္ခဏ အားဖြင့် ကိုးပါးပြားသည်။

* *တုလ်, ဘိန်–ဒွိပဒ၊ တိပဒနှင့်၊ န,သဟ, ဥ၊ မှတ်ရှု သင်္ချော၊ ဒိ, ဗျ–နှော၊ မှတ်လော ဗဟုဗ်သမာသ်ကိုး။*

၃၂၈။ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ။

အညပုဒ်အနက်၌ ပုဒ်အချင်းချင်း တွဲစပ်အပ်သော သမာသ်သည် ဗဟုဗ္ဗီဟိမည်သည်၊ အညပုဒ်၌ ပထမာစသော ဝိဘတ်ခုနစ်သွယ်ဖြစ်နိုင်ခြင်းကြောင့် ဗဟုဗ္ဗီသမာသ် ခုနစ်ပါးပြားရသည်။

* *အညပုဒ်နက်၊ ပုဒ်ချင်းယှက်၊ တွဲဆက်ဗဟုဗ္ဗီဟိ။*

* *အညပုဒ်ဝယ်၊ ခုနစ်သွယ်ဝိဘတ်၊ ပြားတုံလတ်၊ သမာသ်ဗဟုဗ် ခုနစ်ပါး။*

မှတ်ချက်။ ။ ပထမာ ဗဟုဗ္ဗီဟိကို သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိကျမှ ဆိုမည်။

ဒွိပဒတုလျာဓိကရဏ

အရတူ, ဝိဘတ်တူ ပုဒ်နှစ်ပါးကို တွဲစပ်သော ဗဟုဗ္ဗီဟိသည် ဒွိပဒတုလျာဓိကရဏ မည်သည်။

* *တွဲပုဒ်နှစ်ဆူ၊ ဝိဘတ်တူ၊ မှတ်ယူဒွိပဒ တုလျာဓိကရဏ။*

အာဂတာ သမဏာ ဣမံ သံဃာရာမန္တိ အာဂတသမဏော၊ သံဃာရာမော။ အာဂတသမဏာ၊ သာဝတ္ထိ။ အာဂတသမဏာံ၊ ဇေတဝနံ။ ပဋိပန္နာ အဒ္ဓိကာ ယန္တိ ပဋိပန္နဒ္ဓိကော၊ ပထော။

ရုပ်တွက်–

အာဂတသမဏော–ကို အာဂတ+သမဏ+–ဣမတည်၊ အာဂတာ သမဏာ ဣမန္တိ– ဟူသော အနက်၌ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ–ဖြင့် အာဂတ–နှင့် သမဏ–ကို သမာသ်စပ်၍ ဗဟုဗ္ဗီဟိ အမည်မှည့်၊ သမာသ် အမည်မှည့်၊ ဝိဘတ်တို့ကိုချေ၊ တေသံ–သဒ္ဒါဖြင့် ဣမ–ကိုချေ၊ ပကတိပြု၊ နာမ်ငဲ့, သိ–သက်၊ ဩ–ပြု။

http://www.dhammadownload.com

တတိယာ ဗဟုဗ္ဗီဟိ

ဓိတာနိ ဣန္ဒြိယာနိ ယေနာတိ ဓိတိန္ဒြိယော၊ သမဏော။ ဒိဋ္ဌဓမ္မော ၊ပတ္တဓမ္မော၊ ကတ ကိစ္စော၊ ဓိတာမာရာ အနေနာတိ ဓိတမာရော၊ ဘဂဝါ။ ပဋိဝိဒ္ဓသဗ္ဗဓမ္မော၊

စတုတ္ထီဗဟုဗ္ဗီ

ဒိန္နော သုင်္ကော ယဿာတိ ဒိန္နသုင်္ကော၊ ရာဇာ။ ဥပနီတံ ဘောဇနံ အဿာတိ ဥပနီတ ဘောဇနော၊ သမဏော။ ဥပဟဋော ဗလိ အဿာတိ ဥပဟဋဗလိ၊ ယက္ခော။

ပဉ္စမီဗဟုဗ္ဗီ

နိဂ္ဂတာ ဇနာ အသ္မာတိ နိဂ္ဂတဇနော၊ ဂါမော။ နိဂ္ဂတော အယော အသ္မာတိ နိရယော၊ *(နိ+အယ၊ ဂ်-လာ)*နိဂ္ဂတာ ကိလေသာ အသ္မာတိ နိက္ကိလေသော၊ အပဂတံ ဘယဘေရဝံ အသ္မာတိ အပဂတဘယ ဘေရဝေါ၊ အရဟာ။

ဆဋ္ဌီဗဟုဗ္ဗီ

ဆိန္နာ ဟတ္ထာ ယဿာတိ ဆိန္နဟတ္ထော၊ ပုရိသော။ ဇဝံ ပရိပုဏ္ဏသင်္ကပ္ပေါ၊ ခီဏာသဝေါ၊ ဝီတော ရာဂေါ အဿာတိ ဝီတရာဂေါ၊ ဒွေ ပဒါနိ အဿာတိ ဒွိပဒေါ၊ ဒွိဟတ္ထော ပဋော၊ တေဝိဇ္ဇော၊ စတုပ္ပဒေါ၊ ပဉ္စ စက္ခူနိ အဿာတိ ပဉ္စစက္ခု၊ ဘဂဝါ။ ဆဠဘိညော၊ *(ကွစာဒိ-စသောသုတ်ဖြင့် ရဿပြု)*၊ နဝ အင်္ဂါနိ အဿာတိ နဝင်္ဂံ သတ္ထုသာသနံ။

ရုပ်တွက်-

တေဝိဇ္ဇော-ကို တိ+ဝိဇ္ဇာ+ယ-တည်၊ တိဿော ဝိဇ္ဇာ ယဿာတိ-ဟူသော အနက်၌ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ-ဖြင့် သမာသ်စပ်၍ ဗဟုဗ္ဗီဟိအမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကိုချေ၊ တေသံ-သဒ္ဒါဖြင့် ယ-ကိုချေ၊ ပကတိပြု၊ တေသု ဝုဒ္ဓိ-စသောသုတ်ဖြင့် တိ-ကို တေ-ပြု၊ ကွစာဒိမဇ္ဈုတ္တရာနံ-စသောသုတ်ဖြင့် ဝိဇ္ဇာ-၌ အာ-ကို ရဿပြု၊ နာမ်ငဲ့, သိ-သက်, ဩ-ပြု။

http://www.dhammadownload.com

ဒသ ဗလာနိ အဿာတိ ဒသဗလော၊ နတ္ထိ အန္တော အဿာတိ အနန္တံ၊ အနန္တံ ဉာဏံ အဿာတိ အနန္တဉာဏော၊ တိဏ္ဏံ ဒသ ပရိမာဏံ ဧတေသန္တိ တိဒသာ၊ ဒေဝါ။ (အဆုံးသရကို အ ပြု) အယံ ပစ္စယော ဧတေသန္တိ ဣဒပ္ပစ္စယာ၊ ဝိဂတံ မလံ အဿာတိ ဝိမလော၊ သုန္ဒရော ဂန္ဓော အဿာတိ သုဂန္ဓိ စန္ဒနံ၊ သုသီလော၊ ဒုဋ္ဌု မနော အဿာတိ ဒုမ္မနော၊ တပေါ ဓေ ဓနံ အဿာတိ တပေါဓနော၊ ခန္တိသင်္ခါတံ ဗလံ အဿာတိ ခန္တိဗလော၊ ဣန္ဒော္တိ နာမံ အဿာတိ ဣန္ဒနာမော။

ဆန္ဒဇာတော –စသည်၌ ဝိသေသန, ဝိသေသျ အလိုရှိသလိုဖြစ်နိုင်သောကြောင့် နှစ်ပုဒ်လုံး ရှေ့၌နေနိုင်သည်။

ဆန္ဒော ဇာတော အဿာတိ ဆန္ဒဇာတော–ဟုလည်းကောင်း, ဇာတော ဆန္ဒော အဿာတိ ဇာတဆန္ဒော–ဟုလည်းကောင်း လိုအပ်သလို နေနိုင်သည်။

ရုပ်တွက်–

တိဒသာ–ကို တိ+ဒသ+ဧတ–တည်၊ တိဏ္ဏံ ဒသ ပရိမာဏံ ဧတေသန္တိ–ဟူသော အနက်၌ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ–ဖြင့် သမာသ်စပ်၍ ဗဟုဗ္ဗီဟိအမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ဧတ–သဒ္ဒါ–ကိုချေ၊ ပကတိပြု၊ ကွစိ သမာသန္တ–စသောသုတ်ဖြင့် အဆုံး အ–ကို အ–ထပ်ပြု၊ (သဗ္ဗနာမ်ဂိုဏ်းပျက်စေရန် အ–ကို အ–ထပ်ပြုသည်) နာမ်ငဲ့, ယော–သက်, အာ–ပြု။

ဣဒပ္ပစ္စယာ–ကို ဣဒံ+ပစ္စယ+ဧတ–တည်၊ အယံ ပစ္စယော ဧတေသန္တိ–ဟူသော အနက်၌ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ–ဖြင့် သမာသ်စပ်၍ ဗဟုဗ္ဗီဟိအမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကိုချေ၊ ဧတ–သဒ္ဒါ–ကိုချေ၊ ပကတိစဿ သရန္တဿ–ဖြင့် ပစ္စယ–ကို ပစ္စယ–ဟု ပကတိပြု၊ စ–သဒ္ဒါဖြင့် ဣဒံ–ကို ဣဒံ–ဟု ပကတိပြု၊ ပ–ဒွေဘော်ဆောင်၊ ဗျဉ္ဇနေ စ–ဖြင့် နိဂ္ဂဟိတ်ကိုချေ၊ နာမ်ငဲ့, ယော–သက်, အာ–ပြု။

တပေါဓနော–ကိုတပ+ဓေ+ဓန+တ–တည်၊ သမာသ်စပ်၍ ဗဟုဗ္ဗီဟိမှည့်၊ သမာသ်မှည့်၊ ဝိဘတ်, ဓေ, တ–တို့ကိုချေ၊ ပကတိပြု၊ ဧတေသမော လောပေ–ဖြင့် မနောဂိုဏ်း တပ–သဒ္ဒါအဆုံး အ–ကို ဩ–ပြု၊ နာမ်ငဲ့, သိ–သက်, ဩ–ပြု။

ခန္တိဗလော–၌ ခန္တိ+သင်္ခါတ+ဗလ+တ–တည်။ ဣန္ဒနာမော–၌ ဣန္ဒ+ဣတိ+နာမ+တ–တည်။

http://www.dhammadownload.com

၃၃၁။ ဣတ္ထိယံ ဘာသိတ ပုမိတ္ထိ ပုမာဝ စေ။

တူသောတည်ရာရှိသော နောက်ပုဒ်ကြောင့် ပုလ္လိင်ကို ဟောဖူးသော ဣတ္ထိလိင်ဟောဆဲ သဒ္ဒါကို ပုလ္လိင်ကို ကဲ့သို့ငဲ့။

ကမ္မဓာရယသညေစ– ဟု ဆိုလတ္တံ့ဖြစ်သောကြောင့် ဤသုတ္တ ဗဟုဗ္ဗိသမာသ်၌သာ စီရင်သည်။

၄၀၃။ ကွစာဒိမဇ္ဈုတ္တရာနံ ဒီဃရဿာ ပစ္စယေသု စ။

ပစ္စည်းနှောင်းသည်ဖြစ်စေ, မနှောင်းသည်ဖြစ်စေ ပုဒ်၏အစ, အလယ်, အဆုံးတို့ကို အချို့ ရဿ–ပြု။

ဒီဃာ ဇင်္ဃာ ယဿာတိ ဒီဃဇင်္ဃော။ ပဟူတာ ဇိဝှါ အဿာတိ ပဟူတဇိဝှော၊ ဘဂဝါ။ မဟတီ ပညာ အဿာတိ မဟာပညော။

၃၄၀။ ဓနုမှာ စ။

သမာသ်ပုဒ်၏အဆုံး၌တည်သော ဓနု–သဒ္ဒါနောင် အာ–ပစ္စည်းသက်။

စ–သဒ္ဒါဖြင့် ဓမ္မ–စသည်နောင်လည်း အာ–ပစ္စည်းသက်။

***** ***ဓနု, ဓမ္မ၊ စသည်မှ၊ သက်ရ အာ–ပစ္စည်း။***

ဂါဏ္ဍီဝေါ ဓနု အဿာတိ ဂါဏ္ဍီဝဓန္ဓာ၊ ဇဝံ ပစ္စက္ခဓမ္မာ။ *(ပကတိပြုပြီးသောအခါ အာ–ပစ္စည်းသက်)*

သတ္တမီဗဟုဗ္ဗိ

သမ္ပန္နာနိ သဿာနိ ယသ္မိံ ဇနပဒေ ဿော ဇနပဒေ၊ ဇဝံ သုလဘပိဏ္ဍော၊ အာကိဏ္ဏာ မနုဿာ ယဿန္တိ အာကိဏ္ဏာ မနုဿာ၊ ရာဇဓာနီ။ ဗဟဝေါ သာမိနော အသ္မိန္တိ ဗဟုသာမိကံ၊ နဂရံ။ *(ကွစိ သမာသန္တ–စသောသုတ်ဖြင့် က–ပစ္စည်းသက်၊ ကွစာဒိ–စသောသုတ်ဖြင့် ရဿပြု)*

ရုပ်တွက်–

ပဟူတဇိဝှော–ကို ပဟူတာ+ဇိဝှါ+တ–တည်၍ ပကတိပြုတိုင်အောင် စီရင်ပြီးသောအခါ ဣတ္ထိယံ ဘာသိတ–စသောသုတ်ဖြင့် ရှေ့ပုဒ်ကို ပုလ္လိင်ကဲ့သို့ငဲ့၊ ကွစာဒိ–စသောသုတ်ဖြင့် နောက်သရကို ရဿပြု၊ နာမ်ငဲ့စသည်။

http://www.dhammadownload.com

၃၃၈။ နဒိမှာ စ။

သမာသ်ပုဒ်၏အဆုံး၌ဖြစ်သော နဒီမည်သော ကူတ္တိလိင် ဤ, ဦကာရန္တနောင် က–ပစ္စည်းသက်။

** ကူတ္ထီ ဤ, ဦ၊ နဒီ–ယူ၊ နောက်မူ က –ပစ္စည်း။*

ဗဟူ နဒိယော အသ္မိံ တိ ဗဟုနဒိကော၊ ဇနပဒေါ။ *(ကူစာဒိ–စသောသုတ်ပြင့်က–ပစ္စည်းကြောင့်ရဿပြု)* ဗဟာဝေါ ကတ္တာရော အသ္မိံ , အဿာတိ ဝါ ဗဟုကတ္တုကော။

ဘိန္နာဓိကရဏဗဟုဗ္ဗီဟိ

အရမတူ, ဝိဘတ်မတူသော နှစ်ပုဒ်တို့ကို တွဲစပ်သောဗဟုဗ္ဗီဟိသည် ဒွိပဒဘိန္နာ ဓိကရဏ ဗဟုဗ္ဗီဟိမည်၏။

** တွဲပုဒ်နှစ်ပါး၊ ဝိဘတ်ပြား၊ မှတ်သားဘိန္နာဓိကရဏ။*

ဧကေရတ္တိံ ဝါသော အဿာတိ ဧကေရတ္တိဝါသော၊ သမာနေန (ဇနေန သဒ္ဓိံ) ဝါသော အဿာတိ သမာနဝါသော၊ ဥဘတော ဗျဉ္ဇနံ အဿာတိ ဥဘတော ဗျဉ္ဇနကော၊ *(သမာသန္တ က–ပစ္စည်းသက်)* ဆတ္တံ ပါဏိမှိ အဿာတိ ဆတ္တပါဏိ၊ ဒါနေ အဇ္ဈာသယော အဿာတိ ဒါနဇ္ဈာသယော။

တိပဒ ဗဟုဗ္ဗီဟိ

** သုံးပုဒ်တွဲထုတ်၊ တိဗဟုဗ်တည်း၊ ရှေ့ပုဒ် သဟ၊ န, ဥ–ပြ၊ သဟ, န, ဥ–ပုဗ္ဗပဒ။*

သုံးပုဒ်တွဲစပ်သော ဗဟုဗ္ဗီဟိသည် တိပဒဗဟုဗ္ဗီဟိ၊ သဟပုဒ်ရှေ့ရှိသော ဗဟုဗ္ဗီဟိသည် သဟပုဗ္ဗပဒ, နနိပါတ်ရှေ့ရှိသော ဗဟုဗ္ဗီသည် နနိပါတပုဗ္ဗပဒ, ဥပမာရှေ့ရှိသော ဗဟုဗ္ဗီဟိသည် ဥပမာ ပုဗ္ဗပဒဗဟုဗ္ဗီဟိမည်၏။

ပရက္ကမေန အဓိဂတာ သမ္ပဒါ ယေဟီတိ ပရက္ကမာဓိဂတသမ္ပဒါ၊ မဟာပုရိသာ။ ဩဏီတော ပတ္တတော ပါဏိ ယေနာတိ ဩဏီတပတ္တပါဏိ၊ ဘဂဝါ။

http://www.dhammadownload.com

နနိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ

နတ္ထိ သမော ဧတဿာတိ အသမော၊ ဘဂဝါ။ အပ္ပဋိပုဂ္ဂလော၊ အပုတ္တကော၊ (ကွစိ သမာသန္တ – စသောသုတ်ဖြင့် က–ပစ္စည်းသက်)၊

နတ္ထိ သံဝါသာ ဧတေသန္တိ အသံဝါသာ၊ နတ္ထိ ဘိက္ခူ ဧတ္ထာတိ အဘိက္ခုကော၊ ဝိဟာရော၊ (အတ္တံ နုဿ–ဟူသော ယောဂဝိဘာဂဖြင့် အ–ပြု) နတ္ထိ ဥတ္တရော ဧတဿာတိ အနုတ္တရော၊ နတ္ထိ အန္တော ဧတေသန္တိ အနန္တံ၊ နတ္ထိ အာသဝါ ဧတေသန္တိ အနာသဝါ။ (သရေ အန်–ဟူသော ဝိနာမိကာရယောဂဝိဘာဂဖြင့် (တစ်နည်း) တေသုဝုဒ္ဓိ–ဖြင့် အန်–ပြု)

သဟပုဗ္ဗပဒဗဟုဗ္ဗီဟိ

သဟ ဝိတက္ကေန ယော ဝတ္တတီတိ သဝိတက္ကော၊ (တေသုဝုဒ္ဓိ –ဖြင့် သဟကို သပြု)

သဟ ဟေတုနာ ယော ဝတ္တတီတိ သဟေတုကော၊ (သမာသန္တ က–ပစ္စည်းသက်)

သဟ ပီတိယာ ယေ ဝတ္တန္တီတိ သပ္ပီတိကာ၊ သဟ ပစ္စယေဟိ ယေ ဝတ္တန္တီတိ သပ္ပစ္စယာ။

ဥပမာနပုဗ္ဗပဒဗဟုဗ္ဗီဟိ

ပထမတ္ထ– နိဂြောဓော ဣဝ ပရိမဏ္ဍလော ယောတိ နိဂြောဓပရိမဏ္ဍလော၊ ရာဇကုမာရော။ ကာကော ဝိယ သူရော အယန္တိ ကာကသူရော၊ စက္ခု ဣဝ ဘူတော အယန္တိ စက္ခုဘူတော၊ အန္ဓဘူတော၊ တန္တာ ကုလကမိဝ ဇာတာ အယန္တိ တန္တာကုလကဇာတာ။

ဆဋ္ဌီယတ္ထ– သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏော ယဿာတိ သုဝဏ္ဏဝဏ္ဏော၊ (တေသုဝုဒ္ဓိ –ဖြင့် နောက် ဝဏ္ဏပုဒ်ကို ချေ၊) နာဂဿ ဝိယ ဂတိ အဿာတိ နာဂဂတိ၊ ဗြဟ္မုနော ဝိယ သရော အဿာတိ ဗြဟ္မဿရော။

သချေ်ာဘယပဒဗဟုဗ္ဗီဟိ

ဝါ–သဒ္ဒါအနက်၌ သချ်ာနှစ်ပုဒ်ကိုတွဲစပ်သော ဗဟုဗ္ဗီဟိသည် သချေ်ာဘယပဒ ဗဟုဗ္ဗီဟိမည်၏။

* *ဝါအနက်၌၊ နှစ်ချက်သချ်ာ၊ တွဲစပ်ရာ၊ မှတ်ပါသချေ်ာဘယပဒ။*

ဒွေ ဝါ တယော ဝါ ပတ္တာ ဒွတ္တိပတ္တာ၊ ဒွီဟံ ဝါ တီဟံ ဝါ ဒွီဟတီဟံ၊ ဆ ဝါ ပဉ္စ ဝါ ဝါစာ ဆပ္ပဉ္စဝါစာ၊ သတ္တဋ္ဌမာသာ၊ ဧကယောဇနဒွိယောဇနာနိ။

http://www.dhammadownload.com

ဒိသန္တရာဠ္ဍတ္ထ ဗဟုဗ္ဗီဟိ

နှစ်ခုသော အရပ်တို့၏အကြား အဒေါင့်အရပ်၌ တွဲစပ်အပ်သော ဗဟုဗ္ဗီဟိသည် ဒိသန္တရာဠ္ဍတ္ထဗဟုဗ္ဗီဟိမည်၏။

* ***နှစ်ခုအရပ်၊ ကြား,ဒေါင့်ရပ်မှာ၊ တွဲစပ်ရာ မှတ်ပါ ဒိသန္တရာဠ္ဍတ်။***

ပုဗ္ဗဿာ စ ဒက္ခိဏဿာ စ ဒိသာယ ယဒန္တရာဠ္ဍန္တိ ပုဗ္ဗဒက္ခိဏာ၊ ဝိဒိသာ။ *(ကွစာဒိ–စသောသုတ်ဖြင့် ဂုဿပြု)*၊ ပုဗ္ဗုတ္တရာ၊ အပရဒက္ခိဏာ၊ ပစ္ဆိမုတ္တရာ။

ဗျတိဟာရလက္ခဏဗဟုဗ္ဗီဟိ

ဆန့်ကျင်ဘက်အနက်ဟောပုဒ်များကို တွဲစပ်သောသမာသ်သည် (တစ်နည်း) အပြန် အလှန် အမူအရာကိုပြသော ပုဒ်များကို တွဲစပ်ပြသောသမာသ်သည် ဗျတိဟာရ လက္ခဏ ဗဟုဗ္ဗီဟိမည်၏။

* ***ဆန့်ကျင်ဘက်များ၊ တွဲစပ်ငြား၊ မှတ်သား ဗျတိဟာရ လက္ခဏ။***

* ***ပြန်လှန်မှုရာ၊ ပြရာပုဒ်များ၊ တွဲစပ်ငြား၊ မှတ်သား ဗျတိဟာရလက္ခဏ။***

ကေသေသု စ ကေသေသု စ ဂဟေတွာ ကလဒံ ယုဒ္ဓံ ပဝတ္တတီတိ ကေသာကေသိ၊ ဒဏ္ဍေဟိ စ ဒဏ္ဍေဟိ စ ပဟရိတွာ ကလဒံ ယုဒ္ဓံ ပဝတ္တတီတိ ဒဏ္ဍာဒဏ္ဍိ။ *(ကွစာဒိ –စသောသုတ်ဖြင့် အလယ်၌ ဒီဃပြု၊ တေသုဝုဒ္ဓိ –သုတ်ကြီးဖြင့် အဆုံးသရကို ဣပြု)*။

ဗဟုဗ္ဗီဟိနှစ်မျိုး

၁။ **တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ** = ဝိသေသနဖြစ်သောသမာသ်ပုဒ်အနက်ကို အညပုဒ် အနက်နှင့်တကွယူအပ်သောသမာသ်၊ ပုံစံကား– လမ္ဗကဏ္ဏံ အာနယ။

၂။ **အတဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီ**= ဝိသေသနဖြစ်သောသမာသ်ပုဒ်အနက်ကို အညပုဒ် အနက်နှင့်တကွမယူအပ်သောသမာသ် ၊ ပုံစံကား – ဗဟုဓနံ အာနယ။

ဗဟုဗ္ဗီသမာသ်ပြီး၏။

http://www.dhammadownload.com

ဒွန်သမာသ်
ဒွန်နှစ်မျိုး

ဒွန်သမာသ်သည် ဣတရီတရယောဂ, သမာဟာရအားဖြင့် နှစ်မျိုးပြား၏။

၁။ **ဣတရီတရယောဂဒွန်–** အစိတ်အစိတ်ပြဋ္ဌာန်းသောဒွန်၊ ဗဟုဝုစ်သာ နေသည်။

၂။ **သမာဟာရဒွန်–** အပေါင်းပြဋ္ဌာန်းသောဒွန်၊ နပုံလိင်ဧကဝုစ်သာနေသည်။

၃၂၉။ နာမာနံ သမုစ္စယော ဒွန္ဒော။

ဝိဘတ်တူနာမ်တို့၏ ပေါင်းစည်းခြင်းအနက်သည် ဒွန်မည်၏။

* *ဝိဘတ်တူနာမ်၊ ပေါင်းစပ်ပြန်၊ မှတ်ရန် ဒွန်သမာသ်။*

* *ပုဒ်တိုင်း ပထမာ၊ စ–ယှဉ်ကာ၊ ဒွန်မှာ ဝိဂြိုဟ်ပြု။*

* *သမုစ္စယ၊ ထွန်းလင်းပြ၊ ယှဉ်ရ ဒွန်မှာ စသဒ္ဒါ။*

ဣတရီတရယောဂဒွန်

သာရိပုတ္တော စ မောဂ္ဂလာနော စ သာရိပုတ္တမောဂ္ဂလ္လာနာ၊ သမဏဗြာဟ္မဏာ၊ ဒေဝမနုဿာ၊ မာတာ စ ပိတာ စ မာတာပိတရော၊ ပိတာပုတ္တာ။ *(တေသုဝုဒ္ဓိ–ဖြင့် မာတုစသော ရှေ့ပုဒ်၏ ဥကို အာ–ပြု)*

* *မာတု, ပိတု၊ ရှေ့ပုဒ် ဥ၊ အာ–ပြု တေသုဝုဒ်။*

ရုပ်တွက်–

သာရိပုတ္တမောဂ္ဂလ္လာနာ–ကို သာရိပုတ္တ+စ+မောဂ္ဂလ္လာန+စ–တည်၊ သာရိပုတ္တော စ မောဂ္ဂလ္လာနော စ–ဟူသော အနက်၌ နာမာနံ သမုစ္စယော ဒွန္ဒော–ဖြင့် သာရိပုတ္တ နှင့် မောဂ္ဂလ္လာန–ကို သမာသ်စပ်၍ ဒွန်အမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်တို့ကိုချေ၊ တေသံ– သဒ္ဒါဖြင့် စ–သဒ္ဒါတို့ကိုချေ၊ ပကတိပြု၊ နာမ်ငဲ့, ယော–သက်, အာ–ပြု။

မာတာပိတရော–ကို မာတု+စ+ပိတု+စ–တည်၊ မာတာ စ ပိတာ စ–ဟူသော အနက်၌ နာမာနံ–စသောသုတ်ဖြင့် သမာသ်စပ်၍ ဒွန်အမည်မှည့်၊ ဝိဘတ်, စ–သဒ္ဒါတို့ကိုချေ၊ မာတုပိတု–ဟုပကတိပြု၊ တေသု ဝုဒ္ဓိ–စသောသုတ်ဖြင့် မာတု–၏ ဥ–ကို အာ–ပြု၊ နာမ်ငဲ့, ယော–သက်, အာရ– ပြု၊ ယော–ကို ဩ–ပြု။

http://www.dhammadownload.com

၃၃၉။ ဇာယာယ တုဒံဇာနိ ပတိမှိ။

ပတိသဒ္ဒါကြောင့် ဇာယာ–သဒ္ဒါကို ဒံ (တုဒံ)–ပြု, ဇာနိ–ပြု။

* *ပတိနှောင်းရာ၊ ဇာယာ–မှာ၊ ရံခါ တုဒံ, ဇာနိ–ပြု။*

ဇာယာ စ ပတိ စ တုဒံပတီ၊ ဇာနိပတီ၊ ဇယမ္ပတိကာ။

သမာဟာရဒွန်

၃၂၂။ တထာ ဒွန္ဒေ ပါဏိ တူရိယယောဂ္ဂသေနင်္ဂခုဒ္ဒဇန္တုကဝိဝိဓဝိရုဒ္ဓ ဝိသဘာဂတ္ထာဒီနဉ္စ။

သမာဟာရဒွန်သမာသ်၌ သတ္တဝါ၏အင်္ဂါအနက်ဟောသဒ္ဒါ, တူရိယာ၏အင်္ဂါအနက်ဟောသဒ္ဒါ, ယာဉ်၏အင်္ဂါအနက်ဟောသဒ္ဒါ, စစ်သည်၏အင်္ဂါအနက်ဟောသဒ္ဒါ, ငယ်သောသတ္တဝါအနက်ဟောသဒ္ဒါ, အထူးထူး အပြားပြားဆန့်ကျင်ဘက်အနက်ဟောသဒ္ဒါ, လက္ခဏာကွဲလျက် ကိစ္စတူအနက်ဟောသဒ္ဒါ အစရှိသည်တို့ကို နပုံ, ဧကတ်ငဲ့။

အာဒိသဒ္ဒါဖြင့် လိင်ချင်းဆန့်ကျင်သော အနက်ဟောသဒ္ဒါ, သချာ, ပရိမာဏ အနက်ဟောသဒ္ဒါ, ပစန,စဏ္ဍာလအနက်ဟောသဒ္ဒါ, ဒိသာအနက်ဟောသဒ္ဒါ စသည်တို့ကို ယူရမည်။

* *ယာဉ်, စစ်,သတ္တဝါ၊ တူရိယာများ၊ အင်္ဂါထား၍၊ ငယ်ကြားသတ္တာ၊ တူမျှ,ဆန့်ကျင်၊ စသည်တွင်၊ စပ်ယှဉ် ဒွန် နပုံဧကတ်။*

* *လိင်ခြင်း ဆန့်ကျင်၊ သချာသဒ္ဒါ၊ ပရိမာဏ၊ ပစန–နှင့်၊ စဏ္ဍာလမူ၊ ဆယ်ခု ဒိသာ၊ စသည်မှာ၊ အာဒိသတ်မှတ်၊ နပုံဧကတ်။*

ရုပ်တွက်–

တုဒံပတီ–ကို ဇာယာ+စ+ပတိ+စ–တည်၊ ဇာယာ စ ပတိ စ–ဟူသော အနက်၌ နာမာန် သမုစ္စယော ဒွန္ဒော–ဖြင့် ဇာယာ နှင့် ပတိ–ကို သမာသ်စပ်၍ ဒွန်အမည်မှည့်၊ သမာသ်မှည့်၊ ဝိဘတ်–စသည်ကိုချေ၊ ဇာယာပတိ–ဟု ပကတိပြု၊ ဇာယာယ တုဒံ ဇာနိ ပတိမှိ–ဖြင့် ဇာယာ–ကို တုဒံ–ပြု၊ နာမ်ငဲ့, ယော–သက်, ဈ–မှည့်, ဃပတော စ ယောနံ လောပေါ–ဖြင့် ယော–ကိုချေ၊ ယောသု ကတနိကာရ–စသောသုတ်ဖြင့် ဒီဃပြု။ ဇာနိပတီ–၌ ဇာယာ–ကို ဇာနိ–ပြု။

ဇယမ္ပတိကာ–ကို ဇာယာ+စ+ပတိ+စ–တည်၊ သမာသ်စပ်၊ ဝိဘတ်စသည်ကိုချေ၊ ဇာယာပတိ–ဟု ပကတိပြုပြီးသောအခါ ကွစာဒိ–စသောသုတ်ဖြင့် ရဿပြု၊ တေသု ဝုဒ္ဓိ–စသောသုတ်ဖြင့် နိဂ္ဂဟိတ်လာ၊ ဝဂ္ဂန္တ ပြု၊ ကွစိ သမာသန္တ–စသောသုတ်ဖြင့် သမာသန္တ က–ပစ္စည်းသက်။

http://www.dhammadownload.com

သတ္တဝါအင်္ဂါ– စက္ခု စ သောတဥ္စ စက္ခုသောတံ၊ မုခနာသိကံ၊ ဆဝိမံသလောဟိတံ။
တူရိယာအင်္ဂါ– ဂီတဥ္စ ဝါဒိတဥ္စ ဂီတဝါဒိတံ၊ သမ္မတာဠံ၊ သင်္ခပဏဝဒိန္ဒိမံ၊ ဒဒ္ဒရိဒိန္ဒိမံ။
ယာဉ်၏အင်္ဂါ– ဖာလော စ ပါစနဥ္စ ဖာလပါစနံ၊ ယုဂဥ္စ နင်္ဂလဥ္စ ယုဂနင်္ဂလံ။
စစ်သည်၏အင်္ဂါ– ဟတ္ထီ စ အဿော စ ဟတ္ထိအဿံ၊ (ကွစာဒိ–ဖြင့် ရဿ–ပြု) ရထော စ ပတ္တိကော စ ရထပတ္တိကံ၊

အသိ စ စမ္မဥ္စ အသိစမ္မံ၊ ဓနု စ ကလာပေါ စ ဓနုကလာပံ။

ငယ်သောသတ္တဝါ– ဍံသာ စ မကသာ စ ဍံသမကသံ၊ ကုန္ထကိပိလ္လိကံ၊ ကီဋသရီသပံ။
အထူးထူးအပြားပြားဆန့်ကျင်သောအနက်– အဟိ စ နကုလော စ အဟိနကုလံ၊ ဗိဠာရမူသိကံ၊ (အဆုံးသရကို ရဿပြု) ကာကောလူကံ၊ သပ္ပမဏ္ဍူကံ။

ဝိသဘာဂဓတ္ထ – သီလဥ္စ ပညာဏဥ္စ သီလပညာဏံ၊ သမထော စ ဝိပဿနာ စ သမထဝိပဿနံ၊ နာမရူပံ၊ ဟိရောတ္တပ္ပံ၊ သတိသမ္ပဇညံ၊ ထိနမိဒ္ဓံ၊ ဥဒ္ဓစ္စကုက္ကုစ္စံ။

လိင်ချင်းဆန့်ကျင်သောအနက်– ဒါသီ စ ဒါသော စ ဒါသိဒါသံ၊ (ကွစာဒိ–စသောသုတ်ဖြင့်အလယ်၌ ရဿပြု)၊ ဣတ္ထိပုမံ၊ ပတ္တစီဝရံ၊ သာခါပလာသံ။

သချာပရိမာဏတ္ထ– ကေကဥ္စ ဒုကဥ္စ ကေကဒုကံ၊ တိကစတုက္ကံ၊ ဒီဃမဇ္ဈိမံ။
ပစနအနက်– ဩရဗ္ဘိကာ စ သူကရိကာ စ ဩရဗ္ဘိကသူကရိကံ။
စဏ္ဍာလအနက်– ဝေနော စ ရထကာရော စ ဝေနရထကာရံ။
ဒိသာအနက် – ပုဗ္ဗာ စ အပရာ စ ပုဗ္ဗာပရံ၊ ပုရတ္ထိမ ပစ္ဆိမံ၊ ဒက္ခိဏုတ္တရံ။
ပဒမာလာ–

စက္ခုသောတံ–စသော သမာဟာရဒွန်ပုဒ်များကို စက္ခုသောတံ၊စက္ခုသောတံ၊စက္ခုသောတေန၊ စက္ခုသောတဿ–စသည်ဖြင့် နပုလ္လိင်, ဧကဝုစ်ဝိဘတ်များဖြင့်သာ ပဒမာလာစဉ်လေ။

ရုပ်တွက်–

စက္ခုသောတံ–ကို စက္ခု+စ+သောတ+စ–တည်၍ စက္ခုသောတ–ဟု ပကတိပြု, နာမ်ငဲ့ပြီးသောအခါ တထာ ဒွန္ဒေ–စသောသုတ်ဖြင့် နပုံ, ဧကတ်ငဲ့၊ သိ–သက်၊ အံ–ပြု။

http://www.dhammadownload.com

၃၂၃။ ဝိဘာသာ ရုက္ခတိဏပသုဓနဓညဗနပဒါဒီနဋ္ဌ။

သမာဟာရဒွန်သမာသ်၌ သစ်ပင်အနက်ဟောသဒ္ဒါ, မြက်အနက်ဟောသဒ္ဒါ, သားကောင် အနက်ဟောသဒ္ဒါ, ဥစ္စာအနက်ဟောသဒ္ဒါ, စပါးအနက်ဟောသဒ္ဒါ, ဇနပုဒ်အနက်ဟောသဒ္ဒါ စသည် တို့ကို အချို့နပုံ, ဧကတ်ငဲ့။

အာဒိသဒ္ဒါဖြင့် ဆန့်ကျင်ဘက်အနက်ဟောသဒ္ဒါ, ငှက်အနက်ဟောသဒ္ဒါတို့ကို ယူရမည်။

* *သစ်ပင်, မြက်, သား၊ စပါးနှင့် ဥစ်၊ ဇနပုဒ်စ၊ အချို့မျှ၊ ဒွန္ဒနပုံးဧကတ်ထား။*

* *ဆန့်ကျင်ဘက်, ငှက်၊ စသည်နက်၊ ထည့်စွက် အာဒိ ဝိဘာသိ။*

ရုက္ခဒွန်— အဿတ္ထာ စ ကပိတ္ထာ စ အဿတ္ထကပိတ္ထံ၊ အဿတ္ထကပိတ္ထာ ဝါ၊ အမ္ဗပနသံ၊ အမ္ဗပနသာဝါ။

တိဏဒွန်— ဥသိရဉ္စ ဗီရဏဉ္စ ဥသိရဗီရဏံ၊ ဥသိရဗီရဏာ ဝါ၊ မုဉ္စပဗ္ဗဇံ၊ မုဉ္စပဗ္ဗဇာ ဝါ။

ပသုဒွန်— အဇော စ ဧဠကော စ အဇေဠကံ၊ အဇေဠကာ ဝါ၊ ဟတ္ထီ စ ဂါဝေါ စ အဿာ စ ဝဠဝါ စ ဟတ္ထိဂဝဿဝဠဝံ၊ ဟတ္ထိဂဝဿဝဠဝါ ဝါ၊(ကွစာဒိ– စသောသုတ်ဖြင့် ဣ– ရဿပြု၊ ဩသရေ စ ဖြင့် အဝ–ပြု၊)ဂေါမဟိံသံ၊ ဂေါမဟိံသာဝါ။

ဓနဒွန်— ဟိရညဉ္စ သုဝဏ္ဏဉ္စ ဟိရညသုဝဏ္ဏံ၊ ဟိရညသုဝဏ္ဏာ ဝါ၊ ဇာတရူပရဇတံ၊ ဇာတရူပရဇတာ နိ ဝါ။

ဓညဒွန်— သာလိ စ ယဝေါ စ သာလိယဝံ၊ သာလိယဝါ ဝါ၊ တိလမုဂ္ဂမာသံ၊ တိလမုဂ္ဂမာသာ ဝါ။

ဇနပုဒ်ဒွန်— ကာသိ စ ကောသလာ စ ကာသိကောသလံ၊ ဝဇ္ဇီ စ မလ္လာ စ ဝဇ္ဇိမလ္လံ၊ ဝဇ္ဇိမလ္လာ ဝါ။

http://www.dhammadownload.com

အာဒိဆိုင်ရာပြယုဂ်များ– ကုသလဉ္စ အကုသလဉ္စ ကုသလာကုသလံ၊ ကုသလာ ကုသလာ ဝါ၊ သာဝဇ္ဇာနဝဇ္ဇံ၊ သာဝဇ္ဇာနဝဇ္ဇာ ဝါ၊ သုခဒုက္ခံ၊ သုခဒုက္ခာနိ ဝါ၊ ရတ္တိ စ ဒိဝါ စ ရတ္တိန္ဒိဝံ၊ *(နိဂ္ဂဟိတဥ္စ–ဖြင့် နိဂ္ဂဟိတ်လာ၊ ကွစိ သမာသန္တ–စသောသုတ်ဖြင့် အာ–ကို အ–ပြု)* ရတ္တိံဒိဝါ ဝါ၊ အဟဉ္စ ရတ္တိ စ အဟောရတ္တံ၊ *(အဟ–သဒ္ဒါ မနောဂဏ်ပါဝင်သော်လည်း ဒီဃ–ဖြင့် ဩ–ပြု၊ ကွစိ သမာသန္တ–စသောသုတ်ဖြင့် ဣ–ကို အ–ပြု)* အဟောရတ္တာ ဝါ၊ ဟံသာ စ ဗကာ စ ဟံသဗကံ၊ ဟံသဗကာ ဝါ။

သမုစ္စည်း ၄–မျိုးနှင့်သမာသ်ဖြစ်/မဖြစ်

ပေါင်းစည်းခြင်းအနက်သည် သမုစ္စယမည်၏၊ ထိုသမုစ္စယသည် ကေဝလသမုစ္စယ, အန္ဝာစယ, ဣတရီတရယောဂ, သမာဟာရအားဖြင့် ၄–မျိုးပြား၏။

ထိုတွင် ကေဝလသမုစ္စယနှင့် အန္ဝာစယတို့သည် ကြိယာကိုငဲ့သည့်အတွက် နာမ်ပုဒ် အချင်းချင်း ယုတ္တတ္ထမဖြစ်သောကြောင့် သမာသ်မဖြစ်။

ပြယုဂ်ကား– စီဝရံ ပိဏ္ဍပါတဉ္စ ပစ္စယံ သယနာသနံ အဒါသိ၊ ဒါနဉ္စ ဒေဟိ၊ သီလဉ္စ ရက္ခာဟိ။

ဣတရီတရယောဂနှင့် သမာဟာရတို့သည် ကြိယာကိုမငဲ့သည့်အတွက် နာမ်ပုဒ် အချင်း ချင်း ယုတ္တတ္ထဖြစ်သောကြောင့် သမာသ်ဖြစ်သည်။

ပြယုဂ်ကား– ဒေဝမနုဿာ၊ စက္ခုသောတံ။

* ***ကေ, အ, ဣ, သ၊ ဒွန်လေးဝတွင်၊ ကေ,ဂအ–မဖြစ်၊ ဣ,သ–ဖြစ်၊ မှတ်လစ် သမာသာ။***

ဒွန္ဒ၌ရှေ့နေသင့်သောပုဒ်များ

၁။ အမြတ်ဟောသောပုဒ်၊ သမဏဗြာဟ္မဏာ၊

၂။ ယဝဏ္ဏန္တ,ဥဝဏ္ဏန္တပုဒ်၊ ဒါသိဒါသံ၊ စက္ခုသောတံ၊

၃။ အပ္ပသရပုဒ်၊ မုခနာသိကံ၊

၄။ အပ္ပသရ်ပုဒ်၊ ဒုကတ္တိကံ၊

၅။ အစ၌သရရှိသော အကာရန္တပုဒ်၊ အတ္ထဓမ္မာ။

* ***အမြတ်ဟောစု၊ ယုဝဏ္ဏန္တ၊ သရ, သချာ၊ နည်းရာ ရှေ့ကျ၊ သရ စ,ပြန်၊ အကာရန်၊ အမှန် ဒွန်မှာ ရှေ့နေစေ။***

http://www.dhammadownload.com

မိဿကသမာသ်

နာနာဒုမပတိတပုပ္ဖဝါသိတသာနု–၌

နာနာပ္ပကာရာ ဒုမာ နာနာဒုမာ၊ (ကမ္မဓာရယ်)

နာနာဒုမေဟိ ပတိတာနိ နာနာဒုမပတိတာနိ၊ (တပ္ပုရိသ်)

နာနာဒုမပတိတာနိ စ တာနိ ပုပ္ဖါနိ စာတိ နာနာဒုမပတိတပုပ္ဖါနိ၊ (ကမ္မဓာရယ်)

နာနာဒုမပတိတပုပ္ဖေဟိ ဝါသိတာ နာနာဒုမပတိတပုပ္ဖဝါသိတာ၊ (တပ္ပုရိသ်)

နာနာဒုမပတိတပုပ္ဖဝါသိတာ သာနူ ယဿာတိ နာနာဒုမပတိတပုပ္ဖဝါသိတသာနု၊

ပဗ္ဗတရာဇာ။ (အပေါင်း ဗဟုဗ္ဗီဟိ၊ ဤဗဟုဗ္ဗီဟိသည် ကမ္မဓာရယ်, တပ္ပုရိသ် အတွင်းဝင်သော တုလျာဓိကရဏဗဟုဗ္ဗီဟိတည်း)

နာနာဒုမပတိတပုပ္ဖဝါသိတသာနု– အထူးထူး အပြားပြားကုန်သော သစ်ပင်တို့မှ ကြွေကျကုန်သော ပန်းတို့ဖြင့် ထုံအပ်ကုန်သော တောင်စဉ် တောင်တန်းတို့ ရှိသော ဟိမဝန္တာတောင်မင်း။

တစ်နည်း။ ။ ဝါသိတာ သာနူ ဝါသိတသာနူ၊ (ကမ္မဓာရယ်)

နာနာဒုမပတိတပုပ္ဖေဟိ ဝါသိတသာနူ ယဿာတိ နာနာဒုမပတိတပုပ္ဖဝါသိတသာနု။

(ဤ ဗဟုဗ္ဗီဟိသည် ဘိန္နာဓိကရဏဗဟုဗ္ဗီဟိတည်း)

အမိတဗလပရက္ကမပတ္တော–၌

န မိတာ အမိတာ၊ (ကမ္မဓာရယ်)

ဗလဉ္စ ပရက္ကမော စ ဗလပရက္ကမာ၊ (ဒွန္ဒ)

အမိတာ ဧဝ ဗလပရက္ကမာ အမိတဗလပရက္ကမာ၊ (ကမ္မဓာရယ်)

အမိတဗလပရက္ကမာ ပတ္တာ ယေနာတိ အမိတဗလပရက္ကမပတ္တော၊ ဘဂဝါ။

အမိတဗလပရက္ကမပတ္တော– ရောက်အပ်ကုန်သော မနှိုင်းယှဉ်အပ်ကုန်သော အား, လုံ့လတို့ ရှိတော်မူသော မြတ်စွာဘုရား။

(အပေါင်း ဗဟုဗ္ဗီဟိ၊ ဤဗဟုဗ္ဗီဟိသည် ကမ္မဓာရယ်, ဒွန္ဒ အတွင်းဝင်သော တုလျာဓိကရဏဗဟုဗ္ဗီဟိတည်း)

သမာသ်ပိုင်းပြီး၏။

http://www.dhammadownload.com

တဒ္ဓိတ်ပိုင်း

* *နာမ်ပုဒ် အနက်၊ တိုးတက်စေမှု၊ ကျေးဇူးပြု၊ မှတ်ရှု ဏာဒိ တဒ္ဓိတ်သိ။*

နာမ်ပုဒ်များ၏ အနက်ကို တိုးတက်အောင် ကျေးဇူးပြုသော ဏ–စသောပစ္စည်းများကို တဒ္ဓိတ်ဟုခေါ်သည်။

အပစ္စတဒ္ဓိတ်

* *သား, သ္မီးမှ၊ မြေး, မြစ်စ၊ အပစ္စ–အနက်ခေါ်။*

သား, သ္မီး, မြေး, မြစ်စသော အဆက်ဆက်ကို အပစ္စအနက်ဟု ခေါ်သည်။

* *ဆဋ္ဌီယန္တ၊ ပုဒ်နောင်မှလျှင်၊ ဏ,ဏာယန၊ ဏာန, ဏေယျ၊ ဏိ, ဏိက–နှင့်၊ ဏျ, ဏဝ၊ ဏေရ–ပါ၊ ကိုးဖြာ အပစ္စ ပစ္စည်း။*

ဆဋ္ဌီယန္တ–ပုဒ်နောင် အပစ္စအနက်၌ ဏ, ဏာယန–စသော ၉–ပစ္စည်း ထိုက်သင့်သလို သက်ရသည်။

ဏ–ပစ္စည်း

၃၄၄။ ဏ ဝါ ပစ္စေ။

အပစ္စအနက်၌ ဆဋ္ဌီယန္တလိင်နောင် ဏ–ပစ္စည်းသက်။

၃၉၆။ တေသံ ဏော လောပံ။

တဒ္ဓိတ်ပစ္စည်းတို့၏ ဏ–အနုဗန်ကိုချေ။

* *ဏ–အနုဗန်၊ ဝုဒ္ဓိညွှန်၊ ချေရန်အမြဲသာ။*

(ဏ. အနုဗန်သည် ဝုဒ္ဓိအကျိုး ရှိသည်။ ယင်း ဏ– အနုဗန်ကို အမြဲချေရသည်။)

၄၀၀။ ဝုဒ္ဓါဒိသရဿ ဝါ သံယောဂန္တဿ သဏေ စ။

ဏ–အနုဗန်ပစ္စည်းကြောင့် သံယုတ်အဆုံးမရှိသော အစ–သရကိုလည်းကောင်း၊ အစ–ဗျည်းကိုလည်းကောင်း ဝုဒ္ဓိ–ပြု။

* *ပုဒ်စ, အလယ်၊ အဆုံးဝယ်ပင်၊ သံယုဂ်ကြည်၊ လိုလျှင် ဝုဒ္ဓိပြု။*

http://www.dhammadownload.com

(ပုဒ်အလယ် အဆုံးတို့ကို တေသုဝုဒ္ဓိ- ဖြင့် ဝုဒ္ဓိပြု)

၄၀၅။ အယုဝဏ္ဏာနဉ္စ ယော ဝုဒ္ဓိ။

အ–ကို အာဝုဒ္ဓိ၊ ဣ, ဤ–ကို ဧ–ဝုဒ္ဓိ၊ ဥ, ဦ–ကို ဩ–ဝုဒ္ဓိပြု။

* *အ–ကိုကား– အာ၊ ဣ–ဤမှာ ဧ၊ ဥ–ဦဒွေး၊ ပြုရေး ဩ–ဝုဒ္ဓိ။*

ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော၊ ဝါသိဋ္ဌီ၊ ဝါသိဋ္ဌံ။

ဘာရဒ္ဒါဇဿ အပစ္စံ ဘာရဒ္ဒါဇော၊ *(ဘာရဒွါဇ+ဏ)* ဝေသာမိတ္တဿ အပစ္စံ ဝေသာမိတ္တော၊ ဂေါတမဿ အပစ္စံ ဂေါတမော၊ *(ဤပြယုဂ်တို့၌ ပင်ကိုယ်ဝုဒ္ဓိဖြစ်ခြင်းကြောင့် ဝုဒ္ဓိမပြုရ)*

ဝသုဒေဝဿ အပစ္စံ ဝါသုဒေဝေါ၊ ဗာလဒေဝေါ၊

စိတ္တကဿ အပစ္စံ စိတ္တကော၊ *(သံယုဂ်နောင်းသောကြောင့် ဝုဒ္ဓိမပြုရ)*

ရုပ်တွက်–

ဝါသိဋ္ဌော–ကို ဝသိဋ္ဌ–သဒ္ဒါ, အပစ္စ–သဒ္ဒါတည်၊ (ဝါကျဖြစ် အောင် နာမ်ရုပ်စီရင်၍) ဝသိဋ္ဌဿ အပစ္စံ–ဟူသောအနက်၌ ဝါ ဏာပစ္စေ–ဖြင့် ဏ–သက်၊ တေသံ ဝိဘတ္တိယော လောပါ စ–၌ တေသံ–သဒ္ဒါ ဖြင့် တဒ္ဓိတ်၏ ဝိဘတ်တို့နှင့် အပစ္စ သဒ္ဒါကိုချေ၊ ပကတိစဿ သရန္တဿ–ဖြင့် ဝသိဋ္ဌ–ဟု ပကတိပြု၊ (ဝသိဋ္ဌ+ဏ) တေသံ ဏော လောပံ–ဖြင့် ဏ–အနုဗန်ကိုချေ၊ ဝုဒ္ဓါဒိသရဿ ဝါ သံယောဂန္တဿ သဏေ စ–ဖြင့် အစ အ–ကို အာ–ဝုဒ္ဓိပြု၊ သရလောပေါ စသောသုတ် ဖြင့် ရှေ့သရကို ချေ၍ နောက် အ–ကို အ–ဟု ပကတိပြု၊ နယေ ပရံ ယုတ္တေ –ဖြင့် ဋ္ဌ– အ–သို့ကပ်၊ တဒ္ဓိတစသောသုတ် ဖြင့် နာမ်ကိုကဲ့သို့ငဲ့၊ သိ–သက်၊ ဩ–ပြု၊ ဝါသိဋ္ဌော–ပြီး၏။

နပုလ္လိင် ဝါသိဋ္ဌံ–ကို ပုလ္လိင်အတိုင်း နာမ်ငဲ့သည်တိုင်အောင်စီရင်၍ သိ–သက်၊ အံ–ပြု။

ဣတ္ထိလိင် ဝါသိဋ္ဌီ– ကို ဝသိဋ္ဌ–တည် စသည်ဖြင့် နာမ်မငဲ့မီတိုင်အောင် စီရင် ၍ ဏဝဏိကဏေယျဏန္တုဟိ–ဖြင့် ဤ–ပစ္စည်းသက်၊ ခွင်း၊ ချေ၊ ကပ်၊ တဒ္ဓိတ– စသော သုတ်၌ စ–သဒ္ဒါဖြင့် နာမ်ငဲ့၊ သိ–သက်၊ ချေ။

မှတ်ချက်။ ။နောက်နောက် ရုပ်တို့၌ ဝါကျပြုလုပ်မှု၊ တေသံ–သဒ္ဒါဖြင့် ချေမှု၊ ပကတိပြုမှုတို့ကို ပြတော့မည် မဟုတ်၊ ပုဒ်နှင့် ပစ္စည်း တွဲစပ်၍ ရုပ်ပြီးပုံကိုသာ ပြတော့မည်။

ဝသိဋ္ဌ–ပုဒ်၊ ဏ–ပစ္စည်း၊ အပစ္စ–အနက်–စသည်ဖြင့် ပုဒ်, ပစ္စည်း, အနက် ဤ ၃–ချက် ခွဲတတ် အောင်သာ လေ့ကျင့်ပေးပါ။

http://www.dhammadownload.com

မနုနော အပစ္စံ မာနုသော။

ဏာယန, ဏာန–ပစ္စည်း

၃၄၅။ ဏာယန ဏာန ဝစ္ဆာဒိတော။

အပစ္စအနက်၌ ဝစ္ဆ–စသော ဆဋ္ဌီယန္တပုဒ်နောင် ဏာယန, ဏာန–ပစ္စည်းသက်။

ဝစ္ဆဿ အပစ္စံ ဝစ္ဆာယနော၊ *(ဝစ္ဆ+ဏာယန)* ဝစ္ဆာနော။ *(ဝစ္ဆ+ဏာန)*

ကစ္စဿအပစ္စံ ကစ္စာယနော၊ကစ္စာနော။မောဂ္ဂလ္လဿ အပစ္စံ မောဂ္ဂလ္လာယနော၊ မောဂ္ဂလ္လာနော။ ကဏှာယနော၊ ကဏှာနော။

ဏေယျ–ပစ္စည်း

၃၄၆။ ဏေယျော ကတ္တိကာဒီဟိ။

အပစ္စအနက်၌ ကတ္တိကာ–စသော ဣတ္ထိလိင်ဟောသဒ္ဒါနောင် ဏေယျ–ပစ္စည်းသက်။

ကတ္တိကာယ အပစ္စံ ကတ္တိကေယျော၊ *(ကတ္တိကာ+ဏေယျ)* ဝိနတာယ အပစ္စံ ဝေနတေယျော၊ *(ဣ–ကို ဧ–ဝုဒ္ဓိပြု)* ရောဟိနိယာ အပစ္စံ ရောဟိနေယျော၊ ဂင်္ဂါယ အပစ္စံ ဂင်္ဂေယျော၊ ဘဂိနိယာ အပစ္စံ ဘာဂိနေယျော။သုစိယာ အပစ္စံ သောစေယျော၊ ဗာလာယ အပစ္စံ ဗာလေယျော။

ဏိ, ဏိက, ဏျ–ပစ္စည်း

၃၄၇။ အတော ဏိ ဝါ။

အပစ္စအနက်၌ အကာရန္တသဒ္ဒါနောင် ဏိ–ပစ္စည်းသက်။

ဝါ–သဒ္ဒါဖြင့် အပစ္စအနက်၌ ဏိက–ပစ္စည်း, အဒိတိစသည်နောင် ဏျ–ပစ္စည်းသက်။

ဒက္ခဿ အပစ္စံ ဒက္ခိ၊ *(ဒက္ခ+ဏိ)* သကျပုတ္တဿ အပစ္စံ သကျပုတ္တိ၊ ဗလဒေဝဿ အပစ္စံ ဗာလဒေဝိ၊ ဇိနဒတ္တဿ အပစ္စံ ဇေနဒတ္တိ၊ သုဒ္ဓောဒနိ၊ အနုရုဒ္ဓိ။

ရုပ်တွက်–

မာနုသော–၌ (မနု+ဏ) ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ သ သရေ ဝါ ဂမော–၌ အာဒိသဒ္ဒါဖြင့် (ကစ္စည်းအလို) *တစ်နည်း*– ဝါ–သဒ္ဒါဖြင့် (ရူအလို) ပစ္စည်းနှောင်း ရာ၌ သ–လာ၊ နာမ်ငဲ့, သိ–သက်၊ သြ–ပြု။

ဝစ္ဆာယနော, ဝစ္ဆာနော–၌ ဝစ္ဆ–တည်၊ ဏာယန, ဏာန–သက်၊ ဏ–အနုဗန်ချေ၊ ခွင်း, ချေ, ကပ်၊ နာမ်ငဲ့–စသည်။

http://www.dhammadownload.com

ဏိက–ပစ္စည်း

သကျပုတ္တာသ အပစ္စံ သကျပုတ္တိကော၊ *(သကျပုတ္တ+ဏိက)* သကျပုတ္တိယော၊ ဝိမာတုယာ အပစ္စံ ဝေမာတိကော။

ဏျ–ပစ္စည်း

အဒိတိယာ အပစ္စံ အာဒိစ္စော၊ ဒိတိယာ အပစ္စံ ဒေစ္စော။ ကုဏ္ဍနိယာ အပစ္စံ ကောဏ္ဍညော၊ ကုရုနော အပစ္စံ ကောရဗျော၊ ဘာတုနော အပစ္စံ ဘာတဗျော။

ဏဝ–ပစ္စည်း

၃၄၈။ ဏဝေါ ပဂ္ဂါဒီဟိ။

အပစ္စအနက်၌ ဥပဂု–စသောသဒ္ဒါနောင် ဏဝ–ပစ္စည်းသက်။

ဥပဂုဿ အပစ္စံ ဩပဂဝေါ၊ *(ဥပဂု+ဏဝ)* ဘဂ္ဂုနော အပစ္စံ ဘဂ္ဂဝေါ၊ပဏ္ဍုနော အပစ္စံ ပဏ္ဍဝေါ။

ဏေရ–ပစ္စည်း

၃၄၉။ ဏေရ ဝိဓဝါဒိတော။

အပစ္စအနက်၌ ဝိဓဝါ–စသောသဒ္ဒါနောင် ဏေရ–ပစ္စည်းသက်။

ဝိဓဝါယ အပစ္စံ ဝေဓဝေရော ၊ *(ဝိဓဝါ+ဏေရ)* သမဏာယ အပစ္စံ သာမဏေရော၊ နာဠိကေရော။

အပစ္စတဒ္ဓိတ်ပြီး၏။

ရုပ်တွက်–

သကျပုတ္တိယော–၌ တေသုဝုဒ္ဓိ–ဖြင့် က–ကို ယ–ပြု။

အာဒိစ္စော–၌ အဒိတိ–ပုဒ်နောင် ဏျ–သက်၊ ဏ–အနုဗန်ချေ၊ အာဝုဒ္ဓိပြု၊ အဝဏ္ဏော ယေ လောပဉ္စ–၌ စ–ဖြင့် အဒိတိ–၏ အဆုံး ဣ–ကိုချေ၊ ယဝတံ–စသော သုတ်ဖြင့်တျ–ကို စ–ပြု၊ ဒွေဘော်ဆောင်၊နာမ်ငဲ့–စသည်။

ကောဏ္ဍညော–၌ ကုဏ္ဍနီ+ဏျ၊ ဏ–အနုဗန်ကိုချေ၊ တေသု ဝုဒ္ဓိ–ဖြင့် သံယုဂ် နောင်းသော်လည်း ဝုဒ္ဓိပြု၊ အဝဏ္ဏော ယေ လောပဉ္စ–၌ စ–ဖြင့် ဤ–ကိုချေ၊ နျ–ကို ဉ–ပြု၊ ဒွေဘော်ဆောင်၊ နာမ်ငဲ့–စသည်။

ကောရဗျော–၌ ကုရု–ပုဒ်နောင် ဏျ–သက်၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ တေသု ဝုဒ္ဓိ–ဖြင့် ဥ–ကို အဝ–ပြု၊ ဝ, ယ–သို့ကပ်၊ ဒေါ ဓဿ စ–၌ စ–ဖြင့် ဝ–ကို ဗ–ပြု၊ နာမ်ငဲ့–စသည်။

ဩပဂဝေါ–၌ ဥပဂု–ပုဒ်နောင် ဏဝ–သက်၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ ခွင်း, ချေ, ကပ်၊ နာမ်ငဲ့– စသည်။

http://www.dhammadownload.com

သံသဋ္ဌာဒိအနေကတ္ထတဒ္ဓိတ်

၃၅၀။ ယေန ဝါ သံသဋ္ဌံ, တရတိ, စရတိ, ဝဟတိ ဏိကော။

သံသဋ္ဌ,တရတိ,စရတိ,ဝဟတိအနက်၌ တတိယန္တ လိင်စသည်နောင် ဏိကပစ္စည်းသက်။ ဝါ–သဒ္ဒါဖြင့် အခြားသောအနက်၌လည်း ဏိက–သက်။

* *သံသဋ္ဌ နှင့်၊ တရတိ–စ၊ အနက်ပြ၊ ဏိက– တတိယန္တ လိင် စသည်နောင်သက်။*

တိလေန သံသဋ္ဌံ တေလိကံ၊ ဘောဇနံ။ တေလိကီ၊ ယာဂု။ တေလိကော၊ သြဒနော။ ဂုဠေန, (ဃတေန, ဒဓိနာ, မရီစိနာ, လောဏေန) သံသဋ္ဌံ ဂေါဠိကံ၊ ဃာတိကံ၊ ဒါဓိကံ၊ မာရီစိကံ၊ လောဏိကံ။

နာဝါယ, (ဥဠုမ္ပေန, ကုလ္လေန) တရတီတိ နာဝိကော၊ သြဠုမ္ပိကော၊ ဥဠုမ္ပိကော၊ ကုလ္လိကော။

သကဋေန, (ပဒေန, ဒဏ္ဍေန) စရတီတိ သာကဋိကော၊ ပါဒိကော၊ ဒဏ္ဍိကော၊ ဓမ္မေန စရတိ ပဝတ္တတီတိ ဓမ္မိကော။

သီသေန, (အံသေန, ခန္ဓေန, အင်္ဂုလိယာ) ဝဟတီတိ သီသိကော၊ *(ဝုဒ္ဓိ မပြု)* အံသိကော၊ ခန္ဓိကော၊ အင်္ဂုလိကော။

ပရဒါရံ ဂစ္ဆတီတိ ပါရဒါရိကော၊ ပထံ ဂစ္ဆတီတိ ပထိကော။

ရုပ်တွက်–

တေလိကံ–ကို တိလ+သံသဋ္ဌ–သဒ္ဒါတည်၊ တိလေန သံသဋ္ဌံ–အနက် ၌ ယေန ဝါ သံသဋ္ဌံ–စသောသုတ်ဖြင့် အလယ်၌ ဏိက–သက်၊ တေသံ ဏော လောပံ–ဖြင့် ဏ–အနုဗန်ကိုချေ၊ ဝုဒ္ဓါဒိ–စသောသုတ်ဖြင့် အစ ဣ–ကို ဧ–ဝုဒ္ဓိပြု၊ လ, ခွင်း၊ ချေ၊ ကပ်၊ နာမ်ငဲ့၊ သိ–သက်၊ အံ–ပြု၊ တေလိကံ–ပြီး၏။

ပါရဒါရိကော–၌ ပရဒါရ–ပုဒ်နောင် ဏိက–သက်၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ နာမ်ငဲ့–စသည်။

http://www.dhammadownload.com

၃၅၁။ တမဓိတေ တေန ကတာဒိ သန္နိဓာန နိယောဂ သိပ္ပ ဘဏ္ဍ ဇီဝိကတ္ထေသု စ။

အဓိတေ, ကတ, သန္နိဓာန, နိယောဂ, သိပ္ပ, ဘဏ္ဍ, ဇီဝိက– စသော အနက်၌ ဏိက ပစ္စည်းသက်။

အာဒိ–သဒ္ဒါဖြင့် အခြားအနက်တို့၌လည်း ဏိက–သက်။

**   အဓိတေ, ကတ၊ နိယောဂ, သန္နိ၊ ဇီဝိ, သိပ္ပ၊ ဘဏ္ဍ စ၊ သက်ရ ဏိကပင်။*

ဝိနယံ အဓိတေ ဝေနယိကော၊ *(ဝိနယ+ဏိက)* သုတ္တန္တိကော၊ အာဘိဓမ္မိကော။

၄၀၁။ မာယူနမာဂမော ဌာနေ။

သင့်လျော်ရာဌာန၌ ဏအနုဗန်ရှိသောပစ္စည်းကြောင့် သံယုဂ်အဆုံးမရှိကုန်သော ဣ, ဥ တို့ကို ဝုဒ္ဓိမပြုဘဲ ထိုဝုဒ္ဓိပြုရမည့်အရာ၌ ဧ–ဝုဒ္ဓိ, ဩ–ဝုဒ္ဓိလာ။

** ဣ, ဥ ကာရိယ၊ ယ, ဝ–ရှေ့မှာ၊ ဧ, ဩ–လာ၊ မှန်စွာ မှတ်ကုန်ကြ။*

ဣ, ဥ–တို့ကို ယ, ဝ–ပြုထားခြင်းကြောင့် ဝုဒ္ဓိမပြုပဲ ယင်း ယ, ဝ–တို့၏ ရှေ့၌ ဧ, ဩ–ဝုဒ္ဓိ လာရသည်။

ဗျာကရဏံ အဓိတေ ဝေယျာကရဏိကော၊ နျာယံ အဓိတေ နေယျာယိကော၊ ကာယေန ကတံ ကမ္မံ ကာယိကံ၊ ဝစသာ ကတံ ကမ္မံ ဝါစသိကံ၊ မာနသိကံ၊ ပဉ္စသတေဟိ ကတာ သင်္ဂီတိ ပဉ္စသတိကာ။

သရီရေ သန္နိဓာနာ ဝေဒနာ သာရီရိကာ၊ မာနသိကာ။

ရုပ်တွက်–

ဝေယျာကရဏိကော–ကို ဝိ+အာကရဏ, နေယျာယိကော–ကို နိ+အာယ–ဟုတည်၊ တမဓိတေ စသောသုတ် ဖြင့် ဏိက–သက်၊ ဏ–အနုဗန် ကိုချေ၊ ဣဝဏ္ဏော ယံ နဝါ–ဖြင့် ဝိ, နိ–တို့၏ ဣ–ကို ယ–ပြု၊ မာယူနမာဂမော ဌာနေ–ဖြင့် ယ–ရှေ့၌ ဧ–ဝုဒ္ဓိလာ၊ ဝ်, ဧ–သို့ကပ်၊ န်, ဧ–သို့ကပ်၊ နာမ်ငဲ့၊ သိ–သက်၊ ဩ–ပြု၊ ဝေယျာကရဏိကော, နေယျာယိကော–ပြီး၏။

ဝါစသိကံ–ကို ဝစ, မာနသိကံ–ကို မန–တည်၊ ဏိက–သက်၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ သ သရေ ဝါ ဂမော–၌ ဝါ–ဖြင့် ပစ္စည်းကြောင့် သ–လာ၊ နာမ်ငဲ့–စသည်။

http://www.dhammadownload.com

နိယုတ္တအနက်– ဒွါရေ နိယုတ္တော ဒေါဝါရိကော၊ ဘဏ္ဍာဂါရေ နိယုတ္တော ဘဏ္ဍာဂါရိကော၊ စေတသိ နိယုတ္တာ စေတသိကာ။

သိပ္ပအနက်– ဝီဏာ အဿ သိပ္ပံ ဝေဏိကော။

ဘဏ္ဍအနက်– ဂန္ဓော အဿ ဘဏ္ဍန္တိ ဂန္ဓိကော၊ တေလိကော။

ဇီဝတိအနက်– ဥရဗ္ဘံ ဟန္တွာ ဇီဝတီတိ ဩရဗ္ဘိကော၊ မဂံ ဟန္တွာ ဇီဝတီတိ မာဂဝိကော၊ (ဗြဲသု ဝုဒ္ဓိ–ဖြင့် ဝ–လာ) သူကရိကော၊ သာကုဏိကော။

ဟတ, ဗဒ္ဓအနက်– ဇာလေန ဟတော ဇာလိကော၊ သုတ္တေန ဗဒ္ဓေါ (ဗန္ဓော) သုတ္တိကော။

ကီတ, ဒိဗ္ဗတိအနက်– ဝတ္ထေန ကီတံ ဘဏ္ဍံ ဝတ္ထိကံ။ အက္ခေန ဒိဗ္ဗတီတိ အက္ခိကော။

အာဝုဓ, အာဟာဓအနက်– စာပေါ အဿ အာဝုဓောတိ စာပိကော၊ ဝါတော အဿ အာဗာဓောတိ ဝါတိကော။

ပသန္န, သန္တကအနက်– ဗုဒ္ဓေ ပသန္နော ဗုဒ္ဓိကော၊ ဗုဒ္ဓဿ သန္တကော ဗုဒ္ဓိကော။

ပရိမာဏ, ရာသိ, အရဟတိအနက်– ကုမ္ဘော အဿ ပရိမာဏန္တိ ကုမ္ဘိကံ၊ ကုမ္ဘဿ ရာသိ ကုမ္ဘိကော၊ ကုမ္ဘံ အံရဟတီတိ ကုမ္ဘိကော။

အရဟတိအနက်– သန္ဒိဋ္ဌံ အရဟတီတိ သန္ဒိဋ္ဌိကော၊ ဧဟိ ပဿာတိ ဣမံ ဝိဓိံ အရဟတီတိ ဧဟိပဿိကော။

သီလ, ဇာတ, ဝသတိအနက်– ပံသုကူလံ သီလံ အဿာတိ ပံသုကူလိကော၊ အပါယေ ဇာတော အာပါယိကော၊ ရာဇဂဟေ ဇာတော ရာဇဂဟိကော၊ ရာဇဂဟေ ဝသတီတိ ရာဇဂဟိကော။

အာဂတ–စသောအနက်– မာတိတော အာဂတံ မာတိကံ၊ မာတိတော သမ္ဘူတံ မတ္တိကံ၊ ဥပဓိ တဿ ပယောဇနံ ဩပဓိကံ။

သကတ်အနက် – အသင်္ခါရေနေဝ အသင်္ခါရိကံ။

ရုပ်တွက်–

ဒေါဝါရိကော–ကို ဒွ+အာရ–တည်၊ ဏိက–သက်၊ ဏ–အနုဗန်ချေ၊ ဝမောဒု ဒန္တာနံ–ဖြင့် ဒ္ဝ–၏ ဥ–ကို ဝ–ပြု၊ မာယူနမာဂမော ဌာနေ–ဖြင့် ဥ–ကို ဝ–ပြုပြီးဖြစ်၍ ဝုဒ္ဓိမပြုပဲ ဝ–၏ရှေ့၌ ဩ–ဝုဒ္ဓိလာ၊ ဒ်, ဩ–သို့ကပ်၊ ဝ်, အာ–သို့ကပ်၊ နာမ်ငဲ့–စသည်။

http://www.dhammadownload.com

၃၅၂။ ဏ ရာဂါတသော ဒမညတ္တေသု စ။

ရတ္တ-အနက်, အခြားသောအနက်တို့၌ ဏ-ပစ္စည်းသက်။

စ-သဒ္ဒါဖြင့် ဇာတ, ဝသတိ, ဟိတ, အရဟတိ စသောအနက်တို့၌ ဏေယျ-ပစ္စည်းသက်။

* *ရတ္တ, ဣဒံ၊ တစ်ဖန် ဘဝ၊ နိဝါသ-စွက်၊ စသည်နက် နှစ်ချက် ဏ,ဏေယျ။*

ရတ္တ, ဣဒံ, ဘဝ, နိဝါသ-စသောအနက်တို့၌ ဏ-နှင့်ဏေယျ-ပစ္စည်းသက်။

ကသာဝေန ရတ္တံ ဝတ္ထံ ကာသာဝံ၊ ကသာယေန ရတ္တံ ကာသာယံ၊ ကုသုမ္ဘေန ရတ္တံ ကောသုမ္ဘံ၊ ဟလိဒ္ဒိယာ ရတ္တံ ဟာလိဒ္ဒံ၊ နီလေန ရတ္တံ နီလံ။

မဟိံသဿ ဣဒံ မာဟိံသံ၊ သူကရဿ ဣဒံ သူကရံ, သောကရံ ဝါ၊ သုဂတဿ ဣဒံ သောဂတံ။

၄၀၂။ အာတ္တဉ္စ။

သင့်လျော်ရာဌာန၌ ဏ-အနုဗန်ရှိသောပစ္စည်းကြောင့် အစ ဣ, ဥ-တို့ကို အာ-ပြု၍ ရိ-လည်းလာ။

* *အစ ဣ, ဥ၊ ဏ-နောင်းမူ၊ အာ-ပြု, ရိ-လည်းလာ။*

ဣသိဿ ဣဒံ အာရိသံ၊ (အာရိသျံ)။

မှတ်ချက်။ ။ဘာဝတ္ထဒိတ် ဏျ-ပစ္စည်းဖြင့်သာ အာရိသျံ-ဟု ရှိနိုင်သည်၊ ဏ-ပစ္စည်းဖြင့်ကား အာရိသံ-ဟုသာ ရှိရမည်၊ ဏ-ပစ္စည်းဖြင့် အာရိသျံ-ရှိသည်ကား ပါဌ်ပျက်ဟု ဆို ကြသည်၊ အာရိသိ+အ-၌ ဣဝဏ္ဏော ယံ နဝါ-ဖြင့် ယ-ပြုလျှင် အာရိသျံ-လည်းသင့်နိုင်သည်၊ ဘာဝတဒ္ဓိတ်ခန်း ဏ ဝိသမာဒီဟိ-သုတ်၌လည်း ကြည့်လေ။

ဥသဘဿ ဣဒံ အာသဘံ။ *(အစ ဥ-ကို အာ-ပြု)*အာသဘီ ဝါစာ။

ရုပ်တွက်-

အာရိသံ-၌ ဣသိ-နောင် ဏ-သက်၊ ဏ-အနုဗန်ချေ၊ အာတ္တဉ္စ-ဖြင့် အစ ဣ-ကို အာ-ပြု၍ ရိ-လည်းလာ၊ သ, ခွင်း, ချေ, ကပ်၊ အာရိသံ-ပြီး၏။

အာသဘံ-၌ ဥသဘ-နောင် ဏ-သက်၊ ဏ-အနုဗန်ချေ၊ အာတ္တဉ္စ-ဖြင့် အာ-ပြု။

ဏ ရာဂါ တသေ့ဒမည တ္တေသု စ–၌ အညတ္ထအရ အခြားသော အနက်များမှာ–

မနသိ ဘဝံ မာနသံ သုခံ၊ *(သ–လာ)* ဥရသိ ဘဝေါ ပုတ္တော ဩရသော။ မိတ္တေ ဘဝါ မေတ္တာ၊ ပုရေ ဘဝါ ဝါစာ ပေါရီ။

သရဒေ ဇာတော မာသော သာရဒေါ၊ မထုရာယံ ဇာတော မာထုရော၊ မာထုရကော၊ *(သဗ္ဗတော ကော–၌ သဗ္ဗတော–သဒ္ဒါဖြင့် က–လာ)* ရာဇဂဟေ ဇာတော ရာဇဂဟော၊ ရာဇဂဟာ အာဂတော ရာဇဂဟော၊ ရာဇဂဟော အဿ နိဝါသောတိ ရာဇဂဟော၊ ရာဇဂဟဿ ဣဿရောတိ ရာဇဂဟော။ ဧဝံ ဝေရဉ္ဇော၊ ဝေသာလော။

ဇနပဒ်ဟော နာမ်ပုဒ်များ၌ကား– အားလုံး ပုလ္လိင် ဗဟုဝုစ်ချည်းသာတည်း။

* *ဇနပုဒ်ဟော၊ ပုဒ်သဘော၊ မှတ်လော ပုလ္လိင်၊ ဗဟုဝုစ်။*

ကောသလေသု ဇာတော, ကောသလေဟိ အာဂတော, ကောသလာ အဿ နိဝါသော, ကောသလာနံ ဣဿရောတိ ဝါ ကောသလော၊ ဧဝံ မာဂဓော၊ အင်္ဂေါ။

နက္ခတ်ယှဉ်ရာသဒ္ဒါများမှာ– ကတ္တိကာယ ယုတ္တော မာသော ကတ္တိကော၊ မဂသိရေန, ဖုဿေန, မဃာယ, ဖဂ္ဂုနိယာ, စိတ္တာယ, ဝိသာခါယ, ဇေဋ္ဌာယ, အာသဠ္ဟာယ, သဝဏေန, ဘဒ္ဒေန, အဿယုဇေန ယုတ္တော မာသော မာဃသိရော၊ ဖုဿော၊ မာဃော၊ ဖဂ္ဂုနော၊ စိတ္တော၊ ဝေသာခေါ၊ ဇေဋ္ဌော၊ အာသဠ္ဟော၊ အာသဠ္ဟီ ဝါ၊ သာဝဏော၊ သာဝဏီ၊ ဘဒ္ဒေါ၊ အဿယုဇော။

ဗုဒ္ဓေါ အဿ ဒေဝတာတိ ဗုဒ္ဓေါ၊ ဧဝံ သောဂတော၊ မာဟိန္ဒော၊ ယာမော၊ သောမော။

ဗျာကရဏံ အဝေစ္စာဓိတေ ဝေယျာကရဏော၊ မောဟုတ္တော၊ နေမိတ္တော။

ဝသာတိနံ ဝိသယော ဒေသော ဝါသာတော၊ ဥဒုမ္ဗရာ အသ္မိံ ပဒေသေ သန္တီတိ ဩဒုမ္ဗရော။

သဟဿေန နိဗ္ဗတ္တာ ပရိခါ သာဟဿီ၊ ပယသာ နိဗ္ဗတ္တံ ပါယသံ၊ (ပါယာသံ)။

သဟဿံ အရဟတီတိ သာဟဿီ၊ ဂါထာ။

ရုပ်တွက်–

မာနသံ–၌ မန+ ဏ၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ သ သရေ ဝါ ဂမော–၌ ဝါ–ဖြင့် သ–လာ။

ဩရသော–၌ ဥရ+ ဏ၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ သ သရေ ဝါ ဂမော–၌ ဝါ–ဖြင့် သ–လာ။

မေတ္တာ–၌ မိတ္တ + ဏ၊ ဣတ္ထိ,အာပစ္စည်းသက်။

http://www.dhammadownload.com

သုဝဏ္ဏာသ ဝိကာရော သောဝဏ္ဏော။ ပုရိသော ပရိမာဏံ ယဿာတိ ပေါရိသံ၊ ဥဒကံ။

ဏာရာဂါ တဿေ ဒမည္တေ္တသု စ–၌ စ–ဖြင့် ဇာတ, ဝသတိ, ဟိတ, ဘာတု, အရဟာတိ စသောအနက်တို့၌ ဏေယျ–သက်။

ဗာရာဏသိယံ ဇာတော, ဝသတီတိ ဝါ ဗာရာဏသေယျော၊ ဗာရာဏသေယျကော၊

ကုလေ ဇာတော ကောလေယျကော သုနခေါ၊ ပဗ္ဗတေ ဇာတာ နဒီ ပဗ္ဗတေယျာ။

ပထဿ ဟိတံ ပါထေယျံ၊ သပတိဿ ဟိတံ သာပတေယျံ၊ ဓနံ၊ ပဒီပဿ ဟိတံ တေလံ ပဒီပေယျံ။

မာတု ဟိတံ မတ္တေယျံ၊ ပေတ္တေယျံ၊ ပိတု ဘာတာ ပေတ္တေယျော။ (ဘကြီး, ဘထွေး, ဦးကြီး, ဦးလေး) မောဂ္ဂလာန်၌ ပိတိတော ဘာတရိ ရေယျဏ်–သုတ်ဖြင့် ရေယျဏ် ပစ္စည်းဆိုသည်၊ အင်္ဂုတ္တိုရ် ဆက္က, ဓမ္မိကဝဂ်, မိဂသာလာသုတ် နိဿယ, မြန်မာပြန်တို့၌ ပေတ္တေယျော–အဘိုး ဟု ဘာသာပြန် မှားကြသည်)

ဒက္ခိဏံ အရဟာတီတိ ဒက္ခိဏေယျော။

၃၅၃။ ဇာတာဒီနမိမိယာ စ။

ဇာတ–အစရှိသောအနက်တို့၌ ဣမ, ဣယ–ပစ္စည်းသက်။

အာဒိသဒ္ဒါဖြင့် နိယုတ္တ, အဿတ္ထိ, ဘဝ စသောအနက်တို့၌ ဣမ, ဣယ–ပစ္စည်းသက်။

စ–သဒ္ဒါဖြင့် ဣက, ကိယ, ယ, ဏျ–ပစ္စည်းတို့လည်းသက်။

* *ဇာတ–စဖြာ၊ အနက်မှာလျှင်၊ ဣမာ, ဣယ၊ ဣက, ယ၊ ကိယ, ဏျ–သက်။*

ဣမ– ပစ္ဆာ ဇာတော ပစ္ဆိမော၊ ပစ္ဆိမာ ဇနတာ၊ ပစ္ဆိမံ စိတ္တံ၊ အန္တိမော၊ မဇ္ဈိမော၊ ပုရိမော။

ဣယ– မနုဿဇာတိယာ ဇာတော မနုဿဇာတိယော၊ အဿဇာတိယော၊ သမာနဇာတိယော၊ လောကိယော။

ဣက– အန္တေ နိယုတ္တော အန္တိမော၊ အန္တိယော၊ အန္တိကော။

ရုပ်တွက်– ဗာရာဏသေယျကော–၌ ဗာရာဏသီ+ဏေယျ၊ သဗ္ဗတော ကော–ဖြင့် က–လာ။

http://www.dhammadownload.com

ပုတ္တော အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ ပုတ္တိမော၊ ပုတ္တိယော၊ ပုတ္တိကော။ ကပ္ပေါ အဿ အတ္ထီတိ ကပ္ပိယော၊ ဟာနဘာဂေါ အဿ အတ္ထီတိ ဟာနဘာဂိယော၊ ဗောဓိဿ ပက္ခော ဗောဓိပေက္ခော၊ ဗောဓိပက္ခေ ဘဝါ ဗောဓိပက္ခိယာ၊ ပဉ္စ ဝဂ္ဂေ ဘဝါ ပဉ္စဝဂ္ဂိယာ၊ ဥဒရိယံ၊ အတ္တနော ဣဒန္တိ အတ္တနိယံ။ ဇာတိယာ နိယုတ္တော ဇာတိကိယော၊ သဿ အယန္တိ သကိယော၊ (သ+ကိယ)

စ–သဒ္ဒါဖြင့် သာဓု, ဟိတ, ဘဝ, ဇာတိ စသောအနက်တို့၌ ယ, ဏျ–ပစ္စည်းသက်။

ယ–ပစ္စည်း

* *သာဓု, ဟိတ၊ ဘဝ, ဇာတာ၊ စသည်မှာ၊ သက်ပါ ယ, ဏျ ။*

ကမ္မနိ သာဓု ကမ္မညံ။ သဘာယံ သာဓု သဗ္ဘံ၊ မေဓာယ ဟိတံ ဃင့ံ မေဇ္ဈံ၊ ပါဒါနံ ဟိတံ တေလံ ပဇ္ဇံ၊ ရထဿ ဟိတာ ရစ္ဆာ။

ဂါမေ ဘဝေါ ဂမ္မော၊ ဂဝေ ဘဝံ ဂဗျံ၊ ကဝိမှိ ဘဝံ ကဗျံ၊ ဒိဝိ ဘဝါ ဒိဗျာ။

ထနတော ဇာတံ ထညံ၊ ခနာယ သံဝတ္တတီတိ ခညံ။

ဏျ–ပစ္စည်း

ပရိသာယံ သာဓု ပါရိသဇ္ဇော၊သမဏာနံ ဟိတာ သာမညာ ဓနာ၊ ဗြာဟ္မဏာနံ ဟိတာ ဗြာဟ္မညာ၊ အရူပေ ဘဝါ အာရုပ္ပါ။

ရုပ်တွက်–

အတ္တနိယံ–၌ အတ္တ–ပုဒ်နောင် ဣယ–သက်၊ တေသု ဝုဒ္ဓိ–စသောသုတ်ဖြင့် န–လာ။

ကမ္မညံ–၌ ကမ္မ–ပုဒ်နောင် ယ–သက်၊ တေသု ဝုဒ္ဓိ–စသောသုတ်ဖြင့် န–လာ၊ နျ–ကို ဉ –ပြု။

သဗ္ဘံ–စသည်၌ အဝဏ္ဏော ယေ လောပဉ္စ–ဖြင့် သဘာ, မေဓာ–တို့၌ အာ–ကို၊ ပါဒ–၌ အ–ကို ချေ၊ ဘျ–ကို ဘ၊ ဓျ–ကို ဈ၊ ဒျ–ကို ဇ–ပြု၊ ဒွေဘော်ဆောင်၊ ကွစာဒိမဇ္ဈုတ္တရာနံ–စသောသုတ်ဖြင့် ရဿပြု။

ရစ္ဆာ–၌ ရထ+ယ၊ ထ, ခွင်း, ချေ, ကပ်၊ ထျ–ကို ဆ–ပြု၊ ဒွေဘော်ဆောင်။

ဂဗျံ–၌ ဂေါ+ယ–၌ ဩ သရေ စ–၌ စ–ဖြင့် ဩ–ကို အဝ–ပြု၊ ဒေါဓဿ စ–၌ စ–ဖြင့် ဝ–ကို ဗ–ပြု။

ပါရိသဇ္ဇော–၌ ပရိသာ+ဏျ၊ အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ တေသုဝုဒ္ဓိ–ဖြင့် ဒ–လာ၍ သာ–၌ အာ–ကို ရဿပြု။

http://www.dhammadownload.com

၃၅၄။ သမူဟတ္ထေ ကဏ် ဏာ။

သမူဟ–အနက်၌ ဆဋ္ဌီယန္တလိင်နောင် ကဏ်, ဏ–ပစ္စည်းသက်။

* *သမူဟနက်၊ ပစ္စည်းသက်၊ သုံးချက် ဏ, ကဏ်, တာ။*

ရာဇပုတ္တာနံ သမူဟော ရာဇပုတ္တော၊ ရာဇပုတ္တကော၊ မာနုသော၊ မာနုသကော၊ အဋ္ဌနံ့ သမူဟော အဋ္ဌကော၊ ဒွိန္နံ သမူဟော ဒွယံ၊ (ဒွိ+ဏ–၌ ဏ–အနု ဗန်ချေ၊ တေသုဝုဒ္ဓိ–ဖြင့် ဣ–ကို အယ–ပြု) တိန္နံ သမူဟော တယံ။

၃၅၅။ ဂါမဇနဗန္ဓုသဟာယာဒီဟိ တာ။

သမူဟ–အနက်၌ ဂါမ, ဇန, ဗန္ဓု, သဟာယ–စသော သဒ္ဒါနောင် တာ –ပစ္စည်းသက်။

ဂါမာနံ သမူဟော ဂါမတာ၊ ဇနတာ၊ ဗန္ဓုတာ၊ သဟာယတာ၊ နဂရာနံ သမူဟော နဂရတာ။ (တစ်နည်း) နဂရေ ဇာတာ နာဂရာ၊ နာဂရာနံ သမူဟော နာဂရတာ။ (မြို့၌ ဖြစ်သူတို့၏ အပေါင်း)

တာ–ဟူသောယောဂဝိဘာဂဖြင့် သကတ်အနက်၌လည်း တာ–ပစ္စည်းသက်။ တာ–ပစ္စည်းသည် အမြဲဣတ္ထိလိင်၌ဖြစ်သည်။

* *ယောဂဝိဘာဂ၊ တာ–ဖြင့်ပြ၊ အတ္တသကတ် ထိမြဲမှတ်။*

ဒေဝေါယေဝ ဒေဝတာ။

၃၅၆။ တဒဿ ဌာနမိယော စ။

တဒဿဌာန–အနက်၌ ဆဋ္ဌီယန္တလိင်နောင် ဣယ–ပစ္စည်းသက်။

စသဒ္ဒါဖြင့် ဟိတ–စသောအနက်၌လည်း ဣယ–သက်။

* *တဒဿ ဌာန၊ ဟိတ–စ၊ ဣယ–ပစ္စည်းသက်။*

မဒနဿ ဌာနံ မဒနိယံ၊ ဒဿနိယံ၊ ဥပါဒါနိယံ၊ ပသာဒနိယံ၊ ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ။

၃၅၇။ ဥပမတ္ထာယိတတ္တံ။

ဥပမာအနက်၌ ဥပမာဟောလိင်နောင် အာယိတတ္တ–ပစ္စည်းသက်။

* *အာယိတတ္တ၊ ဥပမာပြ၊ ဌာနနိဿိ လ–သက်ဘိ။*

ဓူမော ဝိယ ဒိဿတီတိ ဓူမာယိတတ္တံ၊ တိမိရာယိတတ္တံ။

http://www.dhammadownload.com

၃၅၈။ တန္နိဿိတတ္တေ လော။

ဉာနအနက်, နိဿိတအနက်၌ လ-ပစ္စည်းသက်။

ဒုဋ္ဌ နိဿိတံ, ဒုဋ္ဌ ဉာနံ ဝါ ဒုဋ္ဌုလ္လံ၊ ဒုဋ္ဌုလ္လာ ဝါစာ၊ *(လ-ဒွေဘော်ဆောင်)* ဝေဒလ္လံ။

၃၅၉။ အာလု တဗ္ဗဟုလေ။

တဗ္ဗဟုအနက်၌ ပထမန္တပုဒ်နောင် အာလု-ပစ္စည်းသက်။

** တဗ္ဗဟုလနက်၊ အာလု-သက်၊ နောက်ဆက်ချို့မှာ က-လည်းလာ။*

သဗ္ဗတော ကော-၌ သဗ္ဗတော-သဒ္ဒါပို ဖြင့် အချို့အရာ၌ က-လာ။

အဘိဇ္ဈာ အဿ ပကတိ အဘိဇ္ဈာလု၊ အဘိဇ္ဈာ အဿ ဗဟုလာ ဝါ အဘိဇ္ဈာလု၊ အဘိဇ္ဈာလုကော။ သီတာလု၊ ဓဇာလု၊ ဒယာလု။

၃၆၀။ ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ။

ယဒနုပပန္နာ စသောသုတ်ဖြင့် ပဋိဘာဂ, ကုစ္ဆိတ, သညာ, အနုကမ္ပစသောအနက်တို့၌ က-ပစ္စည်းသက်၊ ကိံ, ယ, တ, ဧတ-တို့နောင် ပရိမာဏအနက်၌ တ္တက, ဝန္တု-ပစ္စည်းသက်။

** ပဋိဘာဂ၊ ကုစ္ဆိတ, သညာ၊ နုကမ္ပာဒိ၊ အနက်သိ၊ သက်ဘိ က-ပစ္စည်း။*

ပဋိဘာဂအနက်- ဟတ္ထိနော ဣဝ ဟတ္ထိကာ (ဆင်တို့ကဲ့သို့၊ ဝါ- ဆင်ရုပ်)၊ အဿကာ။
ကုစ္ဆိတအနက်- ကုစ္ဆိတော သမဏော သမဏကော၊ ဗြာဟ္မဏကော၊မုဏ္ဍကော၊ ပဏ္ဍိတကော။
သညာအနက်- စိတ္တနာမကော စိတ္တကော။
အနုကမ္ပအနက်- အနုကမ္ပိတော ပုတ္တော ပုတ္တကော *(သနားစဖွယ် သားငယ်)*၊

** ကိံ-နှင့် ယ, တ၊ ဧတ-နောက်မှာ၊ ပရိမာဏ၊ အနက်ပြ၊ တ္တက, ဝန္တု-သက်။*

ကိံ ပရိမာဏံ အဿာတိ ကိတ္တကံ၊ ယတ္တကံ၊ တတ္တကံ၊ ဧတ္တကံ။ ယံ ပရိမာဏံ အဿာတိ ယာဝ၊ တာဝ၊ ဧတာဝ။ *(ယဒနုပပန္နာ-စသောသုတ်ဖြင့်ပင် ဝန္တု-ကြောင့် အာ-ပြု)*

http://www.dhammadownload.com

ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ–သုတ်ဖြင့်ပင် မာတု,ပိတု–နောင် ဘဂိနီ –အနက်၌ ဆ–ပစ္စည်းသက်၊ မာတု, ပိတု–နောင် မာတု,ပိတု–အနက်၌ အာမဟ–ပစ္စည်းသက်၊ မာတု–သဒ္ဒါနောင် ဘာတု–အနက်၌ ဥလ–ပစ္စည်းသက်။

* *မာတု, ပိတု၊ နှစ်ခုနောက်ဘက်၊ ဆ–လျှင်သက်၊ အနက် ဘဂိနီ။*

မာတု ဘဂိနီ မာတုစ္ဆာ၊ ပိတု ဘဂိနီ ပိတုစ္ဆာ။

* *မာတု, ပိတု၊ နှစ်ခုနောက်ဘက်၊ အာမဟ–သက်၊ အနက် မာတာပိတု–မှာ။*

မာတု မာတာ မာတာမဟီ *(အဖွား)* မာတု ပိတာ မာတာမဟော *(အဖိုး)* ပိတု မာတု ပိတာမဟီ၊ ပိတု ပိတာ ပိတာမဟော။

* *မာတု–နောက်ဘက်၊ ဥလ–သက်၊ အနက် ဘာတု–မှာ။*

မာတုယာ ဘာတာ မာတုလော**(ဦးကြီး၊ ဦးလေး)**။

၃၇၂။ တပ္ပကတိဝစနေ မယော။

တပ္ပကတိ–အနက်ကို ဟောရာ၌ မယ–ပစ္စည်းသက်။

မယော–ဟူသောယောဂဝိဘာဂဖြင့် သကတ်အနက်၌လည်း မယ–သက်။

* *တပ္ပကတိနက်၊ မယ–သက်၊ တစ်ချက် နိဗ္ဗ, သကတ္တ။*

တပ္ပကတိအနက်, နိဗ္ဗတ္တအနက်တို့၌ မယ–ပစ္စည်းသက်။

သုဝဏ္ဏေန ပကတံ သုဝဏ္ဏမယံ၊ သောဝဏ္ဏမယံ ဝါ၊ ရဇတမယံ၊ ကုဒ္ဒါလဿ နိဗ္ဗတ္တံ ကုဒ္ဒါလမယံ၊ မနတော နိပ္ဖန္နာ မနောမယာ၊ ဂဝေန ပကတံ ကရီသံ, ဂေါတော နိဗ္ဗတ္တန္တိ ဝါ ဂေါမယံ။

၁၈၃။ ဧတေသမော လောပေ။

ဝိဘတ်ကျေပြီးသော် မနောဂိုဏ်းသဒ္ဒါတို့၏ အဆုံးသရကို ဩ–ပြု။

အယသာ ပကတံ အယောမယံ။

သကတ်အနက်– ဒါနမေဝ ဒါနမယံ၊ သီလမယံ။

အာနေကတ္တတခ္ခိတ် ပြီး၏။

http://www.dhammadownload.com

ဘာဝတဒ္ဓိတ်

** ဆဋ္ဌီယန္တ၊ လိင်နှောင်မှလျင်၊ ဏျ, တ္တ, တာ၊ တ္တန–ပါ ဏေယျ၊ ကဏ်နှင့်ဏ၊ ဘာဝ, ကမ္မ, သကတ္တ။*

၃၆၀။ ဏျတ္တတာ ဘာဝေ တု။

ဘော–အနက်၌ ဆဋ္ဌီယန္တလိင်နောင် ဏျ, တ္တ, တာ–ပစ္စည်းသက်။

တု–သဒ္ဒါဖြင့် တ္တန, ဏေယျ–စသည်လည်းသက်။

** ဏျ, တ္တ–နှင့်၊ တ္တန–သုံးဖြာ၊ နပုံးသာ၊ တာ–မှာ ဣတ္ထီ မြဲ။*

အလသဿ ဘာဝေါ အာလသျံ၊ ဝံ အာရောဂျံ၊ ဥဒဂ္ဂဿ ဘာဝေါ ဩဒဂျံ၊ သခိနော ဘာဝေါ သချံ၊ အဏဏဿ ဘာဝေါ အာဏဏျံ၊ ဝိဓဝါယ ဘာဝေါ ဝေဓဗျံ၊ ဒုဗ္ဗလဿ ဘာဝေါ ဒုဗ္ဗလျံ၊ စပလဿ ဘာဝေါ စာပလျံ။

ဝိယတ္တဿ ဘာဝေါ ဝေယတ္တိယံ၊ (ဧတသုဝုဒ္ဓိ–ဖြင့် ယ–ကြောင့် ရှေ့၌ ဣ–လာ) မစ္ဆရဿ ဘာဝေါ မစ္ဆရိယံ၊ ဣဿရိယံ၊ အာလသိယံ။

ပဏ္ဍိတဿ ဘာဝေါ ပဏ္ဍိစ္စံ၊ (ယဝတံစသည်ဖြင့် တျ–ကို စ–ပြု၊ ဒွေဘော်ဆောင်) ဗဟုဿုတဿ ဘာဝေါ ဗာဟုဿစ္စံ၊ (ဧတသုဝုဒ္ဓိ–ဖြင့် သု–၌ ဥ–ကို အ–ပြု) အဓိပတိဿ ဘာဝေါ အာဓိပစ္စံ၊ (ယ–ကြောင့် ရှေ့ ဣ–ကိုချေ) မုဋ္ဌဿတိဿ ဘာဝေါ မုဋ္ဌဿစ္စံ၊ ကုသလဿ ဘာဝေါ ကောသလ္လံ၊ ဝေပုလ္လံ၊ သမာနာနံ ဘာဝေါ သာမညံ၊ဂိလာနဿ ဘာဝေါ ဂေလညံ။

သုဟဒဿ ဘာဝေါ သောဟဇ္ဇံ၊ ဝေသာရဇ္ဇံ၊ ကုသီဒဿ ဘာဝေါ ကောသဇ္ဇံ၊ (ဧတသုဝုဒ္ဓိ–ဖြင့် ဤ–ကို အ–ပြု) ပုရိသဿ ဘာဝေါ ပေါရိသံ၊ (ကာရိယဒ္ဒါပိုဖြင့် သျ–ကို သ–ပြု) သုမနဿ ဘာဝေါ သောမနဿံ၊ (ဧတသုဝုဒ္ဓိ–ဖြင့် သ–လာ၊ သျ–ကို သ–ပြု၊ ဒွေဘော်ဆောင်) ဒေါမနဿံ။

ရုပ်တွက်–

အာလသျံ–၌ အလသ–ပုဒ်နောင် ဏျ–သက်၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ အဝဏ္ဏော ယေ လောပဥ္စ–ဖြင့် သ–၏ အ–ကိုချေ၊ ကပ်၊ နာမ်ငဲ့–စသည်။

ဩဒဂျံ–၌ သဘောတူ ဂ–တစ်လုံးကိုချေ။

သာမညံ–၌ သမာန+ဏျ၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ နျ–ကို ဉ–ပြု၊ ဒွေဘော်ဆောင်၊ ကွစာဒိ မဇ္ဈေတ္တရာနံ–စသည်ဖြင့် မာ–၏ အာ–ကို ရဿပြု။

http://www.dhammadownload.com

သုဝစဿ ဘာဝေါ သောဝစဿံ၊ နိပကဿ ဘာဝေါ နေပက္ကံ၊ ဝါဏိဇဿ ဘာဝေါ ဝါဏိဇ္ဇံ၊ ရာဇိနော ဘာဝေါ ရဇ္ဇံ၊ တထဿ ဘာဝေါ တစ္ဆံ၊ ဒုမ္မေဓဿ ဘာဝေါ ဒုမ္မေဇ္ဈံ၊ သမဏဿ ဘာဝေါ သာမညံ၊ ဗြာဟ္မညံ၊ နိပုဏဿ ဘာဝေါ နေပုညံ။

တ္တ, တာ–ပစ္စည်း– ပံသုကူလိကဿ ဘာဝေါ ပံသုကူလိကတ္တံ၊ ပံသုကူလိကတာ၊ မနုဿတ္တံ၊ မနုဿတာ၊ ကတညုတာ၊ လဟုတာ။

တ္တန–ပစ္စည်း– ပုထုဇ္ဇနဿ ဘာဝေါ ပုထုဇ္ဇနတ္တနံ၊ ဓာယတ္တနံ။

ဏေယျ–ပစ္စည်း– သုစိဿ ဘာဝေါ သောစေယျံ၊ အာဓိပတေယျံ၊ ကဝိဿ ဘာဝေါ ကာဝေယျံ၊ ထေနဿ ဘာဝေါ ထေယျံ။

ဏျ, တ္တ, တာ–ဟူသောယောဂဝိဘာဂဖြင့် –ကမ္မအနက်, သကတ်အနက်တို့၌ ဏျ– စသည် သက်။ ဝီရာနံ ဘာဝေါ, ကမ္မံ ဝါ ဝီရိယံ၊ ဘိသဂ္ဂဿ (ဘိသဇဿ) ကမ္မံ ဘေသဇ္ဇံ၊ ဗျာဝဋဿ ကမ္မံ ဝေယျာဝစ္စံ၊ သဌဿ ဘာဝေါ, ကမ္မံ ဝါ သာဌေယျံ။

သကတ်အနက်– ယထာဘူတမေဝ ယထာဘုစ္စံ၊ ကရုဏာယေဝ ကာရုညံ၊ ပတ္တကာလမေဝ ပတ္တကလ္လံ၊ အာကာသာနန္တမေဝ အာကာသာနဉ္စံ၊ ကာယပါဂုညမေဝ ကာယပါဂုညတာ။

ရုပ်တွက်–

ရဇ္ဇံ–၌ ရာဇ+ ဏျ၊ကွစာဒိ–စသောသုတ်ဖြင့် ရဿပြု။

ကတညုတာ–၌ ကတညူ+ တာ၊ ကွစာဒိ–စသောသုတ်ဖြင့် ဦ–ကို ရဿပြု။

ထေယျံ–၌ ထေန + ဏျ၊ တေသုဝုဒ္ဓိ–ဖြင့် န–ကို ချေ၊ ယ–ဒွေဘော်ဆောင်။

ဝီရိယံ–၌ ဝီရ+ဏျ၊ တေသု ဝုဒ္ဓိ–စသောသုတ်ဖြင့် ယ–ကြောင့် ဣ–လာ။

ဘေသဇ္ဇံ–၌ ဘိသဂ္ဂ+ဏျ၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ အ ဝဏ္ဏော ယေ လောပဉ္စ–ဖြင့် ဂ္ဂ–၏ အ–ကို ချေ၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ဂ တစ်လုံးကို ချေ၊ ယဝတံ စသောသုတ်၌ ကာရသဒ္ဒါဖြင့် ဂျ–ကို ဇ–ပြု၊ ဒွေဘော်ဆောင်၊ နာမ်ငဲ့ စသည်။ သီဟိုဠ်မူ၌ ဘိသဇဿ ကမ္မံ–ဟုရှိသည်၊ ဘိသဇ–လည်း ဆေးဆရာ အနက်ဟောနိုင်သည်၊ ယင်းအလို –

ဘေသဇ္ဇံ–၌ ဘိသဇ+ ဏျ၊ ဏ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ အဝဏ္ဏော ယေ လောပဉ္စ–ဖြင့် ဇ–၏ အ–ကို ချေ၊ ယဝတံ–စသောသုတ်၌ ကာရ–သဒ္ဒါဖြင့် ဇျ–ကို ဇ–ပြု၊ ဒွေဘော်ဆောင်။

ဝေယျာဝစ္စံ–၌ ဝေယျာဝဋ–ပုဒ်နောင် ဏျ–သက်၊ ဏ–အနုဗန်ချေ၊ ဋျ–ကို ယဝတံ–စသောသုတ်၌ ကာရ–သဒ္ဒါဖြင့် ဋ–ပြု၊ ဒေါ ဓဿ စ–၌ စ–ဖြင့် ဋ–ကို စ္စ–ပြု၊ (တစ်နည်း– ဋ– ကို စ. ပြု၊ ဒွေဘော်ဆောင်)နာမ်ငဲ့–စသည်။

http://www.dhammadownload.com

၃၆၁။ ဏာ ဝိသမာဒီဟိ။

ဝိသမ–စသော ဆဋ္ဌီယန္တ–သဒ္ဒါနောင် ဘောအနက်၌ ဏာ–ပစ္စည်းသက်။

ဝိသမဿ ဘာဝေါ ဝေသမံ၊ ဝိသမတ္တံ၊ ဝိသမတာ။ ဂရုနော ဘာဝေါ ဂါရဝေါ၊ ပဋုနော ဘာဝေါ ပါဋဝံ၊ ပဋုတ္တံ၊ ပဋုတာ။ ဥဇုနော ဘာဝေါ အဇ္ဇဝံ၊ ဥဇုတာ၊ မုဒုတာ။

ဣသိဿ ဘာဝေါ အာရိသံ၊ (အာရိသျံ) ဥသဘဿ ဘာဝေါ အာသဘံ၊ ယုဝဿ ဘာဝေါ ယောဗ္ဗနံ၊ ပရမာနံ ဘာဝေါ, ကမ္မံ ဝါ ပါရမီ၊ သမဂ္ဂါနံ ဘာဝေါ သာမဂ္ဂီ။

၃၆၂။ ရမဏီယာဒိတော ကဏ်။

ရမဏီယ–စသောသဒ္ဒါနောင် ဘောအနက်၌ ကဏ်–ပစ္စည်းသက်။

ရမဏီယဿ ဘာဝေါ ရာမဏီယကံ၊ မာနုညကံ။

ဘာဝတဒ္ဓိတ်ပြီး၏။

ရုပ်တွက်–

ဂါရဝေါ–၌ ဂရု–ပုဒ်နောင် ဏာ–သက်၊ ဏာ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ သြ သရေ စ–၌ စ–ဖြင့် ဥ–ကို အဝ–ပြု၊ နာမ်ငဲ့–စသည်။

အဇ္ဇဝံ–၌ ဥဇု+ဏာ–၊ ဏာ–အနုဗန်ချေ၊ အာတ္တဉ္စ–ဖြင့် အစ ဥ–ကို အာ–ပြု၊ သြ သရေ စ–၌ စ–ဖြင့် ဇု–၏ ဥ–ကို အဝ–ပြု၊ ဇ–ဒွေဘော်ဆောင်၊ ကွစာဒိ–စသော သုတ်ဖြင့် ရဿပြု။

အာရိသံ၊ (အာရိသျံ) –၌ ဣသိ+ဏာ–၊ ဏာ–အနုဗန်ချေ၊ အစ ဣ–ကို အာ–ပြု၍ ရိ–လာ၊ (အာရိသိ+အ) ဟုဖြစ်သောအခါ ဣဝဏ္ဏော ယံ နဝါ–ဖြင့် ယ–ပြု၊ သျ–ကို ယဝတံ–စသည်၌ ကာရသဒ္ဒါဖြင့် သ–ပြု၊ ဒွေဘော်ဆောင်လျှင် အာရိဿံ–ဟုဖြစ်၏၊ သျ–ကို သ–မပြုလျှင် အာရိသျံ–ဟုဖြစ်၏။

ယောဗ္ဗနံ–၌ ယုဝ+ ဏာ၊ တေသုဝုဒ္ဓိ–ဖြင့် န–လာ။

ပါရမီ–၌ ပရမ+ဏာ၊ ဏာ–အနုဗန်ချေ၊ ဝုဒ္ဓိပြု၊ ဏာဝဏိက–စသောသုတ်ဖြင့် ဤ–ပစ္စည်းသက်, နာမ်ငဲ့–စသည်။

http://www.dhammadownload.com

ဝိသေသတခွိတ်

၃၆၁။ ဝိသေသေ တရတမိယိသိကိယိဋ္ဌာ။

ဝိသေသ–အနက်၌ တရ, တမ, ဣသိက,ဣယ, ဣဋ္ဌ –ပစ္စည်းသက်။

**   တရ, တမ၊ ဣသိက–နှင့်၊ ဣယ–တစ်ဖြာ၊ ဣဋ္ဌ–ပါ၊ သက်ရာ ဝိသေသ။*

ဝိသေသေန ပါပေါတိ ပါပတရော၊ ပါပတမော၊ ပါပိသိကော၊ ပါပိယော၊ ပါပိဋ္ဌော။

၂၆၂။ ဝုဍ္ဎဿ ဇော ဣယိဋ္ဌေသု။

ဣယ, ဣဋ္ဌ–ပစ္စည်းတို့ကြောင့် ဝုဍ္ဎ–သဒ္ဒါကို ဇ–ပြု။

** ဣယ, ဣဋ္ဌ၊ နှောင်းတုံကမူ၊ ဝုဍ္ဎ–ကို ဇ၊ ပသတ္ထ၊ သ, ဇ–နှစ်မျိုးပြု။*

ဝိသေသေန ဝုဍ္ဎောတိ ဇေယျော၊ ဇေဋ္ဌော။

၂၆၃။ ပသတ္ထဿ သော စ။

ဣယ, ဣဋ္ဌ–ပစ္စည်းတို့ကြောင့် ပသတ္ထ–သဒ္ဒါကို သ–ပြု, ဇ–ပြု။

ဝိသေသေန ပသတ္ထောတိ သေယျော၊ သေဋ္ဌော။ *(ပသတ္ထ–ကို သ–ပြု)*

ဇေယျော၊ ဇေဋ္ဌော။ *(ပသတ္ထ–ကို ဇ–ပြု)*

ရုပ်တွက်–

ဇေယျော, ဇေဋ္ဌော–ကို ဝုဍ္ဎ–ပုဒ်နှောင် ဣယ, ဣဋ္ဌ–သက်၊ ဝုဍ္ဎဿ ဇော ဣယိဋ္ဌေသု – ဖြင့် ဝုဍ္ဎ–ကို ဇ–ပြု၊ (ဇ+ဣယ၊ ဇ+ဣဋ္ဌ) သရလောပေါ–စသော သုတ်၌ တု–သဒ္ဒါတားမြစ်ခြင်းကြောင့် ယင်းသုတ်ဖြင့်မချေပဲ သရာ သရေ လောပံ–ဖြင့် ရှေ့သရ ကိုချေ၊ ကွစာသဝဏ္ဏံ လုတ္တေ–ဖြင့် ဧ–အသဝဏ်ပြု၊ နာမ်ငဲ့၊ သိ–သက်၊ ဩ–ပြု။

သေယျော, သေဋ္ဌော–၌ ပသတ္ထ–ပုဒ်နှောင် ဣယ, ဣဋ္ဌ–သက်၊ ပသတ္ထဿ သော စ– ဖြင့် ပသတ္ထ–ကို သ–ပြု၊ (သ+ဣယ၊ သ+ဣဋ္ဌ) (သရလောပေါ–စသော သုတ်၌ တု–သဒ္ဒါတားမြစ်ခြင်းကြောင့် ယင်းသုတ်ဖြင့်မချေပဲ) သရာ သရေ လောပံ–ဖြင့် ရှေ့သရ ကိုချေ၊ ကွစာသဝဏ္ဏံ လုတ္တေ–ဖြင့် ဧ–အသဝဏ်ပြု၊ နာမ်ငဲ့၊ သိ–သက်၊ ဩ–ပြု။

http://www.dhammadownload.com

၂၆၄။ အန္တိကာဿ နေဒေါ။

ဣယ, ဣဋ္ဌ–ပစ္စည်းတို့ကြောင့် အန္တိက–သဒ္ဒါကို နေဒ–ပြု။

* *အန္တိက–ကား၊ နေဒ–ထား၍၊ တစ်ခြား ဗာဠှ၊ ပြု သာဓ၊ ဣယ, ဣဋ္ဌ– နှောင်း။*

ဝိသေသေန အန္တိကောတိ နေဒိယော၊ နေဒိဋ္ဌော။ *(အန္တိက–ကို နေဒ–ပြု)*

၂၆၅။ ဗာဠှဿ သာဓော။

ဣယ, ဣဋ္ဌ–ပစ္စည်းတို့ကြောင့် ဗာဠှ–သဒ္ဒါကို သာဓ–ပြု။

ဝိသေသေန ဗာဠှောတိ သာဓိယော၊ သာဓိဋ္ဌော။ *(ဗာဠှ–ကို သာဓ–ပြု)*

၂၆၆။ အပ္ပဿ ကဏ်။

ဣယ, ဣဋ္ဌ–ပစ္စည်းတို့ကြောင့် အပ္ပ–သဒ္ဒါကို ကဏ်–ပြု။

* *ဣယ, ဣဋ္ဌ၊ နှောင်းတုံကမူ၊ အပ္ပ, ယုဝ၊ ကဏ်–ပြုရာ၊ ယုဝ ဏ–ကို န–ပြန်ပြု။*

ဝိသေသေန အပ္ပေါတိ ကဏိယော၊ ကဏိဋ္ဌော။ *(အပ္ပ–ကို ကဏ်–ပြု)*

၂၆၇။ ယုဝါနဉ္စ။

ဣယ, ဣဋ္ဌ–ပစ္စည်းတို့ကြောင့် ယုဝ–သဒ္ဒါကို ကဏ်–ပြု။

ဝိသေသေန ယုဝါတိ ကနိယော၊ ကနိဋ္ဌော၊ *(ယုဝ–ကို ကဏ်–ပြု၊ စသဒ္ဒ–ဖြင့် ဏ–ကို န–ပြု)*

၂၆၈။ ဝန္တုမန္တုဝီနဉ္စ လောပေါ။

ဣယ, ဣဋ္ဌ–ပစ္စည်းတို့ကြောင့် ဝန္တု, မန္တု , ဝီ–ပစ္စည်းတို့ကို ချေ။

* *ဣယ, ဣဋ္ဌ၊ နှောင်းလေကမူ၊ ရှေ့မှ ဝန္တု၊ ဝီ, မန္တု၊ သုံးခု ကျေစမြဲ။*

ဝိသေသေန ဂုဏဝါတိ ဂုဏိယော၊ ဂုဏိဋ္ဌော။ *(ဝန္တု–ကိုချေ)* ဝိသေသေန သတိမာတိ သတိယော၊ သတိဋ္ဌော။ *(မန္တု–ကိုချေ)* ဝိသေသေန မေဓာဝီတိ မေဓိယော၊ မေဓိဋ္ဌော။ *(ဝီ–ကို ချေ)*

ဝိသေသတဒ္ဓိတ်ပြီး၏။

---

46 A

အဿတ္ထိတဒ္ဓိတ်

၃၆၄။ တဒဿတ္ထီတိ ဝီ စ။

အဿတ္ထိအနက်၌ ပထမန္တပုဒ်နောင် ဝီ–ပစ္စည်းသက်။

စ–သဒ္ဒါဖြင့် သော, ဣလ, ဝ, အာလ, တ, ဣဝ, အာမီ, သဏ–စသောပစ္စည်းများ လည်းသက်။

* *မေဓာ, မာယာ၊ ပုဒ်နောက်သာ၊ သက်ပါဝီ–သိ၊ အဿတ္ထိ။*

* *သော, ဣလ, ဝ၊ အာလ, တ–နှင့်၊ ဣဝ, အာမီ၊ သဏ–စသည်၊ သက်ပြီ အဿတ္ထိ။*

မေဓာ ယဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ မေဓာဝီ၊ မာယာဝီ။

သုမေဓာ ယဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ သုမေဓသော၊ *(ကူစာဒိ–စသော သုတ်ဖြင့် ရဿပြု)* လောမသော။

ပိစ္ဆံ အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ ပိစ္ဆိလော၊ ဖေဋိလော၊ ကေသာ အဿ အတ္ထီတိ ကေသဝေါ၊ ဝါစာလော၊ ပဗ္ဗံ အဿ အတ္ထီတိ ပဗ္ဗတော၊ ဂါဏ္ဍော အဿ အတ္ထိ တိ ဂါဏ္ဍိဝေါ၊ သံ အဿ အတ္ထီတိ သာမီ၊ တပေါ အဿ အတ္ထီတိ တာပသော။

၃၆၅။ တပါဒိတော သီ။

အဿတ္ထိအနက်၌ တပ–စသောသဒ္ဒါနောင် သီ–ပစ္စည်းသက်။

* *တပါဒိမှ၊ သီ–သက်ရ၊ အဿ အတ္ထိ–နက်။*

တပေါ အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ တပဿီ၊ *(သ–ဒွေဘော်ဆောင်)*တေဇဿီ၊ ယသဿီ။

၃၆၆။ ဒဏ္ဍာဒိတော ဣက,ဤ။

အဿတ္ထိအနက်၌ ဒဏ္ဍ–စသော အဝဏ္ဏန္တ–သဒ္ဒါနောင် ဣက, ဤ–ပစ္စည်းသက်။

* *အဝဏ်နောင်မှ၊ ဤ, ဣက၊ အဿ အတ္ထိ–နက်။*

ဒဏ္ဍော အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ ဒဏ္ဍီ၊ ဒဏ္ဍိကော။ မာလီ၊ မာလိကော။ သံဃီ၊ ဉာဏီ။

http://www.dhammadownload.com

၃၆၇။ မစ္စာဒိတော ရော။

အဿတ္ထိအနက်၌ မဓု–စသောသဒ္ဒါနောင် ရ–ပစ္စည်းသက်။

* *မစ္စာဒိမှ၊ ပစ္စည်း –ရ၊ သက်ကြ အဿတ္ထိ။*

မဓု အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ မဓုရော၊ ကုဉ္ဇာ ဟနူ ဧတဿ သန္တီတိ ကုဉ္ဇရော၊ မုခံ အဿ, အတ္ထီတိ မုခရော၊ သုသိရော၊ ရုစိရော၊ နဂရော။

၃၆၈။ ဂုဏာဒိတော ဝန္တု။

အဿတ္ထိအနက်၌ ဂုဏ–စသောသဒ္ဒါနောင် ဝန္တု–ပစ္စည်းသက်။

* *ဂုဏာဒိမှ၊ ဝန္တု–ပြ၊ သက်ကြ အဿတ္ထိ။*

ဂုဏော အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ ဂုဏဝါ၊ ဘဂဝါ၊ ဂဏဝါ။

၃၆၉။ သတျာဒီဟိ မန္တု။

အဝဏ်ကြဉ်သော သတိ–စသောပထမာဝိဘတ်နှင့်ယှဉ်ပုဒ်တို့နောင် မန္တု–ပစ္စည်း သက်။

သတျာဒီဟိ–ဟူသော ယောဂဝိဘာဂဖြင့် စန္ဒ, ပါပ–စသည်နောင် ဣမန္တု–သက်။

* *အဝဏ်ကြဉ်ဘိ၊ သတိ–စနောက်၊ မန္တု–ရောက်၊ နက်ကောက် အဿတ္ထိ။*

သတိ အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ သတိမာ။ ဓိတိမာ၊ ဂတိမာ။

* *စန္ဒ, ပါပ၊ စသည်နောက်ရှု၊ ဣမန္တု၊ သက်မူ အဿ အတ္ထိနက်။*

စန္ဒ, ပါပ–စသော သဒ္ဒါတို့နောင် သတျာဒီဟိ–ဟူသော ယောဂဝိဘာဂဖြင့် အဿတ္ထိ နက်၌ ဣမန္တု–ပစ္စည်းသက်။

စန္ဒော အဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ စန္ဒိမာ၊ ပါပံ အဿ အတ္ထီတိ ပါပိမာ။

ပုတ္တိမာ။

http://www.dhammadownload.com

၃၇၁။ အာယုဿုကာရာသ မန္တုမ္ဟိ။

မန္တု–ပစ္စည်းကြောင့် အာယု–သဒ္ဒါ၏အဆုံး ဥ–ကို အဿ–ပြု။

** မန္တု–နောင်းမူ၊ အာယု–ဥ၊ မှတ်ရှု အဿ–ပြု။*

အာယု အဿ အတ္တိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ အာယသ္မာ။

၃၇၀။ သဒ္ဓါဒိတော ဏ။

အဿတ္ထိအနက်၌ သဒ္ဓါ–စသောသဒ္ဒါနောင် ဏ–ပစ္စည်းသက်။

** သဒ္ဓါဒိမှ၊ ပစ္စည်း ဏ၊ သက်ကြ အဿတ္ထိ။*

သဒ္ဓါ အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ သဒ္ဓေါ။ ပညော၊ ဗုဒ္ဓေါ။

အဿတ္ထိတဒ္ဓိတ်ပြီး၏။

ရုပ်တွက်–

အာယသ္မာ–၌ အာယု–ပုဒ်နောင် မန္တု–သက်၊ အာယုဿုကာရာသ မန္တုမ္ဟိ–ဖြင့် အာယု–၏ အဆုံး ဥ–ကို အသ်–ပြု၊ နာမ်ငဲ့, သိ–သက်, အာ သိမ္ဟိ–ဖြင့် ဝိဘတ်နှင့်တကွ မန္တု–ကို အာ–ပြု။

သဒ္ဓေါ–၌ သဒ္ဓါ–ပုဒ်နောင် ဏ–သက်၊ ဏ–အနုဗန်ချေ၊ ခွင်း, ချေ, ကပ်၊ နာမ်ငဲ့, သိ–သက်, ဩ–ပြု။

http://www.dhammadownload.com

သင်္ချာတဒ္ဓိတ်

* *ဒွိ, တိ–နောက်တွင်၊ တိယ–ဝင်၍၊ ထိုပြင် ထ, ဌ၊ စတု, ဆ–နောက် ကြွင်းသည့်နောက်၊ ချင့်ထောက် မ–သက်၊ ပြည့်ကြောင်းနက်။*

ပြည့်ကြောင်း ပူရဏအနက်၌ ဒွိ, တိ–တို့နောက် တိယ–ပစ္စည်းသက်၊ စတု–နောက် ထ–ပစ္စည်း, ဆ–နောက် ဌ–ပစ္စည်း, ဒွိ, တိ, စတု, ဆ–တို့မှ ကြွင်းသော ပဉ္စ, သတ္တ, အဋ္ဌ– စသော သင်္ချာသဒ္ဒါတို့နောက် ထိုက်သင့်သလို မ–ပစ္စည်းသက်။

၃၈၅။ ဒွိတီဟိ တိယော။

သင်္ချာပူရဏအနက်၌ ဒွိ, တိ–သဒ္ဒါတို့နောက် တိယ–ပစ္စည်းသက်။

၃၈၆။ တိယေ ဒုတာပိ စ။

တိယ–ပစ္စည်းကြောင့် ဒွိ–သဒ္ဒါကို ဒု–ပြု၊ တိ–သဒ္ဒါကို တ–ပြု။

အပိ–သဒ္ဒါဖြင့် ဒွိ–ကို ဒု–လည်းပြု၊ စ–သဒ္ဒါဖြင့် ဒွိ–ကို ဒိ–လည်းပြု။

* *ဒွိ–ကို ဒု–ပြု၊ တိ, တ–ပြု၊ နှောင်းမှု တိယ–စသည်နေ။*

ဒွိန္နံ ပူရဏော ဒုတိယော၊ ဒုတိယာ၊ ဒုတိယံ။

တိန္နံ ပူရဏော တတိယော၊ တတိယာ၊ တတိယံ။

၃၈၄။ စတုစ္ဆေဟိ ထ, ဌာ။

သင်္ချာပူရဏအနက်၌ စတု–သဒ္ဒါနောက် ထ–ပစ္စည်း၊ ဆ–သဒ္ဒါနောက် ဌ–ပစ္စည်းသက်။

စတုန္နံ ပူရဏော စတုတ္ထော၊ *(ဒွေဘော်ဆောင်)* စတုတ္ထာ၊ *(ဣတ္ထိ အာ–ပစ္စည်း)* စတုတ္ထီ၊ *(နဒါဒိတော ဝါ ဤ–ဖြင့် ဤ–သက်)* စတုတ္ထံ၊ ဆန္နံ ပူရဏော ဆဋ္ဌော၊ ဆဋ္ဌီ။

၃၇၃။ သင်္ချာပူရဏေ မော။

သင်္ချာပူရဏအနက်၌ မ–ပစ္စည်းသက်။

မော–ဟူသော ယောဂဝိဘာဂဖြင့် သကတ်အနက်၌လည်း မ–သက်။

ပဉ္စန္နံ ပူရဏော ပဉ္စမော၊ ပဉ္စမီ၊ ပဉ္စမာ ဝီရိယပါရမီ၊ *(ဣတ္ထိယမတော အာပစ္စယော–ဖြင့် အာ–ပစ္စည်းသက်)* ဆဋ္ဌော ယေဝ ဆဋ္ဌမော၊ *(သကတ္တ၌ မ–သက်)* သတ္တမော၊ အဋ္ဌမော၊ နဝမော၊ ဒသမော။

http://www.dhammadownload.com

၃၇၄။ သ ဆဿ ဝါ။

သချ်ာအရာ၌ ဆ–ကို သ–ပြု။

*   *ဆ–ကို သော, သ၊ ဒသ–ဒ၊ ရ, ဠ–လျော်စွာပြု။*

ဒသေ သော နိစ္စဉ္စ–ဖြင့် ဆ–ကို သော–ပြု၊ **ကောဒိတော ဒဿ ရ သချ်ာနေ**–ဖြင့် ဒသ–၏ ဒ–ကို ရ–ပြု၊ **လ ဒရာနံ**–ဖြင့် ဒ–ကို ဠ–ပြု။

သဠာယတနံ။

၃၈၇။ တေသမဍ္ဍုပပဒေန အဍ္ဍုုဍ္ဍ ဒိဝဍ္ဎ ဒိယဍ္ဍဍ္ဎတိယာ။

အဍ္ဎ–ဟူသောအနီးပုဒ်နှင့်တကွ စတုတ္ထသဒ္ဒါကို အဍ္ဎုဍ္ဎ–ပြု၊ ဒုတိယသဒ္ဒါကို ဒိဝဍ္ဎ, ဒိယဍ္ဎ–ပြု၊ တတိယသဒ္ဒါကို အဍ္ဎတိယ–ပြု။

*   *အဍ္ဎ–ပါ စတုတ္ထ၊ အဍ္ဎုဍ္ဎ–သိ၊ ဒုတိယမှာ၊ ဒိဝဍ္ဎ, ဒိယဍ္ဎ၊ တတိယ၊ အဍ္ဎတိယ–ပြု။*

အဍ္ဎေန စတုတ္ထော အဍ္ဎုဍ္ဎော၊ အဍ္ဎေန ဒုတိယော ဒိဝဍ္ဎော၊ ဒိယဍ္ဎော၊ အဍ္ဎေန တတိယော အဍ္ဎတိယော။

၃၈၃။ ဒွေကဋ္ဌာန မာကာရော ဝါ။

နောက်ပုဒ်နှောင်းရာ သချ်ာအရာ၌ ဒွိ, ဧက, အဋ္ဌ–တို့၏ အဆုံးသရကို အာ–ပြု။

*   *ဒွိ, ဧက, အဋ္ဌ၊ ဆုံးသရ အာ၊ ပုဒ်နှောင်းရာ၊ သချ်ာ အရာတွင်။*

ဧကော စ ဒသ စ ဧကာဒသ၊ ဧကေန ဝါ အဓိကာ ဒသ ဧကာဒသ။

၃၇၅။ ကောဒိတော ဒသဿဳ။

ဧက–စသည်မှနောက်ဖြစ်သော ဒသ–နောင် (သို့မဟုတ်) ဧကာဒသ–စသည် နောင် ပူရဏအနက်၌ ဤ–ပစ္စည်းသက်။

မှတ်ချက်။ ။ ဤ–ပစ္စယန္တပုဒ်သည် ဣတ္ထိလိင်၌သာဖြစ်သည်။

*   *ဧကာဒသ၊ စသည်နောက်ဘက်၊ ပြည့်ကြောင်းနက်၊ ဤ–သက် ချို့ရာ ဣတ္ထိမှာ။*

ဧကာဒသန္နံ ပူရဏော ဧကာဒသမော၊ ဧကာဒသီ၊ ဧဝံ ဒွါဒသမော၊ ဒွါဒသီ၊ တေရသမော၊ တေရသီ၊ စုဒ္ဒသမော၊ စတုဒ္ဒသီ၊ စာတုဒ္ဒသီ၊ ပန္နရသမော၊ ပန္နရသီ၊ သောဠသမော၊ သောဠသီ၊ သတ္တရသမော၊ အဋ္ဌာရသမော၊ ဧကေန ဦနာ ဝီသတိ ဧကူနဝီသတိ၊ ဧကူနဝီသတိမော။

http://www.dhammadownload.com

ဝီသတိ–မှ နဝုတိ–တိုင်အောင်သော သဒ္ဒါတို့သည် ဣတ္ထိလိင်, ဧကဝုစ်တို့တည်း။

ဝီသတိ–မှ၊ နဝုတိ–ကျ၊ ဧကဝစန, ဣတ္ထိလိင်။

ဒသ စ ဒသ စာတိ ဒသဒသ–ဟု ဒွန်သမာသ် တွဲစပ်၍ –

၃၈၈။ သရူပါနမေကသေသွကသကိံ ။

တစ်ကြိမ်မဟုတ်ကုန်သော သုတိတူပုဒ်တို့ကို ဧကသိသ် (တစ်ခုကြွင်း)ပြု။

ဧကသေသွသကိံ–ဟူသော ယောဂဝိဘာဂဖြင့် သုတိမတူ ပုဒ်တို့ကို ဧကသိသ် (တစ်ခုကြွင်း)ပြု။

သုတိ တူ, မတူ၊ ပုဒ်ဆူဆူ၊ ပေါင်းယူဧကသိသ်။

ဧကသိသ်ဒသသဒ္ဒါနှောင် ပထမာယော သက်၍ ဒသ + ယော–ဟု ဖြစ်သောအခါ––

၃၈၉။ ဂဏနေ ဒသဿ ဒွိ တိ စတု ပဉ္စ ဆ သတ္တ အဋ္ဌနဝကာနံ ဝီ တိ စတ္တာရ ပညာ ဆ သတ္တာသ နဝါ ယောသု ယောနဉ္စီသမာသံ ဌိ ရိ တီ တု တိ။

* *နှစ်ခုပေါင်း ဒသ၊ ဝီပြုရ၊ ယော–က ဧသံ–ပြု။*

* *သုံးခုပေါင်း ဒသ၊ တိပြုရ၊ ယော–က ဧသံ–ပြု။*

* *လေးခုပေါင်း ဒသ၊စတ္တာရ၊ ယော–က ဧသံ–ပြု။*

* *ငါးခုပေါင်း ဒသ၊ ပညာ–ပြု၊ ယော–က အာသံ–ပြု။*

* *ခြောက်ခုပေါင်း ဒသ၊ ဆ–ပြုရ၊ ယော–က ဌိ– အပြု။*

* *ခုနစ်ခုပေါင်း ဒသ၊ ပြုသတ္တ၊ ယော–က ရိနှင့်တိ။*

* *ရှစ်ခုပေါင်း ဒသ၊ ပြုအသ၊ ယော–က ဧတိ– ပြု။*

* *ကိုးခုပေါင်း ဒသ၊ ပြုနဝ၊ ယော–က ဉတိ –ပြု။*

၃၇၈။ တိ စ။

သချ်ာသဒ္ဒါတို့၏အဆုံး၌ တိ–အက္ခရာလာ။

ဗျဉ္စနေစ–ဖြင့် နိဂ္ဂဟိတ်ချေ၊ နောက်တစ်ဖန်ဆက်၍ တဒ္ဓိတ်ဖြစ်ခြင်းကြောင့် နာမ်ငဲ့, သိသက်, ချေ။

ဝီသတိ၊ ဝီသံ ဝါ၊ ဝီသတိမော၊ ဧကဝီသတိ၊ ဧကဝီသံ၊ ဧကဝီသတိမော။

http://www.dhammadownload.com

ဒွါဝီသတိ၊ ဒွါဝီသံ၊ ဒွါဝီသတိမော၊ ဗာဝီသတိ၊ ဗာဝီသံ၊ ဗာဝီသတိမော၊ တေဝီသတိ၊ တေဝီသံ၊ တေဝီသတိမော၊ စတုဝီသတိ၊ စတုဝီသံ၊ စတုဝီသတိမော၊ ပဉ္စဝီသတိ၊ ပဉ္စဝီသံ၊ ပဉ္စဝီသတိမော၊ ပဏ္ဏာဝီသတိ၊ ပဏ္ဏာဝီသံ၊ ပဏ္ဏာဝီသတိမော၊ ဆဗ္ဗီသတိ၊ ဆဗ္ဗီသံ၊ ဆဗ္ဗီသတိမော၊ သတ္တာဝီသတိ၊ သတ္တာဝီသံ၊ သတ္တာဝီသတိမော၊ အဋ္ဌဝီသတိ၊ အဋ္ဌဝီသံ၊ အဋ္ဌဝီသတိမော၊ ဧကူနတႎသတိ၊ ဧကူနတႎသံ၊ ဧကူနတႎသတိမော။

ဒသ ၃–ခု အနက်ကို ဟောသော ဧကသိသ် ဒသ–သဒ္ဒါကို တိ–ပြု၍ ယောကိုလည်း ဤသံပြု၊ ကွစာဒိ စသောသုတ်ဖြင့် ရဿပြု၊ နိဂ္ဂဟိတဉ္စဖြင့် နိဂ္ဂဟိတ်လာ။

တႎသတိ၊ တႎသံ၊ တႎသတိမော၊ ဧကတႎသတိ–စသည်နည်းတူ။

ဒသ ၄–ခု အနက်ကိုဟောသော ဧကသိသ် ဒသ–သဒ္ဒါကို စတ္တာရ–ပြု၍ ယော–ကိုလည်း ဤသံ–ပြု။

စတ္တာလီသံ၊ *(လဒရာနံ–ဖြင့် လ–ပြု)* စတ္တာလီသတိမော။

ဒသ ၅–ခု အနက်ကို ဟောသော ဧကသိသ် ဒသ–သဒ္ဒါကို ပညာ–ပြု၍ ယော–ကိုလည်း အာသံ–ပြု။

ပညာသံ၊ ပဏ္ဏာသံ။ *(တေသုဝုဒ္ဓိ–ဖြင့် ပဏ္ဏာ–ပြု)*

ဒသ ၆–ခုအနက်ကိုဟောသော ဧကသိသ် ဒသ–သဒ္ဒါကို ဆ–ပြု၍ ယော–ကို ဋ္ဌိ–ပြု။

၃၇၄။ သ ဆသဿ ဝါ၊

ဆ–ကို သ–ပြု။

သဋ္ဌိ၊ ဧကသဋ္ဌိ၊ ဒွါသဋ္ဌိ။

ဒသ ၇–ခု အနက်ကိုဟောသော ဧကသိသ် ဒသ–သဒ္ဒါကို သတ္တ–ပြု၍ ယော–ကိုလည်း ရိ–ပြု၊ တိ–ပြု။

သတ္တရိ၊ သတ္တတိ၊ ဧကသတ္တတိ။

ဒသ ၈–ခု အနက်ကိုဟောသော ဧကသိသ် ဒသ–သဒ္ဒါကို အသ–ပြု၍ ယော–ကိုလည်း ဤတိ–ပြု။ အသီတိ၊ ဧကာသီတိ။

http://www.dhammadownload.com

ဒသ ၉–ခုအနက်ကိုဟောသော ကေသိသ်ဒသသဒ္ဒါကို နဝ–ပြု၍ ယော–ကို လည်း ဥတိ–ပြု။

နဝုတိ၊ ကေနဝုတိ–စသည်။

၃၉၃။ ဒသဒသကံ သတံ ဒသကာနံ သတံ သဟဿဥ္စ ယောမှိ။

ဆယ်ခုပေါင်း ကေသိသ် ဒသ–ကို သတံ–ပြု၊ ဆယ်ခုပေါင်း ကေသိသ် သတ–ကို သဟဿံ–ပြု၍ ယော–ကိုလည်းချေ။

** ဆယ်ခုပေါင်း ဒသ၊ နောက်သတတို့ ပြုရ သတံ၊ သဟဿံ၊ တစ်ဖန် ယောလည်းကျေ။*

တဒ္ဓိတ်ဖြစ်၍ တစ်ဖန် နာမ်ငဲ့ သိ–သက်စသည်။

သတံ၊ သဟဿံ။

သတံ, သဟဿံစသော သဒ္ဒါတို့သည် နပုလ္လိင် ကေဝုစ်၌ဖြစ်ကုန်၏။

** သတံ–စအုံး၊ သချေ်ာဆုံး၊ နပုံး ကေဝုစ်။*

သတဿ ဒွိကံ သတဒွိကံ– ဟု ဆိုလိုလျက် ဒသ ဒသကံ–စသောသုတ်ဖြင့် သတ–နှင့် ဒွိက–ကို ရှေ့နောက်ပြန်။

ဒွိသတံ၊ တိသတံ၊ စတုသတံ၊ ပဉ္စသတံ–စသည်။

တစ်နည်း။ ။ ဒွေ သတာနိ ဒွိသတံ–ဟု ဒိဂု–သမာသ်တွဲလျှင် ရှေ့နောက် ပြန်စရာ မလိုတော့။

၃၉၄။ ယာဝ တဒုတ္တရိ ဒသဂုဏိတဉ္စ။

သဟဿမှဆက်၍ အထက်အသချေ်ယျတိုင်အောင် ဆယ်ခုဖြင့် မြှောက်ရမည်။

** သဟဿ–မှ၊ ကောဋိ–ကျ၊ ဒသ–ဖြင့်ချည်း ဆင့်ဆင့်မြှောက်။*

ဒသဿ ဂဏနဿ ဒသဂုဏိတံ သတံ ဟောတိ၊

သတဿ ဒသဂုဏိတံ သဟဿံ။

သဟဿဿ ဒသဂုဏိတံ ဒသသဟဿံ၊ (နဟုတ–လည်းမည်)

http://www.dhammadownload.com

ဒသသဟဿဿ ဒသဂုဏိတံ သတသဟဿံ။ *(လက္ခ–လည်း မည်)*

သတသဟဿဿ ဒသဂုဏိတံ ဒသသတသဟဿံ။

ဒသသတသဟဿဿ ဒသဂုဏိတံ ကောဋိ။

၃၉၅။ သကနာမေဟိ။

ကောဋိ–အထက် အသင်္ချေယျ–တိုင်အောင်သော သချာ်တို့ကို သန်းဌာနမှ မတက်ဘဲ သိန်းဌာနမှနေ၍ ရာဖြင့်မြှောက်ပြီး အသီးအသီး ကိုယ့်နာမည်ဖြင့် ခေါ်ရမည်။

* ***ကောဋိ–မှထောက်၊ သင်္ချေရောက်အောင်၊ ရာမြှောက် သိန်းမှ၊ ကိုယ့်နာမ၊ ခေါ်ကြ အသီးသီး။***

သတသဟဿာနံ သတံ ကောဋိ၊ ကောဋိသတသဟဿာနံ သတံ ပကောဋိ၊ ပကောဋိ သတသဟဿာနံ သတံ ကောဋိပ္ပကောဋိ။ ဧဝံ နဟုတံ၊ နိန္နဟုတံ၊ အက္ခောဘိနီ၊ ဗိန္ဒု၊ အဗ္ဗုဒံ၊ နိရဗ္ဗုဒံ၊ အဟဟံ၊ အဗဗံ၊ အဋဋံ၊ သောဂန္ဓိကံ၊ ဥပ္ပလံ၊ ကုမုဒံ၊ ပုဏ္ဍရီကံ၊ ပဒုမံ၊ ကထာနံ၊ မဟာကထာနံ၊ အသင်္ချေယျံ။

၃၉၂။ ဒွါဒိတော ကောနေကတ္ထေ စ။

သကတ္ထ, ပရိမာဏတ္ထ–စသောများစွာသောအနက်တို့၌ ဒွိစသည်နောင် က–ပစ္စည်းသက်။

* ***ဒွိ–စသည်မှ၊ နေကတ္ထ၊ သက်ရ က–ပစ္စည်း။***

ဒွေ ပရိမာဏာနိ ဧတေသာတိ ဒွိကော၊ ဒွိကံ။ ဧဝံ တိကံ၊ စတုက္ကံ၊ ပဉ္စကံ၊ ဆက္ကံ၊ သတ္တကံ၊ အဋ္ဌကံ၊ နဝကံ၊ ဒသကံ၊ ပဏ္ဏာသကံ၊ သတကံ၊ သဟဿကံ။

သချာ်တဒ္ဓိတ်ပြီး၏

http://www.dhammadownload.com

အဗျယတဒ္ဓိတ်

* *ကွတ္တုံ–နှင့် ဓာ၊ သော, ဓ္ဈ, ထာ–နှင့်၊ ထတ္တာ, ထံ, ဓ္ဓ၊ ဓ္ဓါ, တန၊ ဗျယတဒ္ဓိတ် ပစ္စည်းများ။*

၆၄၆။ ကောဒိတော သကိဿ ကွတ္တုံ။

ကေ–စသော သဒ္ဒါနောင် သကိံ သဒ္ဒါကို ကွတ္တုံ–ပြု။ (ကစ္စည်းအလို)

တစ်နည်း။ ။ သကိံ သဒ္ဒါ၏အရာ အလှည့်အကြိမ်အနက်၌ ကေ–စသောသချာသဒ္ဒါနောင် ကွတ္တုံ– ပစ္စည်းသက်။ (ရူပသိဒ္ဓိအလို)

* *ဗဟု, ကတိ၊ ကောဒိမှ၊ ဝါရတ္ထ၊ သက်ရ ကွတ္တုံ–ပစ္စည်းတည်း။*

ဗဟုက္ခတ္တုံ၊ ကတိက္ခတ္တုံ၊ ကေက္ခတ္တုံ၊ ဒွိက္ခတ္တုံ၊ တိက္ခတ္တုံ၊ စတုက္ခတ္တုံ၊ ဒသက္ခတ္တုံ၊ သဟဿက္ခတ္တုံ။

၃၉၇။ ဝိဘာဂေ ဓာ စ။

အဖို့အစုဟူသော ဝိဘာဂအနက်၌ ဓာ–ပစ္စည်းသက်။

စ–သဒ္ဒါဖြင့် ကေ, ဒွိ–နောင် ဓ္ဈ–ပစ္စည်း၊ သုတ္တ–စသည်နောင် သော–ပစ္စည်း သက်။

* *ဝိဘာဂ–နက်၊ ဓာ–လျှင်သက်၍၊ နှစ်ချက် ကေ၊ ဒွိ–နောင် ဓ္ဈ၊ သုတ္တ–စနောက် သော–ဝင်ရောက်။*

ဧကေန ဝိဘာဂေန ဧကဓာ၊ ဒွီဟိ ဝိဘာဂေဟိ ဒွိဓာ၊ ဒုဓာ၊ ဒွေ တိဓာ၊ တေဓာ၊ (တေသု ဝုဒ္ဓိ–ဖြင့် တိ–ကို တေ–ပြု) စတုဓာ၊ ပဉ္စဓာ။

ဧကဓာ ကရောတီတိ ဧကဇ္ဈံ၊ ဒွေ ဒွေဇ္ဈံ။

သုတ္တေန ဝိဘာဂေန သုတ္တသော၊ ဗျဉ္ဇနသော၊ ပဒသော၊ အတ္ထသော၊ ဗဟုသော၊ သဗ္ဗာကာရေန သဗ္ဗသော၊ ဥပါယသော၊ ဟေတုသော၊ ဌာနသော၊ ယောနိသော။

ဝိဋ္ဌာအနက်– ပဒံ ပဒံ ဝါစေတိ ပဒသော ဝါစေတိ၊ ဗိလံ ဗိလံ ဝိဘဇ္ဇတိ ဗိလသော ဝိဘဇ္ဇတိ။

http://www.dhammadownload.com

၃၉၈။ သဗ္ဗနာမေဟိ ပကာရဝစနေ တု ထာ။

ပကာရအနက်၌ သဗ္ဗနာမ်ပုဒ်တို့နောင် ထာ–ပစ္စည်းသက်။

တု–သဒ္ဒါဖြင့် ထတ္တာ–ပစ္စည်းလည်းသက်။

* *သဗ္ဗ,ညု, ဘယ၊ ဣတရ–နှင့်၊ ယ, တ–တစ်တန်၊ သဗ္ဗနာမ်မှ၊ ပကာရနက်၊ ပစ္စည်းသက်၊ နှစ်ချက် ထာ, ထတ္တာ။*

သော ပကာရော တထာ၊ တံ ပကာရံ တထာ၊ တေန ပကာရေန တထာ၊ တဿ ပကာရဿ တထာ၊ တသ္မာ ပကာရာ တထာ၊ တဿ ပကာရဿ တထာ၊ တသ္မိံ ပကာရေ တထာ။ သဗ္ဗထာ၊ အညထာ၊ ဣတရထာ၊ ဥဘယထာ။

ထတ္တာ–ပစ္စည်း– တေန ပကာရေန တထတ္တာ၊ ယထတ္တာ၊ အညထတ္တာ။

၃၉၉။ ကိမိမေဟိ ထံ။

ပကာရအနက်၌ ကိံ, ဣမ–သဒ္ဒါတို့နောင် ထံ–ပစ္စည်းသက်။

* *ကိံ, ဣမ–နောက်၊ ထံ–ဝင်ရောက်၊ နက်ကောက် ပကာရ။*

ကော ပကာရော ကထံ၊ ကံ ပကာရံ ကထံ၊ ကေန ပကာရေန ကထံ။ *(ကိဿ က ဝေ စ–၌ စ–ဖြင့် က–ပြု)* အယံ ပကာရော ဣတ္ထံ၊ ဣမံ ပကာရံ ဣတ္ထံ၊ အနေန ပကာရေန ဣတ္ထံ။

ကွတ္တုံ–အစ, ထံ–အဆုံးရှိသော ပစ္စယန္တပုဒ်များသည် အဗျယတဒ္ဓိတ်ဖြစ်ခြင်းကြောင့် နာမ်ငဲ့, ဝိဘတ်သက်ပြီး သဗ္ဗာသမာဝုသော–စသောသုတ်ဖြင့် ဝိဘတ်ကိုချေ။

နာမ်ပဥ္စမပိုင်းလာ တွာဒိ ပစ္စယန္တသဒ္ဒါများကိုလည်း ဤအဗျယတဒ္ဓိတ်၌ပင် သွင်းယူရမည်။

* *ကွတ္တုံ– စရှိ၊ ထံ–တိုင်ထိ နှင့်၊ တွာဒိပစ္စယန္တာ၊ ပုဒ်များမှာ၊ မှတ်ပါ အဗျယတဒ္ဓိတ်။*

၃၉၁။ ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ–သုတ်ဖြင့် ကာလအနက်၌ ဣမ–သဒ္ဒါနောင် ဓု–ပစ္စည်း၊ သမာန, အပရ–သဒ္ဒါနောင် ဇ္ဇု–ပစ္စည်းသက်၍ ဣမ–ကို အ–ပြု၊ သမာန–ကို သ–ပြု။ နိပါတ်ပုဒ်တို့နောင် ဘဝ–အနက်၌ တန–ပစ္စည်းသက်။

http://www.dhammadownload.com

** ဣမ–နောင် ဓ္ဓ၊ သမာန–နှင့်၊ အပရနောက်၊ ဓ္ဓု–ဝင်ရောက်၏၊ တစ်ထောက် နိပါတ်၊ နောက်ရုပ် တန၊ သမာန၊ ဣမ–သ, အ–စဉ်တိုင်းပြု။*

ဣမသ္မိံ ကာလေ အသ္မိံ ဝါ ဒိဝသေ အဇ္ဇ၊ သမာနေ ကာလေ သဇ္ဇု၊ အပရသ္မိံ ဒိဝသေ အပရဇ္ဇု။

အဇ္ဇ ဘဝံ အဇ္ဇတနံ၊ အဇ္ဇတနီ၊ သွေ ဘဝံ သွာတနံ၊ ပုရာတနံ၊ ဟိယျတ္တနံ၊ ဟိယျတ္တနီ။

အဗျယတဒ္ဓိတ်ပြီး၏

ဝီ–ပစ္စည်း

ကရ, အသ, ဘူ–ဓာတ်တို့ ယှဉ်ရာဝယ် အဘူတတဗ္ဘာဝအနက်, သကတ်အနက်၌ ဝီ–ပစ္စည်းသက်၊ တေသု ဝုဒ္ဓိ–စသောသုတ်ဖြင့် စ–အနုဗန်ကိုချေ။

** ကရ, အသ၊ ဘူ–ယှဉ်ကမူ၊ အဘူတနက်၊ သကတ်နက်၊ သက်လေ ဝီ–ပစ္စည်း။*

အဘူတတဗ္ဘာဝအနက်– ဗဟုလီကတံ၊ ဓဝလီသိယာ၊ ကလလီဘူတံ၊ အဗျယီဘာဝေါ။

သကတ်အနက်– မနသိကာရော၊ တပ္ပါကဋီကရဏာ။

ဝိစ္ဆာ

ကွဲပြားသော အနက်တို့ကို နှံ့စေခြင်းဟု နှစ်ကြိမ်ဆိုခြင်းသည် **ဝိစ္ဆာ**မည်၏၊ ယင်း ဝိစ္ဆာသည် ဒြဗ်, ဂုဏ်, ကြိယာ–အားဖြင့် ၃–မျိုး ပြားသည်။

** ပြားသောနက်ကို၊ နှံ့စေလို၍၊ ထပ်ဆိုလေရာ၊ မည်ဝိစ္ဆာ၊ ဒဗ္ဗာ, ဂုဏ်, ကြိ။*

ဒဗ္ဗဝိစ္ဆာ– ဂါမေ ဂါမေ ဇလံ အတ္ထိ။

ဂုဏဝိစ္ဆာ– ဂါမော ဂါမော ရမဏီယော။

ကြိယာဝိစ္ဆာ– ဂါမော ဂါမော ဂမျတေ။

http://www.dhammadownload.com

အာမေဍိတ်

အနက်တစ်ခုတည်းကိုပင် ကြောက်ခြင်းစသော အကြောင်းကြောင့် ၂-ကြိမ် ဆိုခြင်းသည် **အာမေဍိတ်**မည်၏။ ယင်းအာမေဍိတ်ကို-

ဘယေ ကောဓေ ပသံသာယံ၊ တုရိတေ ကောတူဟလစ္ဆရေ။

ဟာသေ သောကေ ပသာဒေ-စ၊ ကရေ အာမေဍိတံ ဗုဓော။

ဟူသော ၉-ဌာနတို့၌ သုံးအပ်၏။

* *အနက်တစ်ခု၊ ကြောက်မှု - စ, လတ်၊ နှစ်ကြိမ်ထပ်၊ ဆိုအပ် အာမေဍိတ်။*
* *ကြောက်လန့်, မျက်ထွက်၊ အုတ်ကျက်, ဆောလျင်၊ ကြည်, ရွှင်, အံ့, ချီး၊ ပူဆွေးပြီး၊ သုံးနည်း ကိုးစိတ် အာမေဍိတ်။*

ဘယ=	ကြောက်လန့်ရာ-	သပ္ပေါ သပ္ပေါ *(မြွေကြီး မြွေကြီး)*
ကောဓ=	အမျက်ထွက်ရာ-	ဝိဇ္ဈ ဝိဇ္ဈ *(ထိုးဟ ထိုးဟ)*
ပသံသာ=	ချီးမွမ်း-	သာဓု သာဓု *(ကောင်းပေ့ ကောင်းပေ့)*
တုရိတ=	အဆောတလျင်-	ဂစ္ဆ ဂစ္ဆ *(သွားစမ်း သွားစမ်း)*
ကောတုဟလ=	အုတ်အုတ်ကျက်ကျက်-	ဧထ ဧထ *(လာကြ လာကြ)*
အစ္ဆရ=	အံ့သြ-	အဟော ဗုဒ္ဓေါ အဟော ဗုဒ္ဓေါ *(ဪ ဘုရား ဪ ဘုရား)*
ဟာသ=	ရယ်ရွှင်-	ဟား ဟား၊ ခစ် ခစ်။
သောက=	ပူဆွေး-	ကဟံ ပုတ္တကာ ကဟံ ပုတ္တက *(ငါ့သားလေး ဘယ်မှာလဲ ငါ့သားလေး ဘယ်မှာလဲ)*
ပသာဒ=	ကြည်လင်-	အဟော သုခံ, အဟော သုခံ *(ဪ ချမ်းသာပေစွ ဪ ချမ်းသာပေစွ)*

တနိ္ခတ်ပိုင်းပြီး၏။

http://www.dhammadownload.com

သန္ဓိပိုင်း *(ပုဒ်ရေ-၆၂)*

* အက္ခရာမှစ၊ ပုဒ်, ဝါကျကို၊ ကျနသိမြင်၊ နက်ကျွမ်းကျင်၊ ကျင့်စဉ်မှန်က နိဗ္ဗာန်ရ။
* အ-စ အံ-လှစ်၊ လေးဆယ့်တစ်မှာ၊ အက္ခရာ၊ သုံးရာ မကုန်ခမ်း။
* အ-စ ဩ-ထိ၊ ရှစ်လုံးရှိ၊ မှတ်သိ သရ-မည်။
* အ, ဣ, ဥ ဆို၊ သုံးလုံးကို၊ သံတို ရဿ-မည်။
* အာ, ဤ, ဦ, ဧ၊ ဩငါးထွေ၊ သံရှည်(ရှေ)ဒီဃ-မည်။
* က-စ အံ-ဆုံး၊ သုံးဆယ့်သုံး၊ ခေါ်ထုံးဗျည်း-လည်းမည်။
* က-စ မ-ထား၊ နှစ်ဆယ့်ငါး၊ မှတ်သား ဝဂ်-လည်းမည်။
* က-ဝဂ်, စ-ဝဂ်၊ ဋ, တ-ဝဂ်နှင့်၊ ပ-ဝဂ်ငါးအင်၊ တစ်ဝဂ်တွင်၊ ပါဝင် ငါးလုံးစီ။
* အံ, ဣံ, ဥံ တွင်၊ သေးသေးတင်၊ မည်တွင် နိဂ္ဂဟိတ်။
* ဝဂ်တွင် တ, စ၊ ပဥ္စမနှင့်၊ ယ, ရ, လ, ဝ၊ ဟ နှင့် ဠ၊ ဃောသ နှစ်ဆယ့်တစ်။
* ဝဂ်တွင် ပ, ဒု၊ သ- တစ်ခုပါ၊ အဃောသာ၊ သင်္ချာ တစ်ဆယ့်တစ်။
* ရင်, လည်, အာ, လျှာ၊ သွား, နှုတ်, နှာ၊ ဖြစ်ရာ ဌာန်ခုနစ်။
* ယ, ရ, လ, ဝ၊ ဝဂ္ဂန္တ မှာ၊ ဟ-ယှဉ်လာ၊ ရင်မှာမိန့်ဆိုကြ။
* က, ခ, ဂဃင၊ အ, အာ, ဟ၊ ရှစ်ဝ လည်ချောင်းမှာ။
* စ, ဆ, ဇဈဉ၊ ဣ, ဤ, ယ၊ ရှစ်ဝ အာစောက်မှာ။
* ဋ, ဌ, ဍဎဏ၊ ရ နှင့် ဠ၊ သတ္တ လျှာထိပ်မှာ။
* တ, ထ, ဒဓန၊ လ နှင့် သ၊ သတ္တ သွားရပ်မှာ။
* ပ, ဖ, ဗဘမ၊ ဥ, ဦမျှ၊ သတ္တ နှုတ်ခမ်းမှာ။
* င, ဉ, ဏနမ၊ ဗိန္ဒုမျှ၊ ခြောက်ဝ နှာခေါင်းမှာ။ *(ဗိန္ဒု=နိဂ္ဂဟိတ်)*
* ဧ-လည်နှင့် အာ၊ နှစ်ဖြာ လည်, နှုတ်၊ ဩ-ကိုထုတ်၊ သွား, နှုတ် ဝ-ထား ဒွိဇများ။
* သရ နှစ်ထွေ၊ ရှေ့, နောက်နေ၊ ချေလေ တစ်ခု၊ နောက် ချေမှု၊ မှတ်ရှု သုတိမတူရာ။
* ရှေ့သရကျေ၊ နောက်နေ ဣဝဏ်၊ ဧ-ပြုရန်၊ ဥဝဏ် ဩ-ချို့ပြု။
* ရှေ့သရကျေ၊ နောက်ရဿေ၊ ချို့လေ ဒီဃပြု။
* နောက်သရကျေ၊ ရှေ့ရဿေ၊ ချို့လေ ဒီဃပြု။
* မေ, တေ, ယေ, ကော၊ ပဗ္ဗတော၊ စိတ် ဧ, ယ-ပြု, အ-နှောင်းမှု။

http://www.dhammadownload.com

* သရနှောင်းမှု၊ စိတ် ဩ, ဥ၊ ဝ–ပြု ချို့ အရာ။
* သရနှောင်းဘိ၊ ရှေ့၌ တိ–ကို၊ စ–ပြုဆို၊ မလို ဣဝဏ်နှောင်း။
* ရဿ သုံးဖြာ၊ အာဒီဃာနောက်၊ ကျရောက်ဝဂ္ဂ၊ ပ, တ, မ–နှင့်၊ ယ, လ, ဝ, သာ၊ဗျည်း တို့မှာ၊ ဒွေဘာ သဒိသ။
* ဣဝဏ် ကြဉ်ထ၊ နောက်သရ၏၊ ရှေ့ အဘိ–နှင့်၊ အဓိ–နှစ်ဖြာ၊ စဉ်တိုင်းသာ၊ ပြုပါ အဗ္ဘ, အဇ္ဈတည်း။
* သရနှောင်းက၊ ဧက–နောက်ရှိ၊ ဣဓ–၌ပါ၊ ဓ–ကိုသာ၊ မှန်စွာ ဒွေး ပြု။
* ဒေါ ဓဿ စ၊ သုတ်၌ စ–ဖြင့်၊ ဓ–ကိုကား ဟ၊ တ–ကို ဌ–နှင့်၊ က–မှာ ခ–ပြု၊ ပ–ဖ–ပြု၊ ဗ–ပြု ဝ– ကိုသာ။
* ပ, ပရိ, နိ၊ ဥ, ဩ, ၏–နောက်၊ န–ငယ်ရောက်၊ မဖောက် ဏ–ကြီးပြန်။
* အသရူပ၊ သရနှောင်းပြန်၊ ရှေ့ ဣဝဏ်၊ ရံဖန် ယ–အပြု။
* ယထာ, တထာ၊ နှစ်ဖြာနောက်နေ၊ ဧဝ–ဧ–မှာ၊ ရိ–ပြုရာ၊ ရှေ့ အာ–ရဿပြု။
* ဣ, ဤ, ဥ,ဦ၊ ဣတ္ထိယူက၊ ပ–မည်ကြ၊ ဈ, လ–မည်ထုတ် ထိ မဟုတ်။
* သရနှောင်း ဈ၊ ပြု ဣယ၊ ဥဝ လ–ကိုထား။
* သရနှောင်းက၊ ပါ, ပုထနောက်၊ ဂ–လာရောက်၊ မဖောက် ပါ–ရဿ။
* သရနှောင်းက၊ ယ, ဝ, မနှင့်၊ ဒ, န, တ, ရ၊ လနှင့် ဂ၊ လာရ ဗျည်းသက်သက်။
* ယ, ဝ, မ, ဒ၊ သုတ်၌ စ–ဖြင့်၊ မ–ကို ပ ပြု၊ က–ဒ ပြု၊ တ–ပြု၊ ဒ–ကိုသာ။
* ဆန်းစောင့်သင့်ရာ၊ ရွတ်လွယ်ရာ၊ နှစ်ဖြာ ဒီဃ ဗျည်းနှောင်းက။
* ဆန်းစောင့်, အာဂုံ၊ နှောင်းတုံ သံယုဂ်၊ ရဿ ထုတ်၊ အချုပ် ဗျည်းနှောင်းရာ။
* သောနှင့် ဧသော၊ အဆုံးဩမှာ၊ ဗျည်းနှောင်းရာ၊ ချေကာ အ–လည်းလာ။
* တ, လ, န, ဒ၊ ယ–ယှဉ်က၊ စ, လ, ဉ, ဇ–ပြု။
* ယဝတံ–မှ၊ ပို ကာရ–ဖြင့်၊ ယ–နှင့်ယှဉ်ကြ၊ သ, ထ, ဓ, ဏာ၊ စဉ်တိုင်းသာလျှင်၊ သ, ဆာ, ဈ, ဉ ၊ ပြုကုန်ရ၏၊ က, စ, ဋ, ပ၊ ဝဂ်လေးဝ၊ ပြုရ ထပ်တူသာ။
* ဝဂ်တွင် ဒု, စ၊ ရှိလေက၊ ပ, တ စဉ်တိုင်းလာ။
* သရ, ဗျည်း၏၊ ရှေ့ပတိ၊ ပဋိ–အချို့ပြု။
* ဗျည်းနှောင်းလေက၊ ပုထ အ–ပေ၊ ဉ–ပြုလေ၍၊ တစ်ထွေ ပုထ၊ မဟုတ်ကလည်း၊

http://www.dhammadownload.com

သရနှောင်းရာ၊ ဥ–ပြုပါ၊ ရုပ်မှာ မနည်း။

* ဗျည်းနှောင်း အဝ၊ ဩ–ပြုရ၊ မှတ်ကြချို့အရာ။
* ဗျည်းနှောင်း အဝ၊ ဥ–ပြုရ၊ ချို့မှု ဩဓါဝိပရိတ်။
* အတိပ္ပ နှင့်၊ ပရ–နောက်မှာ၊ ဗျည်းနှောင်းရာ၊ ဩလာ အချို့တွင်။
* သန္ဓိ ထိုထို၊ မပြုလို၊ နဂို ပကတိ။
* ဝဂ်ဗျည်းနှောင်းဘိ၊ နိဂ္ဂဟိ၊ နှောင်းသည့် ဝဂ္ဂန္တ။
* ဝဂ္ဂန္တံ ဝါ၊ ဝါ–သဒ္ဒါ၊ ချို့မှာ လ–ပြု နိဂ္ဂဟိတ်မှု။
* ဧဝ နှင့် ဟိ၊ နိပါတ်ဒွိမှ၊ ဧ နှင့် ဟ–ကြောင့်၊ ရှေ့မှ နိဂ္ဂဟိ၊ ဉ –ပြုဘိ၊ မှတ်သိ ချို့အရာ။
* သဗ္ဗနာမ် ယ၊ နှောင်းထ ဗိန္ဒု၊ သံ–ဗိန္ဒုသာ၊ နှောင်း ယ–ပါ၊ ရံခါ ဉ –အပြု။
* ယ, တ, ဧတ၊ သဒ္ဒနောက်ရှိ၊ နိဂ္ဂဟိကို၊ ပြုဘိ မ,ဒ၊ တစ်ချို့ ယ၊ နှောင်းထ သရ, ဗျည်း။
* ဗျည်း နှင့်သရ၊ နှောင်းထဗိန္ဒု၊ ချေရမှု၊ နှစ်ခု ဆန်းစောင့်, ရွတ်လွယ်ကျိုး။
* နိဂ္ဂဟိတ်မှ၊ နောက်ရှိကြသည့်၊ ဣဝ, ဣတိ၊ ဣဒါနိ နှင့်၊ အပိ, ဧဝ၊ အသိ စသား၊ သရများ၊ ကျေကြားချို့အရာ။
* နိဂ္ဂဟိက်မှ၊ နောက်သရကျေ၊ သံယုတ်ပေ၊ ပြုလေ ဝိသညောဂဗျည်း။
* သရ တစ်လုံး၊ ဗျည်းသုံးလုံးနေ၊ တစ်လုံးကျေ၊ မသွေ အတူ အစဗျည်း။
* ဗျည်း နှင့် သရ၊ နှောင်းတုံကမူ၊ ရဿနောက်မှာ၊ ရွတ်လွယ်ရာ၊ လာပနိဂ္ဂဟိတ်။
* ဗျည်းနှောင်း နိဂ္ဂဟိ၊ အံ ပြုဘိ၊ မှတ်သိ ချေ, ပြု မလိုရာ။

နာမ်ပိုင်း *(ပုဒ်ရေ– ၁၆၉)*

* ညွှတ်စေ, ညွှတ်တတ်၊ နာမ်ဟုမှတ်၊ ဒြပ်ဟောသည့်ပုဒ်။
* ပုံ, နပုံ, ထီ၊ လိင်အမည်၊ သုံးလီ ခွဲ၍ထုတ်။
* အ, ဣ, ဥဝဏ်၊ ဩကာရန်နှင့်၊ ဆုံးပြန် နိဂ္ဂဟိ၊ ပကတိ၊ ပြားဘိ ရှစ်တန်၊ လိင်ကာရန်။။
* အ, ဣ, ဥဝဏ်၊ ဩကာရန်၊ မှတ်ရန် ခုနစ် ပုလ္လိင်ဖြစ်။
* ပ, ဒု, တ, စတ်၊ မီ, ဆ, သတ်၊ ဝိဘတ် ခုနစ်သွယ်။
* ပုံအ နောက်ကျော၊ သိ–ကို ဩနှင့်၊ ပ–ယော,နိ–မှာ၊ အာပြုရာ၊ ဧ–မှာ ဒုယော, နိ။
* အံ, အာဒေသ၊ ပစ္စည်း စ–တို့၊ နောက်ကရှိနေ၊ သရကျေ၊ နောက်နေ ပကတိ။
* အာလုပ်သိကို၊ ဂ–ခေါ်ဆို၊ သိဆို သုမပါ။

http://www.dhammadownload.com

* ဂသိ ရှေ့အ၊ ပိတု စ,၏၊ ဆုံးသရကို၊ အာ-ပြုဆို၊ ချို့ကို ရသပြု။
* ဂ-မည်, မမည်၊ သိ-နှစ်လီ၊ ကျေပြီ မလိုရာ။
* သ္မိံ, သ္မာ၊ နာ-သုံးဖြာဝိ၊ အ-နောင်ရှိ၊ ပြုဘိ ဧ, အာ, ဧ-ပါ။
* သ္မာ, သ္မိံ, ဟိ၊ မှာ, မှိ, ဘိ နှင့်၊ သ-ဝိရှေ့မှာ၊ သ-လည်းလာ၊ အ-မှာ ဧ- ပြောင်း သု, ဟိ-နှောင်း။
* သု, နံ, ဟိ-မှ၊ ရှေ့သရ ဒီဃ အချို့ပြု။
* သ္မိံ, သ, နာ၊ သိ, သော, သာနှင့်၊ အံ-မှာ ဩ-မှတ်၊ သမာသ်, တဒ္ဓိ၊ လယ် ဩ-သိ၊ ကျန်ရှိ ပု-တိုင်း မနောဂိုဏ်း။
* မနာဒိ-မှ၊ သ္မိံ, သ, နာ၊ ဿ, ဩ, အာ-ပြု၊ သ-လာမှု၊ ဩ-ပြု အံမှာ သ-မလာ။
* နာ, သ, သ္မိံဝိ၊ သာ, သော, သိ-ဆုံး၊ ကြိယာကာံ၊ ဩခံ ဝိကပ်၊ သမာသ်,တဒ္ဓိ၊ လယ် ဩ သိ၊ သုံးရှိ မနောဂိုဏ်း လက္ခဏာ။
* ဗိလံ-အစ၊ ပုဒ်ရှစ်ဝ၊ အစ တစ်အင်္ဂါ ။
* အာပေါ-စဖြာ၊ ပုဒ်တို့မှာ၊ နှစ်ဖြာ နောက်အင်္ဂါ။
* အဟ-နောက်ရှိ၊ သ္မိံ ဝိမှာ၊ ဥ, နိ-နှစ်ဝ၊ ရဟ-နောက်ကား၊ ဩ-ပြုငြား၊ မှတ်သား တေသုဝုဒ်။
* အ-နောင်မှ နာ၊ သော-ပြုရာ၊ ချို့မှာ ဿ,ဥ-နောက် သော-ပြု။
* အံ, သ-ရှေ့မှ၊ န္တု-အ-နှင့်၊ ဂ, သ-ချန်လှပ်၊ ကြွင်းဝိဘတ်တို့၊ နှောင်းလတ် န္တု၊ အဆုံး ဥ၊ အ-ပြု ပုဂိုဏ်းတူ။
* ဂ- အံ, အဝဏ်၊ နံ-တံ, သိ-အာ၊ နာ-တာ, သ-တော၊ ပ-ဝိ ယောမှာ၊ န္တော-သာ၊ န္တုပါ သ္မိံ-တိ။
* ရာဇာ, သတ္ထာ၊ ဂိုဏ်းနှစ်ဖြာနှင့်၊ န္တု-ပါ အမှ၊ တုမှ-နောက်တွင်၊ သ္မာ-ဝင်၊ လိုလျှင် နာ-သို့ ပြောင်း။
* သိ-နှောင်း န္တ၊ အံ-ပြုရ၊ ချို့မှု မဟာ-စသည် အာ။ (န္တ=ကို နတ-ဟုဖတ်)
* န္တ-ကိုကွဲ့၊ န္တု-ငဲ့၊ လိုတဲ့ ရုပ်ပြီးရန်။
* သိ-မှ ကြွင်းကျန်၊ ရုပ်နေဟန်၊ နှစ်တန် ဂု, ဂစ် အတူဖြစ်။
* ဘဝန္တ-မှု၊ ဘောန္တ-ပြု၊ နှောင်းမှု ယော, နာ, သ။

http://www.dhammadownload.com

* အချို့သန္တ၊ သ–ပြုရ၊ နှောင်း ဘ–ရှေ့မှာ ဗ–လည်းလာ။
* ရာဇ, ဗြဟ္မ၊ အတ္တ–စဖြာ၊ နောက် သိ–အာ နှင့်၊ ယောမှာ အာနော၊ ချို့ ဣနော–မှန်၊ ဝိဘတ် အံ၊ အာနံ အချို့ပြု။
* ရာဇ– သဒ္ဒါ၊ ဝိဘတ်ပါနှင့်၊ ရညာ နာနှောင်း၊ သ– နှောင်း ရညော၊ ရာဇိနော– ပေ၊ သ္မိံ နေမူ၊ ရညေ, ရာဇိနိ၊ နံ–နှောင်းဘိ၊ မှတ်သိ ရညံ–ပြု။
* သု, နံ, ဟိ–မှ၊ ရှေ့ရာဇ–ကို၊ ရာဇု–ဆို၊ ဆုံးကို ဣ–ပြု နာ–နှောင်းမူ။
* ဗြဟ္မ–ဆုံး အ၊ ဥ–ပြုရ၊ နာ, သ, နံ–နှောင်း ချို့အရာ။
* ဣ, ဤ, ဥ,ဦ၊ ဣတ္ထိယူက၊ ပ–မည်ကြ၊ စျ, လ–မည်ထုတ် ထိ မဟုတ်။
* စျ, လ, အတ္တ၊ နောက် သ, သ္မာ၊ စဉ်တိုင်းသာ၊ ရံခါ နော, နာ, ပြု။
* ဗြဟ္မ, အတ္တ၊ ချို့ ကမ္မ နှင့်၊ မုဒ္ဓ–စ နောက်၊ သ္မိံ ရောက်၊ မဖောက် နိ–အပြု။
* အတ္တ–ဆုံး အ၊ နာနှောင်း အ၊ အန–သု, ဟိ–နှောင်း။
* သခ–ဆုံးအ၊ နော, နာ, သ–တို့ နှောင်းက ဣ–ပြု၊ သု, ဟိ, နံ,အံ၊ နှောင်းတုံပြန်မူ၊ ရံဖန် အာရ၊ သခ–နောက် ယော၊ အာယော, နော၊ ပြုလော သ္မိံ ဇ ။
* သခ–နောက် ဂ၊ အ, အာ, ဣ, ဤ၊ ဇ–ငါးလီပြု၊ မှတ်ရှု ဣသိ၊ စရှိ နောက် ဂ၊ ဇ–ပြုရ၊ လိင် သိ ပေ တစ်ချို့ ဇ ။
* ပ, ဒ ဋ္ဌသာ၊ အာတုမာကား၊ တူစွာ အတ္တ၊ ကြွင်းသမျှ ပုရိသနှင့်တူ။
* သ္မိံယော သိ၊ ဂ–နှောင်းဘိမူ၊ ရှေ့ရှိ ပုမ၊ အဆုံး အ–မှာ၊ ဝိဘတ်ပါ၊ အာနေ,အာနော, အာ နှင့်အံ။
* ပုမ, ကမ္မ၊ ထာမန္တ–မှာ၊ ဥ–ပြုရာ၊ သ, နာ, သ္မာ–နှောင်း။
* ပုမ–ဆုံး အ၊ အာ–ပြုရ၊ ချို့မျှ နာ, သု–နှောင်း။
* ဟိ–နှောင်း ပုမ၊ အဆုံး အ၊ ချို့ မျှ အာနေပြု။
* သိ–နှင့်သု,နာ၊ နှောင်းလေပါက၊ မဃဝ, ယုဝ၊ အဆုံး အ–မှာ၊ အာ–ပြုရာ၊ သိ–မှာ တကွပြု။
* မဃဝ,ယုဝ၊ အဆုံး အ၊ အာနပြုတုံ၊ ဝိဘတ်စုံ။
* အဒ္ဓ–ဆုံး အ၊ တကွသိ, ယော၊ အာ, အာနောပြု၊ အံ, ဟိ, သု–မှ၊ ရှေ့အာန–ဖြာ၊ သု–နှောင်း အာ၊ ဥ–မှာ သ္မာ, နာ, သ–နှောင်း။

http://www.dhammadownload.com

* ကေဝုစ်ဝိ၊ ထိ, ပုံသိ–ချန်၊ ယော–နှောင်းပြန်က၊ ကြဉ်ဖယ် ဃ၊ ရဿပြုလေဘိ။
* စတုတ္ထီ သ၊ အ–နောင်မှ၊ အာယ နှင့် အံ, တ္ထံ, အတ္ထံ။
* အဂ္ဂိ ဆုံး ဣ၊ သိ–နှောင်းဘိ၊ ဣနိ–ရံခါပြု။
* ဃ, ပ, စျ, လ၊ နောက်ယော–ကျ၊ ကျေရ ယော–မှာ ရံတစ်ခါ။
* ယော–ကျေ တစ်ဖြာ၊ နိ–ပြုရာ၊ ရှေ့မှာ ဒီဃပြု။
* ပင်ကိုယ် ရဿ၊ စျ နှင့် လ–မှာ၊ နှောင်းရာ ယောနှင့်၊ ဝေ, ဝေါဆင့်၊ စဉ်ဖြင့် အ–ပြုလေ။
* အ, အာ–နောက်မှာ၊ အံ–ရောက်လာက၊ အ, အာ–ကျေရ၊ စျ, လ, ပ–နောက်၊ အံ–ဝင်ရောက်၊ မဖောက် အံ–ကို နိဂ္ဂဟိတ်။
* အာဒိ–နောက်ရှိ၊ သ္မိံ ဝိ ကား၊ အံ, ဩ–ထား၊ အခြားနောက်မှာ အံ, ဩ–အာ။
* ရဿပြု စျ၊ နောက်ကရံခါ၊ အံ–မှာ နံ–ပြု၊ ယော နော–ပြု၊ နိ–ပြု သ္မိံ ဝိ။
* ပင်ကိုယ်ရဿ၊ စျ–နှောင်မှလည်း၊ ချို့မျှ အံ–နံ၊ ယော–နော–မှန်၊ တစ်ဖန် သ္မိံ–နိ။
* ဂ–သိ ရှေ့မှ၊ စျ, လ, ပ၊ ရဿအမြဲပြု။
* လ–နှောင်မှ ယော၊ အချို့ ဝေါ–နှင့်၊ ချို့ နော–ပြုရာ၊ တစ်ချို့မှာ၊ နှစ်ဖြာ ဝေါ, နော–ပြု။
* ပင်ကိုယ်ရဿ၊ လ–နှောင်မှ၊ ပြုရ ဝေ, ဝေါ အာလုပ်ယော။
* သတ္ထု, ပိတု၊ စသည် ဥ–မှာ၊ သိ–နှောင်းအာ–ပြု၊ သ–နှောင်း ဥ၊ နှစ်ခု သိ, သကျေ။
* သတ္ထု, ပိတု၊ စသည် ဥ–မှာ၊ အာရ–သာ၊ နှောင်းရာ ဝိဘတ် သိ, သ–လပ်။
* အာရ–နောက်ကြော၊ သ္မိံ, ယော, နာ၊ ဣ, ဩ, အာ၊ ဣ–မှာ ရှေ့ရဿ။
* အာရ–မနှော၊ သ္မိံ, ယော၊ ဣ, ဩ–အချို့ပြု။
* သတ္ထု, ပိတု၊ စသည် ဥ–မှာ၊ နံနှောင်းရာ၊ ရံခါ အ–လည်းပြု။
* သုံးကြောင့် ဝိကပ်၊ သုံးကြောင့်လပ်၊ ရှစ်ရပ် အာရမြဲ။
* နာ, နံ–ဝိကပ်၊ သိ, သ–လပ်၊ ရှစ်ရပ် ကြွင်းကြောင့်မြဲ။
* ပိတာဒိ–မှ၊ ဖြစ် အာရ၊ ရဿ အကုန်ပြု။
* သိ, ဟိ, နံ, ဂ၊ ကြွင်းကိုးဝကြောင့်၊ အာဝ, အဝ၊ နံ–အံ–ပြ၊ အဝ–ဂေါ၏ ဩ။
* အံ–နှောင်း အာဝ၊ အဆုံး အ၊ ချို့ မျှ ဥ–ပြုရာ။
* ဂေါဏ–ပြုတုံ၊ ဝိဘတ်ကုန်၊ တစ်ဖုံ ဂု, ဂဝယ–နံ, ဟိ–ပြ။

http://www.dhammadownload.com

* နပုံ အ–နောက်၊ သိ, ယော–ရောက်၊ မဖောက် အံ, နိ စဉ်တိုင်းသိ။
* ဂုဏဝါဒိ၊ နပုံ သိ–မှာ၊ န္တု–ပါ အံ၊ တစ်ဖန် ဆုံး ဥ၊ အ–လည်းပြု၊ မှတ်ရှု ယော–ကို ဏ္ဍ။
* အ–ကြဉ် နပုံး၊ နောက် ယော သုံး၊ မှတ်အုံး အချို့ နိ။
* ဣတ္ထိလိင်ကို၊ ထွန်းဖို့လိုလှ၊ ဂုဏ်ဟောပြ၊ အ–နောင် အာ–ပစ္စည်း။
* သမာသ်, တဒ္ဓိတ်၊ ကိစ္စ, ကိတ်နှင့်၊ ဣတ္ထိပစ္စယန်၊ ပုဒ်တန်တန်၊ အမှန် နာမ် ငဲ့ရ။
* ဣတ္ထိလိင် အာ၊ ဃသညာတည်း၊ နောက်မှာ ဂသိ၊ ဧ ပြုဘိ၊ နာဒိ အာယ–ပြု။
* ဃ, ပ–နောက်မှာ၊ သ္မိံ လာ၊ ရံခါ ယံ–အပြု။
* ပရိသာနှင့်၊ သဘာနောက်မှာ၊ သ္မိံ လာ၊ ရံခါ တိ–ပြု, ရသဃရှု။
* အမ္မာ, အန္နာ၊ စသည်မှာ၊ မလာ ဧ ပြု ဂသိရှု။
* ပ–မည် ဣ–ဝဏ်၊ ယ–ပြုရန်၊ နောက်ဌာန် သရနေ။
* ဝိဘတ် နာဒိ၊ ပနောင်ရှိ၊ ပြုဘိ ယာ–အမြဲ။
* ပ–နောင် သ္မာ၊ နာ, သ–အာ၊ တစ်ဖြာ သ္မိံ အံ–အပြု။
* ဣတ္ထိလိင် သုံး၊ အ–အဆုံးရှိ၊ နဒါဒိနှင့်၊ ဆုံးရှိ ဥ,ဩ၊ မှတ်လော့ အနဒါ၊ နောက်၌သာ၊
  သက်ပါ ဤ– ပစ္စည်း။
* ပ ဤကာရန်၊ နောက်၌ အံ၊ ယံ ပြု အချို့မှာ။
* ဤနှောင်း ပုထု၊ အဆုံး ဥ မှာ၊ အဝ–ဖြာ၊ ပု–ပါ ဥလည်း အချို့ အ။
* ဤနှောင်း ဂေါ မှ၊ ဩ သရ၊ အာဝ–ပြုလေမြဲ။
* မာတုလ–စ၊ အဆုံး အ၊ အာန ဤနှောင်းရာ။
* ဏဝ ဏိက၊ ဏေယျ, ဏ နှင့်၊ န္တု–မှ နောက်ဘက်၊ ဣတ္ထီတွက်၊ ထွန်းချက် ဤပစ္စည်း။
* ဘဝန္တမှု၊ ဘောတ–ပြု၊ န္တု တ–ဖြာ၊ ဤနှောင်းရာ။ *(န္တု–ကို န္တ,တု–ဟုပတ်)*
* ဤကာရန္တ၊ ပေါက္ခရနှင့်၊ ရာဇ,ပတိ၊ ဘိက္ခုဏ်နောက်၊ ဣနီရောက်၊ ထွန်းတောက်
  ဣတ္ထိလိင်။
* ဣနီနှောင်းဘိ၊ ပုဒ် ပတိ၊ ဆုံးဣ အ–အပြု။
* ပေါက္ခရိနောက်၊ ဣနီရောက်မှု၊ မဖေါက် ဣ–အ၊ န–ကို ဏ၊ ပြုရ တေသုဝုဒ်။
* ယာ–နှောင်း မာတု၊ အဆုံး ဥ–မှာ၊ ကျေ ပျောက်ရာ၊ ရှေ့အာ ရဿပြု။
* သဗ္ဗနာမံ၊ အကာရန်နောက်၊ ပ,ယော–ရောက်၊ မဖောက် ဧ–ပြုစေ။

http://www.dhammadownload.com

* ဒိသာဝါစကာ၊ ပုဗ္ဗ–စနောက်၊ ပ,ယော–ရောက်၊ ချင့်ထောက် နှစ်ထွေ ဧ, အာ–နေ။
* သဗ္ဗနာမ၊ အဆုံး အ–မှာ၊ နံ နှောင်းရာ ဧ–သာပြုရိုးတည်း။
* သဗ္ဗနာမ်နောက်၊ နံ–ဝင်ရောက်၊ မဖောက် သံ, သာနံ။
* သဗ္ဗနာမ၊ ဃ နှင့် ပ–မှ၊ သ္မိံ သ၊ ပြုရ သံ နှင့် သာ။
* ကေဝုစ်စု၊ သံ,သာ–ပြုကြောင့်၊ မှတ်ရူ သ–လာ၊ ဃ–မည်အာ၊ ချို့မှာ ရဿပြု။
* မျက်ကွယ်မှာ တ၊ ဧတ အနီး၊ လွန်နီး ဣမ၊ ဒူရ အမု၊ အမေးရှု၊ ဟောမူ ကိံ သဒ္ဒါ။
* အမု, ဧတ၊ တ–သဒ္ဒပါ၊ မ, တ–မှာ သ၊ သိနှောင်းက၊ နှစ်ဝ ထိ, ပံတွင်။
* ထိ, ပံ သိမှတ်၊ ကြွင်း ဝိဘတ်၊ နှောင်းလတ် တ–ကို န–ချို့ပြု။
* သ္မိံ, သ္မာ၊ သ, သံ,သာ၊ နှောင်းရာ ဣမ, တ ကို အ။
* ကေဝုစ်စု၊ သံ, သာ–ပြုကြောင့်၊ မှတ်ရူ ဧတာ၊ ဣမာ, တာ–စ၊ ဆုံးသရ၊ ချို့မျှ ပြုရာ။
* ဧတာ, ဣမာ၊ တာ–သဒ္ဒါ၊ နောက်မှာ သ–ကို ဿာယ–ပြု။
* သိ–နှောင်း ဣမ၊ အယံ–ပြ၍၊ အန, ဣမိ၊ နာ–နှောင်းဘိနှင့်၊ သု, ဟိ, နံ–နေ၊ အချို့ ဧ၊ နှစ်ထွေ ထိ, ပံတွင်။
* နပုံ အံ, သိ၊ ရှေ့ရှိ ဣမ၊ ဣဒံ–ပြ၍၊ တဝ အမု၊ အဒုံ–ပြု၊ အဒု, သ–နှောင်းရာ။
* ဃ, ပ–နောင်ရှိ၊ သ္မိံ ဝိ၊ ပြုဘိ အချို့သာ။
* ထပ်၍ဆိုရာ၊ ဒုတိယာ၊ ဝိ–ပါ ဧနံ ဧတိမ ။
* သုဒ္ဓ, သဗ္ဗ၊ နာမနောက်တွင်၊ က–လာလျှင်၊ တူပင် ပု, စိတ်, ကညာဒိ။
* ပစ္စည်း, ဝိဘတ်၊ နှောင်းတုံလတ်မူ၊ သုံးရပ်လိင်မှာ၊ ကိံ –သဒ္ဒါ၊ က–သာ ပြုရိုးထား။
* သ္မိံ, သ္မာ၊ သ–နှောင်းရာ၊ ကိံ –မှာ ဗိန္ဒုကျေ။
* ကေ–သဒ္ဒါ၊ နက်သချာ၊ သုံးဖြာလိင်ထုတ် ကေဝုစ်။
* ဥဘနောက် ယော၊ နှင့် ဩ–တည်း၊ ပြုလော နံ ကို၊ ဣန္နံ ဆို၊ ဗုံ ကို ဩ–ပြု နှောင်း ဟိ သု။
* ယောနှောင်းလေရာ၊ ဒွိသဒ္ဒါ၊ ဝိ–ပါ ဒွေ, ဒုဝေ။
* နံ နှောင်းသည့် ဒွိ၊ ပြု ဒုဝိ၊ နောက်ရှိ နံ–ဣန္နံ။
* ဒွိစ–နောကမှာ၊ နံ နှောင်းရာ၊ န–လာ, ချို့မှာ ဿံ–လည်းလာ။
* ထိ–တိ, စတု၊ နံ နှောင်းမူ၊ တု–ဥ အ–ဖြာ ဿံ–လည်းလာ။

* တိ,စတုမှာ၊ ယော နှောင်းရာ၌၊ ယော ပါ တိသော၊ စတသောနှင့်၊ တယော, စတ္တာရော၊ တီဏိ,စတ္တာရိ၊ ထိ,ပုံ,နပုံ စဉ်တိုင်းသိ။
* တိ နှောင်မှ နံ၊ ဣဏ္ဏန္နံ၊ ဣဏ္ဏံ-နှစ်မျိုး ပြု။
* ယောနှောင်း စတု၊ အဆုံး ဥ-မှာ၊ ဥရ-သာ၊ ယော-မှာ ဩ-လည်းပြု။
* နီလာဒိနာမ်၊ သဗ္ဗနာမ်နှင့်၊ သာမန်တဒ္ဓိတ်၊ ကိတ်, ဗဟုဗ္ဗီ၊ ဤငါးလီ၊ လိင်မှီ ဝါစ္စတ္ထ။
* တုမှ, အမှ၊ သိ-နှောင်းကမူ၊ တက္ခ တုဝံ၊ တွံ, အဟံ၊ အဲဟကံ-လည်းပြု။
* အမှ နှောင်မှ၊ ပ-ယောကျ၊ တက္ခ မယံ ပြု။
* တုမှ, အမှ၊ အံ-နှောင်းကမူ၊ တက္ခ တုဝံ၊ တွံ, တဝံ၊ တံ မံ မမံ-ပြု။
* တုမှ,အမှ၊ နောက်မှ သက်သော၊ ဒု-ယောနှင့် နံ၊ ပြု အာကံ၊ သ,နံ အံလည်းပြု။
* တုမှ, အမှ၊ နာ-နှောင်းက၊ တက္ခ တယာ,မယာ ပြု။
* တယာ,တယိ၊ ပါရှိ တ-မှာ၊ တွ-ပြုရာ မှတ်ပါ ရံတစ်ခါ။
* တုမှ, အမှ၊ သ-နှောင်းကမူ၊ တက္ခ တုယှံ၊ တဝ-ဖန်၊ မယှံ, မမ မမံပြု။
* သ္မိံ နှောင်းက၊ တုမှမှ၊ တက္ခ တယိ, မယိ ပြု။
* ယော နံ တ-ဟိ၊ ရှေ့ရှိ တုမှ၊ အမှ တစ်ဖြာ၊ ပုဒ်နှောင်လာ၊ ဝ်-ပါ ဝေါ်, နော-ပြု။
* တုမှ, အမှ၊ ပုဒ်နှောင်ကျ၊ တက္ခ တေ, မေ နာ, သ-နှောင်း။
* ပဉ္စာဒိ နှင့်၊ ကတိ-သဒ္ဒ၊ အလိင်ကြောင့်၊ တူမျှ ရုပ်နေ၊ တိလိင်ဝေ၊ ရှောင်လေ ဣတ္ထိပစ္စယ။
* ပဉ္စ, စဖြာ၊ ယော-နှောင်းရာ၌၊ ယော-ပါ အ-ပြု၊ နံ,ဟိ,သု၊ နှောင်းမူ အ-ကို အာ။
* အတ္တံ-ဘာဝ၊ နိဒ္ဒေသကြောင့်၊ ဒွေသဃ-လာမူ၊ စတု-ဥ၊ အ-ပြု ထိမှာ နံ-နှောင်းရာ။
* ဆ-ကို သော, သ၊ ဒသ-ဒ၊ ရ, ဠ-လျော်စွာပြု။
* ဒွိ, ဧက, အဋ္ဌ၊ ဆုံးသရ အာ၊ ပုဒ်နှောင်းရာ၊ သချာ အရာတွင်။
* သချာ ဒွိ-မှာ၊ ဒိ, ဒေါ, ဗာ၊ တစ်ဖြာ ဒု, ဒွေ, ပြု ဒုဝေ။
* တိ-ကို တေ, တ၊ နောက်ပဉ္စ၊ ပန္န,ပဏ္ဏ-ပြု။
* စတုဒသ၊ တု-ချေရ၊ စ-က စု, စော-ပြု။
* ဥပ ပဒ၊ မဟုတ်ကလည်း၊ ပုဒ်စ, စ-မှာ၊ ကျေပျောက်ရာ၊ ချို့မှာ စု, စော-ပြု။
* ဗဟုဝုစ်သာ၊ ကတိ-မှာ၊ မြဲသာ ယော-ကျေ, ရဿနေ။
* တွာဒိပစ္စယ၊ အလိင်နှင့်၊ နိပါတကြောင့်၊ လိင်-သုံးသွယ်၊ ဝုစ်နှစ်သွယ်၊ မှတ်ဖွယ်

http://www.dhammadownload.com

ရုပ်တူဖြစ်။

* သုဒ္ဓ, သဗ္ဗ၊ ဥဘ, ပရိ၊ အဘိ–နောက်ဘက်၊ တော–လျှင်သက်၊ အနက် ပဉ္စမီ–စသည်။

* ဝိဘတ်ဆုံးမှ၊ ပုဒ်မည်ရကို၊ သိစေလို၊ မိန့်ဆို ဝိဘတ်အမည်မှည့်။

* သဗ္ဗနာမ်မှ၊ တြ, ထ၊ သဗ္ဗ နောက်သာ ဓိ။

* တော, ထ–ရှေ့မှ၊ ပုဒ် ဧတ–မှာ၊ ရံခါ ဧ, အ၊ နှောင်း တြ၊ နိစ္စ အ– အပြု။

* ထံ, ဒါနိ, ဟ၊ တော နှင့် ဓ–တို့၊ နောက်က ရှိဘိ၊ က္လမ–က္လ–တည်း၊ ရဟိ–နှောင်းက၊ ပြု

ဧတ၊ နှောင်း ဓ္ဓ, မုနာ အ–ပြုရာ။

* က္လမ–နှောင်မှ၊ ဟ နှင့် ဓ၊ ကိံ–မှ နောက်တွင် ဝ။

* ကိံ–နောက် ဟိံ, ဟံ၊ ဟိဉ္စနံ–တည်း၊ တစ်ဖန် ယ, တ၊ နောက်ဍြကျ၊ နှစ်ဝ ဟိံ နှင့် ဟံ။

* ဒါ, ဒါစနံ၊ ဟိဉ္စနံ နှင့်၊ ဟိံ, ဟံ, တြ၊ တော နှင့် ထ၊ နှောင်းက ကိံ – ကု–ပြု။

* တြ, ထ, ဝ၊ ဟ, ဓ, ဟိံ, ဟံ၊ ဓိ–ရှစ်တန်၊ သာမန် သတ္တမီ။

* သဗ္ဗ, အည၊ ဧက, ယ–နှင့်၊ ကိံ, တ–နောက် ဒါ၊ ကု–တွက်တာ၊ ကိံ–မှာ ဒါစနံ။

* ဒါ–နှောင်း သဗ္ဗ၊ သ–ပြုရ၊ တ–မှ နောက်ဘက် ဒါနိ–သက်။

* ရဟိ, မုနာ၊ ဒါနိ–မှာ၊ သက်ပါ က္လမ–နှောင်။

* ဒါနှင့် ဒါနိ၊ ရဟိ, မုနာ၊ တစ်ဖြာ ဓ္ဓ, ဓ္ဓု၊ ဤခြောက်ခု၊ သက်မှု ကာလသတ္တမီ။

* စနံ နှင့် စိ၊ နိပါတ်ဒွိ၊ တွဲဘိ နှစ်မျိုးသတ္တမီ။

* ဥပသာ, နိပါတ်၊ တစ်ရပ် အာဝုသော၊ စ–သော နောက်ဘက်၊ ဝိဘတ်သက်၊ ချေဖျက်

အားလုံးကုန်။

* ပ, ပရာ, ဥ၊ နိ, နီ, ဒု–နှင့်၊ အနု, သံ, ဝိ၊ ပရိ,ဓိ,ဘိ၊ ပတိ, အဝ၊ သု, အပ, အာ၊ တစ်ဖြာ

အတိ၊ အပိ, ဥပ၊ နှစ်ဆယ်မျှ၊ မှတ်ကြ ဥပသာ။

* ပုဒ်, ဝါကျ ဝယ်၊ စ, လယ်, အဆုံး၊ ကျရောက်သုံး၊ ခေါ်ထုံး နိပါတ။

* ဝိဘတ်ယုတ္တ၊ အယုတ္တ၊ နှစ်ဝ နိပါတ်မျိုး။

* ဘော, အာဝုသော၊ အမ္ဘော, ဘဏေ၊ ရေ, ဟရေ–နှင့်၊ ဟေ, ဇေ, သမ္မ၊ ဘန္တေ–စ၊

မှတ်ကြ အာမန္တနက်။

* အတ္ထိ, သက္ကာ၊ လဗ္ဘာ–စသား၊ နိပါတ်များ၊ ကျေငြား လိင်္ဂတ် ပထမာ။

* အဘိက္ခဏံ၊ အဘိဏှံ နှင့်၊ စိရံ, စိရဿ၊ ဒိဝါ, ဘိယျော၊ နမော–စသား၊ နိပါတ်များ၊

http://www.dhammadownload.com

ကျေငြား ပ, ဒု လျော်စွာရှု။

* သမ္မာ,သယံ၊ သံ,သာမံ–နှင့်၊တစ်ဖန် သော, ဓာ၊ တော–စဖြာ၊ နောက်မှာ တတိယာကျေ။
* တုံ–နှင့် တဝေ၊ စတုတ်–ကျေ၊ ပဉ်–ကျေ သော, တော–နောင်။
* ဩရံ, ပါရံ၊ တိရိယံ–နှင့်၊ ဥဒ္ဓံ, အဓော၊ အန္တော, အန္တရာ၊ ဟေဋ္ဌာ, ဥပရိ၊ ဥတ္တရိ, ပစ္ဆာ၊ ဗဟိဒ္ဓါ, ဗဟိ၊ အာဝိ, ရဟော၊ ပါတော, သာယံ၊ ပုရံ, သုဝေ၊ သွေ, ပုရေ–စ၊ နိပါတ၊ ကျေရသတ္တမီ။
* နာမ်, ချာတ်, ဥပသာ၊ ပုဒ်သုံးဖြာ၊ ကြွင်းရာနိပါတ် များပြားလတ်။
* ဥပသာ, နိပါတ်၊ ပစ္စည်း, ဓာတ်၊ လေးရပ် များပြား, အနက်များ။

အာချာတ်ပိုင်း *(ပုဒ်ရေ– ၁၅၃)*

* သုံးပါးကာလ၊ သုံးပုရိသနှင့်၊ ကာရကသုံးသွယ် ၊ ဝုစ်နှစ်သွယ်ရှိ၊ လိင်မရှိသည့်၊ ဟောဘိကြိယာ၊ ယင်းပုဒ်ဟာ၊ မှတ်ပါအာချာတ။
* ဘော, ကံ, ကတ္တား၊ နက်သုံးပါး၊ ဟောကြား အာချာတ်ပုဒ်။
* ရှေ့ခြောက်ပုဒ်မှာ၊ ကတ္တားသာ၊ နောက်မှာ ဘော, ကံ, ကတ်။
* ဘူ, ရု, ဒိ, သွာ၊ ကိ, တနာ၊ စုရာ သတ္တ ဓာတ်ဂိုဏ်းပြ။
* (တစ်နည်း) ဘူ, ရု, ဒိ, သွာ၊ ကိ, ဂဟာ၊ တနာ, စုရ ဂိုဏ်း အဋ္ဌ။
* အာချာတ်ရုပ်များ၊ စီရင်ငြားသော်၊ တည်, ကြား, မှည့်,ချေ၊ ဝိသက်လေ၊ တစ်ထွေ ပစ္စည်းသက်။
* ဖြစ်ဆဲ ပစ္စုပ္ပန်၊ ဝတ္တမာန်တည်း၊ တဖန် နီးစပ်၊ တိတ်,နာဂတ်နှင့်၊ ယှဉ်လတ် ပုရေ၊ တထွေ ပုရာ၊ ယာဝ–ပါ၊ သက်ရာအနာဂတ်။
* ရှေ့, နောက် ခြောက်စီ၊ ဝိ ရှစ်လီ၊ အမည် ပရဿပုဒ်, အတ္တနောပုဒ်။
* ရှေ့, နောက် ခြောက်စီ၊ ဝိ–ရှစ်လီတွင်၊ နှစ်စီ အစ၊ ပထမတည်း၊ လယ်က မဇ္ဈိ၊ အဆုံးဒွိ၊ မည်ရှိ ဥတ္တမပုရိသ်။
* ရှေ့, နောက် ခြောက်စီ၊ ဝိ–ရှစ်လီတွင်၊ နှစ်စီ အစ၊ သူ့တွက်ပြ၍၊ လယ် ဒွ သင့်တွက်၊ ဆုံးနှစ်ချက်၊ ငါ့တွက် သုံးစွဲလေ။
* သဗ္ဗဓာတ်နှောင်းရာ၊ ကတ္တားမှာ၊ ဘူဝါဒိမှ ပစ္စည်း အ။
* ဝိဘတ် ပစ္စယ၊ နှောင်းတုံကမူ၊ ပြုရ ဝုဒ္ဓိ၊ ဣ, ဤ ကို၊ ဧ, ဥ, ဦ ဒွေး၊ ပြုရေး ဩဝုဒ္ဓိ။

http://www.dhammadownload.com

* သရန္တောင်းက၊ ဧ, အယ၊ အ၀, ဩ–ကိုပြု။
* ကာရိတ်နှောင်းကြား၊ အ ကိုကား အာ၊ ဧမှာ အာယ၊ ဩ အာ၀၊ ပြုရ အသီးသီး။
* ဟိ, မိ, မ, မှ၊ ရှေးရှိ အ–နှင့်၊ နောက်က ယ, နေ၊ ရဿတွေ့၊ မသွေဒီဃ–ပြု။
* တိ, ဧ, မိ, ဧ၊ တု, မိ, ဧနှင့်၊ ယျေ, ယျောသိ၊ ယျောမိ, ယျေ၊ ရှစ်တန် ဧ–ပြု။
* ဘူ, ဟူ, သိ, ဌာ၊ စသည်မှာ၊ ဗလာ ကံမရှိ။
* ကံမဲ့ ဓာတ်ကို၊ ကံရှိလို၊ ဓာတ်ကို ဉ,ယှဉ်တွဲ။
* ဘော, ကံဝိဘတ်၊ နှောင်းတုံလတ်၊ ဓာတ်နောင် ယ–ပစ္စည်း။
* ဂရုပုဗ္ဗ၊ ရဿ နောက်ရှိ၊ အန္တိ, အန္တေ၊ သည်နှစ်ထွေ၊ ရေ –သာ အပြုများသတည်း။
* ဘော, ကံ အရာ၊ နောက်ခြောက်ဖြာ၊ ချို့မှာ ရှေ့ခြောက်ပြန်။
* ဒြပ်မဖြစ်၊ ဘောမှာ တစ်၊ သက်လုစ် ပထမပုရိသ် ဧကဝုစ်။
* အာဏတျာသိဋ္ဌ၊ အကြောသ,သပထာ၊ ယာစနာ,ဝိဓိ၊ နိမန္တနာ၊ အာမန်, အဇ္ဈိဋ္ဌ၊ သမ္ပုစ္ဆ, ပတ္ထနာ၊ နက်များမှာ၊ သက်ပါပဥ္စမီ။
* အ, နောင် မှာရှိ၊ ဝိဘတ်ဟိနှင့်၊ ဝိကရဏ၊ ပစ္စယ၊ ချေရ တစ်ချို့မှာ။
* အနု, ပရိ၊ ဝိဓိ, နိမန်၊ အာမန်, အဇ္ဈိဋ္ဌ၊ သမ္ပုစ္ဆ, ပတ္ထနာ၊ နက်ရှစ်ဖြာ သက်ပါသတ္တမီ။
* ဝတ်, ပဉ်, သတ္တ၊ ဟိယျတ္တ၊ လေး၀ သဗ္ဗဓာတ်။
* ဟိယ်, အဇ္ဇ, ကာ၊ ဝိနှောင်းရာ၊ အ–လာ ဓာတ်ရှေ့မှာ။
* ပ,အဇ်,ဘ,ကာ၊ ဗျည်းစ–ပါသည့်၊ ဝိဘတ္တိ၊ နှောင်းဘိ ရှေ့ ဣ–လာ။
* ဤ, ဦ, အာ, မှာ၊ ဿာ, ဿာမှာ၊ ရံခါ ရဿပြု။
* ဟိယျတ် အ, လာ၊ ဣ, လာ ပ, ဘ၊ အဇ်, ကာ ဒွ၊ သုံး၀ ကြွင်းမလာ။ (ဝိ)
* ဩ–ကို ဣ, အ၊ ဒွေဘာ တ္ထ၊ ပြုရ ရံတစ်ခါ။
* ဟိယျတ် တ္ထ–ကို၊ ထ,တစ်လုံးသာ၊ အဇ္ဇ, အာ၊ ဒွေဘာ တ္ထ, လည်းပြု။
* ဗျည်း၏ နောက်မှာ၊ အာ,ရံခါ၊ တ္ထ–မှာ နှောင်းက ဉ,လာရ။
* ပ, အဇ်, ဘ, ကာ၊ ဝိလေးဖြာ၊ မှတ်ပါ အသဗ္ဗဓာတ်။
* မမှတ်မိကြား၊ ဖုံးလွှမ်းထားနှင့်၊ မြင်,ကြားမရှိ၊ သုံးမျိုးသိ၊ သက်ဘိ ပရောက္ခာ။
* ဝိဘတ် ပရောက္ခာ၊ ခ, ဆ, သာတို့၊ နောက်မှာ ရှိက၊ ဓာတ်အစ၊ ပွားရ ဓာတ်ဒွေဘော်။
* ဒါ, ဓ, ဟာ, ဟု၊ ကမု, စလ၊ ဒလ–စဖြာ၊ ဓာတ်တို့မှာ၊ ဒွေဘာ အမှန်ပြု။

http://www.dhammadownload.com

* ဒွေဘော်လာရာ၊ ရှေ့ခရာ၊ သညာ အဘ္ဘာသ။
* အဘ္ဘာသဆို၊ ဦ–ကို အ–ပြု၊ ဂုပ–ဥ နှင့်၊ နှစ်ခု အဝဏ်၊ ဣ–ပြုရန်၊ ဘစ်ဖန် ဝါ–၏ အာ–မှာ ဤ။
* အဘ္ဘာ, က–ဝဂ်၊ ပြု စ–ဝဂ် နှင့်၊ တစ်ချက် ဒု, စ၊ ပြု ပ, တ၊ ဟ–ကို ဇ–လည်းပြု။
* ပရောက္ခာဝိဘတ်၊ နှောင်းတုံလတ်၊ ဘူဓာတ်, ဘူဝ၊ ဗြူ, အာဟ။
* ပ, အဓိ, ဘ, ကာ၊ ဗျည်း စ ပါသည့်၊ ဝိဘတ္တိ၊ နှောင်းဘိ ရှေ့ဣလာ။
* ယ–၏ရှေ့မှာ၊ ဣ, ဤ–လာ၊ ရံခါ ယ–ဒွေဘော်။
* ပ, အဓိ, ဘ, ကာ၊ ဝိ–နှောင်းရာ၊ ချို့မှာ ယ–ကိုချေ။
* ဦုံကို ဣံသု၊ အံသု ပြု၊ ဆန်းမူ ဂါထာ၊ ဣသုံ–ပါ။
* ဘဝိဿန္တိ၊ နာဂတ်သိ၊ ချို့ရှိ အတိတ်မှာ။
* ကာလာတိပတ်၊ တိတ်,နာဂတ်၊ နှစ်ရပ် ကာလမှာ။
* သေဿ–၏ ဧ–မှာ၊ ရံတစ်ခါ၊ မှန်စွာ အ–လည်းပြု။
* မာနှင့်ယှဉ်က၊ ဟိဉ်, အဇ္ဇနှင့်၊ ပဉ္စ, သတ္တာ၊ ဝိလေးဖြာ၊ ကာလာ အားလုံးရ။
* နာမ, တုမ္၊ အမ္–သဒ္ဒါ၊ ရောလေရာ၊ ယူပါ နောက်ပုရိသ်။
* ယ–နှင့် ယှဉ်ကြ၊ ဝဂ် စ, တ–မှာ၊ စ, ဝဂ်သာနှင့်၊ ရ–မှာကား ယ၊ ဝ–ကို ဝ၊ ပြုရ စဉ်တိုင်း မှတ်။
* က– ဝဂ် ငှ, ပ၊ ဝဂ်သုံးဝ နှင့်၊ လ, သနောက်မှာ၊ ယ ဝင်လာ၊ ပြုပါ ပုဗ္ဗရုပ်။
* ဂမု, ဝဒ၊ ဒါဓာတ်စ၊ နောက် အ, ဧ ရံခါ။
* ဧ, ဩ–နောက်မှ၊ ဝိဘတ် အ၊ ချေရ အမြဲသာ။
* ဧ, ဩ မှနောက်၊ ဝိဘက်ရောက်၊ ရှေ့ခြောက် မာန်, မိ မှာ။
* ဂမု, ယမု၊ ဣသု, အာသ၊ ဓာတ္တန္တ၊ ဆ– ဒွေ ရံခါပြု။
* ဂမု ဓာတု၊ ဃမ္မ–ပြု၊ မှတ်ရှု ရံတစ်ခါ။
* ယေျှ–ဝိမှာ၊ ဥံ ရံခါပြု၊ ဧယျာမုနှင့်၊ ဧမု နှစ်ဝ၊ ဧယျာမ၊ ပြုရအသီးသီး။
* ကရ–ဓာတု၊ ကာသ–ပြုနှင့်၊ ကာ–ပြု တစ်ဖုံ၊ အဇ္ဇကြုံက၊ သ–လာရ၊ ဒီဃ အာ, ဧ, ဩနောက်ပေ။
* အဇ္ဇနှောင်းရာ၊ ဂမ–ဂါ၊ ချို့မှာ ဆ ပြု ဥဆ။ *(စ္ဆ–ကို စဆ, ဥဆ–ကို ဥ ဆ ဟု ဖတ်)*

http://www.dhammadownload.com

- ရ–၏နောက်မှာ၊ ယ–ဝင်လာ၊ ရံခါ ရှေ့နောက်ပြန်။
- ဓနိတနှစ်ဖြာ၊ ဆက်တိုက်လာ၊ ရှေ့မှာ သိထိ ပြောင်း။
- လဘ, နောက်ရှိ၊ ဉ၊ ဏ္ဍ–ဝိ၊ ပြုဘိ တ္ထ, တ္ထံ ချေဓာတွန်။
- လဘ, ဝသ၊ ဆိဒ, စ,နောက်၊ သ–ဒွေ ရောက်၊ မဖောက် သ–မှာ ဆ–ပြုရာ။
- ဝစ, မုစ၊ ဘုဇ–စ–နောက်၊ သ–ဒွေ ရောက်၊ မဖောက် သ–မှာ ခ–ပြုရာ။
- ခ–ဆ–နှောင်းက၊ ဓာတွန္တ၊ က–စ–စဉ်တိုင်းပြု။
- ဘော, ကံဌ ယ၊ နှောင်းလေကမူ၊ ဝစ, ဝသ၊ ဝဟ စ,ဖြာ၊ ဝ–ဌပါသည့်၊ အ–မှာ ဥ–ပြု၊ ဝ, လည်း ဥ၊ မှတ် ရှု ဝစမှာ။
- အဇ္ဈနှောင်းလျှင်၊ ဝစတွင်၊ အ–ပင် ဩ ပြုရာ၊
- ကုသနောက်မှာ၊ ဉ ကိုသာ၊ ပြုပါ စ္ဆိ–ဒွေ ဓာတွန်ချေ။
- ဟ–နောက် ယ–စံ၊ ရှေ့နောက်ပြန်၊ ရံဖန် ယ–ကို၊ လ, လည်းပြု။
- ဓိရ–ဓိယျ၊ ဓာတ် ဇရ–နှင့်၊ မရ–မိယျာ၊ တစ်ချို့မှာ၊ ချေပါ ယ–တစ်လုံး။
- ဒိသဓာတ်တွက်၊ ပသ, ဒက္ခ၊ နောက် ဒိသနှင့်၊ ဒသ ရံခါ၊ ဒိတွင်ပါ၊ က္ခ–မှာ အ–ချို့ပြု။
- ဒက္ခ–ပြုမှ၊ ဘဝိသ် သ၊ ချေရ က္ခ–လည်းလာ။
- သဒ, ဝဒ၊ ဓာတ်နှစ်ဝ၊ သီဒ, ဝဇ္ဇ စဉ်တိုင်းပြု။
- ဘော, ကံ ဌ–ယ၊ နှောင်းလေက၊ ယဇ, ယကို၊ က္ခ–ပြုဆို။
- အဇ္ဈာသ–ဆုံးမှာ၊ နိဂ္ဂဟိတ်လာ၊ ချို့မှာ ရဿပြု။
- ဆုံးဓာတ်မှ၊ ဧ–သရ ၊ အာယ–အမြဲပြု။
- အဇ္ဈ, နှောင်းက၊ ဓာတ် ဝိသ၊ ဝေက္ခ–ရံခါပြု။
- တုဒ, ဝိသ၊ နောက် နုဒ–နှင့်၊ ဒိသ, လိခ၊ ဖုသ–မှာ၊ မှတ်ပါ တုဒါဒိ။
- ဇုဟောတျာဒိ၊ ဟူဝါဒိ၏၊ ဝုဒ္ဓိနောင်မှ၊ ပစ္စည်း အ၊ ချေရ အမြဲသာ။
- ဉကိုချေမူ၊ ရဿ–ပြု၊ မှတ်ရှု ဩ–မှာ၊ ဧ–ရံခါ။
- ဏ္ဍ–ဌ ဏ္ဍ–ကျေ၊ ရှေ့ ရဿေ၊ မှတ်လေ အဟုံရုပ်။
- ဘဝိဿန္တိ၊ နှောင်းတုံဘိမူ၊ ဟူ၏ သရ၊ ဧ, ဧဟနှင့်၊ ဩဟ ပြုလေ၊ သ–လည်းကျေ၊ မကျေ ရံတစ်ခါ။

http://www.dhammadownload.com

* နီ–စသည်မှန်၊ ပြဋ္ဌာန်း ကံတည်း၊ တစ်ဖန် ဒုဟ၊ ဓာတ်စလတ်၊ မပြဋ္ဌာန်းကံ ဟောဖို့ရန်။
* ဌာ, ဓာတ် တိဋ္ဌ၊ ပါ–ပိဝ၊ ပြုရစဉ်တိုင်းသာ။
* ဟ,လာတုံက၊ အာ,ရဿ၊ သဏ္ဍာဟတိ စသည်မှာ။
* ဒါ, ဓာ, မာ, ဌာ၊ ဟာ, ပါ, မဟ၊ မထ–စ၊ အန္တ ဤ–ပြု ယ–နှောင်းမူ။
* တု,တိ–တ္တု,တ္တိ၊ မိ–ကို မှိ–ပြု၊ နှစ်ခု မ,ထ၊ မှ နှင့် တ္တ၊ ချေရဓာတွန်မှာ။
* ဝိဘတ်, ပစ္စယ၊ နှောင်းတုံကမူ၊ အသ–စ,နေ၊ အ–ကိုချေ၊ သ–ကျေ သိ, ဟိ–နှောင်း။
* ယျေ–ဣယာ၊ တစ်ဖြာ ယျေုံ၊ ပြု ဣယုံ၊ မှတ်တုံ သိယာ, သိယုံ–ပြီး။
* ယျေ–စ,မှတ်၊ ခြောက်ပရသ်ကို၊ ပြုလတ် ဿ,ဿု၊ ဿ–ပြု ဿထ၊ ဿံ,ဿာမ၊
တက္ကု ဓာတွန် စဉ်တိုင်းပြု။ *(ဆောင်ပုဒ်၌ ဿ–ကို သ–ဟုဖတ်)*
* အစ္ဆနှောင်းလျှင်၊ အသ–တွင်၊ အ–လျှင်လာရ၊ ပြု ဒီဃ။
* တိ–နှောင်းလေရာ၊ ဗြူနောက်မှာ၊ မှန်စွာ ဤ–လာရ။
* တိ, အန္တိမှာ၊ အ–ဥ–သာ၊ ဗြူမှာ အာဟ–ပြု။
* ဟန ဓာတု၊ ဝဓ–ပြုတည်း၊ မှတ်ရှု ဿ–ကို၊ ခ–ပြုဆို၊ န–ကို နိဂ္ဂဟိတ်။
* အဇ္ဇာ, က–ဝဂ်၊ ပြု စ–ဝဂ် နှင့်၊ တစ်ချက် ဒု, စ၊ ပြု ပ, တ၊ ဟ–ကို ဇ–လည်းပြု။
* ဒါ ကို ဒဇ္ဇ၊ ယျေုံ စ,ထွေ၊ ယျေ–ကျေ၊ တစ်ထွေ ယျေ, အာ။
* မိ, မ, နှောင်းရာ၊ ဒါ–ဆုံးအာ၊ မှန်စွာ အံလည်းပြု။
* အပိ ရှေ့နေ၊ အ–ကိုချေ၍၊ ပြုလေ ရဿ၊ ဓ–ကို ဟ၊ ပိဒဟတိပြီး။
* ဓာ ကို ဒဟ၊ ပြုလေက၊ သုံးရ နေရာတိုင်း။
* အဝုဒ္ဓိကာ၊ နောက်တုဒါနှင့်၊ ဟုဝါဒိပေ၊ ဇုဟောနေ၊ လေးထွေ ဘူဝါဒိ။
* ရုဓာဒိတွက်၊ နောက် အ–သက်၊ ရှေ့ဘက် နိဂ္ဂဟိတ်။
* ဣ, ဤ, ဧ, ဩ၊ ပစ္စယော၊ သက်လော ရုဓာ အချို့မှာ။
* ဒိဝါဒိတွက်၊ ကတ္တားနက်၊ သက်ပါ ယ–ပစ္စည်း။
* ဒိဝါ–ယ–လည်း၊ ဘော, ကံနည်း၊ ရုပ်ပြီးအတူနေ။
* ဝုဓာတ် ဥ–မှာ၊ အာ, ပြုရာ၊ ရုပ်မှာ နိဗ္ဗာတိ။
* ယနှောင်းလေရာ၊ ဒါဓာတ်အာ၊ မှန်စွာ ဣပြုရ။
* တနု, ဇန၊ ဓာတွန်န–မှာ၊ အာ ပြုရာ၊ ယ, နာ, တ, တိ–နှောင်း။

http://www.dhammadownload.com

* ဏု, ဏာ, ဥဏာ၊ ဤသုံးဖြာ၊ သွာဒိဓာတ်နောင်သက်။

* ဏု ပစ္စည်း ဥ၊ ဝုဒ္ဓိပြု၊ ဏာ, မူ ရံခါ၊ ရဿ ဖြာ။

* ဟိကို ရံခါ၊ သိ–ပြုရာ၊ ရုပ်မှာ သုဏာသိ။

* ဏ–ကြီးရှိရာ၊ တစ်ချို့မှာ၊ မှန်စွာ န–ငယ်ပြု။

* အဇ္ဇ– စရှိ၊ နှောင်းဆိ သက၊ က–ကို ခ–ပြု၊ ဒွေဘော်မူ၊ မှတ်ရှု သက္ခ တစ်နည်းပြု။

* ဏု, ဏာ နှစ်ရပ်၊ ဧက ဓာတ်၊ နေကတ် ဥဏာထား။

* ကိယာဒိတွက်၊ ကတ္တားနက်၊ သက်ပါ နာ ပစ္စည်း။

* နာ နှောင်း ရဿာ၊ ဉာ ကိုဇာ၊ ဇံ, နာ အချို့ပြု။

* နာ ပစ္စည်းပေ၊ တစ်ချို့ချေ၊ တစ်ထွေ ယ, လည်းပြု။

* ဉာ–ဓာတ်နောက်ရှိ၊ ယျေ–ဝိ၊ ပြုဘိ ဉ္ဉယာ, ဉာ။

* ဿ–ကို ရံခါ၊ ဟိ–ပြုပါ၊ ရုပ်မှာ ပညာယိဟိတိ။

* နာ, တ–နှောင်းရာ၊ မာ, ဓာတ် အာ၊ မှန်စွာ ဉ္ဉ–ပြုရ။

* နာနှောင်းမုန၊ ဓာတွန် န၊ ချေရ မုနာတိ။

* ဂဟာဒိမှ၊ ဏှာ နှင့် ပ္ပ၊ သက်ရ နှစ်ပစ္စည်း။

* ဏှာ နှောင်း ဟ–ကျေ၊ ပ္ပ–နှောင်းလေ၊ မသွေ ဃေ–အပြု။

* (တစ်နည်း) ဟ နောက် နာ–စံ၊ ရှေ့နောက်ပြန်၊ တစ်ဖန် န–ငယ် ဏ–ကြီးပြု။

* တနာဒိမှာ၊ ဩ, ယိရာ၊ သက်ပါ ကတ္တားနက်။

* ဩပစ္စယ၊ ဥပြုရ၊ ကရ အ–လည်း ဥ။

* ဩ၏ ဥ–မှာ၊ ဝ–ပြုရာ၊ ရ–ပါ ကျေရ ဝ–ကို ဗ ။

* ကရ–နောက်မှာ၊ ဩ ရောက်လာက၊ ဩပါ ကုဗ္ဗ၊ ကြုဗ္ဗ၊ ပြုကြတစ်နည်းမှတ်။

* ကရနောက်သာ၊ ယိရ လာ၊ ချေပါ ရ်–ဓာတွန်။

* ယိရ နောင်မှ၊ ယျေ–တစ်ထွေ၊ ထေ–ဇေတို့၊ မသွေ အာ–ပြု၊ မှတ်ရှု တစ်ဖုံ၊ ယျုံ–စသား၊ ယျေ–များ၊ ချေကြား ရုပ်ပြီးစေ။

* ဘဝိသ်နှောင်းက၊ ဓာတ်ကရ၊ ကာဟ–ပြုလေ ဿ ချို့ကျေ။

* သံရှေးရှိက၊ ဓာတ်ကရ၊ ခရ များစွာ၊ ခါ–တိတ်မှာ။

စုရာဒိမှ၊ ဏေ–ဏယ၊ သက်ရ နှစ်ပစ္စည်း။

http://www.dhammadownload.com

* အနုဗန် ဏ၊ ကာရိတ၊ ချေရ ဏ–မှာ၊ ဝုဒ္ဓိဖြာ။
* ရုံခါ ဝုဒ္ဓိ၊ ဃဋ္ဌာဒိတည်း၊ ဝုဒ္ဓိကြဉ်ရှောင်း၊ သံယုတ်နှောင်း၊ တစ်ကြောင်းတုဒါဒိ။
* ခ, ပစ္စည်းမှ၊ ကာရိတ်ကျတို့၊ ညွှန်ပြဓာတ်နက်၊ ယင်းအချက်၊ မိန့်မြွက်ဓာတုပစ္စယ။
* တိဇ, နှောင် ခ၊ ဓာတ်ဂုပနှင့်၊ ကိတနောက်မှီး၊ ဆ ပစ္စည်း၊ တစ်သီးမာန၊ နောက်ဠ္ဌသ။
* ဓာတုပစ္စယ၊ နောက်တွင်မှ၊ သက်ရ ဝိဘတ္တိ။
* ဓာတုပစ္စယ၊ မသက်က၊ မူလဂိုဏ်းတူ၊ ရုပ်အမူ။
* အဗ္ဘာ– ကိတ၊ က–ကို တ၊ မာန မ–မှာ၊ ဝ–ပြုရာ။
* ဗဓ–ဓာတ်မှ၊ ဗ–ကို ဘ၊ ဟာရ, ဇိ–ဓာတ် ဂီ–ပြုလတ်။
* ပါ, မာန–ဓာတ်၊ သ နှောင်းလတ်၊ နှစ်ရပ် စဉ်တိုင်း ဝါ, မံ–ပြု။
* တုံ, ဣစ္ဆဉ်၊ ဘုဇ, ဃသ၊ ဟရ, သု–ပါ၊ ဓာတ်နောက်မှာ၊ သက်ပါ ခ–ဆ–သ။
* ကတ်, ကံ, အာဓာ၊ ဥပမာမှ၊ အာစရနက်၊ ပစ္စည်းသက်၊ ချင့်တွက် အာယ, ဤယ–နေ။
* နာမ်၏ နောက်မှာ၊ ထွေထွေဖြာ၊ ကြိယာနက်၊ ဏယ–စသည်သက်။
* နမော–နောက်ဘက်၊ အဿသက်၊ အနက် ကရောတိ။
* ဥဝဏ်နှောင်ကျ၊ ဏေ,ဏယသာ၊ စုရာ က္လဝဏ္ဏော၊ အာ,ဧ,ဩမှာ၊ ဏာပေ, ဏာပယ၊ နောက်နှစ်ဝမှတ်၊ နေကဿရာ၊ ဓာတ်နောက်မှာလေး၊ ချို့မှာဒွေး၊ သက်ရေးဟိတ်နက် ကာရိတ် ဖက်။
* ဂုဟ, ဒုသ၊ ဓာတ်နှစ်ဝ၊ ဒီဃ ကာရိတ်နှောင်း။
* ဏာပေ, ဏာပယ၊ နှောင်းတုံက၊ အာယ – အာ–မှာ ချို့ ရဿာ။
* ဟန–ဓာတု၊ ဃာတ–ပြု၊ နှောင်းမူ ကာရိတ် ဏ–ပစ္စည်း။
* ဒ–ဓ–ဆုံးလတ်၊ ဓာတ်နှောင်မှ၊ ချို့မျှ ယ–လာ ရာ။
* ကာရိတ်နှောင်းလည်း၊ ဏျာပစ္စည်း၊ သက်နည်း ချို့အရာ။
* သကာရိတ၊ ဓာတ်နှောင်မှပင်၊ စီရင် ယု, ဏွု၊ တွေ့မြင်မှုကြောင့်၊ ဓာတုပစ္စည်း၊ နေး တွင်လည်း၊ ပစ္စည်း ကာရိတ်သက်။

http://www.dhammadownload.com

ကိတ်ပိုင်း (ပုဒ်ရေ– ၁၀၇)

* ကတ္တားမှာ တတ်၊ ကံမှာ အပ်နှင့်၊ ကြောင်းမှတ် ကရဏ၊ သမ္ပ, အပါ၊ ဓိ–သုံး ရာ၊ ဘောမှာ ခြင်း, ရာ ထား။

* ကစ္စည်း ပထမ၊ ပြခြင်းတစ်ရပ်၊ နည်းလတ်ရေတွက်၊ ယင်းနှစ်ချက်ကြောင့်၊ မိန့်မြွက်ကိစ္စ ပထမ။

* တဗ္ဗာနီယ၊ နောက် ဏျ–နှင့်၊ ရိစ္စ, တေယျာ၊ ငါးကိစ္စာတို့၊ ကံချို့ ဓာတ်မှာ၊ ဘောသာနပုံး၊ ကံရှိသုံး၊ မှတ်အုံးကံမှာ လိင်သုံးဖြာ။

* ပစ္စည်း ဗျည်းစ၊ နှောင်းလေက၊ လာရ ဣ–သရာ။

* ဘူ–နောင် ဏျ၊ ရှိလေက၊ အဗ္ဗ–ပြုရန် သဓာတွန်။

* တဗ္ဗ, တုန၊ တုံ, တု စ–တို့၊ နောက်က ရှိရာ၊ ကရ–ကာ၊ ရ–မှာ တ–လည်းပြု။

* ရ, ဟ–ဆုံးမှု ဓာတ်စုစုနှင့်၊ ရမု, အပ၊ ဉ, တာ–စ နောက်၊ န–ငယ်ရောက်၊ မဖောက် ဏ–ကြီး ပြန်။

* အနုဗန် ရ၊ နှောင်းတုံက၊ တက္က ဓာတွန်ချေ။

* ဝိကရဏ ပစ္စည်း၊ အာချာတ်နည်း၊ ကိတ်လည်း ပါဝင်စေ။

* ဓာတွန် စ, ဇ၊ တ, ဒ, ပ–တို့၊ နောက်က တ–နေ၊ ဓာတွန်ချေ ဆောင်လေတ–ဒွေဘော်။

* သာသ ၏ အာ၊ ဣ–ပြုရာ၊ ယ–မှာ ပုဗ္ဗရုပ် သိဿ ပုဒ်။

* (တစ်နည်း) သာသ ၏ အာ၊ ဣ–ပြုရာ၊ သျ–မှာ သ–ပြု ဒွေဘော်မှု။

* ဏ–နှောင်း စ, ဇ၊ ပြု က, ဂ၊ ကြဉ်ရ ဏျ–မှာ။

* နိ–၏ နောက်မှ၊ ပထမ၊ ပြုရ ဒုတိ ဒွေဘော်သိ။

* ဘော, ကံ အခြား၊ ကတ်–စသား၊ သက်ငြား အနီယ, ဏျ။

* မဟ, မထ၊ ယ–နှောင်းကနှင့်၊ နဟ–စဖြာ၊ ဓာတ်တို့မှာ၊ ရှောင်ပါ ဓာတွန်ချေ။

* တ–နှောင်း မ, န၊ န–ပြုရ၊ လောပ တားမြစ်ရန်။

* ဒ, မ, ဇ–မှ၊ နောက် ဏျ–မှာ၊ ဓာတွန်ပါ၊ ပြုရာ ဇ္ဇ, မ္မ – ဂ္ဂ စဉ်တိုင်း။ *(ဇ,မ,ဂ–ဟုဖတ်)*

* ဂရဟ–မှ၊ နောက် ဏျ–မှာ၊ ဓာတွန်ပါ ယှ၊ ရှေ့ ဂရ၊ ဂါရ–ပြုလေမြဲ။

* အာနှောင် ဏျ၊ ရှိလေက၊ တက္က ဇေယျ–ပြု။

* အရဟ, သက္က၊ တိသဂ္ဂနှင့်၊ ပေယ တစ်ဖြာ၊ ပတ္တကာ၊ သက်ရာ ကိစ္စ ငါး။

http://www.dhammadownload.com

* သာဓနများစွာ၊ ဓာတ်နောက်မှာ၊ သက်ပါ အ, ဏ–လိင်လျော်စွ။
* ဝုဒ္ဓိ သဘော၊ အာ, ဧ, ဩ၊ ဆက်လော အာယ, အာဝ–တိုင်။
* ရုပ်ပြီးရာတွင်၊ ဝုဒ္ဓိ ထင်၊ မထင် ဏ, အ–ခွဲ။
* ယ–တ–သဒ္ဒါ၊ ရှေ့ရှိရာဝယ်၊ နောက်မှာဒွေဘော်၊ လာသော်လည်းရှိ၊ မလာဘိမူ၊ ယ–တ ဓါ်နောက်၊ ဗိန္ဒုရောက်၊ မှတ်လောက်ထုံးစံ အမြဲတည်း။ (ရှေးဆရာ)
* ဓာတု ဂဟ၊ ဂ–ဓါ် အ၊ ပြုရ ဧ ရုံခါ။
* ကံပုဒ်ရှေ့ပါ၊ ဓာတ်နောက်မှာလျှင်၊ သညာဖော်ပြ၊ ပစ္စည်း အ၊ ကမ္မ ဗိန္ဒုတင်။
* ဒဒ– ရှေ့မှ၊ ပုရ–အ–မှာ၊ ဣံ–ပြုရာ၊ နောက်မှာ အ–ပစ္စည်း။
* ဣတ္ထိလိင်တွက်၊ အ–ပင်သက်၊ နောက်ဆက် ဣတ္ထိ အာ။
* ဒု–သု ဤသံ၊ ရှေ့ဦခံမူ၊ ဘော, ကံနက်ပြ၊ ပစ္စည်း ခ, ကျေရ ခနုဗန်။
* ဟနဓာတု၊ ဃာတ–ပြု၊ နှောင်းမူ ကာရိုက် ဏ–ပစ္စည်း။
* ဏ–နှောင်း ဒဟ၊ ဒ–ကို ဠ နှင့်၊ ဖုသ ဓာတု၊ ဖဿ–ပြု၊ ဓာတု ဂဟ ချို့ ဃရ။
* ဏ, တ–နှောင်းက၊ သံ–ဥပ–နှင့်၊ ပုရ–ပရိ၊ နောက်ရှိ ကရ၊ ခရ, ခ၊ ပြုရ ထိုက်သင့်စွာ။
* သံယုဂ် စ–န၊ ဗိန္ဒုပြ၊ ရန္ဓ–န္ဓ– ဓ–ပြုရ။ *(န္ဓ–ကို နဓ–ဟုဖတ်)*
* ရှေ့ကံပုဒ်ရောက်၊ ဓာတ်ဓါ်နောက်၊ မဖောက် ဏ–ပစ္စည်း။
* အာကာရန္တ၊ ဏ–နှောင်းက၊ အာယ အမှန်ပြု။
* ကတ္တား ယေဘုယျ၊ ကံ–ချို့မျှ၊ သက်ရ ဏွု, အက–ပြု။
* ဣတ္ထိလိင်မှာ၊ အက–လာ၊ မှန်စွာ အ–ကို ဣ။
* သကာရိတ၊ နုဒ–စ, နောက်၊ ကျရောက် ယု–မှာ၊ နှစ်ဖြာ အန၊ အာနန–တည်း၊ တစ်ဝ ဏွု၊ အက–ပြု၊ ဉာ–မူ အာနနက။
* သီလ, ဓမ္မ၊ သာဓုကနှင့်၊ အတ္တမာန၊ အနက်ပြ၊ သက်ရ ဓာတ်နှောင် ဏီ, အာဝီ။
* လိင်, သာဓနေ၊ ထိုက်သင့်စွ၊ ဓာတ်မှ နောက်ယု, အန–ပြု။
* ဣတ္ထိလိင်တွက်၊ ယု–ပင်သက်၊ နောက်ဆက် ဣတ္ထိ အာ။
* အသံ–အမျက်၊ လှုပ်လှုက်, ဆင်ယင်၊ ထွန်းထင်တောက်ပ၊ ပွားခြင်းစရှိ၊ သီလာဒိတွက်၊ ကတ္တားနက်၊ ယု–သက် ဝုဒ္ဓိများ။
* အနုဗန် – ဣ၊ ဓာတ်ဆုံးရှိ၊ လာဘိ နိဂ္ဂဟိတ်။

http://www.dhammadownload.com

- အန္တ ကတ္တား၊ မာနကားမှတ်၊ ဘော, ကံကတ်၊ သက်လတ် ပန်, ဟိတ်, လက္ခဏ။
- သံ–နှင့် န္တု၊ မှတ်ရှု မာန၊ နောက် အာန–တည်း၊ တစ်နည်း သန္တု၊ ဤသုံးခု၊ သက်မှု မပြီး အနာဂတ်။
- မာန, အန္တ၊ ရှေ့က သ–ဝင်၊ မ–ကျေလျှင်၊ ဖြစ်စဉ် နာဂတ် တစ်နည်းမှတ်။
- ဘော, ကံ, ကတ္တား၊ မိ ၄–ပါးမှာ၊ တ–သက်ရာ၊ သုံးဖြာ ကာလ၊ တိတ်များစွ။
- တိ–ပစ္စည်းကား၊ ဘော, ထိများ၊ အခြား ရံခါသက်။
- ဓ–ဘ–ဟ–မှ၊ နောက်ရှိ တ–မှန်၊ ဓ–ပြုရန်၊ ဓာတွန် ဒ–ဒွေး ပြု။
- ပ–နှင့် ဟ–မှ၊ နောက်ရှိ တ–မှန်၊ ပ–ပြုရန် ၊ ဓာတွန် ဍ–ရင်ကောက်။
- ဝမှ–ဒဟ၊ နောက်ရှိ တ၊ တကွ မှ–ဒွေဘော်။
- ဝသ–နောင်မှ၊ ပစ္စည်း တ၊ တကွ ဥတ္ထ–ပြု။
- ဝသ–သံသ၊ ဓာတ်နောင်တ၊ တကွ တ္ထ–ဒွေးပြု။
- တ–နှောင်းတုံက၊ ဝသ, ဝ–မှာ၊ ဥ–ပြုရာ၊ ရံခါ အစိတ်ပြု။
- တ–နှောင်းတုံက၊ ဓာတ် စ–ဝ–မှာ၊ ဥ–ပြုရာ၊ ရံခါ အစိတ်ပြု။
- မ–နောင်မှ တ၊ ပြု–န္တ၊ ချေရ ရှေ့ဓာတွန်။ *(န္တ–န္တ ဟု ဗတ်)*
- စ, က– နောက် တ၊ က္က–ပြုရ၊ ချေရ ရှေ့ ဓာတွန်။ *(လက်ာ၌ က္က–ကို က–ဟုဗတ်)*
- တိဇ–သုသ၊ ရုဟ–နောက်မှ၊ ပစ္စည်း တ၊ ပြုရ က္ခ–ဒွေ ဓာတွန်ကျေ။ *(က္ခ– ကို ခ–ဟုဗတ်)*
- သာသ, ဒိသ၊ နောက်ရှိ တ–ကို၊ ရိဋ္ဌ–ဆို၊ တိ–ကို ရိဋ္ဌိပြု။
- ဒိသ–နောင်မှ၊ ကိစ္စ တ–နှင့်၊ တုံ, တွာ–စ တို့၊ ရဋ္ဌ, ရဋ္ဌုံ၊ ရဋ္ဌာ–ကြံ၊ မှတ်တုံ ပြုရမြဲ။
- သ–ဇ ဆုံးဓာတ်၊ ပုစ္ဆ–ဓာတ်တို့၊ နောက်ရပ် တ–မှာ၊ ဓာတွန်ပါ၊ မှန်စွာ ဋ္ဌ–ဒွေးပြု။
- ယဇ–၏ အ၊ ဣ–ပြုရ၊ နောက်မှ ဋ္ဌ–ရှိရာ။
- န, ရ–နှင့် မ၊ ဓာတွန္တမှာ၊ တ–နှောင်းရာ၊ ချေပါ ထိုက်သင့်စွာ။
- အချို့သော တ၊ ဌ–ပြုရ၊ ဗုဒ္ဓ ပါဠိ လျော်စေရန်။
- ဣ–ယှဉ်သည့် တ၊ နှောင်းလေကမူ၊ န, ရ–နှင့် မ၊ ဓာတွန္တ၊ လောပမဖြစ်ပေ။
- ဇ–ကာရန္တ၊ နောက်ရှိ တ၊ တကွ ဂ္ဂ–ဒွေးပြု။
- ရ–နောင်မှ တ၊ ပြု–ဏ္ဏ၊ ချေရ ရှေ့ ဓာတွန်။
- ဘိဒါဒိမှ၊ နောက်ရှိ တ–မှာ၊ ဏ္ဏ, အန္န၊ ချို့ ဤဏ၊ ချေရ ရှေ့ ဓာတွန်။

http://www.dhammadownload.com

* ဟာ စသည်နောက်၊ ဏ –ကြီးရောက် ၊ မဖေါက် နငယ်ပြန်။
* ဟ–နောက်ရှိ တ၊ ဟ–ပြုရ၊ ရှေ့ဟ, ဋ္ဌ–ပြု, ဒီဃ ရှု။
* တ–နှောင်း ဌာ–ပါ၊ အစိတ် အာ၊ မှန်စွာ က္လ, ဤ စဉ်တိုင်းပြု။
* တ–နှောင်း ဂေ–မှာ၊ ဂီ–ပြုရာ၊ ဓာ–ဟာ–နောက်ရှိ, တိ –ကို နိ။
* အမည်ဟောလတ်၊ တောင့်တအပ်ရာ၊ ဓာတ်နောက်မှာ၊ သက်ပါ တိ–နှင့် ကိတ်။
* အာ ရှေးရှိလတ်၊ ဂမုဓာတ်မှ၊ နောက် တုက၊ ဘဗ္ဗ အနက် က္လက–သက်။
* အတူ ကတ္တာ၊ ရှေ့ကြိယာ၊ သက်ပါ တုန, တွာ, တွာန။
* ပုဗ္ဗာ–ပရ၊ သမာနနှင့်၊ လက္ခဏ–ဟောတု၊ နက်ငါးခု၊ သက်မူ တုန, တွာ, တွာန။
* တာယေ–တုယေ၊ တုံ–တဝေ–တို့၊ တူလေ ကတ္တာ၊ နက်က္လစ္ဆာ၊ ဓာတ်မှာ သက်ရကုန်။
* တွာ စသည်ပေ၊ ယ–ပြုလေ၊ ချို့ကျေ အာ–နောက်တွင်။
* ယ–အစီရင်၊ ရုပ်သွင်ပြင်၊ ယခင်ဆိုတိုင်းပေ။
* မ, ဟ, ဒ–နောက်၊ တွာဒိရောက်မူ၊ မဖောက် မ္မ, ယှ၊ ဇ္ဇ–ပြုရ၊ ချေရ ရှေ့ဓာတွန်။
* ဘနောင် တွာဒိ၊ ဗ္ဘ, ဒ္ဓါ သိ၊ ချေဘိ ရှေ့ဓာတွန်။ *(လက်ာ၌ ဗ္ဘ–ကို ဘ၊ ဒ္ဓါ–ကို ဒါ–ဟုဖတ်)*
* စ, န, ရ, က္လ၊ နောက်တွာဒိ၊ ပြုဘိ ရစ္စ–သာ။
* ဒိသ–နောင်မှ၊ တွာဒိကျ၊ သွာန, သွာ–ပေ ဓာတွန်ကျေ။
* ဒိသ–နောက်တွင်၊ တွာဒိမြင်၊ တ–ပင် ကျေလတ် တစ်နည်းမှတ်။
* သိ–ဓာတ် နောက်တွာ၊ ယ–ပြုရာ၊ က္လ–မှာ အာ–ဖြစ်ရ။
* တဿီ, ခမ်, သာ၊ ကတ်နက်မှာ၊ သတ္တာဂိုဏ်းပြ၊ တု–သက်ရ။
* ဟိ–ဓာ–ဇန၊ တနု–စ၊ နောက်မှ တု–ပစ္စည်း။
* သာသ, ဝသ၊ စသည်မှ၊ သက်ရ ရတ္ထု လိင်, ဂိုဏ်းရှု။
* မာန, ဘာသ၊ စသည်မှ၊ သက်ရ ရာတု ဂိုဏ်းသတ္တု။
* ပါ နှင့် ခရ၊ စသည်မှ နောက်၊ ရိတု–ရောက်၊ မဖေါက် ဒီဃ, ဓိတာပြု။
* သုပ, ပဋ္ဌ၊ ဇိ–ဓာတ်စ၊ နောက်မှ က္လန–သက်။
* တဿီ, ခမ်, သာ၊ ကတ်နက်မှာ၊ သက်ပါ ရူ, ဏု, ဦ, ဏူ, ဥ။
* ဓာတ်၏ နောက်ပေ၊ ကွိ–သက်လေ၊ ကျေစေ ကွိပါ ဓာတွန်ပါ။
* တစ်လုံးဓာတ်နောက်၊ ကွိ– လျှင်ရောက်၊ ကျေပျောက် ကွိ–ထည်းသာ။

http://www.dhammadownload.com

* ကွိ ပစ္စယ၊ နှောင်းလေကမူ၊ ဒိသ–ရှေ့မှ၊ ယ–တေတ နှင့်၊ ဣမ–အမှ၊ သမာနပါ၊ ကိံ သဒ္ဒါတို့၊ ယာ – တာ – ဧ – ဤ၊ မာ–သာ–ကီ၊ အညီ စဉ်တိုင်းပြု။
* ပုဒ်နှောင် ဒိသ၊ ဒ–ကို ရ နှင့်၊ ဆုံး သ–က္ခ ဒွေ၊ သ–ကိုချေ၊ မသွေ ဒီဃ–ပြု။
* ဟနာဒိ–မှ၊ ပစ္စည်းရ၊ ဟ–ကို ဃ–လည်းပြု။
* ဓရ, ဝရ, စရ–စဖြာ၊ ဓာတ်နောက်မှာ၊ သက်ပါ ရမ္မတည်း။
* ဒါ, ဓာနောင်မှ၊ သညာပြ၊ သက်ရ ဣ–ပစ္စည်း။
* မုန, ယတ၊ အဂ္ဂ–စဖြာ၊ ဓာတ်နောက်မှာ၊ သက်ပါ ဣ–ပစ္စည်း။
* ခိ–စ–နောက် မန်၊ န– ကျေပြန်၊ တစ်ဖန် အဒ နောက် မ–တ။
* သမာဒိမှ၊ ထ နှင့် မ၊ သက်ရ နှစ်ပစ္စည်း။
* ကရ–နောင်မှ၊ ရိရိယ၊ ချို့မျှ ကိ–နေ ဣ–ကိုချေ။
* ဝဇ–စဖြာ၊ ဓာတ်နောက်မှာ၊ သက်ပါ ဏျ–တည်း။
* သတ, နတ၊ မာ, ဇန–နှင့်၊ ကန–စဖြာ၊ ဓာတ်နောင်မှာ သက်ပါ ယ–ပစ္စည်း။
* ရုဇာဒိမှ၊ ပစ္စည်း ဆ၊ ရှေ့မှ ဓာတွန် စ–ပြုရန်။
* မရ–နောင်မှ၊ တျ, တျု၊ ဤနှစ်ခု၊ ချေမှု ရှေ့ဓာတွန်။

ကာရကပိုင်း *(ပုဒ်ရေ– ၁၁)*

* လိင်, အာ, ကရဏ၊ သမ္ပ,အပါ၊ သာမျာ,ဓာရ၊ လက္ခဏ, ဟေတု၊ မှတ်ရှု ကြိယာ ဝိသေ၊ နက်ထွေထွေ၊ သက်လေ ပထမာ။
* သုဒ္ဓ, သံသဠ်၊ နှစ်လိင်္ဂတ်၊ သက်အပ် ပထမာ။
* ကံ, ကြိယာဝိ၊ ကာရိ, အစွန်၊ ကမ္မပ္ပ, ဆဠ္ဌီ၊ သတ္တမီ, တတိယာ၊ သမ်,အပါ၊ ဟိတ်ပါ ဒုတိယာသက်။
* အနုပဒံ၊ လက္ခဏံနှင့်၊ ဣတ္ထံဘူတ၊ ချာတ, ဝိဇ္ဇာ၊ ဘာဂါ, ဟီန၊ သဟတ္ထခြောက်၊ ဖြစ်မြောက် ပတိ၊ ပရိ–နှစ် မှာ၊ ရှေ့လေးဖြာတည်း၊ သုံးဖြာရှေ့ ဘိ၊ မှတ်သိ ဂရဟာ၊
* အန္တရာ အဘိတော၊ ပရိတော ပတိ၊ ပဋိဘာတိ–ယှဉ်ရာ၊ ဆဠ္ဌီမှာ သက်ပါဒုတိယာ။
* ကရိုဏ်း, ကတ်, ကံ၊ ပါဒါန်, သဟာဒိ၊ ဟိတ်သိ, သတ္တမီ၊ တစ်လီ အင်္ဂ၊ ဝိသေသန, ဣတ္ထမ်၊ တစ်ဖန် ပ–ဝဂ်၊ စသည်နက် သက်လေ တတိယာ။

http://www.dhammadownload.com

* သမ္ပဒါန်, ကံ၊ ပါဒါန်, သာမီ၊ သတ္တမီလျှင်၊ နမော ယှဉ်ရာ၊ စသည်မှာ၊ သက်ပါ စတုတ္ထီ။
* ပါဒါန်, သဟာဒိ၊ သာမိ, ကံ, ဟော၊ တစ်ထွေ ကာရဏ၊ အာဓာရနက်၊ ကရိုဏ်းစွက်၊ သက်လေ ပဥ္စမီ။
* ကံ, ပါဒါန်လယ်၊ ကြိယာလယ်ဟု၊ နှစ်သွယ်ကာလ၊ ဒေ သဒ္ဒ၊ ကာရကမင္ဂလ္ဗါ။
* သာမီ, ကမ္မ၊ ကရဏ, ကတ်၊ တစ်ရပ် သဟာဒိ၊ အဝဓိ, အာဓာ၊ နိဒ်, အနာ–နှင့်၊ ယှဉ်ရာ သာမိ၊ အစရှိ သက်ဘိ ဆဋ္ဌီ ဝိ။
* ဩကာသနက်၊ တစ်ချက် နိဒ္ဓါ၊ အနာ, ကမ္မ၊ ကရဏ, နိ၊ အဝဓိ, သမ္ပဒါ၊ ကာလာ, ဘာဝ၊ ယှဉ်ရ သာမိ၊ အစရှိ သက်ဘိ သတ္တမီ။

သမာသ်ပိုင်း *(ပုဒ်ရေ–၅၃)*

* ပေါင်း, စပ် အပ်ကြား၊ နာမ်ပုဒ်များ၊ မှတ်သား သမာသ။
* နိပါတ်,ရုဋ္ဌိ၊ နာမ်ရုဋ္ဌိနှင့်၊ အမည်, ဂုဏ်, ဇာတ်၊ ဟောအာချာတ်၊ သမာသ် ဖြစ်သည်သာ။
* အဗျ, ကမ္မ၊ ဒိ, တပ်, ဗ၊ ဒွန္ဒ ခြောက်သမာသ်။
* ဥပသာရ၊ နိပါတ–တို့၊ ရှေ့ကရှိနေ၊ ပြဋ္ဌာန်းချေ၊ ခေါ်လေ ဗျယီ နပုံသိ။
* သမာသ်,တဒ္ဓိ၊ ဝါကျရှိလတ်၊ ဝိဘတ်,ပစ္စယ၊ ပဒ,အက္ခရာ၊ အာဂုံပါ၊ ပြီးခါ ကျေစေ ချို့မကျေ။
* ချေပြီး တုံက၊ ကြွင်း ပဒ၊ မူလ ပကတိ။
* ကွစိ–သဒ္ဒါ၊ လိုက်သည့်တာကြောင့်၊ မီမှာ လစ်လပ်၊ တ, ဆ, သတ်၊ ဝိကပ်အံ–ပြုစေ။
* ဗျယီ အ–နောင်၊ အံ–ပြုဆောင်၊ ခြားနောင် ကျေစေ ဝိဘတ်တွေ။
* ပုဒ်တည်, ဝါကျ၊ အနက်ပြ၍၊ ခြောက်ဝဆိုင်ရာ၊ စပ်သညာနှင့်၊ သာမန် သမာသ်၊ ချေလတ်, ပကတိ၊ နာမ်ငဲ့ဘိ၊ မှတ်သိ သမာသ်ရုပ်တွက်စဉ်။
* နိစ္စသမာသ်၊ အမြဲစပ်၍၊ ကင်းလတ်ဝါကျ၊ ဝိဂ္ဂဟ၊ အညပုဒ်ဖြင့်ပြု။
* နပုံသမာသ်၊ လေးရပ် ဗျယီ၊ ဗ, ဒွန်, ဒိ–လာ၊ ဒီဃမှာ မှန်စွာ ရဿပြု။
* ဝိသေ–ပုဗ္ဗ၊ ဥတ္တရ–နှင့်၊ ဥဘယပါ၊ ဥပမာ,သမ်၊ တစ်ဖန် အဝဓာ၊ န,ကု, ပါ၊ ကိုးဖြာ ကမ္မဓာရာယ်။
* ဝိသေသန၊ ဝိသေသျ၊ ပဒနှစ်ဆူ၊ အရတူ၊ မှတ်ယူ ကမ္မဓာရာယ်။

http://www.dhammadownload.com

* ကမ္မဓာရယ၊ ဝိဂ္ဂဟမှာ၊ စ,တ–သဒ္ဒါ၊ ပါ,မပါ၊ နှစ်ဖြာလုံးပင်သင့်။

* ဝိဂြိုဟ် ပြုရာ၊ ပုဒ်တိုင်းမှာ၊ ပထမာဝိဘတ်နှင့်။

* တုလျာဓိကရဏ၊ နောက်ပဒကြောင့်၊ မဟန္တ–မှာ၊ ပြု မဟာ၊ ရံခါ မဟ–ပြု။

* နောက်ပုဒ်အရ၊ ပဓာနကြောင့်၊ ကမ္မ,ဒိဂု၊ ဤနှစ်ခု ခေါ်မူတပ္ပုရိသ်။

* ပုမ–ဆုံးအ၊ ကျေပျောက်ရေ၊ လိင်္ဂစသည် နှောင်းသမာသ်။

* ကမ်, ဗဟုဗ္ဗီဟိ၊ ဣတ္ထိလိင်မှာ၊ ဘာသိတာ ပုမ၊ ထိ–သဒ္ဒ စစ်၊ ပုလ္လိင်ဖြစ်၊ နှောင်းလစ် တုလျာဓိကရဏ–ပုဒ်။

* ကမ္မဓာရယ၊ တ–သဒ္ဒ၊ ရှေ့ကလိင်သို့လိုက်။

* တပ်, ဗ–သမာသ်၊ န–နိပါတ်စု၊ အ–အပြု၊ အန်–ပြု သရနှောင်း။

* အပ္ပ, ကုစ္ဆိ၊ အနက်ရှိ ကု၊ ကာ–အပြု၊ ကဒ်–ပြု သရနှောင်း။

* ကမ္မဓာရယ၊ သမာသပင်၊ ရှေ့ကသချာ၊ ရှိလေရာ၊ ဆင့်ကာ ဒိဂုခေါ်။ *(အခြေပြုသဒ္ဒါ)*

* သမာဟာရာ၊ အသမာ–ဟု၊ ဒိ နှစ်ခု၊ ရှေ့ဂု နပုံ,ဧကဝုစ်။

* ဒိဂုသမာသ်၊ ကမ်, ဒိ,တပ်၊ သုံးရပ် အမည်တွင်။

* သမာသ်ဆုံးရှိ၊ ရာဇာဒိနာမ်၊ ဆုံးမှန်သရ၊ အချို့ အ၊ တစ်ဝ အ,က–သက်။

* နောက်ပုဒ်နှင့်စပ်၊ ရှေ့ရပ် အမာဒိ၊ တပ္ပုရိ ပြားဘိခြောက်မျိုးပေ။

* ရှေ့အမာဒိ၊ နောက်ပြန်ဘိ၊ ပါဠိလျော်စေရန်။

* ပုဗ္ဗ, မဇ္ဈ၊ သာယ–တွဲထုတ်၊ အဟ–ပုဒ်၊ ပြုလုပ် အန္ဟ–ပေ။

* မကျေဝိဘတ်၊ ပုဒ်တွဲစပ်၊ သမာသ် အလုတ္တ။

* တုလ်, ဘိန်–ဒွိပဒ၊ တိပဒနှင့်၊ န,သဟ, ဥ၊ မှတ်ရှု သချော၊ ဒိ, ဗျ–နော၊ မှတ်လော ဗဟုဗ်သမာသ်ကိုး။

* အညပုဒ်နက်၊ ပုဒ်ချင်းယှက်၊ တွဲဆက်ဗဟုဗ္ဗီဟိ။

* အညပုဒ်ဝယ်၊ ခုနှစ်သွယ်ဝိဘတ်၊ ပြားတုံလတ်၊ သမာသ်ဗဟုဗ် ခုနှစ်ပါး။

* တွဲပုဒ်နှစ်ဆူ၊ ဝိဘတ်တူ၊ မှတ်ယူဒွိပဒ တုလျာဓိကရဏ။

* ဓနု, ဓမ္မ၊ စသည်မှ၊ သက်ရ အာ–ပစ္စည်း။

* ဣတ္ထိ ဤ, ဦ၊ နဒီ–ယူ၊ နောက်မူ က –ပစ္စည်း။

* တွဲပုဒ်နှစ်ပါး၊ ဝိဘတ်ပြား၊ မှတ်သားဘိန္နာဓိကရဏ။

http://www.dhammadownload.com

* သုံးပုဒ်တွဲထုတ် ၊ တိဗဟုဗ်တည်း၊ ရှေ့ပုဒ် သဟ၊ န, ဥ–ပြ၊ သဟ, န, ဥ–ပုဗ္ဗပဒ။
* ဝါအနက်၌၊ နှစ်ချက်သင်္ချာ၊ တွဲစပ်ရာ၊ မှတ်ပါသင်္ချာဘယပဒ။
* နှစ်ခုအရပ်၊ ကြား,ဒေါင့်ရပ်မှာ၊ တွဲစပ်ရာ မှတ်ပါတိသန္တရာဋ္ဌတ်။
* ဆန့်ကျင်ဘက်များ၊ တွဲစပ်ကြား၊ မှတ်သား ဗျတိဟာရ လက္ခဏ။
* ပြန်လှန်မူရာ၊ ပြရာပုဒ်များ၊ တွဲစပ်ကြား၊ မှတ်သား ဗျတိဟာရလက္ခဏ။
* ဝိဘတ်တူနာမ်၊ ပေါင်းစပ်ပြန်၊ မှတ်ရန် ဒွန်သမာသ်။
* ပုဒ်တိုင်း ပဌမာ၊ စ–ယှဉ်ကာ၊ ဒွန်မှာ ဝိဂ္ဂဟ်ပြု။
* သမုစ္စယ၊ ထွန်းလင်းပြ၊ ယှဉ်ရ ဒွန်မှာ စသဒ္ဒါ။
* မာတု, ပိတု၊ ရှေ့ပုဒ် ဥ၊ အာ–ပြု တေသုဝုဒ်။
* ပတိနှောင်းရာ၊ ဇာယာ–မှာ၊ ရံခါ တုဒံ, ဇာနိ–ပြု။
* ယှဉ်, စစ်,သတ္တဝါ၊ တူရိယာများ၊ အင်္ဂါထား၍၊ ငယ်ကြားသတ္တ၊ တူမျှ,ဆန့်ကျင်၊ စသည်တွင်၊ စပ်ယှဉ် ဒွန် နပုံဧကတ်။
* လိင်ခြင်း ဆန့်ကျင်၊ သင်္ချာသဒ္ဒါ၊ ပရိမာဏ၊ ပစန–နှင့်၊ စဏ္ဍာလမူ၊ ဆယ်ခု ဒိသာ၊ စသည်မှာ၊ အာဒိသတ်မှတ်၊ နပုံဧကတ်။
* သစ်ပင်, မြက်, သား၊ စပါးနှင့် ဥစ်၊ ဇနပုဒ်စ၊ အချို့မျှ၊ ဒွန္ဒနပုံးဧကတ်ထား။
* ဆန့်,ကျင်ဘက်, ငှက်၊ စသည်နက်၊ ထည့်စွက် အာဒိ ဝိဘာသိ။
* ကေ, အ, က္လ, သ၊ ဒွန်လေးဝတွင်၊ ကေ,အ–မဖြစ်၊ က္လ,သ–ဖြစ်၊ မှတ်လစ် သမာသာ။
* အမြတ်ဟောစု၊ ယုဝဏ္ဏန္တ၊ သရ, သင်္ချာ၊ နည်းရာ ရှေ့.ကျ၊ သရ စ,ပြန်၊ အကာရန်၊ အမှန် ဒွန်မှာ ရှေ့.နေစေ။

တဒ္ဓိတ်ပိုင်း *(ပုဒ်ရေ– ၇၂)*

* နာမ်ပုဒ် အနက်၊ တိုးကက်စေမူ၊ ကျေးဇူးပြု၊ မှတ်ရှု ဏာဒိ တဒ္ဓိတ်သိ။
* သား, သ္မီးမှ၊ မြေး, မြစ်စ၊ အပစ္စ–အနက်ခေါ်။
* ဆဋ္ဌီယန္တ၊ ပုဒ်နောင်မှလျှင်၊ ဏ,ဏာယန၊ ဏာန, ဏေယျ၊ ဏိ, ဏိက–နှင့်၊ ဏျ, ဏဝ၊ ဏေရ–ပါ၊ ကိုးဖြာ အပစ္စ ပစ္စည်း။
* ဏ–အနုဗန်၊ ဝုဒ္ဓိညွန်၊ ချေရန်အမြဲသာ။

http://www.dhammadownload.com

* ပုဒ်စ, အလယ်၊ အဆုံးဝယ်ပင်၊ သံယုဂ်ကြည်၊ လိုလျှင် ဝုဒ္ဓိပြု။
* အ–ကိုကား– အာ၊ ဣ–ဤမှာ ဧ၊ ဥ–ဦဒွေး၊ ပြုရေး ဩ–ဝုဒ္ဓိ။
* သံသဋ္ဌ နှင့်၊ တရတိ–စ၊ အနက်ပြ၊ ဏိက– တတိယန္တလိင် စသည်နောင်သက်။
* အဓိတေ, ကတ၊ နိယောဂ, သန္တိ၊ ဓိဝိ, သံပ္ပ၊ ဘဏ္ဍ စ၊ သက်ရ ဏိကပင်။
* ဣ, ဥ ကာရိယ၊ ယ, ဝ–ရှေ့မှာ၊ ဧ, ဩ–လာ၊ မှန်စွာ မှတ်ကုန်ကြ၊
* ရတ္တ, ဣဒံ၊ တစ်ဖန် ဘဝ၊ နိဝါသ–စွက်၊ စသည်နက် နှစ်ချက် ဏ,ဏေယျ။
* အစ ဣ, ဥ၊ ဏ–နောင်းမူ၊ အာ–ပြု, ရိ–လည်းလာ။
* ဇနပုဒ်ဟော၊ ပုဒ်သဘော၊ မှတ်လော ပုလ္လိင်, ဗဟုဝုစ်။
* ဓာတ–စဖြာ၊ အနက်မှာလျှင်၊ ဣမာ, ဣယ၊ ဣက, ယ၊ ကိယ, ဏျ–သက်။
* သာဓု, ဟိတ၊ ဘဝ, ဓာတာ၊ စသည်မှာ၊ သက်ပါ ယ, ဏျ ။
* သမူဟနက်၊ ပစ္စည်းသက်၊ သုံးချက် ဏ, ကဏ်, တာ။
* ယောဂဝိဘာဂ၊ တာ–ဖြင့် ပြ၊ အတ္ထသကတ် ထိမြဲမှတ်။
* တဒဿ ဌာန၊ ဟိတ–စ၊ ဣယ–ပစ္စည်းသက်။
* အာယိတတ္တ၊ ဥပမာပြ၊ ဌာနနိဿိ လ–သက်ဘိ။
* တဗ္ဗဟုလနက်၊ အာလု–သက်၊ နောက်ဆက်ချို့မှာ က–လည်းလာ။
* ပဋိဘာဂ၊ ကုစ္ဆိတ, သညာ၊ နုကမ္ပာဒိ၊ အနက်သိ သက်ဘိ က–ပစ္စည်း။
* ကိံ–နှင့် ယ, တ၊ ဧတ–နောက်မှာ၊ ပရိမာဏ၊ အနက်ပြ၊ တ္တက, ဝန္တု–သက်။
* မာတု, ပိတု၊ နှစ်ခုနောက်ဘက်၊ ဆ–လျှင်သက်၊ အနက် ဘဂိနီ။
* မာတု, ပိတု၊ နှစ်ခုနောက်ဘက်၊ အာမဟ–သက်၊ အနက် မာတာပိတု–မှာ။
* မာတု–နောက်ဘက်၊ ဥလ–သက်၊ အနက် ဘာတု–မှာ။
* တပ္ပကတိနက်၊ မယ–သက်၊ တစ်ချက် နိဗ္ဗ, သကတ္ထ။
* ဆဋ္ဌိယန္တ၊ လိင်နောင်မှလျှင်၊ ဏျ, တ္တ, တာ၊ တ္တန–ပါ ဏေယျ၊ ကဏ် နှင့်ဏ၊ ဘာဝ, ကမ္မ, သကတ္ထ။
* ဏျ, တ္တ–နှင့်၊ တ္တန–သုံးဖြာ၊ နပုံးသာ၊ တာ–မှာ ဣတ္ထိ မြဲ။
* တရ, တမ၊ ဣသိက–နှင့်၊ ဣယ–တစ်ဖြာ၊ ဣဋ္ဌ–ပါ၊ သက်ရာ ဝိသေသ။
* ဣယ, ဣဋ္ဌ၊ နှောင်းတုံကမူ၊ ဝုမ္မ–ကို ဇ၊ ပသတ္ထ၊ သ, ဇ–နှစ်မျိုးပြု။

http://www.dhammadownload.com

* အန္တိက–ကား၊ နေဒ–ထား၍၊ တစ်ခြား ဗဋ္ဌ၊ ပြု သာဓ၊ ဣယ, ဣဋ္ဌ– နှောင်း။။
* ဣယ, ဣဋ္ဌ၊ နှောင်းတုံကမူ၊ အပ္ပ, ယုဝ၊ ကဏ်–ပြုရာ၊ ယုဝ ဏ–ကို န–ပြန်ပြု။
* ဣယ, ဣဋ္ဌ၊ နှောင်းလေကမူ၊ ရှေ့မှ ဝန္တု၊ ဝီ, မန္တု၊ သုံးခု ကျေစမြဲ။
* မေဓာ, မာယာ၊ ပုဒ်နောက်သာ၊ သက်ပါ ဝီ–သိ၊ အသဣတ္တိ။
* သော, ဣလ, ဝ၊ အာလ, တ–နှင့်၊ ဣဝ, အာမီ၊ သဏ်–စသည်၊ သက်ပြီ အသဣတ္တိ။
* တပါဒိမှ၊ သီ–သက်ရ၊ အသ အတ္ထိ–နက်။
* အဝဏ်နှောင်မှ၊ ဤ, ဣက၊ အသ အတ္ထိ–နက်။
* မဓ္ဝာဒိမှ၊ ပစ္စည်း –ရ၊ သက်ကြ အသဣတ္တိ။
* ဂုဏာဒိမှ၊ ဝန္တု–ပြ၊ သက်ကြ အသဣတ္တိ။
* အဝဏ်ကြဉ်ဘိ၊ သတိ–စနောက်၊ မန္တု–ရောက်၊ နက်ကောက် အသဣတ္တိ။
* စန္ဒ, ပါပ၊ စသည်နောက်ရှု၊ ဣမန္တု၊ သက်မူ အသ အတ္ထိနက်။
* မန္တု–နှောင်းမူ၊ အာယု–ဥ ၊ မှတ်ရှု အသ–ပြု။
* သဒ္ဓါဒိမှ၊ ပစ္စည်း ဏ၊ သက်ကြ အသဣတ္တိ။
* ဒွိ, တိ–နောက်တွင်၊ တိယ–ဝင်၍၊ ထို့ပြင် ထ, ဋ္ဌ၊ စတု, ဆ–နောက် ကြွင်းသည့်နောက်၊ ချင့်ထောက် မ–သက်၊ ပြည့်ကြောင်းနက်။
* ဒွိ–ကို ဒု–ပြု၊ တိ, တ–ပြု၊ နှောင်းမှု တိယ–စသည်နေ။
* အမှ–ပါ စတုတ္ထ၊ အမှုမှ–သိ၊ ဒုတိယမှာ၊ ဒိဝမှာ, ဒိယမှ၊ တတိယ၊ အမှတိယ–ပြု။
* ကောဒသ၊ စသည်နောက်ဘက်၊ ပြည့်ကြောင်းနက်၊ ဤ–သက် ချို့ရာ ဣတ္ထိမှာ။
* ဝီသတိ–မှ၊ နဝုတိ–ကျ၊ ကောဝစန, ဣတ္ထိလိင်။
* သုတိ တူ, မတူ၊ ပုဒ်ဆူဆူ၊ ပေါင်းယူကောသိသ်။
* နှစ်ခုပေါင်း ဒသ၊ ဝိပြုရ၊ ယော–က ဤသံ–ပြု။
* သုံးခုပေါင်း ဒသ၊ တိပြုရ၊ ယော–က ဤသံ–ပြု။
* လေးခုပေါင်း ဒသ၊စတ္တာရ၊ ယော–က ဤသံ–ပြု။
* ငါးခုပေါင်း ဒသ၊ ပညာ–ပြ၊ ယော–က အာသံ–ပြု။
* ခြောက်ခုပေါင်း ဒသ၊ ဆ–ပြုရ၊ ယော–က ဋ္ဌိ– အပြု။
* ခုနှစ်ခုပေါင်း ဒသ၊ ပြုသတ္တ၊ ယော–က ရိနှင့်တိ။

http://www.dhammadownload.com

* ရှစ်ခုပေါင်း ဒသ၊ ပြုအသ၊ ယော–က ဤတိ– ပြု။
* ကိုးခုပေါင်း ဒသ၊ ပြုနဝ၊ ယော–က ဥတိ –ပြု။
* ဆယ်ခုပေါင်း ဒသ၊ နောက်သတတို့၊ ပြုရ သတံ၊ သဟဿံ၊ တစ်ဖန် ယောလည်းကျေ။
* သတံ–စအုံး၊ သင်္ချေဆုံး၊ နပုံး ဧကဝုစ်။
* သဟဿ–မှ၊ ကောဋိ–ကျ၊ ဒသ–ဖြင့်ချည်း ဆင့်ဆင့်မြှောက်။
* ကောဋိ–မှထောက်၊ သင်္ချေရောက်အောင်၊ ရာမြှောက် သိန်းမှ၊ ကိုယ့်နာမ၊ ခေါ်ကြ အသီးသီး။
* ဒွိ–စသည်မှ၊ နေကတ္ထ၊ သက်ရ က–ပစ္စည်း။
* ကွတ္တုံ–နှင့် ဓာ၊ သော, ဓ္ဓါ, ထာ–နှင့်၊ ထတ္တာ, ထံ, ဓ္ဓ၊ ဓ္ဓု, တန၊ ဗျယတဒ္ဓိတ် ပစ္စည်းများ။
* ဗဟု, ကတိ၊ ဧကာဒိမှ၊ ဝါရတ္ထ၊ သက်ရ ကွတ္တုံ–ပစ္စည်းတည်း။
* ဝိဘာဂ–နက်၊ ဓာ–လျှင်သက်၍၊ နှစ်ချက် ဧက၊ ဒွိ–နောင် ဓ္ဓါ၊ သုတ္တ–စနောက် သော–ဝင်ရောက်။
* သဗ္ဗ,ညု, ဘယ၊ ဣတရ–နှင့်၊ ယ, တ–တစ်တန်၊ သဗ္ဗနာမ်မှ၊ ပကာရနက်၊ ပစ္စည်းသက်၊ နှစ်ချက် ထာ, ထတ္တာ။
* ကိံ, ဣမ–နောက်၊ ထံ–ဝင်ရောက်၊ နက်ကောက် ပကာရ။
* ကွတ္တုံ– စရှိ၊ ထံ–တိုင်ထိ နှင့်၊ တွာဒိပစ္စယန္တာ၊ ပုဒ်များမှာ၊ မှတ်ပါ အဗျယတဒ္ဓိတ်။
* ဣမ–နောင် ဓ္ဓ၊ သမာန–နှင့်၊ အပရနောက်၊ ဓ္ဓု–ဝင်ရောက်၏၊ တစ်ထောက် နိပါတ်၊ နောက်ရပ် တန၊ သမာန၊ ဣမ–သ, အ–စဉ်တိုင်းပြု။
* ကရ, အသ၊ ဘူ–ယှဉ်ကမူ၊ အဘူတနက်၊ သံကတ်နက်၊ သက်လေ စီ–ပစ္စည်း။
* ပြားသောနက်ကို၊ နှံ့စေလို၍၊ ထပ်ဆိုလေရာ၊ မည်ဝိစ္ဆာ၊ ဒွန္ဒာ, ဂုဏ်, ကြိ။
* အနက်တစ်ခု၊ ကြောက်မှု – စ, လတ်၊ နှစ်ကြိမ်ထပ်၊ ဆိုအပ် အာမေဍိတ်။
* ကြောက်လန့်, မျက်ထွက်၊ အုတ်ကျက်, ဆောလျင်၊ ကြည်, ရွှင်, အံ့, ချီး၊ ပူဆွေးပြီး၊ သုံးနည်း ကိုးစိတ် အာမေဍိတ်။

သဒ္ဒါလက်ဆောင်ကျမ်း ပြီး၏။

http://www.dhammadownload.com

နောက်ဆက်တွဲကျက်မှတ်ရန်ပဒမာလာကဏ္ဍ

လိင်သည် ပုလ္လိင်, နပုလ္လိင်, ဣတ္ထိလိင်အားဖြင့် သုံးပါးအပြားရှိသည်။
ပုလ္လိင်သည်-အ, အာ, ဣ, ဤ, ဥ, ဦ, ဩ ကာရန္တအားဖြင့် ၇-ပါး အပြားရှိသည်။

ပုလ္လိင် အကာရန္တ

ပုလ္လိင် အကာရန္တသဒ္ဒါကား ပုရိသ-သဒ္ဒါတည်း၊

ပုရိသာဒိဂိုဏ်း

တည်သောအခါ **ပုရိသ** ဟု အကာရန္တဖြင့် တည်ပြီးလျှင် သော - ဟူသော သုတ်ဖြင့် သိဝိဘတ်ကို ဩ ပြု၍, ပြီးသောအခါ **ပုရိသော** ဟု ဩကာရန္တဖြင့် ပြီးကောင်းသောပုဒ်အပေါင်းသည် ပုရိသာဒိဂိုဏ်းမည်၏၊ ဤပုရိသာဒိဂိုဏ်းသည် ပုလ္လိင်သာတည်း၊
ရုပ်စဉ်ဟန်ကား . . .

ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
ပ	ပုရိသော	ပုရိသာ
အာ	ဘောပုရိသ, ပုရိသာ	ဘောန္တော ပုရိသာ
ဒု	ပုရိသံ	ပုရိသေ
တ	ပုရိသေန	ပုရိသေဟိ, ပုရိသေဘိ
စ	ပုရိသဿ	ပုရိသာနံ
ပ	ပုရိသသ္မာ, ပုရိသမှာ,ပုရိသာ	ပုရိသေဟိ, ပုရိသေဘိ
ဆ	ပုရိသဿ	ပုရိသာနံ
သ	ပုရိသသ္မိံ, ပုရိသမှိ, ပုရိသေ	ပုရိသေသု

ဤအတူ

ဗုဒ္ဓေါ ဓမ္မော သံဃော ဒေဝေါ၊ မနုဿော ပုရိသော နရော။
မာတုဂါမော သီဟော ဗျဂ္ဃော၊ ပုရိသာဒိဂဏော ဣမေ။

http://www.dhammadownload.com

မနောဂိုဏ်းစု

မနောဂိုဏ်းစုသည် မနောဂိုဏ်း, မနော ဂဏာဒိဂိုဏ်းဟူ၍ ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတွင် "နာ-သ-သ္မိ-ဝိ, သာ-သော-သိ ဆုံး၊ ကြိယာကံ, ဩခံဝိကပ်၊ သမာသ် တဒ္ဓိ, လယ်ဩရှိ၊ သုံးရှိ မနောဂိုဏ်း လက္ခဏာ" ဟူသည်နှင့်အညီ - နာ ဝိဘတ် အရာ၌သာ, သဝိဘတ်အရာ၌ သော, သ္မိံ ဝိဘတ်အရာ၌ သိအဆုံးရှိခြင်း လက္ခဏာ ၁-ပါး၊ ကြိယာ၏ ကံ၌ ဩ အက္ခရာရှိခြင်း လက္ခဏာ ၁-ပါး၊ သမာသ် တဒ္ဓိတ်ပုဒ်တို့၏ အလယ်၌ ဩအက္ခရာရှိခြင်း လက္ခဏာ ၁-ပါး၊ ဤလက္ခဏာ ၃-ပါးရှိသော ပုဒ်အပေါင်းသည် မနောဂိုဏ်းမည်၏၊ ၁-မနသာ၊ မနသော၊ မနသိ, ၂-မနော ဥတ္တ, ၃-မနောဓာတု၊ မနောမယံ ဟူသည်တည်း၊ ဤ မနောဂိုဏ်းသည် ပုလ္လိင်တည်း၊ နပုလ္လိင်လည်း ရှိသေး၏၊ ပုလ္လိင် မန-သဒ္ဒါ ရုပ်စဉ်ဟန်ကား . . .

ပ	မနော	မနာ
အာ	ဟေ မန, မနာ	ဘဝန္တော မနာ
ဒု	မနံ, မနော	မနေ
တ	မနေန, မနသာ	မနေဟိ, မနေဘိ
စ	မနဿ, မနသော	မနာနံ
ပ‌ီ	မနသ္မာ, မနမှာ, မနာ	မနေဟိ, မနေဘိ
ဆ	မနဿ, မနသော	မနာနံ
သ	မနသ္မိံ, မနမှိ, မနေ, မနသိ	မနေသု

ဤအတူ

ဇဝံ ဝစော ဝယော တေဇော၊
တပေါ စေတော တမော ယသော။
အယော ပယော သိရော ဆန္ဒော၊
သရော ဥရော ရဟော အဟော။
စသော သဒ္ဒါတို့ကိုလည်း သိလေ။

http://www.dhammadownload.com

မနောဂဏာဒိဂိုဏ်း

မနောဂဏာဒိဂိုဏ်းသည် (၁) အစလက္ခဏာ တစ်ပါးသာရှိသောဂိုဏ်း၊ (၂) အဆုံးလက္ခဏာ ၂-ပါးသာ ရှိသောဂိုဏ်းဟူ၍ ၂-ပါး အပြားရှိ၏၊

ထိုတွင် . . .

၁။ "ဗိလံ ဗလံ ဒမော ဝါဟော၊ ထာမော ထာမံ ဇရော ဇရာ။
ပဒံ မုခံ. တျာ. ဋ္ဌာ. ဒျက်၊ ပုဏ္ဏာ မနော ဂဏာဒိကော။ "

ဟူသော ဂါထာလာ ၈-ပုဒ်တို့သည် အစ-လက္ခဏာ တပါးသာရှိသော မနော ဂဏာဒိဂိုဏ်း မည်၏၊ ဤပုဒ်တို့တွင် ဗိလံ-စသော နိဂ္ဂဟီတန္တ ပုဒ်များသည် နပုလ္လိင်တည်း၊ ဒမော-စသော ဩကာရန္တပုဒ်များသည် ပုလ္လိင်တည်း၊ ဇရာ-ကား ဣတ္ထိလိင်တည်း။ ရုပ်စဉ် ဟန်ကား . . .

ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
ပ	ဗိလံ	ဗိလာ, ဗိလာနိ
အာ	ဘောဗိလ, ဗိလာ	ဘဝန္တာနိဗိလာ, ဗိလာနိ
ဒု	ဗိလံ (ဗိလော-ဟု မရှိ)	ဗိလေ, ဗိလာနိ
တ	ဗိလေန, ဗိလသာ	ဗိလေဟိ, ဗိလေဘိ
စ	ဗိလဿ, ဗိလသော	ဗိလာနံ
ပီ	ဗိလသ္မာ, ဗိလမှာ, ဗိလာ	ဗိလေဟိ, ဗိလေဘိ
ဆ	ဗိလဿ, ဗိလသော	ဗိလာနံ
သ	ဗိလသ္မိံ, ဗိလမှိ, ဗိလေ, ဗိလသိ	ဗိလေသု

၂။ "အာပေါ စ သရဒေါ ဝါယော၊ ရဇော ရဇံ တိ အာဒယော။
အန္တက်ဒွယ. သမ္ပန္နာ၊ မနောဂဏာဒိကော မတာ"

ဟူသော ဂါထာလာ ၅-ပုဒ်တို့သည် အဆုံးလက္ခဏာ ၂-ပါးသာရှိသော မနော ဂဏာဒိဂိုဏ်း မည်၏၊ ဤပုဒ်တို့တွင် ရဇံ-မှ တပါးသောပုဒ်တို့သည် ပုလ္လိင်တည်း၊ ရဇံ-ကား နပုလ္လိင်တည်း၊ ရုပ်စဉ်ဟန်ကား . . .

http://www.dhammadownload.com

ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
ပ	အာပေါ	အာပါ
အာ	ဘောအာပ, အာပါ	ဘောန္တော အာပါ
ဒု	အာပံ, အာပေါ	အာပေ
တ	အာပေန	အာပေဟိ, အာပေဘိ
စ	အာပဿ	အာပါနံ
မီ	အာပသ္မာ, အာပမှာ, အာပါ	အာပေဟိ, အာပေဘိ
ဆ	အာပဿ	အာပါနံ
သ	အာပသ္မိံ, အာပမှိ, အာပေ	အာပေသု။

ဂုဏဝါဒိဂိုဏ်း

ဝန္တု, မန္တု, တဝန္တု, တာဝန္တု, အာဝန္တု, ဣမန္တု - ပစ္စည်း အဆုံးရှိသော ပုဒ်အပေါင်းသည် ဂုဏဝါဒိဂိုဏ်း မည်၏၊ ဤ ဂုဏဝါဒိဂိုဏ်းသည် ပုလ္လိင်, နပုလ္လိင် အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် တည်သောအခါ ဂုဏဝန္တု-ဟု ဥကာရန္တဖြင့် တည်ပြီးလျှင်, အာ သိမှိ-သုတ်ဖြင့် သိဝိဘတ်နှင့်တကွ န္တု ပစ္စည်းကို အာပြု၍ ဂုဏဝါ-ဟုလည်းကောင်း, သိမှိ ဝါ-သုတ်ဖြင့် သိ-ဝိဘတ်ကြောင့် န္တု-အစိတ် ဥ-ကို အ- ပြု၍ ဂုဏဝန္တော-ဟု လည်းကောင်း ပြီးကောင်းသော ပုဒ်အပေါင်းသည် ပုလ္လိင်ဂုဏဝါဒိဂိုဏ်း မည်၏။

ရုပ်စဉ်ဟန်ကား . . .

ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
ပ	ဂုဏဝါ, ဂုဏဝန္တော	ဂုဏဝန္တာ, ဂုဏဝန္တော
အာ	ဘောဂုဏဝံ, ဂုဏဝ, ဂုဏဝါ	ဘောန္တော ဂုဏဝန္တာ, ဂုဏဝန္တော
ဒု	ဂုဏဝံ, ဂုဏဝန္တံ	ဂုဏဝန္တေ
တ	ဂုဏဝတာ, ဂုဏဝန္တေန	ဂုဏဝန္တေဟိ, ဂုဏဝန္တေဘိ
စ, ဆ	ဂုဏဝတော, ဂုဏဝတော, ဂုဏဝန္တဿ	ဂုဏဝတံ, ဂုဏဝန္တာနံ
မီ	ဂုဏဝတာ, ဂုဏဝန္တသ္မာ, မှာ, ဂုဏဝန္တာ	ဂုဏဝန္တေဟိ, ဂုဏဝန္တေဘိ
သ	ဂုဏဝတိ, ဂုဏဝန္တသ္မိံ, မှိ, ဂုဏဝန္တေ	ဂုဏဝန္တေသု။

http://www.dhammadownload.com

ဤအတူ . . .

ဘဂဝါ သီလဝါ ယာဝါ၊ ဟိမဝါ သတိမာ တထာ။

ဗန္ဓုမာ ဘုတ္တာဝါ တာဝါ၊ ဧတ္တာဝါ ဂုဏဝါဒယော။ စသော သဒ္ဒါတို့ကိုလည်းသိလေ။

ဂစ္ဆန္တာဒိဂိုဏ်း

အန္တပစ္စည်း အဆုံးရှိသောပုဒ် အပေါင်းသည် ဂစ္ဆန္တာဒိဂိုဏ်း မည်၏၊ ဤဂစ္ဆန္တာဒိဂိုဏ်း သည်လည်း ပုလ္လိင်, နပုလ္လိင်အားဖြင့် ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် တည်သောအခါ ဂစ္ဆန္တ-ဟု အကာရန္တဖြင့် တည်ပြီးလျှင် **သိမှိ ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ အံ** - သုတ်ဖြင့် န္တ-ကို အံ-ပြု၍လည်းကောင်း, အံ မပြုပဲလည်းကောင်း, ပြီးသောအခါ ဂစ္ဆံ, ဂစ္ဆန္တော - ဟု ပြီးကောင်း သော ပုဒ်အပေါင်းသည် ပုလ္လိင် ဂစ္ဆန္တာဒိဂိုဏ်းမည်၏၊
ရုပ်စဉ်ဟန်ကား .....

ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
ပ	ဂစ္ဆံ, ဂစ္ဆန္တော	ဂစ္ဆန္တာ, ဂစ္ဆန္တော
အာ	ဘောဂစ္ဆံ, ဂစ္ဆ, ဂစ္ဆာ	ဘောန္တောဂစ္ဆန္တာ, ဂစ္ဆန္တော
ဒု	ဂစ္ဆံ, ဂစ္ဆန္တံ	ဂစ္ဆန္တေ
တ	ဂစ္ဆတာ, ဂစ္ဆန္တေန	ဂစ္ဆန္တေဟိ, ဂစ္ဆန္တေဘိ
စ, ဆ	ဂစ္ဆဿ, ဂစ္ဆတော, ဂစ္ဆန္တဿ	ဂစ္ဆတံ, ဂစ္ဆန္တာနံ
ပဉ္စမီ	ဂစ္ဆတာ, ဂစ္ဆန္တသ္မာ, မှာ, ဂစ္ဆန္တာ	ဂစ္ဆန္တေဟိ, ဂစ္ဆန္တေဘိ
သ	ဂစ္ဆတိ, ဂစ္ဆန္တသ္မိံ, မှိ, ဂစ္ဆန္တေ	ဂစ္ဆန္တေသု။

ဤအတူ . . .

ဇဝံ သယံ စရံ တိဋ္ဌံ၊ ဒဒံ ဘုဉ္ဇံ သုဏံ ပစံ။

ဇီရံ မီယံ စဝံ ကရံ၊ ဘဝံ သံ အရဟံ မဟံ။ စသော သဒ္ဒါတို့ကိုလည်းသိလေ။
ထိုပုဒ်တို့တွင် ကရံ-အရ ပုလ္လိင် ကရောန္တသဒ္ဒါ ရုပ်စဉ်ဟန်ကား .....

http://www.dhammadownload.com

ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
ပ	ကရံ, ကရောန္တော	ကရောန္တာ, ကရောန္တော
အာ	ဘော ကရောန္တ, ကရောန္တာ	ဘောန္တောကရောန္တာ, ကရောန္တော
ဒု	ကရောန္တံ	ကရောန္တေ
တ	ကရောတာ, ကရောန္တေန	ကရောန္တေဟိ, ကရောန္တေဘိ
စ, ဆ	ကရောတော, ကရောန္တဿ	ကရောတံ, ကရောန္တာနံ
မိ	ကရောတာ, ကရောန္တသ္မာ, ကရောန္တမှာ, ကရောန္တာ	ကရောန္တေဟိ, ကရောန္တေဘိ
သ	ကရောတိ, ကရောန္တသ္မိံ, ကရောန္တမှိ, ကရောန္တေ	ကရောန္တေသု။

ဘဝံ- အရ ပုလ္လိင်ဘဝန္တသဒ္ဒါ ရုပ်စဉ်ဟန်ကား .....

ပ	ဘဝံ,	ဘဝန္တော, ဘဝန္တာ, ဘောန္တော, ဘောန္တာ
အာ	ဘော, ဘဝံ, ဘဝ, ဘဝါ ဘဝန္တ, ဘဝန္တာ, ဘန္တေ,	ဘဝန္တော, ဘဝန္တာ, ဘောန္တော, ဘောန္တာ
ဒု	ဘဝံ, ဘဝန္တံ	ဘဝန္တေ, ဘောန္တေ
တ	ဘဝတာ, ဘဝန္တေန, ဘောတာ, ဘောန္တေန,	ဘဝန္တေဟိ, ဘဝန္တေဘိ
စ,ဆ	ဘဝဿ, ဘဝတော, ဘဝန္တဿ, ဘောတော, ဘောန္တဿ	ဘဝတံ, ဘဝန္တာနံ
မိ	ဘဝတာ, ဘဝန္တသ္မာ, မှာ, ဘဝန္တာ, ဘောတာ,	ဘဝန္တေဟိ, ဘဝန္တေဘိ
သ	ဘဝတိ, ဘဝန္တသ္မိံ, မှိ, ဘဝန္တေ	ဘဝန္တေသု။

သံ-အရ ပုလ္လိင် သန္တသဒ္ဒါ ရုပ်စဉ်ဟန်ကား .....

ပ	သံ, သန္တော	သန္တာ, သန္တော
အာ	ဘော သံ, သ, သာ	ဘောန္တော သန္တာ, သန္တော

http://www.dhammadownload.com

ဒု	သံ, သန္တံ	သန္တေ
တ	သတာ, သန္တေန	သန္တေဟိ, သန္တေဘိ, သဗ္ဘိ
စ,ဆ	သဿ, သတော, သန္တဿ	သတံ, သန္တာနံ
မိ	သတာ, သန္တသ္မာ, မှာ, သန္တာ	သန္တေဟိ, သန္တေဘိ, သဗ္ဘိ
သ	သတိ, သန္တသ္မိံ, မှိ, သန္တေ	သန္တေသု။

အရဟန္တ, မဟန္တ-သဒ္ဒါတို့၌ သိ-ဝိဘတ်ဖြင့် အရဟာ, မဟာ-ဟုပို၏၊ သိမှိ ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ-ဟူသော ယောဂဝိဘာဂဖြင့် န္တ-ကို အာ-ပြု။

ရာဇာဒိဂိုဏ်း

တည်သောအခါ ရာဇ-ဟု အကာရန္တဖြင့် တည်ပြီးလျှင်, သျာစ-သုတ်ဖြင့် သိ-ဝိဘတ်ကို အာ-ပြု၍, ပြီးသောအခါ ရာဇာ-ဟု အာကာရန္တဖြင့် ပြီးကောင်းသောပုဒ်အပေါင်းသည် ရာဇာဒိဂိုဏ်း မည်၏၊ ဤရာဇာဒိဂိုဏ်းသည် ပုလ္လိင်သာတည်း။

ရုပ်စဉ် ဟန်ကား .....

ပ	ရာဇာ	ရာဇာနော, ရာဇိနော
အာ	ဘောရာဇ, ရာဇာ	ဘောန္တောရာဇာနော, ရာဇိနော
ဒု	ရာဇာနံ, ရာဇံ	ရာဇာနော, ရာဇိနော
တ	ရညာ, ရာဇေန, ရာဇိနာ	ရာဇူဟိ, ရာဇူဘိ, ရာဇေဟိ, ဘိ
စ,ဆ	ရညော, ရာဇိနော	ရညံ, ရာဇူနံ, ရာဇာနံ
မိ	ရညာ,	ရာဇူဟိ, ရာဇူဘိ, ရာဇေဟိ, ဘိ
သ	ရညေ, ရာဇိနိ	ရာဇူသု, ရာဇေသု။

ဗြဟ္မသဒ္ဒါ ရုပ်စဉ်ဟန်ကား .....

ပ	ဗြဟ္မာ	ဗြဟ္မာနော
အာ	ဟေ ဗြဟ္မေ	ဘောန္တော ဗြဟ္မာနော
ဒု	ဗြဟ္မာနံ, ဗြဟ္မံ	ဗြဟ္မာနော
တ	ဗြဟ္မုနာ, ဗြဟ္မေန	ဗြဟ္မေဟိ, ဗြဟ္မေဘိ
စ, ဆ	ဗြဟ္မုနော, ဗြဟ္မဿ	ဗြဟ္မူနံ, ဗြဟ္မာနံ

http://www.dhammadownload.com

မိ	ပြဟ္မုနာ	ပြဟ္မေဟိ, ပြဟ္မေဘိ
သ	ပြဟ္မုနိ	ပြဟ္မေသု။

အတ္တသဒ္ဒါ ရုပ်စဉ်ဟန်ကား .....

ပ	အတ္တာ	အတ္တာနော
အာ	ဘော အတ္တ, အတ္တာ	ဘောန္တော အတ္တာနော
ဒု	အတ္တာနံ, အတ္တံ	အတ္တာနော
တ	အတ္တနာ, အတ္တေန	အတ္တနေဟိ, အတ္တနေဘိ
စ, ဆ	အတ္တနော	အတ္တာနံ
မိ	အတ္တနာ	အတ္တနေဟိ, အတ္တနေဘိ
သ	အတ္တနိ	အတ္တနေသု, အတ္တေသု။

သခ-သဒ္ဒါ ရုပ်စဉ်ဟန်ကား- - -

ပ	သခါ	သခါနော, သခါယော, သခိနော
အာ	ဘောသခ, သခါ, သခိ, သခီ, သခေ	ဘောန္တော သခါနော, သခါယော, သခိနော
ဒု	သခါနံ, သခါရံ, သခံ	သခါနော, သခါယော, သခိနော
တ	သခိနာ, သခေန	သခါရေဟိ, ဘိ, သခေဟိ, ဘိ
စ, ဆ	သခိနော, သခိဿ	သခါရာနံ, သခါနံ, သခီနံ
မိ	သခိနာ	သခါရေဟိ, ဘိ, သခေဟိ, ဘိ
သ	သခေ	သခါရေသု, သခေသု။

ပုမာဒိဂိုဏ်း

တည်သောအခါ ပုမ ဟု အကာရန္တဖြင့် တည်ပြီးလျှင်, ပုမန္တဿာသိမှိ သုတ်ဖြင့် ပုမအဆုံး အ-ကို ဝိဘတ်နှင့်တကွ အာပြု၍, ပြီးသောအခါ ပုမာ ဟုအာကာရန္တ ဖြင့် ပြီးကောင်းသောပုဒ်အပေါင်းသည် ပုမာဒိဂိုဏ်းမည်၏၊ ဤပုမာဒိဂိုဏ်းသည် ပုလ္လိင်သာတည်း။ (ပုရိသာဒိဂိုဏ်းအတိုင်း ပုမော, ပုမာ-စသည်ဖြင့် ဝိဘတ်တိုင်းပါဝင်စေ၍ ပုမ-သဒ္ဒါ ထူးခြားချက်နှင့်တကွ ရုပ်စဉ်ရမည်) ရုပ်စဉ်ဟန်ကား .....

ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
ပ	ပုမာ, ပုမော	ပုမာနော, ပုမာ

http://www.dhammadownload.com

အာ	ဟေပုမံ, ပုမ, ပုမာ	ဘောန္တော ပုမာနော, ပုမာ
ဒု	ပုမံ	ပုမာနော, ပုမေ
တ	ပုမုနာ, ပုမာနာ, ပုမေန	ပုမာနေဟိ, ဘိ, ပုမေဟိ, ဘိ
စ,ဆ	ပုမုနော, ပုမဿ	ပုမာနံ
ပဉ္စမီ	ပုမုနာ, ပုမသ္မာ, မှာ, ပုမာ	ပုမာနေဟိ, ဘိ, ပုမေဟိ, ဘိ
သ	ပုမာနေ, ပုမသ္မိံ, မှိ, ပုမေ	ပုမာသု, ပုမေသု။

ယုဝ သဒ္ဒါဝယ် ပုရိသာဒိ-ဂိုဏ်းအတိုင်း သိ-မှတ်စပ်ပါးသော ဝိဘတ်တို့၌ ယုဝ-သဒ္ဒါ သက်သက်ဖြင့်ရင်း၊ ဟိဝိဘတ္တိမှိ စ-၌ စ-သဒ္ဒါဖြင့် ဝိဘတ်အားလုံးကြောင့် ယုဝ-၏ အဆုံး အ-ကို အာန-ပြု၍ရင်း၊ ပုမန္တဿာ သိမှိ၊ အ ကမ္မန္တဿ စ-၌ အန္တ, စ- သဒ္ဒါဖြင့် သိ, နာ, သု- ဝိဘတ်တို့ကြောင့် ယုဝ-၏အဆုံး အ-ကို အာ-ပြု၍ရင်း, ရုပ်စဉ်ဟန်ကား.

ဝိဘတ်	ဧကဝုစ်	ဗဟုဝုစ်
ပ	ယုဝါ, ယုဝါနော	ယုဝါ, ယုဝါနာ
အာ	ဘောယုဝ, ယုဝါ, ယုဝါန, ယုဝါနာ	ဘောန္တောယုဝါ, ယုဝါနာ
ဒု	ယုဝံ, ယုဝါနံ	ယုဝေ, ယုဝါနေ
တ	ယုဝေန, ယုဝါနာ, ယုဝါနေန	ယုဝေဟိ, ဘိ, ယုဝါနေဟိ, ဘိ
စ,ဆ	ယုဝဿ, ယုဝါနဿ	ယုဝါနံ, ယုဝါနာနံ
ပဉ္စမီ	ယုဝသ္မာ, ယုဝမှာ, ယုဝါ, ယုဝါနသ္မာ, ယုဝါနမှာ, ယုဝါနာ	ယုဝေဟိ, ဘိ, ယုဝါနေဟိ, ဘိ
သ	ယုဝသ္မိံ, ယုဝမှိ, ယုဝေ, ယုဝါနသ္မိံ, ယုဝါနမှိ, ယုဝါနေ	ယုဝေသု, ယုဝါသု, ယုဝါနေသု။

မှတ်ချက်။ ။ သ-ဝိဘတ်ဖြင့် ယုဝိနော-ဟု မောဂ္ဂလ္လာန်၌ ပြသေးသည်၊ တေသုဝုဒ္ဓိ-ဖြင့် ယုဝ-၏ အ-ကို ဣ-ပြု၊ စျလတော သဿ နော ဝါ-ဖြင့် သ-ကို နော-ပြု။

ပဒမာလာထူးသည့် ပုလ္လိင်အ-ကာရန္တသဒ္ဒါများမှာ-

ပုရိသ, မန, ဂုဏဝန္တု, ဂစ္ဆန္တ, သန္တ, ဘဝန္တ, ရာဇ, ဗြဟ္မ, အတ္တ, သခ-စသည်နှင့် ပုမ-စသည်။

http://www.dhammadownload.com

ပုရိသော မနော ဂုဏဝါ၊ ဂစ္ဆံ စ သံ ဘဝံ တထာ။
ရာဇဗြဟ္မတ္တသခါဒီ၊ အကာရန္တာ ပုမာဒယော။

ပုလ္လိင်အကာရန္တပြီး၏။

* * * * *

ပုလ္လိင် အာကာရန္တ

ပုလ္လိင် အာကာရန္တ သဒ္ဒါကား "သာ" သဒ္ဒါ တည်း။ သိ-မှတစ်ပါးသော ဧကဝုစ် ဝိဘတ်, ယော-ဝိဘတ် တို့၌ အာယောရဿ-စသည်ဖြင့် ရဿပြု၍ ပုရိသာဒိဂိုဏ်း အတိုင်းရင်း၊သိ-ကိုချေ၍ရင်း၊ စတုတ္ထီသ-ကို အာယ-ပြု၍ရင်း ရုပ်စဉ်ဟန်ကား .....

ပ	သာ	သာ
အာ	ဟေသ, သာ	ဘောန္တော သာ
ဒု	သံ	သေ
တ	သေန	သာဟိ, သာဘိ
စ, ဆ	သဿ, သာယ	သာနံ
မီ	သသ္မာ, သမှာ, သာ	သာဟိ, သာဘိ
သ	သသ္မိံ, သမှိ, သေ	သာသု။

